မုံရွာမြို့

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး

စီရင်ရေးသားတော်မူသော

ကမ္ဘာဇာန်းကျမ်းကြီး

ဇွဲစာပေရိပ်မြုံ

အမှတ်-၁၇၂၊ ၃၃-လမ်း၊ရန်ကုန်မြို့။

မုံရွာမြို့

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသော

ကမ္ဘဏ္ဍာနိုးကျမ်းကြီး

သာသနဓဇ သိရိပဝရ ဓမ္မာစရိယ

ဦးဘုန်းကျော်

ကြပ်မ,ကြည့်ရှု ပြင်ဆင်သည်။

ဒွဲ စာပေ ရိုဝ် မြို့

အမှတ် ၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်။



ကျေးဇူးရှင်
လယ်တီဆရာတော်ဘုရားကြီး
ပုံတော်။

နိဒါန်း

နယ်ပြည်ကမ္ဘာမှာကျော် လယ်တီဆရာတော် သီလ, သမာဓိ, ပညာဂုဏ်တို့ဖြင့် ထက်အောက် ညာကျေ မြန်မာပြည်တွင်သာမက, ကမ္ဘာအရပ်ရပ်သို့ ဆန့်ကာ ရန်ကိတ္တိ ကျော်စောခြင်း ရှိတော်မူသော ပရိယတ္တိ ဝိသာရဒ ပိဋကတ္တယပါရဂူ အနေက ဂန္ဆကာရက ဖြစ်တော်မူသော မုံရွာမြို့ လယ်တီကျောင်းတိုက်ကြီးကို အာဒိကမ္မိက တည်ထောင် ဖန်ဆင်းတော်မူသော ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးသည် ပရိယတ္တိလိုလား အနယ်နယ် အရပ်ရပ်မှ လာရောက် ခိုလှုံကြကုန်သော တပည့်အများ စာသင်သားတို့အား ပါဋိတော်, အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိ ကျမ်းစုံညှိလျက် ပို့ချတော်မူခြင်း, ပရိယတ္တိတာဝန် ပို့ချခြင်း, ရပ်နား အားလပ်သော အချိန်များ၌ ပဋိပတ္တိ တာဝန်ကို အားသွန် ကြိုးပမ်းလျက် ကျင့်ကြံတော်မူခြင်း ယင်းမှတက်ပြီး ပဋိဝေဓ အမြိုက်သီးတို့ကို မိမိသာမက အားလုံးသော ရဟန်း ရှင် လူ ယောဂီဟူသမျှ ဓမ္မမြိုက်ရည် သောက်သုံးကြည်လျက် သံသရာနှုတ်ခမ်းသတ်၍ ဝဋ္ဌစခန်းရပ်ရန် ကျင့်နည်း ကြံနည်း အားထုတ်နည်း ဖြစ်တော်မူသော ဒီပနီကျမ်းပေါင်း မြောက်မြားစွာကို ပြုစုတော်မူသောကြောင့် အင်္ဂလိပ်အစိုးရတို့ ပူဇော်သော အာဒိကမ္မိက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်နှင့် အင်္ဂလန်ဘုရင်မကြီး ပူဇော်သော ဒီလစ်(ဒေါက်တာ)ဘွဲ့ကို ခံယူရရှိတော်မူသည်။

သံသရာပြတ်လမ်းခရီး ကမ္မဋ္ဌာန်းကျမ်းကြီး ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးသည် သုံးဆယ့်တခွင် ဘုံအပြင်၌ ဆုံလည်သည့်နွား ရဟတ်ချား သို့ အသွားမရပ် တရှိုက်ငင်ငင် တပင်ပန်းပန်း တုန္ဒမ်းနွမ်းဖြင့် ရှင်လန်းကြည်သာ မရှိရှာကြပေသော ဝေနေယျသတ္တဝါတွေ အတွက် သံသရာ နှုတ်ခမ်းသတ်၍ ဝဋ္ဌစခန်းပြတ်ရန် အမြတ်ဆရှဏာ ရှေးရှု

[နှုတိယအကြိမ်]

ကာဖြင့် အဘိဓမ္မတ္ထ သင်္ဂဟကျမ်း၏ ကမ္မဋ္ဌာန်းပိုင်းဆိုင်ရာ သရုပ် သဘော သဓာန်တို့ကို ရှင်းလင်း ပြတ်သားစွာ ရေးသား စိရင်တော်မူသည့်ပြင် ဝိပဿနာ ရှုပုံ ရှုနည်း မဂ်ရောက် ဖိုလ်ရောက် နိဗ္ဗာန်ပေါက်အောင် နည်းအမျိုးမျိုး ထုတ်ဆောင်၍ အကျဉ်းအကျယ် နည်းနှစ်သွယ်တို့ဖြင့် သက္ကရာဇ် ၁၂၆၆-ခု ဝါဆိုလဆန်း ၁၅-ရက်နေ့တွင် ဤ"ကမ္မဋ္ဌာန်းကျမ်းကြီး"ကို ရေးသား စိရင်တော်မူသည်။

ရှင်လန်းကြည်သာ ရှိကြစေရာ ဇွဲ၏စေတနာ ဓမ္မကထိက ဆရာတော်များ, ကမ္မဋ္ဌာနာစရိယ ဆရာတော်များနှင့် ဓမ္မယောဂီ အလိလိ တို့သည် ကမ္မဋ္ဌာန်းနှင့် ပတ်သက်သမျှ ဟိုဟိုဒီဒီ ရှာဖွေ မနေရပဲ အချိန်ကုန်မှု သက်သာစေကာ ဇွဲ၏စေတနာဖြင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ "ကမ္မဋ္ဌာန်းကျမ်းကြီး"ကို သေသပ် ထည်ဝါ ခန့်ညားစွာ ကျွန်ုပ်တို့ ဇွဲ စာပေရိပ်မြုံနှင့် ဇွဲပုံနှိပ်တိုက်က စက်တင်ပုံနှိပ်အပ်ပါ ထတည်း။

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ဦးဘုန်းကျော်

မုံရွာမြို့ အဘိဓမ္မာဆရာကြီးဦးသဲ

လျှောက်ထားချက်

တပည့်တော် ဒကာငသဲ ခြေတော်ဦးခိုက် လျှောက်ပါသည်၊ သီလမြေထုမေရှ သမာဓိန် ဝရဇိန်ပညာ ဂုဏ်တေဇာ ကြီးမားမြင့်မြတ်တော် မူလှသော ကျေးဇူးတော်ရှင် မဟာထေရ်မြတ်ကြီးဘုရား။

လျှောက်ထားရန်မှာ—ကျေးဇူတော်ရှင် မဟာထေရ်မြတ်ကြီး စီရင်တော်မူအပ်သော ပရမတ္ထသံခိပ်ကျမ်းကို အင်အံကြိုးကုတ် ဆားထုတ်လျက်ရှိကြပါသော ဥပါသကာယောကျ်ား ၂-ကျိပ်ကျော်, ဥပါသိကာမ ၃-ကျိပ်ကျော်တို့သည် ၃ လုမျှဖြင့် အဘိဓမ္မာအလင်းနယ်သို့ ချင်းနင်းထွင်းဖောက် ဉာဏ်အမြင် ဆိုက်ရောက်လျက် ရှိကြရပါသည်၊ အထူးလျှောက်ရန်မှာ- ပရမတ္ထသံခိပ်ကျမ်း၏ နောက်ဆုံးဖြစ်သော ကမ္မဋ္ဌာန်းပိုင်းသည် သရုပ်, သဘော, သကန်များ လွန်စွာ ကျဉ်းလွန်းနေပါ၍ ဉာဏ်အယူအဆ မနိုင်းနင်းအောင်ဖြစ်နေပါသည်၊ သို့ပါ၍ ပရမတ္ထဒီပနီ ဋီကာကြီးတွင် လာရှိသော သရုပ်, သဘော, သကန်, အဓိပ္ပါယ်တို့ကို အကျယ်အားဖြင့် ရေးသားချီးမြှင့်တော်မူပါရန် လျှောက်ပါသည် ဘုရား။

ဒကာငသဲ
အဘိဓမ္မာဆရာကြီး
မုံရွာမြို့
၁၂၆၆-ခု ဝါဆိုလဆန်း ၁၅-ရက်နေ့

ကျေးဇူးရှင်

လယ်တီဆရာတော် မဟာထေရ်အရှင်မြတ်ကြီး၏

မိန့်ခွန်းတော်

မြန်မာသက္ကရာဇ် ၁၂၆၆-ခု ဝါဆိုလဆန်း ၁၅-ရက်နေ့ အဘိမ္မောဆရာ တပည့်မောဇ်သဲ လျှောက်ထားချက်အရ မုံရွာမြို့ လယ်တီစောကျောင်းဆရာဝါသည် အတိဝိသိဋ္ဌ အတိဂမ္ဘီရ သဘာဝအချက် တရားနက်တို့ကို ကွက်ကွက်ကွင်းကွင်း ဉာဏ်ထင်လင်းအောင် ကမ္မဋ္ဌာန်းပိုင်းဆိုင်ရာ လုပ်ငန်းစဉ်မျစည်းမျဉ်းတို့ကို ဧရားသားစီရင်အံ့သတည်း။

လယ်တီဆရာတော်

မုံရွာမြို့

(ရတိမာဆရာကြိုင်)

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	သာသနာ သုံးရပ်ကို ပြဆိုခန်း	
(က)	ကိလေသာ အသိုက်အအုံကြီး ၃-မျိုး	၂
(ခ)	သာသနာ ၃-ရပ်	၃
၂။	သီလကိုပြဆိုခန်း	
(က)	အာဇီဝဋ္ဌမကသီလ	၄
(ခ)	အာဇီဝဋ္ဌမကသီလ၏သရုပ်	၅
(ဂ)	ဓုဘင် ၁၃-ပါး သရုပ်	၆
(ဃ)	စတုပါရိသုဒ္ဓိသီလသရုပ်	၇
(င)	ကမ္ဘာစောင့်တရားကြီး ၂-ပါး	၁၂
(စ)	ကမ္ဘာစောင့်တရားကြီး ၂-ပါးကြောင့် ဒုစရိုက် ၈၀-ပါး ကင်းလွတ်ပုံ	၈၃
(ဆ)	ကမ္ဘာဦးအခါ၌ အာဇီဝဋ္ဌမကသီလ, အဋ္ဌင်္ဂ ဥပေါသထသီလ, ဒသင်္ဂသီလတို့ ပေါ်ပေါက်နေပုံ	၀၄
(ဇ)	ကမ္ဘာစောင့်တရားကြီး ၂-ပါးနှင့် ဥပေါသထသီလ, ဒသင်္ဂသီလတရား ဆုတ်ယုတ်လာပုံ	၈၄
(ဈ)	မဇ္ဈိမသာသနာမှုစ၍ သာသနာအစဉ်အတိုင်း အာဇီဝဋ္ဌမကသီလ၌ ဆုံးမကြ၍ တည်ထွန်းလာပုံ	၈၈
(ဉ)	အာဇီဝဋ္ဌမကသီလသည် ကမ္ဘာ့မွေတာသီလပြစ်ပုံ	၂၈
(ဋ)	အာဇီဝဋ္ဌမကသီလ၌တည်၍ ပြုလုပ်ကြသော ဒါနမှု, ဥပေါသထမှုတို့သည် ကြီးကျယ်သော အကျိုးကိုပေးပုံ	၂၂
(ဌ)	အာဇီဝဋ္ဌမကသီလဆောက်တည်ပုံ	၂၃
(ဍ)	သတိပေးချက်	၂၆
၃။	ကမ္မဋ္ဌာန်းယူပုံကို ပြဆိုခန်း	
(က)	ကမ္မဋ္ဌာန်း ၄၀-ဆောင်ပုဒ်သံခိပ်	၂၈
(ခ)	သပ္ပါယအပြုခး	၃၀

[နတိယအကြိမ်]

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
(ဂ)	ပလိဗောဓကြီး ၁၀-ပါး	၃၂
(ဃ)	ဆရာ့အင်္ဂါ ၇-ပါး	၃၉
(ဇ)	ကြဉ်ရှောင်အပ်သော အရပ် ၁၈-ပါး	၃၃
(စ)	ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ လျောက်ပတ်သော အင်္ဂါ ၅-ပါးရှိသော ကျောင်း	၃၄
(ဆ)	ပလိဗောဓငယ်ပယ်ဖျက်ခြင်းများ	၃၅
(ဇ)	အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော ဝိရိယ	၃၅

၄။ ကသိုဏ်းကို ပြဆိုခန်း

(က)	ပထဝီ-မြေကသိုဏ်း ပွားများအားထုတ်ပုံ	၃၆
(ခ)	အာပေါ-ရေကသိုဏ်း ပွားများအားထုတ်ပုံ	၅၁
(ဂ)	တေဇော-မီးကသိုဏ်း ပွားများအားထုတ်ပုံ	၅၂
(ဃ)	ဝါယော-လေကသိုဏ်း ပွားများအားထုတ်ပုံ	၅၂
(င)	နီလ-အညိုကသိုဏ်း ပွားများအားထုတ်ပုံ	၅၃
(စ)	ပီတ-အဝါကသိုဏ်း ပွားများအားထုတ်ပုံ	၅၃
(ဆ)	လောဟိတ-အနီကသိုဏ်း ပွားများထုတ်ပုံ	၅၄
(ဇ)	သြဒါတ-အဖြူကသိုဏ်း ပွားများထုတ်ပုံ	၅၅
(ဈ)	အာလောက-အလင်းကသိုဏ်း ပွားများအားထုတ်ပုံ	၅၅
(ဉ)	အာကာသ-ကောင်းကင်ကသိုဏ်း ပွားများ အားထုတ်ပုံ	၅၆

၅။ အသုဘကမ္မဋ္ဌာန်းကို ပြဆိုခန်း

(က)	ဥဒ္ဓုမာတက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	၅၈
(ခ)	ဝိနီလက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	၅၈
(ဂ)	ဝိပုဗ္ဗက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	၅၉
(ဃ)	ဝိစ္ဆိဒ္ဒက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	၅၉
(င)	ဝိက္ခာယိတက အသုဘကမ္မဋ္ဌာန်း ပွားများ အားထုတ်ပုံ	၆၀
(စ)	ဝိက္ခိတ္တက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	၆၈

[နတိယအကြိမ်]

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
(ဆ)	ဟတဝိကို့တ္တဏ အသုဘကမ္မဋ္ဌာန်း ပွားများ အားထုတ်ပုံ	...	၆၀
(ဇ)	လောဟိတဏ အသုတကမ္မဋ္ဌာန်း ပွားများ အားထုတ်ပုံ	....	၆၁
(ဈ)	ပုဋ္ဌုဝဏ အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	...	၆၁
(ည)	အဋ္ဌိဏ အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	...	၆၁
၆။	အနုဿတိကမ္မဋ္ဌာန်းကို ပြဆိုခန်း		
(က)	ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	...	၆၆
(ခ)	ဓမ္မာနုဿတိ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	....	၁၀၁
(ဂ)	သံဃာနုဿတိ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	...	၁၅၆
(ဃ)	သီလာနုဿတိ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	....	၁၆၈
(င)	စာဂါနုဿတိ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	...	၁၇၀
(စ)	ဂဒဝတာနုဿတိ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	...	၁၇၁
(ဆ)	ဥပသမာနုဿတိ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	...	၁၇၂
(ဇ)	မရဏာနုဿတိ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	....	၁၇၃
(ဈ)	ကာယဂတာသတိ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	....	၁၇၇
(ည)	အာနာပါနုဿတိ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	....	၁၇၉
၇။	ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းကို ပြဆိုခန်း		
(က)	မေတ္တာဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	....	၁၉၂
(ခ-ဂ)	ကရုဏာ,မုဒိတာ ဗြဟ္မဝိဟာရ ပွားများ အားထုတ်ပုံ	....	၁၉၆
(ဃ)	ဥပေက္ခာ ဗြဟ္မဝိဟာရ ပွားများအားထုတ်ပုံ	...	၁၉၈
၈။	အာရုပ္ပကမ္မဋ္ဌာန်းကို ပြဆိုခန်း,		
(က)	ပဌမာရုပ္ပ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	...	၂၀၀
(ခ)	ဒုတိယာရုပ္ပ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	...	၂၀၁
(ဂ)	တတိယာရုပ္ပ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	...	၂၀၂
(ဃ)	စတုတ္ထာရုပ္ပ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ	...	၂၀၃
၉။	အာဟာရေပဋိကူလသညာ ကမ္မဋ္ဌာန်းပြဆိုခန်း		၂၀၆

[ရတိယအကြိမ်]

ဦးစီး	အကြောင်းအရာ	စာမျက်နှာ
၁၀။	စတုဝေတုဝေတွေ့ကန် ကမ္မဋ္ဌာန်းပြုခြင်း	၂၁၁
၁၁။	အဆိုညာဉ်ကို ပြုခြင်း	၂၁၆
	(၈) ဣဒ္ဓိဝိဓအဘိညာဉ် ကသိုဏ်းတို့၏ အစုမ်း	၂၂၅
	(၁) ဒိဗ္ဗသောတအဘိညာ ...	၂၂၅
	(၂) ပရစိတ္တ ဝိဇာနနအဘိညာ ...	၂၂၆
	(၃) ပုဗ္ဗေနိဝါသာ နုဿတိအဘိညာ ...	၂၂၇
	(၄) ဒိဗ္ဗစက္ခုအဘိညာ ...	၂၂၈
၁၂။	စိတ္တဝိသုဒ္ဓိသည် ဝိပဿနာ၏အခြေခံဖြစ်ပုံ	၂၂၉
၁၃။	အဝိပညာသာသနာကို ပြုခြင်း	၂၃၂
	(၁) ဒိट्ठိဝိသုဒ္ဓိဖြစ်ပုံ ...	၂၃၂
	(၂) ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်ပုံ ...	၂၃၃
	(၃) ဝိပဿနာဉာဏ် ၁၀-ပါး	၂၃၅
	(၄) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ	၂၃၆
	(၅) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ ...	၂၃၆
	(၆) ပဌမမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ ...	၂၅၀
၁၄။	နိဗ္ဗာန်ကိုပြုခြင်း	
	(၁) နိဗ္ဗာန်၏ အားထြိမ်းသောဘာဝ ...	၂၅၁
	(၂) အပ္ပ ၂-မျိုး	၂၅၁
	(၃) အပ္ပမ္ပ နိဗ္ဗာန်၏ အားထြိမ်းပုံ	၂၅၆
	(၄) သဥ္ဇပါဒိဒေဝ, အနုပါဒိသေသနိဗ္ဗာန် ၂-မျိုး ...	၂၆၀
	(၅) သုညတ, အနိမိတ္တ, အပ္ပဏိဟိတနိဗ္ဗာန် ၃-မျိုး ...	၂၆၀
၁၅။	ဝိပဿနာရှုနည်းပြုခြင်း	
	(၁) ဝေါဟာရ မြေကို ပြုဆိုချက် ...	၂၆၅
	(၂) ပရမတ် မြေကို ပြုဆိုချက် ...	၂၆၅
	(၃) ပရမတ်မြေဓာတ်၌ ဓာတ်မျက်လုံးတည် ထောင်ပုံ ...	၂၆၈

ဦးစီး	အကြောင်းအရာ	စာမျက်နှာ
၁၆။	မဇ္ဈိမပုဏ္ဏာလ်တို့ရှုနည်းကို ပြဆိုခန်း	
	(ဣ) ပရမတ်နှစ် မြေအစစ် ...	၂၃၀
	(၁) ပရမတ်နှစ် ရေအစစ် ...	၂၃၅
	(၂) ပရမတ်နှစ် မီးအစစ် ...	၂၃၃
	(ဃ) ပရမတ်နှစ် လေအစစ် ...	၂၃၇
၁၇။	တိက္ခပုဏ္ဏာလ်တို့ ရှုနည်းကိုပြဆိုခန်း	
	(က) အချက်ကြီး ၄-ချက် ...	၂၇၀
	(၁) မဟာဘုတ်ကြီး ၄-ပါးတို့၏ အလုနှိုသိမ်မွေ့ သေးဖွဲပုံနှင့် အဖြစ်အပျက် အလုနှိုလျင်မြန်ပုံ ...	၂၈၆
	(၂) အဘကာသ ၄-ပါးကြည့်ရှုရန် ...	၂၈၈
	(ဃ) အုနိစ္စလက္ခဏာ မထင်မြင်နိုင်ပုံ ...	၂၉၃
	(၄) ဓာတ်ကြီး ၄-ပါးနှင့် ဘာဝနာကိစ္စပြီးနိုင်ပုံ ...	၃၀၆
	(စ) ဓာတ်ဆိ ဓာတ်မီးတို့ကို အမှီပြု၍ ရုပ်တရား တို့၌ ဝိပဿနာဉာဏ်အမြင် ထိုးထွင်းရှုသိပုံ ...	၃၁၆
	(ဆ) နာမက္ခန္ဓာ ၄-ပါးဏို့၌ အနိစ္စလက္ခဏာ ဖော်နည်းဖွင့်နည်း ...	၃၂၈
	(ဇ) ဝိညာဉ် ၆-ပါး, နာမက္ခန္ဓာ ၅-ပါးကို ပြဆိုချက် ...	၃၃၄
	(စျ) နိဒ္ဒါဏုမတာစသော တဏှာ ၄-မျိုးကို ပြဆိုချက် ...	၃၃၁
	(ဉ) ၂၄-ပစ္စည်းတို့ဖြင့် ထင်သာမြင်သာ ရှိအောင် ဝေဖန်၍ ပြဆိုချက် ...	၃၃၂
၁၈။	နိဂုံး	၃၃၃

စာကိုးစာရင်းပြီး။

[ရုပ်ပြားပြီး]

ဝိရိတိဌာ သဒ္ဓမ္မော

ကမ္မဋ္ဌာန်း ကျမ်း ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-သာသနာ ၃-ရပ်ကို ပြဆိုခန်း

သီလံ သမာဓိ ပညာ စ၊
ယဿ ဧတေ သုဘာဝိတာ။
အတိက္ကမ္မ မာရဓေယ်ျံ။
အာဒိစ္စောဝ ဝိရောစတိ။
[ဗုဒ္ဓိစုတ်ပါဠိတော်]

အနက်။ ။ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကြကုန်သော အို.... ချစ်သား ချစ်သမီးတို့။ ယဿ၊ အကြင်သူသည်။ သီလဉ္စ၊ အဓိသီလသိက္ခာဟု ဆိုအပ်သော သီလကိုလည်းကောင်း။ သမာဓိစ၊ အဓိစိတ္တသိက္ခာဟု ဆိုအပ်သော သမာဓိကိုလည်းကောင်း၊ ပညာစ၊ အဓိပညာသိက္ခာဟု ဆိုအပ်သော ပညာကိုလည်းကောင်း။ ဧတေ၊ ဤသုံးပါးသော တရားတို့ကို။ သုဘာဝိတာ၊ ဆုံးခန်းတိုင်အောင် ကောင်းစွာ ပွားများအပ်ကုန်၏။ သော၊ ထိုသူသည်။ မာရဓေယ်ျံ၊ မာရ်မင်း၏နိုင်ငံကို။ အတိက္ကမ္မ လွန်မြောက်၍။ အာဒိစ္စောဝ၊ ဆီးနှင်း မြူတိမ်

[ဒုတိယအကြိမ်]

သူရိန်မီးခိုး ညစ်မျိုးငါးအင် ကင်းစင်တောက်ပ တင့်တယ်လှသော နေမင်းကြီး ကဲ့သို့။ ဝိရောစတိ၊ ထွန်းလင်းတင့်တယ်၏။

ဆောင်ပုဒ်သံခိပ်။ ။အဓိသီလ၊ စိတ္တပညာ၊ သာသနာ၊ သိက္ခာ ၃-ပါးမှတ်။

မြတ်စွာဘုရား သာသနာတော်မြတ်ကြီးသည်–
၁။ အဓိသီလ သာသနာတော်မြတ်ကြီး ၁-ပါး,
၂။ အဓိစိတ္တသာသနာတော်မြတ်ကြီး ၁-ပါး,
၃။ အဓိပညာ သာသနာတော်မြတ်ကြီး ၁-ပါး,
ဟူ၍ သာသနာတော်မြတ်ကြီး ၃-ပါးရှိ၏။

[သိက္ခာ ၃-ပါးဟူ၍လည်း **ခေါ်**၏၊ ဤ**သာသနာ ၃-ပါး**၏ **အနှစ်**ကား ကိ**လေသာ**ကို ပယ်သတ်မှုတည် ။]

(က) **ကိလေသာ အသိုက်အအုံကြီး ၃-မျိုး**

ဤကိုယ်ခန္ဓာ၌ ကိလေသာအသိုက်အအုံသည်–
၁ ဝိတိက္ကမဘုံကြီး ၁-ပါး,
၂။ ပရိယုဋ္ဌာနဘုံကြီး ၁-ပါး,
၃။ အနုသယဘုံကြီး ၁-ပါး,
ဟူ၍ ဘုံကြီး ၃-ပါးရှိ၏။

[နိုင်ငံကြီး ၃-ပါးလည်း ဆိုရ၏။ တိုက်ကြီး ၃-ကိုက်လည်းဆိုရ၏။]

ထို ၃-ပါးတို့တွင်–

၁။ ကာယကံ, ဝစီကံ ၂-ပါးသည် ဝိတိက္ကမဘုံကြီး, ဝိတ်ိက္ကမနိုင်ငံကြီး, ဝိတိက္ကမတိုက်ကြီးမည်၏။

[ကိုယ်အမူအရာ သောင်းကျန်းမှု, လွန်ကျူးမှု၊ နှုတ်အမူအရာ သောင်းကျန်းမှု, လွန်ကျူးမှု။]

၂။ မနောကံစုသည် ပရိယုဋ္ဌာနဘုံကြီး, ပရိယုဋ္ဌာနနိုင်ငံကြီး, ပရိယုဋ္ဌာနတိုက်ကြီးမည်၏။

[အပြင်သို့မရောက် စိတ်ထဲတွင်သာ ဆိုပူထကြွသောင်းကျန်းနေမှု။]

၃။ ကံ ၃-ပါးအဖြစ်သို့ မရောက်မူ၍ အနုမတဂ္ဂဘဝသံသရာ ကခ္ဓင်ဌ ကိုယ်ခန္ဓာအစဉ်မှာ အမြဲနီစွဲထာဝရ တည်ထောင် ကိန်းဝပ်စည်းကား ပွားစီး၍

နေသော အသိုက်အအုံကြီးသည် အနုသယဘုံကြီး, အနုသယနိုင်ငံကြီး, အနုသယတိုက်ကြီးမည်၏။

ဆောင်ပုဒ်သံခိပ်။ ။အစဉ်စွဲကပ်၊ ငုပ်ကိန်းဝပ်၊ မျိုးခေတ်နုသယံ။

အပါယ်ဇာတ်, လူဇာတ်, နတ်ဇာတ် ထွက်ရန် မျိုးစေ့အနေအားဖြင့် စိတ်သန္တာန်တွင် စွဲ၍ ကပ်၍ ငုပ်၍ ဝပ်၍ ကိန်း၍ အစဉ်အမြဲနေသော ကံဟောင်းကံသစ်တို့ကို သိုလှောင်ထားသော ဂိုဒေါင်ကြီးကဲ့သို့တည်း။

[ခြောက်ဒွါရတို့မှာ အာရုံဆက်လာတိုင်း ကိလေသာမီးတောက်ရန်, ကံ ၃-ပါး ဖြစ်ပေါ်ရန် အမြစ်မူလဗီဇ အသိုက်အအုံကြီး-ဟူလို။]

ထိုဘုံကြီး ထိုနိုင်ငံကြီးမှ မနောကံတို့ ဖြစ်လာရကုန်၏၊ မနောကံတို့မှ ကာယကံ, ဝစီကံတို့ ဖြစ်လာရကုန်၏။

ဥပမာ။ ။ဤခန္ဓာကြီးသည် မီးခြစ်ရှိ ဆေးခဲနှင့်တူ၏။

အနုသွယနိုင်ငံကြီးသည် **မီးခြစ်ရှိဆေးခဲ**တွင် အပြည့်တည်ရှိသော မီးဓာတ် မျိုးနှင့်တူ၏။

အာရုံနှင့်တွေ့၍ စိတ်နှလုံးမှာ ကိလေသာထကြွမှုသည် ကော်ပတ်နှင့်တိုက်၍ မီးခြစ်ဆေးခဲမှ မီးတောက်သည်နှင့်တူ၏။

ကိုယ်အင်္ဂါ, နှုတ်အင်္ဂါ, လှုပ်ရှားသောင်းကျန်းမှုသည် ထိုမီးတောက်မှ ဝတ္ထုတပါးသို့ မီးကူး၍ အိမ်ရာဝင်းခြံကို လောင်သည်နှင့်တူ၏။

(က) လောဘဘုံကြီး ၃-ပါး,
(ခ) ဒေါသဘုံကြီး ၃-ပါး,
(ဂ) မောဟဘုံကြီး ၃-ပါး,
(ဃ) ဒိဋ္ဌိဘုံကြီး ၃-ပါး,
စသည်ဖြင့် အသီးသီး ဘုံကြီး ၃-ပါးစီ ရှိကြ၏။

(ခ) သာသနာ ၃-ရပ်

အဓိသီလ သာသနာ— အဓိသီလသိက္ခာသည် ကိလေသာတို့၏ ဝိတိက္ကမ ဘုံကြီး, နိုင်ငံကြီးကို ဖျက်ဆီးရန်• လက်နက်မျိုးတည်း။

အဓိစိတ္တသာသနာ—**အဓိစိတ္တ**သိက္ခာသည် ပရိယုဋ္ဌာနဘုံကြီး, နိုင်ငံကြီးကို ဖျက်ဆီးရန် လက်နက်မျိုးတည်း။

[ဒုတိယအကြိမ်]

အဓိပညာသာသနာ အဓိပညာသိက္ခာသည် **အနုသယဘုံကြီး**, နိုင်ငံကြီးကို ဖျက်ဆီးရန် လက်နက်မျိုးတည်း။

ဤအနုသယနိုင်ငံကြီး အကုန်ပျက်စီးမှု ကိလေသာမျိုး ပြတ်သည်၊ ကိလေသာ မျိုးပြတ်မှု ကံ ၃-ပါး ကျွတ်လွတ်သည်၊ ကံ ၃-ပါး ကျွတ်လွတ်မှု ဝဋ္ဌဒုက္ခ ချုပ်ငြိမ်းသည်။

မြတ်စွာဘုရား၏ သာသနာတော်၌ကား—

အနုသယနိုင်ငံကြီးကို ဖျက်ဆီးမှုသည်သာ လိုရင်းပဓာနတည်း။ ထိုနိုင်ငံကြီးကို ဖျက်ဆီးခြင်းငှာ ရှေးဦးစွာ သီလကိုဖြည့်ကျင့်မှု, သမထကို ပွားများမှုတို့ဖြင့် ပြင်ပအရံ နိုင်ငံနှစ်ရပ်ကို သုတ်သင်ရှင်းလင်းပြီးမှ ဘုရားသာသနာတော်တွင်းမှာ လိုရင်းပဓာနဖြစ်သော အနုသယနိုင်ငံကြီးသို့ ချဉ်းနင်းခွင့်သာလေသတည်း။

[ဤကား ကမ္ပဋ္ဌာန နယောပဒေသကျမ်း၏ အချက်အချာ သာသနာတော်ကြီး ၃-ပါး၏အခွင့်ကို ပြဆိုခန်းတည်း။]

၂-သီလကို ပြဆိုခန်း

(က) အာဇီဝဋ္ဌမကသီလ

ဆောင်ပုဒ်သံခိပ်။ ။အာဒိဗြဟ္မ၊ စရိယနှင့်၊ ထိုမှတစိ၊ အာဘိသမာစာရိက၊ ဤနှစ်ဝ၊ သီလသာသနာ။

အဓိသီလသာသနာ, အဓိသီလသိက္ခာ၌ အကျဉ်းအားဖြင့်—

၁။ အာဒိဗြဟ္မစရိယကသီလ,

၂။ အာဘိသမာစာရိကသီလ,

ဟူ၍ ၂-ပါးရှိသည်။

ထို ၂-ပါးတို့တွင်—

၁။ သောတာပတ္တိမက်, သကဒါဂါမိမက်, အနာဂါမိမက်, အရဟတ္တမက်-ဟုဆိုအပ်သော မက် ၄-ပါးသည် ဗြဟ္မစရိယ မည်၏၊ ထို မက် ၄-ပါးကို ယခုဘဝ ရလို ယူလို ရောက်လိုသော သူတို့၏ ရှေးဦးစွာ နိစ္စသီလအဖြစ်နှင့် ထူထောင် ဖြည့်ကျင့်အပ်သော သီလမျိုးသည် အာဒိဗြဟ္မစရိယက သီလမည်၏။

၂။ ထိုအပေါ်တွင် အမှတ်မ်းတင် ဖြစ်သော သီလမျိုးသည် အာဘိသမာစာရိက သီလမည်၏။

ဆောင်ပုဒ်သံခိပ်။ ။အာဇီဝဋ္ဌ၊ အကျဉ်းပြ၊ ဗြဟ္မစာရိသာ။

အကျဉ်းချုပ်အားဖြင့်- ပြဆိုသည်ရှိသော် **အာဇီဝဋ္ဌမက** သီလသည် **အာဒိဗြဟ္မစရိယက** သီလမည်၏၊ ရဟန်းတို့၏ ၂၂၇-ပါးသော သိက္ခာပဒသီလစုသည် ဤ**အာဇီဝဋ္ဌမက**သီလ၌ အကျုံးဝင်သောကြောင့် **အကျဉ်းပြ**ဟူ၍ ဆိုသတည်း။

ဆောင်ပုဒ်သံခိပ်။ ။ကာယသုံးလီ၊ လေးဝစီ၊ အာဇီရှစ်သာမှ။

(က) ကာယသုစရိုက် ၃-ပါး,
(ခ) ဝစီသုစရိုက် ၄-ပါး,

ပေါင်း ၇-ပါး ဖြစ်၏။

ယင်း ၇-ပါးမှာ ဂ-ခုမြောက် သမ္မာအာဇီဝဖြည့်၍ "**အာဇီဝဋ္ဌမက**" **ခေါ်**သည်။

[**မနောသုစရိုက် ၃-ပါး** ကျန်ရှိသည်မှာ **အဓိစိတ္တသာသနာ, အဓိပညာ သာသနာ**တို့၏ ထိုင်ရာပြစ်၍ ကျန်ရှိလေသည်။]

(ခ) အာဇီဝဋ္ဌမက သီလ၏သရုပ်

၁။ ပါဏာတိပါတာ ဝေရမဏီ,
၂။ အဒိန္နာဒါနာ ဝေရမဏီ,
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ,
၄။ မုသာဝါဒါ ဝေရမဏီ,
၅။ ပိသုဏာဝါစာယ ဝေရမဏီ,
၆။ ဖရုသာဝါစာယ ဝေရမဏီ,
၇။ သမ္ဖပ္ပလာပါ ဝေရမဏီ,
၈။ မိစ္ဆာဇီဝါ ဝေရမဏီ, /

ဆောင်ပုဒ်သံခိပ်။ ။ကျင့်ဝတ်ခုတင်၊ အမှတ်မ်းတင်၊ ပြုစင်ဘိသုဓာ။

(ဂ) ရဟန်းတော်တို့၌ ဥပဇ္ဈာယဝတ်, အာစရိယဝတ် **အစရှိသော** ကျင့်ဝတ်တရားစု, ခုတင်တေရသစုသည် **အာဒိဗြဟ္မစရိယက** ပေါ်တွင် **အမှတ်မ်းတင်** **အာဘိသမာစာရိက** **သီလမည်၏။**

[ဒုတိယအကြိမ်]

(၁) လူတို့၌ ဂ-ပါးသော ဥပေါသထသီလ, ၁၀-ပါးသီလ, အချို့သော ဓူတင်သီလများသည် အာဘိသမာစာရိကပင်တည်း။

(ဂ) ဓူတင် ၁၃-ပါး သရုပ်

၁။ **ပံသုကူဓူတင်**=ရထားလမ်း, သုသာန်, တံမြက်ခြေး စုပုံရာအရပ် စသည်တို့၌ သူတပါးတို့ ပစ်စွန့်ထားသော မြေမှုန့်အလိမ်းလိမ်း ကပ်သော အဝတ်ကို ကောက်ယူ၍ ပြုအပ်သော သင်္ကန်းကိုသာ ဝတ်ရုံခြင်း။

၂။ **တိစီဝရိတ်ဓူတင်**=ဒုကူဋ်, ကိုယ်ဝတ်, သင်းပိုင်ဟု ဆိုအပ်သော သင်္ကန်း ၃-ထည်ကိုသာ ဆောင်ခြင်း။

၃။ **ပိဏ္ဍပါတ်ဓူတင်**=ခံ၍ရသော ဆွမ်းကိုသာ သုံးဆောင်ခြင်း။

၄။ **သပဒါနစာရိကဓူတင်**=အိမ်စဉ်, ရွာစဉ်, ခရီးစဉ်, မပျက် ဆွမ်းခံခြင်း။

၅။ **ကောသနိက်ကဓူတင်**=တထိုင်တည်း၌သာ ဆွမ်းစားခြင်း။

၆။ **ပတ္တပိဏ္ဍိကဓူတင်**=သပိတ်တခု၌ရှိသော စားဖွယ်ကိုသာ စားခြင်း။

၇။ **ခလုပစ္ဆာဘတ္တိကဓူတင်**=မိမိ ဆွမ်းစားဆဲတွင် လက်မှိသော အရပ်အတွင်းသို့ စားဖွယ်ကို သူတဦးက ကပ်မည်ဟု ယူလာရာ တော်ပြီ, အလိုမရှိပြီ, ဟု ပြစ်ပယ်ပြီးသော အစာကို တဖန်စားထိုက်ပြန်အောင် အတိရိတ်ဝိနည်းကံကို ပြု၍ပင် မစားခြင်း။

၈။ **အာရညကင်ဓူတင်**=တော ကျောင်း၌ နေခြင်း။

၉။ **ရုက္ခမူဓူတင်**—သစ်ပင်ရင်း၌သာ နေခြင်း။

၁၀။ **အဗ္ဘောကာသိကဓူတင်**—အမိုး, သစ်ရိပ်မရှိသော လွင်ပြင်၌သာ နေခြင်း။

၁၁။ **သေသာနိကဓူတင်**—သုသာန်သင်္ချိုင်း၌သာ နေခြင်း။

၁၂။ **ယထာသန္ထတိကဓူတင်**—ရရသမျှသော ကျောင်း၌ ရောင့်ရဲခြင်း။

၁၃။ **နေသဇ္ဇိကဓူတင်**=ပေါ်ကျောင်း၍ မအိပ်မူ၍ ကျင့်ခြင်း။

ဆောင်ပုဒ်သံခိပ်။ ။ပါတိမောက္ခ၊ သံဝရနှင့်၊ ဇီဝပါရိ၊ သုဒ္ဓိတလုစ်၊ ပစ္စယသန်၊ နိဿိတံ၊ ဩခြောက်ဘန်ဂျွန်ဒြေ၊ လုံခြုံစေမှု၊ သုဒ္ဓိစု၊ စတုလေးလီဖြာ။

[ဒုတိယအကြိမ်]

(ဃ) စတုပါရိသုဒ္ဓိသီလသရုပ်

၁။ ပါတိမောက္ခသံဝရသီလ,
၂။ အာဇီဝပါရိသုဒ္ဓိသီလ,
၃။ ပစ္စယသန္နိဿိတသီလ,
၄။ ဣန္ဒြိယသံဝရသီလ,

၁။ **ပါတိမောက္ခသံဝရသီလ**-ဟူသည်ကား ၂၂၇-သွယ်သော သိက္ခာပုဒ်ကို မကျိုးမပေါက် မပြောက်မကျားအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ပါတိမောက္ခသံဝရသီလ မည်၏။

၂။ **အာဇီဝ ပါရိသုဒ္ဓိသီလ**– ဟူသည်ကား ဤသုံးဆောင် ဖွယ်သည် ငါအား ရှိပြီ၊ ထိုအလုံးစုံ အပိုအမိုသုံးဆောင်ဖွယ်သည် တန်ပြီ, တော်ပြီဟု ဤသို့ ဆင်ခြင်ခြင်းသည် ဘောဇနေမတ္တညုတာ မည်၏။

ဤသို့ သုံးဆောင်ဖွယ် မသင့်သောပစ္စည်းကို ပယ်၍ သုံးဆောင်ဖွယ်သင့်သော ပစ္စည်းကို သုံးဆောင်ခြင်း၌ လိမ္မာသည်၏ အဖြစ်သည် အာဇီဝပါရိသုဒ္ဓိသီလ မည်၏။

၃။ **ပစ္စယသန္နိဿိတသီလ**– ဟူသည်ကား ကျောင်း, သက်နှ်း, ဆွမ်း, ဆေး-ဟုဆိုအပ်သော ပစ္စည်းတို့၌ ပညာဖြင့်ဆင်ခြင်၍ သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတ သီလမည်၏။

၄။ **ဣန္ဒြိယသံဝရသီလ**–ဟူသည်ကား စက္ခုစသော ဣန္ဒြေ ၆-ပါးတို့၌ လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက်မှုသည် ဣန္ဒြိယသံဝရ သီလမည်၏။

ပါတိမောက္ခ သံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ၊ ဤ ၂-ပါးကား အာဒိဗြဟ္မစရိယက သီလမျိုးတည်း။

ပစ္စယသန္နိဿိတသီလ, ဣန္ဒြိယသံဝရသီလ၊ ဤ ၂-ပါးကား အာဘိသမာစာရိကသီလမျိုးတည်း။

ဤ ပါတိမောက္ခသံဝရ သီလ၊ ဟူသော အာဒိဗြဟ္မစရိယက ၂၂၇-ပါးသော သိက္ခာပဒသီလတို့ကို အကျဉ်းချုံးလိုက်သော် ရဟန်းတို့၏ အာဇီဝဋ္ဌမက သီလ ဖြစ်လေ၏။

ထိုသီလသည် မဂ္ဂဗြဟ္မစရိယ၏ အစ အဦး ဖြစ်၍ အာဒိဗြဟ္မစရိယက သီလမည်၏။

[ဒုတိယအကြိမ်]

အစအဦးဆိုသည်ကား။ နံနက်အခါ၌ အရှေ့အရပ်မှ တက်သော နေအရုဏ်သည် ထိုနေ့၏ အစအဦးဖြစ်၍ ထိုနေ့၌ အတွင်းဝင် ဖြစ်လေသကဲ့သို့ ဤ ၂၂၇-ပါးသော သိက္ခာပဒ သီလအပေါင်းသည် သောတာပတ္တိ မဂ္ဂ သီလ၌ သင်္ဂြိုဟ်ရေတွက်ခြင်းသို့ ဆောက်၏။

ယခုကာလ ဤသီလနှင့် ပြည့်စုံကြကုန်သော သီလဝန္တ ရဟန်းတို့သည် အရိယာပုဂ္ဂိုလ် ၈-ယောက်တို့တွင် သေက္ခပုဂ္ဂိုလ်တို့၌ သင်္ဂြိုဟ်ရေတွက်ခြင်းသို့ ဆောက်ကုန်၏။

မဟာဝါခန္ဓက, စူဋ္ဌဝါခန္ဓက-တို့၌ လာသော ဥပဇ္ဈာယဝတ်, အာစရိယဝတ် အစရှိသော ကျင့်ဝတ်ဘဏားတို့သည် ထိုအာဒိဗြဟ္မစရိယက သီလပေါ်တွင် အဆောင်တင် အမှမ်းတင် သီလ ဖြစ်ပေ၍ အထွတ်အမြတ် ဖြစ်သော အကျင့် အာစာရဟူသော အနက်ကြောင့် အာဘိသမာစာရိက သီလမည်၏။

လောကုတ္တရာ သီလသည်မူကား အနုတ္တရ အဓိသီလပေတည်း။

ဥပဇ္ဈာယဝတ်, အာစရိယဝတ် အစရှိသော ခန္ဓကဝတ် အကျင့်တို့ကို ပြည့်စုံစွာ မဖြည့်နိုင်သော ရဟန်းအား အာဒိဗြဟ္မစရိယက သီလသည် ပြည့်စုံမြဲမဟုတ်၊ နွားပြောက် နွားကျားကဲ့သို့ အကြောင် အကျားသာ ဖြစ်မြဲတည်း။

ထိုဝတ် အကျင့်တို့ကို သဒ္ဓါ, ဝီရိယ နှုံ့ကြသော သူတို့သည် ဖြည့်ကျင့်လိုသောစိတ်ပင် မရှိကြကုန်၊ ထိုသူတို့သည် သဒ္ဓါ, ဝီရိယ ထက်သန်လှမှ ဖြည့်ကျင့်နိုင်ရာသော အချို့သော အာဒိဗြဟ္မစရိယက သိက္ခာပုဒ်တို့၌လည်းကောင်း, သမထကမ္မဋ္ဌာန်းအလုပ် ဝိပဿနာကမ္မဋ္ဌာန်း အလုပ်တို့၌လည်းကောင်း စိတ်ပင်မရှိကြကုန်။

သဒ္ဓါ, ဝီရိယကို ထူထောင်၍ ထိုဝတ်အကျင့်တို့ကို ဖြည့်ကျင့်နိုင်သော သူတို့သည်မူကား အာဒိဗြဟ္မစရိယက သိက္ခာပုဒ်တို့၌လည်း ခဲယဉ်းမှု မရှိကြကုန်။

ဓူတင်အလုပ်, သမထ ကမ္မဋ္ဌာန်းအလုပ်, ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ် တို့၌လည်း နည်းလမ်းကျကျ သိမှုသာလို၏။ ဝီရိယအတွက်မှာ ခက်ခဲမှု မရှိကြကုန်

[ဤကား ရဟန်းတော်နှင့် သက်ဆိုင်သော သီလဝိသုဒ္ဓိကို ပြဆိုချက်တည်း။]

လူတို့နှင့် သက်ဆိုင်သော သီလဝိသုဒ္ဓိကို အတန်ငယ် ရှင်းလင်း၍ ပြဆို ဦးအံ့။

[ဒုတိယအကြိမ်]

အဌဂံဥပေါသထ သီလ

ရှစ်ပါးသီလ—မည်သည် ဃရာဝါသ သမ္မာဒဋ္ဌိ တည်နေကြကုန်သော ပကတိလူတို့၏ သီလတည်း။

ထိုပကတိလူတို့သည် အပြာဟူစရိယ, ဝိကာလဘောဇန—စသော အမှုမျှားကို အမြဲနီစွထာဝရ ကြဉ်ရှောင်ခြင်းငှာ မတတ်နိုင်ကြကုန်ရကား တလလျှင် ၄-သီတင်း, ဂ-သီတင်း အမှတ်ပြု၍ စောင့်ထိန်းကြသော အနိစ္စသီလမျိုး ပေတည်း။

[နီးပြု၍ စောင့်နိုင်လျှင်လည်း အလွန်ကောင်းမြတ်ပါ၏။]

ဒသ၂ သီလ

၁၀-ပါးသီလ—သည်မူကား နိစ္စ, အနိစ္စ နှစ်မျိုးရ၏။

ဃရာဝါသကိစ္စကို စွန့်လွှတ်၍ အဝတ်ကြောင့်, အဝတ်ဖြူ-ဟူသော ပကတိလူတို့ အဝတ်ကိုပယ်၍ အရဟဒ္ဓဇ အဝင်အပါဖြစ်သော ညောင်ခေါက် စသည့် ဖန်ရည်ဖြင့် ဆိုးအပ်သော အဝတ်ကို ဝတ်သော လူသူတော်မျှား တို့အား ထို ၁၀-ပါးသော သီလသည် နိစ္စသီလမျိုးဖြစ်၏။

ထိုအဝတ်ကို ဝတ်မိသည်နှင့် တပြိုင်နက် ထိုသူတို့အား ထိုသီလသည် တည်လေ၏။

တည်၏-ဆိုသည်ကား.... ထိုအဝတ်ကို ဝတ်မိသည်နှင့် တပြိုင်နက် ထိုသူ တို့သည် အပြာဟူစရိယ, ဝိကာလဘောဇန-စသော အမှုမျှားကို ပြုခြင်းငှာ မထိုက်ကြကုန်ပြီ၊ ပြုခဲ့လျှင် အရဟဒ္ဓဇ အဝတ်အသွင်နှင့် မထိုက်တန်သော အမှုဖြစ်၍ အလဇ္ဇီသဘောသို့ ရောက်ကုန်၏၊ ဤကဲ့သို့ ပြုခြင်းငှာ မထိုက် တန်သော သဘောသို့ သက်ရောက်သည်ကို အခြေပြု၍ ထိုသီလတည်သည်-ဟု ဆိုသတည်း။

[နိစ္စသီလမျိုး ဟူသမျှ ဤနည်းချည်းဘာတည်း။]

ပကတိ လူဝတ်ကြောင်တို့အား ထိုကဲ့သို့သော နိစ္စသီလအနေနှင့် တည်မှုကို မရအပ်၊ ဂ-ပါး သီလကဲ့သို့ယင် ဆောက်တည်မှုရသော အနိစ္စမျိုးသာ ဖြစ်၏၊ နိစ္စပြု၍ စောင့်ထိန်းလိုလျှင် နိစ္စအနေနှင့် ခံယူမှုရ၏။

[ဤကား အကျဉ်းမျှ ပြဆိုချက်တည်း။]

[ဒုတိယအကြိမ်]

အာဇီဝဋ္ဌမက သီထ

အာဇီဝဋ္ဌမကသီလ—ဆိုသည်ကား သုစရိုက် ၁၀-ပါးတွင် မနောသုစရိုက် ၃-ပါးကို ချန်လှပ်သော် ကာယသုစရိုက် ၃-ပါး, ဝစီသုစရိုက် ၄-ပါးဟူ၍ ၇-ပါးရ၏၊ ၎င်း ၇-ပါးမှာ သမ္မာအာဇီဝဝိရတိကို ထည့်၍ အာဇီဝဋ္ဌမက သီလ ခေါ်၏။

ကာယသုစရိုက် ၃-ပါးကား သမ္မာကမ္မန္တဝိရတိတည်း။

ဝစီသုစရိုက် ၄-ပါးကား သမ္မာဝါစာဝိရတိတည်း။

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ-ဟူ၍ ဝိရတိ ၃-ပါးဖြစ်၏။

ထို ၃-ပါးတို့တွင် သမ္မာဝါစာဝိရတိသည်—

၁။ မုသာဝါဒါ ဝေရမဏီ,

၂။ ပိသုဏဝါစာယ ဝေရမဏီ,

၃။ ဖရုသဝါစာယ ဝေရမဏီ,

၄။ သမ္ဖပ္ပလာပါ ဝေရမဏီ,

ဟူ၍ ၄-ပါး အပြားရှိ၏။

သမ္မာကမ္မန္တဝိရတိသည်လည်း—

၁။ ပါဏာတိပါတာ ဝေရမဏီ,

၂။ အဒိန္နာဒါနာ ဝေရမဏီ,

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ,

ဟူ၍ ၃-ပါး အပြားရှိ၏။

သမ္မာအာဇီဝ ဝိရတိမူကား— အသက်မွေးမှု၏ အစွမ်းဖြင့် ပြုရသော ပါဏာတိပါတ-အစရှိသော ထိုဒုစရိုက် ၇-ပါးတို့ကို မိစ္ဆာဇီဝဒုစရိုက်မျိုး ခေါ်ရပြန်၏၊ ထိုမိစ္ဆာဇီဝခေါ်ရသော ဒုစရိုက် ၇ ပါးတို့မှ ရှောင်ကြဉ်မှု ဖြစ်သောကြောင့် ၇-ပါးဖြစ်၏။

(က) သမ္မာဝါစာ ဝိရတိ ၄-ပါး,
(ခ) သမ္မာကမ္မန္တ ဝိရတိ ၃-ပါး,
(ဂ) သမ္မာအာဇီဝ ဝိရတိ ၇-ပါး,

ပေါင်း ဝိရတိ ၁၄-ပါးဖြစ်၏။

[ဒုတိယအကြိမ်]

ရင်း ၁၄-ပါးသည်—

(က) သမာဒါန ဝိရတိ ၁၄-ပါး,

(ခ) သမ္ပတ္တ ဝိရတိ ၁၄-ပါး,

(ဂ) သမုစ္ဆေဒ ဝိရတိ ၁၄-ပါး,

ပေါင်း ၄၂-ပါး ဖြစ်၏။

သမာဒါနဝိရတိ

သမာဒါနဝိရတိ—ဆိုသည်ကား ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ-အစရှိသောပါဋ္ဌိ၏ အနက်အဓိပ္ပာယ်ကိုသိ၍ သိတိုင်း အာရုံပြု၍ ခံယူသောသူတို့အား "မိ" အက္ခရာကို ရွတ်ဆိုမိသည်နှင့် တပြိုင်နက် ထိုထို ဝိရတိသည် ဖြစ်၏။

[ဤလည်း သမာဒါနဝိရတိ ၁၄-ပါး တမျိုး။]

သူ့အသက်, သူ့ဝိညာဏ်-စသော ဝတ္ထုကို တွေ့ကြုံသောအခါ ငါ့မှာ ခံယူ၍ထားသော သီလရှိပေသည်၊ ငါလွန်ကျူး၍ မသင့်ပေ-ဟု ရှောင်ကြဉ်၏၊ ရှောင်ကြဉ်သော စိတ်ဖြစ်သည်နှင့် တပြိုင်နက် ဝတ္ထုအားလျော်စွာ ထိုထို ဝိရတိသည် ဖြစ်၏။

[ဤထည်း သမာဒါနဝိရတိ ၁၄-ပါး တမျိုး]

သမ္ပတ္တဝိရတိ

သမ္ပတ္တဝိရတိ—ဆိုသည်ကား ခံယူဆောက်တည်၍ ထားမှုကားမရှိ၊ ဝတ္ထုကို တွေ့ကြုံရသော အခါ၌မူကား လွတ်အောင် ရှောင်ကြဉ်ပေ၏၊ ဤသို့ ရှောင်ကြဉ်သော သူတို့အား ရှောင်ကြဉ်သော စိတ်ဖြစ်သည်နှင့် တပြိုင်နက် ထိုထိုဝတ္ထုအားလျော်စွာ ထိုထို ဝိရတိသည် ဖြစ်၏။

[ဤကား သမ္ပတ္တဝိရတိ မျိုးတည်။]

သမုစ္ဆေဒဝိရတိ

သမုစ္ဆေဒဝိရတိ—ဆိုသည်ကား သောတာပတ္တိ မဂ်ခဏ၌ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသည်နှင့် တပြိုင်နက် အပါယ်သို့ ချနိုင်သော ဒုစရိုက် ၁၀-ပါး ကိုသည် အပြီးတိုင် ချုပ်ငြိမ်းကုန်၏။

ထိုသို့ချုပ်ငြိမ်းရာ၌—

သမ္မာဝါစာမဂ္ဂင်သည်-ဝစီဒုစရိုက် ၄-ပါးကို အပြီးတိုင် ချုပ်ငြိမ်းစေ၏။

သမ္မာကမ္မန္တမဂ္ဂင်သည်- ကာယဒုစရိုက် ၃-ပါးကို အပြီးတိုင် ချုပ်ငြိမ်းစေ၏။

သမ္မာအာဇီဝမဂ္ဂင်သည်-အသက်မွေးမှု၏ အစွမ်းဖြင့် ဖြစ်သော ထို ၇-ပါးသော ဒုစရိုက်တို့ကို အပြီးတိုင် ချုပ်ငြိမ်းစေ၏၊ ဤမဂ္ဂင် ၃-ပါးကို သမုစ္ဆေဒဝိရတိ ဆိုသည်။

[ပယ်အပ်သော ဒုစရိုက် အပြား ၁၄-ပါးကို တောက်၍ သမုစ္ဆေဒဝိရတိ ၁၄-ပါး ဆိုသည်။

မဂ်စိတ္တက္ခဏမှည့်သည် ထချက်မျှသာ ကျသည်ဖြစ်၍ မဂ်ဝိရတိမှာ မူကား လောကိဝိရတိမှာကဲ့သို့ အာရုံအမျိုးမျိုး, ခဏအမျိုးမျိုးသို့ လိုက်၍ ၁၄-ပါး ဖြစ်ပွားသည် မဟုတ်။]

(က) သမာဒါန ဝိရတိ ၂၈-ပါး,
(ခ) သမ္ပတ္တ ဝိရတိ ၁၄-ပါး,
(ဂ) သမုစ္ဆေဒ ဝိရတိ ၁၄-ပါး,

ပေါင်း ဝိရတိ ၅၆-ပါး ဖြစ်၏။

ဂုင်းကို ကာလ ၃-ပါးနှင့် မြှောက်ပွားသည်ရှိသော် ၁၆၈-ပါးဖြစ်၏။

ဂုင်းကို သန္တာန် ၂-ပါးနှင့် မြှောက်ပွားသည်ရှိသော် ၃၃၆-ပါးဖြစ်၏။

ဂုင်းကို အရပ်မျက်နှာ ၁၀-ပါးနှင့် မြှောက်ပွားသည် ရှိသော် ၃၃၆၀-ပါး ဖြစ်၏။

ဂုင်းကို ပုဂ္ဂိုလ် သန္တာန် အသီးအသီးနှင့် မြှောက်ပွားသည်ရှိသော် ဝိရတိ ပေါင်း အသချေ်ယျ အနန္တဖြစ်၏။

[ဤကား အာဇီဝဋ္ဌမက သီလဝိသုဒ္ဓိအပြားကို ပြဆိုချက်တည်း။]

(င) ကမ္ဘာစောင့်တရားကြီး ၂-ပါး

ခပ်သိမ်းသော စကြဝဋ္ဌာ အနန္တ, ကမ္ဘာ အနန္တတို့၌ ပကတိသပ္ပုရိသ အင်္ဂါလက္ခဏာနှင့် ပြည့်စုံကြကုန်သော လူအမျိုးကောင်း, လူသူတော်ကောင်းတို့၏ အမြဲအစွဲ အရိုးအစဉ်ဖြစ်သော ကမ္ဘာစောင့်တရားကား—

၁။ အာဇီဝဋ္ဌမက သီလ ၁-ပါး,
၂။ ဗြဟ္မစိုရ်တရား ၁-ပါး၊ ဤ ၂-ပါးတည်း။

[ဒုတိယအကြိမ်]

ကမ္ဘာစောင့်တရား–ဟု ဆိုအပ်သော ၂-ပါးသော တရားနှင့် အမြဲညီညာ ပြည့်စုံကြသော အခါတို့၌ ဤလူ.ပြည်သည် နတ်ပြည်, ब्रह्मပြည်ကဲ့သို့ ကြည်လင်ခြင်း ခပ်သိမ်းနှင့် ပြည့်စုံ၏၊ အသက်ရှည်မှု, အလိမ္မာမှုတို့၌ နတ်ပြည် ခြောက်ထပ် နတ်တို့သည်ပင် မတုနိုင် မပြိုနိုင် ရှိကုန်၏။

ထိုတရား ၂-ပါးတို့ အစဉ်အတိုင်းဆုတ်ယုတ်၍ သွားသောအခါ လူ.ပြည်၌ ဆုတ်ကပ်ဟူ၍ ဖြစ်ရ၏၊ ဤလူ.ပြည်၌ ထိုတရား ၂-ပါးတို့ လုံးလုံး ကွယ်ပျောက်သောအခါ ၁၀-နှစ်တမ်း၌ ကပ်ကြီး ၃-ပါး အကြီးအကျယ်ဖြစ်၏။

ထိုကမ္ဘာစောင့် တရားသူကြီး ၂-ပါး တို့းတက်ပြန်သောအခါ တက်ကပ် ဖြစ်လာပြန်၏၊ ဤသို့သော အကြောင်းကြောင့် ကမ္ဘာစောင့်တရား ၂-ပါး ဆိုသတည်း။

(၀) ကမ္ဘာ့စောင့်တရားကြီး

၂-ပါးကြောင့် ဒုစရိုက် ၁၀-ပါး ကင်းလွတ်ပုံ

ထိုကမ္ဘာ့စောင့်တရား ၂-ပါးနှင့် ကောင်းစွာ ပြည့်စုံကြကုန်သော လူအမျိုးကောင်းတို့အား သုစရိုက် ၁၀-ပါးတို့သည် အမြဲတည်ကုန်၏၊ ဒုစရိုက် ၁၀-ပါးတို့မှ အစဉ်ကင်းလွတ်ကြကုန်၏။

အဘယ်သို့လျှင် သုစရိုက် ၁၀-ပါးတို့သည် အမြဲတည်ကုန်သနည်း၊ ဒုစရိုက် ၁၀-ပါးတို့မှ အစဉ်ကင်းလွတ်ကြကုန်သနည်း ဟူမူကား–

လောကီဖြစ်သော အာဇီဝဌမက သီလခိုင်လုံသည်အတွက် ကာယသုစရိုက် ၃-ပါး, ဝစီသုစရိုက် ၄-ပါးတို့ အမြဲတည်ကုန်၏၊ ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါးတို့မှ အစဉ် ကင်းလွတ်ကြကုန်၏။

ဗြဟ္မစိုရ်တရား ၄-ပါး ခိုင်လုံသည်အတွက် မနောသုစရိုက် ၃-ပါးတို့ အမြဲတည်ကုန်၏၊ မနောဒုစရိုက် ၃-ပါးတို့မှ အစဉ် ကင်းလွတ်ကြကုန်၏။

မုဒိတာ, ဥပေက္ခာ-ဗြဟ္မစိုရ်တရား ၂-ပါး ခိုင်လုံသည်အတွက် အနုဘိဇ္ဈာ တရား မနောသုစရိုက် အမြဲတည်၏၊ အဘိဇ္ဈာ မနော ဒုစရိုက်မှ အစဉ် ကင်းလွတ်၏။

မေတ္တာ, အရှုဏာ ဗြဟ္မစိုရ်တရား ၂-ပါး ခိုင်လုံသည်အတွက် အဗျာပါဒ မနောသုစရိုက် အမြဲတည်၏၊ ဗျာပါဒ မနောဒုစရိုက်မှ အစဉ်ကင်းလွတ်၏။

[ဒုတိယအကြိမ်]

ထိုတရား ၂-ပါးတို့၏ တည်မှုသည် ဒိဋ္ဌိဇုကမ္မတရားလျှင် အရင်းရှိလေရကား သမ္မာဒိဋ္ဌိ မနောသုစရိုက် အမြဲတည်၏၊ မိစ္ဆာဒိဋ္ဌိ မနောဒုစရိုက်မှ အစဉ်ကင်းလွတ်၏။

[ဤအာဇီဝဋ္ဌမကသီလ, ဗြဟ္မစိုရ်တရားတို့မှာကား အထူးဆောက်တည်မှု, အများအားထုတ်မှုမရှိ၊ ပကတိပင်ကိုယ်ဖြစ်သော နိစ္စသီလ ပကတိသဘာဝတို့ပေတည်း။]

(ဆ) ကမ္ဘာဦးအခါ၌ အာဇီဝဋ္ဌမကသီလ, အဋ္ဌင်္ဂ ဥပေါသထသီလ, ဒသင်္ဂသီလတို့ ပေါ်ပေါ့က်နေပုံ

ယခုအခါ ဤအာဇီဝဋ္ဌမကသီလ, ဗြဟ္မစိုရ်တရားတို့သည် ဥတ္တရကုရုအမည်ရှိသော မြောက်ကျွန်း၌သာ တည်ရှိကုန်တော့သည်။

ထို ကမ္ဘာဦးအခါတို့၌ ထိုတရား ၂-ပါးတို့နှင့် ပြည့်စုံကြကုန်သော လူအပေါင်းတို့တွင် အချို့သော သူတို့သည် ဘုန်းတန်ခိုး ကြီးမြတ်သော လူစည်းစိမ်, နတ်စည်းစိမ်တို့ကို နောင်ဘဝအဆက်ဆက် ခံစား စံစားကြရန် တလ တလလျှင် ၄-ကြိမ်လည်းကောင်း၊ ဂ-ကြိမ်လည်းကောင်း အမှတ်ပြု၍ အဋ္ဌင်္ဂ ဥပေါသထ သီလကို ကျင့်သုံး ဆောက်တည်ကြကုန်၏။

အချို့သော သူတို့သည် ကမ္ဘာများစွာ အသက်ခန္ဓာ ဘုန်းတန်ခိုး ကြီးကျယ်စွာနှင့် စံစားကာ နေရသော ဗြဟ္မာပြည်သို့ ရောက်ခြင်းငှာ ဃရာဝါသ အမှုကို စွန့်ပစ်၍ တောထွက်၍ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ရုံ၍ ရသေ့ ရဟန်း ပြုလုပ်၍ ၁၀-ပါးသော သီလ၌ နိစ္စတည်၍ ပကတိပင်ကိုယ် ဗြဟ္မစိုရ်တရား ၄-ပါးတို့ကို ပရိကံ,ဥပစာ,အပ္ပနာ အစဉ်အားဖြင့် ပွားများအားထုတ်၍ စျာန်သမာပတ်ချမ်းသာနှင့် နေကြကုန်၏။

[ဤကား စကြဝဋ္ဌာ အနန္တတို့၌ပင်လျှင် ကမ္ဘာဦးအခါမှစ၍ ကမ္ဘာမြေပေါ်မှာ အာဇီဝဋ္ဌမကသီလ, အဋ္ဌင်္ဂ ဥပေါသထသီလ, ဒသင်္ဂသီလ၊ ဤသီလ ၃-ပါးတို့ ဖြစ်ထွန်းတည်ရှိ၍ နေပုံတည်း။]

(၈) ကမ္ဘာစောင့် တရားကြီး ၂-ပါးနှင့် ဥပေါသထသီလ, ဒသင်္ဂသီလ တရားဆုတ်ယုတ်လာပုံ

ငါတို့ မြတ်စွာဘုရား ပွင့်တော်မူမသာ အခါ၌မူကား ထိုကမ္ဘာစောင့်တရား ၂-ပါး, ဥပေါသထသီလ, ဒသင်္ဂသီလ တရား ၂-ပါးတို့သည် လောက၌ အလွန် နည်းပါးကုန်၏၊ မိစ္ဆာဒိဋ္ဌိတရား, ဒုစရိုက် တရားတို့သည် လောက၌ အလွန်ထွန်းကားကုန်၏။

ထို့ကြောင့်-

မြတ်စွာဘုရားသည် လောကဌ် ထိုကမ္ဘာစောင့်တရား ၂-ပါး, အဌင်္ဂ ဥပေါသထသီလ တရားမျှားကိုပင် အားထုတ်ဖော်ပြ ထူထောင်တော်မူရ၏။

(က) သုစရိုက် ၁၀-ပါး,

(ခ) ဒုစရိုက် ၁၀-ပါး,

(ဂ) ပြဟ္မစိုရ်တရား ၄-ပါး,

တို့ကို လူသတ္တဝါတို့အား အလွန်မျှားစွာ ဟောရ၏။

[သုစရိုက် ၁၀-ပါးတို့တွင် ရှေ ၇-ပါးသည် အာဇီဝဋ္ဌမက သီလပင်တည်း။]

၁၀-ပါးသီလကိုမူကား ဃရာဝါသဌ် တည်ကုန်သော ပကတိလူတို့အား ဘုရားဟောဘူးသော ဝတ္ထုဟူ၍ ပါဠိတော်တို့ဌ် မလာ၊ စောင့်ထိန်းကြသော ဝတ္ထုတို့ကား အဌကထာတို့ဌ် မျှားစွာလာကုန်၏။

အနိုဝဂါမ်ဖြစ်သော သူတို့သည်ကား ၁၀-ပါးသီလဌ် တည်ကြကုန်၏။

မြတ်စွာဘုရား သာသနာတော်မြတ်သည်-

၁။ အဓိသီလ သာသနာ,

၂။ အဓိစိတ္တ သာသနာ,

၃။ အဓိပညာ သာသနာ,

ဟူ၍ ၃-ပါး အပြားရှိ၏။

ထို ၃-ပါးတို့ထဲ အာဇီဝဋ္ဌမက သီလသည် အဓိသီလသာသနာ မည်၏။

ထိုအာဇီဝဋ္ဌမက သီလသည်-

၁။ ရဟန်းသာမဏေတို့၏ အာဇီဝဋ္ဌမက သီလ,

၂။ ပကတိလူတို့၏ အာဇီဝဋ္ဌမက သီလ,

၃။ ဖန်ရည်ဆိုးအပ်သော အဝတ်ကို ဝတ်ရုံ၍ ပဗ္ဗဇိတအသွင်ဌ် တည်နေကုန်သော ရဟေ့သူတော်, လူသူတော်တို့၏ အာဇီဝဋ္ဌမကသီလ-ဟူ၍ ၃-ပါး အပြားရှိ၏။

အာဇီဝကိုအကြောင်းပြု၍ ပညတ်တော်မူအပ်သော ၆-ပါးသော သိက္ခာပုဒ်တို့နှင့်တကွ အလုံးစုံသော ရဟန်းတို့၏ ဝိနယသီလ၊ အလုံးစုံသော သာမဏေတို့၏ ဝိနယသီလသည် ရဟန်းသာမဏေတို့၏ အာဇီဝဋ္ဌမက သီလမည်၏။

ထိုစကားမှန်၏။ အလုံးစုံသော ဝိနည်းသိက္ခာပုဒ်တော်ဟူသမျှသည် ကာယဒွါရ၊ ဝစီဒွါရ ၂-ပါး၌ ပညတ်တော်မူအပ်သည် ဖြစ်၍ ကာယကံ၊ ဝစီကံ ၂-ပါး၌ အကုန်သက်ဝင်၏။ ကာယသုစရိုက်၊ ဝစီသုစရိုက် ၂-ပါး၌ အကုန်သက်ဝင်၏။

ထို့ကြောင့်-

ထိုထို ဝိနည်းသိက္ခာပုဒ်အဆုံး၌ "ကာယတမ်း၊ ဝစီကမ်း၊ ကာယဝစီကမ်း" ဟူ၍ ဝိနည်းအဋ္ဌကာတို့၌ ဆိုရိုးရှိကြကုန်၏။

ဝိနည်းပညတ်တော်မှတပါး သုတ္တန် ဒေသနာတော်မှ လာသော အသက်မွေးခြင်းလျှင် အကြောင်းရှိ-မရှိအားဖြင့် ၂မျိုးပြားသော သုစရိုက် ၇-ပါးသည် ပကတိလူတို့၏ အဇီဝဋ္ဌမကသီလမည်၏။

ထိုပကတိလူတို့၏ နိစ္စသီလမှာ အဗြဟ္မစရိယ၊ ဝိကာလဘောဇန-စသော ၆-ပါးသော သိက္ခာပုဒ်တို့ကို ထည့်၍ ရသေ့သူတော်, လူသူတော်တို့၏ အာဇီဝဋ္ဌမက သီလ ဖြစ်၏။

(အဋ္ဌထာလိနီ အဋ္ဌကထာ၌ စက္ခုသံဝရ စသော ဂ-ပါးသော သံဝရတရား, စက္ခုအသံဝရ-စသော ဂ-ပါးသော အသံဝရတရားတို့ကို သုစရိုက်, ဒုစရိုက်တို့၌ အကုန်ထည့်သွင်းနည်း၊ ကာယကံ, ဝစီကံ, မနောက်တို့၌ အကုန်ထည့်သွင်းနည်းကို အကျယ်ပြဆိုချက် ရှိလေ၏။)

ဝိနည်းအဋ္ဌကထာများနှင့် တက္ဂ ထိုအဋ္ဌသာလိနီ အဋ္ဌကထာ များကို ထောက်မျှော်၍ ရဟန်းသာမဏေတို့ ကျင့်အပ်သော ဝိနည်းသိက္ခာပုဒ်၊ သုတ္တန်သိက္ခာပုဒ်ဟူသမျှ၊ လူတို့ကျင့်အပ်သော သုတ္တန်သိက္ခာပုဒ် ဟူသမျှသည် တစုံတခုမျှမကျန်၊ ကာယကံ၊ ဝစီကံတို့၌ အကုန်သက်ဝင်ကြောင်းကိုလည်းကောင်း၊ ကာယကံ၊ ဝစီကံတို့၌ အကုန်သက်ဝင်သဖြင့်လည်း-

"ပူဗ္ဗေဝ ခေါ ပနဿ ကာယကမ်း ဝစီကမ်း ပရိသုဒ္ဓံ ဟောတိ အာဇီဝေါစ ပရိသုဒ္ဓေါ"

ဟူ၍ ဟောတော်မူအပ်သော အာဇီဝဋ္ဌမကသီလ အစီအရင်တွင် အကုန်သက်ဝင်ကြောင်းကိုလည်းကောင်း သိအပ်၏။ အာဇီဝဋ္ဌမက သီလနှင့်ကင်း၍ မဂ်ဖိုလ်ကို မရနိုင်၊ နိစ္စသီလမျိုးတည်ရှိမှ သမာဓိ ဖြစ်ထွန်းနိုင်သည်။

သီလ၊ **သမာဓိ**— နှစ်ပါးရှိမှ ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာ ဖြစ်ထွန်းနိုင်သည်။

[ဒုတိယအကြိမ်]

ထို့ကြောင့်–

ယခုဘဝ၌ပင်လျှင် သမာဓိ,ပညာတို့ကိုရခြင်းငှာ အခြေခံ အနေခံ ကိစ္စနှင့် ကျင့်သုံးအပ်သော သီလသည် လူတို့သီလပင် ဖြစ်သော်လည်း အဓိသီလ သာသနာ မည်ပါ၏။

သာဝတ္ထိပြည်၌ ဂဟဋ္ဌဖြစ်သော လူပေါင်းအရေအတွက် ၇-ကုဋေ ၅-သိန်း ရှိ၏၊ ထိုတွင် တိတ္ထိတို့၏ တပည့်တို့သည် တကုဋေမျှ ရှိကုန်၏၊ ပြတ်စ္ဓာဘုရား တပည့်သားဖြစ်သူ လူတို့သည် ၆-ကုဋေ ၅-သိန်းမျှ ရှိကုန်၏၊ ထိုတွင် ပုထုဇဉ်တို့သည် တကုဋေမျှ ပါရှိကုန်၏၊ ကျန်ရှိသော ၅-ကုဋေ ၅-သိန်းမျှသော ဂဟဋ္ဌဖြစ်သူ လူတို့သည် အရိယာချည်း ဖြစ်ကြကုန်၏-ဟု အဋ္ဌကထာတို့၌လာ၏။

ထိုသူတို့သည် ရှေးအဖို့၌လည်းကောင်း, ကျွတ်လွတ်သောအခါ၌ လည်းကောင်း စိတ်သန္ဓာန်၌ တည်ရှိဆဲသော အခြေခံ အနေခံဖြစ်သော အာဇီဝဋ္ဌမက ဝိရတိသီလနှင့်ကင်း၍ မဂ်ဖိုလ်ကို ရသူ ရောက်သူ-ဟူ၍ တစုံတယောက်မျှမရှိ၊ အာဇီဝဋ္ဌမက သီလ၏ အခွင့်သည် သောတာပတ္တိမဂ်သို့ရောက်၍ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသောအခါ သမုစ္ဆေဒဝိရတိအဖြစ်သို့ရောက်မှ ကိစ္စပြီးစီး၏၊ နိယတအဖြစ်သို့ ရောက်၏။

ထိုအရိယာဖြစ်သူတို့သည် ဘဝမျှားစွာ ကမ္ဘာအဆက်ဆက် လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတို့ကို အစဉ်ခံစား စံစား၍ သွားကြကုန်သော်လည်း အိပ်မက်တွင်မျှ အာဇီဝဋ္ဌမကသီလ ပျက်မှု မရှိကြကုန်ပြီ။

ထိုသူတို့တွင် အနာဂါမ်အဖြစ်သို့ ရောက်ကြကုန်သော စိတ္တသူကြွယ် အစရှိကုန်သော အသိန်း မကသော သူတို့သည် ကာယပဿဒုရား လက်ထက်တော်၌ ဃဋ္ဋိကာရ အမည်ရှိသော အိုးထိန်းသည် ယောကျ်ားကဲ့သို့ အနာဂါမိမဂ်၏ အစွမ်းဖြင့်ပြီးသော ၁၀-ပါသီလ၌ အမြဲ တည်ကြကုန်၏၊ ဆောက်တည်ဖွယ် ကိစ္စ မရှိကြကုန်ပြီ။

၁၀-ပါးသီလ အမြဲတည်သောသူတို့မှာ အဋ္ဌဂုံပေါသထ သီလသည်လည်း အတွင်းဝင်ဖြစ်၍ ပါလေ၏၊ ဆောက်တည်ဖွယ် ကိစ္စမရှိပြီ။

သောတာပန်, သကဒါဂါမ်ဖြစ်ကြကုန်သော ကုဋေမျှားစွာသော ဝိသာခါ, အနာထပိဏ် စသော သူတို့သည်မူကား တလ တလလျှင် ၄-ကြိမ်လည်းကောင်း, ၈-ကြိမ်လည်းကောင်း အမှတ်ပြု၍ အဋ္ဌဂုံပေါသထ သီလကို ဆောက်တည် ခံယူ၍ ကျင့်သုံးကြကုန်၏။

[ဒုတိယအကြိမ်]

ပုထုဇဉ် ဖြစ်ကြကုန်သော တကုဋ္ဌေမျှလောက်ကုန်သော သာဝတ္ထိပြည်သူ တို့သည်ကား အာဇီဝဋ္ဌမက သီလမူလည်း တတ်အားသမျှသော သိက္ခာပုဒ် တို့ကို အမြဲနိစ္စ ထိန်းသိမ်းကြကုန်၏။

အဋ္ဌဂုံပေါသထ သီလကိုလည်း တတ်အားသမျှ ခံယူဆောက်တည်၍ ကျင့်သုံးကြကုန်၏။

[ဇုဇဂြိုဟ်ပြည်, ဝေသာလီပြည် အစရှိသော မဇ္ဈိမဒေသ တိုင်းကြီး သောဋ္ဌသတို့၌လည်း ထိုနည်းကိုမှီ၍ အရိယာဖြစ်သူ လူတို့၏ ကျင့်နည်းကျင့်လမ်း, ပုထုဇဉ်ဖြစ်သူ လူတို့၏ ကျင့်နည်းကျင့်လမ်းကို သိကြလေ၊ သီဟိုဠ်ကျွန်းမှာ သခသနာတော်တည်ထွန်း၍ အရိယာပုဂ္ဂိုလ် ထင်ရှားရှိသော အခါတိုင်အောင် ထိုနည်းပင်သိလေ။]

(ဈ) မဇ္ဈိမသာသနာမှစ၍ သာသနာအစဉ်အတိုင်း အာဇီဝဋ္ဌမကသီလ၌ ဆုံးမကြ၍ တည်ထွန်းလာကြပုံ

အရိယာပုဂ္ဂိုလ်တို့ ထင်ရှား မရှိကြသောအခါမှ စ၍ သီဟိုဠ်သာသနာ, သထုံသာသနာ, သရေခေတ္တရာသာသနာ, ပေါက်ကံသာသနာ, မြင်းစိုင်းသာသနာ, စစ်ကိုင်းသာသနာ၊ ရတနာပူရ အဝသာသနာ, အမရပူရ သာသနာ, မန္တလေးသာသနာ အစဉ်တို့၌မူကား သာဝတ္ထိပြည် စသော မဇ္ဈိမသာသနာမှ အစဉ်အဆက်လာခဲ့သော ပုထုဇဉ် သာဝကတို့၏ နည်းလမ်း အတိုင်း ကျင့်ရိုး, သုံးရိုးအစဉ် ထင်ရှားတည်ထွန်းကာ လာကြကုန်၏။

ကျင့်ရိုးအစဉ် ထင်ရှားတည်ထွန်းထာပုံ

ကျင့်ရိုး၊ သုံးရိုး အစဉ် ၂-မျိုးတွင်—

ကျင့်ရိုးအစဉ်—ထင်ရှား တည်ထွန်းကာ လာကြပုံကား ထိုသာသနာ တည်ထွန်းရာဖြစ်သော ပတိရူပဒေသအရပ်တို့၌ အမျိုးကောင်း သူတော်ကောင်းဖြစ်ကြသော လူတို့သည် မိမိတို့၏ သားသမီး မြေးမြစ် ဖြစ်သော သူတို့ကို ငယ်ရွယ်စဉ်အခါမှ စ၍ အာဇီဝဋ္ဌမကသီလ၌ ဆုံးမသွန်သင်ရိုးရှိကြကုန်၏။

ရဟန်းသံဃာ ဆရာသမားတို့သည်လည်း ‘ယပ်ထောင်တရား, ယပ်လှဲတရား’ အနုသာသနီ တရားတို့၌ ဒုစရိုက်၏အပြစ်, သုစရိုက်၏ အကျိုးများကို ဟောပြော၍ တပည့်ဒါယကာ အပေါင်းတို့အား အာဇီဝဋ္ဌမကသီလ၌ ဆုံးမသွန်သင်ရိုး ရှိကြကုန်၏။

[ဒုတိယအကြိမ်]

ဆုံးမ သွန်သင်တော်မူကြပုံ

၁။ ရှေးဦးစွာ ဩကာသ ပဏာမပြုနည်း,
၂။ ထိုနောက် သရဏကို ၃-ပါးနှင့်တကွ ၅-ပါးသီလ တောင်းနည်း,
၃။ ထိုနောက် သရဏကို ၃-ပါး ဆောက်တည်နည်း,
၄။ ထိုနောက် ပါဏာတိပါတာ ဝေရမဏီ-အစရှိသော သီလခံယူနည်း,

ဤနည်းလမ်းများကို သားငယ်, သမီးငယ်, တပည့်ငယ်တို့အား စကားပြီသည်မှ စ၍ အရိုးအစဉ်ကျိုးကျ၍ သွားလေအောင် ဆုံးမသွန်သင်တော်မူကြရကုန်၏။ သရဏကို သီလ ခံယူစေကြရကုန်၏။

(ဤငါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ပဉ္စသီလလည်း အာဇီဝဋ္ဌမက သီလတွင် ပဓာန အင်္ဂါစုပင်တည်း။)

ထိုနောက် အသက်အရွယ် ၁၀-နှစ်, ၁၅-နှစ် စသည်ရှိသောအခါမှ-

၁။ ဒုစရိုက် ၁၀-ပါး,
၂။ သုစရိုက် ၁၀-ပါး,
၃။ "သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ"ဟူသော ပြဟ္မစိုရ်တရား,
၄။ ဆံပင်, မွေးညှင်း, ခြေသည်း လက်သည်း အစရှိသော အသုဘ ပဋိကူလတရားတို့ကို သင်ကြားကြကုန်၏။

ထိုတရားတို့တွင်-

သုစရိုက် ၁၀-ပါး—တို့၌ ကာယသုစရိုက် ၃-ပါးကား ၅-ပါးသီလ၌ ပါဝင်ပြီး ဖြစ်၏။

ဝစီသုစရိုက် ၄-ပါး—တို့တွင် မုသာဝါဒါ ဝေရမဏီ ၁-ပါးသာ ၅-ပါးသီလမှာ ပါဝင်၏။

၁။ မိသုဏာဝါစာယ ဝေရမဏီ,
၂။ ဖရုသဝါစာယ ဝေရမဏီ,
၃။ သပ္ပဓပ္ပလာပါ ဝေရမဏီတို့ကိုမူကား-

နောက်မှ ပြည့်စုက်ကြရကုန်၏။ ထိုအခါမှ အင်္ဂါ ၈-ပါး လုံးလုံးပြည့်စုံ၏။ ဒုစရိုက် ၃-ပါး ကင်းလွတ်၏။ သုစရိုက် ၃-ပါးတည်ရှိ၏။

ထိုပြဟ္မစိုရ်တရား, အသုဘ ပဋိကူလ တရားတို့ကို နှလုံးသွင်း နိုင်ကြသော အခါ မနော ဒုစရိုက်တို့မှ ကင်းလွတ်ကုန်၏၊ မနောသုစရိုက်တို့ တည်ကုန်၏။

[ဒုတိယစာကြွင်း]

သာသနာပအခါ၌ကား– ဗြဟ္မစိုရ်တရားသာ ထင်ရှားရှိ၏၊ အသုဘ ပဋိကူလ မနသိကာရတရားကား သာသနာတွင်းမှာကဲ့သို့ ပြည့်စုံစွာ မရှိ။

ငယ်လှသေးသောအခါတို့၌ကား– စိတ်၊ စေတနာ နုနယ်သေးသည် ဖြစ်၍ ဝစီဒုစရိုက်မှု ၃-ခု၊ မနောဒုစရိုက်မှု ၃-ခုတို့၌ အကျူးကြီး အလွန်ကြီး မဖြစ်နိုင်ကြကုန်သေး၍ တဖြည်းဖြည်းမှ ဖြည့်စွမ်းရိုးပြုကြကုန်သည်။

မနောဒုစရိုက် ၃-ပါးတို့တွင် မိစ္ဆာဒိဋ္ဌိကိုမူကား မွေးဖွားစ ကာလမှစ၍ အမျိုးအရိုး အလေ့နှင့်ပင် ကင်းရှင်းစေနိုင်၏။

(ဤကား ကျင့်ရိုးအစဉ် ထင်ရှားတည်ထွန်း လာပုံတည်း။)

သုံးရိုးအစဉ် ထင်ရှား တည်ထွန်းလာပုံ

ယခုအခါ သုံးရိုးအစဉ် ထင်ရှားတည် ထွန်းကာ လာကြပုံကား–

၁။ ထိုအာဇီဝဋ္ဌမကသီလနှင့်လည်းကောင်း, သုစရိုက် ၁၀ ပါး ကိုယ်ကျင့်တရားနှင့်လည်းကောင်း ပြည့်စုံကြပေကုန်သော ဇာတိကုလပုတ္တ, အာစာရကုလပုတ္တ အမျိုးကောင်းသား အမျိုးကောင်းသမီး ဖြစ်သော သူတို့သည်လည်းကောင်း,

၂။ မနောသုစရိုက်ကိုကား မစွဲမြဲနိုင်၊ အာဇီဝဋ္ဌမက သီလကိုမျှသာ စွဲမြဲနိုင်ကြကုန်သော သူတို့သည် လည်းကောင်း,

၃။ အာဇီဝဋ္ဌမက သီလကိုမျှ ပြည့်စုံစွာ မစွဲမြဲနိုင်၊ ထိုအာဝဇီဋ္ဌမက သီလအထဲမှာ ၅-ပါးသီလကိုမျှ စွဲမြဲနိုင်ကြကုန်သော သူတို့သည်လည်းကောင်း,

၄။ ၅-ပါးသီလကိုမျှ ပြည့်စုံစွာ မစွဲမြဲနိုင်၊ အချို့ အချို့ကိုမျှသာ စွဲမြဲနိုင်ကြကုန်သော သူတို့သည်လည်းကောင်း,

၅။ အချို့ အချို့ကိုမျှ အမြဲအစွဲမတတ်နိုင်၊ တခါ နှစ်ခါမျှသာ တတ်နိုင်ကြကုန်သော သူတို့သည် လည်းကောင်း,

နောက်နောက်ဘဝတို့၌ ကြီးမြတ်သော လောကီချမ်းသာ, လောကုတ္တရာချမ်းသာများကို ခံစား စံစားရခြင်းငှါ ဝါတွင်းဝါပတို့၌ တတ်အားသမျှ အဋ္ဌင်္ဂဥပေါသထသီလ သီတင်းသုံးမှုကို ပြုကြကုန်၏။

အချို့သော သူတို့ကား– အဝတ်ကြောင်ကိုစွန့်၍ ဆံမုတ်ဆိတ်ကိုပါပယ်၍ ဝတ်ဖြူစင်ကြယ်ကိုဝတ်၍ သီလရင်အဖြစ်၊ သီလရင်မ အဖြစ်၌ တည်၍ ၈-ပါးသီလ, ၁၀-ပါးလတို့ကို နိစ္စအဖြစ်ဖြင့် ကျင့်သုံးကြကုန်၏။

[ဒုတိယအကြိမ်]

ဤ၌ ဝတ်ဖြူမည်သည် အရဟဒ္ဓဇမျိုးမဟုတ်၊ လူဝတ်မျိုးသာဖြစ်ခဲ့၍ ဇာတိနိစ္စ အနေနှင့် မရ၊ ခံယူဆောက်တည်မှု ရသော နိစ္စမျိုးသာတည်း။

အချို့သောသူတို့ကား—ဆံမုတ်ဆိတ်ကို ပယ်၍ ညောင်ခေါက်ဆိုး အစရှိသော အရဟဒ္ဓဇ အဝတ်မျိုးကို ဝတ်ရုံ၍ ရသေ့သူတော်အဖြစ်၌ တည်၍ ၁၀-ပါးသီလကို နိစ္စကျင့်သုံးကြကုန်၏။

ဤနိစ္စကား အရဟဒ္ဓဇ အဝတ်အသွင်ကို ယူသည်နှင့် တပြိုင်နက် အမြဲတည်သော ဇာတိနိစ္စမျိုးတည်း၊ ခံယူဆောက်တည်မှုရသော နိစ္စမျိုးမဟုတ်၊ သို့သော်လည်း ခံယူဆောက်တည်မှုသည် သိက္ခာပုဒ်အစဉ်၌ နှုတ်တက်ရွရွ ကျင်လည်ရခြင်းအကျိုး, ခိုင်မြဲစေရခြင်းအကျိုးရှိသည်သာ ဖြစ်၏၊ သာမဏေများကဲ့သို့ ပေတည်း။

ဤတွင် နိစ္စဖြစ်သော ၈-ပါး, ၁၀-ပါးတို့၌မူကား ကျင့်မှု, သုံးမှု ၂-ပါးနှင့် ဆက်ဆံ၏၊ ဤ၌ အဝတ်ဖြူကို မဇ္ဈိမတိုင်းသားတို့၌သာ ပကတိလူဝတ်ဟု ဆိုထိုက်သည်။

အဝတ်ကြောင်ကို ဝတ်ရိုးရှိသော ငါတို့မြန်မာလူမျိုးတို့ကား အရဟဒ္ဓဇ အဝတ်မျိုးတို့၌ပင် သက်ဝင်သင့်ပါသည်ဟု ဆိုရန်ရှိ၏၊ ကျမ်းဂန်များနှင့် ထောက်ထား ဆင်ခြင်ကြလေ။

[ဤကား သုံးရိုးအစဉ် ထင်ရှားတည်ထွန်းလာဖုံထည်း။]

(ည) အာဇီဝဋ္ဌမကသီလသည် ကမ္ဘာ့ဓမ္မတာ သီလဖြစ်ပုံ

အာဇီဝဋ္ဌမကသီလ တည်ရှိသောသူတို့၌ ဥပေါသထသီလ, ဒသသီလဆိုသော်လည်း အဖြဟ္မစရိယနှင့် ဝိကာလဘောဇန သိက္ခာပုဒ်တို့ကို ထိုနိစ္စသီလအပေါ်တွင် အမှမ်းတင်သက်သက်ဖြစ်၏ဟု ဆိုထိုက်၏၊ ပါဏာတိပါတမှ ရှောင်ကြဉ်မှု-စသည်တို့မှ ထိုနိစ္စသီလတွင် ပါဝင်ပြီးဖြစ်ကုန်၏၊ ထို့ကြောင့် ထိုသူတို့၌ နိစ္စသီလမှ အဋ္ဌင်္ဂုပေါသထသီလ, ဒသင်္ဂသီလတို့ကို အထူး ထုတ်ဖော်၍ ဆိုရာ၌ အမှမ်းတင် ဖြစ်သော သိက္ခာပုဒ်တို့အတွက်သာ,ဆိုသည်ဟု မှတ်။

ဤကား ကမ္ဘာဦးမှစ၍လည်းကောင်း, မြတ်စွာဘုရားလက်ထက်တော်မှစ၍လည်းကောင်း ယခု ဤနေ့တိုင် အာဇီဝဋ္ဌမကသီလ တည်သည့် ဇာတိအာစာရ ကုလပုတ္တမှန့်သူ လူအမျိုးကောင်းသားတို့အား ရရှိသော မိမိတို့၏ ဘဝ အဖြူ

ထည်ချော အဖြူထည်ကောင်း ဖြစ်စေခြင်းငှာ မွေးဖွားသည်မှစ၍ ပါဏုပေတံ ကာလပတ်လုံး အစဉ်ထာဝရ စွဲမြဲကြရသော ကမ္ဘာ့ဓမ္မတာ သီလဖြစ်ပုံတည်း။

မိမိ အလိုအလျောက် သော်လည်းကောင်း, ဆရာသမား သူတော် သူမြတ်တို့အထံ၌လည်းကောင်း "ပါဏုပေတံ" ခံယူဆောက်တည် စွဲမြဲလျှင်လည်း သာ၍ ကောင်း၏၊ တစ်ခါမ်တခါ ခံယူပြီးနောက် မပျက်သမျှ ကာလပတ်လုံး ခံယူဖွယ် ကိစ္စမရှိ၊ အခါခါ ခံယူသော်လည်း အခါခါ ကုသိုလ်ပွားများ၏။

ခံယူခြင်းကို တခါတရံမျှ မပြုမူ၍ မိမိစိတ်၌သာ သိ၍ ဤ ဂ-ပါးသော သီလကို အသက်ထက်ဆုံး ကျင့်မည်၊ ဤသီလပျက်ရန် အမှုကို အသက်ထက်ဆုံး ငါရှောင်ကြဉ်မည်ဟု စိတ်မှာ ဆောက်တည်၍ ကျင့်ပါလျှင်လည်း ကောင်း၏၊ သမ္ပတ္တဝိရတိအနေနှင့် တွေ့တိုင်း တွေ့တိုင်း ရှောင်ကြဉ်၍ နေပေလျှင်လည်း ကောင်းပါ၏။

(၄) အာဇီဝဋ္ဌမက သီလ၌တည်၍ ပြုလုပ်ကြသော ဒါနမှု, ဥပေါသထမှုတို့သည် ကြီးကျယ်သော အကျိုးကိုပေးပုံ

ဤအာဇီဝဋ္ဌမကသီလ—၌ ကောင်းစွာ တည်သောသူတို့သည် လူသီလဝန္တ စင်စစ်ဖြစ်ကုန်၏၊ ဤသီလဝန္တ အဖြစ်၌တည်၍ ပြုအပ်သော ဒါနမှု, ဥပေါသထမှုတို့သည် အလွန်ကြီးကျယ်သော အကျိုးကို ပေးနိုင်ကုန်၏၊ ရှေးပြဆိုခဲ့ပြီးသော ၅-ကုဋ္ဌေ ၅-သိန်းမျှလောက်သော သာဝတ္ထိပြည်သူ လူအရိယာတို့မှစ၍ မဇ္ဈိမဒေသ သာသနာ သီဟိုဠ်သာသနာတို့၌ အရိယာအဖြစ်သို့ ရောက်ကြကုန်သော လူအရိယာ အနန္တတို့သည် အာဇီဝဋ္ဌမက သီလ၌တည်၍ ရောက်ကြပေကုန်၏။

အာဇီဝဋ္ဌမကသီလ—၌ မတည်သော သူတို့သည် ဒါနမှု, ဥပေါသထမှုတို့ကို ပြုကြကုန်သော်လည်း တည်သောသူတို့ကို အကျိုးအားဖြင့် မမှီနိုင်ကုန် မတုနိုင်ကုန်၊ ယခုဘဝ၌ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်များကို ပွားများခြင်းငှာ ထိုက်သော အခြေမျိုး မဟုတ်ကုန်။

ဥပမာပုံ

အာဇီဝဋ္ဌမကသီလ—သည် ကျောင်း အိမ်ဆောက်ကြရာ၌ အဖြူထည်ချော အဖြူထည်ကောင်းနှင့် တူ၏။

ဥပေါသထသီလ—သည် ထိုကျောင်း အိမ်တို့၌ အမှမ်းတင် ကန်းဆာဆင်သော အပြောက်ကောင်းနှင့် တူ၏။

[ဒုတိယအကြိမ်]

ကျောင်းအိမ်တို့၌ အပြောက်မဆင်ရသော်လည်း အဖြူထည်ခိုင်ခန့် ချောမောလျှင် သုံးဆောင်မှုခပ်သိမ်း ပြီးစီးတော့သည်။

တနည်း- အာဇီဝဋ္ဌမကသီလသည် ပကတိသော အသက်သခင် အစာထမင်းနှင့် တူ၏။

ဥပေါသတသီလသည် ဝက်သား, ကြက်သား, ငါး, အမဲ-စသော ဟင်းလျှာကောင်းနှင့် တူ၏။

အာဇီဝဋ္ဌမက သီလ၌ ကောင်းစွာ တာရှည်တည်ပြီးသော သူတို့အား မနောသုစရိုက် ၃-ပါးတို့တွင် သမ္မာဒိဋ္ဌိ သုစရိုက်သည် ထိုသီလနှင့်အတူတည်ပြီး ဖြစ်၏။ ပြဟ္မစိုရ်တရား, ကျန်ရှိသော မနောသုစရိုက် တရားတို့သည် အလိုလိုတည်လာကုန်လတ္တံ့။

(၄) အာဇီဝဋ္ဌမက သီလဆောက်တည်ပုံ

ခံယူဆောက်တည်၍ ကျင့်သောသူတို့အား သမာဒါန ဝိရတိသီလကို ရ၏၊ ခံယူဆောက်တည်မှု မရှိမူ၍ အတွေ့ကို လွတ်ကင်းအောင် ကြဉ်ရှောင် ထိန်းသိမ်း၍ သွားသော သူတို့အား သမ္ပတ္တဝိရတိ သီလကိုရ၏။ ထိုနှစ်ပါးစုံသည် ခိုင်လုံသည်သာ၊ ပမာဏတည်း။

သမာဒါန ဝိရတိ သီလသည်လည်း စင်ကြယ်ခိုင်လုံလို ရှိခဲ့လျှင် ယခုဘဝ၌ပင် သမုစ္ဆေဒ ဝိရတိသို့ ပေါက်ရောက်နိုင်ခြင်းငှါ အခြေခံ၊ အနေခံ ကိစ္စနှင့် ပြည့်စုံပါ၏။

သမ္ပတ္တဝိရတိ သီလသည်လည်း စင်ကြယ်ခိုင်လုံလို ရှိခဲ့လျှင် ယခုဘဝ၌ပင် သမုစ္ဆေဒဝိရတိသို့ ပေါက်ရောက်နိုင်ခြင်းငှာ အခြေခံ အခြေခံကိစ္စနှင့် ပြည့်စုံလေ၏။ ဤမှ ကြွင်းသော-

(၁) ကုန္ဒြိယသံဝရသီလ,
(၂) ပစ္စယသန္နိဿိတသီလ,
(၃) ဓူတင်္ဂသီလ,

တို့သည်ကား ဤအာဇီဝဋ္ဌမက သီလ၏ အမှန်းတင် အပြောက်တင် တန်ဆာဆင် သီလတို့သာတည်း။

ဤအာဇီဝဋ္ဌမကသီလ-သည် မြတ်စွာဘုရား သာသနာတော်၌ အခြေခံ, အနေခံ, အထည်ခံ, အမာခံ, ရောဇာည် တရားဖြစ်ပေ၍ အာဒိပြဟ္မစရိယက

သီလမည်၏၊ နေထွက်လိုသည်ရှိသော် ရှေးဦးစွာ ဖြစ်ပေါ်၍လာသော နေအရောင်နှင့် တူသည်ဟု မြတ်စွာဘုရားဟောတော်မူ၏၊ နေဝန်းသည် သောတာပတ္တိမဂ်၌ ပါရှိသော သမုဒ္ဓေဒအာဇီဝဋ္ဌမက ဝိရတိ သီလ၏ ဥပမာတည်း၊ နေအရောင်သည် ဤ သမာဒါန, သမ္ပတ္တ အာဇီဝဋ္ဌမက ဝိရတိသီလ ၂-ပါး၏ ဥပမာတည်း။

ဤ အာဇီဝဋ္ဌမကသီလ-နှင့် ပြည့်စုံသောသူသည် သမ္ပပ္ပဓာန်တရား ၄-ပါးကို ပြည့်စုံစွာအားထုတ်သည်ဖြစ်အံ့၊ ယခုဘဝ၌ပင် သမုဒ္ဓေဒ အာဇီဝဋ္ဌမကသီလသို့ ရောက်နိုင်ပါ၏၊ သမ္ပပ္ပဓာန်တရား ပြည့်စုံစွာ အားထုတ်ခြင်း မရှိသည့်အတွက် ယခုဘဝ မဂ်ဖိုလ်ကို မရပဲ ရှိပြန်သော် သီလအတွက် မဟုတ်ပေ။ ထိုသူညံ့ဖျင်းသည့်အတွက် သက်သက်သာတည်း။

ခံယူဆောက်တည်ပုံမှာ

၁။ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိသामိ။
၂။ အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၅။ ပိသုဏာဝါစာယ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၆။ ဖရုသဝါစာယ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၇။ သမ္ဖပ္ပလာပါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၈။ မိစ္ဆာဇီဝါ ဝေရမဏိ သိက္ခာပဒံ သမ္မာဒိယာမိ။

[ဤကား ဒုဒ္ဓဏပါဠ ပါဠိတော်နည်းတည်း]

အဌကထာ နည်းကား။

၁။ ပါဏာတိပါတာ ဝိရမာမိ။
၂။ အဒိန္နာဒါနာ ဝိရမာမိ။
၃။ ကာမေသု မိစ္ဆာစာရာ ဝိရမာမိ။
၄။ မုသာဝါဒါ ဝိရမာမိ။
၅။ ပိသုဏာဝါစာယ ဝိရမာမိ။

[ဒု ဒိဏ အဓိပ္ပါယ်]

၆။ ဖရှသဝါစာယ ဝိရမာမိ။

၇။ သမ္ဖပ္ပလာပါ ဝိရမာမိ။

၈။ မိစ္ဆာဇီဝါ ဝိရမာမိ။

[ဤကား အင္ဌကထာနည်းတည်း။]

[အင္ဌကထာနည်းသည် အနက်သွား အလွန်သန့်ရှင်း၏၊ ဘုရား ရှပ်ပွားဇတာ်ရှေ့မှာ ခံယူလျှင် သီလဇထောင်းဖွယ်ကိစ္စမရှိ။]

၁။ အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ ပါဏာတိပါတာ ဝိရမာမိ။

၂။ အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ အဒိန္နာဒါနာ ဝိရမာမိ။

၃။ အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ ကာမေသု မိစ္ဆာစာရာ ဝိရမာမိ။

၄။ အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ မုသာဝါဒါ ဝိရမာမိ။

၅။ အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ ပိသုဏဝါစာယ ဝိရမာမိ။

၆။ အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဖရှသဝါစာယ ဝိရမာမိ။

၇။ အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ သမ္ဖပ္ပလာပါ ဝိရမာမိ။

၈။ အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ မိစ္ဆာဇီဝါ ဝိရမာမိ။

[အာမ ဘန္တေ-စသည် ဆိုဖွယ်ကိစ္စ မရှိ။]

၁။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ ပါဏာတိပါတာ၊ သူ၏ အသက်ကို သတ်ခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

၂။ ဘန္တေ၊ အရှင်ဘုရား အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ အဒိန္နာဒါနာ၊ အရှင်မပေးသော သူ၏ဥစ္စာကို ယူခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

၃။ ဘန္တေ၊ အရှင်ဘုရား။ အဟံ အကျွန်ုပ်သည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ ကာမေသု၊ ကာမမှုတို့၌။ မိစ္ဆာစာရာ၊ မှောက်မှောက်မှားမှား ပြုကျင့်ခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

၄။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ မုသာဝါဒါ၊ မဟုတ်မမှန်သည်ကို အဟုတ်အမှန် ပြုလုပ်ပြောဆိုခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

[ဒုတိယအကြိမ်]

၅။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ ပိသုဏဝါစာယ၊ သူနှစ်ယောက်တို့၏ အကြား၌ ချောပစ်ကုန်းတိုက်သော စကားကို ပြောဆိုခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ။

၆။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေထံ၊ အသက်ထက်ဆုံး။ ဖရုသဝါစာယ၊ ဇာတ်စသည်ကို ထိပါး၍ ဆဲရေးကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

၇။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ သမ္ဖပ္ပလာပါ၊ ပစ္စုပ္ပန် အကျိုးစီးပွား၌ လိမ္မာရာသော အချက်လည်းမဟုတ်၊ သံသရာ အကျိုးစီးပွား၌ လိမ္မာရာသော အချက်လည်း မဟုတ်၊ အကျိုးမရှိ သက်သက်သာ ဖြစ်သော ရာမ, အီနောင်, ငွေတောင်, ဘာရတ-အစရှိသော နိရတ္တက ဒဏ္ဍာရီ ဇာတ်ဝတ္ထုများကို လေ့ကျက်ပြောဟောခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

၈။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ မိစ္ဆာဇီဝ မတရားသော အသက်မွေးခြင်းမှ။ ဝိရမာမိ၊ ကြဉ်ရှောင်ပါ၏။

[အာမ ဘန္တေ—စသည် ဆိုဖွယ်ကိုစွ မရှိ။]

မိမိနေရာမှာ မိမိအလိုအလျောက်လည်း ဆောက်တည်ရပါ၏၊ ထိုသို့နှုတ်မြွက်၍ မဆောက်တည်ပဲလည်း စိတ်ထဲ၌သာ ဤ ၈-ပါးကို အသက်ထက်ဆုံး လုံခြုံစွာ ငါစောင့်ထိန်းမည်ဟု အဓိဋ္ဌာန်ပြု၍ စောင့်ထိန်းရပါ၏၊ လုံခြုံစွာ စောင့်ထိန်းနိုင်သည်သာ ပဓာနတည်း။

[ဤကား အာဇီဝဋ္ဌမကသီလ ဝံယူဆောက်ဆည်ပုံကို ပြဆိုချက်တည်း။]

(၃) သတိပေးချက်

ဤအာဇီဝဋ္ဌမကသီလ—ဟူသော ဝေါဟာရသည် အခေါ်အပြော အစဉ်အဆက် နည်းပါးကြ၏၊ ထို့ကြောင့် သီလအမည်ထူး, အမျိုးထူးကဲ့သို့ ထင်မှတ်ကြ၏၊ ၈-ပါးသီလ, ၁၀-ပါးသီလတို့နှင့် ဘယ်လို ထူးကြသည်၊ ဘယ်သီလက အကျိုးကြီးသည်—အစရှိသည်ဖြင့် မေးကြ လျှောက်ကြ၏။

[ဒုတိယအကြိမ်]

အချို့ ဆရာတို့ကား တနေ့ တရက် အထူးစောင့်ထိန်းမှုကို မျှော်မိ၍ ဥပေါသထ သီလက မြတ်သည်၊ အာဇီဝဋ္ဌမက သီလက ယုတ်နိမ့်သည်ဟု ဆုံးဖြတ်ကြကုန်၏။

အမှုသွားမှာမှုကား—လောက၌ သူတော်ကောင်း သူမြတ်လောင်း ပီကြပေကုန်သော အမျိုးကောင်း အနွယ်ကောင်း ဖြစ်ကြကုန်သော သူခပ်သိမ်းတို့အား ကမ္ဘာဦးမှ စ၍လည်းကောင်း, ဘုရားပွင့်တော်မူသည်မှ စ၍လည်းကောင်း—

၁။ သူ့အသက်ကို မသတ်အပ်။
၂။ သူ့ဥစ္စာကို မယူအပ်။
၃။ သူ့အိမ်ရာကို မပြစ်မှားအပ်။
၄။ မုသား မဆိုအပ်။
၅။ ချောပစ်ကုန်းတိုက်မှုကို မပြုအပ်။
၆။ ဇာတ်စသည်ကို တိပါး၍ မဆဲရေးအပ်။
၇။ ပစ္စုပ္ပန်အကျိုးစီးပွား၌ လိမ္မာရာသော အချက်လည်းမဟုတ်၊ သံသရာအကျိုးစီးပွား၌ လိမ္မာရာသော အချက်လည်းမဟုတ်၊ အကျိုးဓရှိ သက်သက်သာဖြစ်သော ရာမ, အီနောင်, ငွေတောင်, ဘာရတ—အစရှိသော နိရတ္ထက ဒဏ္ဍာရီ ဇာတ်ဝတ္ထုများကို လေ့ကျက် ပြောဟောမှုများကို မပြုအပ်။
၈။ မတရားသော အသက်မွေးမှုကို မပြုအပ်-ဟု မိရိုး-ဖလာ ဆရာစဉ်, သမားစဉ်, ပြောရိုး, ဟောရိုး ထင်ရှားရှိလျက်ပင် ဖြစ်၏။

ယခုကာလ၌မူကား—ထို အာဇီဝဋ္ဌမက သီလ၏ အစိတ် အင်္ဂါ ပဓာန် အမျိုးဖြစ်သော ၅-ပါးသီလကိုပင် ပြည့်စုံလုံခြုံစွာ စောင့်ထိန်းသူ ပါးရှားလျက် ရှိကြသည်နှင့် အာဇီဝဋ္ဌမက သီလကို စောင့်ကြလော့, ထိန်းကြလော့ဟု တိုက်တွန်းမှုအသစ် ဖြစ်နေကြရပြန်၏။

အာဇီဝဋ္ဌမကသီလ သည် နိစ္စ/သီလ အမျိုးအရိုး ဖြစ်၏။

အဋ္ဌင်္ဂဥပေါသထသီလ-သည် ပကတိ လူတို့၌ အနိစ္စသီလမျိုး ဖြစ်၏။ တနေ့ တရက်တွင် အထူးစောင့်ထိန်းကြမှုကို မျှော်၍ သီလ ၂-ပါး၏အယုတ် အမြတ်ကို ဆုံးဖြတ်ခြင်းငှာ မသင့်၊ သူ့အခွင့်, သူ့သဘောနှင့် သူ့လမ်း, သူ့စခန်းကို အကုန်အစင် မြော်မြင် ထောက်ထား၍ ပြောဆိုရာ၏။

[ဒုတိယအကြိမ်]

ပကတိ အသက်သခင်ဖြစ်သော သလေးထမင်းနှင့် ဝက်သား, ကြက်သား, ငါး, အမဲဟင်းလျှာများကို ဘယ်ဟာကကောင်းမြတ်သလဲ-ဟုဆိုခဲ့လျှင် အတိုကို သာ မျှော်မိသော သူငယ်တို့အား ဟင်းလျှာများက ကောင်းမြတ်သည်ဟု ပြောကြပေလတ္တံ့။

အရှည်ကို မျှော်နိုင်သော လူကြီးတို့သည်ကား သလေးထမင်းက အသက်သခင် ကျေးဇူးရှင် ဖြစ်ပေ၍ ကောင်းမြတ်သည်ဟု ပြောကြကုန်လတ္တံ့၊ ဤ ဥပမာကဲ့သို့ ဖြစ်လေရာ၏။

ထို့ကြောင့် အာဇီဝဋ္ဌမက သီလ၏အရာ၌ အာဇီဝဋ္ဌမက သီလသည် ကောင်းမြတ်၏။

ဥပေါသထ သီလ၏အရာ၌ ဥဒေါသထ သီလသည် ကောင်းမြတ်၏၊ နှစ်ပါးစုံကိုပင် ပြည့်စုံအောင် အားထုတ်ကြကုန်ရာသတည်း။

သီလကို ပြဆိုခန်း ပြီး၏။

၃-ကမ္ဘာ့ခန်းယူပုံကို ပြဆိုခန်း

(က) ကမ္ဘာ့ခန်း ၄၀-ဆောင်ပုဒ်သံခိပ်

၁။ မြေ, ရေ, မီး, လေ၊ ညို, ခဏ, နီ, ပြာ, ပေါက်, လင်းဟူ၊ ဆယ်ဆူ ကသိဏာ။

၂။ ရောင်,ညို,ပြည်,ပြတ်၊ ခဲအပ်, ပစ်ထား၊ ခေါ်ပြတ်ပစ်ရေး၊ သွေးယို, ပိုးစု၊ အရိုးစု၊ ဆယ်ခု အာသုဘာ။

၃။ ဗုဒ္ဓ, ဓံ, သံ, သီ၊ စာဂ, ဇေဝတာ၊ သဓာဥပ၊ မရဏနှင့်၊ ကာယဂတာ၊ အာနာပါ၊ ဆယ်ဖြာ နုဿတိ။

၄။ မေ, ဏ, မုဒု၊ ပွားမျှားမှု၊ ၄-ခု ပမညာ။

၅။ အာဟာရတွင်၊ ရှံဖွယ်လျှင်၊ မှတ်တင် ကော်-သညာ။

၆။ ဓာတ်ကြီးလေးခု၊ ပိုင်းခြင်းမှု၊ စတုဝ၀ဠတ္ထာ။

၇။ အာ, ဝိဉ်, အာ, ဇန၊ ဤဇလေးတွေ၊ မှတ်လေ အာရုပ္ပ ။

ကသိုဏ်း ၁၀-ပါး

၁။ မြေကသိုဏ်း,
၂။ ရေကသိုဏ်း,
၃။ မီးကသိုဏ်း,

[ဒုတိယအကြိမ်]

၄။ လေကသိုဏ်း,
၅။ အဆင်းညိုကသိုဏ်း,
၆။ အဆင်းဝါကသိုဏ်း,
၇။ အဆင်းနီကသိုဏ်း,
၈။ အဆင်းဖြူကသိုဏ်း,
၉။ ပြတင်းပေါက် စသော ကောင်းကင်ပေါက်ကသိုဏ်း,
၁၀။ တိုက်နံရံစသည်၌ ထင်သောနေရောင်ကွက်-လရောင်ကွက်အစရှိသော အရောင်အလင်းကသိုဏ်း,

အသုဘ ၁၀-ပါး

၁။ ဖူးဖူးရောင်သော သူကောင်,
၂။ ပုပ်၍ ညို၍ နေသော သူကောင်,
၃။ ပြည်ယို၍နေသော သူကောင်,
၄။ အလယ်၌ပြတ်၍ ၂-ပိုင်းနေသော သူကောင်,
၅။ ခွေး, မြေခွေး ခဲထားအပ်သော သူကောင်,
၆။ ခဲ၍-ထိုထိုနေရာ၌ ပစ်ထားအပ်သော သူကောင်,
၇။ ကျီးခြေသဏ္ဌာန် စသည်ဖြင့်ဓားလက်နက်နှင့်ခုတ်ဖြတ်၍ပစ်အပ်သော သူကောင်,
၈။ ယိုသော သွေးရှိသော သူကောင်,
၉။ ပိုးလောက်တို့ဖြင့် ပြည့်သော သူကောင်,
၁၀။ အရိုးစုမျှသာဖြစ်သော သူကောင်,

အနုဿတိ ၁၀-ပါး

၁။ ဗုဒ္ဓါနုဿတိ,
၂။ ဓမ္မာနုဿတိ,
၃။ သံဃာနုဿတိ,
၄။ သီလာနုဿတိ,
၅။ စာဂါနုဿတိ,
၆။ ဒေဝတာနုဿတိ,
၇။ ဥပသမာနုဿတိ,

[ရုတိယအကြိမ်]

၈။ မရဏာနုဿတိ,
၉။ ကာယဂတာသတိ,
၁၀။ အာနာပါနဿတိ,

အပွမညာ ၄-ပါး

၁။ မေတ္တာ-ဗြဟ္မဝိဟာရ,
၂။ ကရုဏာ-ဗြဟ္မဝိဟာရ,
၃။ မုဒိတာ ဗြဟ္မဝိဟာရ,
၄။ ဥပေက္ခာ-ဗြဟ္မဝိဟာရ,
ဗြဟ္မဝိဟာရ ၄-ပါးလည်း ခေါ်သည်။

ကေသညာ ၁-ပါး

၁ အာဟာရေ ပဋိကူလသညာ,

စတုဓာတုဝဝတ္ထာန် ၁-ပါး

၁။ ဓာတ်ကြီး ၄-ခု ပိုင်းခြားမှု,

အာရုပ္ပ ၄-ပါး

၁။ အာကာသာနဥ္ဇာယတန,
၂။ ဝိညာဏဥ္ဇာယတန,
၃။ အာကိဥ္ဇာညာယတန,
၄။ နေဝသညာနာသညာယတန,
အားလုံးပေါင်းသော် အမျှ ၄၀-ရှိကုန်၏။

(ခ) သပ္ပါယအပြား

စရိုက် ၆-ပါး ဆောင်ပုဒိသံခိပ်

၁။ ဇု,ဒေါ့,မော,ဝိ၊ သဒ်,ဗုဒ္ဓိ၊ စရိ ဤ ၆-ဖြာ။
၂။ အသု,ကာယ၊ ဆယ့်တဝ၊ ဇုဂ လျှော်လှစ္ဆာ။
၃။ အဆင်းမည၊ ရှစ်ဌာန၊ ဒေါသ လျှော်လှစ္ဆာ။
၄။ အာနာပါန၊ အလျှော်ကျ၊ မောဟ,ဝိတက်သာ။
၅။ မရဏနှင့်၊ ဥပသမာ၊ သညာတတန်၊ ဝဝတ္ထာန်၊ လေးတန် ဗုဒ္ဓိသာ။
၆။ နုဿတိဆ၊ သဒ္ဓါကျ၊ သေသ အားလုံးသာ။
၇။ ကသိုဏ်းကြီးမူ၊ မောဟယူ၊ ငယ်မူ ဝိတက်သာ။

[ဒုတိယအကြိမ်]

●ရိုက် ၆ ပါး သရုပ်

၁။ ဇာဂစရိုက်,
၂။ ဒေါသစရိုက်,
၃။ မောဟစရိုက်,
၄။ ဝိတက်စရိုက်,
၅။ သဒ္ဓါစရိုက်,
၆။ ဗုဒ္ဓိစရိုက်, (ပညာစရိုက်လည်းဟူ)
ဟူ၍ စရိုက် ၆-ပါး။

ဇာဂစရိုက်

(က) အသုဘ ၁၀-ပါး,
(ခ) ကေသာ, လောမာ-စသော ကာယကောဋ္ဌာသ ၁-ပါး၊ ဤ ၁၀-ပါး သည် ဇာဂစရိုက်နှင့် လျော်၏။

ဒေါသစရိုက်

(က) အညိုး, အရှေ, အနီ, အဖြူ-ဟူသော ဝဏ္ဏကသိုဏ်း ၄-ပါး,
(ခ) အပ္ပမညာ ၄-ပါး,
ဤ ၈-ပါးသည် ဒေါသစရိုက်နှင့်လျော်၏။

မောဟစရိုက် ဝိတက်စရိုက်

အာနာပါနသည် မောဟစရိုက်, ဝိတက်စရိုက်တို့နှင့် လျော်၏။

ပညာစရိုက်

၁။ မရဏဿတိ,
၂ ဥပသမာနုဿတိ,
၃။ အာဟာရေပဋိကူလသညာ,
၄။ စတုဓာတုဝဝတ္ထာန်,
ဤ ၄-ပါးသည် ပညာစရိုက်နှင့်လျော်၏။

သဒ္ဒါစရိုက်

၁။ ဗုဒ္ဓါနုဿတိ,
၂။ ဓမ္မာနုဿတိ,
၃။ သံဃာနုဿတိ,
၄။ သီလနုဿတိ,
၅။ စာဂါနုဿတိ,
၆။ ဒေဝတာနုဿတိ,
ဤ ၆-ပါးသည် သဒ္ဒါစရိုက်နှင့်လျော်၏။

သဗ္ဗစရိုက်

၁။ ပထဝီ-မြေကသိုဏ်း၊
၂။ အာပေါ-ရေကသိုဏ်း၊
၃။ တေဇော-မီးကသိုဏ်း၊
၄။ ဝါယော-လေကသိုဏ်း၊
၅။ အာကာသ-အပေါက်ဟင်းလင်းကသိုဏ်း၊
၆။ အာလောက-အရောင်အလင်းကသိုဏ်း၊ ပေါင်း ၆-ပါး။
၇။ အာရုပ္ပ ၄-ပါး။
ဤ ၁၀-ပါးသည် အလုံးစုံသော စရိုက် ၆-ပါးတို့နှင့် လျော်၏။

မောဟစရိုက်နှင့် ဝိတက်စရိုက်

မောဟစရိုက်မျိုးသောသူမှာ—ကြီးသော ကသိုဏ်းနှင့် သင့်လျော်သည်။
ဝိတက်စရိုက်မျိုးဖသောသူမှာ—ငယ်သော ကသိုဏ်းနှင့် သင့်လျော်သည်။

(ဤကား အပွါယ အပြားတည်း။)

(ဂ) ပလိဗောဓကြီး ၁၀ ပါး

အဓိသီလသာသနာ၌ ကောင်းစွာတည်ပြီးသော ယောဂီပုဂ္ဂိုလ်သည် အဓိပညာသာသနာ၏ အခြေပါဒဖြစ်သော အဓိစိတ္တသာသနာကို ကိုယ်တွေ့ဒိဋ္ဌရလို သိမြင်လိုသည်ရှိသော် ရှေးဦးစွာ ၁၀-ပါးသော ပလိဗောဓကြီးတို့ကို ပြတ်အောင် ဖြတ်ရာ၏။

ပလိဗောဓကြီး ၁၀-ပါးကား—

၁။ နေရာကျောင်းအိမ် "အာဝါသပလိဗောဓ"
၂။ အလုပ်အကျွေး တပည့်တပန်း "ကုလပလိဗောဓ"
၃။ လာဘ်ရခြင်း ပစ္စည်းပေါများခြင်း "လာဘပလိဗောဓ"
၄။ ဂိုဏ်းဂဏ အပေါင်းအဖော် "ဂဏပလိဗောဓ"
၅။ နဝကမ္မအမှုကိစ္စ "ကမ္မပလိဗောဓ"
၆။ ခရီးသွားခြင်း "အဒ္ဓါနပလိဗောဓ"
၇။ ဆွေမျိုးဉာတကာ "ဉာတိပလိဗောဓ"
၈။ အနာရောဂါ "အာဗာဓပလိဗောဓ"
၉။ ကျမ်းဂန်သင်ကြားမှု "ဂန္ထပလိဗောဓ"
၁၀။ ပုထုဇဉ်တို့၏ ဘုန်းတန်ခိုး "ဣဒ္ဓိပလိဗောဓ"

[ဤကား ပလိဗောဓကြီး ၁၀-ပါးတည်း။]

(ဃ) ဆရာ့အင်္ဂါ ၇-ပါး

ထိုနောက်-အင်္ဂါ ၇-ပါးနှင့် ပြည့်စုံသော ဆရာ့အထံ၌ စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်း အစီရင်ကို သင်ကြားရာ၏။

ဆရာ့အင်္ဂါ ၇-ပါးကား—

၁။ ပိယော-သီလအတွက် ချစ်အပ်သည်။
၂။ ဂရု-အလေးမူအပ်သည်။
၃။ ဘာဝနီယော-ချီးမွမ်းထိုက်သည်။
၄။ ဝတ္တာ-ကဲ့ရဲ့ပြစ်တင် ဆုံးမချင်တတ်သည်။
၅။ ဝစနက္ခမော-ပြစ်တင်ကဲ့ရဲ့ ဆုံးမခဲ့သော် မရွဲ့မှစောင်း ကောင်းကောင်းသည်းခံနိုင်သည်။
၆။ ဂမ္ဘီရဉ္စ ကထံ-နက်နဲသောစကားကို ပြောဟောတတ်သည်။
၇။ အင်္ဌာနေ နောစနိယောဇယေ-အကျိုးမရှိရာ၌ မတိုက်တွန်းတတ်။

[ဤကား ဆရာ့အင်္ဂါ ၇-ပါးတည်း။]

(င) ကြဉ်ရှောင်အပ်သော အရပ် ၁၈-ပါး

ထိုနောက် ကြဉ်ရှောင်အပ်သော အရပ် ၁၈-ပါးကို ကြဉ်ရှောင်ရာ၏၊ ကြဉ်ရှောင်အပ်သော အရပ် ၁၈-ပါးကား-

[ဒုတိယအကြိမ်]

၁။ နေရာတိုက်တာဘရံကြီး၊
၂။ နေရာသစ်၊
၃။ နေရာတိုက်ဆာဟောင်း၊
၄။ လမ်း၏အနီးဖြစ်သော နေရာကျောင်း၊
၅။ ရေအိုင်၊ ရေကန်၏ အနီးဖြစ်သော နေရာကျောင်း၊
၆။ ဟင်းရွက်တော၏ အနီးဖြစ်သော နေရာကျောင်း၊
၇။ ပန်းတော၏ အနီးဖြစ်သော နေရာကျောင်း၊
၈။ သစ်သီးရှိသော နေရာကျောင်း၊
၉။ လူတို့ သွားချင်စဖွယ်ဆန်းကြယ် တောင့်တအပ်သောနေရာကျောင်း၊
၁၀။ မြို့၏အနီးဖြစ်သော နေရာကျောင်း၊
၁၁။ သစ်ဝါးထင်းတော၏ အနီးဖြစ်သော နေရာကျောင်း၊
၁၂။ လယ်ယာလုပ်ငန်း၏ အနီးဖြစ်သော နေရာကျောင်း၊
၁၃။ အချင်းချင်း မသင့်မတင့်သူရှိသော နေရာကျောင်း၊
၁၄။ ကုန်သည်တို့ ပြွမ်းထုသဘော်ဆိပ် မီးရထားဆိပ်၏ အနီးဖြစ်သော နေရာကျောင်း၊
၁၅။ သဒ္ဓါနည်းပါးသော ပစ္စုန္တရစ်နေရာကျောင်း၊
၁၆။ မင်းဘေးနီးသော နယ်ခြားနေရာကျောင်း၊
၁၇။ တစုံတခု ဘေးရန်ရှိ၍ မလျှောက်ပတ်သော နေရာကျောင်း၊
၁၈။ မိတ်ဆွေကောင်းကို မရသောနေရာကျောင်း၊

[ကြဉ်ရှောင်အပ်သော အရပ် ၁၈-ပါးတည်း။]

(စ) ကမ္မဋ္ဌာန်းစီးဖြန်းခြင်းဌာ

လျှောက်ပတ်သော အင်္ဂါငါးပါးရှိသောကျောင်း

ဆောင်ပုဒ်သံခိုပ်။ ။မဝေးနီးမော၊ မရောလူရှင်၊ မှုက်ခြင်ပါးနည်း၊ ပစ္စည်းမိတ်ဆွေ၊ ရလွယ်လေ၊ ငါးထွေ ကျောင်းအင်္ဂါ။

ဟူသည်နှင့်အညီ အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော နေရာ၌ ခိုဝင်မှီတင်းသီတင်းသုံးနေထိုင်ရာ၏၊ အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော နေရာကား-

၁။ ဆွမ်းခံရှာ မဝေးလွန်း မနီးလွန်းသော နေရာကျောင်းဖြစ်ခြင်း၊
၂။ လူသူလေးပါးမပြွမ်း ဆိုပ်ငြိမ်သော နေရာကျောင်းဖြစ်ခြင်း၊
၃။ မှုက် ခြင်-စသည် နည်းပါးသော နေရာကျောင်းဖြစ်ခြင်း၊

၄။ ပစ္စည်းလေးပါးရလွယ်သော နေရာကျောင်းဖြစ်ခြင်း၊
၅။ ကျမ်းဂန်ဗဟုသုတရှိသော မိတ်ဆွေကောင်းနှင့် နီးကပ်သော နေရာ ကျောင်း ဖြစ်ခြင်း၊

[ဤကား အင်္ဂါ ၅၊ပါးရှိသော ကျောင်းတည်း။]

(ဆ) ပလိဗောဓငယ် ပယ်ဖြတ်ခြင်းများ

ထိုနောက် ပလိဗောဓငယ်တို့ကို ပယ်ဖြတ်ရာ၏။

၁။ ဆံပင်ကို ရိတ်ဖြတ်ခြင်း၊
၂။ မုတ်ဆိတ်-စသည်ကို ရိတ်ဖြတ်ခြင်း၊
၃။ ခြေသည်း လက်သည်းတို့ကို ဖြတ်လှီးခြင်း၊
၄။ သင်္ကန်းကို ဆိုးဖွပ် ချုပ်ဖာခြင်း၊
၅။ သံချေးတက်သော သပိတ်ကို ဖုတ်ခြင်း၊
၆။ ညောင်စောင်း-စသည်ကို သုတ်သင်ခြင်း၊

[ဤကား မလိဗောဓငယ်တို့ကို ပယ်ဖြတ်ခြင်းတည်း]

(ဇ) အင်္ဂါ ၄၊ပါးနှင့် ပြည့်စုံသော ဝိရိယ

ရင်းနောက် ပထမစျာန်နှင့် ထိုက်တန်သော–

(က) ကသိုဏ်း ၁၀-ပါး၊
(ခ) အသုဘ ၁၀-ပါး၊
(ဂ) ဒွတ္တိံ သာကာရတည်းဟူသော ကာယကောဋ္ဌာသ ၁-ပါး၊
(ဃ) ထုက်သက် ဝင်သက် တည်းဟူသော အာနာပါန ၁-ပါး၊
(င) မေတ္တာ, ကရုဏာ, မုဒိတာ- တည်းဟူသော ဗြဟ္မဝိဟာရ ၃ ပါး၏ အာရုံဖြစ်သော သတ္တဝါ ပညတ် ၃-ပါး၊

ဤ ၂၅-ပါးသော ကမ္မဋ္ဌာန်းတို့တွင် စရိုက်နှင့်လျော်စွာ သင်ယူအပ်ပြီးသော တခုခုသော ကမ္မဋ္ဌာန်းကို ပြုလုပ်အားထုတ်ရာ၏။ ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် ပုဗ္ဗကိစ္စတို့ကို ပြည့်စုံစေပြီးသော်-

ဆောင်ပုဒ်သံခိပ်။ ။ကြောခြင်, ရိုး, ရေ၊ ကြွင်းလေစေ၊ ကုန်စေ သားအသွေး။
အသက်ကိုမျှ၊ မညှာရ၊ သမ္မပ္ပဓာန်လေး။

[ဒုတိယအကြိမ်]

မိမိတို့ သန္တာန်မှာ ကမ္မပထ မြောက်ခဲ့ဘူး၍ အပါယ်သို့ ပစ်ချနိုင်သည့် ဘဝအဆက်ဆက် အစဉ်ပါရှိ၍နေသော ဒုစရိုက်အကုသိုလ် ကံဟောင်းစုကို အကြွင်းမဲ့ ပယ်ခြင်းငှာလည်းကောင်း, ဤဘဝမှ နောက်အနမတဂ္ဂ သံသရာ၌ ဒုစရိုက်ကံသစ်တို့ကို မိမိသန္တာန်မှာ တဖန် မဖြစ်လာစေခြင်းငှာလည်းကောင်း မနေမနား အားထုတ်ရာသော ဝီရိယ ၂-ပါး။

[သောတာပန်ဖြစ်ရန် အခွင့်ကိုရည်၍ ဒုစရိုက်ဟောင်း, ဒုစရိုက်သစ်ဟု ဆိုသည်။]

ယခု ရရှိ၍နေသော အာဇီဝဋ္ဌမကသီလ-စသော ကုသိုလ်ဟောင်းတို့ကို ပရိနိဗ္ဗာန် စံရာဘဝ ဆိုက်အောင် ဘယ်အခါမှာမှ ပျက်ကွက်ဖောက်ပြားခြင်း မရှိ နိယာမအဖြစ်သို့ ရောက်ပြီးဖြစ်စေခြင်းငှာ လည်းကောင်း၊

ဤသာသနာတော်၌ ကာမ၊ ရူပ၊ အရူပ၊ လောကုတ္တရာ ကုသိုလ် ရှိသည်တွင် မိမိမရောက်ဘူးသေး၊ မရဘူးသေး၊ မိမိသန္တာန်မှာ လို၍ နေသေးသော ကုသိုလ်သစ်မျိုးတို့ကို ယခုဘဝ နေ့ချင်း၊ ညချင်း၊ လချင်း၊ နှစ်ချင်း အမြန် ရောက်ထည့်ရထည့်ခြင်း အကျိုးငှာလည်းကောင်း မနေမနား အားထုတ်ရာသော ဝီရိယ ၂ ပါး။

ဤ ၄-ပါးသော ဝီရိယတို့ကို အကြောအခြင် ကြွင်းစေ၊ အရိုး အရေကြွင်းစေ၊ အသား အသွေး ကုန်ခန်းလေစေဟု အင်္ဂါ ၄-ပါး အခိုင်အမြဲထား၍ ကိစ္စပြီးစီးလိမ့်မည်ဆိုလျှင် အသက်ခန္ဓာကိုမျှ မညှာမတာ အားထုတ်ရာသော သမ္မပ္ပဓာန အာတာပဝီရိယကို စိုက်ထူလျက်-

ပထဝီ-မြေကသိုဏ်း၊ အာပေါ- ရေကသိုဏ်း- တေဇော-မီးကသိုဏ်း၊ ဝါယော-လေကသိုဏ်း-စည်တို့ကို အပူတပြင်း အတင်းအားထုတ်ရာ၏။

ကမ္ပဋ္ဌာန်းယူပုံကို ပြဆိုခန်း ပြီး၏။

၄-ကုသိုဏ်းကို ပြဆိုခန်း

(က) ပထဝီ မြေကသိုဏ်းပွားများအားထုတ်ပုံ

ကသိုဏ်း ၁၀-ပါးတို့တွင်-

ပထဝီ မြေကသိုဏ်းကို ပွားများအားထုတ်လိုကြသော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ လူယောကျ်ား၊ လူမိန်းမ၊ ဘိုးသူတော်၊ မယ်သီလ သူတော် သူမြတ်တို့သည် ညိုရောင်၊ရွှေရောင်၊ နီရောင်၊ဖြူရောင် လေးဆူသောအဆင်းဝဏ္ဏ

ကသိုဏ်းတို့နှင့် မရောယှက်စေခြင်းငှာလည်းကောင်း၊ စိတ်ကြပ်ကြပ် ပျော်မွေ့စေခြင်းငှာလည်းကောင်း။

နေအရှက်ရောင် အဆင်းရှိသော မဝါလွန်း မနီလွန်းသော မြေနီ နုန်းမြေစေးစေးကို သဲအမှိုက်မပါရအောင် ညက်စွာဆင့်၍ ရေနှင့်ဖျော်လျက် ညက်စွာနယ်၍ မိမိအထွာဖြင့် တထွာလောက် အလျားအနံ ကျယ်စွာလှည်းဘီး ဝန်းကဲ့သို့၊ ကျောက်ပြင်ကဲ့သို့ အဝိုင်းမြေချပ်ပြုလုပ်၍ ကြည့်ရှုမည့်ဘက်က ချောမှုန့်ညက်ညောစွာ စည်မျက်နှာကဲ့သို့ပြု၍ ကလနား၌ ယပ်ဝန်းအနားပတ်ကဲ့သို့ ဒန်ပူတပြားလောက် အဖြူဖြစ်စေ၊ အစိမ်းဖြစ်စေ ဆေးမင်အနားပတ် သုတ်လိမ်းတင်ထားအပ်၏။

ကသိုဏ်းဝန်းပြုလုပ်ရာ၌– တထွာအောက် လျှော့လိုလျှင် လက် ၂-သစ်၊ ၃-သစ်လောက် လျှော့အပ်၏၊ တထွာထက်ပိုလိုလျှင် လက်၄-သစ်၊ ၈-သစ်လောက် ပိုအပ်၏၊ ကသိုဏ်းဝန်းငယ်လျှင် စိတ်နိုင်လွယ်သည်၊ နိမိတ်ရလွယ်သည်၊ စိတ်မူကား ကြပ်ကြပ်မထွား။

ကသိုဏ်းဝန်းကြီးလျှင် စိတ်နိုင်ခဲသည်၊ နိမိတ်ရခဲသည်၊ စိတ်မူကား ကြီးထွား၏၊ ထိုကသိုဏ်းဝန်းကို အညစ်အကျေး မစွန်းရ၊ မပွန်းပဲ့ရအောင် ကောင်းမွန်ရှိသေစွာ ထားအပ်၏၊ ဘုရားဓာတ်တော်ကဲ့သို့ ရှိသေစွာထားအပ်၏။

[ဤကား ကသိုဏ်းဝန်းလုပ်ပုံတည်း။]

နိမိတ် ၃-ပါးထင်ပုံ

ပရိကမ္မနိမိတ်။ ။ကသိုဏ်းဝန်း ပြုလုပ်ပြီးလျှင် သားငှက် တိရစ္ဆာန်လူသံဆိတ်ငြိမ် အချိန်အေးမြသော မြို့ပြပြည်ရွာ အိမ်ဂေဟာ၌လည်းကောင်း၊ လူရှင်မနှော ဆိတ်ငြိမ်သော တောအရပ်၌လည်းကောင်း တယောက်တည်းချမ်းသာစွာ တင်ပျဉ်ဖွဲ့ခွေထိုင်နေလျက် ကသိုဏ်းဝန်းကို မနီးမဝေး ရှေ့လက်လှမ်းမီလောက်မှာ ငုံ့လည်းမငုံ့ရ၊ မော့လည်း မမော့ရအောင် မျက်စိနှင့် ပဏာရအောင် ထောင်ထားပြီးလျှင် ဘုရားရှင်၏ ဂုဏ်တော်များကို အနည်းငယ်အောက်မေ့ ရှိခိုး၍–

ငါ၏ပတ်ဝန်းကျင်၌ရှိသော သတ္တဝါခပ်သိမ်းတို့သည် ဘေးရန်ကင်းကွာချမ်းသာကြပါစေ၊ အခါခပ်သိမ်း ကောင်းမြတ်သော အာရုံတို့ကို တွေ့မြင်ကြပါစေဟု စူးစူးစိုက်စိုက် မေတ္တာပို့၍–

[ဒုတိယအကြိမ်]

ငါသည် မချွတ်ဧကန် အမှန်သေရလိမ့်မည်၊ ဘယ်တော့ခါ သေရမည်လည်း မသိ၊ မသေခင် မသေမီ ကိုးကွယ်ရာကို ရအောင်လုပ်မှ-ဟု အတန်ငယ်၊ အနည်းငယ် သေခြင်းမရဏသညာကို ဖြစ်စေ၍—

ဤကသိုဏ်း အကျင့်သည် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာပညာရှိ သူတော်ကောင်းတို့၏ ကျင့်စဉ် လမ်းကြောင်းတည်းဟု အောက်မေ့ ဆင်ခြင်လျက် ကသိုဏ်းဝန်း၌ ရှိသေခြင်းကို ဖြစ်စေ၍—

ဤအကျင့်ဖြင့်ပင်လျှင် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ အရှင်မြတ်တို့သည် အိုနာသေရေး ဒုက္ခဘေးတို့မှ လွတ်ကြလေပြီ၊ ငါသည်လည်း ဤအကျင့်ဖြင့် ပင်လျှင် အိုနာသေရေး ဒုက္ခဘေးတို့မှ လွတ်အံ့သောငှာ ဤအကျင့် ဤကသိုဏ်းဝန်းသည် ငါ၏ကိုးကွယ်ရာ အစစ်တည်း-ဟုဆင်ခြင်၍—

ကသိုဏ်းဝန်း၌ အလွန်မြတ်နိုးနှစ်သက်လျက် အလွန်လိုချင်သော အာသာ ဆန္ဒဖြင့် ထိုပထဝီ မြေကသိုဏ်းဝန်းကို ကြည့်ရှုအပ်၏။

[ဤကား ပရိကမ္မနိမိတ်ထင်ပုံတည်း။]

ဥဂ္ဂဟနိမိတ်

ဆောင်ပုဒ်သံပြပ်။ ။ပရိကမ္မ၊ဥဂ္ဂဟတည့်၊ ပဋိဘာဂါ၊ ဤ၃-ဖြာ၊ ထင်လာနိမိတ်တည်း။

ထိုပထဝီ မြေကသိုဏ်းဝန်းကို မျက်စိနှင့် မြင်သောအတိုင်း စိတ်ထဲ၌ စွဲကပ် ထင်မြင်၍နေအောင် ကသိုဏ်းဝန်း၌ စိတ်ကို တစိတ်တဒေသ၌သာ မထားပဲ ကသိုဏ်းဝန်းတခုလုံးကို အကုန်အနှံ့ စိတ်နှင့်စုံ၍ ကြည့်ရှုအပ်၏။

စိတ်ကို သန့်သန်ခိုင်ခိုင်ကြီးထား၍ သတိပညာဖြင့် ခိုင်ခိုင်မြဲမြဲ မှတ်၍ ကသိုဏ်း မြေကြီးဝန်း တခုလုံးကို စိတ်၌ အကုန်လုံး စွဲကပ်ထင်မြင်၍ မါလာအောင် ပြူးပြူးစိစိ ကြည့်ရှု၍ ယူအပ်၏။

စိတ်၌ စွဲလောက်, ပါလောက်, ရလောက်ချိန်တန်လျှင် မျက်စိကို မှိတ်၍စမ်း၊ မျက်စိ မှိတ်သောအခါမှာလည်း ဖွင့်၍ ကြည့်နေတုန်းကလို မြေကြီးဝန်းတို့ ထင်မြင်၍နေလျှင် မြေကြီးကသိုဏ်း ဥဂ္ဂဟနိမိတ်ရပြီ-ဟု မှတ်၊ မရသေးလျှင် မျက်စိကိုဖွင့်၍ ကြည့်မြဲတိုင်းပင် ကြည့်ရှု၍ ယူရာ၏၊ မျက်စိကို ခဏခဏမှိတ်၍လည်း မစမ်းအပ်၊ ကြာနိုင်သမျှ ကြာအောင် ကြည့်ရှု၍ယူရာ၏၊ ကြည့်ရှုဖန်များ၍ ကြာလျှင် ရ၏။

[ဒုတိယအကြိမ်]

ဥဂ္ဂဟနိမိတ်ရအောင် ကြည့်ရှုရှ်ယူရာ၌ပါးစပ်က "ပထဝီကသိဏ် ပထဝီကသိဏ်"ဟု တတွတ်တွတ် မရွတ်ဆိုရ။

ပထဝီ-ဆိုသည်ကား= ပါဠိစကားတည်း၊ မြန်မာတို့က မြေကြီး-ဟု ခေါ်သည်၊ ဤမြေကြီးအဝန်းကို ကြည့်ရှုရှ် ယူသောအခါ စိတ်ကိုတခြမ်း တစိတ် တဒေသတွင်သာ မထားမူ၍ မြေကြီးဝန်း တခုလုံးကို အကုန် အနှံ့ငုံ၍ကြည့်ရှုရသည်၊ ဤသို့ အကုန်လုံးငုံ၍ အနှံ့ကြည့်အပ်သောကြောင့် "ကသိဏ ကသိုဏ်း"ဟူ၍ ခေါ်သည်။

အကြွင်းအကျန်မှရှိ အကုန်လုံး အနှံ့ငုံ၍ ကြည့်ရှု ယူအပ်သောကြောင့် ကသိဏ-မည်သော ဤမြေကြီးအဝန်းကို စိတ်ထဲကသာ "မြေ၊ မြေ" ဟု မှတ်လျက် မျက်စိနှင့်မြင်သောအတိုင်း စိတ်ထဲ၌စွဲကပ်ထင်မြင်၍ ပါလာအောင် မျက်စိဖြင့်သာ ကြည့်ရှုရှ်နေရသည်။

ကြည့်ရှုသော အခါမှာလည်း မျက်စိကို မှေးတုပ်တုပ်လုပ်၍ မကြည့်ရ၊ အိပ်ချင်တတ်သည်။ စိတ်ပျော့တတ်သည်၊ ရခဲတတ်သည်၊ ထို့ကြောင့် မျက်စိကို ဖွင့်နိုင်သမျှ ဖွင့်၍ကြည့်ရသည်၊ မျက်တောင်ကိုလည်း မခတ်ပဲ နေနိုင်သမျှနေ၍ ကြည့်ရသည်၊ ကြာလျှင်အိပ်ချင်၍ လာတတ်သည်၊ အိပ်ချင်လေလေ မျက်စိကို ပြူးလေလေ ပြူးရသည်။

အိပ်ချင်၍ လာသောအခါ လည်းကောင်း၊ မျက်စိကိုမှေး၍ မိုန်၍ စိတ်သညာကို ပျော့စေ၍ ကြည့်သော်လည်းကောင်း ကသိုဏ်းဝန်းနှစ်ခုဖြစ်၍ ဖြစ်၍လည်း နေတတ်၏။ မနေစေအပ်၊ စိတ်သညာ စိတ်အမှတ်ကို သန်သန်ခိုင်ခိုင်ထား၍ကြည့်အပ်၏၊ သတိပေါ့လွတ်လျက် စိတ်သည် ကသိုဏ်းဝန်း၌ မနေပဲ တခြားအာရုံကို ပြေးသွားကြံစည်၍ ကြံစည်၍လည်းနေတတ်၏၊ မနေစေအပ်၊ ကသိုဏ်းအာရုံမှ တပါး ဘယ်ကိုမှ မထွက်ပြေးစေအပ်၊ ကြပ်ကြပ် သတိပြုအပ်၏။

စိတ်ဝိတက် အကြံအစည်ကို ကြပ်ကြပ်နှိပ်ကွပ်၍ ကသိုဏ်း အာရုံ၌သာ မြဲစွာသတိဖြင့် ဖွဲ့ထားအပ်၏၊ ကြာသောအခါ စိတ်မောရှ် ဝီရိယလျော့ပြီး ပျင်းလာတတ်သည်၊ မပျင်းစေအပ်၊ အကျိုးအပြစ်တို့ကို ဆင်ခြင်၍ စိတ်ဝီရိယ ထက်သန်စေတတ်သော အာရုံများကို ဆင်ခြင်၍ မြင်းမိုရ်တောင်ကြီးကို ဖြိုချမည့် ယောကျ်ား၏ စိတ်ဝီရိယကဲ့သို့ စိတ်ဝိရိယကို အားကောင်း ထက်သန်စေလျက် မရလျှင် မနေဘူးဟဲ့-ဟု အံသွားခဲ၍ စိတ်ခါးတောင်းကျိုက်၍ ကြည့်ရှုရာ၏။

[ဒုတိယအကြိမ်]

စိတ်မောသဖြင့် ကိုယ်ပါမောရ၍ ပျင်းရိ၍ ခဏခဏ နားချင်တတ်သည်ပြင် တော်ရာကို ထ၍ လုပ်ချင်တတ်၏။ ခဏခဏ မနားအပ် မလုပ်အပ်၊ ကြပ်ကြပ် ဇဲ့ကောင်းရာ၏၊ အသည်းကောင်းရာ၏။

နိမိတ်ယူရာ၌-

၁။ အချို့သော သူတို့မှာ မကြာခင် အလွယ်တကူဖြင့်ပင် နိမိတ်ရနိုင်သည်၊ အချို့သော သူတို့မှာကား ပင်ပင်ပန်းပန်း သက်စွန့်ကြိုးစား အားထုတ်၍ ကြာမှပင်ရသည်၊ စိတ်ထဲ၌ယူ၍ ရသောနိမိတ်ကို ဥဂ္ဂဟနိမိတ်ဟု ခေါ်သည်၊ ပြင်ဘက် ကသိုဏ်းဝန်းကိုကား ပရိ၊ မွှနိမိတ်ဟု ခေါ်သည်၊ ဥဂ္ဂဟနိမိတ်ကား ပရိကမ္မနိမိတ်နှင့် တထပ်တည်းတူ၏၊ ဤ ဥဂ္ဂဟနိမိတ်ကို ရသောအခါ စိတ်သည် သံလိုက်ကောင်းကောင်းကို အပ်တွယ်ဘိသကဲ့သို့ ဤမြေကြီး ဥဂ္ဂဟနိမိတ်ကိုသာ ကွယ်၍နေတော့၏။ ဘယ်ကိုမျှ မျှားစွဲ မပြေးတော့ပြီ။

၂။ မျက်စိကို ဖွင့်ထားလျှင်ကား ရှေ့တူရှုရှိ အဆင်းတို့ကိုမြင်၏၊ မျက်စိကို မှိတ်လိုက်စေကာမူ ဘယ်ကိုမှ မမြင်ပဲ ဤမြေ ကသိုဏ်းဝန်းကိုသာ မြင်၍ နေတော့၏၊ မျက်စိကိုမှိတ်၍ ပက်လက်နေလျှင် မျက်နှာပေါ်က ကသိုဏ်း မြေချပ်ဝန်းကြီး မိုးလျက်နေ၏၊ မှောက်၍နေလျှင် အောက်က ကြမ်းရယ်၊ ဖျာရယ် မမှတ်ပဲ ကသိုဏ်းမြေချပ်ဝန်းကြီးကိုသာ မြင်၍နေတော့၏။

၃။ ရေထဲ၌ ငုတ်၍နေလျှင်လည်း မျက်နှာရှေက ရေရယ်လို့ မမှတ်ပဲ ကသိုဏ်း မြေချပ်ဝန်းကြီးသာ ရှိ၍ မြင်၍ နေတော့၏၊ မျက်နှာကို လုံ့လုံ့ လက်ဝါးပိတ်ဖုံး၍ နေလျှင်လည်း လက်ဝါးဟူ၍ အမှတ်မထားပဲ ကသိုဏ်း မြေချပ်ဝန်းကြီးကိုသာ မြင်၍နေတော့၏။

၄။ ညဉ့်အိပ်သောအခါမှာလည်း တစ္ဆေမသာ အလွန်ကြောက်တတ်လျက် မလွဲသာ၍ မသာလောင်းကို ကိုင်တွယ်ရသဖြင့် မသာလောင်း ဥဂ္ဂဟနိမိတ်ကြီး ထင်မြင်၍ နေသောသူကဲ့သို့ ကသိုဏ်း မြေချပ်ဝန်းကြီးကိုသာ ထင်မြင်၍ နေတော့၏! အိပ်၍ မပျော်နိုင်တော့ပြီ၊ ကြပ်ကြပ် အားထုတ်ကြည့်လေ နှလုံးသွင်းလေ မျက်စိကျယ်လေ ဖြစ်၍ နေတော့၏၊ အိပ်၍ ပျော်စေချင်သဖြင့် အားထုတ်၍ နှလုံးမသွင်းပဲနေမှ တဖြည်းဖြည်း စိတ်နှုန်း ကသိုဏ်းဝန်းမြေချပ်ကြီးကို မြင်ရာက မှေးကနဲဖြစ်၍ ဘုဝင်ကျ၍ အိပ်ပျော်သွားလေ၏။

[ဒုတိယအကြိမ်]

၅။ အိပ်ရာမှ နိုးပြန်လျှင်လည်း မြေချပ်ကသိုဏ်းဝန်းကြီးကိုပင် ထင်မြင်၍ နိုး၍လာ၏၊ မျက်နှာရှေက မြေချပ်ကသိုဏ်းဝန်းကြီး ဆီးလျက်သာနေတော့၏။

ဤကဲ့သို့ ဥဂ္ဂဟနိမိတ်ရ၍ အတော်ခိုင်သော ရင့်သောအခါ ခပ်မှောင်မှောင်အခန်းထဲများမှာ မျက်စိမမှိတ်ပဲ ဖွင့်၍ထားလျှင် မြေချပ် ကသိုဏ်းဝန်းကြီးကိုသာ မြင်၍နေတော့၏၊ စက်ြံသွားယင်းလည်း ရှုရှ်ဖြစ်တော့၏။ ဥဂ္ဂဟနိမိတ် ထင်သည်မှစ၍ အိပ်ချင်ထိုင်းမှိုင်းသော ထိနမိဒ္ဓတို့သည် အတန်ငယ်ကွာလျက် တဖြည်းဖြည်း နည်း၍ ပါး၍ ရှား၍ ငုပ်၍ သွားကြလေ၏။

[ဤကား ဥဂ္ဂဟနိမိတ် ဇင်ပုံတည်း။]

ပဋိဘာဂနိမိတ်။ ။ဥဂ္ဂဟနိမိတ် ရသောအခါ ပြင်ဘက် ပရိကမ္မနိမိတ် ပထဝီမြေကသိုဏ်းဝန်းကို တော်ရာမှာသိမ်းထား၍ စိတ်ထဲ၌ပါရသော ဥဂ္ဂဟနိမိတ်ကိုသာ အမြဲအစွဲကြည့်ရှုရာ၏၊ ထိုသို့ အမြဲအစွဲ အားထုတ်ကြည့်ရှုဖန်များသောအခါ ဤဥဂ္ဂဟနိမိတ်သည် တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ အရာအဆာ၊ အကြောင်း၊ ပြုပ်မရှိပဲ မှန်သားများကဲ့သို့ ရသစ်စ ဥဂ္ဂဟနိမိတ်ထက် အဆတရာမက အလွန်ချောညက် သိမ်မွေ့၍ နုနယ်၍လာ၏၊ အလွန်နှစ်သက်ပျော်မွေ့ဖွယ် ကောင်းသောအဖြစ်သို့ ရောက်၍လာ၏၊ စိတ်သည် ဘယ့်လောက်ပင် ကြာအောင်ကြည့်၍ နေသော်လည်း ပျင်းမုန်းခြင်း၊ အားရခြင်း မရှိနိုင်တော့ပြီ၊ ထိုကဲ့သို့သော နိမိတ်ကို ပဋိဘာဂနိမိတ်ဟု ခေါ်သည်။

ဆောင်ပုဒ်သံခိပ်။ ။ပဋိဘာဂ၊ ထင်လာက၊ နီဝရဏ-ကွာ။

ထိုပဋိဘာဂနိမိတ်သို့ကျသော့အခါ—

၁။ ကာမဂုဏ်ကို ခံစားလိုသော ကာမစ္ဆန္ဒနီဝရဏ၊

၂။ အမျက်ဒေါသဟူသော ဗျာပါဒနီဝရဏ၊

၃။ ငိုက်မျည်းထိုင်းမှိုင်းခြင်းဟူသော ထိနမိဒ္ဓနီဝရဏ၊

၄။ ပျံ့လွင့်ခြင်း ပူပန်ခြင်း ဟူသော ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊

၅။ ဤကဲ့သို့ ပထဝီမြေကသိုဏ်းဝန်းကို ကြည့်ရှုအားထုတ်လျှင် ဤကဲ့သို့ ဖြစ်သည်ဟု ရေးသောဆရာ၊ ဟောပြောသောဆရာသည် အဟုတ်တကယ် အမှန်ပဲသိ၍ ရေးလေသလား၊ ဟောလေသလား၊ ပြောလေသလား၊ အဟုတ်တကယ် အမှန်မသိပဲ စမ်းယမ်းရေးလေသလား၊ ဟောလေသလား၊ ပြောလေ

သလား၊ မှန်မှုမှန်ပါလေလား၊ အမှားမျှားလေလားဟု ကမ္ဘာ့နန်း လမ်းကြောင်းဌ်လည်းကောင်း ယုံမှားခြင်း ဝိစိကိစ္ဆာနီဝရဏ,

ဤ နီဝရဏဲ ၅-ပါးတို့သည် စိတ်သန္တာန်ဌ် ပါးလျက် တခါတည်းကွာ၍ ကုယ်ငုပ်၍ ဝပ်၍ သွားကြလေတော့၏၊ မဖြစ်ပေါ်လာ မထလာကြတော့ပြီ။

ကြွင်းသော အကုသိုလ် နီဝရဏာဘရုးတို့လည်း စိတ်သန္တာန်ဌ် ဝပ်၍ ငုပ်၍ ကုန်ကြလေတော့၏၊ မပေါ်လာ မထလာကြတော့ပြီ။

ဆောင်ပုဒ်သံခိပ်။ ။နီဝရဏ၊ ကွာတုံက၊ ဥပစာရလာ။
တိုနောက်ဖန်ဖန်၊ ပွားတုံ့ပြန်၊ ပ ဈာန်အပ္ပနာ။
ဆာဝဇ္ဇနံ၊ အာဝဇ္ဇန်၊ ဓိဋ္ဌာန်,ဝုट्ठာန။
ပစ္စဝေက္ခန်၊ ဤ ၅-တန်၊ လျင်မြန်လိုတိုင်းရ၊
ရှေးရှေးဈာန်နင်၊ ပယ်စွန့်လျှင်၊ အစဉ်နောက်ဈာန်ရ။

၁။ စိတ်ကို အာရုံပေါ်သို့ ရောက်အောင် လှုံ့တင်ခြင်း သဘောဟူသော ဝိတက်,

၂။ ဝိတက်တင်၍ အာရုံပေါ်သို့ ရောက်ပြီးသော စိတ်ကို ထိုအာရုံပေါ်မှ ဆုတ်လံ့၍ မလာရအောင်, မကျရအောင် ဝန်းဝိုင်းဖေးမ ကာဆီးပင့်တင်ခြင်း အနုမဇ္ဇန သဘောဟူသော ဗီစာရ,

၃။ နှစ်သက်ခြင်းဟူသော ပီတိ,

၄။ ကိုယ်စိတ် အေးမြ ရှင်လန်း ချမ်းသာခြင်းဟူသော သုခ,

၅။ စိတ်၏ ငြိမ်သက်တည်ကြည်ခြင်းဟူသော ဧကဂ္ဂတာ,

ဤဈာန် အင်္ဂါ ၅-ပါးတို့လည်း အတန့်ငယ် အားကောင်း ထင်ရှား၍ ပေါ်၍ လာကြကုန်၏။

ဤဈာန် အင်္ဂါတို့သာ မဟုတ်၊ ဈာန်အင်္ဂါတို့နှင့် လိုက်ဖက်လျော နိုင်သော ကြွင်းသော စေတသိက်တရားတို့လည်း အားကောင်းထင်ရှား၍ ပေါ်၍လာ ကြကုန်၏၊ ထိုအခါ သတိတရားများ အလွန်ထင်၏၊ ယခုအခါမှစ၍ အမိ ရင်ခွင်တွင် ; နောက်ဆုံးပိတ် နို့စို့သည့် အခါကျအောင် ဤအတွင်း ပြုဖူးသမျှ အမှုကိစ္စတွေကို ယခုပြုနေရဘိသကဲ့သို့ အကုန်လုံးပြန်၍ အမှတ်ရ၏၊ စိတ်များ လည်း အလွန်ကြီးထွား၏၊ လျင်မြန်၏၊ စကြဝဠာတံတိုင်းပေါ်သို့ စိတ်နှင့် ပြေးသွား လျှောက်ပတ်လိုက်လျှင် လက်ဖျစ်တတွက် အတွင်းမှာပင် ပတ်မိ၏၊

အကွင်းကြီးထင်၍ လိုက်၏၊ စိတ်ရှရာ သွားရာအရပ်မှာ မှန်ကို စိန်သွားနှင့် ခြစ်ရာ၌ကဲ့သို့ အကြောင်းထင်၍ လိုက်၏၊ ဝိတက်သန်ပုံများမှာလည်း အလို ရှိရာအရပ်ကို လွှတ်လိုက်တိုင်း တန်းကနဲပြေးရောက်၏၊ ပျော့ညွတ်ကွေးကောက်၍ မနေပြီ။

သမထလမ်း၌ ဤကဲ့သို့ ပဋိဘာဂနိမိတ် အရာဌာနသို့ ရောက်နိုင်လျှင် ထိုပုဂ္ဂိုလ်ကို တိဟိတ်ပုဂ္ဂိုလ်ဟု မှတ်ကြ၊ တိဟိတ်ပုဂ္ဂိုလ်တို့မှ သာလျှင် ဤနေရာဌာနသို့ ဆိုက်ရောက်နိုင်သည်၊ တိဟိတ်ပုဂ္ဂိုလ် မဟုတ်လျှင် မဆိုက်ရောက်နိုင်ပြီ၊ မဆိုက်ရောက်နိုင် ဆိုတယ်လို့ အားမထုတ်လို့ မဆိုက်ရောက်တာကိုလဲ မမှတ်ရ၊ အားထုတ်ပါလျက် ဆိုက်ရောက်ချိန်သင့်ပါလျက် မဆိုက်ရောက်မှသာ တိဟိတ်မဟုတ်ဟု မှတ်ရမည်။

အားထုတ်ရာမှာလည်း အချို့မှာ အနှစ် ၂၅-၃၀ ပင်ကြာမှ ဤနေရာတို့သို့ ရောက်နိုင်ကြသည်၊ ဈာန်မဂ်ဖိုလ်တရားထူးတို့ကို ရရှိနိုင်ကြသည်၊ ဤနေရာဌာနတို့သည် ,တိဟိတ်, ဒိဟိတ်ခဲ့သော နေရာတို့တည်း၊ ဤနေရာဌာနတို့သို့ ဆိုက်ရောက်၍ တိဟိတ်မှန်ခဲ့လျှင် ထိုပုဂ္ဂိုလ်သည် အလိုဆန္ဒရှိက ဈာန်မဂ်ဖိုလ်တရားထူးကို ကေန်မချွတ် ရနိုင် ယူနိုင်တော့၏။

[ဤကား ပဋိဘာဂနိမိတ်တင်ပုံအည်း။]

ပဌမဈာန်

ဤသို့ ပဋိဘာဂနိမိတ်ကို ရပြီး ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ထို ပဋိဘာဂနိမိတ်ကို စကြာမင်းလောင်း ကိုယ်ဝန်ကို ချစ်ခင်စောင့်ရှောက်သော အမိကဲ့သို့ အလွန်ချစ်ခင် စောင့်ရှောက်လျက် မမေ့မလျော့ အထပ်ထပ် အားထုတ်ကြည့်ရှုဖန်များသောအခါ စိတ်သည် တဖြည်းဖြည်း ရင့်သန်ကြီး ထွားလျက် အားကောင်းလျက် ငြိမ်သက်လျက် အကြင်အခါ၌ အာရုံကို ခိုင်မြဲရာတွယ်၍ အာရုံထဲသို့ ဝင်ဘိသကဲ့သို့ ဖြစ်၍ အာရုံကို စူးစိုက်၍ ငြိမ်၍ မှိန်း၍ ခံစား၍ ဖြစ်ပေါ်၏၊ ထိုအခါ၌ ဖြစ်ပေါ်သော စိတ်ကို ဈာန်အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ပဌမဈာန်စိတ်ဟု ခေါ်သည်၊ ပဌမဈာန်စိတ်ဟုမှတ်။

ဤဈာန်အပွနာဝီထိကျပုံမှာ။ ။စိတ်သည် ရှေဇောဝါရ အဆုံးဘဝင်ကျ၍ ဘဝင်မှထပြီးလျှင် ဤကသိုဏ်းပဋိဘာဂနိမိတ်ကို အာရုံပြု၍ အာဝဇ္ဇန်း ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, ဈာန်-ဟု ဈာန်ဇောတကြိမ်၊ ထို့နောက် ဘဝင်ကျ၍ သွား၏။

[ဒုတိယအကြိမ်]

ထို့နောက် အိပ်မှက်မက်သဖြင့် နိုးရ အိပ်မက်ကို ပြန်ရ ဆင်ခြင်သော သူကဲ့သို့ သင်းကား ဝိတက်, သင်းကား ဝိစာရ, သင်းကား ပီတိ, သင်းကား သုခ-စသည်ဖြင့် စျာန်အင်္ဂါ ၅-ပါးတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇော ဝါရတွေ ဖြစ်ကုန်၏။

ဤစျာန်အပွနာဝိထိမှာ။ ။အာရုံ မကွဲပြားကြပြီ၊ အာရုံမကွဲပြားပဲ လျက် အဘယ်ကြောင့် စျာန်ဇောမှန်း သိရသနည်း-ဆိုသော် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ-ဟူသော ဇောလေးကြိမ်တို့မှာကား ကာမတဏှာလည်း မကင်းသေး မငုပ်တတ်သေးပြီ၊ ဖြစ်ကြပုံလည်း ကြပ်ကြပ် မငြိမ်သက်ကြ သေးပြီ၊ ဂေါတြဘူနောက်၌ဖြစ်သော ဇောတကြိမ်မှာမူကား ကာမတဏှာ လည်း ကင်းရ ပါးရ ငုပ်ရ သွား၏၊ စိတ်လုံးလည်း အလွန်ကြီးထွား၏၊ စျာန်အင်္ဂါတို့လည်း အလွန်ထင်ရှားစွာ ကြီးထွားဖြစ်ပေါ်ကြကုန်၏၊ သံမှိုကို မြုပ်အောင်ရိုက်လိုက်လျှင် လှုပ်နှိုးရမှ ယိမ်းယိုင်ခြင်း မရှိဘဲသကဲ့သို့ ဖြစ်ပုံ လည်း အာရုံထဲဝင်ဘဲသကဲ့သို့ အလွန်ခိုင်မြဲစွာ တွယ်ရ စူးစိုက်ရ လှုပ်ရှား ယိမ်းယိုင်ခြင်းမရှိ အလွန်ငြိမ်သက်စွာဖြစ်၏၊ ဤသို့သော အကြောင်းကြောင့် စျာန်ဇောမှန်း သိအပ်၏။

ဤစျာန်ဇောစေတနာကံသည်-ကာမတဏှာ ကင်းခြင်းကြောင့် ကာမဘုံ၌ အကျိုးမပေးပြီ၊ ကာမဘုံကို လွန်ရ ရူပဗြဟ္မာဘုံ၌ အကျိုးပေး၏၊ ထို့ကြောင့် ဤစျာန်စိတ်ကို ရူပါဝစရစိတ်ဟု ခေါ်အပ်၏။

ဤကဲ့သို့ ပဌမစျာန်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် ဤပဌမစျာန်ကို ကြပ်ကြပ် မြဲမြံခိုင်ခံ့အောင် အားကောင်းအောင် အဖန်ဖန်ဝင်စားအပ်၏။

ဝင်စားဆိုသည်ကား–ကသိုဏ်း ပဋိဘာဂနိမိတ်ကို အဖန်ဖန် ရှုရ စျာန် ဇော အဖန်ဖန်ကျစေမှုတည်း၊ ယခုအစဆုံးကျသော အပွနာဝိထိမှာ စျာန် ဇော ၁-ကြိမ်သာကျ၏၊ ထို့နောင် ဝင်စားဖန် များသောအခါ စိတ်အား သန်စွမ်းရ ၁-ကြိမ်, ၂-ကြိမ်,၃-ကြိမ်,၄-ကြိမ် စသည်ဖြင့် စိတ်သန်သလောက် စျာန်ဇောတွေ အသင်္ချေ မရေတွက်နိုင်အောင် များစွာပင်ကျရ သွား၏။ ၁-နာရီပတ်လုံး စျာန်ဇောချည်းကျရ ဖြစ်ရနေ၏၊ တနံနက်ပတ်လုံး, စာနေ့ ပတ်လုံး, တရက်ပတ်လုံး, ခုနစ်ရက်ပတ်လုံး စသည် ကြာအောင်ပင် စျာန် ဇောချည်း သက်သက် ကျရ ဖြစ်ရ နေ၏။

[ဒုတိယအကြိမ်]

ဤကဲ့သို့ စိတ်ကို စျာန် သန်စွမ်း အားကောင်းအောင် ခိုင်ခံ့အောင် ပြုပြီးလျှင် ဤပထမစျာန်ကို-

၀။ သမာပဇ္ဇနဝသီ,
၂။ အဓိဋ္ဌာနဝသီ,
၃။ ဝုဋ္ဌာနဝသီ,
၄။ အာဝဇ္ဇနဝသီ,
၅။ ပစ္စဝေက္ခဏဝသီ,

ဟု ဝသီဘော် ၅-ပါးတို့ဖြင့် လေ့လာနိုင်နင်းအောင် ပြုအပ်၏။

ဆောင်ပုဒ်သံခိပ်။ ။အာဝဇ္ဇန်၊ အာပဇ္ဇန်၊ ဓိဋ္ဌာန်, ဝုဋ္ဌာန။
ပစ္စဝေက္ခဏ်၊ ဤငါးတန်၊ လျင်မြန်လိုတိုင်းရ။
ဝသီဘော် ၅-ပါးအဓိပ္ပာယ်

ဤဝသီဘော် ၅-ပါးတို့တွင်-

၁။ စျာန်ကို အလိုရှိသောခဏ်၌ အလျင်အမြန် ဝင်စားနိုင်မှုကို သမာပဇ္ဇနဝသီဟု ခေါ်သည်။

၂။ တခဏ, တနာရီ, တနံနက်, တရက် စသည်ဖြင့် မိမိအလိုရှိသမျှကာလ ပတ်လုံး ပိုလည်းမပိုရ လိုလည်းမလိုရအောင် စျာန်ဇောကို ဖြစ်စေနိုင်မှု, ထားနိုင်မှုကို အဓိဋ္ဌာနဝသီဟု ခေါ်သည်။

၃။ အချိန်ကာလကို ပိုလည်းမပိုရ လိုလည်းမလိုရ၊ မိမိမှန်းထားသော အချိန်၌ စျာန်ဇောမှ ထနိုင်မှုကို ဝုဋ္ဌာနဝသီဟု ခေါ်သည်။

၄။ စျာန်မှထ၍ စျာန်အင်္ဂါတို့ကို ဆင်ခြင်ရန် ဘဝင်တွေ့ မျှားစွာ မကျစေပဲ စျာန်အင်္ဂါတို့ကို ဆင်ခြင်သော အာဝဇ္ဇန်း လျင်မြန်စွာ ဖြစ်စေနိုင်မှုကို အာဝဇ္ဇနဝသီဟု ခေါ်သည်။

၅။ စျာန်အင်္ဂါကို ဆင်ခြင်ပြီးလျှင် တဖန်စျာန်ကို အလျင်အမြန် ဝင်စားရန်ဖို့ စျာန်အင်္ဂါတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဇောတွေကို ၃-ကြိမ်လောက် မျှားစွာ မဖြစ်စေပဲ ၄-ကြိမ် ၅-ကြိမ် မျှလောက်သာ ကျစေနိုင်မှုကို ပစ္စဝေက္ခဏဝသီဟု ခေါ်သည်။

ဤသို့ စျာန်အင်္ဂါကို ဆင်ခြင်သောဇောကို အလျင်အမြန် နည်းနည်းနှင့် ပြတ်စေ၍ ဇောနောင်ဘဝင်တို့ကိုလည်း မျှားစွာ မဖြစ်စေပဲ နည်းနည်း

နှင့် ပြတ်စေ၍ အလျင်အမြန် တဖန်စျာန်ကို ဝင်စားနိုင်မှုကို သမာပဇ္ဇနဝသီဟု ခေါ်သည်၊ ဤသို့ ဝသီဘော် ၅-ပါးကို လှည့်ခွေပတ်၍ သိအပ်၏။

ဝသီဘော် နိုင်နင်းသော သူတကာတို့တွင် အထွတ်အထိပ်သို့ ရောက်တော်မူသော ,သဗ္ဗညုဘုရားရှင်တို့အား တန်ခိုးယမိုက်ပြာဋိဟာကို ပြသောအခါ, အလွန်လျင်မြန်စွာ ပြုရသောအခါတို့၌ကား ပစ္စဝေက္ခဏာဇော ၄-ကြိမ်, ၅-ကြိမ်၊ ဇောနောင် စျာန်၏ အကြား ဘဝင် ၂-ကြိမ်, ၃-ကြိမ်မျှသာ ဖြစ်ကုန်သည်၊ ဤသည်လျှင် အနည်းဆုံး အနိုင်နင်းဆုံးပင်တည်း၊ သည့်ထက်ကား နည်း၍မဖြစ်နိုင်။

ဘုရားမှ ကြွင်းသော ပုဂ္ဂိုလ်တို့သည်ကား ဤမျှလောက် ဘဝင်ကို နည်းအောင် မတတ်နိုင်ကြပြီ၊ ဇောဘဝင်ကို နည်းအောင် အလျင်အမြန်ဖြတ်နိုင်မှု, ပြောင်းလဲနိုင်မှုသည် အလွန် စိတ်ထက်သန့် အားကောင်းမှ အလွန်လျင်မှ ဖြစ်နိုင်သည်။

ထို့ကြောင့် စိတ်ထက်သန်ကြီးထွားအောင် အားကောင်းအောင် ကုသိုဏ်းနိမိတ်ကို ကြီးအောင် တိုးပွားစေအပ်၏။

တိုးပွားစေရမည့်အခါမှာ ဤကဲ့သို့စျာန်ကို ရပြီးသော အခါကျမှလည်း တိုးပွားစေအပ်၏၊ စျာန်မရခင် ပဋိဘာဂနိမိတ်သို့ ကျလျှင်လည်း တိုးပွားစေအပ်၏၊ ပဋိဘာဂနိမိတ်သို့ မရောက်ခင် ဥဂ္ဂဟနိမိတ်အခါ၌ကား မတိုးပွားစေအပ်၊ ဥဂ္ဂဟနိမိတ်အခါက တိုးပွားလျှင် ထိုဥဂ္ဂဟနိမိတ်သည် ကြီးပွား၍ ကားလိုက်၏၊ စိတ်နိုင်အောင် မထိန်းနိုင်,မရှုနိုင်သဖြင့် ကျဲ၍ကွဲ၍ ပျက်စီး၍ သွားတတ်သည်။

ထို့ကြောင့် ဥဂ္ဂဟနိမိတ်ကိုကား ကြီးအောင် နှလုံးမသွင်းအပ်၊ မတိုးပွားစေအပ်၊ ပဋိဘာဂနိမိတ်သို့ကျမှ, စျာန်ကိုသော်လည်း ရပြီးမှကြီးအောင် နှလုံးသွင်းအပ်, တိုးပွားစေအပ်၏။

တိုးပွားစေပုံမှာလည်း—စိတ်က "ကြီးကြီးကြီးကြီး" ဟုနှလုံးသွင်းလျှင် စိတ်ထင်တိုင်း အောက်မေ့တိုင်း ပဋိဘာဂနိမိတ် ကသိုဏ်းဝန်းကြီး၍ လိုက်သည်၊ လိုက်တိုင်း တခါတည်းမကြီးစေအပ်၊ တဖြည်းဖြည်း လက် ၁-သစ်, ၂-သစ်, ၄-သစ်, ၈-သစ်, ၁-တောင်, ၁-လံ, ၁၀-လံ စသည်ဖြင့်စကြဝဋ္ဌာနှင့် အပြည့်တိုင်အောင်သော်လည်းကောင်း၊ ထိုထက်အလွန်သော်လည်းကောင်း တစတစ ကြီးပွားစေအပ်၏၊ အလိုရှိသလောက်, စိတ်သန်သလောက် ကျယ်၍ ကြီး၍ လိုက်၏။

[ဒုတိယအကြိမ်]

အောက်စျာန်ကိုရ၍ အထက်စျာန်ကို တက်လိုသောအခါ မိမိရပြီးသော အောက်စျာန်ကို ခိုင်မြဲအားကောင်းအောင် ဝသီဘော်နိုင်အောင် ပြုပြီးမှ အထက်စျာန်ကို တက်အပ်, ရအောင်ပြုအပ်၏၊ ဤကဲ့သို့ မပြုပဲ တက်လျှင် အထက်စျာန်ကိုလည်းမရ၊ အောင်စျာန်လည်းပျက်၊ ၂-ပါးစုံမှ လျှောကျ ပျက်စီးတတ်၏။

[ဤကား ပဌမစျာန်သို့ တက်ပုံတည်း]

ဒုတိယစျာန်သို့တက်ပုံ

ပဌမစျာန်ကို ရပြီး၍ ခိုင်မြဲအားကောင်းအောင်, ဝသီဘော်နိုင်အောင် ပြုပြီး၍ အထက် ဒုတိယစျာန်ကို တက်နိုင်ခြင်းငှာ အားထုတ်လိုသော ယောဂီ ပုဂ္ဂိုလ်သည်-

၁။ ဤယခု ငါရသော ပဌမ စျာန်စိတ်သည် အောက်ကျသေး၏။

၂။ နီဝရဏဟူသော ရန်သူနီးသေး၏။

၃။ ဝိတက်ပါခြင်းကြောင့် အလွန်လှုပ်ရှား ရှုန့်ရင်းကြမ်းတန်းသေး၏၊ အားအစွမ်းညံ့ဖျင်းသေး၏။

၄။ ဝိတက်မပါလျှင် သည်ထက် သိမ်မွေ့ငြိမ်သက်ရာ၏၊ အားအစွမ်း တောင်းရာ၏။

ဟု ဆင်ခြင်၍ ဝိတက်ကို မုန်း၍ ဝိတက် မပါသော စျာန်စိတ်ကို ချစ်ခင် တောင့်တ၍ ဝိတက်ကို မပါစေလိုသော ဆန္ဒဖြင့် ထိုပထဝီပဋိဘာဂနိမိတ်ကို ပင်လျှင် "မြေ, မြေ" ဟု စိတ်ထဲက မှတ်လျက် အဖန်ဖန် ကြည့်ရှုသောအခါ စိတ်ထဲ၌ ဝိတက်သည် တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ သွားလျက် ဓိဘာက် ငုပ်၍ ဝိတက်မပါပဲ ပဌမစျာန်ဝိထိကျသကဲ့သို့ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟု စျာန်အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော စျာန် ဝီထိကျလာ၏။

ဤစျာန်ကို ၂-ကြိမ်မြောက် ရအပ် ဝင်စားအပ်သော စျာန်ဖြစ်၍ ဒုတိယ စျာန်ဟု ခေါ်ဆိုမှတ်သားအပ်၏၊ ဤစျာန်ကိုလည်း ရှေးနည်းအတူ ခိုင်မြဲ အားကောင်းအောင် ဝသီဘော်နိုင်အောင် ပြုအပ်၏။

[ဤကား ဒုတိယစျာန်သို့ တက်ပုံတည်း။]

[ဒုတိယအကြိမ်]

တတိယစျာန်သို့ တက်ပုံ

ဒုတိယစျာန်ကို ရပြီး၍ ခိုင်မြဲအားကောင်းအောင် ဝသီဘော်နိုင်အောင် ပြုပြီး၍ အထက် တတိယစျာန်ကို တက်နိုင်ခြင်းငှာ အားထုတ်လိုသော ယောဂီ ပုဂ္ဂိုလ်သည်–

၁။ ဒုတိယစျာန်စိတ်သည်လည်း အောက်ကျသေး၏။

၂။ ဝိတက်ဟူသော ရန်သူနီးသေး၏။

၃။ ဝိစာရ ပါရှိခြင်းကြောင့် ရှုနှုရင်းကြမ်းတမ်းသေး၏၊ အားအစွမ်း ညံ့ဖျင်းသေး၏။

၄။ ဝိစာရမပါလျှင် သည်ထက် သိမ်မွေ့ ငြိမ်သက်ရာ၏၊ အားအစွမ်း ကောင်းရာ၏။

ဟု ဆင်ခြင်၍ ဝိစာရကိုမုန်း၍ ဝိစာရမပါသော စျာန်ကို ချစ်ခင်တောင့်တ၍ ဝိစာရကို မပါစေလိုသော ဆန္ဒဖြင့် ထိုပထဝီ ပဋ္ဌာဘာဂ နိမိတ်ကိုပင်လျှင် "မြေ, မြေ" ဟူ စိတ်ထဲကမူတ်လျက် အဖန်ဖန် ကြည့်ရှုသောအခါ ဝိစာရ တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ သွားလျက် ဝိစာရငုပ်၍ ဝိစာရမပါပဲ ပီတိ, သုခ, ဧကဂ္ဂတာ-ဟူ စျာန်အင်္ဂါ ၃-ပါးနှင့် ပြည့်စုံသော ရှေးနည်းတူ စျာန်ဇောဝီထိကျလာ၏။

ဤစျာန်ကို ၃-ကြိမ်မြောက် ရအပ်ဝင်စားအပ်သော စျာန်ဖြစ်၍ တတိယ စျာန်ဟု ခေါ်ဆိုမှတ်သားအပ်၏၊ ဤစျာန်ကိုလည်း ခိုင်မြဲ အားကောင်း အောင် ဝသီဘော်နိုင်အောင် ပြုအပ်၏။

[ဤကား တတိယစျာန်သို့ တက်ပုံတည်း]

စတုတ္ထစျာန်သို့ တက်ပုံ

တတိယစျာန်ကို ရပြီး၍ ခိုင်မြဲအားကောင်းအောင် ဝသီဘော်နိုင်အောင် ပြုပြီး၍ အထက် စတုတ္ထစျာန်ကို တက်နိုင်ခြင်းငှာ အားထုတ်လိုသော ယောဂီ ပုဂ္ဂိုလ်သည်-

၁။ တတိယစျာန်စိတ်သည်လည်း အောက်ကျသေး၏။

၂။ ဝိစာရဟူသော ရန်သူနီးသေး၏။

၃။ ပီတိသည် နှစ်သက်ခြင်း သဘောဖြစ်၍ ကာမရတိနှင့် နီးစပ်သော သဘောရှိ၏၊ ကာမရတိ-ဟူသော ရန်သူနှင့် နီး၏။

[ဒုတိယအကြိမ်]

၄။ ဤပီတိပါရှိခြင်းကြောင့် စိတ်သည်ပေါ်လွင်၏၊ ရှန့်ရင်း ကြမ်းတမ်းသေး၏၊ အားအစွမ်းလည်း ညံ့ဖျင်းသေး၏။

၅။ ပီတိမပါလျှင် သည့်ထက် သိမ်မွေ့ငြိမ်သက်ရာ၏၊ အားအစွမ်းလည်း ကောင်းရာ၏။

ဟု ဆင်ခြင်၍ ပီတိကိုမုန်း၍ ပီတိမပါသော ဈာန်ကို ချစ်ခင်တောင့်တ၍ ပီတိကိုမပါစေလိုသော ဆန္ဒဖြင့် ထိုပထဝီပဋိဘာဂနိမိတ်ကိုပင်လျှင် "မြေ,မြေ" ဟု စိတ်ထဲကမှတ်လျက် အဖန်ဖန်ကြည့်ရှုသောအခါ ပီတိသည် တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ သွားလျက် ပီတိငုပ်၍ ပီတိမပါပဲ သုခ, ဧကဂ္ဂတာ-ဟု ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော ရှေးနည်းတူ ဈာန်ဇောဝီထိကျလာ၏။

ဤဈာန်ကို ၄-ကြိမ်မြောက် ရအပ်ဝင်စားအပ်သော ဈာန်ဖြစ်၍ စတုတ္ထဈာန်ဟု ခေါ်ဆိုမှတ်သားအပ်၏၊ ဤဈာန်ကိုလည်း ခိုင်မြဲအားကောင်းအောင် ဝသီဘော်နိုင်အောင် ပြုအပ်၏။

[ဤကား စတုတ္ထဈာန်သို့ တက်ပုံတည်း။]

ပဉ္စမဈာန်သို့ တက်ပုံ

စတုတ္ထဈာန်ကို ရပြီး၍ ခိုင်မြဲအားကောင်းအောင် ဝသီဘော်နိုင်အောင် ပြုပြီး၍ အထက်ပဉ္စမဈာန်ကို တက်နိုင်ခြင်းငှာ အားထုတ်လိုသော ယောဂီ ပုဂ္ဂိုလ်သည်–

၁။ စတုတ္ထဈာန် စိတ်သည်လည်း အောက်ကျသေး၏။

၂။ ပီတိဟူသော ရန်သူနီးသေး၏။

၃။ သုခဘည် ကာမရတိ ကာမသုခတို့နှင့် နီးစပ်သော သဘောရှိ၏။ ကာမရတိ ကာမသုခ-ဟူသော ရန်သူနှင့်နီး၏။

၄။ ဤသုခပါရှိခြင်းကြောင့် စိတ်သည်ပေါ်လွင်၏၊ ရှန့်ရင်း ကြမ်းတမ်းသေး၏၊ အားအစွမ်းလည်း ညံ့ဖျင်းသေး၏။

၅။ စိတ်ထဲ၌ အာရုံကို ကောင်းသည်ဟု ခံစားသော သုခမျိုးမဟုတ်ပဲ အာရုံကို ကောင်းသည်ဟူ၍လည်းကောင်း၊ မကောင်းဘူးဟူ၍ လည်းကောင်း မခံစားပဲ အလယ်အလတ် ခံစားခြင်း ဥပေက္ခာသဘောနှင့် နေလျှင် သည့်ထက် သိမ်မွေ့ငြိမ်သက်ရာ၏၊ အားအစွမ်းလည်း ကောင်းရာ၏။

[ရုတိယအကြိမ်]

ဟု ဆင်ခြင်၍ သုခကိုမှန်း၍ ဥပေက္ခာကို ချစ်ခင်တောင့်တ၍ ထိုပထဝီ ပဋိဘာဂနိမိတ်ကို "မြေ, မြေ"ဟု စိတ်ထဲကုမ္ပတ်၍ အဖန်ဖန်ကြည့်ရှုသော အခါ သုခသည် တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ သွားလျက် ကောင်းသည်ဟု ခံစားခြင်း သဘောမဟုတ်၊ မကောင်းဘူးဟု ခံစားခြင်း သဘောလည်း မဟုတ်ပဲ ကောင်းမှု, မကောင်းမှု နှစ်ဘက်သို့ မကျပဲ အလယ်အလတ် ခံစားခြင်း ဥပေက္ခာဝေဒနာ ဖြစ်လာ၍ ဧကဂ္ဂတာနှင့် တကွ စျာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော ရှေးနည်းတူ စျာန်ဇောဝီထိကျလာ၏၊ ဤစျာန်ကို ၅-ကြိမ်မြောက် ရအပ် ဝင်စားအပ်သော စျာန် ဖြစ်၍ ပဉ္စမ စျာန်ဟု ခေါ်ဆိုမှတ်သားအပ်၏၊ ဤစျာန်ကိုလည်း ခိုင်မြဲအားကောင်းအောင် ဝသီဘော် နိုင်အောင်ပြုအပ်၏။

[ဤကား ပဉ္စမစျာန်သို့ တက်ပုံတည်း။]

စတုက္ကနည်း=ပဉ္စကနည်း

ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်, ပဉ္စမစျာန်တို့ကို ရအောင် အားထုတ်ရာ၌—

၁။ အချို့သော ပုဂ္ဂိုလ်တို့မှာ စျာန် ၅-ဆင့်ရှိသည်၊ ဤနည်းကို ပဉ္စက နည်းဟူ၍ ခေါ်သည်။

၂။ အချို့သော ပုဂ္ဂိုလ်တို့မှာကား ဝိတက်နှင့်ဝိစာရကို တပေါင်းတည်း တကြိမ်တည်းပယ်ချခဲ့၍ စျာန် ၄-ဆင့်သာရှိသည်၊ ထိုနည်းကို စတုက္ကနည်း ဟူ၍ ခေါ်သည်။

ထိုစတုက္ကနည်း၌ တတိယစျာန်သည် ဒုတိယစျာန်ဖြစ်၏၊ စတုတ္ထစျာန်သည် တတိယစျာန်ဖြစ်၏၊ ပဉ္စမစျာန်သည် စတုတ္ထစျာန်ဖြစ်၏။

စျာန်ကို ကသိဏခေါ်ပုံ

ပထဝီကသိုဏ်းကို ကြည့်ရှုပွားများ အားထုတ်လျှင် ပဉ္စမစျာန်ကျမှအောင် စျာန် ၅-ပါးလုံးကို ရနိုင်၏၊ ပထဝီကသိုဏ်းကို ကြည့်ရှု၍ရသော စျာန်တို့သည်လည်း မြေဝန်းပထဝီ ကသိုဏ်းကို ကြည့်ရှု၍ရသော စျာန်ဖြစ်ခြင်းကြောင့် ပထဝီကသိဏ-ဟူ၍ပင် အမည်ရကုန်၏။

[ဒုတိယအကြိမ်]

အထုံဝသီ ပါရမီရှိသူ မရှိသူနှင့် ကသိုဏ်းဝန်း

ပထဝီကသိဏ-ဈာန်ကိုရအောင် ပထဝီကသိုဏ်းနိမိတ်ကို ကြည့်ရှုယူရာမှာ ရှေးအတိတ် နီးသောဘဝက ပထဝီကသိုဏ်းနိမိတ်ကို ရခဲ့ဖူးသော အထုံဝသီ ပါရမီ အဓိကာရ မရှိခဲ့သောသူမှာ မြေကြီးကသိုဏ်းဝန်း အသေအချာလုပ်၍ ရှုမှုပင် နိမိတ်ရနိုင်သည်၊ ဈာန်ရနိုင်သည်။

ရှေးအထုံဝသီ ပါရမီ အဓိကာရ ရှိသောသူမှာကား မပြုမပြင်ပဲ ပကတိ မြေပြင်၊ ကောက်နယ်တလင်း၊ ထွန်ယက်ထားသော လယ်ကွက်၊ ယာကွက်၊ လယ်ခင်း၊ ယာခင်းတို့ကိုပင် "မြေ,မြေ"ဟု နှလုံးသွင်း၍ ကြည့်ရှုလိုက်လျှင် ပထဝီကသိုဏ်းနိမိတ် ရနိုင်သည်၊ ဈာန်တို့ကို ဖြစ်စေနိုင်သည်။

ပထဝီ-မြေကသိုဏ်း ပွားများအားထုတ်ပုံ ပြီး၏။

(ခ) အာပေါ-ရေကသိုဏ်းပွားများအားထုတ်ပုံ

အာပေါ-ရေကသိုဏ်းကို ကြည့်ရှုပွားများ အားထုတ်သော ယောဂီ ပုဂ္ဂိုလ်သည်, ရှေးအတိတ် နီးသောဘဝက ရေကသိုဏ်းကို ရခဲ့ဖူးသော အထုံဝသီ ပါရမီ အဓိကာရရှိခဲ့လျှင် မပြုမပြင်ပဲ ပကတိသော မြစ်, သမုဒ္ဒရာ, အိုင်၊ ရေကန်၊ ရေတွင်းတို့ကို ကြည့်ရှုရုံမျှဖြင့် အလွယ်တကူနှင့်ပင် ရေနိမိတ် ရနိုင်၏၊ အထုံဝသီ ပါရမီ အဓိကာရ မရှိခဲ့လျှင် တတောင်လောက်၊ တောင်ဆုပ်လောက် အဝကျယ်သော အစောက်နက်သော အိုး၊ ခွက်၊ စည်ပိုင်းထဲ၌ ကြည်လင်စွာသော ရေကိုထည့်၍ ပထဝီမြေကသိုဏ်း၌ အကျယ်ဆိုခဲ့ ပြီးသော ရှုနည်းကြည့်နည်း ရှုပုံကြည့်ပုံအတိုင်း ရေကိုစိတ်ထဲ၌ ဥဂ္ဂဟနိမိတ် ရအောင် ကြည့်ရှုရာ၏။

ဤရေကသိုဏ်း၌-ဥဂ္ဂဟနိမိတ်ကား ပြင်ဖက် ပရိကမ္မနိမိတ်ရေနှင့် တထပ်တည်းတူ၏၊ ပြင်ဘက်ရေကဲ့သို့ လှုပ်ရှားလျှင် လှုပ်ရှားသောအတိုင်း အပွက်ပါလျှင် အပွက်အတိုင်း ပါလျက်ထင်၏၊ ပဋိဘာဂ နိမိတ်ကား အပွက်မရှိ၊ လှုပ်ရှားခြင်းမရှိ၊ အလွန်ငြိမ်သက်လျက် ထိုဥဂ္ဂဟနိမိတ်ထက် အဆအရာမက သာလွန်၍ ကြည်လင်စွာ ထင်၏၊ မှန်ညိုသားကဲ့သို့ ဟသားဘည်း အလွန် ကြည်လင်စွာ ဆင်၏၊ ဈာန်ပေါ်ပုံမှာ ပထဝီမြေကသိုဏ်း နည်းအတိုင်း ပေါ်၏၊ ဤရေကသိုဏ်းလည်း ဈာန် ၅-ပါးလုံးကို ဖြစ်စေနိုင်၏။

[ပထဝီမြေကသိုဏ်း ပွားများနည်းအတိုင်း အကျယ်ပွားများလေ။]

အာပေါ-ရေကသိုဏ်း ပွားများအားထုတ်ပုံ ပြီး၏။

(ဂ) တေဇော မီးကသိုဏ်း ပွားများအားထုတ်ပုံ

တေဇော-မီးကသိုဏ်းကိုလည်း ရှေးအတိတ် နီးသော ဘဝက အားထုတ်ခဲ့ဖူးသော အထုံဝသီ ပါရမီ အဓိကာရ ရှိခဲ့လျှင် ပကတိသော မီးပုံ, မီးကျီး မီးတောက်, ဆီမီး, ဖရောင်းတိုင်မီးတို့ကိုပင် ကြည့်ရှု၍ နိမိတ်ရနိုင်၏၊ အထုံဝသီ ပါရမီ အဓိကာရမရှိခဲ့လျှင် မီးတောက်ကိုသော်လည်းကောင်း၊ မီးကျီးစုကိုသော် လည်းကောင်း ဖြစ်စေ၍ မပူလောက်သော အနီးဌ်ထား၍အလွှတ်လည်း ကြည့်ရှုရာ၏၊ ဖျာ၊ ရိုင်၊ သဲပွတ်၊ ဝါးကပ် စသည်ကို တထွာလောက် အပေါက်ဖောက်၍ ထိုအပေါက်ဖြင့် ကာဆီး၍သော်လည်း ကြည့်ရှုရာ၏။

ဤမီးကသိုဏ်းဌ်-ဥဂ္ဂဟနိမိတ်ကား ပြင်ဘက် ပရိကမ္မနိမိတ်အတိုင်း မီးခဲဖြစ်လျှင် အခိုးအငွေ့ အရှိန်နှင့်တကွ မီးခဲတွေ အစိတ်အစိတ် ကွဲလျက်ပင် ထင်၏။ ပဋိဘာဂနိမိတ်မှာ အခိုးအငွေ့ အရှိန်ကင်းလျက် မီးခဲတခုတည်း တသားတည်းတွေ ခဲလျက်ထင်၏၊ မီးတောက် ဥဂ္ဂဟနိမိတ်မှာ အခိုးအငွေ့ အရှိန်နှင့်တကွ လောင်စာ ထင်းနှင့်တကွ လှုပ်ရှားလျက် ထင်၏၊ ပဋိဘာဂနိမိတ်မှာ အခိုးအငွေ့ အရှိန်မရှိ လောင်စာထင်းစမရှိ ငြိမ်သက်စွာ ထင်၏၊ စျာန်ပေါ်ပုံမှာ ပထဝီမြေကသိုဏ်းနည်းအတိုင်း ပေါ်၏။

တေဇော-မီးကသိုဏ်း ပွားများအားထုတ်ပုံ ပြီး၏။

ဃ) ဝါယော-လေကသိုဏ်း ပွားများအားထုတ်ပုံ

ဝါယော-လေကသိုဏ်းကိုလည်း ရှေးအတိတ် နီးသောဘဝက ဝါယော-လေကသိုဏ်းကို ရခဲ့ဖူးသော အထုံဝသီ ပါရမီ အဓိကာရရှိခဲ့လျှင် ပကတိကောင်းကင်ပြင်မှာ လွှင့်တိုက်၍နေသော လေကိုပင် ဖမ်း၍ နိမိတ်ရအောင် ယူနိုင်၏။

အထုံဝသီ ပါရမီ အဓိကာရ မရှိခဲ့လျှင် မြက်ပင်ဖျား၊ ပြောင်းပင်ဖျား၊ ကြုံပင်ဖျား၊ ဝါးရုံပင်ဖျား၊ သစ်ကိုင်းဖျား၊ လက်လေးသစ်မျှလောက်ရှည်သော ဆံတိုဆံပင်ဖျားတို့၌ လေတဖြတ်ဖြတ်ခတ်၍ လှုပ်၍နေသောအခါ ထိုခတ်အပ်သော မြက်ပင်ဖျား၊ ပြောင်းပင်ဖျား၊ ကြုံပင်ဖျား စသည်တို့ဖြင့် မှတ်၍ တိုက်ခတ်လာသော လေကို ဤနေရာ၌ လေတွေပြေးလွှင့်၍ တိုက်ခတ်၍ ရှိနေသည်ဟု သတိ သညာဖြင့် မှတ်၍ စိတ်ကူး၍ "လေ,လေ"ဟု ကြည့်ရှု ဖမ်းယူအပ်၏၊ လေတိုက်ခတ်သောအခါ ကိုယ်ကို လေတိုက်ခံ၍သော် လည်း

ထိုလေတိုက်ခတ်၍ ထိမှန်းသိသောနေရာ၌ လေကိုနှလုံးသွင်း၍ သတိသညာဖြင့် မှတ်၍ စိတ်ကူး၍ ဖမ်းယူအပ်၏။

ဤလေကသိုဏ်း၌- ဥဂ္ဂဟနိမိတ်ကား ရေတွေ့ကဲ့သို့သော် လည်းကောင်း၊ မီးခိုးကဲ့သို့သော်လည်းကောင်း စီးသွားပြေးလွှင့်သော အခြင်းအရာအားဖြင့် လှုပ်ရှားလျက်ထင်၏၊ ပဋိဘာဂနိမိတ်ကား မလှုပ်မရှား ငြိမ်သက်စွာထင်၏၊ စျာန်ပေါ်ပုံမှာ ပထဝီ မြေကသိုဏ်းနည်းအတိုင်း ပေါ်၏၊ လေကိုမျက်စိဖြင့် မမြင်ရသော်လည်း မီးခိုးတို့၊ ရေတို့ကဲ့သို့ပင်တည်း။

ဝါယော-လေကသိုဏ်း ပွားများ အခေါ်ထုတ်ပုံ ပြီး၏၊

(c) နီလ—အညိုကသိုဏ်း ပွားများအားထုတ်ပုံ

နီလ-အညို ကသိုဏ်းကိုလည်း ရှေးအတိတ် နီးသော ဘဝက နီလ-အညိုကသိုဏ်းကို ရဖူးသော အထုံဝသီ ပါရမီ အဓိကာရ ရှိခဲ့လျှင် မပြူမပြင်ပဲ ညိုညိုမြင်သမျှ အလုံးစုံသော ဝတ္ထုကိုပင် ကြည့်ရှု၍ အလွယ်တကူဖြင့် နိမိတ်ရနိုင်၏၊ အထုံဝသီ ပါရမီ အဓိကာရမရှိခဲ့လျှင် မိမိအထွာဖြင့် တထွာလောက် အုလျားအနံကျယ်စွာ သစ်သားကို ယပ်ဝန်း၊ ရေအိုးပုံးများ ကဲ့သို့ လက်ကိုင်စရာ အရိုးနှင့်တကွ ကသိုဏ်းဝန်းလုပ်၍ အညိုဆုံးဆေးကို အချောဆုံး အလှဆုံး နေအောင် လုပ်၍ သုတ်၍ အနား၌ အညိုရောင်ကို တောက်ထစေတတ်သော အနီဖြစ်စေ၊ အဖြူဖြစ်စေ အမှတ်မရှိ တခုခု ဒန်ပူ တပြား (ငွေမူးစေ့ခန့်) ဆေးမင်အနားပတ် တင်သား သုတ်လိမ်း၍ "အညို၊ အညို"ဟု စိတ်ထဲကမှတ်၍ ကြည့်ရှု၍ နိမိတ်ယူရာ၏။

ဤအညိုကသိုဏ်း၌- ဥဂ္ဂဟနိမိတ်ကား ပြင်ဘက် ပရိကမ္မနိမိတ်နှင့် တထပ်တည်းတူစွာ မျက်စိနှင့်မြင်သော အတိုင်းပင် ထင်၏၊ ပဋိဘာဂ နိမိတ်မှာ ဥဂ္ဂဟနိမိတ်ထက် အဆအရာမက ညိုချောပြောင်လင်းလျက် အလွန်နှစ်သက်ဖွယ် ပဝတ္တမျှားညိုယပ်ဝန်းကဲ့သို့ထင်၏၊ စျာန်ပေါ်ပုံမှာ ပထဝီမြေကသိုဏ်း နည်းအတိုင်း ပေါ်၏။

နီလ-အညိုကသိုဏ်းပွားများအားထုတ်ပုံ ပြီး၏။

(e) ပီတ-အဝါကသိုဏ်းပွားများ အားထုတ်ပုံ

ပီတ-အဝါ ကသိုဏ်းကိုလည်း ရှေးအတိတ် နီးသောဘဝက ပီတ-အဝါ ကသိုဏ်းကို ရဖူးသော အထုံဝသီ ပါရမီ အဓိကာရ ရှိခဲ့လျှင် မပြူမပြင်ပဲ

ဝါ,ဝါ မြင်သမျှ အလုံးစုံသောဝတ္ထုကိုပင် ကြည့်ရှုမှ အလွယ်တကူဖြင့် နိမိတ်ရနိုင်၏၊ အထုံဝသီ ပါရမီ အဓိကာရ မရှိခဲ့လျှင် မိမိအထွာဖြင့် တထွာလောက် အလျားအနံကျယ်စွာ သစ်သားကို ယပ်ဝန်း, ရေအိုးဖုံးမျှားကဲ့သို့ လက်ကိုင်စရာ အရိုးနှင့်တကွ ကသိုဏ်းဝန်းလုပ်၍ အဝါဆုံးဆေးကို အချောဆုံး အလှဆုံးဖြစ်အောင် သုတ်၍ အနားဌ် အဝါရောင်ကို တောက်ထခေတတ်သော အနီဖြစ်စေ, အညိုဖြစ်စေ, အနက်ဖြစ်စေ, အဖြူဖြစ်စေ အမှတ်မရှိ တခုခု ဒန်ပူတပြား (ဇင်္ဌမူးစေ့ခန့်) ဆေးမင် အနားပတ် တင်သားသုတ်လိမ်း၍ "အဝါ,အဝါ"ဟု စိတ်ထဲကမှတ်၍ ကြည့်ရှုမှ နိမိတ်ယူရာ၏။

ဤ**အဝါကသိုဏ်း**ဌ=ဥဂ္ဂဟနိမိတ်ကား ပြင်ဘက် ပရိကမ္မနိမိတ်နှင့် တထပ်တည်း တူစွာ မျက်စိနှင့်မြင်သော အတိုင်းပင် ထင်၏၊ ပဋိဘာဂ နိမိတ်မှာ ဥဂ္ဂဟနိမိတ်ထက် အဆအရာမက ဝါ-ချောပြောင်လင်းလျက် အလွန်နှစ်သက်ဖွယ် ပတ္တမြားဝါ ယပ်ပန်းကဲ့သို့ ထင်၏၊ ဈာန်ပေါ်ပုံမှာ ပထဝီမြေကသိုဏ်းနည်းအတိုင်း ပေါ်၏။

ပီတ-**အဝါ**ကသိုဏ်း ပွားများအားထုတ်ပုံ ပြီး၏။

(ဆ) **လောဟိတ-အနီ**ကသိုဏ်း ပွားများအားထုတ်ပုံ

လောဟိတ-အနီကသိုဏ်းကိုလည်း ရှေးအတိတ် နီးသောဘဝက လောဟိတ**အနီ**ကသိုဏ်းကို ရဖူးသော အထုံဝသီ ပါရမီ **အ**ဓိကာရ ရှိခဲ့လျှင် မပြူ မပြင်ပဲ နီနီမြင်သမျှ အလုံးစုံသော ဝတ္ထုကိုပင် ကြည့်ရှုမှ အလွယ်တကူဖြင့် နိမိတ်ရနိုင်၏၊ အထုံဝသီ ပါရမီ အဓိကာရ မရှိခဲ့လျှင် မိမိအထွာဖြင့် တထွာလောက် အလျားအနံကျယ်စွာ သစ်သားကို ယပ်ဝန်း, ရေအိုးဖုံးမျှားကဲ့သို့ လက်ကိုင်စရာ အရိုးနှင့်တကွ ကသိုဏ်းဝန်းလုပ်၍ **အ**နီဆုံးဆေးကို အခြောဆုံး အလှဆုံးနေအောင် သုတ်၍ အနားဌ် **အ**နီရောင်ကို တောက်ထခေတတ်သော အညိုဖြစ်စေ, အဝါဖြစ်စေ, အဖြူဖြစ်စေ အမှတ်မရှိ တခုခု ဒန်ပူတပြား (ဇင်္ဌမူးစေ့ခန့်) ဆေးမင် အနားပတ် တင်သားသုတ်လိမ်း၍ "**အနီ,အနီ**"ဟု စိတ်ထဲကမှတ်၍ ကြည့်ရှုမှ နိမိတ်ယူရာ၏။

ဤ**အနီ**ကသိုဏ်းဌ–ဥဂ္ဂဟနိမိတ်ကား ပြင်ဘက် ပရိကမ္မနိမိတ်နှင့်တထပ်တည်း တူစွာ မျက်စိနှင့် မြင်သော အတိုင်းပင် ထင်၏၊ ပဋိဘာဂ နိမိတ်မှာ ဥဂ္ဂဟနိမိတ်ထက် အဆအရာမက နီ-ချော ပြောင်လင်းလျက် အလွန်နှစ်သက်ဖွယ်

ပတ္တမြားနီ ယပ်ဝန်းကဲ့သို့ ထင်၏၊ စျာန်ပေါ်ပုံမှာ ပထဝီမြေကသိုဏ်း နည်းအတိုင်းပေါ်၏။

လောဟိတ-အနီကသိုဏ်း ပွားများအားထုတ်ပုံ ပြီး၏။

(၈) သြဒါတ - အဖြူအသိုဏ်း ပွားများအားထုတ်ပုံ

သြဒါတ-အဖြူကသိုဏ်းကိုလည်း ရှေးအတိတ် နီးသောဘဝက သြဒါတ-အဖြူကသိုဏ်းကို ရဖူးသော အထုံဝသီ ပါရမီ အဓိကာရ ရှိခဲ့လျှင် မပြို့ မပြင်ပဲ ဖြူဖြူမြင်သမျှ အလုံးစုံသော ဝတ္ထုကိုပင် ကြည့်ရှုရှု အလွယ်တကူဖြင့် နိမိတ် ရနိုင်၏၊ အထုံဝသီ ပါရမီ အဓိကာရ မရှိခဲ့လျှင် မိမိအထွာဖြင့် တထွာလောက် အလျားအနံကျယ်စွာ သစ်သားကို ယပ်ဝန်း, ရေးအိုးဖုံးများကဲ့သို့ လက်ကိုင်စရာ အရိုးနှင့်တကွ ကသိုဏ်းဝန်းလုပ်၍ အဖြူဆုံးသော ဆေးကို အချောဆုံး အလှဆုံး နေအောင် သုတ်၍ အနားဌ် အဖြူရောင်ကို တောက်ထစေတတ်သော အနက်ဖြစ်စေ, အဝါဖြစ်စေ, အနီဖြစ်စေအမှတ်မရှိ တခုခု ဒန်ပူတပြား (ငွေမူးစေ့ခန့်) ဆေးမင်အနားပတ် တင်ထားသုတ်လိမ်း၍ "အဖြူ,အဖြူ"ဟု စိတ်ထဲကမှတ်၍ ကြည့်ရှုရှု နိမိတ်ယူရာ၏။

ဤအဖြူကသိုဏ်းဌ-ဥဂ္ဂဟနိမိတ်ကား ပြင်ဘက် ပရိကမ္မနိမိတ်နှင့် တထပ်တည်းတူစွာ မျက်စိနှင့် မြင်သော အတိုင်းပင် ထင်၏၊ ပဋိဘာဂနိမိတ်မှာ ထိုဥဂ္ဂဟနိမိတ်ထက် အဆအရာမက ဖြူချောနုနယ် ပြောင်လင်းလျက် အလွန်နှစ်သက်ဖွယ် ဖြစ်၍ ထင်၏၊ အဖြူ ပရိကမ္မနိမိတ်ကို ကြည့်ရှုသောအခါ အပေါ်ရံ၌ ရေကဲ့သို့ လှုပ်ရှားအိအို အပေါ်ရောင်ရှိ၏၊ ထိုအပေါ်ရောင် အတွင်းက ပေါ်လာသော အဖြူထက်ပင် ပဋိဘာဂနိမိတ်က အဆများစွာ သာလွန်၍ ဖြူချောနုနယ် ပြောင်လင်းသေး၏၊ စျာန်ပေါ်ပုံမှာ ပထဝီမြေကသိုဏ်းနည်းအတိုင်း ပေါ်၏။

သြဒါတ - အဖြူကသိုဏ်း ပွားများအားထုတ်ပုံ ပြီး၏။

(၈၂) အာလောက-အလင်းကသိုဏ်း ပွားများအားထုတ်ပုံ

အာလောက-အလင်း ကသိုဏ်းနိမိတ် ဆိုသည်အား အမိုးပေါက်, နံရံပေါက်များမှ နေရောင်ဝင်လာ၍ အိမ်ခန်း ကျောင်းခန်းအတွင်း ကြမ်းပြင် နံရံများမှာ ထင်နေသော နေရောင်ကွက်ကို ဆိုသည်၊ ၊ထိုနေရောင်ကွက်ကို

"အလင်း, အလင်း" ဟု စိတ်ထဲကမှတ်၍ မျက်စိနှင့် မြင်သောအတိုင်း စိတ်ထဲ၌ စွဲကပ်ထင်မြင်၍ ပါလာအောင် ကြည့်ရှု၍ ယူရာ၏၊ ဤကဲ့သို့ နေရောင်ကွက် အလင်းက ကြာရှည်မခံ၍ ရအောင်မယူနိုင်လျှင် မှန်ကိုနေပူ၌ အခန်းတွင်းသို့ မျက်နှာလှည့်ပြထား၍ ထိုမှန်ရောင် အလင်းကွက်ကို ကြည့်၍ ယူရာ၏၊ ညဉ့်အခါ အခန်းတွင်း နံရံ၌ တပါးမှ လာစေ၍ ထင်လာသော မီးရောင် အလင်းကွက်ကိုသော်လည်း ကြည့်ရှု၍ ယူရာ၏။

ဤအလင်းကသိုဏ်း၌- ဥဂ္ဂဟနိမိတ်ကား အပြင်ဘက် ပရိကမ္မ နိမိတ်နှင့် တထပ်တည်းတူစွာ မျက်စိနှင့် မြင်သော အတိုင်းပင် ထင်၏၊ ပဋိဘာဂနိမိတ်မှာ ထိုဥဂ္ဂဟနိမိတ်ထက် သာလွန်၍ လင်းလျက် ထူးကဲစွာ တွေ့ခဲ၍ အရောင်လုံး အရောင်ခဲကြီးကဲ့သို့ ထင်၏၊ စျာန်ပေါ်ပုံမှာ ပထဝီမြေကသိုဏ်း နည်းအတိုင်း ပေါ်၏။

အာလောက-အလင်းကသိုဏ်း ပွားများ အားထုတ်ပုံ ပြီး၏။

(၉) အာကာသ-ကောင်းကင်ကသိုဏ်း ပွားများ အားထုတ်ပုံ

အာကာသ-ကောင်းကင်ကသိုဏ်းနိမိတ် ဆိုသည်ကား အမိုးပေါက်, နံရံပေါက် ပြတင်းပေါက်များကိုဆိုသည်၊ ကြည့်ရှုလိုသောအခါ ဝိုင်းဝိုင်းစက်စက် လှပစွာ ပဏာရအောင် အမိုးကိုဖြစ်စေ, နံရံကိုဖြစ်စေ မိမိအထွာဖြင့် ၂-ထွာ လောက် ဝိုင်းဝိုင်းစက်စက် အပေါက်ဖောက်၍ ထိုအပေါက်ကို "ကောင်းကင် ဟင်းလင်း, ကောင်းကင်ဟင်းလင်း" ဟု စိတ်ထဲက မှတ်၍ မျက်စိနှင့် မြင်သော အတိုင်း ဟင်းလင်းကောင်းကင်ကွက်ကို စိတ်ထဲ၌ စွဲကပ်ထင်မြင်၍ ပါလာ အောင် ကြည့်ရှု၍ ယူရာ၏။

[အစိုင်းမှသာမဟတ် လေးထောင့် ပြတင်းပေါက်ကိုလည်း ကြည့်ရှု ရပါ၏။ ယူရပါ၏၊ နိမိတ်ရသည့်သာ လိုရင်းတည်း။]

ဤကောင်းကင်ကသိုဏ်း၌-ဥဂ္ဂဟနိမိတ်ကား အမိုးစွန်း, နံရံစွန်းနှင့် တကွ ထင်၏၊ ပဋိဘာဂနိမိတ်မှာ အစွန်းပျောက်လျက် ကောင်းကင် ဟင်းလင်းကွက် သက်သက်ချည်း ထင်၏၊ စျာန်ပေါ်ပုံမှာ ပထဝီ မြေကသိုဏ်း နည်းအတိုင်း ပေါ်၏။

အာကာသ-ကောင်းကင်ကသိုဏ်း ပွားများ အားတုတ်ပုံ ပြီး၏။

[ဒုတိယအကြိမ်]

ကသိဏ ကမ္မဋ္ဌာန်း၌မှတ်ဖွယ်

ဝဏ္ဏ အဆင်းကသိုဏ်း၌—ကဏ္ဍ-မည်းနက်သောအဆင်း, ဟရိတ-စိမ်းသော အဆင်းတို့ကိုလည်း ကြည့်ရှု၍ နိမိတ်ရနိုင်၏၊ ဈာန်ရနိုင်၏၊ ကဏ္ဍကသိုဏ်း, ဟရိတကသိုဏ်းတို့ကို နီလကသိုဏ်းဟူ၍ပင် ခေါ်ဆိုရေတွက်အပ်၏။

ထိုနည်းတူ—

၁။ အဝါနှင့်နီးစပ်သော အလုံးစုံသော အဆင်း ကသိုဏ်းတို့ကို အဝါ ကသိုဏ်းဟူ၍ပင် ခေါ်ဆိုရေတွက်အပ်၏။

၂။ အနီနှင့်နီးစပ်သော အလုံးစုံသော အဆင်းတို့ကို အနီကသိုဏ်းဟူ၍ပင် ခေါ်ဆိုရေတွက်အပ်၏။

၃။ အဖြူနှင့်နီးစပ်သော မဲ့ပြာပြာ ပြာစိမ်းစိမ်းစသော အလုံးစုံသော အဆင်းတို့ကို အဖြူကသိုဏ်းဟူ၍ပင် ခေါ်ဆိုရေတွက်အပ်၏။

[လောက၌ မျက်စိဖြင့် မြင်မြင်သမျှ ကသိုဏ်းချည်းပင်တည်း၊ အရပ် ၁၀-မျက်နှာကို ဘယ်အရပ်ကိုပဲကြည့်ကြည့် ကသိုဏ်းချည်းပင် မြင်ရတော့၏၊ နိမိတ်ရအောင်သာ ကြည့်ရှု၍ ယူကြလေ။]

ကသိုဏ်းကို ကြည့်ရှု ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ကသိုဏ်း ၁၀-ပါးတို့တွင် မိမိစိတ် ချစ်ခင်နှစ်သက် တွယ်တာပုံရသော တခုခုသော ကသိုဏ်းကို ရှေးဦးစွာ ကြည့်ရှု၍ နိမိတ်ယူ၍ ဈာန် ၅-ပါးတို့ကို ဖြစ်စေရာ၏၊ ကသိုဏ်းနိမိတ် တခုကို ရသည်ရှိသော် ကြွင်းကသိုဏ်း နိမိတ်တို့ကို အလွယ်တကူ ဖြင့်ပင် ရရှိနိုင်တော့၏၊ ရှေးအတိတ်ကာလက အထုံဝသီ ပါရမီ အဓိကာရ မရှိသော ပကတိသော ပုဂ္ဂိုလ်မှာ ပထဝီ ကသိုဏ်းလည်း ခက်ခဲသည်၊ နိမိတ် ရခဲသည်၊ ဝါယောကသိုဏ်း, အာလောကကသိုဏ်းတို့လည်း ခက်သည်၊ နိမိတ် ရခဲသည်။

ရေကသိုဏ်း, မီးကသိုဏ်း, ကောင်းကင် ကသိုဏ်းတို့လည်း တော်တော် လွယ်၏၊ အလွယ်ဆုံးမှာ ဝဏ္ဏ-အဆင်းကသိုဏ်းတို့ သာ၍လွယ်၏၊ အလုပ်ရ, အကြည့်ရ လွယ်၏၊ နိမိတ်လည်း ရလွယ်၏။

ဤဝဏ္ဏအဆင်း ကသိုဏ်းတို့တွင်လည်း အာဒိကမ္မိက အဦးအစပူ ဂ္ဂိုလ်အား ထိန, မိဒ္ဓ ထိုင်းမှိုင်းခြင်းကို လျင်မြန်စွာ ကင်းကွာစေတတ်သော အလွန် စိတ်ဉာဏ်ကို ကြည်စေတတ်သော နိမိတ်မရခင် လမ်းခရီး၌ပင် အထည်ဝတ္ထု အဆင်းဟူသမျှကို အလိုရှိတိုင်း မြင်စေတတ်သော အလွန် တန်ခိုးအာနုဘော်

ကြီးသော ကသိုဏ်းတို့တွင် အမြတ်ဆုံး, အကောင်းဆုံး, အသာဆုံးဟူ၍ ဘုရားရှင် ဧတဒဂ်ထားတော်မူသော ဩဝါဒ—အဖြူကသိုဏ်းကို ရှေးဦးစွာ ပွားများခြင်းကို ငါတို့ လွန်စွာ နှစ်သက်၏။

ကသိုဏ်း ၁၀-ပါး ပွားများအားထုတ်ပုံ ပြီး၏။

၅-အသုဘကမ္မဋ္ဌာန်းကို ပြဆိုခန်း

(က) ဥဒ္ဓုမာတက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

အသုဘ ၁၀-ပါးတို့တွင်—

ဥဒ္ဓုမာတက အသုဘ—ဆိုသည်ကား သေပြီး၍ ညိုကွက်မလာခင် ဖူးဖူးရောင်သော လူသေကောင်ကို ဆိုသည်၊ ဥဒ္ဓုမာတက အသုဘကို ကြည့်ရှုပွားများလိုသော ဟောဒီပုဂ္ဂိုလ်တို့သည် ဖူးဖူးရောင်သော လူသေကောင်ကို ကသိုဏ်းနိမိတ် ယူဘိသကဲ့သို့ မျက်စိနှင့် မြင်သောအတိုင်း စိတ်ထဲ၌ စွဲကပ်ထင်မြင်၍ ပါ၍လာအောင် စက်ဆုပ်ဖွယ်သော အကောင်ပုပ်ဟု စိတ်ထဲက မှတ်၍ မျက်စိနှင့်ကြည့်၍ နိမိတ်ယူရာ၏။

ဤ ဥဒ္ဓုမာတက အသုဘ၌— ဥဂ္ဂဟ နိမိတ်ကား မျက်စိနှင့် မြင်သောအတိုင်းပင် စက်ဆုပ်ဖွယ် ကြောက်မက်ဖွယ်ကြီးအတိုင်းပင် ထင်၏၊ ပဋိဘာဂ နိမိတ်မှာ ကြောက်မက်ဖွယ် စက်ဆုပ်ဖွယ် မရှိ၊ အလွန် ချောမွန်လှပစွာ ပြည့်ဖြိုးစွာ နှစ်သက်ဖွယ်ဖြစ်၍ ထင်၏၊ ဤဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် ၂-ပါးကိုပင် စက်ဆုပ်ဖွယ်ဟု စိတ်ထား၍ နှလုံးသွင်း၍ ရှုအပ်၏၊ ကြည့်ရှုဖန်များသောအခါ ကသိုဏ်း၌ ဆိုခဲ့ပြီးသောအတိုင်း ပဌမစျာန် ဇောဝီထိ ကျလာ၏၊ ပဌမစျာန်ကို ရ၏။

[အာရုံကြမ်းထမ်းခြင်းကြောင့် အထက် ဒုတိယစျာန်ကိုကား မဖြစ်စေနိုင်၊ မရနိုင်၊ ကြွင်းအသုဘတို့လည်း ထိုနည်းတူ ပဌမစျာန်မျှကိုသာ ဖြစ်စေနိုင်ကြ၏။]

ဥဒ္ဓုမာတက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံပြီး၏။

(ခ) ဝိနီထက အသုဘကမ္မဋ္ဌာန်း ပွားများ အားထုတ်ပုံ

ဝိနီထက အသုဘ—ဆိုသည်ကား ပုပ်၍ ညိုနေသော ဖူးဖူးရောင်ပြီး၍ ကွဲပေါက်ခါနီး အညိုအနီ စသည်ရောလျက် အကွက် အကွက် ပေါ်ထ ပုပ်ရှိ

သော လူသေကောင် ပုပ်ကြီးကို ဆိုသည်၊ ဤ ဝိနီလက အသုဘကိုလည်း "ဝိနီလက ပုပ်၍ ညို၍နေသော သူကောင်"ဟု စိတ်ထဲကမှတ်လျက် ဥဒ္ဓုမာတက နည်းတူ နိမိတ်ယူရာ၏။

ဥဂ္ဂဟနိမိတ်ကား မျက်စိနှင့်မြင်သော အတိုင်းပင် စက်ဆုပ်ဖွယ် ကြောက်မက်ဖွယ် အခြင်းအရာအားဖြင့် ထင်၏၊ ပဋိဘာဂ နိမိတ်မှာ စက်ဆုပ်ဖွယ် ကြောက်မက်ဖွယ်မရှိ အလွန်ချောမွန် လှပစွာ နှစ်သက်ဖွယ် ဖြစ်၍ ထင်၏။

ဝိနီလက အသုဘကမ္မဋ္ဌာန်း ပွားများ အားထုတ်ပုံ ပြီး၏။

(ဂ) ဝိပုဗ္ဗက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

ဝိပုဗ္ဗက အသုဘ-ဆိုသည်ကား ပုပ်ရိပြီး၍ သွေးပြည်တို့ဖြင့် အက်ကွဲ ယိုကျ၍နေသော လူသေကောင် ပုပ်ကြီးကိုပင် ဆိုသည်၊ ဤဝိပုဗ္ဗကအသုဘ ကိုလည်း "စိပုဗ္ဗက-ပြည်ယို၍နေသော သူကောင်"ဟု စိတ်ထဲက မှတ်လျက် ရှေးနည်းတူ နိမိတ်ယူရာ၏၊ ဥဂ္ဂဟနိမိတ်ကား မျက်စိနှင့် မြင်သောအတိုင်း စက်ဆုပ်ဖွယ် ကြောက်မက်ဖွယ် အခြင်းအရာအားဖြင့် ထင်၏၊ ပဋိဘာဂ နိမိတ်မှာ စက်ဆုပ်ဖွယ် ကြောက်မက်ဖွယ် မရှိ၊ အလွန်ချောမွန် လှပစွာ နှစ်သက်ဖွယ်ဖြစ်၍ ထင်၏။

ဝိပုဗ္ဗက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

(ဃ) ဝိစ္ဆိဒ္ဒက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

ဝိစ္ဆိဒ္ဒက အသုဘ-ဟူသည်ကား ၂-ပိုင်း ပြတ်သော လူသေကောင်ကို ဆိုသည်၊ ဤ ဝိစ္ဆိဒ္ဒက အသုဘကိုလည်း ၂-ပိုင်းပြတ်ကို လက်တသစ်ခန့် ကွာခြားအောင် ပူးယှဉ်စပ်ဆက်၍ ထားပြီးလျှင် ဝိစ္ဆိဒ္ဒက-ဟု စိတ်ထဲက မှတ်လျက် ရှေးနည်းတူ နိမိတ်ယူရာ၏၊ ဥဂ္ဂဟနိမိတ်ကား မျက်စိနှင့်မြင်သော အတိုင်းပင် စက်ဆုပ်ကြောက်မက်ဖွယ် အခြင်းအရာ အားဖြင့် ၂-ပိုင်းပြတ် အတိုင်းပင် ထင်၏၊ ပဋိဘာဂနိမိတ်မှာ စက်ဆုပ်ကြောက်မက်ဖွယ်မရှိ အလွန် ချောမွန် လှပစွာ နှစ်သက်ဖွယ်တခုတည်း ဖြစ်၍ ထင်၏၊ အပြစ်မရှိ။

ဝိစ္ဆိဒ္ဒက အသုဘကမ္မဋ္ဌာန်း ပွားများ အားထုတ်ပုံပြီး၏။

[ဒုတိယအပြိုင်]

(c) ဝိက္ခာယိတက အသုဘကမ္ပဋ္ဌာန်း ပွားများအားထုတ်ပုံ

ဝိက္ခာယိတက အသုဘ ဆိုသည်ကား ကျီး, ခွေး, လင်းတ-စသည်တို့ ထိုးဆွ ကိုက်ခဲ၍ စားရာတွေ့ရှိသော လူသေကောင်ကို ဆိုသည်။

ဤ ဝိက္ခာယိတကကိုလည်း ဝိက္ခာယိတက-ဟု စိတ်ထဲက မှတ်လျက် ရှေးနည်းတူ နိမိတ်ယူရာ၏။

ဥဂ္ဂဟ နိမိတ်ကား ကိုက်ခဲဆိတ်ကုတ်ရာနှင့်တကွ ထင်၏၊ ပဋိဘာဂနိမိတ်မှာ ကိုက်ခဲဆိတ်ကုတ်ရာမရှိ ပြေပြစ် ချောမွန် လှပစွာ နှစ်သက်ဖွယ် ဖြစ်၍ထင်၏။

ဝိက္ခာယိတက အသုဘကမ္ပဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

(စ) ဝိက္ခိတ္တက အသုဘကမ္ပဋ္ဌာန်း ပွားများအားထုတ်ပုံ

ဝိက္ခိတ္တက အသုဘ-ဆိုသည်ကား ခြေတခြား, လက်တခြား, ကိုယ်တခြား ခေါင်းတခြားအား၊ဖြင့် တကွဲစီ တခြားစီ ပစ်လွှင့်၍ ထားအပ်သော လူသေကောင်ကို ဆိုသည်။

ဤဝိက္ခိတ္တကကိုလည်း တစပ်တည်း စုပုံယှဉ်ထား၍ ဝိက္ခိတ္တက-ဟု စိတ်ထဲက မှတ်လျက် ရှေးနည်းတူ နိမိတ်ယူရာ၏၊ ဥဂ္ဂဟနိမိတ်ကား မျက်စိနှင့်မြင်သော အတိုင်း အပိုင်းအပြတ် အတိုင်းပင် ထင်၏၊ ပဋိဘာဂနိမိတ်မှာ အပိုင်းအပြတ် အကွဲမရှိ တလုံးတည်း၊ တဆက်တည်း၊ တခုတည်းစပ်လျက် အလွန် နှစ်သက်ဖွယ်ဖြစ်၍ ထင်၏။

ဝိက္ခိတ္တက အသုဘကမ္ပဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

(ဆ) ဟတဝိက္ခိတ္တက အသုဘကမ္ပဋ္ဌာန်း ပွားများအားထုတ်ပုံ

ဟတဝိက္ခိတ္တက အသုဘ-ဆိုသည်ကား ခြေ, လက်, ကိုယ်, ခေါင်းတခြားစီ ဖြစ်လျက် ဓားရာချက်း ရှုပ်အောင် မွန်း၍ အကွဲစီ တခြားစီ ပစ်လွှင့်၍ ထားအပ်သော လူသေကောင်ကိုပင် ဆိုသည်။

ဤဟတဝိက္ခိတ္တကသည် ဝိက္ခိတ္တကနှင့်တူ၏၊ ဓားမွန်းရာပို၍ ဟတဝိက္ခိတ္တက ဟု စိတ်ထားမှု, မှတ်မှု, ပဋိဘာဂ နိမိတ်၌ အရာအဆာ မပါရှိမှုမျှသာ ထူးတော့၏။

ဝိက္ခာယိတက အသုတကမ္ပဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

[ဒုတိယအကြိမ်]

(၈) လောဟိတက အသုဘ ကမ္မဋ္ဌာန်းပွားများအားထုတ်ပုံ

လောဟိတက အသုဘ—ဆိုသည်ကား ထိုမှ ဤမှ သွေးယိုထွက်၍ ကိုယ်၌ အနှံ့အပြား သွေးလိမ်းကျံ၍ နေသော လူသေကောင်ကို ဆိုသည်။

ဤလောဟိတကကိုလည်း "လောဟိတက"ဟု စိတ်ထဲကမူတ်လျက် ရှေးနည်းတူ နိမိတ်ယူရာ၏၊ ဥဂ္ဂဟနိမိတ်ကား မျက်စိနှင့်မြင်သောအတိုင်းပင် အရာအဆာနှင့်ဘက္ခ စက်ဆုပ်ကြောက်မက်ဖွယ် အခြင်းအရာအားဖြင့် ထင်၏။

ပဋိဘာဂနိမိတ်မှာ အရာအဆာမရှိ၊ စက်ဆုပ် ကြောက်မက်ဖွယ် မရှိ၊ လှုပချောမောစွာ ကမ္မလာနီ လွှမ်းခြုံ၍ထားဘိသကဲ့သို့ အလွန်နှစ်သက်ဖွယ် ဖြစ်၍ထင်၏။

လောဟိတက အသုဘကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

(၈၂) ပုဋ္ဌဝက အသုဘ ကမ္မဋ္ဌာန်း ပွားများအားတုတ်ပုံ

ပုဋ္ဌဝက အသုဘ—ဆိုသည်ကား ပိုးလောက်တွေ့ ကျိုကျိုတက် ရှရှတက် ပြည့်၍နေသော သူကောင်ပုပ်ကို ဆိုသည်။

ဤပုဋ္ဌဝကကိုလည်း "ပုဋ္ဌဝက"ဟု စိတ်ထဲက မူတ်လျက် ရှေးနည်းတူ နိမိတ်ယူရာ၏၊ ဥဂ္ဂဟနိမိတ်ကား မျက်စိနှင့်မြင်သောအတိုင်းပင် အလွန် စက်ဆုပ်ဖွယ်ဖြစ်လျက် အကောင်ပုပ်နှင့်တကွ ပိုးလောက်တွေ့ ကျိုကျိုတက် သွားလာလှုပ်ရှားနေပုံ အခြင်းအရာအားဖြင့် ထင်၏၊ ပဋိဘာဂနိမိတ်မှာ စက်ဆုပ်ဖွယ်မရှိ၊ ဖြူစွာသော ထမင်းလုံး, ထမင်းခဲတို့ဖြင့် ရောပြွမ်း၍ နေဘိသကဲ့သို့ ပိုးလောက်တွေ့ ငြိမ်သက်စွာတည်လျက် နှစ်သက်ဖွယ်ဖြစ်၍ ထင်၏၊ ပိုးလောက်နည်းမှ, မျှားမှုအားလျော့စွာ ထင်မှုကို မူတ်အပ်၏။

ပုဋ္ဌဝက အသုဘ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

(ည) အဋ္ဌိက အသုဘ ကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

အဋ္ဌိက အသုဘ=ဆိုသည်ကား လူသေကောင်၏ အရိုးကို ဆိုသည်။

ဤအရိုးသည်—

၁။ အကြောဆက်မပြုတ်သေး၊ အသွေးအသား အကတ်အသတ် ကျန်ရှိသေးသော အရိုး,

၂။ အသားမရှိ အသွေးဖြင့်သာ လိမ်းကျံလျက် အဆက်မပြုတ်သေးသော အရိုး,

၃။ အသွေးအသားမရှိ အဆက်မပြုတ်သေးသောအရိုး,

၄။ အကြောဆက်တို့ ပြုတ်ပြီး၍ တက္ခဲတခြားစီ နေသောအရိုး,

ဟူ၍ ၄-ပါးသော အရိုးတို့တွင် ရရာအရိုးကိုပင် ကြည့်ရှုရာ၏၊ တက္ခဲတခြားစီနေသော အရိုးတို့ကိုကား စု၍ရလျှင် ပေါင်းစုယှဉ်ထား၍ ကြည့်ရာ၏၊ ရသမျှပင် ကြည့်ရာ၏၊ တခုတည်း တချောင်းတည်းကိုပင်လည်း ကြည့်ရှုရာ၏၊ စက်ဆုပ်ဖွယ်သော အရိုးစု, အရိုးစုဟု စက်ဆုပ်ဖွယ်အနေ စိတ်ထား၍ ကသိုဏ်း နိမိတ်ယူဘိသကဲ့သို့ စိတ်ထဲ၌ စွဲကပ်ထင်မြင်၍ ပါ၍လာအောင် ကြည့်ရှုရာ၏၊ ကြည့်ရှု၍ နိမိတ်ယူရာ၏။

ဤအဋ္ဌိက၌–ဥဂ္ဂဟနိမိတ်ကား မျက်စိနှင့်မြင်သော အတိုင်းပင်, စက်ဆုပ်ဖွယ် အခြင်းအရာ အတိုင်းပင်ထင်၏၊ ပဋိဘာဂနိမိတ်မှာ ပြေပြစ် ချောမောလှပစွာ နှစ်သက်ဖွယ်ဖြစ်၍ ထင်၏။

အဋ္ဌိက အသုဘကမ္ပဋ္ဌာန်း ပွားများအားထုတ်ပုံ ပြီး၏။

အသုဘကမ္ပဋ္ဌာန်း၌ မှတ်ဖွယ်

အသုဘ ၁၀-ပါးတို့တွင် အကောင်အထည် မပျက်သေးသော အသုဘကောင်ကို ကြည့်ရှုရာ၌ နိမိတ်ထင်ခါနီးအခါ၌ လူသေကောင်ကြီး ထလာဘိသကဲ့သို့, ထ၍ မိမိထံကို လှမ်းမိုး၍ လိုက်လာဘိသကဲ့သို့ ကြောက်အားကြီးသဖြင့် စိတ်ထဲမှာ ထင်တတ်၏။

ထိုအခါ ကြောက်လန့်၍ နှလုံးသွေးများ ပျက်မတတ် ရူးသွပ်တတ်သည်၊ ကြပ်ကြပ်သတိပြုအပ်၏၊ အဝိညာဏကဖြစ်သော သစ်ပင် သစ်တုံးသည် ထ-မလိုက်လာနိုင်ဘိ သကဲ့သို့ "အသက်ဝိညာဏ် ကင်းပြီးသော ဤလူသေကောင်သည် အဘယ်မှာ ထ-လိုက်နိုင်လိမ့်မည်နည်း"၊ ဤကဲ့သို့ ထင်မှုသည် မောင်မင်း စိတ်ရင့်သန့်၍ နိမိတ်ရခါနီးမို့ ထင်ခြင်းသာတည်း၊ မကြောက်လင့်-ဟု မိမိကိုယ်ကို မိမိဆုံးမ၍ ကြောက်ခြင်းကင်းစေ၍ နှစ်သက် ဝမ်းမြောက်စွာ ကြည့်ရှုရာ၏၊ အကောင်အထည် အရေပါ မစုတ်သေး မပျက်သေးလျှင် ဖုတ်ဝင်၍ ဖြစ်နိုင်သေး၏၊ စုတ်ပျက်ချို့ယွင်းနေလျှင် ဖုတ်ဝင်၍ မဖြစ်၊ အကယ်၍ ဖုတ်ဝင်၍ ထလာခဲ့လျှင် တောင်ဝှေးဖြင့် တွန်းထိုး၍ လှဲအပ်၏၊ ပရိတ်မန္တန်

ဖြင့်သော်လည်း လှဲအပ်၏၊ တယောက်တည်း အသုဘရှု သွားသောသူသည် တောင်ဝှေးပရိတ် စသည် ကောင်းမွန်စွာ ဆောင်အပ်၏၊ ယတိကောင်းကောင်း ထားအပ်၏။

ကသိုဏ်းအာရုံတို့သည်ကား—လှမှု, နှစ်သက်ဖွယ်မှု အတွက်နှင့် စိတ်တွယ်ဖို့ အာရုံတို့တည်း၊ ဤအသုဘ အာရုံတို့ကား ကြောက်မှု, ရွံမှုအတွက်နှင့် စိတ်တွယ်ဖို့ အာရုံတို့တည်း၊ အရပ်ထဲ၌ တစ္ဆေ, မသာကို အလွန်ကြောက်တတ်ရွံတတ်သော အချို့သော သူတို့အား မလွှဲသာ၍ မသာလောင်းများကို ကိုင်ရလျှင် မသာလောင်းကောင်ကြီး စိတ်ထဲ၌ စွဲကပ်ထင်မြင်၍ ပါ၍နေ၏၊ ညဉ့်အိပ်လျှင်လည်း စောင်း၍ အိပ်လျှင် မသာလောင်းကောင်ကြီး နံဘေးက မြောင်လျက်, ပက်လက်အိပ်လျှင် မသာလောင်းကောင်ကြီး အပေါ်က မိုးလျက်သာ နေတော့၏၊ အိပ်၍မဖြစ် လူအများ ဝိုင်းဖက်၍ထားမှ အကြောက်သက်သာရာရ၍ အိပ်ဖျော်တော့၏။

ဤလိုထင်မှုမှာ ဥဒ္ဓုမာတက အသုဘ ဥဂ္ဂဟနိမိတ် ထင်မှုဟုမှတ်၊ အသုံးမချတတ်၍ ကြောက်မက်ဖွယ် ဘေးဒုက္ခကြီး ဖြစ်သည် အသုံးချတတ်သော ယောဂီပုဂ္ဂိုလ်မှာကား ဤကဲ့သို့ထင်လျှင် ပတ္တမြားတုံးကြီးကို ရဘိသကဲ့သို့ အလွန်နှစ်သက်ဖွယ် ချမ်းသာသုခကြီး ဖြစ်၏၊ ဤကဲ့သို့ ထင်မြင်မှသာ ဥဂ္ဂဟနိမိတ်ထင်သည်ဟု မှတ်ရမည်၊ မသာလောင်းကောင် ထားတဲ့ ရှိတဲ့ နေရာမှာ စိတ်ထဲကလှမ်း၍ သိသည်ကိုလည်း ဥဂ္ဂဟနိမိတ် ထင်သည်ဟု မမှတ်ကြနှင့်၊ ဤကဲ့သို့ သိသည်ကို မြင်သည်ဟု မှတ်-မှတ်နေတတ်သည်။

[အဋ္ဌိက အရိုးစုကိုရှုတဲ့သူတွေ မထင်မြင်ပဲနှင့်သိသည်ကို ထင်မြင်သည်ဟု ဆရာတော်ထံသို့ လျှောက်လာကြဘာတွေ လူရော ရဟန်းရော အပုံကြီးများပြီ။]

(က) ထိုသို့ လျှောက်လာသောအခါ တကယ်အမှန် မြင်လျှင် ကိုယ့်အိပ်ရာ နား၌ တိုတိုထွာထွာ တိုလီမိုလီတွေကို လှမ်း၍ကြည့်စမ်း မြင်ရဲ့လားဟု မေးရာ မြင်၏ဟု ဖလျှောက်၏။

(ခ) ကိုယ်ကြည့်ရှုရှ၍ ထားခဲ့သော စာအုပ်စာလုံး မျက်နှာ နံပါတ်ကိုကော သည်ကလှမ်း၍ ကြည့်စမ်း မြင်ရဲ့လားဟု မေးရာ မြင်၏ဟုလျှောက်၏။

(ဂ) တကယ်အမှန် မြင်လျှင် ဖတ်စမ်းခိုင်းရာ မဖတ်နိုင်ဘူး-ဟု လျှောက်၏။

(ဃ) ထိုနည်းတူ လက်ဝါးကို မျောက်စေ၍ လက်ဝါးကို ကြည့်စမ်း မြင်ရဲ့လားဟု မေးရာ မြင်၏ဟု လျှောက်၏။

[ရုတိယဘာကြိမ်]

(c) တကယ် အမှန်မြင်လျှင် လက္ခဏာကြောင်းကို ရေတွက်၍ ပြစမ်းဘယ်နှစ်ခု ရှိသနည်းဟု မေးလျှင် မပြတတ်ဘူးဟု လျှောက်၏ သင်တို့မြင်တယ်ဆိုတာ မြင်တာမဟုတ်သေးဘူး၊ သိတာတည်း-ဟု သိမှု, မြင်မှုတို့ကို ကွဲအောင်ခွဲ၍ ပေးရဖူးလှလေပြီ။

ဤ အသုဘ နိမိတ်ကား ကြောက်မှ ရွံ့မှထင်၏၊ ကြပ်ကြပ် ကြောက်တတ် ရွံ့တတ်လျှင် ကြပ်ကြပ်ထင်လွယ်၏၊ မကြောက်တတ် မရွံ့တတ်သော သင်္ချိုင်းစောင့်, စဏ္ဍာလ, အသုဘရာဇာတို့မှာကား မထင်တော့ပြီ။

ထို့ကြောင့် နိမိတ်ယူသော ပုဂ္ဂိုလ်သည် သင်္ချိုင်းစောင့်, စဏ္ဍာလ, အသုဘရာဇာတို့လို လက်နှင့်မကိုင်အပ် အကျွမ်းမဝင်အပ်၊ နေရာ ရွှေ့လို ပေါင်းစုလိုလျှင် သူတပါးကို ခိုင်းအပ်၏၊ ခိုင်းစရာလူမရှိလျှင် တောင်ဝှေးဖြင့် ကော်ယူ၍ ရွှေ့အပ် ပေါင်းစုအပ်၏။

ဤအသုဘ ၁၀-ပါးတို့သည်လူသေကောင်မှ မဟုတ်၊ တိရစ္ဆာန်သေကောင် အသုဘတို့ကိုလည်း ကြည့်ရှု၍ နိမိတ်ဈာန် ရနိုင်၏။

ပုဋ္ဌဝကမှာ ပိုးလောက်ချည်းသက်သက် စုဝေး၍ နေသည်ကိုလည်း ကြည့်ရှု၍ နိမိတ်ဈာန်ရနိုင်၏၊ ကုဋ္ဌိတွင်း, အိမ်သာတွင်း မစင်ပုံ စသည်တို့မှာလည်း ပိုးလောက်အစု ပုဋ္ဌဝက အသုဘကြည့်ရှု၍ ရနိုင်၏။

၁။ အသေကောင်မှ မဟုတ်၊ အရှင်ကောင်မှာလည်း ရောင်ဖော၍ နေသောအခါ ဥဒ္ဓုမာတက,

၂။ အနာများစွာပေါက်၍ သွေးပြည်ယို၍ လူးလဲ၍ နေသောအခါ ဝိပုဗ္ဗက,

၃။ လက်ခြေပြတ်သောအခါမှာ ဝိစ္ဆိဒ္ဒက,

၄။ ဓားဖြတ်ခြင်း စသည်ကြောင့် သွေးများစွာ ယိုထွက် လူးလဲ၍ နေသောအခါ လောဟိတက,

၅။ အခါခပ်သိမ်း အဋ္ဌိက အသုဘတို့ကို ရနိုင်၏။

ဤ အသုဘ ၁၀-ပါးတို့တွင် ကြပ်ကြပ် ကြောက်မက်ဖွယ် ကောင်းသော အသုဘကို နိမိတ်ယူ၍ ရလွယ်၏၊ အဋ္ဌိကမှာလည်း ပြင်ဖက်အဋ္ဌိကကို နိမိတ်ယူ၍ ရလွယ်၏၊ မိမိကိုယ်တွင်း အဋ္ဌိကကိုကား ရခဲ၏၊ မိမိကိုယ်တွင်း အဋ္ဌိကကို ရအောင်ယူနိုင်မှုကား အလွန်ကောင်း၏၊ ဈာန်, မဂ် ၂-ပါးလုံး အလွယ်နှင့် ရနိုင်တော့၏။

[ဒုတိယအကြိမ်]

အသုဘ ၁၀-ပါးတို့ကို အသုဘအနေနှင့် ထင်အောင် စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းမှ စိတ်ထားမှ ရှုယူမှ ပဌမစျာန်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် အထက်ဒုတိယစျာန် စသည်တို့ကို တက်လိုသောအခါ ထို မိမိရသော အသုဘ နိမိတ်၌ အညို့, အဝါ, အနီ, အပြူ အဆင်းတခုခု ပါရှိလတ္တံ့၊ ထိုအဆင်းတို့ကို "အညို့-အညိုဟု, အဝါ-အဝါဟု, အနီ-အနီဟု, အပြူ-အပြူ"ဟု နှလုံးသွင်းမှ ဝဏ္ဏကသိုဏ်း ဖြစ်အောင် ရှုမှ တက်ရာ၏။

အသုဘအခါမှာ နိမိတ်ကိုကြီးဖောင် မပွားအပ်၊ ကသိုဏ်းဖြစ်သော အခါကျလျှင်ကား နိမိတ်ကိုလည်း ကြီးအောင်ပွားအပ်၏။

အသုဘရှုဌာန်-

၁။ ရေးသားပြဆိုခဲ့ပြီးသော နည်းလမ်းအတိုင်း နိမိတ်ရအောင် စျာန်ပေါ်အောင် ရှုမှုဟူသော သမထရှုနည်းတမျိုး၊

၂။ ထို အသုဘဝတ္ထုတို့ကို တွေ့မြင် သောအခါနိမိတ်ရအောင် ကသိုဏ်း ကြည့်မကြည့်ပဲ ဤသူဃည် မမြဲပါပဲကလား၊ ဤကဲ့သို့ဖြစ်၍ သွားပါကလား၊ ငါသည်လည်း ဤသူကဲ့သို့ပင် မမြဲပြီ၊ သေရလတ္တံ့ ဤကဲ့သို့ဖြစ်လတ္တံ့-ဟု အနိစ္စရှုမှု၊

ဤသူသည် ဤကဲ့သို့ မတင့်မတယ် စက်ဆုပ်ဖွယ်ပါကလား၊ မကောင်းဖွယ်ပါကလား၊ ငါသည်လည်း ဤသူကဲ့သို့ပင် မတင့်မတယ် စက်ဆုပ်ဖွယ်တည်း၊ မကောင်းဖွယ်တည်း-ဟု ဒုက္ခရှုမှု၊

ဤသူသည် ဘာမှ မလှုပ်ရှားတတ် အသက်မရှိ၊ မြက်မှိုက်ထင်းခြောင်းတို့နှင့် သာ တထပ်တည်း တူသော အဖြစ်သို့ ရောက်လတ္တံ့၊ ယခုလည်း တူသည်ပင် တည်း-ဟု အနတ္တရှုမှု ဟူသော ဝိပဿနာ ရှုနည်း တမျိုး အား ဖြင့် ၂-မျိုး ၂-စား ၂-ပါးရှိ၏။

ထိုတွင်-

သမထနည်း ရှုသောသူမှာ-ယောဂျားအား မိန်းမအသုဘ၊ မိန်းမအား ယောဂျားအသုဘ ဟူသော ဝိသဘာဂ အသုဘ အာရုံသည်လည်းကောင်း၊ အင်္ဂါကြီးငယ် အသွင်သဏ္ဌာန် မပျက်စီးသေးသော အသုဘအာရုံသည် လည်းကောင်း မလျှောက်ပတ်၊ မရှုအပ်၊ တပ်မက်ခြင်း ရာဂဖြစ်၍ လာတတ်၏၊ နိမိတ်မရခင်လည်း ဖြစ်လာတတ်၏၊ နိမိတ်ရပြီး၍ အကယ်၍ ဥဂ္ဂဟနိမိတ်၌ မဖြစ်လာသော်လည်း ပဋိဘာဂ နိမိတ်ကျလျှင် ရာဂ ဖြစ်ပေါ်လာတတ်၏၊

ဝိပဿနာနည်း ရှုသောသူမှာကား-ဝိသဘာဝ အသုဘ အာရုံသည် အထူး သာလွန်၍ လျှောက်ပတ်၏၊ ဝိသဘာဝ အသုဘကိုပင် တမင်ရှာ၍ ရှုအပ်၏၊ ရှုထု၏။

ထို့ကြောင့်ပင်လျှင်-

ဘုရားရှင်သည် ရာဂစရိုက် လွန်စွာ အားကြီးသဖြင့် ဝိပဿနာနည်း အသုဘရှုသော ကုလ္လမထေရ်အား မာတုဂါမ မိန်းမ အသေကောင်ကိုပင် တမင်ဖန်ဆင်း၍ ပေးတော်မူသည်။

ရင်းပြင် ပြည့်တန်ဆာမ သီရိမာကို ချစ်ကြိုက်၍ မစားနိုင် မသောက်နိုင် တထွေထွေ ကြံမိုင်၍နေသော ရဟန်း ကလေး ကို လည်း ထို သီရိမာ၏ အလောင်း အသုဘကိုပင် ပြ၍ မဂ်, ဖိုလ် တရားထူးကို ရစေတော်မူသည်။

အသုဘကမ္ဘာန်း၌ မှတ်ဖွယ်ပြီး၏။

၆-အနုဿတိကမ္ဘာန်းကို ပြဆိုခန်း

(က) ဗုဒ္ဓါနုဿတိ ကမ္ဘာန်း ပွားများအားထုတ်ပုံ

အနုဿတိ ၁၀-ပါးတို့တွင်-

ဗုဒ္ဓါနုဿတိဟူသည်ကား-ဘုရားရှင်၏ ဂုဏ်ကျေးဇူ တိုကို အာရုံတလဲလဲ အောက်မေ့သော သတိကို ဆိုသည်။

ဗုဒ္ဓါနုဿတိကို ပွားများ အားထုတ်လိုသော ယောဂီ ပုဂ္ဂိုလ်သည် ဘုရားရှင်၏ ဂုဏ်တော်တို့ကို အကျဉ်းနည်း, အကျယ်နည်း မိမိ၏ သဒ္ဓါ အား၊ ပညာအား၊ ဉာဏ်အားလျှော်စွာ နှုတ်ဝယ် အရကျက်ဆောင်မှတ်သား ပြီးခါ ပွားများ အားထုတ်ရမည်။

အကျဉ်းပွားများပုံ

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။

[ဒုတိယစာကြောင်း]

အနက်

၁။ သော ဘဂဝါ၊ ထို အကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်၊ ဣတိပိ ဤသို့လျှင် ဗြဟ္မာ နက် လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံထိုက်ကြောင်း ဖြစ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿန ဂုဏ်တို့နှင့် ပြည့်စုံတော်မူပေသောကြောင့်လည်း။ အရဟံ၊ **အရဟ မည်တော်မူပေ၏။**

၂။ ဣတိပိ၊ ဤသို့လျှင် သစ္စာ ဥေယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရှေဘုဏ်ဖြင့် အမှန်ထိုးထွင်း အလင်း သိမြင်တော်မူပေသောကြောင့် လည်း။ **သမ္မာသမ္မုဒ္ဓေါ၊ သမ္မာသမ္မုဒ္ဓ မည်တော်မူပေ၏။**

၃။ ဣတိပိ၊ ဤသို့လျှင် စရဏအပြား ၁၅-တည့် ၃-ပါး ဂ-ဖြာ ဉာဏ်ဝိဇ္ဇာတို့နှင့် ကောင်းစွာ ပြည့်စုံတော်မူပေသောကြောင့်လည်း။ **ဝိဇ္ဇာ စရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပေ၏။**

၄။ ဣတိပိ၊ ဤသို့လျှင် သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ မကပ်ငြိပဲ မဇ္ဈိမပဋိပတ် ကောင်းမြတ်ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ရွှေနန်းပုရီ ဘေးမဲ့ပြည်သို့ ကြွချီဆိုက် ရောက်တော်မူပေသောကြောင့်လည်း သုဂတော၊ **သုဂတ မည်တော်မူပေ၏၊**

၅။ ဣတိပိ၊ ဤသို့လျှင် ကာမ,ရူပ, အရူပဟု လောကအပြင် ဘုံတခွင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော်မူပေသော ကြောင့်လည်း။ **လောကဝိဒူ၊ လောကဝိဒူ မည်တော်မူပေ၏။**

၆။ ဣတိပိ၊ ဤသို့လျှင် ဇာတိမာန်, ပုညမာန်, ဂုဏ်မာန်, ဗလမာန်, ဣဒ္ဓိမာန်, ပညာမာန်တို့ဖြင့် မိုးစွန်ကြွားကြွား ဝါတကားဟု ကြုံးဝါးခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ အဂ်ုလိမာလ သစ္စကနှင့် ဗကဗြဟ္မာ သတ္တဝါတို့ကို ဒေသနာသံ ဆိပ်အန်ငြိမ်းဆေး အမြန်ပေး၍ ယဉ်ကျေးအောင်ပြု ဆုံးမမှုဝယ် အတုမရှိ လွှန်ကဲဘိသောကြောင်လည်း။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ **အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူပေ၏။**

၇။ ဣတိပိ၊ ဤသို့လျှင် လူ နတ် ဗြဟ္မာ သတ္တဝါအများ သောင်းတို့က် သားတို့၏ ဝပ်တွားရှိပြောင်း ညွှတ်ညောင်းခယ ဆုံးမခံရာ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်ပေသောကြောင့်လည်း။ သတ္ထာ ဒေဝမနုဿာနံ၊ **သတ္ထာ ဒေဝမနုဿာန မည်တော်မူ၏။**

[ဒုတိယအကြိမ်]

၈။ ဣတိပိ၊ ဤသို့လျှင် သစ္စာလေးရပ် တရားမြတ်ကို လူ နတ် အမျိုးသီထင်ရှားအောင် ဟောကြားထုတ်ဖော် သိစေတော် မူပေသောကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူပေ၏။

၉။ ဣတိပိ၊ ဤသို့လျှင် ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ, တန်ခိုးတော်အနန္တ ကြီးမြတ်လှ၍ လောကသုံးပါး လူအမျိုးတို့ လေးစားဂရု ခြီးပမူကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူပေ၏။

[ဘုရားရှိခိုးပြုလုပ်လိုလျှင်- တံ၊ ထို အရဟံ အစ ဘဂဝါအဆုံး ဘဝဂ် ချုန်းမျှ ဘုန်းတော်ကြီးမား ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူခသော မြတ်စွာသုရားကို အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏-ဟု ဆိုခလေ။]

တနည်းအကျဉ်းပွားနည်း

၁။ ဣတိပိ သော ဘဂဝါ အရဟံ

အနက်။ ။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဝါ၊ အသမ္ဘိန္နေ ခတ္တိယဟု သမ္မတမင်းရိုး အမျိုးသာကို ပြည်ဂေါမ္ဗိမှ လေးလီနိမိတ် သံဝေစိတ်ကြောင့် တောရိပ်ခိုစံ ကျင့်ခြိုးခြံလျက် မြလျှံရွက်စိပ် ရွှေညောင်ရိပ်ဝယ် ဖိတ်ဖိတ်ရောင်ရှင် ရွှေပလွင်ထက် ငါးအင်မာရ်စစ် ရန်အညစ်ကို ခေတ်ဇာတိလုံး ပဲတင်ချုန်းလျက် ဘုန်းဖြင့်လွယ်ကူ အောင်တော်မူ၍ လူမင်းတကာခတို့၏ ဥက္ကင် နတ်မင်းတကာတို့၏မကိုင် အမြိုက် ခေါင်ဖျား သောင်းတိုက်သားတို့၏ ပတ္တမြားမျက်ရှင်ကြီးတဆူ ဖြစ်တော်မူပေသော ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင်တည် ရှိရှင်မြတ်နိုး တကြိုင်ပျိုးကကောင်းကျိုးအသခ်ေ့ ပေးနိုင်ပေ၍ မြေမှအထက် ဘဝဂ်တိုင်မြောက် နယ်တလျောက်ဝယ် တယောက်သသူ ဖက်မပြူသည် အလှူခံမြတ်ကြီး ဖြစ်တော်မူပေသောကြောင့်လည်း။ အရဟံ၊ **အရဟာဟု** သည်ဘပ္ပံ့ ပျူး ဂုဏ်ကျေးဇူးဖြင့် အထူးပွင့်လင်း ဘဝဂ်ထွင်းအောင် သတင်းကြီးမြတ်တော်မူပေ၏။

၂။ ဣတိပိ သော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ

အနက်။ ။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့လျှင်တည် လေးအင်သစ္စာ နက်နဲစွာဖြင့် ငါးပြာဥေ ယျ ဓမ္မအပြား အကျဉ်းအားတည် ကျယ်ပွားအနန္တရှိသမျှကို တစမကြွင်း အလင်းကုန်စင် ရှိတိုင်းမြင်သည် သဗ္ဗညုတ ဘုရာ့လက်သုံး ဉာဏ်စက်ဘုန်းကို နှလုံးတော်၌ အလံ

စိုက်လျက် အမိုက်ခပ်သိမ်း ပျောက်ငြိမ်းလွင့်စင့် အကုန်မြင်သော ပညာရှိ အတွတ် တမ္ဘတ်ခေါင်ဖျား ဖြစ်ပေပြီးသောကြောင့်လည်း။ သမ္မာသမ္ဗုद्ध၊ သမ္မာသမ္ဗုद्ध၏ နာမအမည် ဂုဏ်တံခွန်ကို မိုးစွန်စွင့်စွင့် ဘဝက်မြင့်အောင် ဖြန့်လွင့်စိုက်ထူ ကြီးမြတ်တော်မူပေ၏။

၃။ ဣတိပိ သော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော

အနက်။ ။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် တည့် အယဉ်ထန်စွာ သံသရာဟု မှဟာအဏ္ဏဝ အနန္တလျှင် ဆုံးဆမရှိ နက်ကျယ်ဘိကို အငြိုမစွန်း ကောင်းကင်လမ်းဖြင့် ကမ်းထိုမှာဘက် နိဗ္ဗာန်ချက်သို့ ပျံ့တက်ကျော်လွှား အလွယ်အားဖြင့် သွားရန်အပေါင် အတောင်အလက် အချက်အင်္ဂါ မှန်လှစွာသည် သိက္ခာသီလ ထိုမှစ၍ စရဏအပြား ၁၅-တည့် ၃-ပါး ၈-ဖြာ ဉာဏ်ပညာဟု ဝိဇ္ဇာအသင်း အမိုက်ကင်း၍ အလင်းသိမ္ဘတရားစုကို တခုမ ကျန် အတန်တန်လျှင် ပြည့်လျှံမောက်ဖြိုး အမျိုးမျိုးကို အစိုးရတော်မူခြင်း တည်းဟူသော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န-ဟု နာမအမည် ဂုဏ်တံခွန်ကို မိုးစွန်စွင့်စွင့် ဘဝက်မြင့်အောင် ဖြန့်လွင့်စိုက်ထူ ကြီးမြတ်တော်မူပေ၏။

၄။ ဣတိပိ သော ဘဂဝါ သုဂတော

အနက်။ ။သော သဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် တည့် ဒီပင်္ကရ သမ္မာသမ္ဗုद्ध ဘုရာ့ဗျာ့ဒီတ် ရှေတံဆိပ်ကို ခပ်နှိပ်ကြည်ဖြူ ခံတော်မူ၍ လူတွင်ထင်ရှား ဘုရားစင်စစ် ဖြစ်သည် တိုင်ရောက် အမြင်မှောက်သည် ၆၂-ခန်း ဒိဋ္ဌိလမ်းမှ မသန်းမင်္ဂေ ပဂတေဖြင့် အလေ့ဖြူစင် အမြင်ဖြောင့်မှတ် အကျင့်မြတ်လျက် လူနတ်ဗြဟ္မာ သတ္တဝါ၏ ချမ်းသာစီးပွားမျှားရန်အကြောင်း အစုပေါင်းလျက် ကောင်းစွာလာပေသောကြောင့်လည်း။ သုဂတော၊ သုဂတ-ဟု နာမ္ပအမော် အမည်တော်ဖြင့် ထင်ပေါ်ကျော်စောတော်မူပေ၏။

၅။ ဣတိပိ သော ဘဂဝါ လောကဝိဒူ

အနက်။ ။သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ဤသို့လျှင်တည့် လူ့ခွင်နတ်ရွာ ဗြဟ္မာ ၂၀-အပါယ်လေးရပ် သတ်မှတ်ပိုင်းခြား ဖီလာအားဖြင့် ကျယ်ပွားသမျှ အနန္တတွင် လောကအချက် အဆက်ဆက်လျှင် ဖြစ်ပျက်

ပွားဆုတ် မြတ်ယုတ်ဆိုးကောင်း အကြောင်းကြောင်းကို ကောင်းစွာပိုင်ပိုင် သိစွမ်းနိုင်သော သဘော သတ္တိကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ ဟူသော နာမအမော် အမည်တော်ဖြင့် ထင်ပေါ်ကျော်စောတော်မူပေ၏။

၆။ ဣတိပိ သော ဘဂဝါ အနုတ္တရော ပုရိသဒမ္မသာရထိ

အနက်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဣတိပိ၊ ဤသို့လျှင်တည့် သုံးခွင်ဘုံနေ အထွေထွေလျှင် ကိလေသာဟိတ် အဆိပ် ပြင်းထန် အကင်းသန်လျက် မာန်တလူလူ အလံထူသည့် လူအရပ်ရပ်. နတ်အဖြာဖြာ ဗြဟ္မာအစားစား နဂါးအဖုံဖုံ ဂဠုန်အမျိုးမျိုး ဆိုးဆိုးသွမ်းသွမ်း ကြမ်းကြုတ်သမျှ ဝေနေယျတို့ကို ဗုဒ္ဓမန္တန် ဆိပ်အန်ငြိမ်ဆေး ထိုက်ရာပေးရ၍ ယဉ်ကျေးစေမှု အစုစုဌ် အတုမရ အဖက်မရ ကြီးမြတ်တော်မူလှသောကြောင့်လည်း။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ-ဟူသော နာမအမော် အမည်တော်ဖြင့် ထင်ပေါ်ကျော်စောတော်မူပေ၏။

၇။ ဣတိပိသော ဘဂဝါ သတ္ထာ ဒေဝမနုဿာနံ

အနက်။ ။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ဤသို့လျှင်တည့် အပြင်ကျယ်စွာ သံသရာဟု မဟာအတီး မှောင်တောကြီး၌ ခရီးအစဉ် ရှစ်-မဂ္ဂင်ကို မမြင်သောအား မှားကြီးမှား၍ မနားမရပ် ချားရဟတ်သို့ တပတ်လည်လည် အရှည်ပင်ပန်းစွာ နေကြကုန်သော ဒုက္ခိတသတ္တဝါ သံသရာ ခရီးသည် အပေါင်းတို့ကို လမ်းမှန်ကြောင်းအစဉ် ရှစ်-မဂ္ဂင်ကို မျက်မြင်ဒိဋ္ဌ စခန်းပြလျက် အမတလွင် ရွှေပြည်ခွင်သို့ အလျင်ရောက်အောင် ပို့ဆောင်ပေတတ် ယောကျ်ားမြတ်ကြီး ဖြစ်ပေသောကြောင့်လည်း။ ဒေဝမနုဿာနံ၊ နတ်လူဗြဟ္မာ သတ္တဝါတို့၏။ သတ္ထာ၊ ဆရာအထွတ် အတုလွတ်ကြီး ဖြစ်တော်မူပေ၏။

၈။ ဣတိပိ သော ဘဂဝါ ဗုဒ္ဓေါ

အနက်။ ။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင်တည့် စင်စစ် ကေန် သိထိုက်တန်သည် အမှန် ၄-ချက် သဘောနက်ကို အိပ်မက်ထဲတွင် မမြင်စဘူး အလူးအလဲ ဝင့်ဆင်းရဲ၌ တဝဲလယ်လယ် အမြစ်တွယ်သို့ မဖွယ်မလှ နေကြကုန်သော ဒုက္ခိတသတ္တဝါ အပေါင်းတို့ကို

အဟုတ်အမှန် အမြင်သန်သည့် မဂ်ဉာဏ် ၄-ပါး ပတ္တမြားမျက်ရှင်ကြီးကို ပေးသဖြင့် မိုက်မြေးပြယ်လွှင့် အလင်းပွင့်အောင်ပေးတတ်သောကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ-ဟူသော နာမအမော် အမည်တော်ဖြင့် ထင်ပေါ်ကျော်စောတော်မူပေ၏။

၉။ ဣတိပိ သော ဘဂဝါ ဘဂဝါ

အနက်။ ။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဝါ၊ အသမ္ဆိန္နခတ္တိယဟု သမ္မတမင်းရိုး အမျိုးသာကီ မြည်ကမ္ပီမှ လေးလီနိမိတ် သံဝေစိတ်ကြောင့် တောရိပ်ခိုစံ ကျင့်ခြိုးခြံလျက် မြလျှံရွက်စိပ် ရွှေညောင်ရိပ်ဝယ် ဖိတ်ဖိတ်ရောင်ရှင် ရွှေပလ္လင်ထက် ငါးအင်မာရ်စစ် ရန်အညစ်ကို ခေတ်ဇာတိလုံး ပဲ့တင်ချုန်းလျက် ဘုန်းဖြင့်လွယ်ကူ အောင်တော်မူ၍ လူမင်းတကာတို့၏ ဥက္ကဋ္ဌ နတ်မင်းတကာတို့၏ မကိုဋ္ဌ အမြိုက်ခေါင်ဖျား သောင်းတိုက်သားကို့၏ ပတ္တမြားမျက်ရှင်ကြီးတဆူ ဖြစ်တော်မူပေသော ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင်တည့် ဒီပင်္ကရ သာသနာမှ မဟာဗောဓိသီရိလျှံဖိတ် ရွှေညောင်ရိပ်ဝယ် အတိဿရ ဘုရာ့တန်ခိုး အမျိုးမျိုးကို အစိုးပိုင်ပိုင် ရသည်တိုင်အောင် မဏ္ဍိုင်ဗဟို မြင်းမိုရ်မေရှ မြေအစုနှင့် ရေထုလေပြင် မိုးကောင်းကင်သို့ နှိုင်းယှဉ်စဖွယ် အကျယ်အပွား များကြီးများအောင် မနားမနေ ဆည်းပူးပေသည် ဆယ်ထွေသုံးလီ ပါရမီဟု ဝသီအထု ကြီးကျယ်မှုကြောင့် ယခုဤ၌ တိုက်တသောင်းလုံး သိမ့်သိမ့်ချုန်းသည် ရွှေဘုန်းတော်သခင် အရှင်တဆူ ဖြစ်တော်မူပေသောကြောင့်သည်း။ ဘဂဝါ၊ ဘဂဝါ-ဟု သညာအမွန် ဂုဏ်တံခွန်ကို မိုးစွန်စွင့်စွင့် ဘဝဂ်မြင့်အောင် ဖြန့်လွှင့်စိုက်ထူ ကြီးမြတ်တော်မူပေ၏။

မြန်မာ သက်သက် အကျဉ်းပွားပုံ

၁။ ဘုရားရှင်၏ ကိလေသာဟူသော ရန်သူတို့ကို ပယ်ဖျက် သတ်ဖြတ်တော်မူနိုင်သော အစွမ်းသတ္တိတော် ဟူသော အရဟံဂုဏ်တော်။

၂။ ခပ်သိမ်းသော တရားတို့ကို ဆရာမရှိ မိမိအလိုလို မေ့ပျောက်ဖောက်ပြန်ခြင်းမရှိ ကောင်းမွန်စွာ သိတော်မူနိုင်သော အစွမ်းသတ္တိတော်ဟူသော သမ္မာသမ္ဗုဒ္ဓဂုဏ်တော်။

၃။ အဘိညာဉ်တွေ, ဝိပဿနာဉာဏ်တွေ ဟူသော ဝိဇ္ဇာတရား၊ အကျင့်သီလတွေ,ဈာန်တွေ,သဒ္ဓါသတိစသော သူတော်ကောင်းတရားတွေ ဟူသော စရဏတရား၊ ဤဝိဇ္ဇာတရား, စရဏ တရားတို့နှင့် ပြည့်စုံတော်မူခြင်းဟူသော ဝိဇ္ဇာစရဏသမ္မန္ဓဂုဏ်တော်။

၄။ သတ္တဝါတို့ ချမ်းသာကောင်းကျိုး ဖြစ်ကြောင်း စကားကောင်းကိုသာ မမှားမယွင်း ထင်လင်းသေချာ ကောင်းမွန်စွာ ဆိုတော်မူတတ်သော အစွမ်းသတ္တိတော်ဟူသော သုဂတဂုဏ်တော်။

၅။ သတ္တဝါဟူသော သတ္တလောက, ရုပ်နာမ်ဟူသော သင်္ခ ရလောက, ထိုသတ္တလောက သင်္ခါရလောက နှစ်ပါး၏ တည်ရာဌာနဟူသော ဩကာသလောက၊ ဤလောကသုံးပါးတို့ကို ဖြစ်ကြောင်းနှင့်တကွ ဆရာမရှိ မိမိအလိုလို ကောင်းမွန်စွာ ထိုးထွင်း၍ သိတော်မူနိုင်သော အစွမ်းသတ္တိတော်ဟူသော လောကဝိဒူ ဂုဏ်တော်။

၆။ ဆုံးမထိုက်သော မယဉ်ကျေးသော နာဋ္ဌာဂီရိဆင် စသော တိရစ္ဆာန်ယောကျ်ား, အင်္ဂုလိမာလစသော လူယောကျ်ား, အာဋ္ဌာဝက စသော ဘီလူးယောကျ်ား, သိကြားစသော နတ်ယောကျ်ား၊ ဝါ၊ ရာဂအရာဖြင့်, ဒေါသအရာဖြင့်, မောဟအရာဖြင့် မယဉ်ကျေးသော အလုံးစုံသော ဝေနေယျ သတ္တဝါတို့ကို မြင်းကိုဆုံးမတတ်သော ရထားထိန်းကဲ့သို့ အတုမရှိ ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်သော အစွမ်းသတ္တိတော်ဟူသော အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်။

၇။ လူနတ်ဗြဟ္မာ သတ္တဝါတို့အား ပစ္စုပ္ပန်အကျိုး တိုးပွားဖြစ်ပေါ်အောင် ကောင်းစွာ သွန်သင် ပြသ ဆုံးမတော် မူပေတတ်သော အစွမ်းသတ္တိတော်ဟူသော သတ္ထာ ဒေဝမနုဿာန ဂုဏ်တော်။

၈။ သစ္စာလေးပါး တရားတို့ကို ဆရာမရှိ မိမိအလိုလို ကိုယ်တော်မြတ်လည်း သိတတ်,ဝေနေယျ သတ္တဝါတို့ကိုလည်း သိစေတော်မူပေတတ်သော အစွမ်းသတ္တိတော် ဟူသော ဗုဒ္ဓ ဂုဏ်တော်။

၉။ (က) မိမိစိတ်ကို အစိုးရခြင်းဟူသော ဣဿရိယ,

(ခ) လောကုတ္တရာ တရားဟူသော ဓမ္မ,

(ဂ) အခြွေအရံ အကျော်အစော ဟူသော ယသ,

(ဃ) ဘုန်းကျက်သရေတော် ဟူသော သိရီ,

(င) မိမိ၏အကျိုးစီးပွား, သူတပါးတို့၏ အကျိုးစီးပွား နှစ်ပါးစုံကို လိုလားခြင်းဟူသော ကာမ,

(စ) ထိုလိုလားတော်မူသည့်အတိုင်း ပြီးစီးပြည့်စုံအောင် တတ်စွမ်းတော်မူနိုင်ခြင်းဟူသော ပယ,တ္တ

ဤဘုန်းတော်ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူခြင်း ဟူသော ဘဂဝါ ဂုဏ်တော်။

သဒ္ဓါ, ဆန္ဒ,ဥာဏ်ထက်သော ပုဂ္ဂိုလ်တို့အတွက် ဂုဏ်တော်အကျယ်

၁။ ဣတိပိ သော ဘဂဝါ အရဟံ

မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော ယော ဘဂဝါ၊ အကြင်ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ စိရကာလုံ၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး။ ပါရမိယော-

(က) ဒါနပါရမီ, သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စပါရမီ, အဓိဋ္ဌာနပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီ-တည်းဟူသော ပါရမီ ၁၀-ပါး။

(ခ) ဒါနဥပပါရမီ, သီလဥပပါရမီ, နိက္ခမဥပပါရမီ, ပညာဥပပါရမီ, ဝီရိယဥပပါရမီ, ခန္တီဥပပါရမီ, သစ္စဥပပါရမီ, အဓိဋ္ဌာနဥပပါရမီ, မေတ္တာဥပပါရမီ, ဥပေက္ခာဥပပါရမီ တည်းဟူသော ဥပပါရမီ ၁၀-ပါး။

(ဂ) ဒါနပရမတ္ထပါရမီ, သီလပရပတ္ထပါရမီ, နိက္ခမပရမတ္ထပါရမီ, ပညာပရမတ္ထပါရမီ, ဝီရိယပရမတ္ထပါရမီ, ခန္တီပရမတ္ထပါရမီ, သစ္စပရမတ္ထပါရမီ, အဓိဋ္ဌာနပရမတ္ထပါရမီ, မေတ္တာပရမတ္ထပါရမီ, ဥပေက္ခာပရမတ္ထပါရမီ-တည်းဟူသော ပရမတ္ထပါရမီ ၁၀-ပါး။

ဤသို့အားဖြင့် အပြား ၃၀-သော ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူပြီး၍။ ဗုဒ္ဓဘာဝံ၊ သဗ္ဗညုတဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပေ၏။ မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူ

သော။ သော ဘုဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့ လူမင်း, နတ်မင်း, သိကြားမင်း, ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟာ-ဟူသော အမည်နာမ ဝိသေသကို ရတော်မူပေ၏။

အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော အတုမဲ့ ယောဂျားမြတ်ကြီး ဖြစ်တော်မူပေ၏။

၂။ ဣတိပိ သောဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ

အနက်။ ။မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူသော။ ယော ဘဂဝါ။ အကြင် ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ စိရကာလံ၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး၊ ပါရမိယော-

(က) ဒါနပါရမိ, သီလပါရမိ ။ပ။ မေတ္တာပါရမိ,ဥပေက္ခာပါရမိ-တည်းဟူ သော ပါရမိ ၁၀-ပါး။

(ခ) ဒါနဥပပါရမိ, သီလဥပပါရမိ ။ပ။ မေတ္တာဥပပါရမိ, ဥပေက္ခာ ဥပပါရမိ-တည်းဟူသော ဥပပါရမိ ၁၀-ပါး။

(ဂ) ဒါနပရမတ္ထ ပါရမိ, သီလပရမတ္ထပါရမိ ။ပ။ မေတ္တာ ပရမတ္ထပါရမိ, ဥပေက္ခာပရမတ္ထ ပါရမိ-တည်းဟူသော ပရမတ္ထပါရမိ ၁၀-ပါး။

ဤသို့အားဖြင့် အပြား ၃၀-သော ပါရမိတို့ကို။ ပူရေတွာ၊ ဖြည့်ဆည်းတော်မူ ပြီး၍။ ဗုဒ္ဓဘာဝံ၊ သမ္ဗုဒ္ဓတ ဘုရားအဖြစ်သို့ ပတ္တော၊ ရောက်တော်မူပေ၏။ မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော် မူပေသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင်-

(က) လူကောင်အထည်,
နတ်ကောင်အထည်,
ဗြဟ္မာကောင်အထည်,
ကြီးငယ်သတ္တဝါ ခန္ဓာငါးပါး ရုပ်နာမ်တရား-တည်းဟူသော
ဒုက္ခအစစ်အမှန်ဖြစ်သော -ဒုက္ခသစ္စာ,

(ခ) ထို ဒုက္ခအစစ်အမှန်ဖြစ်သော ဒုက္ခသစ္စာ ခန္ဓာငါးပါး ရုပ်နာမ် တရား တို့ကို ဘဝအဆက်ဆက် အသစ်အသစ် ဖြစ်ပေါ် ပေါက်ပွားအောင် တည်ထောင်ဖန်ဆင်းသူ အမှန်ဖြစ်ပေသော လောဘ တဏှာ ကိလေသာ-တည်းဟူသော သမุဒယသစ္စာ,

(ဂ) ထို ဒုက္ခသစ္စာ, သမุဒယသစ္စာ တရားနှစ်ပါးတို့၏ ကုယ်ပျောက်ကုန်ဆုံးရာ ဖြစ်၍ သုခအစစ်အမှန် ဖြစ်သော နိဗ္ဗာန်-တည်းဟူသော နိရောဓ သစ္စာ,

(ဃ) ထိုနိဗ္ဗာန်ရောဓသစ္စာသို့ ပြောင်းမှန်စွာ ဆိုက်ရောက်အောင် ပို့ဆောင်ပေးတတ်သည်ဖြစ်၍ မဂ္ဂအမှန် ဖြစ်ပေသော သမ္မာဒိट्ठि, သမ္မာသင်္ကပ္ပ, သမ္မာ ဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာधि-တည်းဟူသော အင်္ဂါရှစ်ပါးရှိသော မဂ္ဂသစ္စာ,

ဤသစ္စာလေးပါး တရားတို့ကို ကိုယ်တော်တိုင်သာလျှင် ကောင်းစွာ ထိုးထွင်း၍ သိတော်မူသော အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုद्ध၊ သမ္မာသမ္ဗုद्ध-ဟူသော အမည်နာမ ဝိသေသကို ရတော်မူပေ၏။

သမ္မာသမ္ဗုद्ध၊ သစ္စာလေးပါး တရားတို့ကို ကိုယ်တော်တိုင်သာလျှင် ကောင်းစွာ သိမြင်တော်မူပေသော အတုမဲ့ ယောဂျားမြတ်ကြီး ဖြစ်တော်မူပေ၏။

၃။ ဣတိပိ သော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော

အနက်။ ။မေ၊ အကျွန်ုပ်၏။ သတ္တာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူသော။ ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ စိရကာလံ၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူပြီး၍။ ဗုဒ္ဓဘာဝံ၊ ဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပေ၏။

မေ၊ အကျွန်ုပ်၏။ သတ္တာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ သော ဘဂဝါ၊ ထို မြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင်—

၁။ အထူးထူး အထေွထေွ ဖန်ဆင်းမှု, ကောင်းကင် မြေမှိုး ပျံလျှိုးမှုတို့၌ စွမ်းနိုင်သော ဣဒ္ဓိဝိဓ ဝိဇ္ဇာဉာဏ်,

၂။ မိမိကိုယ်တွင်းမှ သူငယ်သဏ္ဌာန်ဖန်ဆင်း၍ ပြနိုင်သော မနောမယ ဝိဇ္ဇာဉာဏ်,

၃။ ရှေးဘ၀ နေဘူးသော ခန္ဓာ အစဉ်ကို အစဉ်လျှောက်၍ အောက်မေ့နိုင်သော ပုဗ္ဗေနိ၀ါသာနုဿတိဉာဏ်,

၄။ လူ.ပြည်, နတ်ပြည်, ဗြဟ္မာပြည် တိုင်အောင် အဆင်းသဏ္ဌာန် ဟူသမျှကို နတ်မျက်စိအသွင် အကုန်မြင်နိုင်သော ဒိဗ္ဗစက္ခုဝိဇ္ဇာဉာဏ်,

၅။ သတ္တ၀ါခပ်သိမ်းတို့၏ စိတ်အကြံကို သိနိုင်သော စေတောပရိယ ဝိဇ္ဇာဉာဏ်,

၆။ လူနတ်ဗြဟ္မာ သတ္တ၀ါခပ်သိမ်းတို့ ပြောဆိုသမျှ အသံစကားကို ကြားနိုင်သော ဒိဗ္ဗသောတ ဝိဇ္ဇာဉာဏ်,

၇။ မိမိသန္တာန်, သူတပါးသန္တာန်, ခန္ဓာနာမ်ရုပ်တို့၌ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါးကို ထင်ရှားစွာ မြင်နိုင်သော ဝိပဿနာ ဝိဇ္ဇာဉာဏ်,

၈။ ၁၅၀၀- ကိလေသာတို့ကို ကုန်ခန်းစေနိုင်သော အာသ၀က္ခယ ဝိဇ္ဇာဉာဏ်,

ဤ ၈-ပါးသော ဝိဇ္ဇာဉာဏ်တို့ကို အစိုးရတော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း၊

၁။ ကိုးနှုတ် ၂-ပါးကို စောင့်ထိန်းမှုဟူသော သီလ,

၂။ ဣန္ဒြေ ၆-ပါးတို့ကို စောင့်ထိန်းမှုဟူသော ဣန္ဒြိယ သံ၀ရ,

၃။ အစားအစာတို့၌ အတိုင်းအရှည်ကို သိမှုဟူသော ဘောဇနမတ္တညုတာ,

၄။ အအိုပ်အနေ အလွန်နည်းပါးခြင်း ဟူသော ဇာဂရိယာနုယောဂ,

၅။ သဒ္ဓါ, ၆-သတိ, ၇-ဟိရိ, ၈-သြတ္တပ္ပ, ၉-ဝီရိယ, ၁၀-ဗာဟုသစ္စ, ၁၁-ပညာ, ၁၂-ပဌမစျာန်, ၁၃-ဒုတိယစျာန်, ၁၄-တတိယစျာန်, ၁၅-စတုတ္ထစျာန်။

ဤ ၁၅-ပါးသော စရဏဂုဏ်တို့နှင့် ပြည့်စုံတော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န- ဟူသော အမည်နာမ ဝိသေသကို ရတော်မူပေ၏။

[ဒုတိယစာမျက်နှာ]

ဝိဇ္ဇာစရဏ သမ္ပန္နော၊ ဝိဇ္ဇာ ၈-မျိုး, စရဏ ၁၅-မျိုးတို့ကို အစိုးရတော်မူသော အတုမဲ့ယောကျ်ားမြတ်ကြီး ဖြစ်တော်မူပေ၏။

၄။ ဣတိပိ သော ဘဂဝါ သုဂတော

အနက်။ ။မေ၊အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူပေသော။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ စိရကာလံ၊ လေးသင်္ချေနှင့်ကမ္ဘာတသိန်း ကာလပတ်လုံး။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော် မူပြီး၍။ ဗုဒ္ဓဘာဝံ၊ သဗ္ဗညုတ ဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပေ၏။

မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင်–

(က) ဘိက္ခု ဝိဘင်းကျမ်း, ဘိက္ခုနီဝိဘင်းကျမ်း, မဟာဝါကျမ်း, စူဋ္ဌဝါကျမ်း, ပရိဝါကျမ်း-ဟူသော ဝိနည်းပိဋကတ် ၅-ကျမ်း။

(ခ) ဓမ္မသင်္ဂဏီကျမ်း, ဝိဘင်းကျမ်း, ဓာတုကထာကျမ်း, ပုဂ္ဂလပညတ်ကျမ်း, ကထာဝတ္ထုကျမ်း, ယမိုက် ၁၀-ကျမ်း, ပဋ္ဌာန်း ၂၄-ကျမ်း ဟူသော အဘိဓမ္မာ ပိဋကတ် ၃၉-ကျမ်း။

(ဂ) သုတ်သီလက္ခန်, သုတ်မဟာဝါ, သုတ်ပါထေယျ- ဟူသော ဒီဃနိကာယ် ၃-ကျမ်း၊ သုတ်ပေါင်း ၃၃။

(ဃ) မူလပဏ္ဏာသ, မဇ္ဈိမပဏ္ဏာသ, ဥပရိပဏ္ဏာသ- ဟူသော မဇ္ဈိမနိကာယ် ၃-ကျမ်း၊ သုတ်ပေါင်း ၁၅၀။

(င) သဂါထာဝဂ္ဂသံယုတ်, နိဒါနဝဂ္ဂသံယုတ်, ခန္ဓဝဂ္ဂသံယုတ်, သဋ္ဌာယတန ဝဂ္ဂသံယုတ်,မဟာဝဂ္ဂသံယုတ်-ဟူသော သံယုတ္တနိကာယ် ၅-ကျမ်း၊ သုတ်ပေါင်း ၃၇၅၀။

(စ) ကေ အင်္ဂုတ္တရ, ဒုက အင်္ဂုတ္တရ, တိက အင်္ဂုတ္တရ, စတုက အင်္ဂုတ္တရ ပဉ္စ အင်္ဂုတ္တရ, ဆက္က အင်္ဂုတ္တရ, သတ္တ အင်္ဂုတ္တရ, အဋ္ဌ အင်္ဂုတ္တရ, နဝအင်္ဂုတ္တရ, ဒသင်္ဂုတ္တရ, ကောဒသ အင်္ဂုတ္တရ-ဟူသော အင်္ဂုတ္တရ နိယာယ် ၁၁-ကျမ်း၊ သုတ်ပေါင်း ၉၉၅၀။

[ဒုတိယအကြိမ်]

(ဆ) ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန်း, ဣတိဝုတ်, သုတ္တနိပါတ်, ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာ, ထေရီဂါထာ, ပါဌဇာတ်, မဟာနိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ်, ထေရအပဒါန်, ထေရီအပါဒါန်—ဟူသော ခုဒ္ဒကနိကာယ် ၁၅-ကျမ်း၊ သုတ္တန်ပိဋကတ် ၃၇-ကျမ်း။

ဤသို့လျှင် အာဒိကလျာဏဂုဏ်, မဇ္ဈေကလျာဏဂုဏ်, ပရိယောသာနကလျာဏဂုဏ်နှင့် ပြည့်စုံလှစွာ ပိဋကတ်အားဖြင့် ၃-ပါး, နိကာယ်အားဖြင့် ၅-ပါး, အင်္ဂါအားဖြင့် ၉-ပါး, ကျမ်းအားဖြင့် ၈၁-ပါး, ဓမ္မက္ခန္ဓာအားဖြင့် ၈၄၀၀၀- အရေအတွက် ရှိသော ကောင်းသော စကားကို ဆိုတော် မူတတ်သောကြောင့်လည်း။ သုဂတော၊ သုဂတ ဟူသော ဂုဏ်အမည်နာမ ဝိသေသကို ရတော်မူပေ၏။

သုဂတော၊ ကောင်းသော စကားကို ဆိုတော် မူတတ်သော မြတ်စွာဘုရား။

၅။ ဣတိပိ သော ဘဂဝါ လောဏဝိဒူ

အနက်။ ။မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူသော။ ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ စိရကာလံ၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူ၍။ ဗုဒ္ဓဘာဝံ၊ သဗ္ဗညုတ ဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပေ၏။

မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင်—

ကာမ ၁၈-ဘုံ

၁။ ငရဲဘုံ,
၂။ တိရစ္ဆာန်ဘုံ,
၃။ ပြိတ္တာဘုံ,
၄။ အသုရကာယ်ဘုံ,
ဟူသော အပါယ် ၄-ဘုံ,

[ဒုတိယအကြိမ်]

၁။ မနုဿာတို့,
၂။ စတုမဟာရာဇ်တို့,
၃။ တာဝတိံသာတို့,
၄။ ယာမာတို့,
၅။ တုသိတာတို့,
၆။ နိမ္မာနရတိတို့,
၇။ ပရနိမ္မိတ ဝသဝတ္တီတို့,

ဟူသော ကာမသုဂတိ ၇-ဘုံ။

အပါယ် ၄-ဘုံနှင့်တကွ ပေါင်းသည်ရှိသော် ကာမ ၁၁-ဘုံဖြစ်၏၊ နတ်ပြည် ၆-ထပ်သည် လူ့ဘုံမှ အထက် ယူဇနာ ၄-သောင်း ၂-ထောင်စီ အဆင့်ဆင့် မြင့်ကွာကြ၏။

နတ်ပြည် ၆-ထပ် နတ်သက်

၁။ စတုမဟာရာဇ် ဘုံသက်ကား စတုမဟာရာဇ်နှစ်နှင့် အနှစ် ၅-ရာရှိ၏၊ လူတို့နှစ်နှင့် အနှစ် ၉-သန်းရှိ၏။

၂။ တာဝတိံသာ ဘုံသက်ကား- တာဝတိံသာနှစ်နှင့် အနှစ် ၁-ထောင်ရှိ၏၊ လူတို့နှစ်နှင့် အနှစ် ၉-သန်း ၄-လီ၊ ၀-ကုဋေ ၆-သန်း ရှိ၏။

၃။ ယာမာဘုံသက်ကား- ယာမာနှစ်နှင့် အနှစ် ၂-ထောင် ရှိ၏၊ လူတို့၏ နှစ်နှင့် အနှစ် ၁၄-ကုဋေ ၄-သန်း ရှိ၏။

၄။ တုသိတာ ဘုံသက်ကား- တုသိတာနှစ်နှင့် အနှစ် ၄-ထောင် ရှိ၏၊ လူတို့နှစ်နှင့် အနှစ် ၅၂-ကုဋေနှင့် ၆-သန်း ရှိ၏။

၅။ နိမ္မာနရတိ ဘုံသက်ကား- နိမ္မာနရတိနှစ်နှင့် အနှစ် ၈-ထောင် ရှိ၏။ လူတို့နှစ်နှင့် ကုဋေ ၂၃၀-နှင့် ၄-သန်း ရှိ၏။

၆။ ပရနိမ္မိတ ဝသဝတ္တီ ဘုံသက်ကား- ပရနိမ္မိတ ဝသဝတ္တီ နှစ်နှင့် ၁-သောင်း ၆-ထောင်ရှိ၏။

လူတို့နှစ်နှင့် နှစ်ပေါင်း ၉၂၁-ကုဋေ ၆-သန်း ရှိ၏။

[ရတိဘဆေမြင်]

ရှမ ၁၆-ဘုံ

၁။ ဗြဟ္မပါရိသဇ္ဇာဘုံ,
၂။ ဗြဟ္မပုရောဟိတာဘုံ,
၃။ မဟာဗြဟ္မာဘုံ,

တပြင်တည်းတည်သော ပဌမစျာန် ၃-ဘုံ။

၄။ ပရိတ္တာဘာဘုံ,
၅။ အပ္ပမာဏာဘာဘုံ,
၆။ အာဘာသရာဘုံ,

တပြင်တည်းတည်သော ဒုတိယစျာန် ၃-ဘုံ။

၇။ ပရိတ္တသုဘာဘုံ,
၈။ အပ္ပမာဏသုဘာဘုံ,
၉။ သုဘကိဏ္ဏာဘုံ,

တပြင်တည်းတည်သော တတိယစျာန် ၃-ဘုံ,

၁၀။ ဝေဟပ္ဖလ်ဘုံ,
၁၁။ အသညသတ်ဘုံ,

တပြင်တည်းတည်သော စတုတ္ထစျာန် ၂-ဘုံ,

၁၂။ အဝိဟာဘုံ,
၁၃။ အတပ္ပပါဘုံ,
၁၄။ သုဒဿာဘုံ,
၁၅။ သုဒဿီဘုံ,
၁၆။ အကနိဋ္ဌဘုံ,

အဆင့်ဆင့်တည်သော သုဒ္ဓါဝါသ စတုတ္ထစျာန် ၅-ဘုံ၊ ပေါင်း ရှုပ ၁၆-ဘုံ ဖြစ်၏။

ရှုပ ၁၆-ဘုံ အကွာအဝေး

ဝသဝတ္တီဘုံမှ အထက် ယူဇနာပေါင်း ၅-သန်း ၅-သိန်း ၈-ထောင် မြင့်သော ကောင်းကင်ပြင်၌ ပဌမစျာန် -ဘုံ တည်၏။

[ဒုတိယအကြိမ်]

ရင်းမှုအထက် ယူဇနာပေါင်း ၅-သန်း ၅-သိန်း ၈-ထောင် မြင့်သော ကောင်းကင်ပြင်၌ ဒုတိယစျာန် ၃-ဘုံ တည်၏။

ရင်းမှုအထက် ယူဇနာပေါင်း ၅-သန်း ၅-သိန်း ၈-ထောင် မြင့်သော ကောင်းကင်ပြင်၌ တတိယစျာန် ၃-ဘုံ တည်၏။

ရင်းမှုအထက် ယူဇနာပေါင်း ၅-သန်း ၅-သိန်း ၈-ထောင် မြင့်သော ကောင်းကင်ပြင်၌ ဝေဟပ္ဖိုလိဘုံ, အသညသတ်ဘုံ တည်၏။

ရင်းမှုအထက် သုဒ္ဓါဝါသ ၅-ဘုံသည်လည်း အဆင့်ဆင့် ယူဇနာ ၅-သန်း ၅-သိန်း ၈-ထောင်စီ အမြင့် ကွာခြား၏။

ရူပဗြဟ္မာတို့၏သက်တမ်း

၁။ ပြဟ္မပါရိ သင္ဘာ ပြဟ္မာတို့၏ အသက်မှာ အန္တရကပ် ၆ -ကပ်ရှိ၏။ ယင်း ၆၄-ကပ်ကို ၃-ဖို့ပြု၊ အန္တရကပ် ၂၁-ကပ်ဆသာ ရှိ၏။

၂။ ပြဟ္မပုရောဟိတာ ပြဟ္မာတို့၏ အသက်မှာ အန္တရကပ် ၃၂-ကပ် ရှိ၏။

၃။ မဟာပြဟ္မာတို့၏ အသက်မှာ အန္တရကပ် ၆၄-ခု အပေါင်းဖြစ်သော ဝိဝဋ္ဋဋ္ဌာယီအသင်္ခေယျ ၁-ကပ်ရှိ၏။

၄။ ဒုတိယစျာန် ၃-ဘုံ၌ ပရိတ္တာဘာပြဟ္မာတို့၏ အသက်မှာ မဟာ ကမ္ဘာကြီး ၂-ခု ရှိ၏။

၅။ အပ္ပမာဏာဘာ ပြဟ္မာတို့၏ အသက်မှာ မဟာကမ္ဘာကြီး ၄-ခု ရှိ၏။

၆။ အာဘဿရာ ပြဟ္မာတို့၏အသက်မှာ မဟာကမ္ဘာကြီး ၈ ခုရှိ၏။

၇။ တတိယစျာန် ၃-ဘုံ၌ ပရိတ္တသုဘာ ပြဟ္မာတို့၏ အသက်မှာ မဟာ ကမ္ဘာကြီး ၁၆-ခု ရှိ၏။

၈။ အပ္ပမာဏသုဘာ ပြဟ္မာတို့၏ အသက်မှာ မဟာကမ္ဘာကြီး ၃၂-ခု ရှိ၏။

၉။ သုဘကိဏ္ဏာပြဟ္မာ တို့၏ အသက်မှာ မဟာကမ္ဘာကြီး ၆၄-ခု ရှိ၏။

၁၀—၁၅။ စတုတ္ထစျာန် ၇-ဘုံတို့တွင် ဝေဟပ္ဖိုလ်ပြဟ္မာ, အသညသတ် ပြဟ္မာတို့၏ အသက်မှာ မဟာကမ္ဘာကြီး ၅၀၀-ရှိ၏။

၁၂။ အဝိဟာ ဗြဟ္မာတို့၏ အသက်မှာ မဟာကမ္ဘာကြီး ၁-ထောင် ရှိ၏။

၁၃။ အဘပ္ပါဗြဟ္မာတို့ အသက်မှာ မဟာကမ္ဘာကြီး ၂-ထောင် ရှိ၏။

၁၄။ သုဒဿာ ဗြဟ္မာတို့၏ အသက်မှာ မဟာကမ္ဘာကြီး ၄-ထောင် ရှိ၏။

၁၅။ သုဒဿီဗြဟ္မာတို့၏ အသက်မှာ မဟာကမ္ဘာကြီး ၈-ထောင် ရှိ၏။

၁၆။ အကနိဋ္ဌ ဗြဟ္မာတို့၏ အသက်မှာ မဟာကမ္ဘာကြီး ၁-သောင်း ခြောက်ထောင် ရှိ၏။

အရူပ ၄-ဘုံ အကွာအစေးနှင့် ဘုံသက်

အကနိဋ္ဌ အထက်ယူဇနာပေါင်း ၅-သန်း ၅-သိန်း ၈-ထောင်စီ အဆင့်ဆင့်မြင့်သော ကောင်းကင်ပြင်၌—

၁။ အာကာသာနဉ္ဇာယတနဘုံ,
၂။ ဝိညာဏဉ္ဇာယတနဘုံ,
၃။ အာကိဉ္ဇညာယတနဘုံ,
၄။ နေဝသညာနာသညာယတနဘုံ,

ဟူသော အရူပ ၄-ဘုံ တည်၏။

၁။ ဘုံသည်လည်း အစဉ်အတိုင်း ကမ္ဘာ ၂-သောင်း၊
၂။ ဒုတိယ၌ ကမ္ဘာ ၄-သောင်း၊
၃။ တတိယ၌ ကမ္ဘာ ၆-သောင်း၊
၄။ စတုတ္ထ၌ ကမ္ဘာ ၈-သောင်း ၄-ထောင် ရှိ၏။

ဤ ၃၁-ဘုံတား ဩကာသလောက မည်၏။

ပုဂ္ဂိုလ်အပြား

ပုဂ္ဂိုလ်သည် အကျဉ်းအားဖြင့်—

၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်,
၂။ သုဂတိအဟိတ်ပုဂ္ဂိုလ်,
၃။ ဒွိဟိတ်ပုဂ္ဂိုလ်,
၄။ တိဟိတ်ပုဂ္ဂိုလ်,

ပုထုဇဉ် ၄-ယောက်။

[ဒုတိယအကြိမ်]

၁။ သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်,
၂။ သောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ်,
၃။ သကဒါဂါမိ မဂ္ဂဋ္ဌပုဂ္ဂိုလ်,
၄။ သကဒါဂါမိ ဖလဋ္ဌပုဂ္ဂိုလ်,
၅။ အနာဂါမိ မဂ္ဂဋ္ဌပုဂ္ဂိုလ်,
၆။ အနာဂါမိ ဖလဋ္ဌပုဂ္ဂိုလ်,
၇။ အရဟတ္တမဂ္ဂဋ္ဌပုဂ္ဂိုလ်,
၈။ အရဟတ္တ ဖလဋ္ဌပုဂ္ဂိုလ်,
အရိယာ ၈-ယောက်။

ဘုံ၌ ပုဂ္ဂိုလ်

၁။ အပါယ်ဘုံ၌ ဒုဂ္ဂတိအဟိတ် တယောက် ရ၏။ ၄-ဘုံ ဖြစ်၍ ၄-ယောက်။

၂။ လူ့ဘုံ, စတုမဟာရာဇ်ဘုံ၌ ဒုဂ္ဂတိအဟိတ်ကို ချန်လှပ်၍ တကျိပ် တယောက်စီ ရ၏။ နှစ်ဘုံ ဖြစ်ရကား ၂၂-ယောက်။ ပေါင်း ၂၆-ယောက် ဖြစ်၏။

၃။ အထက်နတ်ပြည် ၅-ထပ်မှာ ဒုဂ္ဂတိ အဟိတ်, သုဂတိ အဟိတ် ၂-ယောက်ကြဉ် တကျိပ်စီဖြစ်၍ ၅-ကျိပ် ရ၏။

၄။ ပထမစျာန် ၃-ဘုံ, ဒုတိယစျာန် ၃-ဘုံ, တတိယစျာန် ၃-ဘုံ, ဝေဟပ္ဖိုလ်ဘုံ၊ ဤ ၁၀-ဘုံ၌ တိဟိတ်ပုထုဇဉ် ၁၊ အရိယာ ၈၊ ၉-ယောက်စီ ဖြစ်၍ ၉-ကျိပ် ရ၏။

၅။ အသညသတ်ဘုံ၌ သုဂတိအဟိတ် ၁-ယောက်သာ ရ၏။

၆။ သုဒ္ဓါဝါသ ၅-ဘုံ၌ ပုဂ္ဂိုလ် ၁၂-ယောက်တွင် အထက်ဆုံးဖြစ်သော အနာဂါမိဖလဋ္ဌ, အရဟတ္တမဂ္ဂဋ္ဌ, အရဟတ္တ ဖလဋ္ဌ ၃-ယောက်စီ ဖြစ်၍ ၁၅-ယောက် ရ၏။

၇။ အရူပ ၄-ဘုံ၌ အရိယာ ပုဂ္ဂိုလ် ၈-ယောက်တွင် သောတာပတ္တိမဂ် ပုဂ္ဂိုလ်မရ၊ ကြွင်းသော အရိယာ ၇-ယောက်နှင့် တိဟိတ် ပုထုဇဉ် ၁-ယောက်သာ ရ၏၊ ၄-ဘုံ ဖြစ်၍ ၃-ကျိပ် ၂-ယောက် ရ၏။

ကာမပုဂ္ဂိုလ်, ရူပပုဂ္ဂိုလ်, အရူပပုဂ္ဂိုလ် ၃-မါး ပေါင်းသည်ရှိသော် ပုဂ္ဂိုလ်ပေါင်း ၂-ရာ့တကျိပ် ၄-ယောက်။

[ဤကားသတ္တဲဇောကတည်း။]

[ဒုတိယစျာကြိမ်]

၃၁-ဘုံဟု ဆိုအပ်သော ဩကာသလောကသည်လည်း သင်္ခါရဓမ္မစုပင်တည်း။

ပုဂ္ဂိုလ်, သတ္တဝါ, ဗြဟ္မာ, လူ, နတ်ဟု ဆိုအပ်သော သတ္တလောကဟူသည်လည်း သင်္ခါရဓမ္မစုပင်တည်း။

ထိုသင်္ခါရသည် ရုပ်သင်္ခါရ, နာမ်သင်္ခါရဟူ၍ ၂-ပါး အပြားရှိ၏၊ ရုပ်သင်္ခါရသည်ကား-

(က) မြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ်-ဟူသော မဟာဘုတ်ကြီး ၄-ပါး။

(ခ) စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်, ဇိဝှာဓာတ်, ကာယဓာတ်-ဟူသော အကြည်ဓာတ် ၅-ပါး။

(ဂ) ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ- ဟူသော ဂေါစရဓာတ် ၅-ပါး။

(ဃ) ဣတ္ထိဘာဝရုပ်, ပုရိသဘာဝရုပ်, ဟဒယဝတ္ထုရုပ်, ဇီဝိတရုပ်, ဩဇာ-ဟု ဆိုအပ်သော အာဟာရရုပ်။

ဤ တရားစုသည် ရုပ်သင်္ခါရ မည်၏။

(က) စက္ခုဝိညာဉ်ဓာတ်, သောတဝိညာဉ်ဓာတ်, ဃာနဝိညာဉ်ဓာတ်, ဇိဝှာဝိညာဉ်ဓာတ်, ကာယဝိညာဉ်ဓာတ်, မနောဝိညာဉ်ဓာတ်- ဟူသော ဝိညာဉ် ၆-ပါး။

(ခ) ထိုဝိညာဉ် ၆-ပါးနှင့် ထိုကသည်အားလျော်စွာ ယှဉ်တွဲ၍ ဖြစ်သော ဖဿဓာတ်, ဝေဒနာဓာတ်, သညာဓာတ်, စေတနာဓာတ်, သမာဓိဓာတ်, ဇီဝိဘဓာတ်, မနသိကာရဓာတ်, ဝိတက်, ဝိစာရ, ပီတိ, ဝီရိယ, ဆန္ဒ, လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သဒ္ဓါ, ပညာ, သတိ-အစရှိသော စေတသိက် တရားစု။

ဤ ဝိညာဉ် ၆-ပါးနှင့် စေတသိက် တရားစုသည် နာမ်သင်္ခါရမည်၏။

သတ္တလောက, သင်္ခါရလောက, ဩကာသလောက- တည်းဟူသော လောက ၃-ပါးကို အကြွင်းမရှိ သိတော်မူသော အကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ-ဟူသော အမည်နာမ့ ဝိသေသကို ရတော်မူပေ၏။

လောကဝိဒူ၊ လောက ၃-ပါးက အကြွင်းမရှိ သိတော် မူပေသော အတုမ့ဲယောကျ်ားမြတ်ကြီး ဖြစ်တော်မူပေ၏။

[ဒုတိယအကြိမ်]

(၆) ဣတိ ပိ သော ဘဂဝါ အနုတ္တရော ပုရိသ ဒမ္မသာရထိ

အနက်။ ။မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူပေသော။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ စီရကာလံ၊ လေးသချေ်နှင့် ကမ္ဘာတသိန်း ကာလပတ်လုံး။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူပြီး၍။ ဗုဒ္ဓဘာဝံ၊ သဗ္ဗညုတ ဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပေ၏။

မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် ကုသိုလ်ဖြစ်မှုဉ်အချက်ကျကျ မလိမ္မာသောသူကို ပုညကြိယာဝတ္ထု ၁၀-ပါးကို ပြသဖြင့် ဆုံးမတော်မူပေ၏။

ပုညကြိယာ ဝတ္ထု ၁၀-ပါး ဟူသည်ကား

၁။ ဒါန-အလှူပေးခြင်း,
၂။ သီလ-သီလသီတင်း ဆောက်တည်ခြင်း,
၃။ ဘာဝနာ-ကမ္မဋ္ဌာန်း စီးဖြန်းခြင်း,
၄။ အပစာယန - အသက်သိက္ခာကြီးသော သူတို့၌ အရိုအသေ ပြုခြင်း,
၅။ ဝေယျာဝစ္စ-သူတပါးတို့၏ အမှုကြီးငယ်တို့ကို သဒ္ဓါကြည်ဖြူ ရွက်ဆောင်ခြင်း,
၆။ ပတ္တိဒါန-မိမိ၏ ကုသိုလ်အဖို့ကို သူတပါးတို့အား အမျှပေးဝေခြင်း,
၇။ ပတ္တာနုမောဒန သူတပါးတို့ ပေးဝေသော ကုသိုလ်အဖို့ကို ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ခြင်း,
၈။ ဓမ္မဿဝန-သူတပါးတို့၏ တရားကို ကြားနာခြင်း,
၉။ ဓမ္မဒေသနာ-မိမိသိသမျှသော တရားစကားတို့ကို သူတပါးတို့အား သင်ကြား ပြောဟောခြင်း,
၁၀။ ဒိဋ္ဌိဇုကမ္မ-ကံ,ကံ၏ အကျိုးကို ယုံကြည်၍ ဖြောင့်မတ်သော အယူကို ယူခြင်း,

[ဤကား ပုညကိရိယာဝတ္ထု ၁၀-ပါးတည်း။]

ဒုစရိုက် ၁၀-တန် အကင်းသန်သဖြင့် ခက်ထန် ရိုင်းစိုင်း၍နေသော သူကို ဒုစရိုက် ၁၀-ပါး၏ အပြစ်, သုစရိုက် ၁၀-ပါး၏ အကျိုးကို ပြသဖြင့် ဆုံးမတော်မူပေ၏။

[ဒုတိယအကြိမ်]

ဒုစရိုက် ၁၀-ပါး ဟူသည်ကား

၁။ ပါဏာတိပါတ-သူ့အသက်ကို သတ်ခြင်း,
၂။ အဒိန္နာဒါန-သူ့ဥစ္စာကို ခိုးယူခြင်း,
၃။ ကာမေသု မိစ္ဆာစာရ-သူ့အိမ်ရာကို ကျူးလွန်ခြင်း,

[ဤကား အကုသိုလ် ကာယက် ၃-ပါးတည်း။]

၁။ မုသာဝါဒ-မဟုတ်မမှန်စကား ပြောခြင်း,
၂။ ပိသုဏဝါစ-ကုန်းတိုက်စကား ပြောခြင်း,
၃။ ဖရုသဝါစာ-အကြမ်းအတန်း ဆဲရေးခြင်း,
၄။ သမ္ဖပ္ပလာပ-အနက်မဲ့၍ ပြိန်ဖျင်းသော စကားကို ဆိုခြင်း,

[ဤကား အကုသိုလ် ဝစီက် ၄-ပါးတည်း။]

၁။ အဘိဇ္ဈာ-သူ့ပိုင်နက် ဥစ္စာကို ငါ့ဟာဖြစ်လျှင် ကောင်းလေစွဟု ကြံဆတောင့်တခြင်း,
၂။ ဗျာပါဒ-သူတပါး၏ အသက်ခန္ဓာ သေကြေပျက်စီးမှုကို တောင့်တခြင်း,
၃။ မိစ္ဆာဒိဋ္ဌိ-အယူမှားခြင်း,

[ဤကား အကုသိုလ် မနောက် ၃-ပါးတည်း။]

ဒုစရိုက် ၁၀-ပါး ပြီး၏။

သုစရိုက် ၁၀-ပါး ဟူသည်ကား

၁။ ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်း။
၂။ အဒိန္နာဒါနာ၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်း။
၃။ ကာမေသုမိစ္ဆာစာရာ၊ သူ့အိမ်ရာကို ကျူးလွန်ခြင်းမှ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်း။

[ဤကား ကုသိုလ် ကာယက် ၃-ပါးတည်း။]

၁။ မုသာဝါဒါ၊ မဟုတ်မမှန်စကား။ ပြောဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်း။

[ဒုတိယအကြိမ်]

၂။ ပိသုဏာဝါစာယ၊ ကုန်းတိုက် စကား ပြောဆိုခြင်းမှ။ ဝေရမဏိ၊ ရှောင်ကြဉ်ခြင်း။

၃။ ဖရုသဝါစာယ၊ အကြမ်းအတန်း ဆဲရေးခြင်းမှ။ ဝေရမဏိ၊ ရှောင်ကြဉ်ခြင်း။

၄။ သမ္ဖပ္ပလာပါ၊ အနက်မဲ့၍ ပြိန်ဖျင်းသော စကားကို ဆိုခြင်းမှ။ ဝေရမဏိ၊ ရှောင်ကြဉ်ခြင်း။

[ဤကား ကုသိုလ် ဝစီကံ ၄-ပါးတည်း။]

၁။ အနာဘိဇ္ဈာ-သူ့ပိုင်နက်ကို ကိုယ့်ဘက် မညွှတ်စေပဲ စိတ်နှလုံး ကြည်ဖြူခြင်း,

၂။ အဗျာပါဒ - သတ္တဝါတပါး၏ အသက်ခန္ဓာကို ချမ်းသာကြီးပွားစေလိုခြင်း,

၃။ သမ္မာဒိဋ္ဌိ-ပြောင့်မှန်သော အယူကို ယူခြင်း,

[ဤကား ကုသိုလ် မနောကံ ၃-ပါးတည်း။]

သုစရိုက် ၁၀-ပါးပြီး၏။

နိဝရဏ ၆-တန် အကင်းသန်သဖြင့် ခက်ထန်ရိုင်းစိုင်းသော သူကို ကသိုဏ်းစျာန် ၁၀-ပါး, အသုဘစျာန် ၁၀-ပါး, အနုဿတိစျာန် ၁၀-ပါး, ဗြဟ္မဝိဟာရစျာန် ၄-ပါး, အာရုပ္ပစျာန် ၄-ပါး, ပဋိကူလသညာစျာန် ၁ပါး, ဓာတုမနသိကာရစျာန် ၁-ပါး၊ ဤ ၄၀-သော ဥပစာရစျာန်, အပ္ပနာ ကမ္မဋ္ဌာန်းတို့ကိုပြု၍ ဆုံးမတော်မူပေ၏။

ကသိုဏ်းစျာန် ၁၀-ပါးဟူသည်ကား

၁။ မြေအခန်းဌ စီးဖြန်း၍ရသော ပထဝီကသိုဏ်းစျာန် ၁-ပါး,

၂။ ရေအခန်းဌ စီးဖြန်း၍ရသော အာပေါကသိုဏ်းစျာန် ၁-ပါး,

၃။ လေအခန်းဌ စီးဖြန်း၍ရသော ဝါယောကသိုဏ်းစျာန် ၁-ပါး,

၄။ မီးအခန်းဌ စီးဖြန်း၍ရသော တေဇောကသိုဏ်းစျာန် ၁-ပါး,

၅။ အလွန်မဲနက် စိမ်းညိုသော အဝတ်မျိုး အထည်မျိုး ပန်းမျိုး ဆေးမျိုးတို့ဌ စီးဖြန်း၍ရသော နီလကသိုဏ်းစျာန် ၁-ပါး,

၆။ အလွန်ဝါသော အဝတ်မျိုး အထည်မျိုး ပန်းမျိုး ဆေးဒန်း စသော ဆေးမျိုးတို့ဌ စီးဖြန်း၍ရသော ပီတကသိုဏ်းစျာန် ၁-ပါး,

၇။ အလွန်နီသော အဝတ်မျိုး အထည်မျိုး ဆေးမျိုးတို့၌ စီးဖြန်း၍ရသော လောဟိတကသိုဏ်းစျာန် ၁-ပါး,

၈။ အလွန် ဖြူသော အဝတ်မျိုး အထည်မျိုး ပန်းမျိုး ဆေးမျိုးတို့၌ စီးဖြန်း၍ရသော ဩဒါတကသိုဏ်း စျာန် ၁-ပါး,

၉။ အရောင်အလင်းမျိုးတို့၌ စီးဖြန်း၍ရသော အာလောက ကသိုဏ်း စျာန် ၁-ပါး,

၁၀။ အပေါ်ကောင်းကင်၌ စီးဖြန်း၍ရသော အာကာသ ကသိုဏ်း စျာန် ၁-ပါး,

[ဤကား ကသိုဏ်းစျာန် ၁၀-ပါးတည်း။]

အသုဘစျာန် ၁၀-ပါးဟူသည်ကား

၁။ ဖူးဖူးရောင်သော သူကောင်ပုပ်၌ စီးဖြန်း၍ရသော ဥဒ္ဓုမာတက စျာန် ၁-ပါး,

၂။ ပုပ်၍ညိုမဲသော သူကောင်ပုပ်၌ စီးဖြန်း၍ရသော ဝိနီလကစျာန် ၁-ပါး,

၃။ အပုပ်လွန်သော အပုပ်ရည်ပြည်အစု၌ စီးဖြန်း၍ရသော ဝိပုဗ္ဗက စျာန် ၁-ပါး,

၄။ အလယ်၌ပြတ်၍ နှစ်ပိုင်းပြတ်နေသော သူကောင်၌ စီးဖြန်း၍ရသော ဝိစ္ဆိဒ္ဒက စျာန် ၁-ပါး,

၅။ တောခွေး, ရွာခွေး စား၍ကျန်သော သူကောင်၌ စီးဖြန်း၍ရသော ဝိက္ခာယိတက စျာန် ၁-ပါး,

၆။ တောခွေး, ရွာခွေးတို့ ကိုက်ဆွဲ၍ ထိုထိုအရပ်တွင် အပိုင်းပိုင်းနှင့် နေသော သူကောင်၌ စီးဖြန်း၍ရသော ဝိက္ခိတ္တက စျာန် ၁-ပါး,

၇။ ဓား လက်နက် တို့ဖြင့် ဖြတ်လျက် ဖရိုဖရဲ ဖြစ်၍ ထားအပ်သော သူကောင်၌ စီးဖြန်း၍ရသော ဟတဝိက္ခိတ္တက စျာန် ၁-ပါး,

၈။ လက်နက်ထိရာမှ သွေးယိုသော သူကောင်၌ စီးဖြန်း၍ရသော လောဟိတက စျာန် ၁-ပါး,

၉။ ပိုးလောက်တို့ဖြင့် ပြည့်သော သူကောင်၌ စီးဖြန်း၍ရသော ပုဋ္ဌုဝက စျာန် ၁-ပါး,

[ဒုတိယအကြိမ်]

၁၀။ အရိုးစုမျှသာ ဖြစ်သော သူကောင်၌ စီးပြန်းရှိရသော အဋ္ဌိကစျာန် ၁-ပါး,

[ဤကား ဩသုဘစျာန် ၁၀-ပါးတည်း။]

ဆနုသတိစျာန် ၁၀-ပါးဟူသည်ကား

၁။ ဘုရားဂုဏ်ကို စွဲစွဲမြဲမြဲ အောက်မေ့၍ရသော ဗုဒ္ဓါနုသတိ စျာန် ၁-ပါး,

၂။ တရားဂုဏ်ကို စွဲစွဲမြဲမြဲ အောက်မေ့၍ရသော ဓမ္မာနုသတိ စျာန် ၁-ပါး,

၃။ သံဃာ့ဂုဏ်ကို စွဲစွဲမြဲမြဲ အောက်မေ့၍ရသော သံဃာနုသတိ စျာန် ၁-ပါး,

၄။ စင်ကြယ်စွာ စောင့်ထိန်း၍ ရအပ်ပြီးသော သီလဂုဏ်ကို အောက်မေ့၍ရသော သီလာနုသတိ စျာန် ၁-ပါး,

၅။ စင်ကြယ်စွာ ပြုပြီးသော မိမိဒါန၏ ဂုဏ်ကို စွဲစွဲမြဲမြဲ အောက်မေ့၍ရသော စာဂါနုသတိစျာန် ၁-ပါး,

၆။ နတ်ပြည်သို့ တင်ပို့ဆောင်တတ်သော မိမိသန္တာန်၌ ဖြစ်သော သဒ္ဓါ, သီလ, ဟိရိ, သြတ္တပ္ပ-စသော သူတော်ကောင်း တရားစုကို စွဲစွဲမြဲမြဲ အောက်မေ့၍ ရသော ဒေဝတာနုဿတိ စျာန် ၁-ပါး,

၇။ မိမိသန္တာန်၌ ကိလေသာ၏ ငြိမ်းမှုကို စွဲစွဲမြဲမြဲ အောက်မေ့၍ ရသော ဥပသမာနုဿတိ စျာန် ၁-ပါး,

၈။ မိမိသေရမည်ကို စွဲစွဲမြဲမြဲ အောက်မေ့၍ရသော မရဏာနုဿတိ စျာန် ၁-ပါး,

၉။ မိမိသန္တာန်၌ ဆံပင် စသော ၃၂-ပါးသော အပူပ်အစုတို့ကို စွဲစွဲမြဲမြဲ အောက်မေ့၍ရသော ကာယဂတာသတိ စျာန် ၁-ပါး,

၁၀။ မိမိ၏ ထွက်သက် ဝင်သက်ကို စွဲစွဲမြဲမြဲ အောက်မေ့၍ရသော အာနာပါနုဿတိ စျာန် ၁-ပါး,

[ဤကား အနုဿတိစျာန် ၁၀-မျိုးတည်း။]

[ဒုတိယအပြီး]

ဗြဟ္မဝိဟာရစျာန် ၄-ပါးဟူသည်ကား

၁။ ခပ်သိမ်းသော သတ္တဝါတို့ကို မေတ္တာဖြန့်ဖြူး၍ရသော မေတ္တာ စျာန် ၁-ပါး,

၂။ ဆင်းရဲသော သတ္တဝါတို့ကို ကရုဏာဖြန့်ဖြူး၍ရသော ကရုဏာ စျာန် ၁-ပါး,

၃။ ချမ်းသာသော သတ္တဝါတို့ကို မုဒိတာဖြန့်ဖြူး၍ ရသော မုဒိတာ စျာန် ၁-ပါး,

၄။ ခပ်သိမ်းသော သတ္တဝါတို့ကို ဥပေက္ခာဖြန့်ဖြူး၍ ရသော ဥပေက္ခာ စျာန် ၁-ပါး,

[ဤကား ဗြဟ္မဝိဟာရစျာန် ၄-ပါးတည်း။]

အာရုပ္ပစျာန် ၄-ပါးဟူသည်ကား

၁။ အာကာသာနဉ္စာယတန စျာန် ၁-ပါး,

၂။ ဝိညာဏဉ္စာယတန စျာန် ၁-ပါး,

၃။ အာကိဉ္စာညာယတန စျာန် ၁-ပါး,

၄။ နေဝသညာနာသညာယတန စျာန် ၁-ပါး,

[ဤကား အာရုပ္ပစျာန် ၄-ပါးတည်း။]

ပဋိကူလသညာစျာန် ၁-ပါးဟူသည်ကား

နေ့တိုင်းနေ့တိုင်း စားသောထမင်း အစာအာဟာရတို့၌ စက်ဆုပ် ရွံရှာ ဖွယ်ဟု အမြဲရှုမှတ်ရသော ဥပစာရစျာန်သည် ပဋိကူလသညာစျာန်မည်၏။

ဓာတုမနသိကာရစျာန် ၁-ပါးဟူသည်ကား

မိမိကိုယ်ကောင် ဖြစ်၍နေသော မြေဓာတ်အစု, ရေဓာတ်အစု, မီးဓာတ် အစု, လေဓာတ်အစုတို့၌ ရှုမှတ်ရသော ဥပစာရစျာန်သည် ဓာတုမနသိကာရ စျာန်မည်၏။

ကမ္မဋ္ဌာန်း ၄၀-ပြီး၏။

ခန္ဓာတရား ရူပ်နာမ်တရားတို့ကိုပင် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမဟု အထင်မှောက်မှား၍ နေကြကုန်သော သတ္တဝါ အပေါင်းတို့ကို ထိုအထင်မှ စင်ကြယ် ကင်းလွတ်စေခြင်းငှာ ရူပ်တရားအစု နာမ်တရားအစုတို့ကို ပြသဖြင့် ဆုံးမတော်မူပေ၏။

[ဒုတိယအကြိမ်]

ရူပ်တရား, နာမ်ဟူသည် အကြောင်းမရှိ မိမိအလိုအလျောက် ဖြစ်ကြကုန်သည်ဟူ၍ အထင်မှောက်မှားရှိနေကြသော သတ္တဝါတို့ကို ထိုအထင်မှားစင်ကြယ် ကင်းလွတ်စေခြင်းငှာ ပဋ္ဌိစ္စသမုပ္ပါဒ် အကြောင်းတရား, ပဋ္ဌာန်း အကြောင်းတရားတို့ကို ပြသဖြင့် ဆုံးမတော်မူပေ၏။

မိမိသန္တာန်၌ ရှိသော စက္ခု, သောတ, ဃာန, ဇိဝှာ–အစရှိသော ထိုရူပ်တရား, နာမ်တရား တို့ကိုပင် မိမိအပိုင်ဥစ္စာဟု တဏှာစွဲလမ်း၍ နေသော သတ္တဝါအပေါင်းတို့ကို ထိုတဏှာတရား ချုပ်စေခြင်းငှာ ဒုက္ခလက္ခဏာကို ပြသဖြင့် ဆုံးမတော်မူပေ၏။

မိမိသန္တာန်၌ရှိသော စက္ခု, သောတ, ဃာန, ဇိဝှာ-အစရှိသော ထိုရူပ်တရား, နာမ်တရားတို့ကိုပင်လျှင် ငါငါ-ဟု မာန်ဖြင့် စွဲလမ်း၍နေသော သတ္တဝါအပေါင်းတို့ကို ထိုမာနတရား ချုပ်စေခြင်းငှာ အနိစ္စလက္ခဏာကို ပြသဖြင့် ဆုံးမတော်မူပေ၏။

မိမိသန္တာန်၌ရှိသော စက္ခု, သောတ, ဃာန, ဇိဝှာ–အစရှိသော ထိုရူပ်တရား, နာမ်တရားတို့ကိုပင်လျှင် ငါ၏ကိုယ်, ငါ၏ကိုယ်–ဟု ဒိဋ္ဌိဖြင့် စွဲလမ်း၍နေသော သတ္တဝါအပေါင်းတို့ကို ထိုဒိဋ္ဌိတရား ချုပ်စေခြင်းငှာ အနတ္တလက္ခဏာကို ပြသဖြင့် ဆုံးမတော်မူပေ၏။

ဤသို့လျှင် ဆုံးမထိုက်သော သတ္တဝါအပေါင်းတို့ကို ဆုံးမကြသော သူအပေါင်းတို့ထက် အတုမရှိ မြတ်တော်မူသည်၏ အဖြစ်ကြောင့် အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ– ဟူသော အမည်နာမ ဝိသေသကို ရတော်မူပေ၏။

အနုတ္တရော ပုရိသဒမ္မသာရထိ၊ ခပ်သိမ်းသော သတ္တဝါတို့ကို ဆုံးမတတ်သော သူတို့ထက် အတုမရှိ မြတ်တော်မူသော မြတ်စွာဘုရား။

၇။ ဣတိပိ သော ဘဂဝါ သတ္ထာ ဒေဝမနုဿာနံ

အနက်။ ။မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ စိရကာလံ၊ ၄-သင်္ချေနှင့် ကမ္ဘာ ၁-သိန်း ကာလပတ်လုံး။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတ္မာ၊ ဖြည့်တော်မူပြီး၍။ ဗုဒ္ဓဘာဝံ၊ သဗ္ဗညုတ ဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပေ၏။

မေ၊ အကျွန်ုပ်၏။ သတ္တာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဤတိပိ၊ ဤသို့လျှင် ပဋ္ဌိစ္စသမုပ္ပါဒ် စက်ရဟတ် တည်းဟူသော ဘေးမျိုးသောင်းကျန်း လမ်းမှား လမ်းဆိုးမှ သတ္တဝါအပေါင်းတို့ကို ထုတ်ဆောင်တော်မူပြီးလျှင် နိဗ္ဗာန် တည်းဟူသော ဘေးမျိုးကင်းကွာ ချမ်းသာရာသို့ ပို့ဆောင်ကယ်တင်တော်မူပေ၏။

အလွန်လိမ္မာလှစွာသော လှည်းမှူးကြီးသဖွယ် ဖြစ်ပါပေ၏။

ပဋ္ဌိစ္စသမုပ္ပါဒ်စက်ရဟတ်ဟူသည်ကား

၁။ လူနတ်ပြဟ္မာ ခန္ဓာငါးပါးတို့၌ ရှိသော အနိစ္စဘေး, ဒုက္ခဘေး, အနတ္တဘေးတို့ကို ဖုံးဝှက်ကွယ်ကာ၍နေသော အဝိဇ္ဇာတည်းဟူသော အမှောင်ဓာတ်ကြီး တခုသည် သတ္တဝါတို့၏ စိတ်ထဲ၌ အမြဲကိန်းဝပ်၍ နေ၏။

၂။ ထို အဝိဇ္ဇာ ရှိနေခြင်းကြောင့် ပစ္စုပ္ပန်ခန္ဓာကို သာယာမှောက်မှားသည့်အတွက် သူ့အသက်ကို သတ်ခြင်း, သူ့ဥစ္စာကို ခိုးယူခြင်းစသော အကုသိုလ် မ္ဘကောင်းမှုတို့ကို ပြုကြကုန်၏၊ နောက်ဘဝ ခန္ဓာကို မှောက်မှားသည့်အတွက် ဒါနအမျိုးမျိုး, သီလအမျိုးမျိုး, မေတ္တာ စသော ဘာဝနာ အမျိုးမျိုးဟူသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်၏၊ ထိုကောင်းမှု,မကောင်းမှု ၂-ပါးသည် သင်္ခါရမည်၏။

၃။ ကောင်းမှု, မကောင်းမှုကို ပြုကြသည့်အတွက် သေသည်မှ နောက်ကာလ ဘဝတပါးတွင် ဝိညာဉ်ဟူသော စိတ်တခုသည် ဖြစ်ပေါ်လေ၏။

၄။ ဝိညာဉ် ဟူသော စိတ် ဖြစ်ပေါ်လျှင် ထိုဝိညာဉ်၏ တည်နေရာ ရူပ်ခန္ဓာအိမ်နှင့် ဝိညာဉ်၏ အကိုင်း အခက် ဖြစ်ကုန်သော ဖဿ, ဝေဒနာ– အစရှိသော နာမ်ခန္ဓာတို့သည် တပြိုင်နက် ဖြစ်ပေါ်ကုန်၏။

၅။ ရူပ်ခန္ဓာ, နာမ်ခန္ဓာ ၂-ပါးဖြစ်ပေါ်လျှင် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနော-ဟူသော ဒွါရ ၆-ပါး တံခါး ၆-ပါးတို့သည် ဖြစ်ပေါ်ကုန်၏။

[ဒုတိယဖြတ်]

၆။ ဒွါရ ၆-ပါးဖြစ်ပေါ်လျှင် ထိုဒွါရ ၆-ပါးတွင် ခိုက်လာ ဆိုက်လာသော အာရုံ ၆-ပါးတို့ကို စိတ်၏ တွေ့ခြင်းဟူသော ဖဿ ၆-ပါးတို့သည် ဖြစ်ပေါ်ကုန်၏။

၇။ ဖဿ ၆-ပါး ဖြစ်ပေါ်လျှင် ထိုအာရုံ ၆-ပါးကို ခံစားမှု စံစားမှုဟူသော ဝေဒနာ ၆-ပါးတို့သည် ဖြစ်ပေါ်ကုန်၏။

၈။ ဝေဒနာ ၆-ပါး ဖြစ်ပေါ်လျှင် ခံစား စံစားဖို့ အာရုံ ၆-ပါးကို သာယာတွယ်တာသော တဏှာ ၆-ပါးတို့သည် ဖြစ်ပေါ်ကုန်၏။

၉။ တဏှာ ၆-ပါးဖြစ်ပေါ်လျှင် အပြင်းအထန် စွဲလမ်းသော ဥပါဒါန် တရား ၄-ပါးတို့သည် ဖြစ်ပေါ်ကုန်၏။

၁၀။ ဥပါဒါန် တရားစွဲလမ်းမှုကြောင့် ကာယကံ, ဝစီကံ, မနောကံ-ဟူသော ကုသိုလ်ကံ ၃-ပါး, အကုသိုလ်ကံ ၃-ပါးတို့သည် ဖြစ်ပေါ်လာကုန်၏။

၁၁။ ကုသိုလ်ကံ, အကုသိုလ်ကံ ဖြစ်ပေါ်လျှင် နောက်တဖန် ဘဝအသစ် ဖြစ်ပေါ်ပြန်၏။

၁၂။ ဘဝသစ် ဖြစ်ပေါ်ပြန်လျှင် အိုခြင်း, သေခြင်း ဘေးကြီး ၂-ပါးတို့သည် အမြဲဖြစ်ပေါ်လာကုန်၏။

ဤကား အနမတဂ္ဂသံသရာ၌ အစဉ်တစိုက် ဖြစ်ပွါး၍နေသော ပဋိစ္စသမုပ္ပါဒ် ရဟတ်စက်ချား လမ်းမှားလမ်းဆိုး အကြောင်းကြီးပေတည်း။

နိဗ္ဗာန်တည်းဟူသော ဘေးမျိုးကင်းကွာ ချမ်းသာရာဟူသည်ကား-

၁။ အကြင်အခါ ကောင်းစွာ အားထုတ်သဖြင့် လူနတ်ဗြဟ္မာ ဤခန္ဓာတို့၌ အနိစ္စဘေးကို မြင်နိုင်သော ဝိဇ္ဇာဉာဏ်, ဒုက္ခဘေးကိုမြင်နိုင်သော ဝိဇ္ဇာဉာဏ်, အနတ္ထဘေးကို မြင်နိုင်သော ဝိဇ္ဇာဉာဏ်၊ ဤဝိဇ္ဇာဉာဏ် ၃-ပါးသည် စိတ်အစဉ်မှာ ဖြစ်ပေါ်လာ၏၊ ထိုအခါ သတ္တဝါတို့၏ သန္တာန်၌ အဝိဇ္ဇာဟူသော အမှောင်ဓာတ်ကြီးသည် ကွယ်ပျောက်ချုပ်ငြိမ်းလေ၏၊ ဤအဝိဇ္ဇာချုပ်ငြိမ်းမှုသည် "ဘေးမျိုးကင်းကွာ ချမ်းသာရာ" ဟူသော နိဗ္ဗာန်ကြီးတခုပေတည်း။

၂။ အဝိဇ္ဇာ ချုပ်ငြိမ်းလျှင် ကောင်းမှု, မကောင်းမှု တို့သည်လည်း အကုန် ချုပ်ငြိမ်းကုန်၏၊ ကုသိုလ် ကောင်းမှုတို့၏ ချုပ်ငြိမ်းမှု, အကုသိုလ်မကောင်းမှုတို့၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်ကြီးတခုပေတည်း။

၃။ ဤအတူ ဝိညာဉ်ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တခု။
၄။ နာမ်ရုပ်တို့၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တခု။
၅။ ဒွါရ ၆-ပါးတို့၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တခု။
၆။ ဖဿ ၆-ပါးတို့၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တခု။
၇။ ဝေဒနာ ၆-ပါးတို့၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တခု။
၈။ တဏှာ ၆-ပါးတို့၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တခု။
၉။ ဥပါဒါန် ၄-ပါးတို့၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တခု။
၁၀။ ကုသိုလ်ကံ, အကုသိုလ်ကံ, ၂-ပါးတို့၏ ချုပ်ငြိမ်းမှု သည်လည်း နိဗ္ဗာန်တခု။
၁၁။ ပဋိသန္ဓေနေခြင်း၏ ချုပ်ငြိမ်းမှုသည်လည်း နိဗ္ဗာန်တခု။
၁၂။ အိုခြင်း,သေခြင်း-ဘေးကြီး ၂-ပါးတို့၏ ချုပ်ငြိမ်းမှု သည်လည်း နိဗ္ဗာန်တခု။

နိဗ္ဗာန်အပြား ၁၂-ပါးဖြစ်၏။

စကားအစဉ်အားဖြင့် ၁၂-ပါးပြားသည်၊ တရားကိုယ်အားဖြင့်မူကား အဝိဇ္ဇာချုပ်ငြိမ်းမှုနှင့် တခုတည်း တချက်တည်းသာလျှင်တည်း။

[ဤကား အနိစ္စဉာဏ်, ဒုက္ခဉာဏ်, အနတ္တဉာဏ် အမြင်သန်သော ဝိဇ္ဇာဉာဏ် ၃-ပါးကို ရသောအခါ အဝိဇ္ဇာဟူသော သံသရာ လမ်းစပြတ်၍ ပဋိစ္စသမုပ္ပါဒ်တို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်တည်းဟူသော ဘေးမျိုးကင်းစွာ ချမ်းသာအတိသို့ ပေါက်ရောက်ပုံတည်း။]

ဤသို့ သတ္တဝါတို့ကို သံသရာလမ်းခရီးကြမ်းမှ ကယ်ထုတ်၍ နိဗ္ဗာန်တည်း ဟူသော ဘေးကင်းရာဌာနသို့ ပို့ဆောင်ကယ်တော်မူပေ၍ လိမ္မာလှသော လှည်းမှူးကြီးသဖွယ် ဖြစ်ပေသောကြောင့် သတ္ထာ ဒေဝမနုဿာန ဟူသော အမည်နာမဝိသေသကို ရတော်မူပေ၏။

ဒေဝမနုဿာနံ၊ နဟ်လူအပေါင်းတို့၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူး ရှင်ကြီး ဖြစ်တော်မူပေသော မြတ်စွာဘုရား။

၈။ ဣတိပိ သော ဘဂဝါ ဗုဒ္ဓေါ

အနက်။ ။မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူပေသော။ ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ စိရကာလံ၊ ၄-သင်္ချေနှင့် ကမ္ဘာ ၁-သိန်း ကာလပတ်လုံး။ ပါရမိယော၊ ပါရမီတို့ကို။

[ဒုတိယအကြိမ်]

ပူရေတွာ၊ ဖြည့်တော်မူပြီး၍။ ဗုဒ္ဓဘာဝံ၊ သဗ္ဗညုတဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပေ၏။

မေ၊အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူပေသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် ကိုယ်တော်မြတ်လည်း သစ္စာ ၄-ပါး တရားတို့ကို သိတော်မူပေ၏၊ သတ္တဝါ အပေါင်းတို့အားလည်း ၃၇-ပါးသော ဗောဓိပက္ခိယ တရားတို့ကို ပွားများစေတော်မူသဖြင့် သစ္စာ ၄-ပါးတရားတို့ကို သိစေတော်မူပေ၏။

၃၇-ပါးသော ဗောဓိပက္ခိယ တရားဟူသည်ကား

သတိပဋ္ဌာန် ၄-ပါး

၁။ မိမိကိုယ်အစုံ၌ ဖြစ်မှု ပျက်မှုကို ရှုသော ကာယာနုဿနာ သတိပဋ္ဌာန်။

၂။ မိမိဝေဒနာအစုံ၌ ဖြစ်မှု ပျက်မှုကို ရှုသော ဝေဒနာ နုပဿနာ သတိပဋ္ဌာန်။

၃။ မိမိစိတ်အစုံ၌ ဖြစ်မှု ပျက်မှုကို ရှုသော စိတ္တာနုပဿနာ သတိပဋ္ဌာန်။

၄။ မိမိ လောဘ စသော တရားစုတို့၌ ဖြစ်မှု ပျက်မှုကို ရှုသော ဓမ္မာနုပဿနာ သတိပဋ္ဌာန်။

[ဤကား သတိပဋ္ဌာန် ၄-ပါးတည်း။]

သမ္မပ္ပဓာန် ၄-ပါး

၁။ မိမိတို့သန္တာန်မှာ ကမ္မပထမြောက်ခဲ့ဖူး၍ အပါယ်သို့ ပစ်ချခြင်းငှာ ဘဝအဆက်ဆက် အစဉ်ပါရှိ၍ နေသော ဒုစရိုက် အကုသိုလ်ကံဟောင်းစုကို အကြွင်းမဲ့ ပယ်ခြင်းငှာ လည်းကောင်း,

၂။ ဤဘဝမှ နောက်အနမတဂ္ဂ သံသရာ၌ ဒုစရိုက်တို့ကို မိမိသန္တာန်မှာ တဖန် မဖြစ်လာစေခြင်းငှာလည်းကောင်း မနေမနား အားထုတ်ရာသော ဝီရိယ ၂-ပါး။

၃။ သောတာပန်ဖြစ်ရန် အခွင့်ကိုရည်၍ ဒုစရိုက်ဟောင်း, ဒုစရိုက်သစ်ကို ဆိုသည်၊ ယခု ရရှိ၍ နေသော အာဇီဝဋ္ဌမက သီလစသော ကုသိုလ်

ကံဟောင်းတို့ကို ပရိနိဗ္ဗာန်စံရာ ဘဝဆိုက်ဆောင် ဘယ်အခါမှာမှ ပျက်ကွက် ဖောက်ပြားခြင်းမရှိ နိယာမအဖြစ်သို့ ရောက်ပြီး ဖြစ်စေခြင်းငှာ လည်းကောင်း,

၄။ ဤသာသနာတော်မြတ်ကြီး၌ ကာမ, ရူပ, အရူပ, လောကုတ္တရာ ကုသိုလ် ၄-မျိုး ရှိသည်တွင် မိမိမရောက်းဖူးသေး, မရဖူးသေး, မိမိသန္တာန်မှာ လိုရှိနေသေးသော ကုသိုလ်ကံသစ်မျိုးတို့ကို ယခုဘဝ နေ့ချင်း, ညချင်း, လချင်း, နှစ်ခြင်း အမြန်ရထည့်ရောက်ထည့်ခြင်း အကျိုးငှာလည်းကောင်း မနေမနား အားထုတ်ရာသော ဝီရိယ ၂-ပါး။

ဤ ၄ ပါးသော ဝီရိယတို့ကို အရေကြွင်းစေ, အကြောအခြင် ကြွင်းစေ, အရိုးကြွင်းစေ,အသားအသွေး ကုန်ခန်းလေစေဟု အင်္ဂါ ၄-ပါး အခိုင်အမြဲထား၍ ကိဇီပြီးစီးလိမ့်မည်ဆိုလျှင် အသက်ခန္ဓာကိုမျှ မညှာမတာ အားထုတ်ရာသော အခွင့် ၄-ပါးသည် သမ္မပ္ပဓာန် ၄-ပါး မည်၏။

[ဤကား သမ္မပ္ပဓာန် ၄-ပါးတည်း။]

ဣဒ္ဓိပါဒ် ၄-ပါး

၁။ သမထ ဝိပဿနာ ဘာဝနာမှုတို့၌ အလွန်ထက်သန်သော ဆန္ဒ ၁-ပါး,

၂။ သမထ ဝိပဿနာ ဘာဝနာမှုတို့၌ အလွန်ထက်သန်သော စိတ်အကြံ ၁-ပါး,

၃။ သမထ ဝိပဿနာ ဘာဝနာမှုတို့၌ အလွန်ထက်သန်သော ဝီရိယ ၁-ပါး,

၄။ သမထ ဝိပဿနာ ဘာဝနာမှုတို့၌ အလွန်ထက်သန်သော ဉာဏ်ပညာ ၁-ပါး,

[ဤကား ဣဒ္ဓိပါဒ် ၄-ပါးတည်း။]

ဣန္ဒေ ၅-ပါး

၁။ သမထ ဝိပဿနာ ဘာဝနာမှုတို့၌ စိတ်မကြည်လင်ခြင်းကို ပယ်နိုင်သော သဒ္ဓိန္ဒေ ၁-ပါး,

[ရုတိယအကြိမ်]

၂။ သမထ ဝိပဿနာ ဘာဝနာမှုတို့၌ စိတ်၏ ဆုတ်နစ်ခြင်းကို ပယ်နိုင်သော ဝီရိယပြေ ၁-ပါး,
၃။ သမထ ဝိပဿနာ ဘာဝနာမှုတို့၌ စိတ်၏ မေ့လျော့ခြင်းကို ပယ်နိုင်သော သတိပြေ ၁-ပါး,
၄။ သမထ ဝိပဿနာ ဘာဝနာမှုတို့၌ စိတ်၏ ပျံ့လွင့်ခြင်းကို ပယ်နိုင်သော သမာဓိပြေ ၁-ပါး,
၅။ သမထ ဝိပဿနာ ဘာဝနာမှုတို့၌ စိတ်၏ တွေဝေခြင်းကို ပယ်နိုင်သော ပညာပြေ ၁-ပါး,

[ဤကား ဣပြေ ၅-မျိုးတည်း။]

ဗိုလ် ၅-ပါး

၁။ သဒ္ဓါဗိုလ်,
၂။ ဝီရိယဗိုလ်,
၃။ သတိဗိုလ်,
၄။ သမာဓိဗိုလ်,
၅။ ပညာဗိုလ်,

[ဤကား ဗိုလ် ၅-ပါးတည်း။]

ဗောဇ္ဈင် ၇-ပါး

၁။ သတိပဋ္ဌာန်ကိစ္စရှိသော သတိသမ္ဗောဇ္ဈင် ၁-ပါး,
၂။ နာမ်ရူပ်တရားတို့၌ ဟုတ်မှန်သော လက္ခဏာကို ရှာဖွေ၍ သိနိုင်မြင်နိုင်သော ဓမ္မဝိစယသမ္ဗောဇ္ဈင် ၁-ပါး,
၃။ သမ္မပ္ပဓာန် ကိစ္စရှိသော ဝီရိယသမ္ဗောဇ္ဈင် ၁-ပါး,
၄။ ဓမ္မရသ-တရား အရသာတို့၌ သာယာနှစ်သက်သော ပီတိသမ္ဗောဇ္ဈင် ၁-ပါး,
၅။ ကိုယ်စိတ် ၂-ပါးတို့၏ ပူပန်ခြင်းခပ်သိမ်းကို ငြိမ်းစေတတ်သော ပဿဒ္ဓိသမ္ဗောဇ္ဈင် ၁-ပါး,
၆။ တရားအာရုံ၌ တုန်လှုပ်ခြင်း မရှိသော သမာဓိသမ္ဗောဇ္ဈင် ၁-ပါး,
၇။ ဘာဝနာမှုတို့၌ မကွေ့မထောင့် အဖြောင့်ဆောင်ကြဉ်း တတ်သော ဥပေက္ခာသမ္ဗောဇ္ဈင် ၁-ပါး,

[ဤကား ဗောဇ္ဈင် ၇-ပါးတည်း။]

မဂ္ဂင် ၈-ပါး

၁။ သစ္စာ ၄-ပါးကို မြင်နိုင်သော သမ္မာဒိဋ္ဌိ ၁-ပါး,
၂။ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စွာ ကြံဖန်ခြင်းဟူသော သမ္မာသင်္ကပ္ပ ၁-ပါး,
၃။ ဝစီဒုစရိုက် ၄-ပါးတို့ကို အကုန်အစင် ပယ်ဖြတ်နိုင်သော သမ္မာဝါစာ ၁-ပါး,
၄။ ကာယဒုစရိုက် ၃-ပါးတို့ကို အကုန်အစင် ပယ်ဖြတ်နိုင်သော သမ္မာကမ္မန္တ ၁-ပါး,
၅။ မကောင်းသော အသက်မွေးမှုတို့ကို အကုန်အစင် ပယ်ဖြတ်နိုင်သော သမ္မာအာဇီဝ ၁-ပါး,
၆။ သမ္မပ္ပဓာန် ကိစ္စရှိသော သမ္မာဝါယာမ ၁-ပါး,
၇။ သတိပဋ္ဌာန် ကိစ္စရှိသော သမ္မာသတိ ၁-ပါး,
၈။ စျာန် ၄-ပါးနှင့် ယှဉ်သော သမ္မာသမာဓိ ၁-ပါး,

[ဤကားမဂ္ဂင်၈-ပါးတည်း။]

ဤ ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့ကို ပွားများစေတော်မူသဖြင့် သူတပါးတို့အားလည်း သစ္စာ ၄-ပါး တရားတို့ကို သိစေတော်မူသော အကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ-ဟူသော အမည်နာမ ဝိသေသကို ရတော် မူပေ၏။

ဗုဒ္ဓေါ၊ ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂ တဖြာ ၄-သစ္စာကို ဆရာမကူ သယမ္ဘူဖြင့် အမှန်ထိုးထွင်း အလင်းသိမြင်တော်မူသော မြတ်စွာဘုရား။

၉။ ဣတိပိ သော ဘဂဝါ ဘဂဝါ

အနက်။ ။မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူပေသော။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ စိရကာလံ၊ ၄-သချှင်နှင့် ကမ္ဘာ ၁-သိန်း ကာလပတ်လုံး။ ပါရမိယော၊ ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူပြီး၍။ ဗုဒ္ဓဘာဝံ၊ သဗ္ဗညုတ ဘုရားအဖြစ်သို့။ ပတ္တော၊ ရောက်တော်မူပေ၏။

မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော် မူပေသော။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် အတုမရှိ ကြီးမြတ်သော ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူပေ၏။

[ဒုတိယအကြိမ်]

ဘုန်းတော် ၆ ပါးကား

၁။ အလိုရှိတိုင်း ဖန်ဆင်းခြင်းဌာ စိတ်တော်ကို အစိုးရခြင်း ဟူသော ဣဿရိယ ဘုန်းတော် ၁-ပါး,

၂။ လောကုတ္တရာ ဂုဏ်ကျေးဇူးဟူသော ဓမ္မဘုန်းတော် ၁-ပါး,

၃။ လောက သုံးပါးမှ အတုမရှိ ကျော်စောတော်မူသော ယသ ဘုန်းတော် ၁-ပါး,

၄။ အတုမရှိ တင့်တယ်သော ကျက်သရေတည်းဟူသော သိရီဘုန်းတော် ၁-ပါး,

၅။ အလိုတော်ခပ်သိမ်း ပြီးပြီမ်းစေခြင်း တည်းဟူသော ကာမဘုန်းတော် ၁-ပါး,

၆။ သတ္တဝါတို့အကျိုးကို အားထုတ်မှု၌ အတုမရှိသော လုံ့လ ဝီရိယ ပယတ္တ ဘုန်းတော် ၁-ပါး,

ဤ ၆-ပါးသော အတုမရှိ ကြီးမြတ်သော ဘုန်းတော် တန်ခိုးတော်တို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ- ဟူသော အမည်နာမ ဝိသေသကို ရတော်မူပေ၏။

ဘဂဝါ၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

[ဤကား မြတ်စွာဘုရား၏ ဂုဏ်တော် ၉-ပါး အကျဉ်းပွားများပုံ အလယ် အလတ် ပွားများပုံ, အကျယ်ပွားများပုံတို့ကို ပြဆိုခြင်းပေတည်း။]

ထင်း ဂုတ်တော် ၉-ပါးအပြင်—

၁။ စက္ခု ၅-ပါးနှင့် ပြည့်စုံတော်မူခြင်း စက္ခုမဉ္ဇဂုဏ်,

၂။ မာရ် ၅-ပါးကို အကြွင်းအကျန်မရှိ အောင်တော်မူသော အစွမ်း သတ္တိတော်ဟူသော ဇိနဂုဏ်,

၃။ ကိုယ်တော် အား ၁၀-ပါး, ဉာဏ်တော် အား ၁၀-ပါးနှင့် ပြည့်စုံ တော်မူခြင်း ဒသဗလဂုဏ်,

ဤသို့ အစရှိသည်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော် တို့သည် အပ္ပမာဏော ဗုဒ္ဓေါ— ဆိုသောအတိုင်း အသင်္ချေယျ, အနန္တ များပြား ကုန်၏။

ထိုမျှားပြားစွာသော ဂုဏ်တော်တို့ကို မိမိသဒ္ဓါစွမ်း ဝီရိယစွမ်း ဉာဏ်စွမ်း ရှိသည်အားလျော်စွာ သိနိုင်သမျှ သိအောင်လုပ်၍ ဤဂုဏ်တော် ၉-ပါး နည်းတူပင်လျှင် ဆင်ခြင်အောက်မေ့ရာ၏။

၁-ပါးတည်း ဆင်ခြင် အောက်မေ့ရသည်ထက် ၂-ပါး, ၃-ပါး, ၄-ပါး, ၅-ပါး-စသည်ဖြင့် မျှားစွာအောက်မေ့နိုင်လေ ကောင်းလေဖြစ်၏၊ စိတ်အလွန်ကြည်လင်၏၊ ဉာဏ်ပွင့်လန်း၏၊ အကျိုးအာနိသင် ကြီးမားမြင့်မြတ်၏။

ဤကဲ့သို့ မိမိတို့ သိနိုင်သလောက် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန် ဆင်ခြင် အောက်မေ့သည် ရှိသော် အလွန်သဒ္ဓါတရား ထက်သန်၏၊ မိမိ ဦးခေါင်းကိုပင် ဖြတ်၍ ပူဇော်ချင်အောင် သဒ္ဓါတရား ဖြစ်ဝေတ်၏၊ အလွန်စိတ်ဉာဏ်ကြည်၏၊ ဉာဏ်တိုးပွားကြီးရင့်၏၊ အလွန်စိတ်တည်ကြည်၏၊ ဥပစာရ စျာန်ကိုရ၏။

ဥပစာရစျာန်ဟူသည်ကား

၁။ နိမိတ် ရစကောင်းသော ကမ္မဋ္ဌာန်းတို့၌ အစမှစ၍ ပဋိဘာဂ နိမိတ် ဖြစ်ပေါ်သည် တိုင်အောင် ဤအတွင်း ကြည်ရှု ပွားများသော စိတ္တဇုပါဒ်ကို ပရိကမ္မ ဘာဝနာဟု ခေါ်၏။

၂။ ပဋိဘာဂနိမိတ် ဖြစ်ပေါ်သည်မှစ၍ အပ္ပနာသို့ မရောက်မီ ဤအတွင်း ကြည်ရှုပွားများသော စိတ္တဇုပါဒ်ကို ဥပစာရ ဘာဝနာဟု ခေါ်၏။

၃။ စျာန်စိတ်ကိုကား အာရုံထဲသို့ ဝင်ဘီသကဲ့သို့ စူးစိုက်၍ ဖြစ်ခြင်း ကြောင့် အပ္ပနာ ဘာဝနာဟု ခေါ်၏။

ဤဘာဝနာ ၃-ပါး၌–

၁။ ပရိကမ္မဘာဝနာအခိုက်၌ ပါရှိသော သမာဓိကို, စျာန်ကို ပရိကမ္မ သမာဓိ, ပရိကမ္မစျာန်ဟု ခေါ်၏။

၂။ ဥပစာရဘာဝနာအခိုက်၌ ပါရှိသော သမာဓိကို, စျာန်ကို ဥပစာရ သမာဓိ, ဥပစာရစျာန်ဟု ခေါ်၏။

၃။ အပ္ပနာအခိုက်၌ ပါရှိသော သမာဓိကို, စျာန်ကို အပ္ပနာသမာဓိ, အပ္ပနာစျာန်ဟု ခေါ်၏။

ဤကဲ့သို့ ဘာဝနာ ၃-မျိုး၊ သမာဓိ ၃-မျိုး၊ စျာန် ၃-မျိုးရှိ၏။

[ဒုတိယအကြိမ်]

ဤ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည်ကား– ဘုရား ဂုဏ်ကျေးဇူးတော်များသည် အလွန် နက်နဲသိမ်မွေ့သော ပရမတ္ထတရားဖြစ်၍ နိမိတ်ရကောင်းသော တရား မဟုတ်ခြင်းကြောင့် စိတ်ဉာဏ်ကြည်လင်ခြင်း, ဝမ်းမြောက်ခြင်း, တည်ကြည်ခြင်း ဥပစာရစျာန်, ဥပစာရသမာဓိမျှကိုသာ ဖြစ်စေနိုင်၏၊ အပွနာစျာန်, အပွနာသမာဓိကို မဖြစ်စေနိုင်၊ အပွနာစျာန်ကိုကား နိမိတ်အာရုံ ရကောင်းသော ကမ္မဋ္ဌာန်းမှာမူ ဖြစ်စေနိုင်ကောင်း၏။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ပြီး၏။

(ခ) ဓမ္မာနုဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

အနုဿတိ ၁၀-ပါးတို့တွင်–

ဓမ္မာနုဿတိ ဟူသည်ကား– ဘုရားရှင် ဟောကြားတော် မူအပ်သော ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ ဟူသော ၃-ပါးသော တရားတော်မြတ်၏။ ဝါ၊ ပရိယတ္တိ, ပဋိပတ္တိ, စျာန်, မဂ်, ဖိုလ်, နိဗ္ဗာန်- ဟူသော ၆-ပါးသော တရားတော်မြတ်၏ သွာက္ခာတတာ- စသော ဂုဏ်တော်တို့ကို အဖန်ဖန် ဆင်ခြင် အောက်မေ့သော သတိကို ဆိုသည်။

ထို ဓမ္မာနုဿတိကို ပွားများ အားထုတ်လိုသော ယောဂီ ပုဂ္ဂိုလ်သည် တရားတော်မြတ်၏ သွာက္ခာတတာ-စသော ဂုဏ်တော် ၆-ပါးကို ကောင်းမွန်စွာ သိ၍ ဘုရားဂုဏ် ကျေးဇူးတော်ကို ဂုဏ်လုံး ပေါ်အောင် ထင်ရှားအောင် လောကကြီးနှင့်တကွ မိမိတို့ ရနိုင်ခဲသောအဖြစ်, မရနိုင်သော အဖြစ်တို့ကို ဆင်ခြင်၍ အောက်မေ့ရဘိသကဲ့သို့ ထို့အတူ တရားတော်မြတ်၏ ဂုဏ်တော်ကိုလည်း ဂုဏ်လုံးပေါ်အောင် တန်ဖိုးမဖြတ်နိုင်အောင် ထင်ရှားအောင် ဆင်ခြင်အောက်မေ့ရမည်။

ဓမ္မဂုဏ်တော် ၆-ပါး

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော,
၂။ သန္ဒိဋ္ဌိကော,
၃။ အကာလိကော,
၄။ ဧဟိပဿိကော,
၅။ ဩပနေယျိကော,
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

၁။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သွာက္ခာတော၊ အစ, အလယ်, အဆုံး ၃-ပါးအစုံ ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံစွာ ဟောကြားတော်မူအပ်သော၊ ဓမ္မော၊ တရားတော်မြတ်သည်။

၂။ သန္ဒိဋ္ဌိကော၊ ကျင့်ဆောင်သူတို့အား ယခုဘဝ ပစ္စက္ခဉ်ပင် ဒိဋ္ဌကိုယ်တွင် တွေ့မြင်ခံစံရသော ဂုဏ်ကျေးဇူး အထူးနှင့်လည်း ပြည့်စုံပေ၏။

၃။ အကာလိကော၊ ကာလမရွေ့ ကျင့်သည့်နေ့ပင် တွေ့မြင် ယုံကြည်ရသော ကောင်းကျိုးချမ်းသာနှင့်လည်း ပြည့်စုံပေ၏။

၄။ ဧဟိပဿိကော၊ လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါရှုပါ ကျင့်ကြံပါဟု မပါပါအောင် ခေါ်ဆောင်သွတ်သွင်း တိုက်တွန်းခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံပေ၏။

၅။ သြပနေယျိကော၊ မိမိကာယ အဇျတ္ထတွင် ရရှိပေါက်ရောက် ကိုယ်တွေ့မြောက်အောင် ကပ်၍ဆောင် ထိုက်သော ဂုဏ်ထူး ဝိသေသနှင့်လည်း ပြည့်စုံပေ၏။

၆။ ဝိညူဟိ၊ ပညာရှိသူ ရှင်, လူအပေါင်း သူတော်ကောင်း တို့သည်။ ပစ္စတ္တံ၊ အသီးအသီးသော မိမိတို့သန္တာန်၌။ ဝေဒိတဗ္ဗော၊ ချမ်းသာလေစွ, ကောင်းလေစွဟု ကာယစိတ္တ သုခနှစ်ပြင် ထင်ထင်ရှားရှားခံစား သိမြင်ရသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံပေ၏။

ဘုရားရှိခိုးပြုလုပ်လိုလျင်-[တံ၊ ထိုသွာက္ခာတ-အစ, ဝေဒိတဗ္ဗ-အဆုံး အဝဂ်ချုန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ် ၆-ပါးနှင့် ပြည့်စုံသော တရားတော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။]

သွာက္ခာတဂုဏ်တော်

ငါ၏ဆရာ မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော တရားတော်မြတ်သည်ကား မိစ္ဆာဒိဋ္ဌိဆရာများ ဟောကြားအပ်သော တရားများကဲ့သို့ "ဒုရက္ခာတ-မကောင်းသဖြင့် ဟောကြားအပ်သော တရား" ဟုတ်၊ အလွဲအမှားမဟုတ်၊ ဒုက္ခဖြစ်ကြောင်းဟုတ်၊ စင်စစ် ဖြောင့်မှန်ပေ၏၊ ခပ်သိမ်းသော ဒုက္ခကို ပျောက်စေ၍ ချမ်းသာကို ဖြစ်စေတတ်ပေ၏၊ ထို့ကြောင့် သွာက္ခာတ-ကောင်းစွာ ဟောကြားအပ်သော တရားတော်မြတ်ပေတည်း။

[ဒုတိယအကြိမ်]

မိစ္ဆာဒိဋ္ဌိ တရားတို့နှင့် ယှဉ်၍ နှိုင်းစာ၍ ဆင်ခြင် အောက်မေ့ရာ၏။ ဤနည်းကိုမှီ၍ ကြွင်းသော ဂုဏ်တော်တို့ကိုလည်း မိစ္ဆာဒိဋ္ဌိတရား လောကီ ဗာဟိရ တရားတို့နှင့် ယှဉ်၍ ယှဉ်၍ နှိုင်းစာ၍ နှိုင်းစာ၍ ဆင်ခြင် အောက်မေ့အပ်၏၊ အောက်မေ့ရာ၏။

သန္ဓိဋ္ဌိကဂုဏ်တော်

အကြင်တရားသည် သူ့ကိုကြည့်ရှုလျှင် အကျိုးရှိ၏၊ ချမ်းသာ ကောင်းကျိုးကို ဖြစ်စေတတ်၏၊ ထိုတရားသည် ကြည့်ရှုခြင်းငှာ သင့်သော ထိုက်သော သန္ဓိဋ္ဌိက တရားတည်း။

အကာလိကဂုဏ်တော်

အကြင်တရားသည် ဓိမိကို ပြုကျင့် ကြည့်ရှုလာသောသူအား ချမ်းသာ ကောင်းကျိုးကို ပေးရာ၌ နောက်ခဏမှ နောက်ရက်မှ နောက်လမှဟု အခါ ကာလကို မဆိုင်းငံ့ပဲ ထိုမိမိကို ပြုကျင့်ကြည့်ရှုသည်နှင့် တပြိုင်နက်ပင်လျှင် ချမ်းသာကောင်းကျိုးကို ဖြစ်စေ၏၊ ပေး၏၊ ထိုတရားသည် အခါမလင့် အကျိုးပေးတတ်သော အကာလိက တရားတည်း။

ဟေပယျိကဂုဏ်းတော်

အကြင်တရားသည် သူ့ကိုကြည့်ရှုလျှင် အကျိုးရှိ၏၊ ချမ်းသာကောင်းကျိုးကို ဖြစ်စေတတ်၏၊ ပေးတတ်၏၊ ထိုတရားသည် လာလှည့်, ဤတရားကို ကြည့်ရှုလှည့်ဟု တိုက်တွန်းစေခိုင်းခြင်း အစီအရင်ကို ထိုက်သော ဟေပယျိက တရားဟည်း။

ဩပနေယျိကဂုဏ်တော်

သံသရာဝဋ္ဋဒုက္ခမှ ကျွတ်လွှတ်စေ၍ နိဗ္ဗာန်ချမ်းသာကို ပို့ဆောင်တတ်သော ဉာဏ်ဖြင့်ကပ်၍ လေ့လာရှက်ဆောင်အပ်သော ဩပနေယျိကတရားတည်း။

ပစ္စတ္တဝေဒိတဗ္ဗဂုဏ်တော်

ပညာရှိသူ ရှင်လူအပေါင်း သူတော်ကောင်းတို့သည် အသီးအသီးသော မိမိတို့သန္တာန်၌ ချမ်းသာလေစ, ကောင်းလေစဟု သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ပစ္စတ္တဝေဒိတဗ္ဗ တရားတည်း။

[ဒုတိယစာ[illegible]]

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ၃-ပါး, ၆-ပါးသော တရားတော်မြတ်သည် ဤ ၆-ပါးသော ဂုဏ်တို့နှင့် ထိုက်သည်အားလျော်စွာ ပြည့်စုံကြသည်၊ ထင်မြင်အောင် ကြည့်ရှုကြရာ၏။

တရားတော်မြတ်၏ ဂုဏ်ကျေးဇူးတို့သည် အပွမာဏော ဓမ္မော-ဆိုသော အတိုင်း ဤ ၆-ပါး အပြင်လည်း အသင်္ချေယျ, အနန္တများပြားစွာ ရှိကုန်၏၊ တရားတော်မြတ်၏ ဂုဏ်တော်တို့ကို ၁-ပါးထက် ၂-ပါး, ၂-ပါးထက် ၃-ပါး စသည်ဖြင့် များများကြီး သိလေအောင် အောက်မေ့နိုင်လေလေ အကျိုး သာလွန်၍ ကြီးမြတ်လေလေ ဖြစ်၏။

ဤကဲ့သို့ ဆင်ခြင် အောက်မေ့သည် ရှိသော် အလွန် နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း ဖြစ်၏၊ အလွန် စိတ်ဉာဏ် ကြည်၏၊ အလွန် ဉာဏ်ထက်သန် ကြီးထွား၏၊ အလွန် စိတ်တည်ကြည်၏၊ ဥပစာရစျာန်ကို ရ၏။

ဤဓမ္မာနုဿတိ ကမ္ပဋ္ဌာန်းသည်လည်း— တရားတော် ဂုဏ်တော်မြတ်သည် အလွန် နက်နဲ သိမ်မွေ့သော ပရမတ္ထဓမ္မတွေ ဖြစ်၍ နိမိတ်ရကောင်းသော တရားမဟုတ်ခြင်းကြောင့် အပွနာစျာန်ကို မဖြစ်စေနိုင်။

သွာက္ခာတဂုဏ်တော်အကျယ်

သုဋ္ဌု အက္ခာတောတိ သွာက္ခာတော။ ။သုဋ္ဌု၊ ကောင်းစွာ။ အက္ခာတော၊ ဟောကြားအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သွာက္ခာတော၊ သွာက္ခာတ မည်၏။

မေး။ ။ကောင်းစွာ ဟောအပ်သည်ဟူသည် အဘယ်နည်း။

ဖြေ။ ။ဤတရားသည် အစဉ်လည်းကောင်း, အလယ်ဌ်လည်းကောင်း, အဆုံးဌ်လည်းကောင်း အနက်နှင့်လည်း ပြည့်စုံ၏၊ သဒ္ဒါ, ပုဒ်, ဗျည်းနှင့်လည်း ပြည့်စုံ၏၊ ဤတရားတော်ဖြင့် မြတ်စွာ ဘုရားသည် အလုံးစုံပြည့်စုံ၍ စင်ကြယ်သော အကျင့်မြတ်ကို ပြတော်မူ၏။

ဤသို့လျှင် ကောင်းစွာ ဟောအပ်သည်၏ အဖြစ်ကို သိအပ်၏။

ချဲ့၍ဆိုဦး အံ့

၁။ တရားတော်သည် အစဉ် ကောင်းခြင်း ရှိသောကြောင့် သွာက္ခာတ မည်၏။

[ဒုတိယအကြိမ်]

စေး။ ။အစဉ် ကောင်းခြင်းဟူသည် အဘယ်နည်း။

ဖြေ။ ။ထိုဘုရားကိုဟောတော်မူသော မြတ်စွာဘုရား၏ ကောင်းသောဘုရား အဖြစ်သည် တရား၏ အစဉ် ကောင်းခြင်းမည်၏။

မေး။ ။ဘုရား၏ကောင်းသော ဘုရားအဖြစ်ဟူသည် အဘယ်နည်း။

ဖြေ။ ။ဘုရား၏ကောင်းသော ဘုရားဖြစ်ပုံကို ဘုရားဂုဏ်တော် ၉-ပါးခွဲ ဆိုအပ်ပြီးသောအတိုင်း သိအပ်၏။

၂။ တရားတော်သည် အလယ်ခွဲ ကောင်းခြင်း ရှိသောကြောင့်လည်း သဒ္ဓာကွာတ မည်၏။

မေး။ ။အလယ်ခွဲ ကောင်းမြတ်ခြင်းဟူသည် အဘယ်နည်း။

ဖြေ။ ။တရား၏ ကောင်းမြတ် မှန်ကန်သော တရားဖြစ်မှုသည် အလယ်ခွဲ ကောင်းခြင်း မည်၏။

မေး။ ။တရား၏ ကောင်းမြတ်မှန်ကန်မှုဟူသည် အဘယ်နည်း။

ဖြေ။ ။အနက်အဓိပ္ပာယ်နှင့် ပြည့်စုံမှု, သဒ္ဒါပုဒ်ဗျည်းနှင့် ပြည့်စုံမှုသည် လည်းကောင်း၊ အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကျင်မှ စင်ကြယ်သော အကျင့်မြတ်ကို ပြခြင်းသည် လည်းကောင်း တရား၏ ကောင်းမြတ် မှန်ကန်မှု မည်၏။

မေး။ ။တရားတော်၏ အနက်နှင့် ပြည့်စုံမှု, သဒ္ဒါပုဒ် ဗျည်းနှင့် ပြည့်စုံမှုဟူသည် အဘယ်နည်း။

သီလအရာ၌ ရှေးဦးစွာ ပြဆိုပေအုံ

ဖြေ။ ။ထိုသီလနှင့် စပ်၍ ဟောတော်မူအပ်သော အရာ၌ အကြင်မျှ လောက် သဒ္ဒါအစီအစဉ်ကို ပြသော ပုဒ်ဗျည်းတို့ကို လည်းကောင်း, အနက်အဓိပ္ပာယ်ကို ပြသော ပုဒ်ဗျည်းတို့ကို လည်းကောင်း ရထိုက်ကုန်၏။ ထိုမျှလောက်ကုန်သော သဒ္ဒါပုဒ်, အနက်ပုဒ်တို့ကို လိုလေသေးသည် ဟူ၍ မရှိ၊ အပြည့်အစုံ စီစဉ်ထည့်သွင်း၍ သာလျှင် ဟောကြားတော်မူအပ်၏။ ထို့ကြောင့် တံရားတော်သည် အနက်နှင့် ပြည့်စုံသည်, သဒ္ဒါပုဒ်ဗျည်းနှင့် ပြည့်စုံသည်မည်၏။

ထို့အတူ သမာဓိနှင့်စပ်၍ ဟောသောအရာ, ပညာနှင့်စပ်၍ ဟောသော အရာတို့၌ ယုတ်လျော့သည်, လိုလေသေးသည် ဟူ၍ မရှိ၊ အပြည့်အစုံဖြစ်ကုန်သော သဒ္ဒါပုဒ်, အနက်ပုဒ်တို့နှင့် စီစဉ်၍ ဟောကြားတော်မူအပ်သည်၏ အဖြစ်သည် တရားတော်၏ အနက်နှင့်ပြည့်စုံမှု, သဒ္ဒါနှင့် ပြည့်စုံမှုမည်၏။

သီလတရားနှင့်စပ်လျဉ်း၍ ဟောတော်မူသောအခါ အနမတဂ္ဂ သံသရာ ကမ္ဘာအနန္တတို့၌ ကောင်းသော အလေ့အကျင့်ဟု ဆိုအပ်ကုန်သော ကုသလ သီလမျိုးတို့သည် ရှိကုန်၏။

ထိုမျှလောက်ကုန်သော အလေ့ကောင်း, အကျင့်ကောင်း သီလကုသိုလ် အပေါင်းတို့ကို သဗ္ဗညုတဉာဏ်ဖြင့် အလုံးစုံ သိမြင်တော်မူပြီး၍ ကောင်းစွာ ဟောကြားတော်မူအပ်၏၊ ထို့ကြောင့် သီလတရားများသည် အနက်နှင့် ပြည့်စုံသည်, သဒ္ဒါနှင့် ပြည့်စုံသည် မည်၏။

သမာဓိနှင့်စပ်လျဉ်း၍ ဟောတော်မူရာ, ပညာနှင့်စပ်လျဉ်း၍ ဟောတော်မူရာတို့၌လည်း ဤနည်းအတိုင်း သာတ္ထ, သဗျဉ္ဇန်ဖြစ်ပုံကို သိအပ်၏။

ဤဆိုလတ္တံ့သောနည်းကား အနက်နှင့်ပြည့်စုံ, သဒ္ဒါနှင့်ပြည့်စုံ၍ သာတ္ထ, သဗျဉ္ဇန ဖြစ်ပုံနည်း အမြွက်ပေတည်း။

ကုသလ၊ ကုသိုလ်။ ဤ ကုသလ ဟူသော စကားသည် ဗျဉ္ဇနပဒမည်၏၊ ကာမာဝစရကုသိုလ်, ရှုပါဝစရကုသိုလ်, အရှုပါဝစရကုသိုလ်, လောကုတ္တရာ ကုသိုလ်များသည် ထိုကုသလပုဒ်သည် ဟောအပ်သော ကုသလပုဒ်၏အနက် ဖြစ်သော အတ္ထပဒမည်ကုန်၏။

တဖန် ကာမာဝစရကုသလ-ဟူသော စကားသည် ဗျဉ္ဇနပဒမည်၏၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကုသိုလ်စိတ် အစရှိသော ကာမာဝစရကုသိုလ်စိတ် ၈-ပါးသည် ထိုကာမာဝစရပုဒ်၏ အနက်ဖြစ်သော အတ္ထပဒမည်၏။

ရှုပါဝစရကုသလ-စသော စကားတို့၌လည်း ဤနည်းအတိုင်းပင်တည်း။

[ဤကား အဘိဓမ္မာ၌ ဗျဉ္ဇနပဒ, အတ္ထပဒခွဲဝေပုံ နည်းအမြွက်ပေထည်း။]

သုတ္တန်နည်းအားဖြင့်

ကုသလ-ဟူသော စကားသည် ဗျဉ္ဇနပဒမည်၏၊ ထိုကုသလ၏ အနက် သဘောဖြစ်သော သုစရိုက် ၁၀-ပါး, ကုသလကမ္မပထ ၁၀-ပါး, ပုညကြီယာဝတ္ထု ၁၀-ပါးသည် အတ္ထပဒမည်၏။

[ဤကား သုတ္တန်နည်းအားဖြင့် ဗျဉ္ဇနပဒ, အတ္ထပဒခွဲဝေပုံတည်း။]

ဤကဲ့သို့ ဟောတော်မူအပ်သော ကုသိုလ်တရားသည် အနမတဂ္ဂ သံသရာ ကမ္ဘာအဆက်ဆက်တို့၌ ဤမည်သော ကပ်ကမ္ဘာတွင်, လောကဓာတ်ပေါင်း အနန္တတို့၌ ဤမည်သောလောကဓာတ်တွင်, ဤမည်သော သတ္တလောကတွင်

ပြစုံတခုသော ကုသိုလ်မျှလည်း ထိုကုသလဟူသော ဗျဥ္ဇနပုဒ်, အတ္ထပုဒ်တို့ဖြင့် မရေမတွက်သည်မရှိ၊ အနမတဂ္ဂ သံသရာ ကမ္ဘာအနန္တ သတ္တဝါအနန္တတို့၌ ကုသိုလ်ဟူ၍ ဆိုလျှင် ထိုကုသလပုဒ်အတွင်းသို့ အကျုံးဝင်ကြလေသည် ချည်းသာ ဖြစ်လေ၏၊ ကုသိုလ်မှန်လျှင် ကုသလပုဒ်ဖြင့် ဝေဖန်အပ်သည် ချည်းသာ ဖြစ်လေ၏။

[ဤသို့လျှင် ကုသလဓမ္မ ဟူသော ပုဒ်၏ သာတ္ထ, သဗျဥ္ဇနဖြစ်မှု- သဒ္ဒါနှင့်ပြည့်စုံပုံ အနက်နှင့် ပြည့်စုံပုံကို သိအပ်၏။]

အကုသလာ ဓမ္မာ-အစရှိကုန်သော ဂ-သောင်း ၄-ထောင်ကုန်သော ဓမ္မကွန္ဒာပုဒ်အပေါင်းတို့၌လည်း ဤနည်းအတိုင်း သာတ္ထ, သဗျဥ္ဇနဖြစ်ပုံကို သိရာသတည်း။

မေး။ ။ထိုတရားတော်ဖြင့် အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင်မှ စင်ကြယ်သော အကျင့်မြတ် ဗြဟ္မစရိယကို အဘယ်သို့ ပြပါသနည်း။

ဖြေ။ ။(က) ဗြဟ္မစာလသုတ်၌ ဟောတော်မူအပ်သော စူဠသီလသည် လည်း ဗြဟ္မစရိယမည်၏၊ မဇ္ဈိမသီလသည် လည်းကောင်း, မဟာသီလသည်လည်းကောင်း ဗြဟ္မစရိယပင် မည်၏။

(ခ) အလုံးစုံသော ဝိနည်းပိဋကတ်၌ ပညတ်တော် မူအပ်သော ဝိနည်းသိက္ခာပုဒ် ဟူသမျှ တို့သည်လည်း ဗြဟ္မစရိယမည် ကုန်၏။

(ဂ) ထိုမှတပါး အလုံးစုံသော ဣန္ဒြိယသံဝရသီလ, အလုံးစုံသော သတိသမ္ပဇဉ်, ပစ္စည်း ၄-ပါးတို့၌ ရောင့်ရဲမှု သန္တောသ, အလုံးစုံသော နိဝရဏတရားကို ခွာမှု သမာပတ် ဂ-ပါး, ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, စေတောပရိယဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, စုတူပပါတဉာဏ် အလုံးစုံသည်လည်း ဗြဟ္မစရိယပင်မည်၏။

(ဃ) သတိပဋ္ဌာန် ၄ ပါး, သမ္မပ္ပဓာန် ၄-ပါး, ဣဒ္ဓိပါဒ် ၄-ပါး, ဣန္ဒြေ ၅-ပါး, ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၈-ပါး၊ ဤဗောဓိပက္ခိယတရား ၃၇-ပါးတို့သည်လည်း ဗြဟ္မစရိယပင် မည်ကုန်၏။

ပြဆိုအပ်ပြီးသော ဗြဟ္မစရိယတို့၏ အကျိုးဖြစ်ကုန်သော လောကီ အဘိညာဉ် ၅-ပါး, ဗိုလ် ၅-ပါးတို့ကိုလည်း ဗြဟ္မစရိယ၌ပင် သွင်း၍ ရေတွက် အပ်ကုန်၏။

မြတ်စွာဘုရားသည် ထိုတရားတော်မြတ်ဖြင့် ဤအလုံးစုံသော ဗြဟ္မစရိယ အကျင့်မြတ်ကို ပြတော်မူ၏၊ ထိုသို့ ပြအပ်သော ဗြဟ္မစရိယသည်လည်း စူဠ သီလ စသည်တို့၌ တစုံတခုမျှ မပြည့်စုံသော ဗြဟ္မစရိယမည်သည်မရှိ၊ အလုံးစုံ ပြည့်စုံသည်သာ ဖြစ်၏။

ထိုထို ဗြဟ္မစရိယဖြင့် ထိုထို ဆိုင်ရာဆိုင်ရာ ဖြစ်သော ကိလေသာအဖို့ကို ထိုက်သည် အားလျော်စွာ ပယ်ရှားခြင်းကြောင့် မြတ်စွာဘုရား ပြတော်မူအပ် သော ဗြဟ္မစရိယသည် ထက်ဝန်းကျင်မှ စင်ကြယ်သည်မည်၏။

ဤဆိုအပ်ပြီးသော ဗြဟ္မစရိယသည်ကား အနာဂါရိက ဖြစ်သော ရဟန်းတို့ နှင့် သက်ဆိုင်သော ဗြဟ္မစရိယပေတည်း။

အိမ်ရှင်ထောင်သူ လူတို့၏ ဗြဟ္မစရိယ, နတ်တို့၏ ဗြဟ္မစရိယသည်ကား ၅-ပါးသီလ, ၈-ပါးသီလ, အဋ္ဌင်္ဂဥပုသ်, ၁၀-ပါးသီလတို့ ပေတည်း။

ဗြဟ္မစရိယနှင့် စပ်သော စကားရပ်၌—

ပုဏ္ဏကဇာတ်တွင် ဒါနကို ဗြဟ္မစရိယဟု ဟောတော်မူ၏၊ တိတ္တိရဇာတ်၌ ၅-ပါးသီလကို ဗြဟ္မစရိယဟု ဟောတော်မူ၏၊ နေမိကဇာတ်၌ ဥပေါသထသီလ ကို ဗြဟ္မစရိယဟု ဟောတော်မူ၏၊ ၁၀-ပါးသီလကိုကား ၈-ပါးသီလနှင့် အလားတူသောကြောင့် ဗြဟ္မစရိယဟူ၍ ဆိုအပ်၏။

ထိုမှ တပါး ထိုထို သုတ္တန် အရပ်ရပ်တို့၌ အကြင်အကြင် ပုညကြိယာ ဝတ္ထု တို့ကို ဆိုင်ရာဆိုင်ရာ၌ ဟောတော်မူ၏၊ ထို အလုံးစုံသော ကုသိုလ်ကောင်းမှု ပြုခြင်းနှင့် စပ်ဆိုင်သမျှသော ပုညကြိယာဝတ္ထုတို့ကို ဗြဟ္မစရိယ၌ သွင်း၍ ရေတွက် အပ်ကုန်၏။

လောက၌ ဤဗြဟ္မစရိယတို့၏ တင်ရှားရှိနေခြင်းကြောင့် လူတို့ဟူ၍ ထင်ရှားရှိနေကြကုန်၏၊ နတ်တို့ဟူ၍, ဗြဟ္မာတို့ဟူ၍ ထင်ရှား ဖြစ်ပေါ်လျက် ရှိနေကြကုန်၏၊ ဘုရားရှင်တို့လည်း ထင်ရှား ပွင့်တော်မူကြကုန်၏၊ ပစ္စေကဗုဒ္ဓါ တို့လည်း ထင်ရှား ဖြစ်ပေါ်ကြကုန်၏၊ တပည့်သာဝကတို့လည်း ထင်ရှားဖြစ် ပေါ်ကြကုန်၏၊ သူတော်ကောင်းတို့ဟူ၍ ထင်ရှား ရှိကြကုန်၏။

ဤဗြဟ္မစရိယတို့ကို ကြဉ်ဖယ်၍ ထားကြပါကုန်မူကား လူသည်လည်းကောင်း, နတ်သည်လည်းကောင်း, ဗြဟ္မာသည်လည်းကောင်း မရှိနိုင်ကုန်၊ ဘုရားပစ္စေက ဗုဒ္ဓါတို့ ပွင့်ပေါ်နိုင်ရန်မှာ ဆိုဖွယ်ရာမရှိချေ။

အကြင် အယူဝါဒ, အကြင် ဘာသာတို့၌-

မြတ်သောအကျင့်ဟု ဆိုအပ်သော ဗြဟ္မစရိယတို့ကို ပညတ်ခြင်းမရှိကြကုန်၊ ထိုအယူဘာသာတို့၌ သွာက္ခာတ တရားမရှိ၊ ဒုရက္ခာတ-မကောင်းသဖြင့် ဆိုအပ်သော တရားသာ ရှိလေသောကြောင့် ထို အယူဘာသာသို့ ဝင်၍ ကျင့်ကြံ အားထုတ်ကြကုန်သော သူတို့သည် ပိုတ်ကွယ်သော သုဂတိတံခါး ရှိကြကုန်သည် ဖြစ်၍ များသောအားဖြင့် အပါယ်သို့သာ လားကြရလေကုန်၏။

ဤသို့လျှင် တရားတော်မြတ်၏ အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကျင်မှ စင်ကြယ်သော အကျင့်ကောင်း အကျင့်မြတ်ကို ပြခြင်းသည်ဖြစ်၏။

ဆိုအပ်ပြီးသော စကားရပ်ဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်မြတ်၏ အနက်သဒ္ဒါနှင့်ပြည့်စုံ၍ သာတ္ထ, သဗျဉ္ဇနအဖြစ်၊ အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကြင်မှ စင်ကြယ်သော အကျင့်မြတ်ကို ပြသည်၏ အဖြစ်ကြောင့် မဇ္ဈေကလျာဏ ဖြစ်ပုံကို သိအပ်သတည်း။

မေး။ ။တရားတော်မြတ်၏ အံဆုံး၌ ကောင်းခြင်းဟူသည်အဘယ်နည်း။

ဖြေ။ ။မြင့်မြတ်သော သာဝကတို့နှင့် ပြည့်စုံခြင်းသည် တရားတော်၏ အဆုံး၌ ကောင်းခြင်းမည်၏။

သာဝကနှင့် ပြည့်စုံခြင်းဟူသည်ကား

သွာက္ခာတဖြစ်သော တရားတော်ကို ကျင့်ဆောင် ကြကုန်သော စာပည့် သာဝကတို့သည် ကျင့်ကြံ အားထုတ်အပ်သော ဗြဟ္မစရိယ၏ အကျိုးတို့ကို ကိုယ်တွေ့ဒိဋ္ဌ ရရှိခံစံ ကြရကုန်၍ ထူးသောပုဂ္ဂိုလ်အဖြစ်သို့ ရောက်ကြသည်ကို သာဝကသမ္ပတ္တိဆိုသည်၊ ဤတရားဂုဏ်တော်၌ မေ့မဆိုသည်ကား သူတော်ကောင်းတို့၏ တရားပေတည်း၊ ထိုတရားကို သဒ္ဓမ္မဆိုသည်။

[ဒုတိယအကြိမ်]

ထိုသဒ္ဓမ္မသည်–
၁။ လောကိယသဒ္ဓမ္မ,
၂။ လောကုတ္တရသဒ္ဓမ္မ အားဖြင့် ၂-ပါးရှိ၏။
ထို ၂-ပါးတို့တွင်–

လောကိယသဒ္ဓမ္မ ဆိုသည်ကား- လောကဋ္ဌ ရဟန်းပညာရှိတို့သည်လည်း ကောင်း, ပုဏ္ဏား ပညာရှိတို့သည်လည်းကောင်း, လူပညာရှိ နတ်ပညာရှိ တို့သည်လည်းကောင်း, ဗြဟ္မာပညာရှိတို့သည် လည်းကောင်း ဒုစရိုက် ၁၀-ပါး တို့ကို ပညတ်ကြကုန်၏၊ သုစရိုက် ၁၀-ပါးတို့ကို ပညတ်ကြကုန်၏။

အကုသလကမ္မပထ ၁၀-ပါးတို့ကို ပညတ်ကြကုန်၏၊ ကုသလကမ္မပထ ၁၀-ပါး, ပုညကြိယာဝတ္ထု ၁၀ ပါးတို့ကို ပညတ်ကြကုန်၏။

ကသိုဏ်းစျာန် ၁၀-ပါး, အပ္ပမညာစျာန် ၄-ပါး, ရူပ-အရူပ သမာပတ် ၈-ပါး, လောကီ အဘိညာဉ် ၅-ပါး တို့ကို ပညတ်ကြကုန်၏၊ ဤပစ္စုပ္ပန် လောကကိုလည်း ဟောကြားကြကုန်၏၊ တမလွန် လောကကို လည်း ဟောကြားကြကုန်၏၊ အပါယ် ၄-ပါးကိုလည်း ဟောကြားကြကုန်၏။

ကာမာဝစရ နတ်ပြည် ၆-ထပ်, ရူပဗြဟ္မာဘုံ ၁၆-ထပ်, အရူပဘုံ ၄-ထပ် တို့ကိုလည်း ဟောကြားကြကုန်၏၊ အနန္တစက္ကဝဠာ ကမ္ဘာလောကခေတ် တို့၏ ရှိခြင်းကိုလည်း ဟောကြားကြကုန်၏။

ဒုစရိုက် ၁၀-ပါး, အကုသလ ကမ္မပထတရား ၁၀-ပါး တို့သည် အပါယ် ၄-ပါးသို့ သွားရန် လမ်းခရီး ဖြစ်ကြကုန်၏၊ သုစရိုက် ၁၀-ပါး, ကုသလ ကမ္မပထ တရား ၁၀-ပါး တို့သည် လူ့ပြည် နတ်ပြည်သို့ သွားရန် လမ်းခရီး ဖြစ်ကြကုန်၏- ဟူ၍လည်း ပညတ်ကြကုန်၏၊ စျာန်သမာပတ် ၈-ပါးတို့သည် ဗြဟ္မာ့ပြည်သို့ သွားရန် လမ်းခရီး ဖြစ်ကြကုန်၏-ဟူ၍လည်း ပညတ်ကြကုန်၏။

ထိုသို့ ဟောကြား ပညတ်ကြကုန်သော ပုဂ္ဂိုလ်တို့သည် သာမည်အားဖြင့် စိတ်သဘော ထင်မြင်ရာ ယံ၀ါ တံ၀ါ ပညတ် ဟောကြားကြသည် မဟုတ်ကုန်၊ စျာန် အဘိညာဉ် ရရှိကြကုန်သော ရဟန်း ပုဏ္ဏား, တန်ခိုးကြီးသော နတ်ဗြဟ္မာများ တို့သည် ဤပစ္စုပ္ပန် လောက, တမလွန် လောကကြီးတွေကို ကိုယ်တိုင် သိ၍ မျက်မှောက်ပြုပြီးမှ မှန်သောအတိုင်း ပညတ် ဟောကြားကြကုန်၏။

[ဒုတိယစာကြောင်း]

အချို့သော ပညာရှိဘိုသည်လည်း ထိုသို့ အဘိညာဉ် ရပြီးသော ရဟန်းပုဏ္ဏား စသည်တို့၏ အထံမှ တရားကို ကြားနာကြကုန်ပြီးလျှင် ထို အဘိညာဉ် ရရှိသော ပုဂ္ဂိုလ်တို့၏ ဟောပြောသည့်အတိုင်း ပညတ် ဟောကြားကြကုန်၏၊ ဤသို့ လောကီဌ် ပညာရှိကြကုန်သော ထိုထို ပုဂ္ဂိုလ်မြတ်တို့ ဟောကြားအပ်သော တရားသည် လောကိယသဒ္ဓမ္မမည်၏။

(အနုမတဂ္ဂ သံသုရ ကမ္ဘာ အဆက်ဆက်ဌ် လောကီပညာရှိကြီးများ ပညတ် ဟောကြား၍ ထားသော ကမ္ဘာစောင့် တရားကြီး များ- ဟူ၍ ဆိုလိုသည်)

ဤလောကိယသဒ္ဓမ္မသည်–

အနုမတဂ္ဂသံသရ ကမ္ဘာ အဆက်ဆက်တို့ဌ် ထိုထို ကပ်ကမ္ဘာ တည်ဦးစ အခါမှစ၍ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်တို့ဌ် ဖြစ်ပေါ်ကြကုန်၏၊ အနန္တ လောကဝတ်တို့ဌ်လည်း ထိုသို့ပင် ဖြစ်ပေါ်ကြကုန်၏၊ ထိုသို့ကမ္ဘာစောင့် လောကိယသဒ္ဓမ္မ တရားတော်ကြီးများ ထင်ရှား ဖြစ်ပေါ် ကြကုန်သော ကြောင့်သာလျှင် ထိုကမ္ဘာ အစဉ်အဆက်တို့ဌ်လည်းကောင်း, ထိုလောကဝတ် အနန္တတို့ဌ်လည်းကောင်း လူ့ပြည်ဟူ၍ ထင်ရှားဖြစ်ပေါ်ကြကုန်၏၊ နတ်ပြည် ဗြဟ္မာ့ပြည် ဟူ၍ ထင်ရှား ဖြစ်ပေါ်ကြကုန်၏။ ထိုကမ္ဘာစောင့် ဖြစ်သော လောကိယ သဒ္ဓမ္မမျိုး မထွန်းကားခဲ့ပါမူကား သုဂတိဘုံများဟူ၍ ဖြစ်ပေါ် နိုင်ရန် အကြောင်းမရှိ၊ သုဂတိ ဘုံသားတို့ ဟူ၍ ပေါ်ပေါက်နိုင်ရန် အကြောင်းမရှိ၊ အပါယ်ဘုံနှင့် အပါယ်ဘုံသားတို့ချည်းသာလျှင် ဖြစ်ကြ ကုန်ရာ၏။

ဤ လောကိယသဒ္ဓမ္မသည်လည်း သူနှင့်ဆိုင်ရာ ပရိယာယ်တမျိုးအားဖြင့် အစဉ် ကောင်းခြင်းရှိသည်၊ အလယ်ဌ် ကောင်းခြင်းရှိသည်၊ အဆုံးဌ် ကောင်း ခြင်းရှိသည်၊ အနက်နှင့် ပြည့်စုံသည်၊ သဒ္ဒါပုဒ်ဗျည်းနှင့် ပြည့်စုံသည်၊ အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကျင်မှ စင်ကြယ်သော ဗြဟ္မစရိယ ကျင့်မြတ်ကို ပြသည်- ဟူ၍ ဆိုထိုက်၏။

ထိုစကားရပ်ဌ်–

ဖေး။ ။လောကိယသဒ္ဓမ္မ၏ အာဒိကလျာဏ အစဉ်ကောင်းခြင်းဟူသည် အဘယ်နည်း။

ဖြေ။ ။ဤပစ္စုပ္ပန် လောကကိုလည်းကော၏င်း, တမလွန်လောကကို လည်းကောင်း ကိုယ်တိုင်ထိုးထွင်း၍ သိပြီးလျှင် မျက်မှောက်ပြု၍ ပညာရှိ ပုဂ္ဂိုလ်ကြီးတို့ ကောင်းစွာ ဟောကြားအပ်သည်၏ အဖြစ်သည် အစဉ်ကောင်း ခြင်း မည်၏။

မေး။ ။မဇ္ဈေကလျာဏ—အလယ်၌ ကောင်းခြင်းဟူသည် အဘယ်နည်း။

ဖြေ။ ။ထိုလောကီ တရားအားလျော်စွာ အနက်နှင့်ပြည့်စုံမှု၊ သဒ္ဒါ ပုဒ်ဗျည်း နှင့် ပြည့်စုံမှု, အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင်မှ စင်ကြယ်သော အကျင့်မြတ်ကို ကောင်းစွာ ပြုမှုသည် အလယ်၌ ကောင်းခြင်းမည်၏။

မေး။ ။ပရိယောသာန ကလျာဏ-အဆုံး၌ ကောင်းခြင်း ဟူသည် အဘယ်နည်း။

ဖြေ။ ။လောကီပညာရှိ ပုဂ္ဂိုလ်ကြီးတို့ ဆုံးမအပ်သော အတိုင်း တရား အစဉ်ကို ကျင့်ကြံကြကုန်သော သူတို့၏ လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်ဟု ဆိုအပ်သော သုဂတိလောကသို့ ရောက်၍ သုခချမ်းသာကို ခံစားရမှုသည် လောကိယသဒ္ဓမ္မ၏ ပရိယောသာနကလျာဏ-အဆုံး၌ ကောင်းခြင်းမည်၏။

ထိုစကားမှန်၏၊ မဟာဂေါဝိန္ဒသုတ်၌-

"ထိုဂေါဝိန္ဒ ပုဏ္ဏာကြီးသည် တပည့် သာဝကတို့အား ဗြဟ္မာ့ဘုံသို့ ရောက်စိမ့်သောငှာ တရားကို ဟောကြားပေ၏။

အကြင်တပည့်တို့သည် ထိုမဟာဂေါဝိန္ဒပုဏ္ဏားကြီး၏ အဆုံးအမသြဝါဒကို အလုံးစုံသိရှိလိုက်နာကျင့်ကြံကြကုန်၏၊ ထိုတပည့်တို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်ကာလ၌ကောင်းသော သူတို့၏ လားရာဖြစ်သောဗြဟ္မာ့ဘုံသို့ ကပ်ရောက် ဖြစ်ပွားကြလေကုန်၏။

အကြင်တပည့်တို့သည် ထိုဂေါဝိန္ဒ ပုဏ္ဏားကြီး၏ အဆုံးအမ သြဝါဒကို အလုံးစုံ သိရှိလိုက်နာ ကျင့်ကြံခြင်း မပြုကြကုန်၊ တစိတ်တဒေသမျှကိုသာ ကျင့်ကြံကြကုန်၏၊ ထိုတပည့်တို့သည် အချို့ ဝသဝတ္တိနတ်ပြည်၌ ဖြစ်ကြလေကုန်၏၊ အချို့ နိမ္မာနရတိနတ်ပြည်, အချို့ တုသိတာနတ်ပြည်, အချို့ ယာမာနတ်ပြည်, အချို့ တာဝတိံသာ နတ်ပြည်, အချို့ စတုမဟာရာဇ် နတ်ပြည်၌ ဖြစ်ကြကုန်၏-ဟူ၍ မြတ်စွာဘုရား ဟောတော်မူသည်။

ထိုမှတပါး အလောင်းတော် ဟတ္တိပါလ ရှင်ရသွေ့စသော လောကီ ပညာရှိ ပုဂ္ဂိုလ်တို့၏ အဆုံးအမ သြဝါဒဟု ဆိုအပ်သော လောကိယသဒ္ဓမ္မကို လိုက်နာကြကုန်သော တပည့်သာဝကပေါင်း များစွာတို့၏ နတ်ပြည်, ဗြဟ္မာ ပြည်ဟု ဆိုအပ်သော သုဂတိဘဝတို့၌ ဖြစ်ကြကြောင်းကိုလည်း ထိုထိုကျမ်းဂန် တို့၌ ပြဆိုလျက်ရှိလေ၏။

[နတိယအကြိမ်]

သမ္မာသမ္ဗောဓိ, ပစ္စေကဗောဓိ, သာဝကဗောဓိ-ဟု ဆိုအပ်သော ဗောဓိ ၃-ပါးဆုကို ဖြည့်ကျင့်ကြကုန်သော အလောင်းတော် ၃-မျိုးတို့သည်လည်း အနမတဂ္ဂ သံသရာ ကမ္ဘာအစဉ်အဆက်မှာ ကမ္ဘာစောင့် တရားကောင်းကြီး တွေဟု ဆိုအပ်သော လောကိယသဒ္ဓမ္မများကို ရှေသူားပြုလုပ် ဖြည့်ကျင့်ခြင်း အားဖြင့် သာလျှင် ပါရမီရင့်၍ အဆုံးစွန်၌ မိမိတို့ရည်ရွယ် မှန်းထားချက် အတိုင်း ဆိုင်ရာဆိုင်ရာ ဗောဓိသို့ ရောက်ရှိ ပွင့်ပေါ်ကြလေကုန်၏။

ဤသို့လျှင် လောကိယသဒ္ဓမ္မသည်လည်း ကောင်းခြင်း ၃-ပါးနှင့် ယှဉ်သည်၏ အဖြစ်ကြောင့် ထိုက်သည့်အားလျော်စွာ သွာဂ္ဓာတပင် မည်၏-ဟူ၍ ဆိုထိုက်ပေသည်။

သာသနသဒ္ဓမ္မ

သာသနသဒ္ဓမ္မဆိုသည်ကား-သုညတဟု ဆိုအပ်သော ခန္ဓာ, နာမ်, ရုပ်, ဓာတ်, အာယတနတို့နှင့် စပ်သော တရား၊ လက္ခဏာရေး ၃-ပါးနှင့် စပ်သော တရား၊ မင်္ဂဖိုလ်နိဗ္ဗာန်ဟု ဆိုအပ်သော လောကုတ္ထရာတရားနှင့် စပ်သော တရားများပေတည်း။

အဘယ်ကျမ်းဂန်များ၌လာသော တရားမျိုးကဲ့သို့ နည်းဆိုလျှင်-

> အလုံးစုံသော အဘိဓမ္မာပိဋကတ်, အလုံးစုံသော မဟာနိဒါနသုတ်, အလုံးစုံသော နိဒါနဝဂ္ဂသံယုတ်, ခန္ဓဝဂ္ဂသံယုတ်, အာယတနဝဂ္ဂ သံယုတ်, မဟာဝဂ္ဂသံယုတ်၊ ဤသို့စသော ကျမ်းတို့၌ ဟောအပ်သော တရားမျိုးကဲ့သို့တည်း။

ပြဆိုအပ်ပြီးသော ကျမ်းတို့၌ ဟောတော်မူအပ်သော တရားတို့သည် သာသနသဒ္ဓမ္မတို့ မည်ကုန်၏၊ ထိုသာသနသဒ္ဓမ္မ၏ ကောင်းခြင်း ၃-ပါးနှင့် မြည့်စုံပုံကို ရှေး၌ ပြဆိုအပ်ခဲ့ပြီ။

အဓိပ္ပါယ်တနည်း

အဓိပ္ပါယ်တနည်းအားဖြင့်-ဤမြတ်စွာဘုရား၏ သာသနာတော် ကျမ်းဂန်ဟု ဆိုအပ်သော ပိဋကတ်သုံးပုံတို့၌ လောကိယသဒ္ဓမ္မ-ဟု ဆိုအပ်သော ကမ္ဘာစောင့် တရားတော်ကြီးများကိုလည်း မြတ်စွာဘုရား ထည့်သွင်း၍ ဟောကြားတော်မူအပ်ကုန်၏။

[ဒုတိယအကြိမ်]

အဘယ့်ကြောင့် ဟောကြားတော် မူပါသနည်းဆိုလျှင်—

၁။ ထိုလောကိယသဒ္ဓမ္မတို့၌ အချို့သော တရားတို့သည် ဤသာသနာတော်ဓမ္မ၏ အာဒိဗြဟ္မစရိယသဖွယ် ဖြစ်၍ ပဌမ အခြေခံ ကျင့်ရန် တရားများ ဖြစ်ကြကုန်၏။

၂။ အချို့သော တရားတို့သည် ဝိပဿနာကို လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် အကြောင်း ဖြစ်ကုန်၏။

၃။ အချို့သော တရားတို့သည် မျက်မှောက်ဘဝ၌ ချမ်းသာစွာ ခံစားသုံးဆောင်၍ နေခြင်းငှာ ဆောင်ရွက်ကြကုန်၏။

၄။ အချို့သောတရားတို့သည် သာသနဓမ္မ၏ ပြည့်စုံခြင်းကို ညွှန်ပြတတ်ကုန်၏။

ထို့ကြောင့် ထိုလောကိယသဒ္ဓမ္မများကို မြတ်စွာဘုရားသည် သာသနာတော် ကျမ်းတို့၌ ထည့်သွင်း၍ ဟောတော်မူရ လေသည်။

သို့ဖြစ်၍ ဤ သာသနသဒ္ဓမ္မသည် လောကိယသဒ္ဓမ္မ အားဖြင့် အစ၌ ကောင်းခြင်းရှိ၏၊ ရုပ်, နာမ်, ခန္ဓာ, အာယတနတရား, ပဋိစ္စသမုပ္ပါဒ် တရားစသည်တို့၌ အစဉ် သိမြင်ခြင်း, ထိုးထွင်း၍ သိမြင်ခြင်းတည်း ဟူသော အသိဉာဏ်အထူးကို ရရှိခြင်းအားဖြင့် အလယ်၌ ကောင်းခြင်းရှိ၏၊ ဖိုလ်တည်းဟူသော ဝိမုတ္တိ, နိဗ္ဗာန်တည်းဟူသော ဝိမုတ္တိရသကို ရရှိခြင်းအားဖြင့် အဆုံး၌ ကောင်းခြင်းရှိ၏-ဟူ၍လည်း ဆိုအပ်၏။

အကြင်ဘာသာ အယူဝါဒတို့၌ ကမ္ဘာဦးမှစ၍ အစဉ်အဆက် ဆင်းသက်၍ လာသော လောကိယသဒ္ဓမ္မများသည် မရှိ၊ ထို ဘာသာ အယူဝါဒတို့၌ သွာက္ခာတဂုဏ်နှင့် ပြည့်စုံသောတရား၏ မရှိခြင်းကြောင့် လူအပေါင်းတို့ကို များသောအားဖြင့် အပါယ်ဘုံ၌ ပြည့်နှက်ခြင်းကိုသာ ဖြစ်စေကုန်၏ ဟူ၍ မှတ်အပ်၏။

ဆိုဖွယ်ရာအထူး ရှိပြန်သည်ကား

လူတို့အသက်တမ်း ရှည်လျားသော ကပ်ကမ္ဘာကာလတို့၌ ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့သည် ထိုခေတ်အခါ ကမ္ဘာလောလပေါ်၌ လောကိယသဒ္ဓမ္မဟု ဆိုအပ်သော ကမ္ဘာစောင့် တရားတော်ကြီးများ ထင်ရှားရှိနေကြကုန်သောကြောင့် လူနတ်ဗြဟ္မာ သတ္တဝါတို့အား တရားဓမ္မဟောပြ သွန်သင်

တော်မူသောအခါ သာသနာတွင်းနှင့် သက်ဆိုင်သော သာသနသဒ္ဓမ္မ တရားစစ်ကြီးများကိုသာလျှင် ဟောကြားတော်မူကြကုန်၏၊ လောကိယ သဒ္ဓမ္မမျိုးများကို ဟောကြားတော်မူရန် ကြောင့်ကြစိုက်တော် မမူကြရကုန်

တပည့်သား ရဟန်းတို့အား သိက္ခာပုဒ် ပညတ်တော်မူခြင်း၌လည်း ကင်းသော ကြောင့်ကြခြင်း ရှိတော်မူကြကုန်၏။

အကြောင်းကိုဆိုသော်—

ထိုခေတ်အခါ ကာလသမ္ပတ္တိနှင့် ကြုံကြိုက်သဖြင့် ကမ္ဘာဇောင့် ဖြစ်သော လောကီလက်ရိုး တရားကြီး များလည်း ထွန်းကား လျက်ရှိနေဆဲ ဖြစ်၏၊ ထိုတရားမျိုးကို အထူးဟောကြားရန် မလို၊ လောကိယသဒ္ဓမ္မကြီးတွေ ထွန်းကားနေဆဲအခါ ဖြစ်၍ ရဟန်းတော် တို့သည်လည်း ပကတိသဘောအားဖြင့် စင်ကြယ် ပြည့်စုံ၍ နေကြ ကုန်၏၊ ထိုသို့ စင်ကြယ်ပြည့်စုံ၍ ကာယကံ, စီကံ လုံခြုံသော ရဟန်းတို့အားလည်း သိက္ခာပုဒ်ကို ပညတ်ရန် အကြောင်းလည်း မပေါ် ပေါက်နိုင်။

ထို့ကြောင့် အသက်ရှည်သောခေတ်၌ ပွင့်တော်မူကြသော မြတ်စွာ ဘုရားတို့သည် သာသနသဒ္ဓမ္မသက်သက်ကိုသာ ဟောကြားတော်မူကြရကုန် သဖြင့် နည်းပါးသောကိစ္စ ရှိတော်မူကြကုန်၏။

ဂေါတမဗုဒ္ဓ သာသနာ

ဂေါတမ မြတ်စွာဘုရားသည်ကား လူတို့ အသက်တမ်း အလွန်တိုသော ကာလ ဆုတ်ကပ်ထဲ၌ ပွင့်တော်မူရ၏၊ ညံ့ဖျင်းသော ခေတ်ကာလ အခါ နှင့် ကြုံကြိုက်သဖြင့် လောကိယသဒ္ဓမ္မကြီးများလည်း များသောအားဖြင့် ပျောက်ကွယ် တိမ်မြုပ်ဆဲဖြစ်၏၊ လူအပေါင်းတို့သည်လည်း သောင်းကျန်း ဆိုးသွမ်းကြကုန်၏။

ထို့ကြောင့် မြက်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါတို့အား တရား ဟောတော်မူသောအခါ တိမ်မြုပ်မှိန်မှေး၍နေသော လောကိယသဒ္ဓမ္မကြီး များကိုလည်း အလွန်အရေးကြီးစွာ ဟောကြားတော်မူရမည့် အခွင့်နှင့် ကြုံကြိုက်လျက် ရှိနေတော်မူ၏။

[ဒုတိယအကြိမ်/

ထို့ကြောင့် တရားဒေသနာကိစ္စဖြင့် လောကီယသဒ္ဓမ္မကို ဟောတော်မူရသည်က တဘက်, သာသနာသဒ္ဓမ္မကို ဟောတော်မူရသည်က တဘက်ကြောင့် အလွန်ကြီး ကြောင့်ကြစိုက်တော်မူရလေ၏။

၁။ လောကီယသဒ္ဓမ္မကို ထုတ်ဖော် ဟောတော်မူရ၏။

၂။ သာသနာသဒ္ဓမ္မကိုလည်း တည်ခဲထောင်တော်မူရ၏။

၃။ သောင်းကျန်းဆိုးသွမ်းသော ခေတ်ကာလအတွင်းဖြစ်၍ ရဟန်းတော်တို့အားလည်း သိက္ခာပုဒ် ပညတ်တော်မူရန် အတွက် အလွန်ပင် ကြောင့်ကြ စိုက်တော်မူရလေ၏။

[ဤသို့လျှင် တရားတော်၏ ကလျာဏ ၃-ပါးနှင့် ပြည့်စုံကြောင်းကို သိရှု၏]

မေး။ ။ကမ္ဘာစောင့် လောကီယသဒ္ဓမ္မ ကြီးများသည် လောကဌ်များသောအားဖြင့် အဘယ်ကာလတွင် ပျောက်ကွယ်ခြင်းသို့ ရောက်ပါသနည်း။

ဖြေ။ ။မိစ္ဆာဒိဋ္ဌိတို့ ဖြစ်ပေါ်လာသော အခါမှစ၍ ကမ္ဘာစောင့်တရား လက်ဟောင်းကြီးများ ပျောက်ကွယ်ခြင်းသို့ ရောက်ကြလေကုန်သည်။

မေး။ ။အဘယ်အခါကစ၍ လောကဌ် မိစ္ဆာဒိဋ္ဌိတို့ ဖြစ်ပေါ်ကြကုန်သနည်း။

ဖြေ။ ။လူတို့ အနှစ် တထောင်တမ်းသို့ ရောက်သောအခါမှ စ၍ လောကဌ် မှောက်မှား ဖောက်ပြန်သော အယူရှိကြကုန်သော မိစ္ဆာဒိဋ္ဌိ ရဟန်းပုဏ္ဏားတို့ ပေါ်ကြကုန်သည်-ဟူ၍ စက္ကဝတ္တိသုတ်ဌ် ဟောတော်မူ၏။

မေး။ ။မိစ္ဆာဒိဋ္ဌိ ဟူသည် အဘယ်နည်း။

ဖြေ။ ။မိစ္ဆာဒိဋ္ဌိအယူမျိုးသည် ၃၀-ပါးရှိ၏၊ ၁၀-ပါးဟူသည်ကား-

၁။ အလှူ၏ အကျိုးသည် မရှိ။

၂။ ယဇ်ကြီးပူဇော်မှု (အလှူပွဲကြီး)၏ အကျိုးသည် မရှိ။

၃။ ယဇ်ငယ်ပူဇော်မှု (အလှူပွဲငယ်)၏ အကျိုးသည် မရှိ။

၄။ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးသည်မရှိ။

[ဒုတိယအကြိမ်]

၅။ ဤ ပစ္စုပ္ပန် လောကလည်း မရှိ။
၆။ တမလွန်လောကလည်း မရှိ။
၇။ အမိ ဟူ၍လည်း မရှိ။
၈။ အဖ ဟူ၍လည်း မရှိ။
၉။ နတ်ပြဟ္မာ စသည်တို့ကဲ့သို့ ဥပပတ်ပုဂ္ဂိုလ်ဟူ၍လည်း မရှိ။
၁၀။ အကြင် ပုဂ္ဂိုလ်တို့သည် ဤပစ္စုပ္ပန် လောကကို လည်းကောင်း, တမလွန်လောကကို လည်းကောင်း, ကိုယ်တိုင် ထိုးထွင်း သိမြင်၍ မျက်မှောက်ပြု'ကြကုန်ပြီး'လျှင် ဟောကြားကြကုန်၏၊ ထိုသို့ လောကနှစ်ရပ်ကို အတတ်သိမြင် ဟောကြားနိုင်၍ အညီအညွတ်ကောင်းစွာ ကျင့်သော ထိုရဟန်း ပုဏ္ဏားမျိုးတို့ သည်လည်းလောကဌ် မရှိ။

[ဤသည်လျှင် မိစ္ဆာဒိဋ္ဌိ အယူကြီး ၁၀-မျိုးပေတည်း၊ ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိလည်း ခေါ်သည်။]

ထိုမိစ္ဆာဒိဋ္ဌိကြီးတွေ ပေါ်ပေါက်သည်မှစ၍ လောကိယသဒ္ဓမ္မ ကမ္ဘာစောင့်လက်ရိုးကောင်း တရားဟောင်းကြီးများသည် အစွန်အဖျားဖြစ်သော တိုင်းနိုင်ငံဇနပုဒ်တို့၌ အလုံးစုံ ကွယ်ပျောက်ကြလေကုန်၏။

ကမ္ဘာ၏ အဲလည်ဗဟိုဖြစ်၍ သူတော်ကောင်းတို့ ထွန်းကားရာ ဖြစ်သော မဇ္ဈိမတိုက်ကြီးအတွင်း၌လည်း များသောအားဖြင့် ကွယ်ပျောက်ကြလေကုန်သည်သာ ဖြစ်၏၊ တခါတရံ ဘုရား အလောင်းတော်ကြီးများ ပေါ်ပေါက်လာသော အခါ၌သာလျှင် ဘုရားပွင့်တော်မူသော အခါကဲ့သို့ ကြီးစွာသော သမ္မာဒိဋ္ဌိ ခေတ်ကာလကြီး ပေါ်ပေါက်၍လာ၏။

တပါးတပါးသော ဘုရားအလောင်းတော်ကြီးတို့၏ ဆုံးမသြဝါဒ ဒေသနာသည် နှစ်ပေါင်း ၆-သောင်း တည်ထွန်း၏-ဟူ၍ အဋ္ဌကထာတို့၌ ဆို၏။

အကြင် တိုင်းနိုင်ငံ ဇနပုဒ်တို့၌ ထိုကမ္ဘာစောင့် တရားကောင်း တရားမှန်ကြီးများသည် အလုံးစုံကွယ်ပျောက်လေ၏၊ ထို တိုင်းနိုင်ငံ ဇနပုဒ်တို့၌ အကြင် လူအပေါင်းတို့သည် ထို မိစ္ဆာဒိဋ္ဌိ အယူဆိုးကြီးတို့ကိုသာလျှင် စွဲလမ်းယူငင်ကျင့်ကြံကြကုန်၏၊ ထို လူအပေါင်းတို့သည် ဥစ္ဆေဒဒိဋ္ဌိတို့သာလျှင် ဖြစ်ကြလေကုန်၏။

[ဒုတိယအကြိမ်]

ဥစ္ဆေဒဒိဋ္ဌိ အယူရှိကြလေကုန်သောကြောင့် နောင် တမလွန်လောကကို မယုံကြည်သည့်အတွက် ထို တမလွန်လောက အလို့ငှါ ကုသိုလ်ကောင်းမှုပြုရန် ကြောင့်ကြမစိုက်ကြကုန်၊ ထိုသူတို့သည် စင်စစ်အားဖြင့် အပါယ်သို့သာ လားကြလေကုန်၏။

ထို ဥစ္ဆေဒဒိဋ္ဌိကို မစွဲလမ်းကြကုန်သည်ရှိသော် သဿတဒိဋ္ဌိကို ယူငင် စွဲလမ်းကြလေကုန်၏၊ သဿတဒိဋ္ဌိမှာ တမလွန်လောကကို ယုံကြည်၏၊ ထိုတမလွန်လောကအတွက် ကြောင့်ကြစိုက်ကြပါကုန်သော်လည်း တရားကောင်း တရားမှန်မှ ကင်း၍ ကုံကို ယုံကြည်သော ကမ္မကိရိယဉာဏ်မျက်စိ ကွယ်ကြကုန်သောကြောင့် မကိုးကွယ်ထိုက်ရာ၌ ကိုးကွယ်ရာ-ဟူ၍ ရှာမှီးမှတ်ထင်၍ နေကြလေကုန်၏။

[ဤအရာ၌ ကိုးကွယ်သည် ဟူသော စကားမှာ သရဏဂုံကဲ့သို့ သံသရာဘေးမှ ကယ်တင်လိမ့်မည်-ဟု ထင်မှတ်၍ ကိုးကွယ်ခြင်းကို ဆိုလိုသည်။]

၁။ အချို့သော သူတို့သည် လောကကို အစိုးရသော အရှင်ကို ဆည်းကပ်ကိုးကွယ် ကြကုန်၏။

၂။ အချို့သော သူတို့သည် မဟာဗြဟ္မာကြီးကို ကိုးကွယ် ဆည်းကပ်ကြကုန်၏။

၃။ အချို့သော သူတို့သည် လကို, နေကို, မဟာဒေဝ စသော မိမိတို့ဆိုင်ရာ နတ်တို့ကို, တောကို, တောင်ကို, သစ်ပင်ကြီးကို, မြစ်ကို ကိုးကွယ်ကြကုန်၏။

ထို အလုံးစုံသော ကိုးကွယ်မှုများသည် တစုံ တခုမှ အကျိုးကို မရစေနိုင်သောကြောင့် နိရတ္ထက အချည်းနှီးတို့သာ ဖြစ်ကုန်၏၊ အားကိုးပါသော်လည်း ကိုးရာမရောက် ဖြစ်ကြလေကုန်၏။

မိမိတို့ ထင်မြင်စွဲလမ်းသောအတိုင်း ကိုးကွယ်ရာတို့ကို ကိုးကွယ်၍ ဆုတောင်းခြင်း, ချီးမွမ်းထောမနာပြုခြင်း, နဖူးမြေစိုက်နှင့် ခစား ဝပ်တွားခြင်း, ပူဇော်လုပ်ကျွေးခြင်း, တင်သခြင်း- စသော ကိစ္စတို့ဖြင့် တသက်ကာလပတ်လုံး ပင်ပန်းကြီးစွာ အားထုတ်ကြပါကုန်သော်လည်း ပင်ပန်းကာမျှသာ အဖတ်တင်ခံရ၍ သေလွန်စုတိကျသောအခါ ကိုးကွယ်ရာမဲ့သော သေခြင်းဖြင့် သေခြင်းဆိုး သေကြရကုန်၏၊ တသက်လုံး တပင်တပန်းကြီး ခစားပူဇော်ရပြီးသော နောက်ကာလ၌ အပါယ်ဒုဂ္ဂတိသို့သာ လားကြရလေကုန်၏။

[ဒုတိယအကြိမ်]

နွားမ၏ ဦးခေါ်ဖျားကို နှိုရည်ထွက်မည် အထင်နှင့် ညှစ်သော သူရွှေ၏ အချည်းနှီး ပင်ပန်းခြင်းကဲ့သို့လည်းကောင်း, မီးကို အလိုရှိသဖြင့် ပိုးစုန်းကြူးကို အပန်.ကြီးစွာ ကောက်ရိုးဖြင့် မီးမှုတ်သော သူရွှေးကဲ့သို့လည်းကောင်း, ဆီကို အလိုရှိသဖြင့် သဲတွေ့ကို ဆီပွတ်သော သူရွှေးကဲ့သို့ လည်းကောင်း ဖြစ်ကြရလေကုန်၏။

မဇ္ဈိမဒေသ၌ မူလတိုင်းရင်းသားဖြစ်သော ဟိန္ဒူလူမျိုးတို့သည်ကား မဟာ ဗြဟ္မာကြီးကိုလည်းကောင်း, တပါးသော ကိုးကွယ်ရာတို့ကို လည်းကောင်း, ဆည်းကပ် ကိုးကွယ်ကြကုန်သော်လည်း ကမ္ဘာဦးကစ၍ အစဉ်အဆက် မိရိုးဖလာ ဆင်းသက်၍လာသော ကံ, ကံ၏ အကျိုးကို ယုံကြည်သော ကမ္မဝါဒိယ ဝါဒကို မစွန့်လွှတ်ကြကုန်၊ ပုညဝါဒိယ ဝတ္ထုကိုလည်း ပြုကြကုန်၏။

ဤသို့လျှင် လူတို့၏ အနှစ် တထောင်တမ်းအခါ မိစ္ဆာဒိဋ္ဌိတို့ ဖြစ်ပေါ် ထွန်းကားသည်မှစ၍ လောကီယသဒ္ဓမ္မကြီးသည် အဆင့်ဆင့် အစဉ်အတိုင်း ဆုတ်ယုတ်၍ လာလေ၏။

ဂေါတမဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော် အခါ၌မူကား-

၁။ ပုဏ္ဏားဟု ခေါ်သော ဗြာဟ္မဏ လူမျိုးတို့သည် အထူးထူးသော မိစ္ဆာဒိဋ္ဌိကျမ်းဂန်တို့ကိုသာလျှင် အမှီသဟဲပြု၍ နေကြကုန်၏။

၂။ အိမ်ရာ မထောင်ပဲ ရသေ့ရဟန်း ဇာတိနှင့် ရှိနေကြကုန်သော သူတို့သည်လည်း ဘာသာဝါဒတို့၌ တွေးတောခြင်း စုံစမ်းခြင်းအားဖြင့် ဝိစိကိစ္ဆာတရား တလုံးထွေးထွေးနှင့် အယူ အထူးထူးရှိသော မိစ္ဆာဒိဋ္ဌိတို့သာလျှင် ဖြစ်ကုန်၏။

၃။ အိမ်ရာ ထောင်သော လူ့ဘောင်၌ နေထိုင်ကြကုန်သော မင်းမျိုး, သူဌေးမျိုး, ကုန်သည်မျိုးတို့သည်ကား မိမိတို့နှင့်စပ်လျဉ်းရာ ပူရဏ ကဿပ-အစရှိကုန်သော တိတ္ထိဆရာကြီး ၆-ဦးတို့ကိုသာလျှင် ဆည်းကပ် ကိုးကွယ်ကြကုန်၍ မျှားသောအားဖြင့် မိစ္ဆာဒိဋ္ဌိ အမျိုးမျိုးတို့သာလျှင် ဖြစ်နေကြလေကုန်၏။

ဂေါတမဗုဒ္ဓမြတ်စွာဘုရားသည် အလွန်ကြီးကျယ် ထူထပ်လှစွာသော မိစ္ဆာဒိဋ္ဌိတောကြီးထဲမှ ထူးကဲစွာ ဘုရားအဖြစ်သို့ ရောတ်တော် မူလာရသည်။

ထို့ကြောင့်–

၁။ မိစ္ဆာဒိုဋ္ဌိတို့၏ လွှမ်းမိုးချက်ကြောင့် ဟျက်စီးတိမ်မြုပ်၍ နေသော "လောကိယသဒ္ဓမ္မ" ကမ္ဘာစောင့် လက်ရိုးတရားဟောင်းကြီး တရားကောင်းကြီးတို့ကို တဖန်အသစ် ဖြစ်ထွန်း ပေါ်ပေါက် လာရလေအောင် များစွာကြောင့်ကြ စိုက်တော်မူပြီးလျှင် တရားဟောတော်မူခြင်း ကိစ္စဉ် လွန်မင်းစွာကြိုးစားတော်မူရ၏။

၂။ ကိလေသာတရားတို့ ပြန့်ပွား သောင်းကျန်းသော ခေတ်အတွင်းမှာ ဖြစ်ပေါ်တော် မူလာရသောကြောင့်လည်း ရဟန်းတို့ အတွက်နှင့် သိက္ခာပုဒ်တော် အမျိုးမျိုးကို ပညတ်တော်မူရခြင်း ကိစ္စဉ်လည်း များစွာ ကြောင့်ကြ စိုက်တော်မူရလေ၏။

ပြဆိုအပ်ပြီးသော စကားအစဉ်ကို ဆင်ခြင်သောအားဖြင့် ထိုလောကိယသဒ္ဓမ္မသည် ဤမြတ်စွာဘုရား၏ သာသနာတော် ဓမ္မဉ် အာဒိကလျာဏဟု ဆိုအပ်သော အစ၏ ကောင်းခြင်းဖြစ်မှုကို ကောင်းစွာ သိအပ်လေသတည်း။

သွာက္ခာတဂုဏ်တော် ပြီး၏။

သန္ဒိဋ္ဌိကဂုဏ်တော်

သာမံ အတ္တနိ ဒဋ္ဌဗ္ဗန္တိ သန္ဒိဋ္ဌံ၊ ။သာမံ၊ ကိုယ်တိုင်။ အတ္တနိ၊ မိမိသန္တာန်၌။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်မြင်အပ်သည်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သန္ဒိဋ္ဌံ၊ သန္ဒိဋ္ဌမည်၏။

သူတပါးပြောဟောချက်နှင့် မယုံကြည်မူ၍ ကိုယ်တိုင်ဒိဋ္ဌ ထင်ထင်ရှားရှားတွေ့မြင်အပ်သည်ကို သန္ဒိဋ္ဌဆိုသည်။

သန္ဒိဋ္ဌ သာမညဖလံ ဧတဿာတိ သန္ဒိဋ္ဌိကော။ ။ဧတဿ၊ ထိုတရားတော်အား။ သန္ဒိဋ္ဌံ၊ ကိုယ်တိုင်ဒိဋ္ဌ တွေ့ကြုံခံစားရသော။ သာမညဖလံ၊ ရဟန်းအဖြစ်၏ အကျိုး, မဂ်၏အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော၊ ထို တရားတော်သည်။ သန္ဒိဋ္ဌိကော၊ သန္ဒိဋ္ဌိက မည်၏။

မျက်မှောက်ဒိဋ္ဌ တွေ့ကြုံခံစားရသော ရဟန်းအဖြစ်၏ အကျိုး, မဂ်၏အကျိုးရှိသောကြောင့် သန္ဒိဋ္ဌိကမည်၏-ဟူ၍ ဆိုလိုသည်။

သာမည ဆိုသော စကား၌–

ရဟန်းအဖြစ်ကို လည်းကောင်း, အရိယမဂ်ကို လည်းကောင်း သာမည ဆိုသည်၊ ထို သာမည၏ အကျိုးသည် သာမညဖလမည်၏၊ ဤတရားတော်ကို

ကျင့်ဆောင်လျှင် မျက်မှောက်ဒိဋ္ဌအားဖြင့် ရဟန်းဖြစ်မှု၏အကျိုး, သို့မဟုတ်မက်၏ အကျိုးများကို ခံစားရသည်-ဟူ၍ ဆိုလိုသည်။

ဤသန္ဒိဋ္ဌိက-ဟူသော ဂုဏ်ပုဒ်ကို သီလကွန်ပါဋ္ဌိတော် သာမညဖလသုတ်၌ အကျယ်အားဖြင့် ပြဆိုလျက်ရှိ၏၊ ထိုသာမညဖလသုတ်၌ ရဟန်းအဖြစ်၏ အကျိုး, အရိယမက်၏ အကျိုးများကို သန္ဒိဋ္ဌိက-ဟူ၍ ဆို၏။

ဤဂုဏ်တော်အရာ၌မူကား

ရဟန်း၏အဖြစ်, အရိယမက်ဟူသောအကြောင်းတရားကိုသာ သန္ဒိဋ္ဌိက-ဟူ၍ ဆိုသည်၊ သာမညနှင့် သာမညဖလသည် အချင်းချင်း မကွေမကွင်းနိုင်သော တရားများဖြစ်ကြပေသည်။

ထိုသာမညဖလသုတ်၌ အဇာတသတ်မင်းသည် မျက်မှောက်၌ ဒိဋ္ဌတွေ့ကြုံ ခံစားရသော ရဟန်းအဖြစ်၏ အကျိုးဟု ဆိုအပ်သော သာမညဖလကို မေးလျှောက်လေ၏။

မြတ်စွာဘုရားသည် ဤသို့ဖြေကြားတော်မူ၏။

တဦးသော မင်းခယောက်ျားသည် အသင်မင်းကြီးကို မပန်ကြားပဲ သာသနာဘောင်၌ ရဟန်းပြုလေ၏၊ မင်းကြီး သိလေသည်ရှိသော် ထိုမင်းခယောက်ျား၌ အဘယ်သို့ ပြုစီရင်မည်နည်းဆိုလျှင် တစုံတရာ ဒဏ်ထားခြင်းစသည် အမှုကိုမပြုရာ၊ စင်စစ်မူကား မင်းသည်သာလျှင် ထိုရဟန်းကို ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း, နေရာပေးခြင်း, ပစ္စည်း ၄-ပါးတို့ဖြင့် ဖိတ်မံခြင်းကို ပြုရာ၏၊ ထိုရဟန်းအား တရားနှင့်လျော်သော အစောင့်အရှောက်ကို ပေး၍ စီရင်ရာ၏။

[ဤသည်ကား ရဟန်းပြုလေသော ထိုမင်းခယောက်ျား၌ ဒိဋ္ဌတွေ့ကြုံ ခံစားရသော ရဟန်းဖြစ်မှု၏ အကျိုးပေတည်း။]

ရဟန်းမပြုမီ ရှေးအဖို့၌ မင်းကြီးကို မိမိက ရှိခိုးရ၏၊ ရဟန်းအဖြစ်သို့ ရောက်သောအခါ မိမိကို မင်းကြီးက ရှိခိုးရလေ၏၊ မင်း၏ ရှိခိုးခြင်းကို ခံရလေ၏-ဟူ၍ ဟောတော်မူ၏။

ဤသာမညဖလသုတ်၌- ရဟန်းအဖြစ်ကို သာမည-ဟူ၍ ဆို၏၊ ရဟန်းအဖြစ်၏ အကျိုးကို သာမညဖလ-ဟူ၍ ဆို၏၊ ရဟန်းအဖြစ်သို့ ရောက်သည့်နှင့်

တပြိုင်နက် ခံစားရသော အကျိုးအာနိသင်-ဟူ၍ဆိုသည်၊ ဤမျှသည်သာလျှင် အကျိုးရှိသည် မဟုတ်သေး-

စင်စစ်သော်ကား-များလှစွာသော ကာမဂုဏ်၏ အပြစ်ဒေါသ အာဒီနဝတို့ကို ပယ်ရှား၍ ချမ်းသာစွာနေရခြင်း တည်းဟူသော အကျိုးသည်လည်း ရဟန်းအဖြစ်သို့ ရောက်သည်နှင့်တပြိုင်နက် ကိုယ်တိုင်ဒိဋ္ဌ တွေ့ကြုံခံစားရသော သာမညဖလတို့သာလျှင် ဖြစ်ကုန်၏။

ဤနေရာ၌ မူလပဏ္ဏာသ ပါဋ္ဌိတော် တတိယဝဂ် စူဋ္ဌဒုက္ခက္ခန္ဓသုတ်, မဟာဒုက္ခက္ခန္ဓသုတ်, မဇ္ဈိမပဏ္ဏာသ ပါဋ္ဌိတော် စတုတ္ထ သုတ်တို့၌ ဟောတော်မူအပ်သော ကာမဂုဏ်တို့၏ အပြစ်ဒေါသတို့ကို ထုတ်ပြသင့်၏၊ ကျယ်အံ့စိုး၍ မပြတော့ပြီ။

ဤသို့လျှင် မြတ်စွာဘုရား၏ သာသနာတော်ဓမ္မသည် မျက်မှောက်ဒိဋ္ဌ၌ ခံစားတွေ့ကြုံရသော ချမ်းသာအကျိုးထူး ရှိလေသောကြောင့် သန္ဒိဋ္ဌိက မည်လေသည်။

သန္ဒိဋ္ဌိက ဂုဏ်တော်ပြီး၏။

အကာလိက ဂုဏ်တော်

အာဂမေတဗ္ဗော အနာဂတေ ဘဝေ ဖလကာလော တေဿာတိ ကာလိကော။ ။တေဿ၊ ထိုတရားအား။အနာဂတေ ဘဝေ၊ နောင်အနာဂတ်ဘဝ၌။ အာဂမေတဗ္ဗော၊ ဆိုင်းငံ့လင့်မျှော်ရသော။ ဖလကာလော၊ အကျိုးပေးချိန်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဓမ္မော။ ထိုတရားသည်။ ကာလိကော၊ ကာလိကမည်၏။

သေသည်၏ အခြားမဲ့ဖြစ်သော နောက်ကာလ၌ အကျိုးပေးလိမ့်မည်ဟူ၍ ထင်စားမျှော်လင့်ရသော တိတ္ထိတို့၏တရားကိုရစေ၊ ထိုအညတိတ္တိတို့၏ တရားသည် ကာလိကမည်၏။

နကာလိကော အကာလိကော။ ကာလိကော၊ နောင်ကာလအကျိုးပေးချိန်ကို မျှော်လင့်ရသော တရားမျိုးသည်။ **နဝ၊ မဟုတ်။** ဣတိ တသ္မာ၊ ထို့ကြောင့်။ **အကာလိကော၊ အကာလိကမည်၏။** မြတ်စွာဘုရား၏ တရားတော်ကို ရစေ၊ ထိုမြတ်စွာဘုရား၏ တရားတော်မြတ်သည် ဤမျက်မှောက်ဘဝ၌ပင်လျှင် ကျင့်သုံးဆောက်တည်သော အခါမှစ၍ ကျင့်စဉ်လမ်းရှိသည်

အတိုင်း အဆင့်ဆင့် ရသင့်ရထိုက်သော "သာမညဖလ" ဒိဋ္ဌ အကျိုးထူး, ဒိဋ္ဌချမ်းသာထူးကို ပေးတတ်၏၊ ထိုသို့ အခါမလင့် အကျိုးထူး, ချမ်းသာထူးကို ပေးတတ်သောကြောင့် မြတ်စွာဘုရား၏ တရားတော်သည် အကာလိက မည်၏။

ကာလိက, အကာလိက စကားနှင့်စပ်၍ မာရသံယုတ်၌လာသော သုတ္တန်ကို ထုတ်ဆောင်၍ ပြအပ်၏။

တရံသောအခါ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သီလဝတီ မည်သောဌာန တောင်ချောက်ကြားတို့၌ သီတင်း သုံးတော်မူသော အခါ များစွာသော ရဟန်းတို့သည်လည်း ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ မနီးမဝေးသော အရပ်ဌာန၌ မမေ့မလျော့ မပူမပင် ကျွတ်ကျွတ် လွတ်လွတ် ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်၍ နေတော်မူကြကုန်၏။

ထိုအခါ ယုတ်မာသော မာရ်နတ်သားသည် ပုဏ္ဏားအသွင် ဖန်ဆင်းပြီးလျှင် လာလတ်၍ ထိုရဟန်းတို့ကို ဤသို့ဆိုလေ၏။

ဒဟရာ ဘဝန္တော ပဗ္ဗဇိတာ အနိကိလိတာဝိနော ကာမေသု၊ ဘုဉ္ဇန္တု ဘောန္တော မာနုဿကေ ကာမေ၊ မာ သန္ဒိဋ္ဌိကံ ဟိတ္ဝာ ကာလိကံ အနုဓာဝိတ္ထ။

ဘဝန္တော၊ အရှင်ရဟန်းတို့။ တုမှေ၊ အရှင်တို့သည်။ ဒဟရာ၊ ပျိုမျစ် နုနယ် အရွယ်ငယ်ငယ်တုံးက။ ပဗ္ဗဇိတာ၊ ရဟန်းပြု၍ လာကြကုန်၏။ ကာမေသု၊ ကာမဂုဏ်တို့၌။ အနိကိလိတာဝိနော၊ သက်ဝင်ပျော်ပါး ခံစား ရှင်မြူးခဲ့ကြဖူးသည် မဟုတ်ကြပေကုန်။

ဘောန္တော၊အရှင်တို့။မာနုဿကေ ကာမေ၊ လူ့ပြည်၌ဖြစ်သော ကာမဂုဏ် တို့ကို။ ဘုဉ္ဇန္တု၊ သုံးဆောင်ခံစားကြကုန်ဦးလော့။ သန္ဒိဋ္ဌိကံ၊ ဒိဋ္ဌတွေ့ကြုံဆဲ ဖြစ်သော လူတို့ ကာမဂုဏ်ချမ်းသာကို။ ဟိတ္ဝာ၊ စွန့်ပစ်၍။ ကာလိကံ၊ အချိန်ကာလ စောင့်ဆိုင်း မျှော်လင့်ရသော နတ်တို့ ကာမဂုဏ်သို့။ မာ အနု-ဓာဝိတ္ထ၊ စိတ်ပြေးသွား၍ မနေကြကုန်လင့်။

ထိုမာရ်နတ်၏ စကား၌—

၁။ သန္ဒိဋ္ဌိကဆိုသည်မှာ လူ့ဘုံ၌ တွေ့ကြုံ၍နေသော လူတို့ ကာမဂုဏ်ကို ရည်၍ ဆိုသည်။

[ဒုတိယအကြိမ်]

၂။ ကာလိကဆိုသည်မှာ သေသည်မှ နောက်ကာလ၌ ခံစားရမည် ဖြစ်သော နတ်တို့ကာမဂုဏ်ကို ရည်၍ဆိုသည်။

မာရ်နတ်၏ အထင်မှာ ရဟန်းပျိုတို့သည် နောင်ဘဝ၌ ခံစားရန် မျှော်လင့်ရသော နတ်ကာမဂုဏ်တို့ကို အလိုရှိသောကြောင့် တွေ့ကြုံ၍ နေသော လူတို့ကာမဂုဏ်ကို စွန့်ပြီးလျှင် တောထွက်ကျင့်ကြံ၍ နေသည်ဟု ထင်သဖြင့် ဤသို့ဆိုလေသည်။

ထိုအခါ ရဟန်းတို့က ဤသို့ ပြောဆိုကြကုန်၏၊ အိုပုဏ္ဏား.... ငါတို့သည် ဒိဋ္ဌတွေ့ကြုံရသော လူတို့ကာမဂုဏ်ကို စွန့်၍ စောင့်ဆိုင်း မျှော်လင့်ရသော နတ်တို့ ကာမဂုဏ်သို့ စိတ်ပြေးသွား၍ နေကြကုန်သည်မဟုတ်၊ ငါတို့သည် စောင့်ဆိုင်းမျှော်လင့်ရသော ကာမဂုဏ်တို့ကို စွန့်၍ မျက်မှောက် ဒိဋ္ဌ တွေ့ကြုံ ခံစားရသော သာမညဖလ ရဟန်းဒါဖြစ်၏ အကျိုးထူး ဆီသို့သာလျှင် စိတ်ပြေးဝင်၍ နေကြကုန်၏။

အိုပုဏ္ဏား....ကာမဂုဏ်တရားတို့သည် စင်စစ်အားဖြင့် စောင့်ဆိုင်း မျှော်လင့်ရသော ကာလိကတို့ မည်ကုန်၏-ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏၊ ကာမဂုဏ်တို့သည် များသော ဒုက္ခရှိကုန်၏၊ များသော ပင်ပန်းခြင်းရှိကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်တို့သည် အလွန်များပြားကုန်၏။

အိုပုဏ္ဏား.... ... ဤကျင့်ကြံ အားထုတ်အပ်သော ရဟန်း တရား သည် မျက်မှောက်ဒိဋ္ဌ ခံစားအပ်သော အကျိုးရှိ၏၊ အခါမလင့် အကျိုးပေးတတ်၏-ဟူ၍ ဆိုကြကုန်၏။

ထိုစကားခံ့ ရှေးရှေးဘဝတို့၌ ကံကိုပြု၍ နောက်နောက် ဘဝတို့၌ ရရှိ ခံစားအပ်ကုန်သောကြောင့် အလုံးစုံသော လူ.ကာမဂုဏ်, နတ်ကာမဂုဏ်တို့ကို ကာလိက-ဟူ၍ ဆိုသည်။

[နောင်အနာဂတ်ဘဝ၌ ရရှိခံစားရန် မျှော်လင့်ရသော တရားမျိုးဟူ၍ ဆိုလိုသည်။]

ဤအရာ၌ ဗုဒ္ဓဘာသာတရားနှင့် သာသနာတော်မှ အပဖြစ်သော အည တိတ္ထိယတရား ၂-ပါးတို့၏ အထူးကို ပြဆိုဦးအံ့။

၁။ ကာလိက-ဟူ၍ဆိုလျှင် အကျိုးကို စောင့်ဆိုင်း မျှော်လင့်ရသော တရား။

၂။ အကာလိက-ဟူ၍ ဆိုလျှင် လက်ငင်းဒိဋ္ဌအကျိုးပေးသော ဗုဒ္ဓဘာသာ တရားဟူ၍ မှတ်လေ။

ဗုဒ္ဓဘာသာမှ တပါးသော တိတ္ထိတို့၏ တရားသည် ကာလိက ဖြစ်၏၊ ဗုဒ္ဓဘာသာ တရားတော်မြတ်သည် အကာလိက ဖြစ်၏။

မေး။ ။တိတ္ထိတို့၏ တရားသည် အဘယ်သို့ ကာလိကမျိုး ဖြစ်သနည်း။

ဖြေ။ ။သွာက္ခာတ ဂုဏ်တော်တို့တွင် ပြဆိုခဲ့ပြီးသော နည်းအားဖြင့် တိတ္ထိတို့၏ တရား၌ အလုံးစုံ ပြည့်စုံသော အကျင့်သီလဟု ဆိုအပ်သော ဗြဟ္မစရိယလည်း မရှိ၊ ဈာန်သမာပတ်ဟု ဆိုအပ်သော ဗြဟ္မစရိယလည်း မရှိ၊ လောကုတ္တရာမဂ်ဟု ဆိုအပ်သော ဗြဟ္မစရိယလည်း မရှိ၊ ရှေး၌ ပြဆိုခဲ့ပြီးသော လောကိယသဒ္ဓမ္မ- ကမ္ဘာစောင့် တရားကောင်း တရားမွန်ကြီး များပင်သော်လည်း မရှိကြကုန်။

ထို့ကြောင့် ပြဆိုခဲ့ပြီးသော အဆင့်ဆင့် မွန်မြတ်ကုန်သော မျက်မှောက်ဘဝ၌ ကိုယ်တွေ့ဒိဋ္ဌ ခံစားအပ်ကုန်သော သာမညဖလ-ဟု ဆိုအပ်ကုန်သော ချမ်းသာသုခတို့သည်လည်း မရှိကုန်၊ သေသည်မှ အခြားမဲ့ဖြစ်သော နောက်ကာလ, နောက်ဘဝတို့၌ အထက် ကောင်းကင်ဘုံသို့ရောက်၍ နိစ္စချမ်းသာ, ထာဝရချမ်းသာကို ရရှိခံစားရလတ္တံ့ဟူ၍ အမြဲအစဲ့ မှတ်ယူပြီးလျှင် ဤပစ္စုပ္ပန်ဘဝ၌ အသက်ထက်ဆုံး ထာဝရအရှင်ကို လည်းကောင်း, လောကကို အစိုးရသော ဣဿရအရှင်ကို လည်းကောင်း, မဟာဗြဟ္မာကြီးကို လည်းကောင်း ဂရုတစိုက် အပင်တပန်း ရှိသေညွှတ်တွား ခစားဆည်းကပ်ခြင်း စသော အတ္တကိလမထာနုယောဂ ကိုယ်ပင်ပန်းကြောင်း ဖြစ်သော အကျင့်ကို ပြုကျင့်လိုက်စားရုံမျှသာ ဖြစ်၏။

ဗုဒ္ဓသာသနာတော်မှအပ၌ ကိုးကွယ်ရာမဟုတ်သည်တို့ကို ကိုးကွယ်အားထားရာ ဝတ္ထုတို့ ဟူ၍ မှတ်ထင်ကြကုန်ပြီးလျှင် ဆုတောင်းခြင်းအလုပ်, ဝပ်တွား ခစားခြင်းအလုပ်, ချီးမွမ်းထောမနာခြင်း အလုပ်ပိုတွေကို ပြုကျင့်ရုံမျှသာ ဖြစ်၏။

ထို့ကြောင့် တိတ္ထိတို့၏ တရားသည် နောင်အနာဂတ်ဘဝ၌ မျှော်လင့်ရသော အကျိုးရှိသည် ဖြစ်၍ ကာလိကမည်သတည်း။

ထိုတိတ္ထိတရားများ၏ နောင်အနာဂတ်ဘဝ၌ မျှော်လင့် အားထားရသော အကျိုး ဆိုသည်မှာလည်း ထိုတိတ္ထိတို့၏ အရမ်းမဲ့ ထင်မြင်ယုံကြည် မှတ်ယူပြောဆိုခြင်း၏ အစွမ်းအားဖြင့်သာလျှင် ဆိုရသော စကားဖြစ်၏။

[ဒုတိယအကြိမ်]

စင်စစ်မူကား ထို တိတ္ထိတ္ဂိ၏ တရားမှာ လောကိယသဒ္ဓမ္မ များပင်သော်လည်း မရှိလေသောကြောင့် ထိုတိတ္ထိတ္ဂိ၏ တရားသည် အနန္တရဘဝ၌ အပါယ်သို့ ကောင်းကောင်းကြီး ဖြောင့်ဖြောင့်ကြီး သွားရန်အကြောင်း သက်သက်မျှသာ ဖြစ်လေ၏။

[ထိုတိတ္ထိတ္ဂိ၏ ထရားသည် ကောင်းကင်ဘုံသို့ မျှော်၍ ချိန်ရွယ် ကျင့်ကြံပါသော်လည်း သေသည်မှ နောက်ကာလ၌ အပါယ်ဘုံသို့ ငုံ့၍ ခုန်ဆင်းကြရကုန်၏ ဟူ၍ ဆိုလိုသည်။]

မေး ။ဗုဒ္ဓဘာသာ တရားတော်သည် အဘယ်သို့ အကာလိက ဖြစ်ပါသနည်း။

ဖြေ။ ။ဗုဒ္ဓဘာသာ တရားတော်မှာကား အာဒိကလျာဏ ဟု ဆိုအပ်သော လောကိယသဒ္ဓမ္မ၏ ဆိုင်ရာ ကောင်းမြတ်သော အကျင့်တို့လည်း ရှိကုန်၏၊ ထိုလောကိယသဒ္ဓမ္မထက် လွန်ကဲသော သာသနသဒ္ဓမ္မတို့၌မူကား မြင့်မြတ်သော ဗြဟ္မစရိယနှင့် ထိုဗြဟ္မစရိယ၏ မျက်မှောက်ဒိဋ္ဌဖြစ်သော အကျိုးတို့သည်လည်း သာသနာတော်ဓမ္မ၏ လိုရင်းသဘောအနေအားဖြင့် ထင်ရှားရှိကြကုန်၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာ တရားတော်မြတ်သည်ကား အကာလိက အစစ် ဖြစ်လေသည်။

ဤအရာ၌ စောဒနာစကား ပြောကြားခွင့် ရှိသည်မှာ—

ထို ဗုဒ္ဓဘာသာ တရားတော်မြတ်၌ လောကိယ သဒ္ဓမ္မများလည်း ထင်ရှားပါပင် ရှိနေသည်၏ အဖြစ်ကြောင့် ထိုလောကိယ သဒ္ဓမ္မကြောင့် လူဖြစ်ခြင်း, နတ်ဖြစ်ခြင်း, ဗြဟ္မာဖြစ်ခြင်းတို့သည်လည်း ထင်ရှားရှိကြကုန်၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာ တရားတော်သည်လည်း အခြားမဲ့ဖြစ်သောဘဝ၌ သုဂတိဘုံဘဝသို့ ရောက်စေတတ်သော ကံတို့ကို ထောက်ဆသောအားဖြင့် နောင်အနာဂတ်၌ မျှော်လင့်ငံ့စားရသော ကာလိက တရားမျိုးပင် ဖြစ်၍ နေသည် မဟုတ်ပါလော-ဟူ၍ စောဒနာစကား ပြောကြားကုန်ရာ၏။

ထိုစောဒနာ စကားသည် တစိတ်တဒေသအားဖြင့် မှန်ပေ၏၊ ထိုသို့ ကာလိကမျိုးပင် ဖြစ်စေဦးတော့ ထိုအခြားမဲ့ ဘဝ၌ သုဂတိဘဝသို့ ရောက်ရလိမ့်မည်ဟု မျှော်လင့်ရသော အကျိုးသည် သာသနဓမ္မ၌ လိုရင်းမဟုတ်၊ မျက်မှောက်ဒိဋ္ဌတွေ့ကြုံရသော သာမညဖလ သန္ဒိဋ္ဌိကတို့သာလျှင် ဗုဒ္ဓဘာသာ တရားတော်၌ လိုရင်းအချက် ဖြစ်၏၊ ပညာရှိ၍ ပါရမီပြည့်ကြကုန်ပြီးသော

ပုဂ္ဂိုလ်မြတ်တို့သည်ကား ထိုကာလိက အကျိုးငှာ ကျင့်ကြံအားထုတ်ကြကုန်သည် မဟုတ်၊ မျက်မြင်ဒိဋ္ဌ တွေ့ကြုံ ခံစားရသော အကာလိက အကျိုးငှာ သာလျှင် ကျင့်ကြံအားထုတ်ကြကုန်သည်။

ယခင်ပြဆိုခဲ့သော မာရသံယုတ်၌ ရဟန်းတို့က ပြန်ပြောသော စကားတွင် ကာလိကဠ ခေါ် မယ် ဟိတ္တာ သန္ဒိဋ္ဌိကံ့ အနုဓာဝါမ။

ဟူ၍ ဆိုသော စကားကို ထောက်ရာ၏။

ခေါ်၊ စင်စစ်။ မယ်၊ ငါတို့သည်။ ကာလိကဠ၊ နောက်ဘဝ၌ မျှော်လင့်အားထားရသော ကာမဂုဏ်အကျိုးကို။ ဟိတ္တာ၊ စွန့်၍။ သန္ဒိဋ္ဌိကံ၊ မျက်မှောက်ဒိဋ္ဌ တွေ့ကြုံခံစားရသော သာမညဖလ အကျိုးသို့သာလျှင်။ အနု-ဓာဝါမ၊ စိတ်ပြေးဝင်သောအားဖြင့် ကျင့်ကြံ အားထုတ်ကြကုန်၏၊

ထို့ကြောင့် ဤဗုဒ္ဓဘာသာ တရားတော်မြတ်ကို အကာလိက-ဟူ၍သာ လျှင် ဆိုဆိုက်၏။

သို့ပင် အကာလိက စင်စစ်ဖြစ်သော်လည်း အကြင် ပုဂ္ဂိုလ်တို့သည် အကာလိက အကျိုးငှာ ကျင့်ကြံကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် မဟာဂေါဓိန္နာ သုတ်၌ ဆိုအပ်ပြီးသော နည်းအားဖြင့် အလုံးစုံသော ဤသာသနာ သဒ္ဓမ္မကို ထိုးထွင်း၍ သိမြင် ပေါက်ရောက် ကြကုန်သည်ရှိသော် အကာလိကအကျိုး အလုံးစုံကို ရရှိကြလေကုန်၏။

အလုံးစုံ မထိုးထွင်း မပေါက်ရောက်နိုင်သော ပုဂ္ဂိုလ်တို့သည်ကား တစိတ်တဒေသဖြစ်သော အကာလိက အကျိုးကို ရ၍ ဤဘဝ၌ သုဂတိဘုံသို့ ရောက်စေတတ်သော ကံ၏အစွမ်းအားဖြင့် အခြားမဲ့ဘဝ၌ သုဂတိဘုံသို့သာ လားကြရလေကုန်၏။

သာသနာတော် သဒ္ဓမ္မသည် အောက်ထစ်ဆုံးအားဖြင့် သုဂတိဘုံဘဝသို့ လားစေနိုင်၏၊ မျက်မှောက်ဒိဋ္ဌ အကာလိကအကျိုးကို ရရှိစေနိုင်သော တရားအမှန်အစစ်ပင် ဖြစ်သော်လည်း ကျင့်ဆောင်အားထုတ်သော ပုဂ္ဂိုလ်တို့၏ ပါရမီအနုအရင့်, ဉာဏ်အနုအရင့် အနုန်အထက်သို့ လိုက်၍ အကျိုးကို ဖြစ်စေနိုင်၏၊ ဆောင်းဦးတုသည် အမှန်အားသည်ဆိုသော်လည်း အသည်းအသန် အဖျားတက်၍ နေသောသူကို အေးမြစေလိမ့်မည် မဟုတ်သကဲ့သို့တည်း။

[ဒုတိယအကြိမ်]

စောဒနာရန် ရှိပြန်သည်မှာ

ဤ ဗုဒ္ဓဘုရားသခင် တရားတော်၌လည်း အကြင် ပုဂ္ဂိုလ်တို့သည် ကောင်းစွာ မကျင့်ကြကုန်၊ ထိုပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် အပါယ်သို့ သွားခြင်းတို့လည်း ထင်ရှားရှိကြကုန်သည် မဟုတ်ကုန်လောဟု စောဒနာရန်ရှိ၏။

ထိုစကားမှန်၏၊ ထိုသို့ အပါယ်သို့ လားကြကုန်ရာ၌ ကောင်းစွာ မကျင့်ကြကုန်သော သူတို့၏ အပြစ်ဒေါသသာလျှင် ဖြစ်၏၊ ဗုဒ္ဓဘာသာ တရားတော်၏ အပြစ်မဟုတ်ချေ၊ သို့ဖြစ်၍ ကောင်းစွာ မကျင့်ကြံကြကုန်သော သူတို့၏ အပါယ်သို့လားမှု အတွက်ကြောင့် ဗုဒ္ဓဘာသာ တရားတော်ကို အပြစ်ဆိုရန်အကြောင်း မဟုတ်ချေ။

ဥပမာ-ပြဒါးခတ်, သံခတ်တို့သည် ကောင်းစွာ စီရင်နိုင်သော သူတို့အား ဓနသိဒ္ဓိ, အာယုသိဒ္ဓိစသော ကိစ္စများကို ပြီးစီးစေနိုင်၏၊ ကောင်းစွာ မစီရင်တတ်ပဲ သုံးစွဲသောသူတို့အား အပြစ်ကို ဖြစ်စေတတ်၏၊ ထိုသို့ အပြစ်ကို ဖြစ်စေမှု၌ ပြဒါးခတ်, သံခတ်တို့ကို အပြစ်ဆိုထိုက်သည် မဟုတ်၊ ကောင်းစွာမစီရင်နိုင်သော ပုဂ္ဂိုလ်တို့၏ အပြစ်သာလျှင် ဖြစ်လေသကဲ့သို့တည်း။

နာနက္ခဏိက ကမ္မ ပစ္စည်းအရာ၌ မဂ် ၄-ပါး၌ရှိသော စေတနာသည် အခြားမဲ့ဖြစ်သော ဗီလ် ၄-ပါးအား အနန္တရ, သမနန္တရ-စသော သတ္တိဖြင့် ကျေးဇူးပြု၍ အကျိုးဖြစ်စေခြင်းသည်လည်း တရားတော်မြတ်၏ အခါမလင့် အကျိုးပေးသော အကာလိက ဂုဏ်တော်အစွမ်းပင် ဖြစ်၏-ဟူ၍ ဆိုကြကုန်၏။

အကာလိက ဂုဏ်တော် ပြီး၏။

ဧဟိပဿိက ဂုဏ်တော်

ဣတော ဧဟိ ဣမံ ပဿ ဣတိ ဝိမာနံ နိယျောဇနံ အရဟတိတိ ဧဟိ-ပဿိကော။ ။ဣတော၊ ဤအရပ်မှ။ ဧဟိ၊ သည်ကို လာလှည့်။ ဣမံ၊ ဤတရားကို။ ပဿ၊ ကြည့်ရှုစုံစမ်းလှည့်။ ဣတိ ဝိမာနံ၊ ဤသို့သော အစီအရင်ကို။ နိယျောဇနံ၊ တိုက်တွန်းခြင်းကို။ အရဟတိ၊ ထိုက်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဧဟိပဿိကော၊ ဧဟိပဿိကမည်၏။

တရားတော်မြတ်သည် ကောင်းခြင်း ၃-ရပ်နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် ဤအရပ်မှ သည်သို့လာလှည့်, ဤတရားကို ရှုလှည့်-ဟူ၍ စီရင်ထိုက်,

တိုက်တွန်း နှိုးဆော် ထိုက်သောကြောင့် ဗုဒ္ဓဘာသာ တရားတော်သည် ဟေပသိက မည်၏။

လက်သို့ရောက်ပြီးသော စကြားမင်း၏ စည်းစိမ်ချမ်းသာ ကိုပင်သော်လည်း စွန့်ခွါပယ်ပစ်၍ ရဟန်းအဖြစ်သို့ ကပ်ရောက်ခြင်းအားဖြင့် လျင်မြန်စွာ လာပါလှည့်၊ လျင်မြန်စွာ လာပြီးလျှင် ဤတရားတော်ကို နာပါလှည့်၊ ဤတရားကို နာပြီးလျှင် အနက်သသော အဓိပ္ပါယ်ကို နက်နက်နဲနဲ စုံစမ်းဆင်ခြင်သော ဉာဏ်မျက်စိဖြင့် ကြည့်ရှုဆင်ခြင်ပါလှည့်-ဟူ၍ သွင်းဆောင်ခြင်း, ဆောက်တည်ခြင်းငှါ သင့်လျော်သော တရားတော်မြတ် ဖြစ်သည်-ဟူ၍ ဆိုလိုသည်။

မေး။ ။တရားတော်သည် အဘယ်သို့လျှင် လာလှည့် ရှုလှည့် ဟူသော အစီအရင်ကို ထိုက်ပါသနည်း။

ဖြေ။ ။ဤသို့ စီရင်တိုက်တွန်းသော သူတို့သည် စီရင်တိုက်တွန်းချက် အတိုင်း လာရောက် ကြည့်ရှုကြကုန်သော သူတို့၏ ဝမ်းမြောက် ဝမ်းသာ ပူဇော်သက္ကာရပြုခြင်း, ပြောရှိမပြီးနိုင်အောင် ကျေးဇူးကြီးကျယ်စွာ တင်ခြင်း တို့ကို ဖြစ်စေနိုင်သောကြောင့် ဤဗုဒ္ဓဘာသာ တရားတော်မြတ်သည် လာလှည့် ရှုလှည့်ဟူသော စီရင်နှိုးဆော်ခြင်းကို ထိုက်သည်-ဟူ၍ မှတ်ရာ၏။

မေး။ ။လာရောက်ကြည့်ရှုသော သူတို့သည် အဘယ်သို့ ကျေးဇူးတင်ခြင်း, ပူဇော်ခြင်း, ချီးမွမ်းအံ့သြခြင်းကို ပြုကြပါသနည်း။

ဖြေ။ ။အရှင်သည် အကျွန်ုပ်အား ကောင်းသောအမှု ကိုစွကြီးဖြင့် ချီးမြောက် ထောက်ပံ့ခြင်းကို ပြုပေ၏၊ အရှင်သည် ဤတူးမြတ်လှစွာသော တရားတော်အတွင်း, သာသနာတော်အတွင်းသို့ သွတ်သွင်းခေါ်ဆောင်ပေ၏၊ ထိုသို့ခေါ်ဆောင် သွတ်သွင်းခြင်းကား ကောင်းသော ခေါ်ဆောင်သွတ်သွင်းခြင်းပေတည်း၊ အကယ်၍ အကျွန်ုပ်ကို ဤတရားတော်တွင် ဤသာသနာတွင်းသို့ သွတ်သွင်း ခေါ်ဆောင်ခြင်းကို မပြုပါမူကား အကျွန်ုပ်သည် ဤတရားတော်မှ အပြင်ပ၌ မျက်ကွယ်ဖြစ်၍ နေရတော့အံ့၊ မိစ္ဆာဒိဋ္ဌိအဖြစ်နှင့်သာ ဆုံးရှုံးရတော့အံ့၊ ဤတရားတော်မှ အပဖြစ်၍နေရပါလျှင် အပါယ် ၄-ပါးတည်းဟူသော ဆင်းရဲတွင်းသို့ သက်ဆင်းရတော့အံ့။

အရှင်သည် အကျွန်ုပ်ကို ဤ တရားတော်အတွင်းသို့ သွတ်သွင်းခေါ်ဆောင်လျက် အကျွန်ုပ်ကို အပါယ်ဆင်းရဲမှ ကယ်တင်ပေ၏။ ဝဋ္ဌဒုက္ခမှ

ထုတ်ဆောင်ပေ၏ ဟူ၍ ပူဇော်ချီးမွမ်းခြင်းကို ရရှိကြကုန်၏ စင်စစ်မှာ ထိုသို့မြင့်မြတ်သော ပူဇော်ခြင်း, ချီးမွမ်းခြင်းကို ရသည်မူလည်းဖြစ်စေ, မရသည်မူလည်းဖြစ်စေ တရားတော်မြတ်သည် စင်စစ် သံသရာမှ ထွက်မြောက်စေတတ်သော နိယျာနိလ တရားမျိုး,ပါဠိအရသာ-အနက်အရသာနှင့် ပြည့်စုံသော တရားမျိုးဖြစ်သောကြောင့် သူတပါးတို့၏အကျိုးကို ထိုလားတောင့်တလေ့ရှိသော ပညာရှိ ပုဂ္ဂိုလ်တို့ခန့်လျှင် တပါးသောသူတို့ကို ဤတရားတော်အတွင်းသို့ မချွတ်မယွင်း သွတ်သွင်းသင့် သွတ်သွင်းထိုက်သည်သာလျှင် ဖြစ်၏၊ ထိုတရားကို ဆောက်တည် ကျင့်သုံးစေခြင်းငှါ နှိုးဆော်သင့် နှိုးဆော်ထိုက်တိုက်တွန်းသင့် တိုက်တွန်းထိုက်သည်သာလျှင် ဖြစ်၏။

မဟာဝဂ္ဂ သံယုတ်ပါဠိတော် ရုဇိကာရုမဝဂ်၌လည်း—

ချစ်သား ရဟန်းတို့...အကြင် မိတ်ဆွေခင်ပွန်းတို့ကိုလည်းကောင်း, အကြင် ချစ်ကျမ်းဝင်သော သူတို့ကို လည်းကောင်း, အကြင် သေးချင်းတော်စပ်သော ဉာတိပေါက်ဖော်တို့ကိုလည်းကောင်း သနားငဲ့ညှာကုန်သည်ဖြစ်အံ့၊ ထိုမိတ်ဆွေစသော သူတို့ကလည်း လိုက်နာသင့် လိုက်နာထိုက်ပေသည် ဟူ၍ ထင်မြင်ယုံကြည်ကြကုန်သည် ဖြစ်အံ့။

ချစ်သား ရဟန်းတို့.... ထိုသူတို့ကို သောတာပတ္တိယင်္ဂ်တရား ၄-ပါးတို့၌ကောင်းစွာ ဆောက်တည်စေအပ်ကုန်၏၊ ကောင်းစွာ သွတ်သွင်းအပ်ကုန်၏၊ ကောင်းစွာ ထောက်တည်ရာကို ရစေအပ်ကုန်၏-ဟူ၍ မြတ်စွာဘုရားသည် ရဟန်းတော်တို့အား ဤတရားဒေသနာတော်ဖြင့် မြတ်စွာဘုရား ကိုယ်တော်တိုင်ပင်လျှင် တရားတော်အတွင်းသို့ သွတ်သွင်းသင့် သွတ်သွင်းထိုက် ခေါ်ဆောင်သင့် ခေါ်ဆောင်ထိုက်သော သူများကို ထိုတရားတော်အတွင်းသို့ သိမ်းသွင်းခေါ်ဆောင်ရန် နှိုးဆော်တိုက်တွန်းတော်မူသည်။

●သောတာပတ္တိယင်္ဂ် ၀ရား ၄-ပါးဟူသည်ကား

၁။ ဘုရားရှိ အကြင်းမဲ့ သက်ဝင်ယုံကြည်ခြင်း,
၂။ တရားတော်ရှိ အကြင်းမဲ့ သက်ဝင်ယုံကြည်ခြင်း,
၃။ သံဃာတော်တို့ရှိ အကြင်းမဲ့ သက်ဝင်ယုံကြည်ခြင်း,
၄။ သီလသိက္ခာတို့ကို ဖြည့်ကျင့်လေ့ရှိခြင်း,
ဤ ၄-ပါးတို့ပေတည်း။

[ဒုတိယအကြိမ်]

[သောတာပန်ဖြစ်ရန် အကြောင်းအင်္ဂါ ဖြစ်သောကြောင့် သောတာပတ္တိယင်္ဂတရား ခေါ်သည်။]

မြတ်စွာဘုရားကိုယ်တော်တိုင် "ဟေတိဘိက္ခု" ခေါ်တော်မူ၍ ရဟန်းအဖြစ်သို့ သိမ်းသွင်းသော အစီအရင်တို့ဌာလည်း-

ဟေ ဘိက္ခု သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ၊ သမ္မာ ဒုက္ခဿ အန္တကိရိယာယ။

ပုဂ္ဂိုလ်တဦးတည်းကို "ဟေတိဘိက္ခု" ခေါ်ယူသိမ်းသွင်းရာ၌ မြတ်စွာဘုရား အသုံးပြုတော်မူသော ကေဝုစ်စကားတော်ဖြစ်သည်။

ဘိက္ခု၊ ရဟန်း။ ဟေ၊ လာလော့။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ငါဘုရားကောင်းစွာ ဟောကြားတော်မူအပ်ပြီ။ သမ္မာ၊ ကောင်းစွာ မဖောက်မပြန်။ ဒုက္ခဿ၊ ဆင်းရဲဒုက္ခ၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှာ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရ၊ ကျင့်လှည့်ပါလော့။

ဧဟိ ဘိက္ခဝေါ သွာက္ခာတော ဓမ္မော၊ စရထ ဗြဟ္မစရိယံ၊ သမ္မာ ဒုက္ခဿ အန္တကရိယာယ။

ပုဂ္ဂိုလ်အများကို "ဟေတိဘိက္ခု" ခေါ်ယူသိမ်းသွင်းတော်မူရာ၌ မြတ်စွာဘုရား အသုံးပြုတော်မူသော ဗဟုဝုစ်စကားတော်ဖြစ်သည်။

ဘိက္ခဝေါ၊ ရဟန်းတို့။ ဧထ၊ လာကြကုန်လော့။ ဓမ္မော၊ တရားတော်ကို၊ သွာက္ခာတော၊ ငါဘုရားကောင်းစွာ ဟောကြားတော်မူအပ်ပြီ။ သမ္မာ၊ ကောင်းစွာ မဖောက်မပြန်။ ဒုက္ခဿ၊ ဆင်းရဲဒုက္ခ၏။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှာ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရထ၊ ကျင့်လှည့်ကြကုန်လော့။

ဤသို့လျှင် "ဟေတိဘိက္ခု" ခေါ်တော်မူ၍ ကိုယ်တော်တိုင် တရားတော်အတွင်း, သာသနာတော်အတွင်းသို့ သိမ်းသွင်းခေါ်ဆောင်တော်မူအပ်သော ဥပသမ္ပဒ ရဟန်းတော်တို့သည်လည်း မြတ်စွာဘုရား လက်ထက်တော်အခါ အသိန်းမက များပြားစွာ ရှိတော်မူကြကုန်၏။

တို့ပြင်လည်း-

ဧထ ဘိက္ခဝေ သီလဝန္တော ဟောထ၊ ပါတိမောက္ခသံဝရ-သံဝုတာ ဝိဟရထ။

ဟူ၍ ထိုထိုပါဠိတော်တို့၌ ဟောကြားတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧထ၊ လာကြကုန်လော့။ သီလာန္တော၊ သီလနှင့် ပြည့်စုံကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ ပါတိမောက္ခသံဝရ-သံဝုတာ၊ ပါတိမောက္ခသံဝရသီလဟု ဆိုအပ်သော ဝိနည်းသိက္ခာပုဒ်တို့ကို လုံခြုံစွာ စောင့်သုံးကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော့။

ဤပါဋိတော်ဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင် ရဟန်းတို့ကို ဟောကြား ပညတ်တော်မူအပ်သော တရားတော်အတွင်းသို့ သိမ်းသွင်းခေါ်ဆောင်တော်မူကြောင်းကို ပြဆို၏။

ရဟန်းတို့ကိုသာ ဤသို့ သိမ်းသွင်း ခေါ်ဆောင်တော်မူသည် မဟုတ် အိမ်ရာထောင်သော လူများကိုလည်း-

ဧထ တုမ္ဖေ ကာဋ္ဌာမာ။ ။အို ကာဋ္ဌာမ အမျိုးဖြစ်သော ဒါယကာတို့-သင်တို့သည် လာကြကုန်လော့။

ဧထ တုမ္ဖေ သာဋ္ဌာ။ ။အို-သာဋ္ဌမည်သော ဒါယကာတို့... သင်တို့သည် လာကြကုန်လော့။

ဧထ တုမ္ဖေ ဘဒ္ဒိယာ။ ။အို-ဘဒ္ဒိယမည်သော ဒါယကာတို့....သင်တို့သည် လာကြကုန်လော့။

ဤသို့ စသည်ဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင် ခေါ်ဆောင်ခြင်း အစီအရင်တို့သည် ဖြစ်ကုန်၏။

[ဤကား ဟော-ဟူသော အစီအရင်ကို ပြဆိုသော ပါဋိတော်သာဓကများ ပေထည်း။]

နိဒါနဝဂ္ဂသံယုတ် ပါဋိတော် ဒုတိယဝဂ်၌-

ဇာတိပစ္စယာ ဘိက္ခဝေ ဇရာမရဏံ ဥပ္ပါဒါ ဝါ တထာဂတာနံ အနုပ္ပါဒါ ဝါ ဌိတာဝ သာ ဓာတု၊ တံ တထာဂတော အဘိ-သမ္မုဇ္ဈတိ၊ အဘိသမ္မုဇ္ဈိတွာ ဒေသေတိ၊ ပဿထာတိ စာဟ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာမရဏသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သာဓာတု၊ ဇာတိကြောင့် ဇရာမရဏဖြစ်မှုဟူသော ထိုဓာတ်သဘောသည်။ တထာဂတာနံ၊ မြတ်စွာ ဘုရားတို့၏။ ဥပ္ပါဒါ ဝါ၊ ပွင့်တော်မူသော်လည်းကောင်း။ အနုပ္ပါဒါ ဝါ၊ ပွင့်တော်မမူသော်လည်းကောင်း။ ဌိတာဝ၊ တည်လျက် ရှိနေသည်သာလျှင်

တည်း။ တံ၊ ဇာတိကြောင့် ဇရာမရဏဖြစ်ခြင်းဟူသော ထိုဓာတ်သဘောကို။ တထာဂတော၊ မြတ်စွာဘုရားသည်။ အဘိသမ္မုဇ္ဈတိ၊ ထိုးထွင်း၍ သိတော်မူ၏။ အဘိသမ္မု-ဇ္ဈိတွာ၊ ထိုးထွင်းသိမြင်ပြီး၍။ ဒေသေတိ၊ သတ္တဝါတို့အား ဟောကြားတော်မူ၏။ တုမ္မေ၊ သင်တို့သည်။ ပဿထ၊ ရှုကြကုန်လော့။ ဣတိစ၊ ဤသို့လျှင်။ အာဟ၊ မြတ်စွာဘုရား ဟောကြားတော်မူ၏။

အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ၊ ပဿထာတိ စာဟ။

ဘိက္ခဝေ၊ ရဟန်းတို့။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကုန်၏။ တုမ္မေ၊ သင်တို့သည်။ ပဿထ၊ ရှုကြကုန်လော့။ ဣတိစ၊ ဤသို့လျှင်။ အာဟ၊ မြတ်စွာဘုရား ဟောကြားတော်မူ၏။

ဤပါဠိတော်တို့ဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင်ပင်လျှင် တရားတော်ကို ရှုကြကုန်လော့-ဟု နှိုးဆော်တိုက်တွန်းတော်မူကြောင်းကို သိအပ်၏။

[ဤကား ပဿ-ဟူသော အစိအရင်ကိုပြသော မါဠိတော်သာဓကများပေတည်း။]

ဧဟိ, ပဿ လာလှည့်, ရှုလှည့် ဟူသော တိုက်တွန်းချက် ၂-မျိုးတို့တွင်-

ဧဟိ-ဟူသောပုဒ်ဖြင့်- တရားတော်အတွင်း, သာသနာတော် အတွင်းသို့ သိမ်းသွင်းခေါ်ဆောင်ခြင်း အစီအရင်ကို ပြ၏။

ပဿ-ဟူသောပုဒ်ဖြင့်— တိုက်တွန်းချက်ဖြင့် ထိုတရားကို ကျင့်ဆောင်အားထုတ်ခြင်း, ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်ခြင်း အစီအရင်ကို ပြ၏။

လာလှည့်,ရှုလှည့်-ဟူသော ထိုတိုက်တွန်းချက် ၂-မျိုးတို့ဖြင့် နှိုးဆော်ခြင်းငှာ ထိုက်သောကြောင့် တရားတော်သည် ဧဟိပဿိကမည်၏။

ဤလောက၌ လာပါလှည့်, ကြွပါလှည့်-ဟူ၍ ဖိတ်လျှင် ကြွလာသော သူအား ပြုစုကျွေးမွေးခြင်း, လှူဒါန်းပူဇော်ခြင်းဖြင့် တစုံတရာဝမ်းမြောက်နှစ်သက်ဖွယ်ရာ ကျေးဇူးပြုနိုင်မှသာလျှင် လာပါ, ကြွပါ-ဟူ၍ ပင့်ဖိတ်ခြင်းငှာသင့်လျော်လေသကဲ့သို့၊ ထို့အတူ တရားအတွင်းသို့ သိမ်းသွင်းခြင်းအနေအားဖြင့် ဧဟိ-လာလှည့်-ဟူ၍ ခေါ်ဆောင်ပင့်ဖိတ်လျှင် ထိုတရားအတွင်းသို့ ခိုဝင် ကပ်ရောက်လာသော သူတို့အား အကျိုးများစွာဖြစ်ထွန်းစေနိုင်မှသာလျှင် ခေါ်ဆောင် သိမ်းသွင်းသင့်လေသဖြင့် ဧဟိ-ဟူသော အစီအရင်ကို ထိုက်သည်မည်၏။

[ဒုတိယအကြိမ်]

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ကလျာဏ ၃-ပါးနှင့် ပြည့်စုံသော တရားတော်သည်ကား-

မိမိအတွင်းသို့ သိမ်းသွင်းခေါ်ဆောင်၍ ရောက်လာသော သူတို့အား အောက်ထစ်ဆုံးအားဖြင့် သုဂတိဘုံဘဝသို့ လားစေနိုင်၏၊ အလွန်ဆုံး အကျိုးအားဖြင့် အမြတ်ထက် အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာသို့ ရောက်စေနိုင်၏။ ထိုကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်သည် ဧဟိ-ဟူသော အစီအရင်ဖြင့် နှိုးဆော်ခြင်းကို ထိုက်လေသည်။

ဤလောက၌ တစုံ တခုသော ပွဲသဘင်ကို ဖြစ်စေ, တစုံတခုသော ရတနာကို ဖြစ်စေ, တစုံတခုသော အထူးအဆန်း ပန်းမန်ဥယျာဉ်ကိုဖြစ်စေ ရှုကြည့်လှည့်ပါဟု နှိုးဆော်တိုက်တွန်းလျှင် ရှုကြည့်သောသူ၏ စိတ်နှလုံးကို ရှင်စေခြင်း, အံ့ဖွယ်သရဲကို ဖြစ်စေခြင်း, ရှုမြင်ရသည့်အတွက် ကျေးဇူးတင်စွာနှင့် တသက်လျာ ကာလပတ်လုံး မှတ်သားလောက်အောင် စိတ်စွဲ၍ သွားခြင်း-စသော အကျိုးကို ဖြစ်စေနိုင်မှသာလျှင် ရှုလှည့်ပါဟူသော စီရင်နှိုးဆော်ခြင်းကို ထိုက်လေသကဲ့သို့၊ ထို့အတူ-

၁။ တရားကို ရှုလှည့်ပါဟု နှိုးဆော်တိုက်တွန်းလျှင် ဆန်းကြယ်သော အနက်အရသာ၊ ပါဠိအရသာကို ရရှိစေခြင်း,

၂။ စိတ်သန္တာန်၌ ဓမ္မပီတိကို ရရှိ၍ ငြိမ်သက်ချမ်းသာခြင်း,

၃။ စိတ်၌ရှိသော အညစ်အကြေးတို့ကို ပယ်ရှားနိုင်ခြင်း,

၄။ ဉာဏ်ပညာ၏ တိုးတက်ပွင့်လင်းခြင်း,

၅။ နက်နဲသော တရားသဘောတို့၏ အဖြစ်အပျက်ကို ထိုးထွင်း သိမြင်နိုင်ခြင်း,

၆။ မိမိ မူလ အခြေအနေမှ ထူးသော အခြေအနေသို့ ရောက်ရှိခြင်း,

စသော သာမညဖလ အကျိုးတို့ကို ရရှိဖြစ်ထွန်းစေနိုင်မှသာလျှင် ရှုလှည့်ပါဟူသော နှိုးဆော်တိုက်တွန်းခြင်းကို ထိုက်သည်မည်၏။

ဗုဒ္ဓဘာသာတရားတော်မြတ်သည်- ကျင့်ဆောင်သောသူ, ဝိပဿနာဉာဏ်ပစ္စဝေက္ခနာဉာဏ်တို့ဖြင့် ဆင်ခြင်ရှုစားသော သူတို့အား ဆိုခဲ့ပြီးသော အကျိုးတို့ကို ရရှိစေနိုင်၏၊ ထို့ကြောင့် ရှုလှည့်ပါ-ဟူသော စီရင်နှိုးဆော်ခြင်းကို ထိုက်လေသည်။

[ဒုတိယအကြိမ်]

ဤသို့ လာလှည့်ပါ, ရှုလှည့်ပါ-ဟူသော စီရင်နှိုးဆော်ခြင်းတို့ ထိုက်သော ကြောင့် ဟေပသိက-ဟူ၍ ခေါ်ထိုက်လေသည်။

အခြားသော ဘာသာ တရားများသည်ကား—ထိုကဲ့သို့ လာလှည့်ပါ, ရှုလှည့်ပါ-ဟူသော အစီအရင်ကို ထိုက်သည်မဟုတ်ချေ။

ထိုသာသနာတော်မှ အပဖြစ်သော တရားများသည်ကား—

လာလှည့်ပါ-ဟု ဆို၍ သိမ်းသွင်းခေါ်ဆောင်လျက် ထိုတရားအတွင်းသို့ ဝင်ရောက်လျှင် ထိုဗာဟိရတရားစုတို့၏ သွာက္ခာတဂုဏ်နှင့် ပြည့်စုံသည် မဟုတ်သောကြောင့် အသိမ်းအသွင်း ခံရသောသူ, ဝင်ရောက်သော သူတို့အား အကျိုးမများစေသည့်ပြင် အပါယ်လားခြင်းတည်းဟူသော အပြစ်ကို ရရှိကြစေကုန်၏၊ ထို့ကြောင့် လာလှည့်ပါဟူသော စီရင်နှိုးဆော်ခြင်းကို ထိုက်သည်မဟုတ်ချေ။

ရှုလှည့်ပါ-ဆို၍ ကျင့်ကြံရှုစားသောအခါ အနက်အရသာ, ပါဠိအရသာ, ဓမ္မပီတိစသော သာမည်ဖလ အကျိုးများကို မရသည့်ပြင် မိစ္ဆာဒိဋ္ဌိ အမှားဘက်သို့ နက်နက်ကြီး စူးစိုက်သက်ဝင်၍ သွားခြင်း, အပါယ်သို့ နက်နက်ကြီး ကျရောက်ရန် မျိုးစေ့တို့ကို အောင်အောင်မြင်မြင် ထူထောင်နိုင်ခြင်း-စသော အကျိုးယုတ်တို့ကို ရရှိလေ၏၊ ထို့ကြောင့် ထိုမိစ္ဆာတရားများသည် ရှုလှည့်ပါ-ဟူသော အစီအရင်ကို ထိုက်သည်မဟုတ်ချေ။

ဗုဒ္ဓဘာသာ တရားတော်မြတ်သည် လာလှည့်,ရှုလှည့်-ဟူသော နှိုးဆော်ခြင်းကို ထိုက်သောကြောင့် ထို အစီအရင်အတိုင်း နှိုးဆော်တိုက်တွန်း သိမ်းသွင်းခေါ်ဆောင် ပြသသွန်သင်သော ပုဂ္ဂိုလ်တို့အားလည်း ကုသိုလ်ပုည ပွားစီးခြင်းတည်းဟူသော အကျိုးကို ဖြစ်ပွားစေနိုင် ကုန်သည်၊ သာသနာတော်မှ အပဖြစ်သော တရားတို့သည်ကား ထိုကဲ့သို့ လာလှည့်ပါ, ရှုလှည့်ပါ-ဟူသော စီရင်နှိုးဆော်ခြင်းကို မထိုက်သောကြောင့် ထိုတရားအတွင်းသို့ ခေါ်ဆောင် သိမ်းသွင်း ပြသသွန်သင်သော ပုဂ္ဂိုလ်တို့အား မကောင်းမှုပွားခြင်း, အပါယ်လားခြင်း-စသော အကျိုးယုတ်တို့ကို ဖြစ်ပွားစေနိုင်ကုန်၏။

ထို့ကြောင့် ဧကဂ်ုတ္တရပါဋ္ဌိတော် တေရသမဝဂ်၌—

ဒုရက္ခာတေ ဘိက္ခဝေ ဓမ္မဝိနဲယေ ယော စ သမာဒပေတိ၊ ယဉ္ဇ သမာဒပေတိ၊ ယော စ သမာဒပိတော တဒတ္ထာယ ပဋိပဇ္ဇတိ၊ သဗ္ဗေ တေ ဗဟုံ အပုညုံ ပသဝန္တိ၊ တံ ကိဿ ဟေတု၊ ဒုရက္ခာတတ္ထာ ဘိက္ခဝေ ဓမ္မဿ။

[ဒုတိယအကြိမ်]

သ္ဒာက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ ဗဟုံ ပုညံ ပသဝန္တိ၊ တံ ကိဿ ဟေတု၊ သ္ဒာက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿ။

ဟူ၍ ဟောတော်မူ၏။

အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဒုရက္ခာတေ၊ မကောင်းသဖြင့် ဟောကြားအပ်သော။ ဓမ္မဝိနယေ၊ ဟောအပ်သောတရား, ပညတ်အပ်သော အဆုံးအမ၌။ ယော စ၊ အကြင်သူသည်လည်း။ သမာဒပေတိ နှိုးဆော်တိုက်တွန်း၏။ ယဉ္စ၊ အကြင်သူကိုလည်း။ သမာဒပေတိ၊ နှိုးဆော်တိုက်တွန်း၏။ သမာဒပိတော၊ သိမ်းသွင်း နှိုးဆော်အပ်သော။ ယော့စ၊ အကြင်သူသည်လည်း။ တဒတ္ထာယ၊ ထိုနှိုးဆော် တိုက်တွန်းအပ်သောအတိုင်း။ ပဋိပဇ္ဇတိ၊ ကျင့်ကြံအားထုတ်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော တေ၊ ထိုနှိုးဆော်တိုက်တွန်းသောသူ, နှိုးဆော်တိုက်တွန်းအပ်သော သူတို့သည်။ ဗဟုံ၊ များစွာ။ အပုညံ၊ မကောင်းမှုကို။ ပသဝန္တိ၊ ပွားအောင် ဆည်းပူးကြကုန်၏။

တံ၊ ထိုသို့ဖြစ်ရခြင်းသည်။ ကိဿဟေတု၊အဘယ်အကြောင်းကြောင့်နည်း- ဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မဿ၊ မိစ္ဆာတရားများ၏။ ဒုရက္ခာ-တတ္တာ၊ မကောင်းသဖြင့် ဟောကြားအပ်သော တရားများ ဖြစ်လေသော ကြောင့်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ သ္ဒာက္ခာတေ၊ ကောင်းစွာ ဟောကြားအပ်သော။ ဓမ္မဝိနယေ၊ သုတ်,အဘိဓမ္မာ,ဝိနည်းတော်ဟု ဆိုအပ်သော သာသနာတော်မြတ်၌မူကား။ ဧဝံကတေ၊ ဤသို့ သိမ်းသွင်းနှိုးဆော်ခြင်း, ကျင့်ဆောင်ခြင်းကို ပြုအပ်သည်ရှိသော်။ ဗဟုံ၊ များစွာ။ ပုညံ၊ ကုသိုလ်ကောင်းမှုကို။ ပသဝန္တိ၊ ပွားများကြကုန်၏။ တံ၊ ထိုသို့ ဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ်အကြောင်းကြောင့်နည်း- ဟူမူကား။ ဓမ္မဿ၊ သုတ်, ဝိနည်း, အဘိဓမ္မာဟု ဆိုအပ်သော တရားတော်မြတ်၏။ သ္ဒာက္ခာတတ္တာ၊ ကောင်းစွာ ဟောကြားအပ်သော သ္ဒာက္ခာတဂုဏ်နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်တည်း။

ဤနေရာ၌ ဆိုဖွယ်ရှိသည်ကား

သာသနာတော်မူ အပဖြစ်သော တိတ္ထိတို့သည် ဧဟိပဿိက ဂုဏ်နှင့် မပြည့်စုံသော မိမိတို့၏ တရားအတွင်းသို့ သွင်းဆောင်ကြကုန်၏၊ မိမိတို့ သာသနာသို့ဝင်ရန် နှိုးဆော်တိုက်တွန်းကြကုန်၏။

[ဒုတိယအကြိမ်]

ထိုသို့ သိမ်းသွင်းနှိုးဆော်သော အတိုင်းလည်း ထို မိစ္ဆာသာသနာသို့ ဝင်ရောက်ကြကုန်ပြီးလျှင် မိစ္ဆာတရား နည်းလမ်းအတိုင်း လိုက်နာပြုကျင့်ကြကုန်၏။

သို့ရာတွင် ထိုမိစ္ဆာဒိဋ္ဌိ သာသနာတို့၌ ချီးမွမ်း အံ့ဩ နှစ်သက် မြတ်နိုးလောက်ဖွယ် ဖြစ်သည့် ဓမ္မသမ္ပတ္တိဂုဏ် မရှိခြင်းကြောင့် တရား၏ ဂုဏ်ကျေးဇူးတို့ကို ညွှန်ပြ၍ နှိုးဆော်တို့က်တွန်း သိမ်းသွင်းကြသည်မဟုတ်ကုန်။

စင်စစ်မူကား–လောက မျက်မျောက်၌ အသက်မွေးဝမ်းကျောင်း လွယ်ကူရန်ဖြစ်သော လောကီ လာဘ်လာဘ ပစ္စည်းပစ္စယ, ဝတ္ထုအာရုံကာမဂုဏ်တို့ကို ခုံမင်တွယ်တာလောက်အောင် ဗန်းပြ၍ မိမိတို့၏ သာသနာတွင်းသို့ ဆွဲဆောင် သိမ်းသွင်းကြကုန်၏။

အယဉ္စ လောကော ယေဘုယျေန အာမိသဂရုကောဝ ဟောတိ။

ဤလောကကြီးသည် ပစ္စည်းပရိက္ခရာ လာဘ်သပ်ပကာ ၅-ဖြာအာရုံကာမဂုဏ် တည်းဟူသော အာမိသကိုသာ အလေးပြုလေ့ ရှိသည်သာလျှင်ဖြစ်၏။

ဟေပသိက ဂုဏ်တော် ပြီး၏။

ဩပါနေယျိက ဂုဏ်တော်

ဥပေစ္စ နယနံ ဥပနယော။ ။ဥပေစ္စ၊ ကပ်၍။ နယနံ၊ ဆောင်ခြင်းတည်း။ ဥပနယော၊ ကပ်၍ဆောင်ခြင်း။

မိမိသို့လည်းကောင်း, သူတပါးသို့လည်းကောင်း ကပ်၍တရားကိုဆောင်ခြင်း, ညွှန်ကြား ပြသခြင်းပေတည်း၊ မိမိကိုယ်သို့ တရားနှင့်ကပ်ခြင်း, သူတပါးကို တရားနှင့်ကပ်ခြင်း ဆိုလိုသည်။

အတ္တူပနယံဝါ ပရူပနယံဝါ ကာတုံ အရဟတီတိ ဩပနယိကော။

ယော ဓမ္မော၊ အကြင်တရားသည်။ အတ္တူပနယံဝါ၊ မိမိဆီသို့ ကပ်ဆောင်ခြင်းကို လည်းကောင်း။ ပရူပနယံဝါ၊ သူတပါးဆီသို့ ကပ်ဆောင်ခြင်းကို လည်းကောင်း။ ကာတုံ၊ ပြုခြင်းငှါ။ အရဟတိ၊ ထိုက်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ ဩပနယျိကော၊ ဩပနယျိကမည်၏။

[ဒုတိယအကြိမ်]

မိမိသို့ ကပ်ဆောင်ပုံ–ဤတရားသည် ငါ၏သန္တာန်၌ ထင်ရှား တည်ရှိ၏၊ ငါသည်လည်း ဤတရား၌ တည်ရှိ၏၊ ဤသို့လျှင် မိမိဆီသို့ တရားကိုကပ်ဆောင်ခြင်းငှါ, တရားဆီသို့ မိမိကို ကပ်၍ ဆောင်ခြင်းငှါလည်း ထိုက်၏။

သူတပါးသို့ ကပ်ဆောင်ပုံ – ဤတရားသည် ဤသူ၌ ထင်ရှား တည်ရှိ၏၊ ဤသူသည်လည်း ဤတရား၌ တည်ရှိ၏၊ ဤသို့လျှင် သူတပါး ဆီသို့ တရားကို, တရားဆီသို့ သူတပါးကို ကပ်၍ ဆောင်ခြင်းငှါလည်း ထိုက်၏၊ ထို့ကြောင့် တရားတော်သည် သြပနေယျိက မည်၏-ဟူ၍ ဆိုလိုသည်။

မေး။ ။အဘယ့်ကြောင့် ကပ်၍ ဆောင်ခြင်းကို ပြုခြင်းငှါ ထိုက်သနည်း။

ဖြေ။ ။မကြည်ညိုသေး, သဒ္ဓါတရား မရှိသေးသော သူတို့၏ သဒ္ဓါတရားကို ဖြစ်ပွားစေတတ်သောကြောင့်လည်း, သဒ္ဓါတရား ဖြစ်ပွားကြည်ညိုပြီးသော သူတို့အားလည်း တရားတော် နည်းလမ်းရှိသောအတိုင်း မကျင့်ဆောင် မလိုက်ပါကြကုန်၊ ထိုသူတို့သည် ပုဂ္ဂိုလ်နှင့် တရားကိုကပ်၍ဟောပြသဖြင့် ကြားနာရသောအခါ မကြည်ညိုဃော သူတို့သည်လည်း ဤတရားတော်၌ သဒ္ဓါတရား ဖြစ်ပွား၊ ကြည်ညိုကြကုန်၏။

ကြည်ညိုရုံမျှသာ မဟုတ်၍ ကောင်းစွာ မကျင့်ကြံ မလိုက်နာကြသော သူတို့သည်လည်း မိမိသန္တာန်၌ တရားကပ်စေခြင်းငှါ ကျင့်ကြံ အားထုတ်ကြကုန်၏၊ မိမိဆီသို့ တရားကို ဆောင်ကြကုန်၏၊ ထိုစကားမှန်၏။

မဇ္ဈိမပဏ္ဏာသပါဠိတော် ဒုတိယဝဂ်၌-"တံ ကိံ မညသိ အနုရုဒ္ဓ" စသည်ဖြင့် ဟောတော်မူ၏သည်။

ပါဠိတော် မြန်မာပြန်

အို-အနုရုဒ္ဓါ...ငါဘုရား မိန့်ဆိုလတ္တံ့သော စကားကို သင် အာဘယ်သို့ မှတ်ထင်သနည်း။

မြတ်စွာဘုရားသည် အာဘယ်အကျိုးကို မြင်၍ တပည့်သား သာဝကတို့ စုတိကွယ်လွန်သောအခါ ဤမည်သော တပည့်သားသည် ဤမည်သောဘုံ၌ ဖြစ်လေ၏၊ ဤမည်သော တပည့်သားသည် ဤမည်သောဘုံ၌ ဖြစ်လေ၏-ဟူ၍ ဥပပတ်ဘုံဘဝတို့၌ ဖြစ်ခြင်းကို ပြောကြားမိန့်ဆိုတော် မူသနည်း-ဟူ၍ မြတ်စွာဘုရား မေးတော်မူ၏။

အရှင်ဘုရား...တရားတော်တို့သည် မြတ်စွာဘုရား သာလျှင် အကြောင်းရင်းရှိပါကုန်၏၊ မြတ်စွာဘုရားသည် ဖြေကြားတော် မူစေချင်ပါ၏၊ ရဟန်းအပေါင်းတို့သည် မှတ်သားဆောင်ရွက်ကြရပါကုန်လတ္တံ့. -ဟူ၍ရှင်အနုရုဒ္ဓါက လျှောက်ထားလေ၏။

အို-အနုရုဒ္ဓါ...ကြည်ညိုယုံကြည်စွာ သဒ္ဓါတရား ရှိကြကုန်သော မွန်မြတ်သော နှစ်သက်ခြင်း ရှိကြကုန်သော မွန်မြတ်သော ဝမ်းမြောက်ခြင်း ရှိကြကုန်သော အကြင်အမျိုးကောင်းသားတို့သည် ရှိကုန်၏။

ထို အမျိုးကောင်းသားတို့သည် ကွယ်လွန်သော တပည့် သာဝကတို့၏ ဥမပတ်ဘုံ၌ ဖြစ်ကြောင်းကို ပြောကြားတော်မူသော ထိုမြတ်စွာဘုရား၏ စကားကို ကြားကြကုန်သည်ရှိသော် ထိုဥပပတ် ဘုံဘဝသို့ ရောက်ကြောင်း ဖြစ်သော တရားဆီသို့ ရှေးရှုဆောင်ကြကုန်၏၊ ကျင့်ကြံအားထုတ်ကြကုန်၏၊ ထိုအမျိုးကောင်းသားတို့၏ ထိုသို့စိတ်ကို တရားဆီသို့ ဆောင်ခြင်းသည် ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးဖြစ်ခြင်းငှာ, အစီးအပွားဖြစ်ခြင်းငှာ, ချမ်းသာခြင်းငှာ ဖြစ်လတ္တံ့.-ဟူ၍ မြတ်စွာဘုရား မိန့်ကြားတော်မူ၏။

ဤသို့ ပုဂ္ဂိုလ်သို့ ကပ်ဆောင်၍ ပုဂ္ဂိုလ်နှင့်ယှဉ်တွဲ၍ ပြအပ်သော တရားတော်သည် သဒ္ဓါမဲ့သော သူတို့အားလည်း သဒ္ဓါတရားကို တိုးပွားစေတတ်၏၊ သဒ္ဓါတရားရှိပါလျက် ထိုတရားကို ကောင်းစွာ မကျင့်ဆောင်သော ပုဂ္ဂိုလ်တို့အားလည်း ကောင်းစွာ ကျင့်ဆောင်ခြင်း ကိစ္စနှင့် ယှဉ်စေ၏၊ ကျင့်ကြံအားထုတ်စေ၏၊ မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့၏ ရှေးဦးစွာ ဤတရားကို ကိုယ်တော်မြတ်သို့ ကပ်၍ ဆောင်ပြီးမူသာလျှင် သတ္တဝါတို့အား ဟောကြားညွှန်ပြတော်မူ၏။

မေး။ ။အဘယ်သို့လျှင် အလုံးစုံသော သတ္တဝါတို့၏ ရှေးဦးစွာ ကိုယ်တော်မြတ်ဆီသို့ တရားကို ကပ်၍ ဆောင်ပြီး၍ ဟောကြား ပြသတော် မူပါသနည်း။

ဖြေ။ ။မြတ်စွာဘုရားသည် တောထွက်တော်မူသော အခါမှစ၍ ဓမ္မစကြာ တရားကို ဟောကြားတော်မူသည့် တိုင်အောင် အကြင်ဘုရားဖြစ်တော်မူခြင်း၏ အကြောင်းနှင့် ဘုရားဖြစ်တော် မူခြင်းကို လည်းကောင်း, ဘုရားဂုဏ်ကျေးဇူးနှင့်စပ်သော မျှားစွာကုန်သော အကျင့်တရားတို့ကိုလည်းကောင်း မျှားစွာသော သုတ္တန်တို့၌ မျှားစွာသော သူတို့၏ အလယ်၌ ဟောကြားတော်မူ၏။

ထိုမှတပါး ဘုရားဂုဏ်တော်ဖွင့်တွင် ပြဆိုခဲ့ပြီးသောအတိုင်း ဘုရားဂုဏ်ကျေးဇူးတို့ကို ပြု၍ သာသနာ ပြည့်စုံခြင်း၏ အကြောင်းမျှားကိုလည်း ဟောကြားတော်မူ၏။

တရုံတခါလည်း မျှားစွာသော ပရိသတ် အလယ်၌ ကိုယ်တော်မြတ်၏ အတုမရှိ မြင့်မြတ်သော အကျင့်သီလ တရားတို့ကိုလည်းကောင်း, စျာန် သမာဓိ သမာပတ္တိတရားတို့ကိုလည်းကောင်း, အဘိညာဉ်တရားတို့ကိုလည်းကောင်း ဟောကြားတော်မူ၏။ တန်ခိုးပြာဋိဟာ ပြခြင်းတို့ကိုလည်း ပြုတော်မူ၏။ ထိုဆိုပြီး အလုံးစုံကို ဟောပြပြုလုပ် ဆောင်ရွက်တော် မူခြင်းမျှားသည် မြတ်စွာဘုရားအား "အတ္တူပနယ" တရားတော်ကို ကိုယ်တော်နှင့် ကပ်ဆောင်၍ ပြုတော်မူခြင်း, ပြတော်မူခြင်းမည်၏။

မေး။ ။အဘယ်သို့လျှင် တရားတော်ကို သူတပါးသို့ ကပ်၍ ဆောင်ပြီးမှ ဟောကြားပြသတော် မူပါသနည်း။

ဖြေ။ ။ပရိသတ် ၄ ပါးတို့၏ အလယ်၌ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်ရှင်မဟာကဿပ-အစရှိကုန်သော တပည့်သာဝကကြီးတို့၏ အကျင့်သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ကို ဟောပြောချီးမွမ်းတော်မူ၏။

ထို့ပြင်လည်း ဟတ္ထာဠဝက သူကြွယ်, စိတ္တသူကြွယ်, ဥဂ္ဂသူကြွယ်-အစရှိကုန်သော လူဥပါသကာတို့၏ အကျင့်သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်မျှားကိုလည်း ဖော်ပြချီးမွမ်းတော်မူ၏။

ထို အလုံးစုံသော အချက်မျှားသည် မြတ်စွာဘုရား၏ တရားတော်ကို "ပရူပနယ" သူတပါးသို့ ကပ်ဆောင်၍ ပြုတော်မူခြင်း, ပြတော်မူခြင်းမည်၏။

နိဒါနဝဂ္ဂ ကဿပသံယုတ်၌-

ချစ်သား ရဟန်းတို့.... ငါဘုရားသည် အကြင်မျှလောက် အလိုရှိ၏၊ ထိုမျှလောက် ပဌမဈာန်ကို ဝင်စား၍ နေနိုင်၏၊ ချစ်သား ရဟန်းတို့— ကဿပသည်လည်း အကြင်မျှလောက် အလိုရှိ၏။ ထိုမျှလောက် ပဌမဈာန်ကို ဝင်စား၍နေနိုင်၏၊ ဤသို့ စသည်ဖြင့် ကိုယ်တော်မြတ်နှင့်တကွ ရှင်မဟာကဿပ မထေရ်၏ ကိုးဆင့်သော အနုပုဗ္ဗဝိဟာရ သမာပတ်တို့၌ ဝင်စား၍ နေနိုင်ကြောင်းကို ဗျာဒိတ်မြွက်ကြားစောမူသော စကားတော်သည်လည်း ရှိ၏၊

ထို့အတူ—

ရှင်မဟာကဿပမူ တပါးကုန်သော မထေရ်တို့၏ ထိုထိုဂုဏ်ကျေးဇူးတရားတို့၌ အသီးသီး ထင်ရှားရှိခြင်းကို ဗျာဒိတ် မြွက်ကြားတော်မူသော စကားတော်သည်လည်းရှိ၏၊ ထိုအလုံးစုံသော စကားတော်မျှားသည် မြတ်စွာဘုရားကိုယ်တော်မြတ်နှင့် အခြားသော ပုဂ္ဂိုလ်တို့ဆီသို့ တရားကို ကပ်ဆောင်၍ ပြသတော်မူခြင်း ဥဘယူပနယကို ပြုတော်မူခြင်းမည်၏။

ထို့ပြင်တပါး-

မဟာထေရ် အရှင်မြတ်ကြီးမျှားသည်လည်း သင့်လျော်လျောက်ပတ်သော အခါ၌ အချင်းချင်းသော်လည်းကောင်း, မြတ်စွာဘုရား၏ ထံတော်ပါး၌ သော်လည်းကောင်း ဥတ္တရိမနုဿဓမ္မ စျာန်မဂ်ဖိုလ်တရားတို့ကို ဖွင့်ဆို ပြောကြားကြကုန်၏၊ ဤသို့ပြောကြားခြင်းသည် မဟာထေရ်မြတ်ကြီးတို့၏ မိမိတို့ဆီသို့ တရားကို ကပ်၍ ဆောင်ခြင်း, မိမိတို့ကိုယ်၌ တရားတော် ထင်ရှားရှိခြင်းကို ပြခြင်းမည်၏။

ထို့ပြင်တပါး—

အိမ်ရှုတည်ထောင် လူ၏ဘောင်၌ တည်နေကြကုန်သော ဥပါသကာယောကျ်ား, ဥပါသိကာ မိန်းမတို့သည်လည်း တရားတော်မြတ်မျှားကို မိမိတို့ဆီသို့ ကပ်ဆောင်၍ ပြဘူးကြလေကုန်၏။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် စိတ္တဝဂ်၌....

တရုံသောအခါ စိတ္တသူကြွယ်သည် "အရှင်....ရဟန်းပြုသော အရှင့်အား နှစ်ပေါင်း မည်မျှကြာပါပြီနည်း"ဟူ၍ အစေဋ္ဌက ကဿပကို မေးမြန်းလေ၏။

"ရဟန်းပြုသော ငါ့အား နှစ်ပေါင်း ၃၀-မျှ ရှိကုန်ပြီ"ဟူ၍ အစေဋ္ဌက ကဿပ ဖြေကြားလေ၏။

"အရှင်....ဤ ၃၀-မျှလောက်ကုန်သော နှစ်တို့ဖြင့် ရဟန်းပြုနေခဲ့ရာ အရှင့်သန္တာန်မှာ တစုံတခုသော စျာန်, အဘိညာဉ်, မဂ်, ဖိုလ် တရားများ ရှိပါသလော။

အရိယာပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်သော ဉာဏ်အမြင် အထူးများကို ရရှိပါပြီလော။

ချမ်းသာစွာ နေထိုင်ရပါ၏လော"ဟူ၍ မေးမြန်းလေ၏။

"အို-သူကြွယ်_မရှိပါ"ဟူ၍ ဖြေကြားလေ၏။

"အို-အချင်းတို့...အံ့ဖွယ်ရှိစွတကား၊ အို-အချင်းတို့...မဖြစ်ဘူးဖြစ်ပေစွ ဘကား၊ နှစ်ပေါင်း ၃၀-မျှတို့ဖြင့် ရဟန်းပြု၍ နေပါလျက်တ.စုံတခုသော စျာန်, အဘိညာဉ်, မဂ်, ဖိုလ်တရားကို မရပဲရှိဘိ၏။

အရိယာပုဂ္ဂိုလ်တို့နှင့်သာ တိုက်တန်သောဉာဏ်အမြင်အထူးကို မရပဲရှိဘိ၏။

ချမ်းသာစွာမနေရပဲ ရှိဘိ၏-"ဟူ၍ စိတ္တသူကြွယ်က အံ့ဩသောစကားနှင့် ဆိုလေ၏။

"အို-သူကြွယ်.... ဥပါသကာအဖြစ်သို့ ကပ်ရောက်သော အသင့်အား နှစ်ပေါင်းမည်မျှ ကြာပြီနည်း"ဟူ၍ အစေခံက ကာသပက မေးမြန်းပြန်လေ၏။

"အရှင်....နှစ်ပေါင်း ၃၀-မျှ ရှိပါကုန်ပြီ"ဟူ၍ ဆိုလေ၏။

၁။ "ဤ ၃၀-မျှလောက်သော နှစ်တို့ဖြင့် ဥပါသကာအဖြစ်သို့ ကပ်၍ နေခဲ့ရာ သင့်အား တစုံတခုသော စျာန်, အဘိညာဉ်, မဂ်, ဖိုလ်တရားများ ရှိပါသလော။

၂။ အရိယာပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်သော ဉာဏ်အမြင်အထူးကို ရအပ်ပါသလော။

၃။ ချမ်းသာစွာ နေရပါ၏လော"

ဟူ၍ အစေခံက ကာသပ,က မေးလေ၏။

"အို-အရှင်....ရှိပါ၏။

အို-အရှင်....အမှန်အားဖြင့် အကျွန်ုပ်သည် အကြင်မျှလောက် အလိုရှိ၏။ ထိုမျှလောက် ပဌမစျာန်ကို ဝင်စား၍နေနိုင်ပါ၏၊ ဒုတိယစျာန်ကို, တတိယ စျာန်ကို, စတုတ္ထစျာန်ကို ဝင်စား၍နေနိုင်ပါ၏။

အို-အရှင်...အကျွန်ုပ်သည် အကယ်၍ ဘုန်းတော်ကြီးသောမြတ်စွာဘုရား၏ ရှေးဦးစွာ ကွယ်လွန်စုတေ.ခဲ့ပါမူကား မြတ်စွာဘုရားသည် ဤသို့ ဗျာဒိတ် စကား မိန့်ကြားတော်မူရာ၏။

[နောက်ယအကြိမ်]

အကြင်သံယောဇဉ်ဖြင့် ငြိတွယ်နှောင်ဖွဲ့အပ်သည်ဖြစ်၍ စိတ္တသူကြွယ်သည် တဖန် ဤကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်လာရာ၏၊ ထိုသံယောဇဉ်မျိုး မရှိပြီ-ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူရာ၏" ဟူ၍ ပြောကြားလေ၏။

ထိုအခါ၌ အစေဋ္ဌက ကဿပသည် အံ့ဩဖွယ်စကား ပြောကြားလေ၏။

၁။ "အို—အချင်းတို့.... တရားတော်၏ ကောင်းစွာ ဟောအပ်သော သွာက္ခာတဂုဏ်နှင့် ပြည့်စုံသည်၏ အဖြစ်သည် အံ့ဖွယ် ရှိစွတကား။

၂။ အို—အချင်းတို့...မဖြစ်ဘူးမြဲ ဖြစ်လေစွတကား။

၃။ အဝတ်ဖြူကို ဆည်း၍ အိမ်၌နေသော လူပင် ဖြစ်ပါသော်လည်း ဤသို့သဘောရှိသော "ဥတ္တရိမနုဿဓမ္မ" လူတို့ ကျင့်စဉ်တရားထက် လွန်ကဲ မြင့်မြတ်သော စျာန်, မဂ်, ဖိုလ်တရားကို ရရှိနိုင်လေဘိ၏ တကား။

၄။ အ့ရိယာပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်သော ဉာဏ်အမြင်အထူးကိုလည်း ရရှိနိုင်လေဘိ၏တကား။

၅။ ချမ်းသာစွာ နေခွင့် ရရှိနိုင်လေဘိ၏တကား" ဟူ၍ အံ့ဖွယ်စကား ပြောကြားလေ၏။

ဤစကားရပ်၌ ထိုသူကြွယ်သည် မိမိ၌ ပထမစျာန်စသော စျာန်တရားများ ထင်ရှားရှိကြောင်းကို လည်းကောင်း, သြရမ္ဘာဂိယသံယောဇဉ် တရားကင်း၍ အနာဂါမ်ဖြစ်ကြောင်းကို လည်းကောင်း ပြောကြားပြဆိုလေ၏။

စျာန်တရား,မဂ်တရားတို့တို့ မိမိဆီသို့ဆောင်၍ မိမိသို့ကပ်၍ ပြလေ၏။

နန္ဒမာတာမည်သော ဥပါသိကာသည်လည်း သာရိပုတ္တရာ မထေရ်ကို ဖွင့်ဆိုပြောကြား၍ တရားကို မိမိသို့ကပ်၍ ပြဖူးလေ၏။

ထိုစကားမှန်၏။

သတ္တဂ်ုတ္တရပါဋ္ဌိတော် သတ္တမ မဟာယည ဝဂ်၌—

"အရှင်ဘုရား....အကျွန်ုပ်သည် ဤသာသနာတော်မြတ် အတွင်း၌ အကြင် မျှလောက် အလိုရှိ၏၊ ထိုမျှလောက် ပထမစျာန်ကို ဝင်စား၍ နေနိုင်ပါ၏၊ ဒုတိယစျာန်ကို, တတိယစျာန်ကို, စတုတ္ထစျာန်ကို ဝင်စား၍ နေနိုင်ပါ၏။

"အရှင်ဘုရား.... ကာမတည်းဟူသော အောက်ဘုံသို့ သက်ဆင်းကျရောက် စေတတ်ကုန်သော အကြင် သြရမ္ဘာဂိယသံယောဇဉ် ၅-ပါးတို့သည်ရှိကုန်၏၊ ထို သံယောဇဉ်၅-ပါးတို့တွင် တစုံတခုသော သံယောဇဉ်ကိုမျှ အကျွန်ုပ်၏သန္တာန်

ဌ် မပယ်အပ်သေးပဲ ကြွင်းကျန်၍နေသည်ကို အကျွန်ုပ်မတွေ့မမြင်ရပါ'' ဟူ၍ လျှောက်ကြားလေ၏။

ဤစကားရပ်ဌ်လည်း–

နန္ဒမာတာသည် မိမိဌ် စျာန်တရား, အနာဂါမိ မဂ်တရားရှိကြောင်းကို ဖော်ပြ၏၊ ထိုစျာန်တရား, မဂ်တရားတို့ကို မိမိသို့ကပ်၍ပြ၏။

ပေး။ ။မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ ဤသို့ သဘောရှိသော ဥပသကာ ယောကျား, ဥပသိကာမိန်းမတို့သည် အဘယ်မျှလောက် ရှိပါကုန်သနည်း။

ဖြေ။ ။ဇနဝသဘသုတ် ပါဠိတော်ဌ်–

အို–အချင်းတို့....အမှတ်မထင်သော အကြင် ပုဂ္ဂိုလ်တို့သည် ဘုရားဌ်လည်းကောင်း, တရားတော်ဌ်လည်းကောင်း, သံဃာတော်ဌ်လည်းကောင်း သက်ဝင်ကြည်ညို ယုံကြည်ခြင်းသဒ္ဓါတရားနှင့် ပြည့်စုံကြကုန်၏၊ အရိယာတို့ နှစ်သက်မြတ်နိုးအပ်သော သီလနှင့်လည်း ပြည့်စုံကြကုန်၏၊ မဂဓတိုင်းသား ဘုရားအလုပ်အကျေး ဖြစ်ကြကုန်သော သောတာပန်ဖြစ်ကြကုန်ပြီးသော တရားဖြင့် ယဉ်ကျေးပြီး ဖြစ်ကုန်သော ရှေးလွန်လေပြီးသော ကာလကကွယ်လွန်စုတော်ရှိ နတ်ပြည်ဌ် ဖြစ်ကြကုန်ပြီးသော ဤဥပပတ်ပုဂ္ဂိုလ်တို့သည် ၂-သန်း ၄-သိန်းကျော် ရှိကုန်၏။

ဤပုဂ္ဂိုလ်တို့ဌ် သကဒါဂါမ် ပုဂ္ဂိုလ်တို့လည်း ပါရှိကြကုန်၏။

အတ္ထာယံ ဣတရာ ပဇာ၊
ပုညဘာဂါတိ မေ မနော။
သခ်ါတုံ နောပိ သက္ကောမိ၊
မုသာဝါဒဿ သြတ္တပ္ပံ။

အနက်။ ။အယံ၊ ဤဆိုအပ်ပြီးသော ၂၄၀၀၀၀၀- ကျော်သော ပုဂ္ဂိုလ်တို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဣတရာ၊ ဤ ၂၄၀၀၀၀၀- ကျော်သော ပုဂ္ဂိုလ်တို့မှ တပါးကုန်သော။ ပဇာ၊ လူမျိုးအပေါင်းတို့သည်။ ပုညဘာဂါ၊ သောတာပတ္တိယင်္ဂတရားနှင့်ပြည့်စုံ၍ အလုံးစုံကုသိုလ်အဖို့ ရှိပြီးသော ပုဂ္ဂိုလ်တို့ ချည်းသာတည်း။ ဣတိ၊ ဤသို့။ မေ၊ အကျွန်ုပ်၏။ မနော၊ စိတ်အထင်သည်။ ဟောတိ၊ ဖြစ်၏။ သခ်ါတုံ၊ ရေတွက်ခြင်းငှာ။ နောပိ သက္ကောမိ၊ တတ်ကားမတတ်နိုင်ပါ။ မုသာဝါဒဿ၊ ချွတ်ယွင်းစွာ ရေတွက်ပြောဆိုမိခြင်းမှ။ သြတ္တပ္ပံ၊ ထိတ်လန့်ပါ၏။

ဤပါဠိတော်ဖြင့် မဂဓတိုင်းမှု စုတေ၍ နတ်ပြည်တို့၌ ဖြစ်ကြကုန်သော သောတာပန်, သကဒါဂါမ်တို့သည် ၂၄၀၀၀၀၀-ရှိကုန်၏။ ထိုမှတပါး ဖြည့်ဆည်းပူးအပ်သော ကုသိုလ်ကောင်းမှု ရှိကုန်သော ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ထိုမဂဓတိုင်း၌ မရေတွက်နိုင်၊ အသင်္ချေယျ ရှိ၏-ဟူ၍ ပြဆိုသည်။

ထို့ပြင်လည်း—

နာတိကာမည်သော ရွာငယ်တခု၌ပင်သော်လည်း အနာဂါမ်ပုဂ္ဂိုလ်ပေါင်း ၅-ကျိပ်ကျော်, သကဒါဂါမ် ပုဂ္ဂိုလ်ပေါင်း ၉-ကျိပ်ကျော်, သောတာပန် ပုဂ္ဂိုလ်ပေါင်း ၅၀၀-ကျော် ရှိကုန်၏-ဟူ၍ ထိုထိုသုတ္တန်တို့၌ ဆို၏။

ထိုမှကြွင်းကုန်သော ကာသိတိုင်း,ကောသလတိုင်း, ဝဇ္ဇီတိုင်း, မလ္လာတိုင်း, စေတတိုင်း, ဝံသတိုင်း, ကုရုတိုင်း, ပဉ္စာလတိုင်း, မဇ္ဈတိုင်း, သူရသေနတိုင်း တို့၌လည်း ရှေးက ကွယ်လွန်ကုန်ပြီး၍ ဥပပတ်ပုဂ္ဂိုလ် ဖြစ်နေကြကုန်သော ဘုရားအလုပ်အကျွေးပေါင်း များစွာတို့ကို မြတ်စွာဘုရား ဟောကြားတော်မူ၏-ဟူ၍ ဆို၏။

[သုတ္တန်တို့၌ အရေအတွက် သင်္ချာပမာဏကို မည်၍ မည်မျှ ရှိသည်ဟု အဆိုမရှိချေ။ မိလိန္ဒပဉ္ဌာ၌ကား— ကောသလတိုင်း၌ ၅၀၃၅၇၀၀၀-ရှိ၏ ဟူ၍ ဆို၏။]

ဤသို့လျှင် တရားတော်မြတ်သည် မိမိကိုယ်သို့ ကပ်၍ ဆောင်ခြင်းကို ပြုခြင်းငှါ ထိုက်သောကြောင့်လည်းကောင်း, သူတပါးသို့ ကပ်၍ ဆောင်ခြင်းကို ပြုခြင်းငှါ ထိုက်သောကြောင့်လည်းကောင်း "ဩပနေယျိက" မည်လေသည်။

[ဩပနယိက—ဟူ၍လည်း ရေးသား ရွတ်ဖတ်ကြကုန်၏။]

လိုရင်းအဓိပ္ပါယ် အကျဉ်းချုပ်

ထို "ဩပနေယျိက" ဂူဏ်တော်၏ ဆိုလိုရင်းအဓိပ္ပါယ် အကျဉ်းချုပ်မှာ မိမိနှင့်တရားကိုကပ်၍ တရားနှင့် မိမိကို ကပ်၍ ပြခြင်းငှါ ထိုက်သောကြောင့်လည်းကောင်း, သူတပါးနှင့် တရားကို-တရားနှင့် သူတပါးကိုကပ်၍ ပြခြင်းငှါ ထိုက်သောကြောင့်လည်းကောင်း "ဩပနေယျိက" မည်၏။

[ပုဂ္ဂိုလ်နှင့်တရား—တရားနှင့်ပုဂ္ဂိုလ် ကပ်၍ပြတိုက်သည်—ဟူလို။]

[ဒုတိယအကြိမ်]

ဈာန်, အဘိညာဉ်, မဂ်,ဖိုလ်တရား ရှိသောသူသည် ငါ့မှာဈာန်တရားရှိ၏။ ငါ့မှာ အဘိညာဉ်တရားရှိ၏၊ ငါ့မှာ မဂ်တရားရှိ၏၊ ငါ့မှာ ဖိုလ်တရားရှိ၏-ဟူ၍ ပုဂ္ဂိုလ်နှင့်တရား ကပ်၍ ပြတိုက်သည်။

ထိုသို့ ပြခြင်းအားဖြင့် သဒ္ဓါတရား မရှိသောသူသည် တရားတော်၌ သဒ္ဓါတရား ဖြစ်ပွားရ၍လာ၏၊ သဒ္ဓါတရားရှိလျက်နှင့် အားမထုတ်သော သူသည် တရားကပ်သော ပုဂ္ဂိုလ်ကိုမြင်လျှင် မိမိလည်း ထိုကဲ့သို့ တရားလက်ရှိ ပုဂ္ဂိုလ်ဖြစ်လိုသောကြောင့် အားထုတ်ချင် စိတ်သော်လည်း ပေါ်လာ၏၊ ကိုယ်တိုင်သော်လည်း အားထုတ်ကြိုးစားလေ၏၊ ဤသို့သော အကျိုးတရားများ ဖြစ်ထွန်းနိုင်လေ၏။

ဥပမာ။ ။တို့ဦးပြည်ကိုအစိုးရခြင်းတည်းဟူသော ခင်းအဖြစ် ဂုဏ်ရှိလျှင် ထိုဂုဏ်ကို မိမိသို့ ကပ်၍ ပြောဆိုထိုက်၏၊ ထို့ပြင် တစုံတခု ဘုရားဂုဏ်သိန်ရှိလျှင် ထိုဂုဏ်သိန်ကို မိမိသို့ကပ်၍ ပြောဆိုထိုက်၏၊ ထိုသို့ ခုပြု ဆိုသဖြင့် လူအပေါင်းတို့ ရှိသော ကိုင်းညှတ်ခြင်း, ဩဇာ အာဏာရှိခြင်း စသော အကျိုးများ ဖြစ်ထွန်းလေသကဲ့သို့တည်း။

ပုဂ္ဂိုလ်နှင့်တရားကို ကပ်၍ ပြောဆိုညွှန်ပြထိုက်သောကြောင့် မြတ်စွာဘုရား ကိုယ်တော်တိုင်ပင် မိမိ၌ မည်သည့် တရားရှိကြောင်း ဘုရားသည်ပုဂ္ဂိုလ်၌ မည်သည့်တရားထူး ရှိကြောင်းကို အကြောင်းအခွင့်သင့်သည့်အခါ ပြောကြား ညွှန်ပြတော်မူလေသည်။

ဩပနေယျိက ဂုဏ်တော် ပြီး၏။

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဂုဏ်တော်

အသီး, အသန့် "သင်းသီး"ကို ပစ္စတ္တံ ဆိုသည်။

ပဋ္ဌိသန္ဓေကပင် ဉာဏ်နှင့် ယှဉ်၍ လာသော တိဟိတ်ပုဂ္ဂိုလ်ကို ဝိညူ ဆိုသည်။

ဝိညူနှင့် ပဏ္ဍိတ ၂-ပါး အထူး

ပဋ္ဌိသန္ဓိယံ ဇာတိပညာဝသေန ဝိညူ။

ပဝတ္တိယံ ဒိဋ္ဌ, သုတ, စိန္တာ ပညာဝသေန ပဏ္ဍိတော။

၁။ ပဋ္ဌိသန္ဓေအခါ၌ ဇာတိအားဖြင့် ဉာဏ်ပါလာသူကို ဝိညူခေါ်သည်။

၂။ ပဝတ္တိအခါမြင်မှု, ကြားမှု, ကြံစည်မှုဖြင့် ပညာရှိ၍ လာသော သူကို ပဏ္ဍိတခေါ်သည်။

[ရတိယာဘေမြိုင်]

ဝိညူဇာတ်ရှိ၍ ပဋိသန္ဓေက ဉာဏ်ပါ၍ လာသော သူတို့သည်သာလျှင် အသီးအခြား သင်းသီးပြု၍ သိသင့် သိထိုက်၏၊ ပညာမဲ့သော သူတို့နှင့် မတန်မရာ မသက်ဆိုင်၊ ထို့ကြောင့် တရားတော်သည် "ပစ္စတ္တं ဝေဒိတဗ္ဗော ဝိညူဟိ"မည်၏။

တနည်းကား–ပညာရှိတို့သည်သာလျှင် သင်းသီး သီးသန့် သိအပ်သည်၏ အဖြစ်ဖြင့် ကိုယ်တွေ့ လက်တွေ့ ထိထိရောက်ရောက် ခံစားသင့် ခံစားထိုက်သောကြောင့် "ပစ္စတ္တं ဝေဒိတဗ္ဗော ဝိညူဟိ"မည်၏။

တနည်းကား–ကြည်ညို ကာမျှ ယုံကြည်ကာမျှတွင်သာ မရပ်မူ၍ ပညာရှိတို့သည် ကိုယ်တွေ့မျက်မှောက် ဒိဋ္ဌဉာဏ်ဖြင့် ထိ၍ သိသင့် သိထိုက်သောကြောင့် "ပစ္စတ္တं ဝေဒိတဗ္ဗော ဝိညူဟိ"မည်၏။

ပညာရှိတို့နှင့်သာလျှင် သက်ဆိုင်သည်။ ပညာမဲ့သူတို့နှင့်မဆိုင်

မေး။ ။အဘယ်သို့လျှင် ဤတရားကို ပညာရှိတို့သာလျှင် သင်းသီးအနေအားဖြင့် သိသင့် သိထိုက်သနည်း၊ ပညာမဲ့သော သူတို့နှင့် မတန်မရာ မသက်ဆိုင်ပဲ ဖြစ်ပါသနည်း။

ဖြေ။ ။ဗျာန်သမာပတ်တရား, မဂ်ဖိုလ် နိဗ္ဗာန် ဟူသော တရားတို့သည် လွန်စွာ နက်နဲလှ၏၊ သာမန်လူစားတို့သည် ကိုယ်တိုင် သိမည် ဝေးစွ၊ သေချာစွာ ဟောပြ၍ ကြားနာရသော်လည်း နားလည်ရန်ပင် လွန်စွာ ခဲယဉ်းလှလေ၏။

ဖဋိသန္ဓေက ပါရှိသော ဇာတိဉာဏ်နှင့် ပြည့်စုံသူမဟုတ်ပါလျှင် အခြားသော လောကီ အရေးအရာတို့၌ မည်မျှလောက်ပင် ထိုးထွင်း၍ ဉာဏ်သွားစေ ကာမူ နက်နဲသော တရားနှင့် တွေ့ကြုံသောအခါ ကြက်ဥတွင် အစရှာ၍ မရသကဲ့သို့ တွေဝေ မှိုင်ငေးလျက် နေကြရလေကုန်၏။

နက်နဲသော ဓာရုံ အာရုံတွင်းသို့ သွင်း၍ ဉာဏ်ကို အလုပ်ပေးသောအခါ ထိုဉာဏ်၏ အရည်အချင်း အတိမ်အနက် အနုံ့အထက်ကို သိနိုင်လေသည်။

ဇာတိဉာဏ်, ပင်ကိုယ်ဉာဏ်များသည် နက်နဲသော အရာဌာနကို သိမြင်မှုနှင့် တွေ့ကြုံလေလေ အစွမ်းထက်လေလေသာဖြစ်၏၊ ဇာတိဉာဏ်, ပင်ကိုယ်ဉာဏ် မဟုတ်သော ပဝတ္တိဉာဏ်များသည် ရေတိမ်သွား သင်္ဘောကဲ့သို့ ခပ်တိမ်တိမ် အရေးအရာတွင် လွန်စွာ လျင်မြန်စူးရှ၍ နေစေကာမူ နက်နဲသော အရာဌာနကို

သိမြင်စူးရှ ထိုးထွင်းရန် ကိစ္စနှင့် တွေ့ကြုံသည်ရှိသော် အစွမ်းမထက်နိုင်ပဲ ပျော့ခွေတွန့်ဆုတ်၍သာ နေလေသည်။

ဥပမာ။ ။သံမဏိ သံကောင်းဖြင့် ပြုလုပ်အပ်သော ဓား, သံညှံဖြင့် ပြုလုပ်အပ်သော ဓား ၂-စင်းကို ကျောက်ကောင်းကောင်းဖြင့် သွေး၍ ထားရာ အသွေးကောင်းသည့်အတွက် အထက်ချင်း တူမျှသကဲ့သို့ ရှိလေ၏၊ သို့ရာတွင် မာသော သစ်သားတို့ကို ခုတ်ပိုင်း၍ ယှဉ်ကြည့်ရာတွင်-

၁။ သံညှံဖြင့် ပြုလုပ်အပ်သော ဓားသည်အသွားကြွေလိပ်၍ မိမိကိစ္စကို မရွက်ဆောင်နိုင်ပဲ တွန့်ဆုတ်ရလေ၏။

၂။ သံမဏိဖြင့် ပြုလုပ်အပ်သော ဓားမူကား မာသောသစ်သားကို မိမိ အသွားဖြင့် ၀ါး၍ ရဲရဲဝံ့ဝံ့ မဆုတ်မနစ် မိမိ၏ ဖြတ်တောက်ခြင်း ကိစ္စကို ပြီးစီးအောင် ဆောင်ရွက်လေ၏။

ဤဥပမာကဲ့သို့ နက်နဲသော တရားသဘောကို ကြံစည်မှု, သိမြင်မှုအရာ၌ ဇာတိဉာဏ်, ပဝတ္တိဉာဏ် ၂-ပါးတို့၏ ခြားနားပုံကို သိအပ်၏၊ သို့ဖြစ်၍ နက်နဲသော တရားတော်များသည် ပညာရှိပုဂ္ဂိုလ်တို့သာလျှင် အသီးအခြားပြု၍ သိသင့် သိထိုက်သော အရာဖြစ်၏၊ ပညာမဲ့ ပုဂ္ဂိုလ်တို့၏ သိနိုင်သော အရာ မဟတ်ပေ၊ ဤသို့ ပညာရှိတို့သာလျှင် သင်းသီးအဖြစ်ဖြင့် သိသင့် သိထိုက် ကြောင်းကို အဋ္ဌဂုံတ္တရပါဋ္ဌိတော် တတိယဝဂ် မဟာဝိတက္ကသုတ်ဖြင့် သိအပ်၏။

ယောကျ်ားမြတ်တို့သာ ကြံစည်ရာဖြစ်သော မဟာပုရိသ ဝိတက်တို့ကို ကြံစည်၍နေသော ရှင်အနုရုဒ္ဓါအား မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

"အို-ချစ်သား အနုရုဒ္ဓါ...ကောင်းပေစွ ကောင်းပေစွ၊ အို-ချစ်သား အနုရုဒ္ဓါ...သင်သည် မဟာပုရိသ ဝိတက်တို့ကို ကြံစည်၍ နေဘိ၏၊ ကောင်းပေစွတကား" ဟူ မိန့်တော်မူ၏။

မဟာပုရိသ ဝိတက် ၈-ပါး

၁။ အပိုစ္ဆဿာယံ ဓမ္မော၊ နာယံ ဓမ္မော မဟိစ္ဆဿ။ ။ဤတရားသည် အလိုနည်းသော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏၊ ဤတရားသည် အလိုကြီးသော ပုဂ္ဂိုလ်၏ တရားမျိုးမဟုတ်။

၂။ သန္တုဋ္ဌဿာယံ ဓမ္မော၊ နာယံ ဓမ္မော အသန္တုဋ္ဌဿ။ ။ဤတရားသည် ရောင့်ရဲ တင်းတိမ်လွယ်သော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏၊

ဤတရားသည် မရောင့်ရဲ မတင်းတိမ်သော ပုဂ္ဂိုလ်၏ တရားမျိုး မဟုတ်၊

၃။ ပဝိဝိတ္တဿာယံ ဓမ္မော၊ နာယံ ဓမ္မော သင်္ဂဏိကာရာမဿ။ ။ ဤတရားသည် ဆိတ်ဆိတ်ငြိမ်ငြိမ် နေလေ့ရှိသော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏၊ ဤတရားသည် အပေါင်းအသင်းနှင့် မွေ့လျော်၍ ပြိုးပြွမ်းရှုပ်ထွေးစွာ နေလေ့ရှိသော ပုဂ္ဂိုလ်၏ တရားမျိုးမဟုတ်။

၄။ အာရဒ္ဓ ဝီရိယဿာယံ ဓမ္မော၊ နာယံ ဓမ္မော ကုသီတဿ။ ။ ဤတရားသည် အားထုတ်ကြိုးစား၍နေသော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏၊ ဤတရားသည် ပျင်းရိပေါ့တန်စွာနေသော ပုဂ္ဂိုလ်၏ တရားမျိုး မဟုတ်။

၅။ ဥဗဋ္ဌိတဿတိဿာယံ ဓမ္မော၊ နာယံ ဓမ္မော မုဋ္ဌဿတိဿ။ ။ ဤတရားသည် အောက်မေ့လက်စွဲ သတိမြဲသော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏၊ ဤတရားသည် ပေါ့လျော့ ချတ်ယွင်းသတိကင်းသော ပုဂ္ဂိုလ်၏ တရားမျိုးမဟုတ်။

၆။ သမာဟိတဿာယံ ဓမ္မော၊ နာယံ ဓမ္မော အသမာဟိတဿ။ ။ ဤတရားသည် တည်ကြည်ခိုင်ခံ့သော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏၊ ဤတရားသည် မတည်မကြည် မခိုင်ခံ့သော ပုဂ္ဂိုလ်၏ တရားမျိုး မဟုတ်။

၇။ ပညဝတောယံ ဓမ္မော၊ နာယံ ဓမ္မော ဒုပ္ပညဿ။ ။ဤတရားသည် ပင်ကိုထက်သန် ဇာတိဉာဏ်ရှိသော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏၊ ဤတရားသည် ပညာမဲ့သော ပုဂ္ဂိုလ်၏ တရားမျိုးမဟုတ်။

[ဤ ၇-ပါးကား အရှင်အနုရုဒ္ဓါ ကြံစည်၍နေသော မဟာပုရိသ ဝိတက် ၇-ပါးတည်း၊ ဆိုလတ္တံ့သော ဂ-ခုမြောက် တရားကို မြတ်စွာဘုရား ဖြည့်စွက် တော်မူ၏။]

"အို...ချစ်သား အနုရုဒ္ဓါ...ထိုသို့ ကြံစည်၍ နေလျှင် ဂ-ခု မြောက်သော ဤမဟာပုရိသဝိတက်ကိုလည်း ကြံစည်လေဦးလော့။"

၈။ နိပ္ပပဉ္ဇဿာယံ ဓမ္မော၊ နာယံ ဓမ္မော ပပဉ္ဇာရာမဿ။ ။ဤတရားသည် သံသရာတခွင်ဝယ် အကျယ်မကြိုက် အကျဉ်းလိုက်သော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏၊ ဤတရားသည် သံသရာတခွင်ဝယ် အကျဉ်းမကြိုက် အကျယ်လိုက်သော ပုဂ္ဂိုလ်၏ တရားမျိုးမဟုတ်။

[ဒုတိယအကြိမ်]

[ဤမဟာပုရိသ ဝိတက်အရာ၌ ဓမ္မဆိုသည်ကို မဂ်, ဖိုလ်, နိဗ္ဗာန်တရား၊ ဈာန်, သမာဓိ, သမာပတ္တိတရားများကို ယူအပ်၏။]

ပဏ္ဍိတဓမ္မ

ထိုမှတပါး ကုသိုလ်ကံမြောက်ကြောင်းဖြစ်သော ကုသလ ကမ္မပထတရား ၁၀-ပါးသည် ပညာရှိတို့ ချီးမွမ်းအပ်သော "ပဏ္ဍိတဓမ္မ" ဖြစ်၏၊ ဒါနသည်လည်း ပညာရှိတို့ ချီးမွမ်းအပ်သော "ပဏ္ဍိတဓမ္မ"ဖြစ်၏၊ သီလ, အဋ္ဌင်္ဂဥပေါသထသည်လည်း ပညာရှိတို့ ချီးမွမ်းအပ်သော "ပဏ္ဍိတဓမ္မ"ပင် ဖြစ်၏၊ ထို့အတူ သူတော်ကောင်းတို့ကို မြဲစဲဆည်းကပ်ခြင်း, သူတော်ကောင်းတို့၏ တရားကို ကြားနာခြင်း, အသင့်အတင့် နှလုံးသွင်းခြင်း, တရားတော်အားလျော်သော အကျင့်တို့ကို ကျင့်ခြင်းတို့သည်လည်း ပညာရှိတို့ ချီးမွမ်းအပ်သော "ပဏ္ဍိတဓမ္မ"တို့ပင် ဖြစ်ကုန်၏။

တိကင်္ဂုတ္တရပါဋ္ဌိတော်၌—

တီဏိမာနိ ဘိက္ခဝေ ပဏ္ဍိတပညတ္တာနိ သပ္ပုရိသပညတ္တာနိ၊ ဒါနံ ဘိက္ခဝေ ပဏ္ဍိတပညတ္တံ သပ္ပုရိသပညတ္တံ၊ ပဗ္ဗဇ္ဇာ ။ပ။ မာတာပိတုဥပဋ္ဌာနံ ပဏ္ဍိတပညတ္တံ သပ္ပုရိသပညတ္တံ။

အနက်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ပဏ္ဍိတပညတ္တာနိ၊ ပညာရှိတို့ ပညတ်အပ်ကုန်သော။ သပ္ပုရိသပညတ္တာနိ၊ သူတော်ကောင်းတို့ ပညတ်အပ်ကုန်သော တရားမျိုးတို့သည်။ ကျမာ တီဏိ၊ ဤဆိုလတ္တံ့သော ၃-ပါးတို့ပေ့တည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒါနံ၊ အလှူဒါနကို။ ပဏ္ဍိတပညတ္တံ၊ ပညာရှိတို့ပညတ်အပ်၏။ သပ္ပုရိသပညတ္တံ၊ သူတော်ကောင်းတို့ ပညတ်အပ်၏။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်ကို။ ပဏ္ဍိတပညတ္တာ၊ ပညာရှိတို့ ပညတ်အပ်၏။ သပ္ပုရိသပညတ္တာ၊ သူတော်ကောင်းတို့ ပညတ်အပ်၏။ မာတာပိတုဥပဋ္ဌာနံ၊ မိခင်ဖခင်တို့အား လုပ်ကျွေးခစားခြင်းကို။ ပဏ္ဍိတပညတ္တံ၊ ပညာရှိတို့ ပညတ်အပ်၏။ သပ္ပုရိသပညတ္တံ၊ သူတော်ကောင်းတို့ ပညတ်အပ်၏။

ဤပါဋ္ဌိတော်၌ လာသော အလှူဒါန, ရဟန်းအဖြစ်, မိဘတို့အား လုပ်ကျွေးခြင်း တရား ၃-ပါးတို့သည်လည်း ပညာရှိတို့ ချီးမွမ်းအပ်သော "ပဏ္ဍိတဓမ္မ"တို့သာ ဖြစ်ကြကုန်၏။

ထို့ပြင်လည်း— "ပဋ္ဌိမာနိ ဘိက္ခဝေ ဒါနာနိ မဟာဒါနာနိ" စသည်ဖြင့် ၅-ပါးသီလကို ဒါနကြီး ၅-ပါးဟူ၍ မြတ်စွာဘုရား ဟောကြားတော်၏။

[ဒုတိယအကြိမ်]

ထိုမှတပါး ဉာဏ်ပညာကို ဖြစ်ပွားစေတတ်ကုန်သော ကုသိုလ်အမှုတို့သည်လည်း ရှိကုန်၏၊ ထိုဆိုပြီး အလုံးစုံသော တရားကောင်း, တရားမြတ်တို့သည် ပညာရှိတို့ ချီးမွမ်းအပ်သော "ပဏ္ဍိတဓမ္မ"တို့ဖြစ်ကုန်၏၊ ထိုတရားတို့သည် ပညာရှိတို့သည် သင်းသီးပိုင်အဖြစ်ဖြင့် သိသင့် သိထိုက်သော တရားတို့သာလျှင် ဖြစ်ကုန်၏၊ "ပစ္စတ္တं ဝေဒိတဗ္ဗော ဝိညူဟိ"ပင် မည်ကုန်၏။

တနည်း ပြဆိုချက်

"ဝေဒိတဗ္ဗော" ဟူသောပုဒ်ကို "ခံစားအပ်သည်"ဟူသော အနက်ကြုံ၍ တရားတော်၌ရှိသော အနက်အဓိပ္ပါယ်၏ အရသာ,ပါဠိ၏ အရသာများကို ပညာရှိသော ပုဂ္ဂိုလ်တို့သည်သာလျှင် သင်းသီးအဖြစ်ဖြင့် ခံစားသင့် ခံစားထိုက်သောကြောင့် တရားတော်သည် "ပစ္စတ္တं ဝေဒိတဗ္ဗော ဝိညူဟိ" မည်၏။

တရားတော်၌ရှိသော အနက်အရသာ, ပါဠိအရသာများကို သာမညကံ, သာမညဉာဏ်, သာမညပါရမီရှိသော ပုဂ္ဂိုလ်တို့ ခံစားခြင်းငှါ ထိုက်သည် မဟုတ်ကြကုန်၊ "သဗ္ဗရသं ဓမ္မရသं ဇိနာတိ"ဟူ၍ ဟောတော်မူသောအတိုင်း ၃-ပါးသော လောကဋ္ဌ ရှိရှိသမျှသော အရသာတို့တွင် တရားအရသာ, ဓမ္မရသသည် အထွတ်အထိပ်ဆုံး အသာလွန်ဆုံးဖြစ်၏။ ထိုသို့ ထွတ်မြတ်သော သာလွန်သော တရားအရသာသည် သာမည ဗာလပုဂ္ဂိုလ်တို့၏ အရာမဟုတ်၊ ပညာရှိတို့အား အသီးအခြား သက်ဆိုင်သော အရသာ ဖြစ်လေသည်။

[ဤသို့သော အဓိပ္ပါယ်ကို ပဋ္ဌဂုံတွာရမါဠိတော်၌ ပြာဟွကဂဏ်ဋ္ဌ ဆိုဆတ်ဆုံ့သော သုတ်ဖြင့် သိအပ်၏။]

ပါဠိတော် မြန်မာပြန်

တရုံသောအခါ ဝေသာလီပြည်ဋ္ဌ ကာရဏပါလိမည်သော ပုဏ္ဏားသည် ပိုဂ်ဂိယာနိမည်သော ပုဏ္ဏားကို မေးမြန်းလေ၏။

မေးမြန်းပုံ။ ။အို— အရှင်ပိုဂ်ဂိယာနိ.... အဘယ်ကဲ့သို့ အကျိုးအစုမ်းကို မြော်မြင်သောကြောင့် ရဟန်းဂေါတမ၌ ဤမျှလောက် အလွန်ကြည်ညိုပါ သနည်း—ဟူ၍ မေးလေ၏။

ဖြေပုံ။ ။အို— ကာရဏပါလိပုဏ္ဏား... ဥပမာဃောက်ကား မွန်မြတ်သော အရသာဖြင့်သာလျှင် တင်းတိမ်ရောင့်ရဲလေ့ရှိသော ယောကျ်ားသည် မွန်မြတ်သော အရသာတို့မှတပါး ယုတ်ညံ့သော အရသာတို့ဖြင့် မနှစ်သက်နိုင်

တင်းမတိမ်နိုင်, မရောင့်ရဲနိုင်ဘိသကဲ့သို့ ထို့အတူပင်လျှင် ထိုအရှင်ဂေါတမ၏ တရားတော်မြတ်ကို အကြင်အကြင်သို့သော—

(က) သုတ္တအားဖြင့်လည်းကောင်း,

(ခ) ဂေယျအားဖြင့်လည်းကောင်း,

(ဂ) ဝေယျာကရဏအားဖြင့်လည်းကောင်း,

(ဃ) အဗ္ဘုတဓမ္မအားဖြင့် လည်းကောင်း ကြားနာရ၏၊ ထိုထို သို့သော အခြင်းအရာအားဖြင့် တပါးကုန်သော ရဟန်းပုဏ္ဏားတို့၏ ဟောပြောချက် တရားစကားတို့ကို ရောင့်ရဲ တင်းတိမ် နှစ်သက်ခြင်း မဖြစ်နိုင်။

ဥပမာ ဏနည်းသော်ကား

ငတ်မွတ်ခြင်း, အားနည်းခြင်းဖြင့် နှိပ်စက်အပ်သော ယောကျ်ားသည် ပျားဘုံစိုင် တခုကို ရလေရာ၏၊ ထိုယောကျ်ားသည် ထိုပျားဘုံစိုင်ကို အကြင် အကြင် နေရာမှ လျက်လေရာ၏၊ ထိုထို လျက်ရာဌာနမှ အရသားတပါး ကူဖယ် လောင်ဖယ်မရှိသော အချိုစက်ဖယ်မရှိသော ပျားအရသာကို ရရှိ သုံးဆောင်ရလေရာ၏။

ဥပမာ ဏနည်းသော်ကား

နံ့သာကို အလိုရှိသော ယောကျ်ားတဦးသည် နံ့သာတုံး တခုကို ရလေ ရာ၏၊ ထိုယောကျ်ားသည် ထိုနံ့သာတုံးကို အရင်းမှသော် လည်းကောင်း, အလယ်မှသော် လည်းကောင်း, အဖျားမှသော်လည်းကောင်း အကြင် အကြင် နေရာဌာနမှ နမ်းရှုပ်လေရာ၏၊ ထိုထို နမ်းရှုပ်ရာ အရပ်မှ အမွှေးတပါး လောင်းစွက်ဖယ် မရှိသော ပကတိ အနံ့ကောင်းကို ရလေရာ၏။

ဤသို့လျှင် ဤတရားတော်ကို ပညာရှိ ဗာတ်မဟုတ်သော ဗာလပုဂ္ဂိုလ်တို့ ခံစားသင့် ခံစားထိုက်သည်မဟုတ်၊ စင်စစ်အားဖြင့် သော်ကား— ပညာရှိ ပုဂ္ဂိုလ်တို့သည်သာလျှင် အသီးအခြားအားဖြင့် သိအမ်ခံစားအပ်သောကြောင့် "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" ဟူ၍ ဆိုအပ်ပေသည်။

တနည်းပြဆိုချက်

"ပစ္စတ္တံ ဝေဒိတဗ္ဗော" ဟူသောပုဒ်၌ ပစ္စတ္တသဒ္ဒါကို "ကိုယ်တိုင် မျက်မှောက် ကိုယ်တွေ့ ဒိဋ္ဌ" ဟူသော အနက်ဟောကြ၍ ပညာရှိ ပုဂ္ဂိုလ်တို့

သည် ယုံကြည်ကာမျှ နှစ်သက်ကာမျှ တဆင့်စကား ကြားရုံမျှ အခြင်းအရာ ကြုံစည်ရုံမျှ အမှတ်အယူဖြင့် ရှုစားရ သဘောကြိုက်ညီရုံမျှနှင့်သာ မဟုတ်ပဲ တရားတော်မြတ်ကို ကိုယ်တွေ့ဒိဋ္ဌအားဖြင့် သိအပ် သိထိုက် သောကြောင့် "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" ဟူ၍ ဆိုအပ်၏။

နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၌ အရှင်ပဝိဋ္ဌ မှထေရ်က အရှင်မုသိလကို ပြောဆိုသော စကားရပ်တွင်—

> အညတြေဝ အာဝုသော မုသိလ သဒ္ဓါယ၊ အညတြ ရုစိယာ၊ အညတြ အနုဿဝါ၊ အညတြ အာကာရ ပရိဝိတက္ကာ၊ အညတြ ဒိဋ္ဌိနိဇ္ဈာန ခန္တိယာ၊ အတ္ထိ အာယသ္မတော မုသိလဿ ပစ္စတ္တမေဝ ဉာဏံ ဇာတံ ပစ္စယာ ဇရာမရဏန္တိ။

ဟူ၍ ဟောတော်မူချက် ရှိ၏။

ထိုပါဠိတော်၌ ပစ္စတ္တသဒ္ဓါသည် ကိုယ်တိုင်လက်တွေ့ ဟူသော အနက်ကို ဟော၏၊ ပစ္စတ္တ သဒ္ဓါဖြင့် ယုံကြည်ကာမျှ ဖြစ်သော သဒ္ဓါ အစရှိသည့် တရား ၅-ပါးတို့ကို နှစ်ဧ၏၊ မြစ်ပယ်၏။

အနက်။ ။အာဝုသော မုသိလ၊ ငါ့ရှင် မုသိလ။ သဒ္ဓါယ၊ ယုံကြည်ကာမျှကို။ အညတြေဝ၊ ကြဉ်ရှိသာလျှင်။ ရုစိယာ၊ နှစ်သက်ရုံမျှကို။ အညတြ၊ ကြဉ်ရှိသာလျှင်။ အနုဿဝါ၊ တဆင့်စကား ကြားရခြင်းကို။ အညတြ၊ ကြဉ်ရှိသာလျှင်။ အာကာရ ပရိဝိတက္ကာ၊ အခြင်းအရာ ထွေထွေလာလာ ကြုံစည်ခြင်းကို။ အညတြ၊ ကြဉ်ရှိသာလျှင်။ ဒိဋ္ဌိနိဇ္ဈာနခန္တိယာ၊ မိမိ အထင်ဖြင့် ဆင်ခြင် သဘောကျခြင်းကို။ အညတြ၊ ကြဉ်ရှိသာလျှင်။ အာယသ္မတော မုသိလဿ၊ ငါ့ရှင် မုသိလအား။ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏန္တိ၊ ဇရာမရဏဖြစ်၏ ဟူ၍။ ပစ္စတ္တမေဝ၊ ကိုယ်တွေ့ ဒိဋ္ဌသာလျှင် ဖြစ်သော။ ဉာဏံ၊ အသိဉာဏ်သည်။ အတ္ထိ၊ ရှိ၏။

ရှင်မုသိလစကား

ရှင်မုသိလက ပြန်၍ ဆိုသော စကားရပ်တွင်လည်း—

> အညတြေဝ အာဝုသော ပဝိဋ္ဌ သဒ္ဓါယ၊ အညတြ ရုစိယာ၊ အညတြ အနုဿဝါ၊ အညတြ အာကာရပရိဝိတက္ကာ၊ အညတြ ဒိဋ္ဌိနိဇ္ဈာနခန္တိယာ၊ အဟမေတံ ဇာနာမိ၊ အဟမေတံ ပဿာမိ၊ ဇာတိပစ္စယာ ဇရာမရဏန္တိ-

ဟူ၍ ဟောတော်မူ၏။

အနက်။ ။အာဝုသော ပဝိဋ္ဌ၊ ငါ့ရှင်ပဝိဋ္ဌ။ သဒ္ဓါယ၊ ယုံကြည်ကာမျှကို။ အညတြေဝ၊ ကြဉ်၍သာလျှင်။ ရုစိယာ၊ နှစ်သက်ရုံမျှကို။ အညတြ၊ ကြဉ်၍သာလျှင်။ အနုဿဝါ၊ တဆင့်စကား ကြားရခြင်းကို။ အညတြ၊ ကြဉ်၍သာလျှင်။ အာကာရပရိဝိတက္ကာ၊ အခြင်းအရာ ထွေထွေလာလာ ကြံစည်ခြင်းကို။ အညတြ၊ ကြဉ်၍သာလျှင်။ ဒိဋ္ဌိနိဇ္ဈာန ခန္တိယာ၊ မိမိအထင်ဖြင့် ဆင်ခြင်သဘောကျခြင်းထို။ အညတြ၊ ကြဉ်၍သာလျှင်။ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏန္တိ၊ ဇရာမရဏဖြစ်၏-ဟူ၍။ တေံ၊ ဤသဘောကို။ အဟံ၊ငါကိုယ်တိုင်။ ဇာနာမိ၊သိ၏။တေံ၊ ဤသဘောကို။ အဟံ၊ ငါကိုယ်တိုင်။ ပဿာမိ၊ မြင်၏။

ဤပါဋ္ဌိတော် စကားရပ်၌—

"အဟမေတံ ဇာနာမိ" ဟူသော ပါဌ်ဖြင့် ပစ္စတ္တဉာဏ်ကို ပြ၏။

ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ရရှိခြင်း မျက်မှောက်ပြုခြင်းကို သစ္ဆိကရဏဟူ၍လည်းကောင်း, အတ္တပစ္စက္ခ-ဟူ၍လည်းကောင်း, ပစ္စတ္တ-ဟူ၍လည်းကောင်း ဆို၏၊ ယုံကြည်ကာမျှ နှစ်သက်ကာမျှ တဆင့်ကြားကာမျှတို့ကို ပစ္စတ္တ, သစ္ဆိကရဏ, အတ္တပစ္စက္ခ-ဟူ၍ မဆိုနိုင်။

သဒ္ဓါ, ရုစိ, အနုဿဝ, အာကာရ ပရိဝိတက္က,
ဒိဋ္ဌိနိဇ္ဈာနခန္တိ ၅-ပါးတို့၏ သဘောအထူး

၁။ ယုံကြည်ခြင်းမျှသည် သဒ္ဓါမည်၏၊ ထိုသဒ္ဓါဖြင့် ယုံကြည်၍ နေမှုသည်လည်း အသိဉာဏ်မဟုတ်၊ ပုဂ္ဂိုလ်ခင်မှ တရားကိုမင်-ဆိုသောစကားကဲ့သို့ ပုဂ္ဂိုလ်ကို ယုံကြည်နေလျှင် ထိုပုဂ္ဂိုလ် ပြောသမျှတို့ကို ယုံကြည်၍နေတတ်၏၊ ထိုသို့ ယုံကြည်မှု၌ ထိထိမိမိ အသိဉာဏ် မသက်ဝင်ချေ။

၂။ နှစ်သက်ခြင်းသည် ရုစိမည်၏၊ သဘောကျခြင်းပေတည်း၊ ထိုနှစ်သက်ခြင်းသည် မှန်သည်ဖြစ်စေ, မှားသည်ဖြစ်စေ စိတ်ညွှတ်ကိုင်းသည့်အတိုင်း အဟုတ်ထင်၍ နှစ်သက်တတ်၏၊ ထို့ကြောင့် ထို ရုစိ-ဟုဆိုအပ်သော နှစ်သက်ခြင်းကိုလည်း ထိထိမိမိ အသိဉာဏ် သဘောမှန်-ဟူ၍ မဆိုနိုင်။

၃။ တဆင့်စကား ကြားရခြင်းသည် အနုဿဝမည်၏၊ ကြားရသောအတိုင်း မှတ်သားခြင်းသည်လည်း အသိဉာဏ်မဟုတ်၊ ကိုယ်တိုင်ဉာဏ်ဖြင့် ထိထိမိမိ ဆုံးဖြတ်နိုင်သောအရာမဟုတ်။

၄။ အခြင်းအရာ ထွေထွေ လာလာ ကြုံစည် ခြင်းသည် အာကာရပရိ ဝိတက္ကမည်၏၊ ထိုသို့ ထွေထွေလာလာ ကြုံစည်၍ ထင်မြင်လာသော အချက် များသည်လည်း အသိဉာဏ်အစစ်မဟုတ်၊ ဝိဘက်၏ အရှိန် အစော်ဖြင့် ပေါ်မိပေါ်ရာ, ထင်မိထင်ရာ ဖြစ်ပေါ်လာတတ်သည်၊ ဝိတက်ဖြင့် ထွေထွေ လာလာ ကြုံစည်ထင်မြင်ချက်နှင့် ဉာဏ်ဖြင့် ကိုယ်တွေ့ ဒိဋ္ဌ ထင်မြင်ချက်သည် အလွန်ခြားနား၏။

၅။ မိမိစိတ်သဘော ထင်မြင်ချက်ဖြင့် ကြုံစည်တွေးဆ သဘောကျ၍ နေခြင်းသည် ဒိဋ္ဌိနိဗ္ဗာန ခန္ဓိမည်၏၊ ထိုဒိဋ္ဌိနိဗ္ဗာန ခန္ဓိသည်လည်း အသိဉာဏ် မဟုတ်၊ စိတ်သန္တာန်၌ ထင်မိထင်ရာ စိတ်ညွှတ်ကိုင်းမိရာ ထင်မြင်သဘောကျ၍ လာတတ်သည်။

ဥပမာ-လောကကို ဂျာသရအရှင် ဖန်ဆင်းသည်ဟု၍ ဂျာသရ နိမ္မာနဒိဋ္ဌိ အရင်းခံ ရှိနေသူသည် ထိုအယူကို မူလထား၍ ရှုစား ဆင်ခြင်သောအခါ ထင်မိထင်ရာ မိမိအယူအားလျော်စွာ ထင်မြင်၍လာတတ်သည်၊ ထို့ကြောင့် ဒိဋ္ဌိနိဗ္ဗာန ခန္ဓိသည်လည်း ထိထိမိမိ အသိဉာဏ် မဟုတ်ခေ။

ဒိဋ္ဌိနိဗ္ဗာနခန္ဓိ-ဟူသော စကားခွဲ-

(က) ထင်မြင်ချက်သည် ဒိဋ္ဌိမည်၏။
(ခ) ကြုံဆဆင်ခြင်ချက်သည် နိဗ္ဗာနမည်၏။
(ဂ) သဘောကျခြင်းသည် ခန္ဓိမည်၏၊

[မိမိထင်မြင်ချက်ဖြင့် ကြုံစည်၍ သဘောကျမှုဆိုလိုသည်။]

ပစ္စတ္တညာဏ်, သစ္ဆိကရဏာဉာဏ်သည်သာလျှင် ဆိုခဲ့ပြီးသော ယုံကြည်ခြင်း သဒ္ဓါအစရှိသည့် အသိဉာဏ်ယောင်ယောင် တရားတို့ကို တွန်းလှန်၍ အမှန် အကန် ထိထိမိမိ နေရာတကျ ကိုယ်တိုင်သိရှိနိုင်သည်။

မြတ်စွာဘုရား၏ တရားတော်သည် ယုံကြည်ကာမျှ နှစ်သက်စာမျှ သဒ္ဓါ, ရှစိ-အစရှိသည့် တရား ၅-ပါးတို့နှင့် ကင်း၍ ပညာရှိပုဂ္ဂိုလ်တို့သည် ကိုယ်တွေ့ ဒိဋ္ဌ ထိထိမိမိ သိအပ်သောကြောင့် "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"မည် ပေသည်။

ဗစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-ဂုဏ် တော်ပြီး၏။
စမ္မာနုဿတိ ကမ္မဋ္ဌာန်းပြီး၏။
[ဒုတိယစာမြောင်]

(ဂ) သံဃာနုဿတိ ကမ္ဘာ့ဇာန်းပွားများ အားထုတ်ပုံ

သံဃာနုဿတိ ဟူသည်ကား- မြတ်စွာဘုရားတပည့် သံဃာတော်မြတ်၏ သုပ္ပဋိပန္နတာ-စသော ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန် ဆင်ခြင်အောက်မေ့သော သတိကိုဆိုသည်။

ထိုသံဃာနုဿတိကို ပွားများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် သံဃာတော်မြတ်၏ "သုပ္ပဋိပန္နတာ"စသော ၉-ပါးသော ဂုဏ်တော်တို့ကို ကောင်းမွန်စွာ သိပြီး၍ မြတ်စွာဘုရား၏ တပည့် သံဃာတော် မြတ်သည် မိစ္ဆာဒိဋ္ဌိဆရာများ၏ တပည့်တို့လို "ဒုပ္ပဋိပန္န"မဟုတ်ကောင်းသဖြင့် ကျင့်အပ်သော ပုဂ္ဂိုလ်မျိုးမဟုတ်၊ သုပ္ပဋိပန္န-ကောင်းစွာ ကျင့်အပ်သော ပုဂ္ဂိုလ်မျိုးတို့ ပေတည်း။

"သုပ္ပဋိပန္န" ပုဂ္ဂိုလ်-ဟု ခေါ်ဆိုရအောင် ကောင်းစွာ ကျင့်ခြင်း-သမ္မာ ပဋိပတ်နှင့် ပြည့်စုံတော်မူကြပေ၏။

ဤသံဃာတော်မြတ်၏ သဒ္ဓါစွမ်း, ဝိရိယစွမ်း, သတိစွမ်း, သမာဓိစွမ်း, ပညာစွမ်း- အစွမ်းသတ္တိတော်တို့သည် အလွန်ထက်မြက် ကြီးမားပေ၏.ဟု ဆင်ခြင်အောက်မေ့အပ်၏။

သံဃာ့ဂုဏ်တော် ၉-ပါး

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
၅။ ယဒိဒံ စတ္တာရိ ပုရိသ-ယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယ္ယော။
၆။ ပါဟုနေယ္ယော။
၇။ ဒက္ခိဏေယ္ယော။
၈။ အဉ္ဇလိကရဏီယော။
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

၁။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သဒ္ဓဝဏ္ဏ သံယော၊ ကလ္ယာဏ ပုထုဇဉ် သီလဝန်, ပညဝန်, အရှင်မွန် အရှင်မြတ်တို့နှင့် တကွသော အရိယာ

ဂ-ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ သုပ္ပဋိပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်ကောင်းမြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၂။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃာ၊ ကလျာဏပုထုဇဉ် သီလဝန်, ပညာဝန်, အရှင်မွန်အရှင်မြတ်တို့နှင့် တကွသော အရိယာ ဂ-ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည်။ ဥဇုပဋိပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်ဖြောင့်မတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၃။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃာ၊ ကလျာဏပုထုဇဉ် သီလဝန်, ပညာဝန်, အရှင်မွန် အရှင်မြတ်တို့နှင့် တကွသော အရိယာ ဂ-ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ ညာယပဋိပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်သင့်မြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၄။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝက သံဃာ၊ ကလျာဏ ပုထုဇဉ် သီလဝန်, ပညာဝန်, အရှင်မွန် အရှင်မြတ်တို့နှင့် တကွသော အရိယာ ဂ-ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ သာမီစိပဋိပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာသိက္ခာသုံးရပ် ရိုသေအပ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၅။ ယဒိဒံ-ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ၊ အကြင် ၄-ပါးသော ယောကျ်ားမြတ် အစုံတို့သည်။ သန္တိ၊ ရှိကုန်၏။ ယဒိဒံ-ယေ ဣမေ အဋ္ဌ ပုရိသပုဂ္ဂလာ၊ အကြင် ဂ-ပါးသော ယောကျ်ားမြတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ-သော သာဝကသံဃာ၊ ဤ ၄-စုံ ဂ-ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ အာဟုနေယျော၊ အာဝဏ္ဏေအား ရည်ရွယ်ထားအပ်သော အလှူဝတ္ထု မျိုးကိုလည်း ခံယူခြင်းငှာ တိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၆။ ပါဟုနေယျော၊ လက်ဆောင်အလို့ငှာ ယူ၍လာသော အလှူ ဝတ္ထု မျိုးကိုလည်း ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

[ဒုတိယအကြိမ်]

၇။ ဒကို့ဏေယျော၊ နောက်နောက်ဘဝ အကျိုးရဖို့ ပျိုးချတုံလတ်မြတ်သော အလှူမျိုးကိုလည်း ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၈။ အဥ္ဇလိကရဏီယော၊ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ လက်အုပ်ချီခြင်းကို ခံထိုက်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၉။ လောကဿ၊ လူအပေါင်း၏။ အနုတ္တရံ၊ အတုမရှိ မြင့်မြတ်သော၊ ပုညက္ခေတ္တံ၊ ကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ်ယာမြေကောင်း သဖွယ်လည်း ဖြစ်တော်မူပေ၏။

[အမှာစကား။ ။ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၌ ပြဆိုခဲ့ပြီးသော ဘုရားဂုဏ် ၉-ပါး, ဓမ္မာနုဿတိ ကမ္မဋ္ဌာန်း၌ ပြဆိုခဲ့ပြီးသော တရားဂုဏ်၆-ပါး, ဤသံဃာနုဿတိ ကမ္မဋ္ဌာန်း၌ ပြဆိုခဲ့ပြီးသော သံဃာ့ဂုဏ် ၉-ပါးကို အဓိပ္ပာယ်နှင့် ဧရလည်စွာ မသိသောသူသည် ဘုရား, တရား, သံဃာကို ဉာဏ်နှင့် ကြည်ညတတ်သော သူမဟုတ်၊ ထိုသူ၌ တိဟိတ် ကုသိုလ်မဖြစ်၊ဒို့ဟိတ် ကုသိုလ်သာ ဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓဘာဘာလူမျိုးမှန်လျှင် ဤဂုဏ်တော် ၃-ပါး အနက်ကို နှုတ်တက်ကြေမွ တကယ်ရမှ သင့်မြတ်သတည်း။

ဤဂုဏ်တော်ကြီးကို သုတ္တန်ပိဋကတ်၌ မြတ်စွာဘုရား ကိုယ်တော်ဘိုင် အဖန်ဖန် ဟောတော်မူ၏၊ ရဟန္တာကြီးများလည်း အဖန်ဖန် ဟောတော်မူ၏။

ဘုရားရှိခိုးပြုလုပ်လိုလျှင်— [တံ၊ တိုသုပ္ပဋိပန္ဒ အစ ပုညက္ခေတ္တအဆုံး ဘဝဂ် ချုန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ် ၉-ပါးနှင့် ပြည့်စုံတော်မူပေသော သံဃာတော်မြတ်အပေါင်းကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏ဟု ယည့်ရှိဆိုကြလေ၊ ဤဘုရားရှိခိုးကြီးထက် ကြီးမြတ်သော ဘုရားရှိခိုးမရှိပြီ။]

"သုပ္ပဋိပန္ဒ"ဖြစ်အောင် ကျင့်သောပုဂ္ဂိုလ်သည် ဥဇုပ္ပဋိပန္ဒ, ဉာယပ္ပဋိပန္ဒ, သာမိစိပ္ပဋိပန္ဒလည်း ဖြစ်တော့၏။ ဤသမ္မာပဋိပတ်ကိုပင်လျှင် ဥဇုပ္ပဋိပတ်, ဉာယပ္ပဋိပတ်, သာမိစိပ္ပဋိပတ်ဟု ခေါ်၏။

သမ္မာပဋိပတ် ပုဂ္ဂိုလ်

မေး။ သမ္မာပဋိပတ်ပုဂ္ဂိုလ် ဆိုသည်ကား မည်ကဲ့သိုသော အကျင့်မျိုးကို ကျင့်သော ပုဂ္ဂိုလ်ကို ခေါ်သနည်း။

ဖြေ။ ယေ ဟိ ကေစိ ဘိက္ခဝေ သမဏာဝါ ဗြာဟ္မဏာ ဝါ ဧဝံ ရူပံ အဘိညာယ ဧဝံ ရူပသမုဒယံ အဘိညာယ ဧဝံ ရူပနိရောဓံအဘိညာယ ဧဝံ

ရူပနိုရောဓ ဂါမိနီ ပဋိပဒံ အာဘိညာယ ဧဝံ ရူပဿ အဿာဒံ အာဘိညာယ ဧဝံ ရူပဿ အာဒီနဝံ အာဘိညာယ ဧဝံ ရူပဿ နိဿရဏံ အာဘိညာယ ရူပဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နာ၊ တေ သုပ္ပဋိပန္နာ။ ယေ သုပ္ပဋိပန္နာ၊ တေ ဣမသ္မိံ ဓမ္မဝိနယေ ဂါဓန္တိ။

[သံယုတ်မဟာဋီကာ သတ္တဋ္ဌာန ကုသလသုတ်]

အနက်။ ဘိက္ခဝေ၊ ရဟန်းတို့။ ယေကေစိ၊ အမှတ်မရှိ အလုံးစုံ ကုန်သော။ သမဏာဝ၀ါ၊ ရဟန်းတို့သည်လည်းကောင်း။ ဗြဟ္မဏာဝ၀ါ၊ ပုဏ္ဏားတို့သည်လည်းကောင်း။ ဧဝံ၊ ဤသို့ ၎င်ဘုရား ဟောကြားပြီးသော အတိုင်း။ ရူပံ၊ ရူပ်ကို။ အာဘိညာယ၊ ဉာတပရိညာဖြင့်သိ၍။ ဧဝံ၊ ဤသို့ ၎င်ဘုရား ဟောကြားပြီးသောအတိုင်း။ ရူပဿမုဒယံ၊ ရူပ်ဖြစ်ကြောင်းကို။ အာဘိညာယ၊ ဉာတပရိညာဖြင့်သိ၍။ ဧဝံ၊ ဤသို့ ၎င်ဘုရား ဟောကြားပြီးသောအတိုင်း။ ရူပနိုရောဓံ၊ ရူပ်ချုပ်ရာဌာနကို။ အာဘိညာယ၊ ဉာတပရိညာဖြင့် သိ၍။ ဧဝံ၊ ဤသို့၎င်ဘုရား ဟောကြားပြီးသောအတိုင်း။ ရူပနိုရောဓဂါမိနီ ပဋိပဒံ၊ ရူပ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို။ အာဘိညာယ၊ ဉာတပရိညာဖြင့် သိ၍။ ဧဝံ၊ ဤသို့ ၎င်ဘုရားဟောကြားပြီးသောအတိုင်း။ ရူပဿ၊ ရူပ်၏။ အဿာဒံ၊ သာယာဖွယ်ကို။ အာဘိညာယ၊ ဉာတပရိညာဖြင့် သိ၍။ ဧဝံ၊ ဤသို့ ၎င်ဘုရား ဟောကြားပြီးသောအတိုင်း။ ရူပဿ၊ ရူပ်၏။ အာဒီနဝံ၊ အပြစ်ဒေါသကို။ အာဘိညာယ၊ ဉာတပရိညာဖြင့် သိ၍။ ဧဝံ၊ ဤသို့၎င်ဘုရား ဟောကြားပြီးသောအတိုင်း။ ရူပဿ၊ ရူပ်၏။ နိဿရဏံ၊ကျွတ်လွတ် ထွက်ခြောက်ရာကို။ အာဘိညာယ၊ ဉာတပရိညာဖြင့်သိ၍။ ရူပဿ၊ ရူပ်၌။ နိဗ္ဗိဒါယ၊ ပျင်းမုန်းငြီးငွေ့ခြင်းငှာ။ ဝိရာဂါယ၊ ချစ်ခင်တပ်မက်ခြင်းဈာန်းခြင်းငှာ။ နိရောဓာယ၊ ရူပ်၌ စဲလမ်းသော တဏှာကို ချုပ်စေခြင်းငှာ။ ပဋိပန္နာ၊ ကျင့်ကြကုန်၏။ တေ၊ ထိုသို့ ကျင့်ကြသော ရဟန်းပုဏ္ဏားတို့သည်။ သုပ္ပဋိပန္နာ၊ ကောင်းစွာ ကျင့်ကြသော ပုဂ္ဂိုလ်တို့ပေတည်း။ ဝါ၊ ကောင်းစွာကျင့်ခြင်း သမ္မာပဋိပတ်နှင့် ပြည့်စုံကြသော သုပ္ပဋိပန္နပုဂ္ဂိုလ်တို့ပေတည်း။

ယေ၊ အကြင်သူတို့သည်။ သုပ္ပဋိပန္နာ၊ ကောင်းစွာ ကျင့်ကြကုန်၏။ ဝါ၊ ကောင်းစွာကြင့်ခြင်း သမ္မာပဋိပတ်နှင့် ပြည့်စုံကြကုန်၏။ တေ၊ ထိုကောင်းစွာ ကျင့်ကြကုန်သော ကောင်းစွာကျင့်ခြင်း သမ္မာပဋိပတ်နှင့် ပြည့်စုံကြကုန်သော သူတော်သူမြတ်တို့သည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤ ၎င်ဘုရားသာသနာတော်၌။ ဂါဓန္တိ၊ ထောက်မှီကြကုန်၏။ ဝါ၊ ထောက်ရာ တည်ရာ မှီရာ ရကြကုန်၏။

ခန္ဓာ ၅-ပါး ၇-ပါးသော အရာဌာနတို့၌ သိလိမ္မာ၍ ထိုခန္ဓာ ၅-ပါးတို့ကို ငြီးငွေ့ရွံမုန်းအောင်, ချစ်ခင်တပ်မက်ခြင်း ကင်းအောင်, စွန့်ပစ်နိုင်အောင် ကျင့်သော ပုဂ္ဂိုလ်ကို သမ္မာပဋိပတ်ပုဂ္ဂိုလ်ဟု ခေါ်သည်။

[ဤပုဂ္ဂိုလ်မျိုးကို သုပ္ပဋိပန္ဒ, ဥဇု, ဉာယ, သာမိစိပ္ပဋိပန္ဒဖြစ်သော ပုဂ္ဂိုလ်ဟု၍ ခေါ်သည်၊ ၎င်းပုဂ္ဂိုလ်သည် အာဟုနေယျ, ပါဟုနေယျ စသော အကျိုး ၅–ပါးနှင့်လည်း ဖြည့်စုံနိုင်ဝတာ့၏။]

ထို့ကြောင့်-

(က) "စတ္တာရော စ ပဋိပန္ဒာ စတ္တာရော စ ဖလေ ဋ္ဌိတာ ။လ။ တ္ထေ ဒိန္နံမဟပ္ဖလံ" ဟူ၍လည်းကောင်း,

(ခ) "သောဘာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္ဒေ ဒါနံ ဒတ္ဒာ အသခ်ျေယျာ အပ္ပမေယျာ" အစရှိသည်ဖြင့် လည်းကောင်း-

ဒက္ခိဏဝိဘင်္ဂသုတ် စသည်တို့၌ ဟောတော်မူသည်။

အာယုနေယျ စသည်ကို ပြဆိုချက်

၁။ အရပ်ဝေးမှ ငြိုငြိုငြင်ငြင် ပင်ပင်ပန်းပန်း ခဲယဉ်းစွာ ဆောင်ယူခဲ့၍ လှူအပ်သော ဝတ္ထုအလှူကို "အာဟုနေဝတ္ထုအလှူ" ဟု ခေါ်သည်။

၂။ အရပ်လေးမျက်နှာတို့မှ လာလတ္တံ့သော ချစ်ခင်အပ်သော မိတ်ဆွေဧည့်သည်တို့အဖို့ ရည်စူး၍ ထားသော ထွတ်ထွတ် မြတ်မြတ်လက်ဆောင်ဝတ္ထုအလှူကို "ပါဟုနဝတ္ထုအလှူ" ဟု ခေါ်သည်။

၃။ ကံ့ကံ၏အကျိုးကို ယုံကြည်၍ နောင်သံသရာ၌ အကျိုးမြတ်ခြင်းကို လိုလားတောင့်တ၍ ဘယ်ဝတ္ထုမဆို ယုတ်စွာ့အဆုံး ပန်းတပွင့်ပင်ဖြစ်စေ လှူသော ဝတ္ထုအလှူကို "ဒက္ခိဏဝတ္ထုအလှူ" ဟုခေါ်သည်။

ဤအလှူ ၃-ပါးတို့ကို သာမညပုဂ္ဂိုလ်တို့ ခံယူသုံးဆောင်၍ အလှူရှင်က စိတ်မကျေချမ်းနိုင်၊ သာမညပုဂ္ဂိုလ်တို့ အလှူမခံထိုက်၊ ဤကဲ့သို့သမ္မာပဋိပတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့မှသာလျှင် အသခ်ျေယျ အကျိုးကြီးမြတ်ခြင်းကိုဖြစ်စေ တတ်သောကြောင့် ခံယူသုံးဆောင်ထိုက်သည်၊ အလှူရှင်ကလည်း စိတ်ကျေချမ်းနိုင်သည်၊ သဒ္ဓါနိုင်သည်၊ ဝမ်းမြောက်နိုင်သည်။

ထို့ကြောင့် ဤသမ္မာပဋိပတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အာဟုနဝတ္ထုအလှူကို ခံထိုက်သော အာဟုနေယျ, ပါဟုနဝတ္ထုအလှူကို ခံထိုက်သော

ပါဟုနေယျ, ဒက္ခိဏာ ဝတ္ထု အလှူကို ခံထိုက်သော ဒက္ခိဏေယျ ပုဂ္ဂိုလ်ဖြစ်နိုင်ပေသည်။

မိဘ ၂-ပါးတို့သည် သားသမီးတို့ ဝတ္ထုအလှူကို ခံထိုက် မခံထိုက်

သားသမီးတို့၏ အာဟုနဝတ္ထု, ပါဟုနဝတ္ထု ၂-ပါးကိုကား သမ္မာပဋိပတ်နှင့်ပင် မပြည့်စုံခြားသော်လည်း မိဘ ၂-ပါးတို့သည် ခံထိုက်ကုန်၏၊ အမိအဖတို့သည် သားသမီးတို့၏ အပေါ်၌ အာဟုနေယျ, ပါဟုနေယျ ဂုဏ်တို့နှင့် ပြည့်စုံကြ၏၊ အာဟုနေယျပုဂ္ဂိုလ်, ပါဟုနေယျပုဂ္ဂိုလ်ဖြစ်ကြ၏။

ထို့ကြောင့် မြတ်စွာဘုရားသည်-

"အာဟုနေယျာ စ ပုတ္တာနံ၊ ပဇာယ အနုကမ္ပကာ"

စသည်ဖြင့် ဣတိဝုတ်ပါဠိတော်၌ ဟောတော်မူပေ၏။

ဝိသာခါ, အနာထပိဏ် စသည်တို့လို သမ္မာပဋိပတ်နှင့် ပြည့်စုံသော သုပ္ပဋိပန္နပုဂ္ဂိုလ် ဖြစ်ခဲ့ပါလျှင် သားသမီးတို့နှင့်တကွ သတ္တဝါခပ်သိမ်းတို့၏ ဒက္ခိဏာအလှူကိုလည်းခံထိုက်၏၊ ဒက္ခိဏေယျ ပုဂ္ဂိုလ်လည်း ဖြစ်နိုင်ကြ၏။ သမ္မာပဋိပတ်နှင့် မပြည့်စုံလျှင် ဒက္ခိဏေယျပုဂ္ဂိုလ် မဖြစ်နိုင်ကြကုန်၊ ဤအာဟုနေယျ-စသော ပုဂ္ဂိုလ်ဖြစ်နိုင်မှုသည်ကား သမ္မာပဋိပတ်၏ အစွမ်းသတ္တိပင်လျှင်တည်း။

[ဤသို့လျှင် ပဋိပတ္တိ, ပဋိဝေဓ တရားတော်မြတ်၏ ဂုဏ်ကျေးဇူး ကြီးမားပုံ, အာနုဘော်ကြီးမားပုံကို သိကြလေ။]

သံဃာနုသတိ၏ အကျိုး

ဤသို့ သုပ္ပဋိပန္နတာ-စသော ဂုဏ်တို့နှင့်ပြည့်စုံတော်မူကြကုန်သော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်၏ ဂုဏ်တို့ကိုလည်း အဖန်ဖန်ဆင်ခြင်အောက်မေ့ကြရာ၏။

မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်၌ ဤဂုဏ် ၉-ပါးအပြင် ဂုဏ်ကျေးဇူးတော်သည် "အပ္ပမာဏော သံဃော" ဆိုသောအတိုင်း အသင်္ချေအနန္တများပြားစွာ ရှိကုန်သည်၊ သံဃာတော်မြတ်၏ ဂုဏ်ကျေးဇူးတော်ကို ၁-ပါးထက် ၂-ပါး, ၂-ပါးထက် ၃-ပါး စသည်ဖြင့် များများကြီး သိနိုင်လေ ဆင်ခြင်အောက်မေ့နိုင်လေ အကျိုး သာလွန်ကြီးမြတ်နိုင်လေသည်။

ဤကဲ့သို့ ဆင်ခြင် အောက်မေ့သည်ရှိသော် အလွန်နှစ်သက် ဝမ်းမြောက်ခြင်းဖြစ်၏၊ အလွန်စိတ်ဉာဏ်ကြည်လင်၏၊ အလွန်ဉာဏ်ထက်သန် ကြီးထွား၏၊ အလွန်စိတ်တည်ကြည်၏၊ ဥပစာရဈာန်ကို ရ၏။

ဤသံဃာနုဿတိကမ္မဋ္ဌာန်းသည်ထည်း—သံဃာတော်မြတ် ဂုဏ်ကျေးဇူးတွေက အလွန်နက်နဲသိမ်မွေ့သော ပရမတ္ထဓမ္မတွေဖြစ်၍ နိမိတ်ရကောင်းသော တရားမဟုတ်ခြင်းကြောင့် အပွနာဈာန်ကို မဖြစ်စေနိုင်။

သုပွဋိပန္နေ ဂုဏ်စတော်

(က) သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့သည် ကောင်းစွာ ကျင့်နေဆဲဖြစ်သောကြောင့် သုပွဋိပန္နေ မည်ကုန်၏။

သုဋ္ဌု ပဋိပဇ္ဇန္တိတိ သုပွဋိပန္နာ။

သုဋ္ဌု၊ ကောင်းမွန်စွာ။ ပဋိပဇ္ဇန္တိ၊ ကျင့်ဆဲဖြစ်ကြကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်၊ သုပွဋိပန္နာ၊ သုပွဋိပန္နမည်ကုန်၏။

သုဋ္ဌု ပဋိပဇ္ဇိတ္ထာတိ သုပွဋိပန္နော။

သုဋ္ဌု၊ ကောင်းမွန်စွာ။ ပဋိပဇ္ဇိတ္ထ၊ ကျင့်ခြင်းကိစ္စ ပြီးစီးလေပြီ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သုပွဋိပန္နော၊ သုပွဋိပန္နမည်၏။

အရိယာ သံဃာတော် ၈-ပါးသည် ကောင်းစွာကျင့်ဆဲ ကျင့်ပြီးဖြစ်သောကြောင့် သုပွဋိပန္နမည်တော်မူသည်။

ဥဇုပွဋိပန္နေ ဂုဏ်စတော်

ဥဇုပွဋိပန္နေ စသော ပုဒ်တို့၌လည်း သေက္ခ, ရဟန္တာ ခွဲ၍ ဝိဂြိုဟ်ပြုရာ၏။ ဥဇုကံ ပဋိပန္နာတိ ဥဇုပွဋိပန္နာ။

ဥဇုကံ၊ ဖြောင့်မတ်တည်တံ့စွာ။ ပဋိပန္နာ၊ ကျင့်တော်မူကြကုန်၏၊ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဥဇုပွဋိပန္နာ၊ ဥဇုပွဋိပန္နမည်ကုန်၏။

ဖြောင့်ဖြောင့်ကျင့်သည် ဟူသည်ကား- ကာယကံ, ဝစီကံ, မနောကံ-တည်းဟူသော ကိုယ်နှုတ်နှလုံး အကောက် ၃-ပါးတို့နှင့်ကင်း၍ စဉ်းလဲခြင်း, လှည့်ဖြားခြင်းမရှိပဲ ကျင့်သည်ကို ဆိုသည်။

ဉာယပွဋိပန္နဂုဏ်တော်

ဉာယေန ပဋိပန္နာတိ ဉာယပွဋိပန္နာ။

ဉာယေန၊ အသင့်အလျော်အားဖြင့်။ ပဋိပန္နာ၊ ကျင့်တော်မူကြကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဉာယပွဋိပန္နာ၊ ဉာယပွဋိပန္န မည်ကုန်၏။

အသင့်အလျော် ကျင့်သည် ဟူသည်ကား- မခွတ်မယွင်း ကျင့်သည်၊ ကျင့်စဉ်နည်းလမ်းအတိုင်း လျော်ညီစွာ ကျင့်သည်ကိုဆိုသည်။

သာမိစိပွဋ္ဌိပန္နဂုဏ်တော်

သ၁ံမိ၁ိ ကတ္တာ ပဋ္ဌိပန္နောတိ သာမိစိပွဋ္ဌိပန္နော။ ။သာမိ၁ိ ကတ္တာ၊ အရှိ အသေပြု၍။ ပဋ္ဌိပန္နော၊ ကျင့်တော်မူကြကုန်၏။ ဤတို-တသွေ၊ ထို့ကြောင့်။ သာမိစိပွဋ္ဌိပန္နော၊ သာမိစိပွဋ္ဌိပန္နမည်ကုန်၏။

သာမိစိပွဋ္ဌိပန္နဟူသည်ကား– မြတ်စွာဘုရား ဟောကြား နည်းပြတော်မူသောအတိုင်း မဆန့်ကျင်စေမူ၍ လေးလေးမြတ်မြတ် ဂရုတစိုက် ကျင့်သည်ကို သာမိစိပွဋ္ဌိပန္နဆိုသည်။

ပြဆိုအပ်ပြီးသော ဂုဏ်တော် ၄-ပါးသည် သဘော အဓိပ္ပါယ်အားဖြင့် မျှားစွာ ထူးခြားလှသည်မဟုတ်၊ အကျင့်ပဋ္ဌိပတ်ကို ကောင်းစွာကျင့်သည်၊ ဖြောင့်စွာကျင့်သည်၊ သင့်လျော်စွာကျင့်သည်၊ ရိုသေစွာကျင့်သည် ဟူ၍ အနည်းငယ်မျှသာ ထူးခြားလေသည်။

ရဟန်းရှင်လူတို့ တူညီပုံ, ထူးခြားပုံ

တူညီပုံ–ရဟန်းဖြစ်စေ, လူဖြစ်စေ အကြင်အကြင် ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား ဆုံးမ နည်းပေးတော်မူသောအတိုင်း အပြည့်အစုံ စင်စင်ကြယ်ကြယ် ကျင့်ကြံ အားထုတ်ကြကုန်၏၊ ထိုထိုပုဂ္ဂိုလ်တို့သည် သုပ္ပဋိပန္နော, ဥဇုပ္ပဋိပန္နော, ဉာယပ္ပဋိပန္နော, သာမိစိပွဋ္ဌိပန္နတို့ မည်ကုန်၏၊ သို့သော်လည်း ဤသံဃာ့ဂုဏ်တော်အရာ၌ "အနုတ္တရ ပုညက္ခေတ္တ" အတုမရှိသော ကုသိုလ်၏ စိုက်ပျိုးရာလယ်တာ မြေကောင်းကို အလိုရှိအပ်သောကြောင့် ရဟန်းသံဃာတို့ကိုသာ လျှင် သုပ္ပဋိပန္နော စသည်ဖြင့် ဂုဏ်တင်၍ ဆိုအပ်ကုန်သည်။

စင်စစ်အားဖြင့်မူကား သိက္ခာသုံးရပ်တို့တွင် အဓိစိတ္တ, အဓိပညာ-ဟူဆိုအပ်သော အထက်ဘာဝနာ အထက်သိက္ခာတို့၌ ကျင့်စဉ်စခန်းသည် ရဟန်းရှင်လူဟူ၍ အထူးအခြားမရှိ၊ အတူအမျှပင်ဖြစ်၏။

ထူးခြားပုံ-အဓိသီလသိက္ခာ အရာ၌မူကား လူနှင့် ရဟန်းတို့သည် လွန်စွာခြားနား ကြကုန်၏၊ ထိုစကားမှန်၏၊ လူတို့မှာကား ၅-ပါး သီလဟူဆိုအပ်သော သိက္ခာပုဒ် ၅-ပါးတို့သာလျှင် နိစ္စသီလရှိကြကုန်၏၊ ရဟန်းတော်အရှင်မြတ်တို့မှာကား အတိုင်းမသိသော သိက္ခာပုဒ်တော်များ ရှိကြကုန်၏။

[ဒုတိယစာမြှောင်]

ရဟန်းတော်တို့၏ သိက္ခာပုဒ် ပေါင်းသည် ဝိနိုည်း ပိဋကတ်တော်၌ [၉၁၈၀၅၀၃၆၀၀၀]ကုဋ္ဌေ ကိုးထောင်တရာ့ရှစ်ဆယ် ငါးသန်း သုံးသောင်း ခြောက်ထောင်ရှိသည်။

ဆောင်ပုဒ်သံခိပ်။ ။ကိုးထောင်တရာ၊ ရှစ်ဆယ်သာ၊ သင်္ချာ ကုဋ္ဌေထုတ်။ ငါးသန်း သုံးသောင်း၊ ခြောက်ထောင်ဆောင်း၊ များ တောင်းသိက္ခာပုဒ်။

ထို့ကြောင့်—

ဥပသမ္ပန္နဘုံ၌ တည်၍ အတိုင်းမသိ များပြားသော သိက္ခာပုဒ်တို့ကို ကျင့်ဆောင်တော်မူကြကုန်သော ရဟန်းတော် အရှင်မြတ်တို့သည်သာလျှင် အတုမရှိသော ကောင်းမှု၏ စိုက်ပျိုးရာ လယ်တာမြေကောင်းသဖွယ်တို့ဖြစ်ကြ ကုန်၏။

မေး။ ။ကျင့်ဆောင် ကြိုးစားကြကုန်သော ထိုတပည့် သာဝကတို့သည် အဘယ်သို့လျှင် ကောင်းစွာ ကျင့်ခြင်းကိစ္စ ပြီးစီးကြကုန် သနည်း။

ဖြေ။ ။အကြင်သို့သော အခြင်းအရာအားဖြင့် မြတ်စွာ ဘုရားသည် ထိုဘပည့် သာဝကတို့အား အကျင့်ပဋိပတ်တို့ကို ဟောကြားတော်မူအပ် ကုန်၏။ ထိုသို့ ဟောကြားတော်မူသောအတိုင်း ကျင့်ဆောင် ကြိုးစားကြ ကုန်သည်ရှိသော် ထိုဘပည့်သာဝကတို့သည် ကောင်းစွာကျင့်ခြင်းကိစ္စ, ဖြောင့် မတ်စွာ ကျင့်ခြင်းကိစ္စ သင့်လျော်စွာကျင့်ခြင်းကိစ္စ, ရှိသေစွာကျင့်ခြင်းကိစ္စ ပြီးစီးကြသည် မည်ကုန်၏။

မေး။ ။အဘယ်သို့လျှင် မြတ်စွာဘုရားသည် ထိုတပည့် သာဝကတို့အား အကျင့် ပဋိပတ်ကို ဟောကြားတော်မူပါသနည်း၊

ဖြေ။ ။ဆိုလတ္တံ့သော စကားရပ်ဖြင့် သာဝကတို့အား အကျင့်ပဋိပတ် ဟောကြားပုံကို သိအပ်၏။

အရှင်ဥဒါယီအား မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ္တန်၌- အို- ဥဒါယီ.... တဖန်တုံ ငါဘုရားသည် တဖည့်သားတို့အား အကျင့် ပဋိပတ်ကို ဟောကြားတော်မူအပ်၏။

အကြင် ပဋိပတ်အတိုင်း ကျင့်ဆောင်ကြကုန်သော ငါဘုရား၏ တပည့် သားတို့သည် သတိပဋ္ဌာန် ၄-ပါးကို ပွားများကြကုန်၏၊ ထိုသို့ ပွားများ ရာ၌ ငါဘုရား၏ မျှားစွာသောတပည့်သားတို့သည် အထူးသိမြင် အဘိညာဉ်

လမ်းပေါက်ကြကုန်လျက် ပါရမီ၏ ပြီးဆုံးခြင်းသို့ ဆိုက်ရောက်ကုန်သည် ဖြစ်၍ နေကြကုန်၏။

ငါဘုရားသည် တပည့်သာဝကတို့အား အကျင့်ပဋိပတ်တို့ကို ဟောကြား တော်မူအပ်ကုန်၏။

အကြင်ပဋိပတ်အတိုင်း ကျင့်ဆောင်ကြကုန်သော ငါဘုရား၏ တပည့်သား တို့သည် သမ္မပ္ပဓာန် ၄-ပါးတို့ကို ပွားများကြကုန်၏။ ဣဒ္ဓိပါဒ် ၄-ပါးတို့ကို ပွားများကြကုန်၏၊ ဣန္ဒြေ ၅-ပါးတို့ကို ပွားများကြကုန်၏၊ ဗိုလ် ၅-ပါး တို့ကို ပွားများကြကုန်၏၊ ဗောဇ္ဈင် ၇-ပါးတို့ကို ပွားများကြကုန်၏၊ အရိယမဂ္ဂင် ၈-ပါးတို့ကို ပွားများကြကုန်၏၊ ထိုသို့ပွားများရာ၌ ငါဘုရား၏ များစွာသော တပည့်သားတို့သည် အထူးသိမြင် အဘိညာဉ် လမ်းပေါက်ကြ လျက် ပါရမီ၏ ပြီးဆုံးခြင်းတို့ ရောက်ကုန်သည်ဖြစ်၍ နေကြကုန်၏၊ ငါဘုရားသည် တပည့်သာဝကတို့အား အကျင့်ပဋိပတ်တို့ကို ဟောကြား တော်မူအပ်ကုန်၏။

အကြင် ပဋိပတ်အတိုင်း ကျင့်ဆောင်ကြကုန်သော ငါဘုရား၏ တပည့် သားတို့သည် ဝိမောက္ခစျာန် ၈-ပါးတို့ကို ပွားများကြကုန်၏၊ အဘိဘာ ယတန စျာန် ၈-ပါးတို့ကို ပွားများကြကုန်၏၊ ကသိဏာယတန စျာန် ၁၀-ပါးတို့ကို ပွားများကြကုန်၏၊ စျာန် ၄-ပါးတို့ကို ပွားများကြကုန်၏၊ ထိုသို့ပွားများရာ၌ ငါဘုရား၏ များစွာသော တပည့်သားတို့သည် အထူး သိမြင် အဘိညာဉ် လမ်းပေါက်ကြကုန်လျက် ပါရမီ၏ ပြီးဆုံးခြင်းသို့ရောက်၍ နေကြကုန်၏။

[အထက်ပါ စကားရပ်၌ စျာန် ၄-ပါးဆိုသည်မှာ ပဌမစျာန်, ဒုတိယ စျာန်, တတိယစျာန်, စတုတ္ထစျာန် ၄-ပါးကိုယူလေ၊ ကသိုဏ်းစျာန်, အသုဘ စျာန်, အနုသတိစျာန်, အပ္ပမညာဗြဟ္မဝိဟာရစျာန်, အာရုပ္ပစျာန်တို့သည် ဆိုခဲ့ပြီးသော စျာန် ၄-ပါးတို့၌ အကျုံးဝင်ကုန်၏။]

အာယုနေယျ ဂုဏ်တော်

အာဟုနံ အရဟတိတိ အာဟုနေယျော။ ။အာဟုနံ၊ နိစ္စဘတ်တည်သော အလှူဝတ်ကို။ အရဟတိ၊ ခံခြင်းငှာထိုက်၏။ ဤတိ-တသ္မာ၊ ထို့ကြောင့်။ အာဟုနေယျော၊ အာဟုနေယျမည်၏။ မိဘ, ဆရာ, ပူဇော်ရိုသေထိုက် သူများကိုရည်၍ ရှေးကပြုပေဘူးသော ကျေးဇူးအထူးကို အောက်မေ့

ဆင်ခြင်ပြီးလျှင် ကတညုတ, ကတဝေဒီဘရားကို ပွားများ ဖြည့်ဆည်းပူးသည်၏ အစွမ်းအားဖြင့် အမြဲမပြတ် နိစ္စဘတ်ဝတ် တည်ထားအပ်သော အလှူဝတ်သည် အာဟုနမည်၏ ထိုအလှူကို ခံထိုက်သောကြောင့် အာဟုနေယျမည်သည်။

အယံ ခေါ အာယသ္မတော ဗြဟ္မဒေဝဿ မာတာ ဗြာဟ္မဏီ ဗြဟ္မုနော အာဟုတိံ နိစ္စံ ပဂ္ဂဏ္ဍာတိ။

ဟူသော ဗြဟ္မသံယုတ် ပါဠိတော်ကို ထောက်၍ အာဟုနဆိုသည်ကား နိစ္စဘတ်တည်သော အလှူဝတ်ဟူ၍ သိအပ်၏၊ အာဟုတိနှင့် အာဟုန အနက်တူ၏။

[မိဘတို့သည်လည်း သားသမီးတို့၏ ဤသို့ နိစ္စဘတ်တည်ထား ပြုစုအပ်သော ဝတ်ကို ခံထိုက်သောကြောင့် အာဟုနေယျပင် မည်ကြပေကုန်၏။]

ပါဟုနေယျ ဂုဏ်တော်

ပါဟုနံ အရဟတီတိ ပါဟုနေယျော။ ။ပါဟုနံ၊ ဧည့်သည်အဂန္ထုတို့ အလိုငှာ ရည်စူး၍ ထားအပ်သော အလှူကို။ အရဟတိ၊ ခံထိုက်၏။ဣတိ-တသ္မာ၊ ထို့ကြောင့်။ ပါဟုနေယျော၊ ပါဟုနေယျမည်၏။ ဧည့်သည်ကို လည်းကောင်း, ဧည့်သည်၏ အကျိုးငှာ ရည်ညွှန်း၍ ထားအပ်သော အလှူဝတ္ထုကိုလည်းကောင်း ပါဟုန ခေါ်သည်။

ပါဟုန၏ အဓိပ္ပါယ်အကျယ်

ထို ပါဟုန၏ အနက်အဓိပ္ပါယ်ကို ပြဆိုလတ္တံ့သော တေမိယဇာတ် ပါဠိတော်ဖြင့် သိအပ်၏။

ဣဒံပိ ပဏ္ဍကံ မယှံ၊
ရန္ဓံ ရာဇ အလောဏကံ။
ပရိဘုဥ္ဇ မဟာရာဇ၊
ပါဟုနော မေ ဣဓာဂတော။

[တေမိယဇာတ် ပါဠိတော်]

အနက်။ ။ရာဇ၊ ခမည်းတော်မင်းကြီး။ ဣဒံပိ ပဏ္ဍကံ၊ ဤကံပြင်းရွက်ကို လည်း။ မယှံ၊ အကျွန်ုပ်သည်။ အလောဏကံ၊ ဆားမခတ်ရပဲ။ ရန္ဓံ၊ ပြုတ်၍ ထားအပ်ပါ၏။ မဟာရာဇ၊ ခမည်းတော်မင်းမြတ်။ ပရိဘုဥ္ဇ၊ သုံးဆောင်

[ဒုတိယအကြိမ်]

တော်မူပါလော့။ မေ၊ အကျွန်ုပ်၏။ ပါဟုနော၊ ညှဉ်သည်တော် ဖြစ်သော အရှင်မင်းကြီးသည်။ ဤဝဂတော၊ ဤအရပ်သို့ ဆိုက်ရောက်တော် မူလာပေ၏။

ထို့ကြောင့်—

ပါဟုနဆိုသည်ကား— မိမိနေရာဌာနသို့ ဆိုက်ရောက် လာကြကုန်သော ဆွေမျိုးမိတ်ဆွေ ညှဉ်သည်အာဂန္တုတို့အား သူတော်ကောင်းတို့၏ ရှေးဟောင်း ကျင့်ဝတ်ကို မချုတ်မယှင်း စေသောအားဖြင့် စီရင် ညှဉ်ခံ ပြုစု လုပ်ကျွေး တည်ထားအပ်သော ဝတ္ထုကို ပါဟုနဆိုသည်ဟု သိအပ်၏၊ မိမိသည် ညှဉ်သည် အာဂန္တု အဖြစ်ဖြင့် ဆွေမျိုး မိတ်ဆွေ စသည်တို့၏ နေရာဌာနသို့ ဆိုက်ရောက်လာသောအခါ မိမိရှေသို့ တည်ခင်း ဆိုက်ရောက်လာသော ဝတ္ထုပစ္စည်းကိုလည်း ပါဟုန-ဟူ၍ပင် ဆိုအပ်၏၊ ထိုညှဉ်သည် အာဂန္တုတို့၏ အတွက် ရည်မှန်း လှူဒါန်းအပ်သော အလှူဝတ္ထုကို ခံခြင်းငှါ ထိုက်သောကြောင့် ပါဟုနေယျမည်သည်။

ဒက္ခိဏေယျဂုဏ်တော်

ဒက္ခိဏာ အရဟတိတိ ဒက္ခိဏေယျော။ ။ဒက္ခိဏာ၊ သဒ္ဓါဖြင့် လှူအပ်သော အလှူဝတ္ထုကို။ အရဟတိ၊ခံခြင်းငှါထိုက်၏။ဤတို-တသွေ၊ ထို့ကြောင့်။ ဒက္ခိဏေယျော၊ ဒက္ခိဏေယျမည်၏။

ဒက္ခိဏာဆိုသည်ကား—အာဟုန်, ပါဟုနမျိုးမဟုတ်ပဲ သက်သက်ကုံကိုလည်းကောင်း, ကံ၏အကျိုးကို လည်းကောင်း ယုံကြည်အားထား၍ နောင်အခါ အကျိုးထူးကို ခံစားရလိမ့်မည် ဟူ၍ လည်းကောင်း, ပါရမီကုသိုလ် ပြည့်စိမ့်သောငှါလည်းကောင်း, သီလစသော ဂုဏ်ကျေးဇူးတို့ကို ပူဇော် ချီးမြှောက်ခြင်းငှါလည်းကောင်း သဒ္ဓါသဖြင့် စီရင်၍ထားအပ်သော သဒ္ဓါဒေယျ ဒါနသည် ဒက္ခိဏာမည်၏၊ ထိုဒက္ခိဏာ မည်သော အလှူဝတ္ထုကို ခံထိုက်သောကြောင့် ဒက္ခိဏေယျ မည်သည်။

အဠလိကရဏီယ ဂုဏ်တော်

ဆိုအပ်ပြီးသော ဒါန ၃-မျိုးကို အရိယာသံဃာတော်အား လှူဒါန်းအပ်သည်ရှိသော် အထူးသဖြင့် ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးအာနိသင်ကို ဖြစ်စေတတ်၏။

[ဒုတိယအကြိမ်]

ထို့ကြောင့်-

အရိယာ သံဃာတော်သည် အာဟုနေယျ, ပါဟုနေယျ, ဒက္ခိဏေယျ ဟူသော ဂုဏ်ကို ရရှိတော်မူသည်။

လက်အုပ်ချီခြင်းကို အဉ္ဇလိကမှ- ဟူ၍လည်းကောင်း, အဉ္ဇလိကရဏ-ဟူ၍လည်းကောင်း ဆိုအပ်၏။

အဉ္ဇလိကရဏံ အရဟတိတိ အဉ္ဇလိကရဏီယော။ ။အဉ္ဇလိကရဏံ၊ လက်အုပ်ချီမိုး ရှိခိုးရှိသေခြင်းကို။ အရဟတိ၊ ခံထိုက်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ အဉ္ဇလိကရဏီယော၊ အဉ္ဇလိကရဏီယ မည်၏။

သုပ္ပဋိပန္နော-စသော ဂုဏ်တို့နှင့်ပြည့်စုံ၍ မြတ်သော ပုဂ္ဂိုလ်ဖြစ်သောကြောင့် လက်အုပ်ချီခြင်းကို ခံထိုက်သည်၊ ထို့ကြောင့် အဉ္ဇလိကရဏီယ မည်၏။

ရှိခိုးခြင်း၏အကျိုးကို ဥပမာဖြင့် ပြဆိုချက်

ဤလောကဌ် ဣသရိယဂုဏ်နှင့်ပြည့်စုံသော မင်းစိုးရာဇာတို့အား ရှိခိုးလျှင် ထိုက်သည့်အားလျှော်စွာ လောကီအကျိုးကို ပေးတတ်သကဲ့သို့၊ သုပ္ပဋိပန္နော-စသော ဂုဏ်ကောင်း, ဂုဏ်မြတ်တို့နှင့် ပြည့်စုံသော အရှင်မွန်, အရှင်မြတ်တို့ကို ရှိခိုးလျှင် မရေမတွက်နိုင်သော သံသရာ၏ ကောင်းကျိုး ချမ်းသာတို့ကို ပေးနိုင်လေသည်။

ဤသို့ ရှိရှင်မြတ်နိုး တကြိမ်ခိုးက ကောင်းကျိုးအသခ်ေ့ ပေးနိုင်ပေသော ကြောင့် ထိုအရှင်မွန်,အရှင်မြတ်တို့သည် အဉ္ဇလိကရဏီယ-ဟူသော ဂုဏ်ကူးကို ရရှိတော်မူကြကုန်သည်။

သံဃာနုဿတိကမ္မဋ္ဌာန်း ပြီး၏။

(ဃ) သီလာနုဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

သီလာနုဿတိဟူသည်ကား- မိမိထိန်းသိမ်း စောင့်ရှောက်အပ်သော သီလကို အဖန်ဖန် ဆင်ခြင်အောက်မေ့သော သတိကို ဆိုသည်။

၁။ လူတို့ စောင့်ရှောက်အပ်သော ဂဟဋ္ဌသီလပင် ဖြစ်စေ, ရဟန်းတို့ စောင့်ရှောက်အပ်သော ပဗ္ဗဇိတသီလပင် ဖြစ်စေ, ထိုသီလတို့၌ အစကဖြစ်စေ, အဆုံးကဖြစ်စေ,သိက္ခာပုဒ် ၁-ပါးပါး ပျက်သော သီလသည် အစွန်းအဖျားစုတ်ပြတ်သော ပုဆိုးကဲ့သို့ ပြတ်ကျိုးသော သီလမည်၏။

၂။ အလယ်၌ သိက္ခာပုဒ် ၁-ပါးပါးပျက်သော သီလသည် အလယ်၌ မီးလောင်ပေါက်သော ပုဆိုးကဲ့သို့ ပေါက်သော သီလမည်၏။

၃။ သိက္ခာပုဒ် ၁-ခုခြား, ၁-ခုခြား အစဉ်အတိုင်းပျက်သော သီလသည် နွားမ ဝါစေ့ပြောက်ကဲ့သို့ ပြောက်သော သီလမည်၏။

၄။ သိက္ခာပုဒ် ၂-ခုကျော်, ၃-ခုကျော် စသည်ဖြင့် ပျက်သော သီလသည် နွားမကျားကဲ့သို့ ကြောင်ကျားသော သီလမည်၏။

သီလာနုသတိကို ပွားများပုံနှင့်အကျိုး

ထို သီလာနုသတိကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် မိမိတို့ ထိန်းသိမ်းစောင့်ရှောက်အပ်သော သီလကို မကျိုး, မပေါက်, မပြောက်, မကျားရအောင် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်၍-

၁။ ငါ၏ သီလသည် မကျိုး, မပေါက်, မပြောက်, မကျားပေပြီ။ ကောင်းစွာ ပြည့်စုံ သန့်ရှင်းပေ၏၊ အလွန်ကောင်းပေစွ၊ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရန် နီးစွာသော အကြောင်းဖြစ်၍ တဏှာ၏ ကျွန်အဖြစ်မှ တော်လှန်လွတ်မြောက်ကြောင်း ဖြစ်ပေစွ။

၂။ သူတပါးတို့သည် သင်၏ သီလ၌ ဤကဲ့သို့ အပြစ်ဒေါသ ရှိသည်ဟု စွပ်စွဲပြောဆိုခြင်းငှါ မထိုက်အောင် အပြစ်မှ သန့်ရှင်းဖြူစင်ပေ၏။

၃။ ဘုရားအစရှိသော ပညာရှိ သူတော်ကောင်းတို့ ချီးမွမ်းထိုက်အောင် စိတ်အေးမြချမ်းသာ တည်ကြည်ခြင်း သမာဓိကို ဖြစ်စေနိုင်လောက်အောင် လွန်စွာအပြစ်တို့မှ သန့်ရှင်းဖြူစင်ပေ၏၊ အလွန်ကောင်းပေစွဟု မိမိသီလကို အဖန်ဖန် ဆင်ခြင်အောက်မေ့အစ်၏၊ အောက်မေ့ရု၏။

ဤကဲ့သို့ အောက်မေ့သည်ရှိသော်-

အလွန်နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်၏၊ စိတ်ဉာဏ်ထက်သန်ကြီးထွား၏၊ ကြည်လင်၏၊ တည်ကြည်၏၊ ဥပစာရစျာန်ကို ရ၏။

ဤသီလာနုသတိကမ္မဋ္ဌာန်းသည်လည်း-သီလဂုဏ်ကျေးဇူးတို့၏ နက်နဲသိမ်မွေ့သည်ဖြစ်၍ နိမိတ်ရကောင်းသော တရားမဟုတ်ခြင်းကြောင့် အပွနာစျာန်ကိုကား မဖြစ်စေနိုင်။

သီလာနုဿတိ ကမ္မဋ္ဌာန်းပြီး၏။

[ဒုတိယစာမျက်နှာ]

(c) စာဂါနုဿတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

စာဂါနုဿတိဟူသည်ကား–နှမြောမဖက် သဒ္ဓါ သက်သက်ဖြင့် လှူဒါန်း စွန့်ကြဲအပ်သော မိမိ၏ အလှူစာဂ၏ ဂုဏ်ကျေးဇူးကို အဖန်ဖန် ဆင်ခြင် အောက်မေ့သော သတိကို ဆိုသည်။

စာဂါနုဿတိကို ပွားများပုံနှင့် အကျိုး

ထိုစာဂါနုဿတိကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် တရားသဖြင့်ရရှိသော လှူဖွယ်ဝတ္ထုတို့ကို ဂုဏ်ကျေးဇူးကြီးမြတ်သော ပုဂ္ဂိုလ်တို့၌ မလှူမီ, လှူဆဲ, လှူပြီး ၃-ပါးသော ခဏ၌ စိတ်ကို ကြည်လင် ရှင်လန်း ဝမ်းမြောက်စေလျက် နှစ်သက်ကြည်ဖြူစွာ ပေးလှူစွန့်ကြဲပြီး၍ စွန့်ကြဲပေးလှူသော စိတ်စေတနာ၏ မတွန့်မတိုဖြစ်ပုံ အခြင်းအရာ နိမိတ်ကို မှတ်ယူ၍–

ငါသည် မပေးလှူလို ဝန်တိုနှမြောခြင်း မစ္ဆေရမရှိပဲ ဝန်တိုနှမြောခြင်း မစ္ဆေရ အညစ်အကြေး ကင်းသည်ဖြစ်၍ ကောင်းစွာ ပေးလှူစွန့်ကြဲရပေပြီ၊ ကောင်းလေစွ, ကောင်းလေစွ။

ငါသည် ဖြစ်လေရာရာ ဘဝ၌ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာများခြင်း, ခွန်အားကြီးခြင်း, ပညာကြီးခြင်း-စသော အကျိုး အာနိသင် လာဘ်တို့ကို ရထိုက်ကုန်စွတကား။

ငါသည် လူဖြစ်ကျိုးနပ်စွတကား၊ သံသရာဝဋ္ဌမှ လွတ်မြောက်ကြောင်း အမှုကို ငါပြုပေစွတကား၊ ဩော်-ကောင်းလေစွတကား၊ ဩော်-ကောင်းလေစွတကားဟု အဖန်ဖန် ဆင်ခြင် အောက်မေ့ရာ၏။

ဤသို့ ဆင်ခြင် အောက်မေ့သည်ရှိသော်-

အလွန်နှစ်သက် ဝမ်းမြောက်ခြင်းဖြစ်၏၊ စိတ်ဉာဏ်ကြည်လင်၏၊ တည်ကြည်၏၊ ဥပစာရစျာန်ကို ရ၏။

ဤစာဂါနုဿတိကမ္မဋ္ဌာန်းသည်လည်း-အလှူ စာဂ ဂုဏ်ကျေးဇူးတို့၏ နက်နဲသိမ်မွေ့သည်ဖြစ်၍ နိမိတ်ရကောင်းသော တရား မဟုတ်ခြင်းကြောင့် အပွနာစျာန်ကိုကား မဖြစ်စေနိုင်။

စာဂါနုဿတိ ကမ္မဋ္ဌာန်းပြီး၏။

[ဒုတိယအကြိမ်]

(စ) ဒေဝတာနုဿတိ ကမ္မဋ္ဌာန်းပွားများ အားထုတ်ပုံ

ဒေဝတာနုဿတိ ဟူသည်ကား- နတ်တို့ကို သက်သေထား၍ နတ်တို့ကို တုပြိုင်အားကျ၍ မိမိ၌ရှိသော သဒ္ဓါ-စသော သူတော်ကောင်းဥစ္စာ, သူတော်ကောင်းတရားတို့ကို အားကိုးအားထား ဝမ်းမြောက်ရွှင်လန်းစွာ ဆင်ခြင်အောက်မေ့သော သတိကို ဆိုသည်။

ဒေဝတာနုဿတိ ပွားများပုံနှင့် အကျိုး

ထိုဒေဝတာနုဿတိကို ပွားများလိုသော ယောဂီ ပုဂ္ဂိုလ်သည် အထက်ကောင်းကင်၌- စတုမဟာရာဇ်နတ်, တာဝတိံသာနတ်, ယာမာနတ်, တုတိတာနတ်, နိမ္မာနရတိနတ်, ပရနိမ္မိတဝသဝတ္တီနတ်တို့သည် ရှိကြကုန်၏။

နတ်ပြည် ၆-ထပ် အထက်ဖြစ်သော ဗြဟ္မာဘုံ၌လည်း ပထမစျာန် ဗြဟ္မာ, ဒုတိယစျာန် ဗြဟ္မာ, တတိယစျာန် ဗြဟ္မာ, စတုတ္ထစျာန် ဗြဟ္မာ-စသော ဗြဟ္မာကြီးတို့သည်လည်း ရှိကြကုန်၏၊ ထိုနတ်, ဗြဟ္မာကြီးတို့သည် အလွန်ဘုန်းတန်ခိုး ကြီးမားကြကုန်၏။

ထိုနတ်ဗြဟ္မာကြီးတို့သည် ဤလူ့ပြည်၌ နေစဉ်အခါ၌-

၁။ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, သြတ္တပ္ပ-ဟူသော သူတော်ကောင်းဥစ္စာ ၇-ပါး,

၂။ သဒ္ဓါ, သတိ, ဟိရီ, သြတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာ-ဟူသော သူတော်ကောင်းတရား ၇-ပါး-

ထို့နှင့် ပြည့်စုံကြခြင်းကြောင့် ဤလူ့ပြည်မှ စုတေသောအခါ ထိုနတ်ပြည်, ဗြဟ္မာပြည်၌ ဖြစ်ကြကုန်၏။

ငါ့မှာလည်း ထိုကဲ့သို့ တန်ခိုးကြီးမားစွာ နတ်, ဗြဟ္မာအဖြစ်ကို ဖြစ်စေတတ်သော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, သြတ္တပ္ပ-ဟူသော အဖိုးတန် သူတော်ကောင်းဥစ္စာ ရတနာတို့သည်လည်းကောင်း၊ သဒ္ဓါ,သတိ, ဟိရီ, သြတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာ-ဟူသော အဖိုးတန် သူတော်ကောင်းတရားတို့သည်လည်းကောင်း ရှိကြကုန်သည်တကား၊ ဩော်...ကောင်းလေစု၊ ကောင်းလေစု-ဟု အဖန်ဖန် ဆင်ခြင်အောက်မေ့ရာ၏။

ဤသို့ ဆင်ခြင်အောက်မေ့သည်ရှိသော် အလွန်အားရှိ၏၊ အလွန်နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်၏၊ စိတ်တည်ကြည်၏၊ ဥပစာရ စျာန်ကို ရ၏။

ဤ **ဒေဝတာနုဿတိ ကမ္မဋ္ဌာန်းသည်လည်း—** သဒ္ဓါ-စသော တရားတို့က အလွန်နက်နဲ သိမ်မွေ့သော တရားဖြစ်၍ နိမိတ်ရကောင်းသော တရားမဟုတ်ခြင်းကြောင့် အပွနာစျာန်ကိုကား မဖြစ်စေနိုင်။

ဒေဝတာနုဿတိ ကမ္မဋ္ဌာန်း ပြီး၏။

(ဆ) ဥပသမာနုဿတိကမ္မဋ္ဌာန်းပွားများအားထုတ်ပုံ

ဥပသမာနုဿတိ ဟူသည်ကား— နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန် ဆင်ခြင်အောက်မေ့သော သတိကို ခေါ်သည်။

ထိုဥပသမာနုဿတိကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗာန်၏ဂုဏ်ဓမ္မာရုံကို အာရုံပြု၍ လှည့်ခါ လှည့်ခါ ရှုအပ်ရာ၏။

နိဗ္ဗာန်၏ဂုဏ်ပုဒ်များ

၀။ မဒနိမ္မဒနော-မာန်မယစ်ရာ နိဗ္ဗာန်။
၂။ ပိပါသဝိနယော-တဏှာမွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ နိဗ္ဗာန်။
၃။ အာလယသမုဂ္ဃါဋော- ကာမဂုဏ် အာလယကို အကြွင်းမဲ့ ခွါရာ နိဗ္ဗာန်။
၄။ ဝဋ္ဌုပစ္ဆေဒေါ—ဝဋ်၃-ပါးမှ ကင်းပြတ်ရာ နိဗ္ဗာန်။
၅။ တဏှာက္ခယော—တဏှာကုန်ငြိမ်းရာ နိဗ္ဗာန်။
၆။ ဝိရာဂေါ—ရာဂ ကင်းလွတ်ရာ နိဗ္ဗာန်။
၇။ နိရောဓော—တဏှာ၏ ချုပ်ရာ နိဗ္ဗာန်။
၈။ ဓုဝံ—အမြဲခိုင်ခံ့သော နိဗ္ဗာန်။
၉။ အဇရံ—အိုခြင်းမရှိသော နိဗ္ဗာန်။
၁၀။ နိပ္ပပဉ္စံ-သံသရာချဲတတ်သော တရားမရှိသော နိဗ္ဗာန်။
၁၁။ သစ္စံ-မဖောက်မပြန် မှန်ကန်သော နိဗ္ဗာန်။
၁၂။ ပါရံ—သံသရာ၏ ဟိုမှာဘက်ကမ်းဖြစ်သော နိဗ္ဗာန်။
၁၃။ သုဒုဒ္ဒသံ—ဉာဏ်နုံ့သူတို့ အလွန်မြင်နိုင်ခဲသော နိဗ္ဗာန်။
၁၄။ သိဝံ—ကိလေသာ ကင်းဝေး ချမ်းအေးသော နိဗ္ဗာန်။
၁၅။ အမတံ—သေခြင်းကင်းရာ နိဗ္ဗာန်။
၁၆။ ခေမံ—ငြိမ်းချမ်းရာ ဘေးကင်းရာ နိဗ္ဗာန်။
၁၇။ အဗ္ဘုတံ—သင်္ခါရကင်းဖွယ် အံ့ဖွယ်သရဲ မဖြစ်ဖူးသော နိဗ္ဗာန်။

[ဒုတိယအကြိမ်]

၁၈။ အနီတိကံ-အကျိုးမဲ့ယူဘိ ဤတိ-ဘေးမရှိသော နိဗ္ဗာန်။
၁၉။ တာဏံ-ဝဋ္ဌဆင်းရဲမှ စောင့်ရှောက်ရာ နိဗ္ဗာန်။
၂၀။ လေဏံ-ဘေးရန်လွတ်ရှောင်း ပုန်းအောင်းရာ နိဗ္ဗာန်။
၂၁။ ဒီပံ-ဩဃမလွှမ်းသော ကျွန်းတည်းဟူသော နိဗ္ဗာန်။
၂၂။ ဝိသုဒ္ဓိ ကိလေသာမှ စင်စစ် စင်ကြယ်သော နိဗ္ဗာန်။
၂၃။ ဝရံ-သူတော်ကောင်းတို့ တောင့်တအပ်သော နိဗ္ဗာန်။
၂၄။ နိပုဏံ-သိမ်မွေ့နူးညံ့သော နိဗ္ဗာန်။
၅၅။ အသင်္ခတံ-အကြောင်းတရား မပြုပြင်အပ်သော နိဗ္ဗာန်။
၂၆။ မောက္ခော-ကိုလေသာမှ လွတ်သော နိဗ္ဗာန်။
၂၇။ သေဋ္ဌော-အထူးသဖြင့် ချီးမွမ်းအပ်သော နိဗ္ဗာန်။
၂၈။ အနုတ္တရော-အတုမရှိ အလွန်မြတ်သော နိဗ္ဗာန်။
၂၉။ လောကဿန္တော-လောကသုံးပါး၏ ဆုံးရာ နိဗ္ဗာန်။

နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးတို့ကို သီအောင်ပြု၍ အဖန်ဖန် နှလုံးသွင်းရာ၏၊ ဆင်ခြင် အောက်မေ့ရာ၏၊ ဤသို့နိဗ္ဗာန်၏ ဂုဏ်တို့ကို အသီးသီး ဆင်ခြင် အောက်မေ့သည်ရှိသော် အလွန်စိတ်ကြည်လင်၏၊ ဉာဏ်ကြီးထွား၏၊ စိတ် အေးချမ်း တည်ကြည်၏၊ ဥပစာရ ဈာန်ကို ရ၏။

ဤ ဥပသမာနုဿတိ ကမ္မဋ္ဌာန်းသည်လည်း- နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးတို့ အလွန်နက်နဲ သိမ်မွေ့သဖြင့် နိမိတ်ရကောင်းသော တရားမဟုတ်ခြင်းကြောင့် အပ္ပနာဈာန်ကို မဖြစ်စေနိုင်။

ဥပသမာနုဿတိ ကမ္မဋ္ဌာန်း ပြီး၏။

မရဏာနုဿတိ ဟူသည်ကဒံး-သေရခြင်းကို အဖန်ဖန် ဆင်ခြင် အောက်မေ့သော သတိကို ခေါ်သည်။

ထိုမရဏာနုဿတိကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ဤသို့ဆင်ခြင် အောက်မေ့ရာ၏။

ငါသည် သေရခြင်းသဘော ရှိ၏၊ သေရခြင်း သဘောကို မလွန်နိုင်ချေ၊ ဧကန်မုချ ငါသေရလိမ့်မည်၊ လောက၌ သေစရာ အကြောင်းတို့သည် များပြား၏။

ဆင်ဘေး, ကျားဘေး, ပံဘေး, မြွေဘေး, ကင်းဘေး, ပင့်ကူဘေး, ငြောင့်ဘေး, သစ်ပင်ဘေး, ရေတွင်းရေကန်ဘေး, မီးဘေး, ခိုးသူဘေး,

မင်းဘေး, ဓားပြဘေး, ရန်သူဘေး, စုန်း-နတ်-တစ္ဆေ မြေဖုတ်ဘီလူး-အစိမ်း သူရဲ-ပယောဂဘေး, ပိုးမျိုး ၈၀-ဘေး, အသပ္ပါယ-မသင့်သော အစာဘေး, အဆိပ်ဘေး, အနာရောဂါဘေး, ဓာတ်ကြီး ၄-ပါး ဖောက်ပြန်သောဘေး, ဆနဝုတိ ၉၆-ပါး၊ အဌနဝုတိ ၉၈-ပါး များပြားသောဘေး, အရာ အထောင် အသောင်း အသိန်း မကသော ဘေးတို့ဖြင့် ညှဉ်းဆဲ ထိခိုက်၍ သေရလိမ့်မည် တကား။

သတ္တဝါတို့၏ အသက်သည် ကံကြောင့်ဖြစ်၏၊ ဆိုခဲ့ပြီးသော ဘေး ဥပဒ်တို့နှင့် အကယ်၍ မတွေ့မကြုံ၍ နေရငြားသော်လည်း ဤအသက်ကို ဖြစ်စေတတ်သော ကံကုန်လျှင်လည်း အသက် ကင်းပြတ် သေဆုံး၏၊ ကံအားကောင်းလျှင် အသက်ရှည်၏၊ ကံအားညံ့လျှင် အသက်တို၏။ မည်သူမည်ဝါ၏ အသက်ကို ဖြစ်စေတတ်သော ကံသည် မည်မျှအားကောင်း၏၊ အားညံ့၏-ဟူ၍လည်း မသိနိုင်ကြချေ၊ ငါ၏ကံသည် ဘယ်လောက် အားကောင်း၍ ငါ၏အသက်သည် ရှေ့သို့ ဘယ်လောက် ရှည်မည်ကိုလည်း ဧကန်မသိရ၊ နောက်ကလည်း ငါ၏အသက်ကို အခါကာလ စား၍ စား၍ လိုက်ချေ၏။

၁-ညဉ့်လွန်၍ သွားလျှင် ငါ၏အသက် ၁-ပိုင်းကုန်၍ သွားလေပြီ၊ ၂-ညဉ့် လွန်၍သွားလျှင် ငါ၏အသက် ၂-ပိုင်း ကုန်၍ သွားလေပြီ၊ ဤနေ့ ညဉ့်ကာလ သည် ငါ၏အသက်ကို အပိုင်းအပိုင်း ကုန်စေ၍ စား၍ စား၍ လိုက်ချေ၏။

ငါ၏ အသက်သည် တို့၍ တို့၍ ကုန်ပါပြီတကား၊ ငါသည် ၁-နေ့ထက် ၁-နေ့ သေမင်းထံသို့ နီး၍ နီး၍ သွားပါပြီတကား၊ ဩော်....ငါ၏အသက်ကို ဖြစ်စေတတ်သော ကံသည် အကယ်၍ ညဉ့်အိပ်နေဆဲအခါ၌ ကုန်ခဲ့ငြားအံ့၊ ထိုညဉ့် အိပ်နေဆဲအခါ၌ပင် အသက်လည်း ကုန်ဆုံး၍ ငါသည် အိပ်ရာမှ ထနိုင် တော့မည် မဟုတ်။

အကယ်၍ ထိုင်နေဆဲ ခဏ၌ ကံသည် ကုန်ခဲ့ငြားအံ့၊ ထို ထိုင်နေဆဲခဏ၌ပင် အသက်ကုန်ဆုံး၍ ထိုင်ရာမှ ထနိုင်တော့မည်မဟုတ်၊ အကယ်၍ ထနေဆဲ ခဏ၌ ကံသည် ကုန်ခဲ့ငြားအံ့၊ ထို ထနေဆဲခဏ၌ပင် အသက်ကုန်ဆုံး၍ ထရာမှ သွား နိုင်တော့မည် မဟုတ်၊ အကယ်၍ ပဌမ ခြေလှမ်းဆဲ ခဏ၌ ကံသည် ကုန်ခဲ့ငြား အံ့၊ ထိုပဌမခြေလှမ်း၌ပင် အသက်ကုန်ဆုံး၍ တဖန် ဒုတိယ ခြေလှမ်းကို လှမ်း နိုင်တော့မည် မဟုတ်။

[ဒုတိယ အကြိမ်]

အကယ်၍ ထမင်းလုပ် ဆွမ်းလုပ် ဝါးနေဆဲ စားနေဆဲ ခဏ၌ ကံသည် ကုန်ခဲ့ငြားအံ့၊ ထိုဝါးဆဲ စားဆဲခဏ၌ပင် အသက်ကုန်ဆုံး၍ ထိုဝါးပြီး စားပြီးသော ထမင်းလုပ် ဆွမ်းလုပ်ကို မျိုနိုင်တော့မည်မဟုတ်၊ အကယ်၍ ထမင်းလုပ်, ဆွမ်းလုပ် မျိုဆဲခဏ၌ ကံသည် ကုန်ခဲ့ငြားအံ့၊ ထိုမျိုဆဲခဏ၌ အသက်ကုန်၍ တဖန် အသစ် ထမင်းလုပ် ဆွမ်းလုပ်ကို ဝါးနိုင်တော့မည် စားနိုင်တော့မည် မဟုတ်။

အကယ်၍ ထွက်သက်ရှုခိုက်၌ ကံသည်ကုန်ခဲ့ငြားအံ့၊ ထိုထွက်သက်ရှုခိုက်၌ ပင် အသက်ကုန်ဆုံး၍ တဖန်ဝင်သက် ရှိုက်နိုင်တော့မည် မဟုတ်၊ အကယ်၍ ဝင်သက်ရှိုက်ခိုက်၌ ကံသည် ကုန်ခဲ့ငြားအံ့၊ ထိုဝင်သက်ရှိုက်ခိုက်၌ပင် အသက်ကုန်ဆုံး၍ ငါသည် တဖန် ထွက်သက် ရှုတော့မည် မဟုတ်ပါပြီတကား-ဟု အဖန်ဖန် နှလုံးသွင်းရာ၏၊ အဖန်ဖန် ဆင်ခြင်အောက်မေ့ရာ၏။

ဤကဲ့သို့ အဖန်ဖန် ဆင်ခြင်အောက်မေ့သော ယောဂီပုဂ္ဂိုလ်အား မိမိသေရမှာကို မြင်၍ လွန်စွာတို့သည်တိုင်အောင်မြင်၍ မိမိချည်း သေရမှာလိုထင်ပြီး စိတ်ငယ်၍ ကြောက်ရွံ့တုန်လှုပ်၍လည်း သွားတတ်၏၊ ထိုသို့ မဖြစ်ရအောင် သတိဆောင်၍ ဆင်ခြင် အောက်မေ့ရာ၏။

နခေါ အဟဉ္ဇေဝေကော မရဏဓမ္မော မရဏံ အနတီတော၊ အထ ခေါ ယာဝတာ သတ္တာနံ အာဂတိ ဂတိ စုတိ ဥပပတ္တိ၊ သဗ္ဗေ သတ္တာ မရဏဓမ္မာ မရဏံ အနတီတာ။

[ပဉ္စဂုံတ္တရပါဠိတော် အဘိဏှသုတ်]

အနက်။ ။အဟဉ္ဇေဝ ဧကော၊ ငါတယောက်တည်းသာလျှင်။ မရဏဓမ္မော၊ သေရခြင်းသဘောရှိသည်။ မရဏံ၊ သေရခြင်းကို။ အနတီတော၊ မလွန်နိုင်သည်။ နခေါ၊ မဟုတ်။ အထခေါ၊ စင်စစ်သော်ကား။ ယာဝတာ၊ အကြင်မျှလောက်။ သတ္တာနံ၊ သတ္တဝါတို့အား။ အာဂတိ၊ ရှေးဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ ပဋိသန္ဓေနေရအောင် လာခြင်းသဘောသည်။ ဂတိ၊ လာပြီး၍ ပဋိသန္ဓေနေခြင်း သဘောသည်။ စုတိ၊ ပဋိသန္ဓေနေပြီး၍ ဖွားမြင်ပြီး၍ တဖန် စုတေခြင်း သံဘောသည်။ ဥပပတ္တိ၊ ဤပစ္စုပ္ပန်ဘဝမှ စုတေသေဆုံးပြီး၍ နောက်တဖန် ပဋိသန္ဓေနေပြန်ခြင်း သဘောသည်။ အတ္ထိ၊ ရှိ၏။ ဧတေ သဗ္ဗေ သတ္တာ၊ ထိုပဋိသန္ဓေနေခြင်း သဘောရှိကြသော အလုံးစုံသော သတ္တဝါတို့သည်လည်း။ မရဏဓမ္မာ၊ သေခြင်းသဘောရှိကြကုန်၏။ မရဏံ၊ သေရခြင်းကို။

[ဒုတိယအကြိမ်]

အနတ္တတာ၊ မလွန်နိုင်ကြကုန်၊ သေကြရကုန်လတ္တံ့- ဟူ၍လည်း ဆင်ခြင်အောက်မေ့ကြလေ။

မရဏာနုဿတိကို ပွားများသော ရဟန်း ၈-မျိုး

မြတ်စွာဘုရား ရှေ့လက်ထက်တော် အခါက မရဏာနုဿတိကို ပွားများကြသော ရဟန်း ၈-ပါးအကြောင်း အစ္စဂုတ္တရ ပါဠိတော်၌ လာရှိပေ၏။

ထေရီပုံကား

၁။ တပါးမှာ တနေ့နှင့်တည်၌လောက်သာ အသက်ရှည်စွာ နေရလိမ့်မည်ဟု ထင်၏။

၂။ တပါးမှာ တနေ့လောက်သာ အသက်ရှည်စွာ နေရလိမ့်မည်ဟု ထင်၏။

၃။ တပါးမှာ နေ့ထက်ဝက်လောက်သာ အသက်ရှည်စွာ နေရလိမ့်မည်ဟု ထင်၏။

၄။ တပါးမှာ ဆွမ်းဝအောင် တကြိမ်စားကာလမျှလောက်သာ နေရလိမ့်မည်ဟု ထင်၏။

၅။ တပါးမှာ ဆွမ်းတကြိမ်စား ထက်ဝက်စာ ကာလမျှလောက်သာ နေရလိမ့်မည်ဟု ထင်၏။

၆။ တပါးမှာ ဆွမ်း ၄-၅-လုပ် စားသော ကာလမျှလောက်သာ နေရလိမ့်မည်ဟု ထင်၏။

၇။ တပါးမှာ ဆွမ်းတလုပ် စားပြီး၍ မျိုချ ဆွမ်း ၁-လုပ်စားပြီးကာလမျှလောက်သာ နေရလိမ့်မည်ဟု ထင်၏။

၈။ တပါးမှာ ထွက်သက်ရှူခိုက်မျှသာ အသက်ရှည်စွာ နေရလိမ့်မည်ဟု ထင်၏၊ တဖန် ဝင်သက် ရှိုက်ရလိမ့်မည်ဟု မထင်၊ ဝင်သက် ရှိုက်ပြန်လျှင်လည်း ထိုဝင်သက် ရှိုက်ခိုက်ဝင်ခိုက်မျှသာ အသက်ရှည်စွာ နေရလိမ့်မည်ဟု ထင်၏၊ တဖန် ထွက်သက် ရှူရ ထွက်ရလိမ့်မည်ဟု မထင်၊ သို့ကလောက် တိုစွာထင်မြင်၏။

ဤ ရဟန်း ၈-ပါးတို့တွင် ရှေ့ ၆-ပါးကို မရဏာဿတိ အထင်လေးသေးသော မေ့မေ့လျော့လျော့နေသောသူ, နောက် ၂-ပါးကို အထင်မြန်သော မမေ့မလျော့နေသောသူ-ဟု မြတ်စွာဘုရား မိန့်တော်မူ၏။

[ရှေးဟောင်းမြန်]

ယခုခေတ် နောက်ပိုင်း သာသနာ၌-ပဌမရဟန်းလောက် ထင်မြင်လျှင်ပင် အတော်အသင့် နေသာထိုင်သာ ရှိပေပြီ၊ အဖိုးတန်လှပြီ၊ တိုနိုင်ထမျှ တိုစွာ ထင်မြင်နိုင်အောင် ဆင်ခြင်အောက်မေ့ရမည်၊ ထိုသို့ တိုစွာ ထင်မြင်အောင် ကံဖြင့် ဆင်ခြင်အောက်မေ့ရသည်၊ ကံဖြင့် ဆင်ခြင် အောက်မေ့သည်ရှိသော် ဂ-ယောက်မြောက် နောက်ဆုံး အပ္ပမာဒ ဝိဟာရီ ရဟန်းကဲ့သို့ ထွက်သက် ဝင်သက် ၁ ရှုထွက် ၁-ရှိုက်ထွက် ကာလမျှလောက် တိုတောင်းစွာ ထင်မြင် ကြွလတ္တံ့။

ဤသို့ တလောကလုံးနှင့်တကွ မိမိသေရလိမ့်မည်ကို အဖန်ဖန် ဆင်ခြင် အောက်မေ့သော ယောဂီပုဂ္ဂိုလ်သည် မိမိဉာဏ်အားလျော်စွာ သေရမည်ကို ကာလတိုတောင်းစွာ ထင်မြင်လေ၏၊ ဤသို့ ထင်မြင်၍ မရဏသညာ မရဏဿတိ ကောင်းစွာ တည်သည်ရှိသော် အလွန်စိတ်ဉာဏ် ကြည်လင်၏၊ ဉာဏ်ကြီးထွား ထက်သန်၏၊ သေရမှု-မရဏတရား၌ စိတ်သည် စွဲမြဲလျက် တည် ကြည်၏၊ ဥပစာရစျာန်ကို ရ၏။

ဤမရဏာနုဿတိကမ္မဋ္ဌာန်းသည်လည်း- သေခြင်းသဘောက ဇီဝိတိန္ဒြေ၏ ချုပ်ပြတ်ခြင်း အလွန်နက်နဲ သိန့်မွေ့သော သဘောဖြစ်၍ နိမိတ်ရကောင်း သော တရားမဟုတ်ခြင်းကြောင့် အပ္ပနာစျာန်ကိုကား မဖြစ်စေနိုင်။

မရဏာနုဿတိကမ္မဋ္ဌာန်း ပြီး၏။

(စျ) ကာယဂတာသတိကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

ကာယဂတာသတိ ဟူသည်ကား-ဆံပင်, အမွေး, လက်သည်း ခြေသည်း, သွား, အရေ, အသား, အကြော, အရိုး, ခြင်ဆီ, အညှို့, နှလုံး, အသည်း, အမြေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်, သည်းခြေ, သလီပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်၊ ဤ ၃၂-ပါးသော ကောဌာသ ကာယကို အာရုံပြု၍ ဖြစ်သော သတိကို ခေါ်သည်။

ထိုကာယဂထာသတိကို ပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ဤဒွတ္တိံသကာယကို အဆင်း, သဏ္ဌာန်, တည်ရာဌာန, အပိုင်းအခြားပရိစ္ဆေဒ၊ ဤ ၄-ပါးသော အခြင်းအရာတို့ဖြင့် မှတ်၍ ဆံပင်မှသည် ကျင်ငယ်၊ကျင်ငယ်မှ သည် ဆံပင်ကျအောင် အနုလုံ ပဋိလုံ အပြန်အလှန် အားဖြင့် မရပ်မဆိုင်း အပြေးစိုင်း နှုတ်တက်ရအောင် ကျက်မှတ်၍ ရပြီးလျှင် နှုတ်ဖြင့် မရွတ်အံပဲ

စိတ်ဉာဏ်ဖြင့်သာလျှင် အနုလုံ ပဋိလုံ အပြန်အလှန် အစဉ်အတိုင်း အဖန်ဖန် ကြည့်ရှုရာ၏။

ထိုသို့ကြည့်ရှုဖန် မျှားသောအခါ ထိုကောင္ဘသ တို့သည် ပကတိမံသ မျက်စိနှင့် မြင်ရသကဲ့သို့ စိတ်ထဲ ဉာဏ်ထဲ၌ ထင်မြင်၍ လာကုန်၏၊ ဤကဲ့သို့ ထင်မြင်လျှင် ဥဂ္ဂဟနိမိတ် ထင်ပြီဟုမှတ်၊ ဥဂ္ဂဟနိမိတ် ထင်လာသောအခါ ထိုထင်လာသော ကောင္ဘသတို့တွင် ကြပ်ကြပ် ထင်ရှားသည့်, စိတ်ထဲ ဉာဏ်ထဲမှာ ကြပ်ကြပ်ထင်မြင်ရသည့် ကောင္ဘသ တခုတည်းကိုသာလျှင် ကြရှု၍ နေရာ၏။

ထိုသို့ ကြည့်ရှု၍ နေရာမှာလည်း ထိုကောင္ဘသ တခုတည်းကိုသာလျှင် ကြည့်ရှု၍ နေရာ၏။ ထိုသို့နေရာမှာလည်း ထိုကောင္ဘသကို ကသိုဏ်း ဖြစ်အောင် အဆင်းကိုလည်း နှလုံးမသွင်းပဲ သုညတဖြစ်အောင် ဓာတ်ကိုလည်း နှလုံးမသွင်းပဲ စက်ဆုပ်ဖွယ်ဟု နှလုံးသွင်း၍ ရှုရာ၏၊ အကယ်၍ စက်ဆုပ်ဖွယ် အသုဘသဘော မထင်တည့်နိုင်သျှင် အဆင်းနေပုံ, အသွင်သဏ္ဌာန်နေပုံ, စက်ဆုပ်ဖွယ်သော အစာသစ်ချေးဆီကြောင့် အမိအဖတို့၏ ရောနှောသော သွေးညွှတ်တို့ကြောင့် ဖြစ်မှု, စက်ဆုပ်ဖွယ် ညှီစော်သောအနံ့၊ ဤအကြောင်း ၄-ပါးတို့ဖြင့် စက်ဆုပ်ဖွယ်သော သဘောမပေါ် ပေါ်အောင် ဆင်ခြင်၍ နှလုံးသွင်းအပ် ရှုအပ်၏။

ဤသို့ ဆင်ခြင်လျှင် စက်ဆုပ်ဖွယ် အချင်းအရာပေါ်၏၊ ထိုသို့ပေါ်၍ စက်ဆုပ်ဖွယ် အချင်းအရာ အားဖြင့် နှလုံးသွင်း၍ အဖန်ဖန် ကြည့်ရှုသော အခါ ထိုကောင္ဘသ ဥဂ္ဂဟနိမိတ်သည် ပြေပြစ်ချောမွေ့စွာ လှုပစ္စာ နှစ်သက်ဖွယ် ပဋိဘာဂနိမိတ်ဖြစ်၍ ထင်၏၊ ထိုကောင္ဘသ ပဋိဘာဂ နိမိတ်ကို စက်ဆုပ်ဖွယ်ဟု စိတ်ထားလျက် နှလုံးသွင်းလျက် ကြည့်ရှုဖန်မျှားသောအခါ စျာန်အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ပဌမစျာန် အပ္ပနာဇောဝီထိ ကျလာ၏၊ ပဌမစျာန်ကို ရ၏။

ထိုပဌမစျာန်ကို ထက်သန်ကြီးထွားအောင် မြဲမြဲခိုင်ခံ့အောင် ဝသီဘော်နိုင်အောင် ပြုအပ်၏၊ ထိုသို့ ပြုပြီးမှသာလျှင် ဤနည်းအတူ ကြင်းသော ကောင္ဘသတို့ကိုလည်း စေ့အောင် နိမိတ်ယူ၍ ပဌမစျာန်ဇောကို ကျစေ အပ်၏။

[ဒုတိယစာမျက်နှာ]

ဤ ကာယဂတာ သတိ ကမ္မဋ္ဌာန်းသည်လည်း-အသုဘ ကမ္မဋ္ဌာန်း ကဲ့သို့ အာရုံရှုနှုန်ရင်း ကြမ်းတန်းခြင်းကြောင့် အထက် ဒုတိယဈာန်ကိုကား မဖြစ်စေနိုင်။

ဤသို့ ကာယဂတာ သတ္တိ ကမ္မဋ္ဌာန်း ကောင်္ဘာသ အသုဘ အာရုံဖြင့် ပဌမဈာန်ကို ရပြီး ထက်သန် အားကောင်းအောင်, မြဲမြံခိုင်ခံ့အောင်, ဝသီဘော်နိုင်အောင် ပြုပြီးသော ယောဂီပုဂ္ဂိုလ်သည် အထက် ဒုတိယဈာန် စသည်တို့ကို တက်လို ဖြစ်စေလိုသောအခါ ထိုကောင်္ဘာသတို့ကို အဆင်းကို နှလုံးသွင်း၍ ဝဏ္ဏကသိုဏ်းဖြစ်အောင် ရှု၍ တက်အပ်၏၊ တက်ရု၏။

မဂ်ဖိုလ်ကိုကူးလိုသောအခါ-ပထဝီဓာတ် ၂၀, အာပေါဓာတ် ၁၂-ပါး ဝေဖန်ပိုင်းခြား၍ ဓာတ်သုညတအနေရှု၍ တက်အပ်၏၊ တက်ရု၏။

ကာယဂတာသတိ ကမ္မဋ္ဌာန်း ပြီး၏။

(ည) အာနာပါနသတိကမ္မဋ္ဌာန်း ပွားများ အားထုတ်ပုံ

အာနာပါနသတိဟူသည်ကား-ထွက်သက် ဝင်သက်လေကို အာရုံပြု၍ ဖြစ်သော သတိကို ခေါ်သည်၊ ထိုအာနာပါနသတိကို ပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် စိတ်ကို သန်သန် ခိုင်ခိုင်ထား၍ ထွက်သက် ဝင်သက်လေကို မနှေး,မပြန်, မပျော့, မပြင်း မှန်မှန် ဖြစ်စေ၍ နှာခေါင်းပေါက်၌ စိတ်ထားလျက် ထွက်လေ, ဝင်လေကို သတိချပ်လျက် သိမှတ်အပ်၏၊ ထွက်လျှင် ထွက်မှန်း, ဝင်လျှင်ဝင်မှန်း သိအောင် ပြုရမည်၊ အမှုမဲ့ အမှတ်မဲ့ သတိမလစ်စေရ၊ သတ္တိသညာဖြင့် သိလိုက်, မှတ်မိလိုက်၍ သာလျှင် ထွက်စေအပ်၏၊ ဝင်စေအပ်၏။

ပဌမကဏ္ဍ-ပဌမခန်း

၁။ သော သတောဝ အဿာသတိ သတောဝ ပဿာသတိ။

ဒုတိယကဏ္ဍ-ဒုတိယခန်း

၂။ ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

[ဒုတိယ[illegible]]

တတိယကလ္ပ တတိယခန်း

၃။ သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

စတုတ္ထကလ္ပ-စတုတ္ထခန်း

၄။ ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

[ဥပရိပဏ္ဏာသ ပါဠိတော်]

၁။ သော၊ ထိုအာနာပါနဿတိ ကမ္မဋ္ဌာန်းကို အားထုတ်လိုသော ယောဂီ ပုဂ္ဂိုလ်သည်။ သတောဇ၊မလစ်စေမှု သတိပြု၍သာလျှင်။ အဿာသတိ၊ ထွက်သက် လွှတ်၏။ သတောဝ၊ မလစ်စေမှု သတိပြု၍သာလျှင်။ ပဿာသတိ၊ ဝင်သက်ရှု၏။

၂။ ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ အဿသန္တော၊ ထွက်သက် လွှတ်သည်ရှိသော်။ ဒီဃံ၊ရှည်စွာ။ အဿသာမီတိ၊ ထွက်သက်ငါလွှတ်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ ပဿသန္တော၊ ဝင်သက် ရှူသည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ ပဿသာမီတိ၊ ဝင်သက်ငါရှု၏ ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံ ဝါ၊ တိုစွာမူလည်း။ အဿသန္တော၊ ထွက်သက်လွှတ်သည်ရှိသော်။ ရဿံ၊တိုစွာ။ အဿာသာမီတိ၊ထွက်သက် ငါလွှတ်၏-ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံ ဝါ၊ တိုစွာမူလည်း။ ပဿသန္တော၊ ဝင်သက်ရှူသည်ရှိသော်။ ရဿံ၊ တိုစွာ။ ပဿသာမီတိ၊ ဝင်သက် ငါရှု၏-ဟူ၍။ ပဇာနာတိ၊ သိ၏။

၃။ သဗ္ဗကာယပဋိသံဝေဒီ၊ ထွက်သက်၏ အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းသည်။ဟုတ္တာ၊ဖြစ်၍။ အဿသိဿာမိ၊ ထွက်သက်လွှတ်ပေအုံ့။ ဣတိ၊ ဤသို့။သိက္ခတိ၊ အားထုတ်၏။ သဗ္ဗကာယပဋိသံဝေဒီ၊ ဝင်သက်၏ အစ, အလယ်, အဆုံး အကုန်လုံးထင်လင်းသည်။ ဟုတ္တာ၊ ဖြစ်၍။ ပဿသိဿာမိ၊ ဝင်သက်ရှုပေအုံ့။ဣတိ၊ ဤသို့။ သိက္ခတိ၊အားထုတ်၏။

၄။ ကာယသင်္ခါရံ။ ထွက်သက်ဟူသော ကာယသင်္ခါရကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်။ အဿသိဿာမိ၊ ထွက်သက် လွှတ်ပေအုံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

[ဒုတိယစာကြွင်း]

ကာယသခ်ါရုံ၊ ဝင်သက်-ဟူသော ကာယသခ်ါရကို၊ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်၊ ပဿသိဿာမိ၊ ဝင်သက်ရှုပေအုံ၊ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏။

ဆောင်ပုဒ်သံခိပ်–(က) သတိမြဲရာ၊ မဌမာ၊ ဒု-မှာ ရှည်တိုသိ။
(ခ) လုံးစုံလင်းရာ၊ တ-ဌ်သာ၊ စ-မှာ ငြိမ်းစေဘို့။

၁။ ပထမခန်းမှာ ထွက်သက် ဝင်သက်တို့၌ သတိမြဲမှုကို အားထုတ်ရသည်။

၂။ ဒုတိယခန်းမှာ ထွက်သက် ဝင်သက်တို့၌ ရှည်လျှင် ရှည်သည်ဟု, တိုလျှင် တိုသည်ဟု သိအောင် အားထုတ်ရသည်။

၃။ တတိယခန်းမှာ ထွက်သက် ဝင်သက်တို့ကို အစ, အလယ်, အဆုံး ထင်လင်းအောင် အားထုတ်ရသည်။

၄။ စတုတ္ထခန်းမှာ ရှန့်ရင်းသော ထွက်သက် ဝင်သက်တို့ကို အစဉ်အတိုင်း ချုပ်ငြိမ်းစေ၍ သိမ်မွေ့၍သွားအောင် အားထုတ်ရသည်။

(ဤကား စတုက္ကံ ၄-ခု အဓိပ္ပါယ်အကျဉ်းတည်း။

ပထမခန်း

၁။ ပထမခန်းမှာ အရှည်အတို့ စသည်တို့ကို နှလုံးမသွင်းနိုင်သေး၊ နှာသီး ဖျား၌သော်လည်းကောင်း, အထက်နှုတ်ခမ်းဖျား၌သော်လည်းကောင်း ထွက်သက် ဝင်သက်တို့၏ ထိမှုခိုက်မှု ထင်ရှားရာ တခုခုသောဌာန၌ စိတ်ကို ခိုင်မြဲစွာ စိုက်ထား၍ ထွက်တိုင်း ဝင်တိုင်း သိအောင် အားထုတ်ရသည်၊ ၁-နာရီ ၂-နာရီ စသည်ဖြင့် တတ်စွမ်းနိုင်သမျှ ကာလပတ်လုံး ထိုဌာန၌ စိတ်သည် ချည်နှောင်၍ ထားဘိသကဲ့သို့ ခိုင်မြဲစွာနေ၍ ထွက်သမျှ, ဝင်သမျှကို ၁-ခု မလွတ် သိမှုပိုင်နိုင်သည် တိုင်အောင် အားထုတ်ရသည်။

ပထမခန်း ပြီး၏။

ဒုတိယခန်း

၂။ ဒုတိယခန်းမှာ ထိုသို့ သိမှုပိုင်နိုင်ပြီးနောက် မိမိရှုသော ထွက်သက် ဝင်သက်ကို ရှည်လျှင် ရှည်မှန်း သိစေရမည်၊ တိုလျှင် တိုမှန်း သိစေရမည်၊ တယောက်သောသူ၏ တထိုင်တွင်းမှာပင် ရှည်သည့်အလှည့်,

တိုသည့်အလှည့်ရှိ၏၊ ရှည်မှုတိုမှုကို ၀-ခု မလွတ် သိအောင် အားထုတ်ရသည်၊ ထွက်သက် ဝင်သက် အထွက်အဝင် နှေးသည်ကို အရှည်ဆိုသည်၊ လျင်မြန်သည်ကို အတိုဆိုသည်၊ နှေးလျှင်နှေးမှု, မြန်လျှင်မြန်မှုကို သိစေရမည် ဆိုလိုသည်။

ဒုတိယခန်း ပြီး၏။

တတိယခန်း

၃။ တတိယခန်းမှာ ထိုသို့ အရှည် အတို သိမှု ပိုင်နိုင်ပြီးနောက် နှာသီးဖျားမှ ချက်တိုင်ကျအောင် ကိုယ်ကာယအတွင်း၌ ထွက်သက် ဝင်သက်တို့ကို အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းစွာ စိတ်မှာ မြင်ရအောင် အားထုတ်ရသည်။

တတိယခန်း ပြီး၏။

စတုတ္ထခန်း

၄။ စတုတ္ထခန်းမှာ ထိုသို့ အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းမှု ပိုင်နိုင်ပြီးနောက် ရှန့်ရင်းစွာသောထွက်သက်ဝင်သက်တို့ကို အဆင့်ဆင့် သိမ်မွေ့၍, သိမ်မွေ့၍ သွားအောင် အားထုတ်ရသည်၊ ငါ၌ ထွက်သက် ဝင်သက် ပျောက်၍ သွားပြီဟု ထင်ရအောင် အားထုတ်ရသည်။

[ဤကား ပထမစတုတ္ထဖါဋ္ဌိတော်မြတ်၏ ပါဌ်လျှောက်အဓိပ္ပါယ်တည်း။]

အဌကထာကြီးတို့နည်း

ယခုအခါ ဤပထမစတုက္ကအရာ၌ အဌကထာကြီးတို့မှာ လာသော နည်းလမ်းကို ပြဆိုပေအံ့။

ဂဏနာ—အနှေးအမြန်၊ အစဉ်မှန်၊ ၂-တန် ရေတွက်နည်း။

အနုဗန္ဓနာ—အမြဲအမြန်၊ အတွယ်သန်၊ တဖန် ဖွဲ့ထားနည်း။

ဌာပနာ—ငြိမ်ဝပ်ပျံ့ပျူး၊ စိတ်စိုက်စူး၊ အထူးစိတ်ထားနည်း။

အဓိပ္ပါယ်ကား—ထွက်သက်ဝင်သက်တို့၏ ထိခိုက်ရာဌာနသည် နှာသီးဖျား, အထက်နှုတ်ခမ်းဖျား—ဟူ၍ ၂-ဖါးရှိ၏၊ အချို့သော သူတို့အား နှာသီးဖျား၌ ထိခိုက်မှု ထင်ရှား၏၊ အချို့သော သူတို့အား အထက် နှုတ်ခမ်းဖျား၌ ထိခိုက်မှုထင်ရှား၏၊ မိမိ၌ ထင်ရှားရာ တခုခုကို အစွဲပြု၏၊ အစ၌ ရေတွက်

နည်းဖြင့် အားထုတ်ရာ၏၊ အလယ်၌ အစဉ်လိုက်နည်းဖြင့် အားထုတ်ရာ၏၊ အဆုံး၌ ထွက်သက် ဝင်သက်တို့၌ အခိုင်အမြဲ စိတ်ထားနည်းဖြင့် အားထုတ်ရာ၏။

ထို ၃-ပါးတို့တွင် ရေတွက်နည်းသည် နှေးနှေး ရေတွက်နည်း, မြန်မြန် ရေတွက်နည်းဟူ၍ ၂-ပါးရှိ၏၊ ထိုတွင်—

နှေးနှေးရေတွက်နည်းဆိုသည်ကား—ဌာန ၂-ပါးတွင် တပါးပါး၌ စိတ်ကို စိုက်ထား၍ ထွက်သက် ဝင်သက် ၂-ပါးကို နှလုံးသွင်းသောအခါ အစ၌ စိတ်မငြိမ်မသက်သေးသည့် အတွက်ကြောင့် ထွက်သက် ဝင်သက်တို့သည် အချက်တိုင်း အချက်တိုင်း စိတ်၌ ထင်ရှားကုန်သေးသည် မဟုတ်၊ မထင်ရှားသော အချက်စုလည်း ပါရှိကုန်သေး၏၊ ထို့ကြောင့် မထင်ရှားသော အချက်စုကို မရေတွက်မူ၍ ထင်ရှားသော အချက်စုကိုသာ ရေတွက်ခြင်းကြောင့် နှေးသော ရေတွက်နည်း ဖြစ်လေသတည်း။

ဝါရအကြိမ်ပြု၍ ဂဏနာရေတွက်နည်း

ရေတွက်ရာ၌လည်း—

၀-၂-၃-၄-၅-တွင် တဝါရ။
၉-၂-၃-၄-၅-၆-တွင် တဝါရ။
၁-၂-၃-၄-၅-၆-၇-တွင် တဝါရ။
၂-၂-၃-၄-၅-၆-၇-ဂ-တွင် တဝါရ။
၁-၂-၃-၄-၅-၆-၇-ဂ-ဇ-တွင် တဝါရ။
၁-၂-၃-၄-၅-၆-၇-ဂ-ဇ-၁၀-တွင် တဝါရ။
ဤသို့ ၆-ဝါရတို့ဖြင့် ရေတွက်ရာ၏။

[ပထမဝါရ, ဒုတိယဝါရ, တတိယဝါရ, စတုတ္ထဝါရ, မဉ္ဇမဝါရ, ဆဋ္ဌမဝါရ-ဟူ၍လည်း အစဉ်အတိုင်း ခေါ်ရ၏။]

[ဆဋ္ဌမဝါရ ၆-ကြိမ်မြောက်ပြီးလျှင် ပထမဝါရ အစ ရှေးဦးအကြိမ်သို့ ပြန်လေ၊ ၎င်း ၆-ဝါလုံးကိုမှ တဝါရ-ဟူလည်း ခေါ်ကြ၏။]

ရှေးဦးစွာ စိတ်ကို နှာခေါင်းဝ၌ စိုက်ထား၍ ထွက်သက် ဝင်သက် ၂-ပါးတွင် ထင်ရှားရာတခုခုကို ၁-ဟု ရေတွက်ရာ၏၊ ၎င်းနောက် ထွက်သက် ဝင်သက် ၂-ပါးပင် ထင်ရှားသည်ချည်း ဖြစ်၍လာခဲ့လျှင် အစဉ်အတိုင်း ၂-၃-၄-၅-ဟု ရေတွက်ရာ၏၊ မထင်မရှား ပါရှိခဲ့လျှင် ထို မထင်ရှားသော

အချက်ကို မရေတွက်မူ၍ ထင်ရှားသည့်အချက် မတွေ့သေးသမျှ ကာလ ပတ်လုံး တန့်ရပ်၍ ၁-၁-စသည်ဖြင့် ရေတွက်ဆဲအတိုင်းသာ ထပ်၍နေရာ၏၊ ထင်ရှားသော အချက်ပေါ်လာမှ ၂-စသည်ဖြင့် အထက်ဂဏန်းသို့ တက်၍ ရေတွက်ရာ၏၊ ၅-သို့ကျလျှင် ၁-ကပြန်ရာ၏။

ဤနည်းတူ ဒသကဝါရ ၁၀-ကြိမ်တိုင်အောင် ၆-ဝါရတို့၌ မထင်ရှား သော ထွက်သက် ဝင်သက် အချက်တို့ကို မရေတွက်မူ၍ ထင်ရှားသော ထွက်သက် ဝင်သက်တို့ကိုသာ ရွေးကောက်၍ ရေတွက်သောကြောင့် နှေးသော ရေတွက်နည်း ဖြစ်လေသတည်း။

ရေတွက်ဖန်များလတ်သော် ထင်ရှားသော အချက်များ၍ လာလတ္တံ့၊ ၁-၂-စသော ဂဏန်းချက်လည်း စိပ်၍ စိပ်၍ လာလတ္တံ့၊ ထွက်သက်အချက် ဝင်သက်အချက် ထင်ရှားသည်ချည်း ဖြစ်သော အခါ၌ ၁-၂-စသော ဂဏန်းချက်သည်လည်း မပြတ်မစဲ မြန်ရ၏၊ တခုကိုမျှ သတိမလွတ်စေရ၊ ထွက် သက် ဝင်သက် အစဉ်နှင့် ဂဏန်းအစဉ်သည် အခုန်အကျော် အလစ်အလပ်မရှိ အစဉ်မှန်စေရမည်၊ ၁-၂-စသော ဂဏန်းချမှုကိုလည်း နှုတ်ဖြင့်ရွတ်ဆိုဖွယ် မရှိ၊ စိတ်ဖြင့် ရေတွက်လျှင် ပြီးတော့သတည်း၊ အချို့သူတို့ကား ၆-ဝါရ အဆုံ၊ အဆုံးတွင် ပုတီးစေ့တလုံးတလုံးချ၍ တနေ့တနေ့လျှင် ပုတီးပတ်ပေါင်း မည်မျှ စိပ်မည်ဟု ပိုင်းခြား၍ စိပ်ကြကုန်၏၊ အာရုံမြန်မြန် ထင်နိုင်သည်သာ ပဓာနတည်း။

အကြင်အခါ၌ မရေတွက်သော်လည်း ရေတွက်သည်နှင့် ထပ်လူ ထွက်သက် ဝင်သက်တို့၏ ထိုဌာန၌ ထိတိုင်း ထိတိုင်း အသိမြဲစွဲ၏၊ အလုပ်ခွင်သို့ဝင်၍ နှလုံးသွင်းနေသမျှ ကာလပတ်လုံး တခုသော ထွက်သက်, တခုသော ဝင်သက် မျှ အမှတ်မဲ့လွတ်၍ သွားသည်မရှိပြီ၊ ထိုအခါမှစ၍ ရေတွက်မှုကို ရှုပ်သိမ်း၍ အနုဗန္ဓနာနည်းဖြင့် ရှုရာ၏။

အနှေးအမြန် အစဉ်မှန် ၂-တန် ရေတွက်နည်း ပြီး၏။

အနုဗန္ဓနာနည်း

အနုဗန္ဓနာနည်းဆိုသည်ကား— ရေတွက်ခန်းတွင် အစဉ်မှန်ခဲ့သည့် အတိုင်း ထိရာဌာန၌ စိတ်ကိုစိုက်ထား၍ ထွက်မှု ဝင်မှု အကြိမ်စဉ်အတိုင်း တကြိမ်မျှ မလွတ်စေရပဲ ထွက်မှု ဝင်မှုအစဉ်နှင့် နှလုံးသွင်းမှုအစဉ်ဖွဲ့တွယ် စွဲမြဲ၍နေအောင်

အားထုတ်မှုသည် အနုဗန္ဓနာမည်၏၊ ရေတွက်မှုမရှိပဲလျက် ရေတွက်နည်းမှာ သိမှုအစဉ် မှန်ခဲ့သည့်အတိုင်း သိမှုအစဉ်မှန်၍ နေအောင် တဖန် လိုက်စား အားထုတ်မှု ဆိုလိုသည်၊ အဘယ်မျှလောက် ကာလကြာမြင့်အောင် အနုဗန္ဓနာနည်းဖြင့် အားထုတ်ရာသနည်း-ဟူမူကား ပဋိဘာဂနိမိတ်ဖြစ်ပေါ်၍ လာသည့်တိုင်အောင် အားထုတ်ရာ၏။

ပဋိဘာဂနိမိတ်

ပဋိဘာဂနိမိတ် ဆိုသည်ကား— ပကတိသော ထွက်သက် ဝင်သက် လေအတိုင်းကို လွှန်၍ အဆင်းသဏ္ဌာန် အရောင်အလက်နှင့်တကွ လဲဝါဂွမ်းအစုံကဲ့သို့, လေအယဉ်ကဲ့သို့, မိုးကြယ်ကဲ့သို့, ပတ္တမြားလုံးကဲ့သို့, ပုလဲလုံးကဲ့သို့, ပုလဲသွယ်ကဲ့သို့ အစရှိသည်ဖြင့် တခုခု ထင်ပေါ် ဖြစ်ထွန်း၍ လာသော ပညတ္တိဓမ္မအထူးကို ပဋိဘာဂနိမိတ် ဆိုသည်။

ထိုပဋိဘာဂနိမိတ် ပညတ်အာရုံအထူး အထင်အရှားစိတ်အမြင်မှာ နှလုံးသွင်းတိုင်း ဖြစ်ပေါ်ထင်မြင်လာသောအခါမှ အနုဗန္ဓနာနည်းကို ရှပ်သိမ်းရမည်၊ ဂဏနာနည်း, အနုဗန္ဓနာနည်း ၂-ပါးမှာ ထိရာဌာနကို မလွှတ်ရသေး။

အမြဲအမြန် အတွယ်သန် တဖန်ဖွဲ့ထားနည်း ပြီး၏။

ဌပနာနည်း

ပဋိဘာဂနိမိတ် ထင်သည်မှစ၍ ဌပနာနည်းဖြင့် အားထုတ် ရာ၏။ ဌပနာနည်းဆိုသည်ကား-ပဋိဘာဂ နိမိတ်မည်သည် ပညတ်အာရုံ အထူးဖြစ်၍ အာရုံအသစ်ကဲ့သို့ ဖြစ်ပြန်၏၊ သဘာဝဓမ္မမျိုး မဟုတ်သောကြောင့် ကွယ်ပျောက်လည်း ကွယ်ပျောက်လွယ်၏၊ ကွယ်ပျောက်ပြန်လျှင် တဖန်ထင်မြင်ရန် အမှုလည်း ခဲခက်၏၊ ထို့ကြောင့် ထင်မြင်လာသော ပဋိဘာဂနိမိတ်ကို မကွယ်မပျောက်စေမူ၍ တနေ့တခြား ထင်ရှား ပွင့်လင်း၍ သွားအောင် ထိုအာရုံ၌ စူးစူးစိုက်စိုက် အားတိုက်ဖိစီး၍ စိတ်ကို ထားခြင်းသည် ဌပနာမည်၏။

ဤဌပနာနည်းသို့ ရောက်သောအခါ၌ မူကား အသပ္ပါယ ၇-ပါးကို ကြဉ်ရှောင်၍ သပ္ပါယ ၇-ပါးကို မှီဝဲရာ၏၊ အပ္ပနာကောသလ္လ ၁၀-ပါးကို ပြည့်စုံစေရာ၏။

[နုတိယအကြိမ်]

အသပ္ပါယ ၇-ပါး

၁။ ဘာဝနာမှု၏ ဆုတ်ယုတ်ကြောင်းဖြစ်သော နေရာဌာန,
၂။ ဆွမ်းခံရွာ,
၃။ စကားများမှု,
၄။ အပေါင်းအဖော်,
၅။ ဘောဇဉ်,
၆။ ဥတု,
၇။ ဣရိယာပုထ်,

[သပ္ပါယ ၇-ပါးဆိုသည်ကား ဘာဝနာမှု၏ တိုးပွာကြောင်းဖြစ်သော ထို ၇-ပါး ပင်တည်း။]

အပ္ပနာကောသလ္ထ ၁၀-ပါး

၁။ ကိုယ်အင်္ဂါနှင့်တကွ အသုံးအဆောင် ဝတ္ထုမျိုးသန့်ရှင်းမှု,
၂။ ထွက်သက် ဝင်သက် ဟူသော အာရုံနိမိတ်၌ လိမ္မာမှု,
၃။ တက်ကြွလွန်းသော စိတ်ကို ဖိနှိပ်မှု,
၄။ ဆုတ်နစ်လွန်းသောစိတ်ကို ချီးပင့်မှု,
၅။ ခြောက်သွေ့လွန်းသောစိတ်ကို ရွှင်စေမှု,
၆။ ညီညွတ်သောစိတ်ကို လျစ်လျူရှုမှု,
၇။ သမာဓိမရှိသော ပုဂ္ဂိုလ်ကို ကြဉ်ရှောင်မှု,
၈။ သမာဓိရှိသော ပုဂ္ဂိုလ်ကို မှီစဲမှု,
၉။ ဣရိယာ ၅-ပါးကို ညီညွတ်အောင်ပြုမှု,
၁၀။ အပ္ပနာစျာန်ကို ရခြင်းငှါ အမြဲညွတ်သော စိတ်ရှိမှု,
ပေါင်း ၁၀-ပါးတည်း။

ဤသို့သောအမှုတို့ကို ပြည့်စုံစွာပြု၍ ထိုပဋိဘာဂနိမိတ်၌ စိတ်ကို အစွဲကြီးစွဲ၍ အမြဲကြီး မြဲလေအောင် နေ့ရှည်လများ ရှုသောအားဖြင့် ပွားများစေရာ၏။

အဘယ်မျှလောက် ကြာမြင့်အောင် ဤဌပနာနည်းအားဖြင့် ပွားများအားထုတ်ရာသနည်း-ဟူမူကား ရူပါဝစရ စတုတ္ထစျာန် တိုင်အောင် သည် ဌပနာခေတ်ပေတည်း။

ငြိမ်ဝပ်ပျံ့ယျူး စိတ်စိုက်စူး အထူးစိတ်ထားနည်း ပြီး၏။

[နတိယအမြိုင်]

နိမိတ် ၃-ပါး, ဘာဝနာ. ၃-ပါးခွဲနည်း

ဂဏနာနည်း, အနုဗန္ဓနာနည်း, ဌပနာနည်း-ဟူသော နည်း ၃-ပါး တို့ဖြင့် အစဉ်အတိုင်း ပွားများဖြစ်ထွန်း၍ သွားရာ၌ နိမိတ် ၃-ပါး, ဘာဝနာ သမာဓိ ၃-ပါးခွဲနည်းကား=

၁။ ဂဏနာအခန်း၌ ထင်မြင်အပ်သော ထွက်သက် ဝင်သက် အာရုံသည် ပရိကမ္မနိမိတ်မည်၏။

၂။ အနုဗန္ဓနာအခန်း၌ ထင်မြင်အပ်သော ထိုအာရုံသည် ပင်လျှင် ဥဂ္ဂဟနိမိတ်မည်၏။

၃။ ဌပနာအခန်း၌ ထင်မြင်အပ်သော ပညတ်အာရုံသည် ပဋိဘာဂနိမိတ် မည်၏။

[ဤကား နိမိတ် ၃-ပါး ခြားနားပုံဆည်း။]

၁။ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်နှစ်ပါးအခိုက်၌ ပွားများသော ဘာဝနာ သမာဓိသည် ပရိကမ္မဘာဝနာ သမာဓိ မည်၏။

၂။ ဌပနာခေတ်တွင် အပွနာဈာန်သို မရောက်မီအကြား ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ပွားများသော ဘာဝနာ သမာဓိသည် ဥပစာရ ဘာဝနာ သမာဓိမည်၏။

၃။ စတုက္ကနည်း အားဖြင့် ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်-ဟု ဆိုအပ်သော ရူပါဝစရဈာန် ၄-ပါးသည် အပွနာ ဘာဝနာ သမာဓိ မည်၏။

အာနာပါနအလုပ်ကို အားထုတ်ရာ၌ ဂဏနာ, အနုဗန္ဓနာတို့ အခန်းတွင် ထွက်သက်ဝင်သက် စည်းဟူသော ကမ္မဋ္ဌာန်းအာရုံသည် အဆင့်ဆင့် သိမ်မွေ့၍သွားသဖြင့် ပျောက်ကွယ်၍ သွားသကဲ့သို့ ဖြစ်တတ်၏၊ ထိုအခါ စိတ်ကို ထိရာဌာန၌သာ ထားမြဲထား၍ အလွန် သိမ်မွေ့လှစွာသော ထိုအာရုံကို ထိုနေရာမှာပင် ရအောင်ယူနိုင်၍ ထိုအာရုံ ထင်ရှား ပေါ်ပြန်သည့်နောက် မကြာမီ ပဋိဘာဂ နိမိတ် ပေါ်လာလတ္တံ့၊ ဥပစာရဈာန်သို့ ဆိုက်လတ္တံ့၊ နီဝရဏတရား ၅-ပါးကွာပြီးသော ကာမာဝစရဘာဝနာ ဥပစာရ သမာဓိကို ဥပစာရဈာန်ဆိုသည်။

ဤ ကမ္မဋ္ဌာန်းအာရုံ၏ အဆင့်ဆင့် သိမ်မွေ့၍ ပျောက်ကွယ်မှုမှာ အဋ္ဌကထာနည်းလမ်း၌ သိမ်မွေ့၍ သွားအောင် တမင် အားထုတ်မှုကို မဆို၊

[ဒုတိယအကြိမ်]

သူ့အလိုအလျောက် အဆင့်ဆင့် သိမ်မွေ့၍သွားသည်ကို ဆို၏။ လောက၌ လည်း ဤ ကမ္ပဋ္ဌာန်းအလုပ်ကို အားထုတ်ကြရာ အဆင့်ဆင့် သိမ်မွေ့၍ သွားသဖြင့် ထွက်သက် ဝင်သက် ပျောက်ကွယ်၍ သွားသူများကို တွေ့မြင် ရဘူး၏။

ရှေ၌ ထုတ်ပြခဲ့ပြီးသော ပါဋ္ဌိတော်ပြုနောက်ဆုံး ဝါရ၌ကား-

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။
ဟု ဟောတော်မူ၏။

ဤ ပါဋ္ဌိတော်မြတ် အလိုမူကား— အနုဗန္ဓနာအခန်းသို့ ရောက်သော အခါ၌ ထွက်သက် ဝင်သက်ကို အဆင့်ဆင့် သိမ်မွေ့၍ သွားလေအောင် တမင် အားထုတ်ရမည်ပင် ဖြစ်၏။

[ဤအာရုံ ပျောက်ကွယ်ခန်းမှာ ကမ္ပဋ္ဌာန်းအစိအရင်၌ မလိမ္မာလော ယောဂီ ပုဂ္ဂိုလ်သည် ထွက်ဆက်ဝင်သက် ပျောက်ကွယ်၍ သွားခဲ့ပြီဟုထင်၏၊ ကမ္ပဋ္ဌာန်းအလုပ်ကို လွှတ်၍ ပစ်ဓတ်၏၊ သတိမူကြလေ။]

ပါဋ္ဌိတော်နှင့် အဋ္ဌကထာနှီးဓနှာပုံ

ထုတ်ပြခဲ့ပြီးသော ပါဋ္ဌိတော် ၄-ဝါရ၏ အရဖြစ်သော

၁။ သတိမြဲရာ၊ ပဌမာ၊ ဒု-မှာ ရှည်တိုသိ။

၂။ လုံးစုံလင်းရာ၊ တ-၌သာ၊ စ-မှာငြိမ်းစေသိ။

ဟူသော ၄-ချက်ကို ပြဆိုခဲ့ပြီးသော ဂဏနာ-အစရှိသော အဋ္ဌကထာနည်း လမ်းနှင့်နှီးနှောရာ၏။

နှီးနှောပုံကား- ထိရာဌာန၌ စိတ်ကို စိုက်ထား၍ ဂဏနာ နည်းအားဖြင့် အစဉ်မှန်စွာ ရေတွက်မှုသည် သတိမြဲရာ ပဌမာဖြစ်၏၊ နာရီအပိုင်းအခြားနှင့် ကမ္ပဋ္ဌာန်းအလုပ်ခွင်သို့ဝင်၍ နှလုံးသွင်းရာ အပသို့ ခဏ ခဏ တွက်ပြေးသော စိတ်ဝိတက်ကို ချိုးဖျက်ခြင်းငှာ ဂဏနာနည်းကို ပြုလုပ်ရသည်ဖြစ်၍ ဂဏနာ ခန်း၌ အရှည်အတို သိမှုကို တမင်အားထုတ်ဖွယ် မရှိသေး၊ "သတောဝ အဿသတို သတောဝ ပဿသတိ" ဟူသော ပါဋ္ဌိတော်မြတ်နှင့်အညီ ထွက်သက် ဝင်သက်၌ သတိစွဲမြဲ၍ အပသို့ ခဏ ခဏ ထွက်သော စိတ်ဝိတက်ငြိမ်းမှုကိုသာ ကောင်းစွာ ငြိမ်းအောင် အားထုတ်ရာ၏။

[ဒုတိယအကြိမ်]

ထို့ကြောင့် အဋ္ဌကထာ၌-

ဗဟိ ဝိသဋ္ဌဝိတက္ကဝိစ္ဆေဒံ ကတ္ဝာ အဿာသ ပဿာသာရမ္မဏေ သတိ သဏ္ဌာပနတ္တံယေဝ ဟိ ဂဏနာ။

ဟူ၍ မိန့်ပြီ။

ဂဏနာ၊ ရေတွက်ခန်းမည်သည်။ ဗဟိ၊ မိမိကိုယ်အင်္ဂါမှ အပ အလွတ်၌။ ဝိသဋ္ဌ ဝိတက္က ဝိစ္ဆေဒံ၊ ဘဝအဆက်ဆက် ပျံ့နှံ့ ပြေးသွား၍နေသော စိတ်ဝိတက်အလျဉ်၏ ပြတ်ခြင်းကို။ ကတ္ဝာ၊ ပြု၍။ အဿာသ ပဿာသာ ရမ္မဏေ၊ မိမိကိုယ်အင်္ဂါဖြစ်သော ထွက်သက် ဝင်သက်ဖြစ်သော အာရုံ၌။ သတိသဏ္ဌာပနတ္တံယေဝ၊ သတိကို ခိုင်မြဲစွာ ထားခြင်းငှာသာလျှင်။ ဟောတိ၊ ဖြစ်၏။

ဂဏနာခန်းပြီးစီး၍ အနုဗန္ဓနာခန်းသို့ ရောက်သောအခါ၌ "ဒီယံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ" အစရှိသော ဒုတိယ ဝါရ ပါဋ္ဌိတော်မြတ်နှင့်အညီ ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာထားမှုနှင့်တကွ အရှည် အတို သိမှုကိုလည်း အစဉ်မှန်စွာသိအောင် သတိပြုရာ၏။ အရှည်အတိုသိမှုကို သတိပြုရာ၌ ထွက်သက် ဝင်သက်တို့ကို အစ, အလယ်, အဆုံး အစဉ်လိုက်၍ တမင်အာရုံပြုရသည်မဟုတ်၊ စိတ်ကို ထိရာဌာန၌ ခိုင်မြဲစွာ ထားမြဲထား၍ အရှည်အတိုကိုလည်း အစဉ်မှန်စွာ သိအောင် ငါသတိပြုမည်ဟု ဥဿာဟ တခုတိုး၍ ပြုရုံမျှသာတည်း၊ ရှည်သောအကြိမ်မှာ ထိရာဌာန၌ ထိခိုက်မှု တာရှည်၏၊ တိုသောအကြိမ်မှာ ထိရာဌာန၌ ထိခိုက်မှုတာတို၏၊ ထိခိုက်ချက် တာရှည်မှု, တာတိုမှုကို သိ၍ အရှည်အတို့ကို သိ၏။

စိတ်၏ ဗျာပါရမည်သည် အလွန်ပျံ့နှံ့နိုင်သော သဘောသတ္တိရှိသော ကြောင့် ထိရာဌာန၌ပင် စိုက်၍ထားငြားသော်လည်း ထိရာဌာနမှ အတွင်း၌ ထွက်၍လာသောအလား, ဝင်၍သွားသောအလား များသည်လည်း အလိုလို ထင်မြင်လာလတ္တံ့။

အရှည် အတိုသိမှု စွဲမြဲသောအခါ၌-

သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊

သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

ဟူသော တတိယ ဝါရ ပါဋ္ဌိတော်မြတ်နှင့်အညီ ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာစိုက်ထား၍ အရှည် အတို သိမှုနှင့်တကွ ထွက်သက်ကို အစ, အလယ်,

အဆုံး အကုန်လုံး ထင်လင်းစေမှု၊ ဝင်သက်ကို အစ,အလယ်,အဆုံး အကုန်လုံး ထင်လင်းစေမှုကို အထူးအားထုတ်ရာ၏၊ ထွက်သက် လွှတ်မည် ရှိခဲ့လျှင် အမှတ်တမဲ့ မလွှတ်မူ၍ ဝမ်းတွင်း၌ ဖြစ်ပေါ်သော အစမှစ၍ ထိရာဌာန တိုင်အောင် ထွက်သက်သဏ္ဌာန်ကို စိတ်၌ထင်ရှားအောင်ပြု၍ ထွက်သက်လွှတ် မည်ဟု ဥဿာဟပြု၍ ပြု၍ လွှတ်ရမည်၊ ထိရာဌာနမှစ၍ ဝမ်းတွင်း၌ ဆုံးရာ ဌာနတိုင်အောင် ဝင်သက်သဏ္ဌာန်ကို စိတ်၌ထင်ရှားအောင်ပြု၍ ဝင်သက် ရှုမည်ဟု ဥဿာဟပြု၍ ရှုရမည်။

ထိုသို့ ပြုရာ၌လည်း နှာသီးဖျားဟု ဆိုအပ်သော ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာ ထားမြဲထား၍သာ ဥဿာဟပြုရမည်၊ ထိရာဌာန၌ စိတ်ထားမှုကို လွှတ်၍ မလိုက်ရ၊ ထိရာဌာနကို လွှတ်၍ မလိုက်သော်လည်း အစ, အလယ်, အဆုံး အကုန်လုံးထင်ရှားစေမည်-ဟူသော ဥဿာဟနှင့်တကွ ထိရာဌာန၌ စိတ်ကိုစိုက်၍ ထားလျှင်ပင် တစ တစအားဖြင့် ထွက်သက် ဝင်သက်တို့သည် အစ, အလယ်, အဆုံး အကုန်လုံး အလိုလို ထင်ရှားလာကုန်လတ္တံ့။

အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းစွာ ထင်မြင်သောအခါ၌-

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

ဟူသော စတုတ္ထပါဋ္ဌိတော်မြတ်နှင့်အည့် အဆင့်ဆင့် ရှန့်ရင်းမှု၏ ချုပ်ငြိမ်း ခြင်း, အဆင့်ဆင့် သိမ်မွေ့ခြင်း ကွယ်ပျောက်၍ သွားပြီ ထင်ရအောင် သိမ်မွေ့ခြင်းသို့ အလိုအလျောက် မရောက်ခဲ့သည်ရှိသော် ထိုသို့ သိမ်မွေ့ခြင်းသို့ ရောက်အောင် အားထုတ်မည်-ဟူသော ဥဿာဟကိုပြု၍ ထွက်သက် ဝင်သက် ကို ဖြစ်စေရမည်၊ အမှတ်တမဲ့ မဖြစ်စေရာ။

အဌကထာနည်း၌ကား—

ဂဏနာခန်းမှစ၍ပင် အလို့အလျောက် အဆင့်ဆင့် သိမ်မွေ့၍သွားမှု, ကွယ်ပျောက်သော အခြင်းအရာသို့ ရောက်မှုကို ပြပေ၏၊ အလိုအလျောက် ကွယ်ပျောက်သူများကိုလည်း ငါတို့တွေ့မြင်ရဘူး၏။

ဂဏနာ ဝသေနေဝ ပန မန်သိကာရကာလတော ပဘုတိ အနုက္ကမတော သြဋ္ဌာရိကအဿာသပဿာသနိရောဓဝသေန ကာယဒရထေ ဝူပသန္တေ ကာယောပိ စိတ္တံ လဟုကံ ဟောတိ၊ သရီရံ အာကာသေ လဿ်နာ-ကာရပ္ပတ္တံဝိယ ဟောတိ။

[ခုတိယအကြိမ်]

အနက်။ ။ပန၊ အထူးဖြစ်ကတ်ပုံကို ပြဆိုပေအံ့။ ဂဏနာဝသေနေဝ၊ ဂဏနာနည်း၏ အစွမ်းဖြင့်သာလျှင်။ မနသိကာရ ကာလတော၊ နှလုံးသွင်းသော ကာလမှ။ ပဘုတိ၊ အစပြု၍။ အနုက္ကမတော၊ အစဉ်အားဖြင့်။ သြဋ္ဌာရိကအဿာသ၊ ဿာသနိရောဓဝသေန၊ ရှန့်ရင်းရှန့်ရင်းသော ထွက်သက်ဝင်သက်တို့၏ အဆင့်အဆင့် ချုပ်ငြိမ်းသည်၏ အစွမ်းဖြင့်။ ကာယဒရထေ၊ ကိုယ်တွင်းသန္တာန် ပူပန်ချောက်ချားမှုသည်။ ဝူပသန္တေ၊ ငြိမ်းလတ်သော်။ ကာယောပိ၊ ရူပကာယ တခုလုံးသည်လည်းကောင်း။ စိတ္တံပိ၊ စိတ်သည်လည်းကောင်း။ လဟုကံ၊ ပေါ့ပါးသည်။ ဟောတိ၊ ဖြစ်၏။ သရီရံ၊ ကိုယ်ကောင်သည်။ အာကာသေ၊ ကောင်းကင်၌။ လဿ်နာကာရပ္ပတ္တံဝိယ၊ ပျံတက်လွင့်ပါးတော့မည့် အခြင်းအရာသို့ ရောက်သကဲ့သို့။ ဟောတိ၊ ဖြစ်၏။

[ထက်ဝယ်ဖွဲ့ခွေ ထိုင်နေရာမှ မြေနှင့်လက်လေးသစ်ခန့် ကွာအောင် ကောင်းကင်သို့ တက်ကြွ၍ နေသူများကို ကြားရဘူး၏။]

ဤသို့ ကွယ်ပျောက်သော အခြင်းအရာသို့ ရောက်သောအခါ ထိရာဌာန၌ စိတ်ကိုခိုင်မြဲစွာ စိုက်ထား၍ ထိုအာရုံကို အရယူသဖြင့် တဖန်ပေါ်လွင်ထင်ရှား၍ လာသည်ရှိသော် ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာ၏၊ ထိုအခါ ကြောက်ခြင်း, လန့်ခြင်း, အိပ်ခြင်း, ပျင်းရိခြင်း- စသော နီဝရဏတရားတို့ ကျွတ်ကွာသဖြင့် ဥပစာရစျာန်ကို ရ၏။

[ဤကား ပထမစတုက္ကပါဋိဒေဝီနည်းနှင့် အဌကထာနည်းကို နှီးနှောပြပုံကည်း။]

အဌကထာ၌–ဂဏနာ, အနုဗန္ဓနာ, ဖုသနာ, ဌပနာ, သလ္လက္ခဏာ, ဝိဝဋ္ဌနာ, ပါရိသုဒ္ဓိ-ဟူ၍လာသော အာနာပါန ကမ္မဋ္ဌာန်း ၇-ခဏ်းတို့တွင် ဖုသနာ–ဟူသော ထိရာဌာနနှင့်တကွ ဂဏနာအခန်း, အနုဗန္ဓနာအခန်း, ဥပစာရစျာန်ဟု ဆိုအပ်သော ဌပနာအခန်းများကို ပြဆိုမှုပြီး၏၊ ဤ ပထမ စတုက္ကသည် လိုရင်းပဓာနတည်း၊ ယခုအခါ၌ ဤ ပထမ စတုက္ကအလုပ်ပြီးစီးလျှင်ပင် သမထ ဝိပဿနာ လိုရာအလုပ်ကို လုပ်နိုင်ပြီ။

[ဤကား အာနာပါနဿတိကမ္မဋ္ဌာန်းပွားများ အားထုတ်ပုံတည်း။]

အနုဿတိကမ္မဋ္ဌာန်း ပြီး၏။

၇-ဗြဟ္မဝိဟာရ ကမ္ပဋ္ဌာန်းကို ပြဆိုခန်း

(က) မေတ္တာဗြဟ္မဝိဟာရကမ္ပဋ္ဌာန်းပွားများ အားထုတ်ပုံ

ဗြဟ္မဝိဟာရ ၄-ပါးတို့တွင် မေတ္တာဗြဟ္မဝိဟာရကို ပွားများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ဤသို့ ပွားများရာ၏။

ကုသိုလ်ရရုံ ပွားများနည်း

မေတ္တာပွားများနည်းသည် ကုသိုလ်ရရုံ ပွားများနည်း, စျာန်အပွနာရအောင် ပွားများနည်းဟု ၂-မျိုးရှိသည်၊ ထို ၂-မျိုးတို့တွင် ကုသိုလ်ရရုံ ပွားများနည်းမှာ တကျောင်းလုံး, တတိုက်လုံး, တအိမ်လုံး, တရွာလုံး, တမြို့လုံး-စသည်ဖြင့် သတ္တဝါအများကို တလုံးတည်းအာရုံပြု၍ ဤသတ္တဝါတို့သည် ချမ်းသာပါစေ, သတ္တဝါခပ်သိမ်း အကုန်လုံး ချမ်းသာပါစေ, ကိုယ်ရောစိတ်ရော ချမ်းသာပါစေ-ဟု ချမ်းသာစေလိုသော စိတ်ဆန္ဒ အဖန်ဖန် ဖြစ်ရသည်၊ ပွားများရသည်။

ထိုသို့ ဖြစ်ရာ ပွားများရာမှာလည်း အလွန် သားငယ်အား ချစ်ခင်သော မိခင်သည် အချိန်လွန်ခါနီးမှ ရရှိလာသော တယောက်တည်းသော သားငယ်ကို အလွန်သနားစောင့်ရှောက် ချစ်ခင်ဘိသကဲ့သို့ တကယ်အမှန် ချမ်းသာစေလိုသော စိတ်ဆန္ဒဖြစ်မှသာ မေတ္တာတည်း၊ စိတ်ကမပါပဲနှင့် နှုတ်ကချမ်းသာပါစေ-ဟု ဆိုရုံနှင့် မေတ္တာမဟုတ်၊ စိတ်ကချမ်းသာစေလိုသော ဆန္ဒမရှိပါပဲနှင့် "အဝေရာ ဟောန္တု, အဗျာပဇ္ဇာ ဟောန္တု" စသည်ကို အနက်ပါဋ္ဌိရှတ်၍ နေငြားသော်လည်း ထိရောက်သော မေတ္တာပို့-ဟုမဆိုသာ၊ ကုသိုလ်ရရုံမျှသာ ဖြစ်လေသောကြောင့် မေတ္တာဘာဝနာဟု ဆိုရသည်။

ကုသိုလ်ရရုံ မေတ္တာပွားများနည်း ပြီး၏။

စျာန်ရအောင် မေတ္တာပွားများနည်း

စျာန်ရအောင် မေတ္တာပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် "ငါသည်လည်း ဆင်းရဲဒုက္ခကို မုန်း၏၊ ချမ်းသာသုခကို အလိုရှိ၏၊ နှစ်သက်၏၊ ခပ်သိမ်းသော သတ္တဝါတို့သည်လည်း ငါကဲ့သို့ ဆင်းရဲဒုက္ခကို မုန်းကြ၏၊ ချမ်းသာသုခကို အလိုရှိကြ၏၊ နှစ်သက်ကြ၏၊ ငါလည်း ချမ်းသာသုခကို အလိုရှိ၏၊ သတ္တဝါ ခပ်သိမ်းလည်း ချမ်းသာသုခ ရကြပါစေ"ဟု ခပ်သိမ်းသော သတ္တဝါတို့၌ ချမ်းသာစေလိုသော စိတ်ဆန္ဒကို ညွှတ်စေ၍-

[ဒုတိယအကြိမ်]

ဤယခုနေ့မှ စ၍ ရှေးလွန်ခဲ့ပြီးသော ၂-နှစ် ၃-နှစ်လောက်ကျအောင် သော်လည်းကောင်း, ၅-နှစ် ၁၀-နှစ် လောက်ကျအောင် သော်လည်းကောင်း, ထိုထက် အလွန်သော်လည်းကောင်း၊ ဤအတွင်း၌ မိမိသွားဖူးသမျှ, ရောက်ဖူးသမျှ, နေဖူးသမျှ အရပ်တို့၌ မိမိနှင့် တွေ့ဖူး, မြင်ဖူး, ကြုံဖူး, စကားပြောဖူး, အတူနေဖူး, အတူထိုင်ဖူး, အချင်းချင်း ကျေးဇူးပြုဖူးသမျှသော ပုဂ္ဂိုလ်ကြီးငယ်တို့ကို အကုန်ပြန်၍ စဉ်းစား၍, တွေး၍, အမှတ်ရ၍, ဤယခု တွေ့ဖူး, ကြုံဖူးသော ပုဂ္ဂိုလ်ကြီးငယ်မှစ၍ နောက်ပြန် အစဉ်အတိုင်း ဤသူသည် ငါကဲ့သို့ အသက်နှင့်သူပဲ၊ ချမ်းသာချင်ရှာတယ်၊ ချမ်းသာပါစေ၊ တစုံတရာမှ ရောဂါဝေဒနာ ဘေးရန်အန္တရာယ် မတွယ်မငြိပါစေနှင့်။ ချမ်းသာပါစေ၊ ကိုယ်ရော စိတ်ရော ချမ်းသာပါစေ-ဟု မိမိတွေ့ဖူးသမျှ, ကြုံဖူးသမျှ, ပုဂ္ဂိုလ်ကြီးငယ် သတ္တဝါတို့ကို တယောက်ချင်း, တယောက်ချင်း နောက်ပြန် အစဉ်အတိုင်း မေတ္တာပို့၍ သွားရာ၏၊ မိမိနှင့် မတွေ့ မမြင်ဖူး ငြားသော်လည်း အဝေးက လှမ်း၍ မိမိကို ကျေးဇူးပြုဖူးတဲ့သူ- ဆိုလျှင် တိရစ္ဆာန်ကလေးတောင် မကျန်စေနှင့်၊ အကုန်ပါအောင်ပို့။

ဤသို့ နောက်ပြန် အစဉ်အတိုင်း မေတ္တာပို့သွား၍ ၁၀-နှစ်လောက်က တွေ့ကြုံဖူးတဲ့ အဆုံးစွန် ပုဂ္ဂိုလ်သို့ကျလျှင် ထိုသူမှ တဖန် လှည့်ပြန်၍ ယခု တွေ့ဖူးတဲ့သူ ကျအောင် အနုလုံ အစဉ်အတိုင်း တယောက်ချင်း တယောက်ချင်း ပို့၍လာရာ၏၊ ကာယဂတာသတိ ပွားများရာ၌ ကောဌာသတို့ကို အနုလုံ, ပဋိလုံ အခေါက်ခေါက် အပြန်ပြန် ကြည့်ရှုဘိကဲ့သို့ မိမိ တွေ့ကြုံးဖူးသမျှ ပုဂ္ဂိုလ် သတ္တဝါတို့ကို နောက်ပြန် ရှေ့ပြန် ပဋိလုံ, အနုလုံအားဖြင့် တယောက်ချင်း, တယောက်ချင်း အခေါက်ခေါက် အပြန်ပြန် မေတ္တာ ပို့၍ ပို့၍ သွားသည်ရှိသော် ဤသတ္တဝါတွေထဲ၌ တဏှာ ပေမ မဖက်ပဲ ကုသိုလ်မေတ္တာသက်သက်ဖြင့် ချစ်ခင်နှိုင်သော အချစ်ခင်ဆုံး, မေတ္တာစိတ် ကြပ်ကြပ်အံသက်ဝင်ဆုံး ပုဂ္ဂိုလ်တယောက်ကို တွေ့လတ္တံ့။

ထိုပုဂ္ဂိုလ်ကို့သာ စိတ်နှင့် ဉာဏ်နှင့် ကြည့်၍ ဤသူသည် ငါ့အား သနားချစ်ခင်ရှာတယ်၊ ဤမည်သော, ဤမည်သော ကျေးဇူးဥပကာရ ပြုရှာဖူးတယ်၊ စောင်မရှာတယ်၊ ဤသူသည် ငါကဲ့သို့ အသက်နှင့် သတ္တဝါဖြစ်တယ်၊ ဆင်းရဲကို မုန်းရှာတယ်၊ ချမ်းသာသုခကို နှစ်သက် လိုချင်ရှာတယ်၊ ချမ်းသာချင်ရှာတယ်၊ ချမ်းသာပါစေ၊ တစုံတခု ရောဂါဝေဒနာ ဘေးရန်အန္တရာယ်

မတွယ်မငြိပါစေနှင့်၊ ကိုယ်ရော စိတ်ရော အေးအေးမြမြ ချမ်းသာပါစေ-ဟု ထိုပုဂ္ဂိုလ်ကို ခြေဖျားမှသည် ဦးခေါင်း ဦးရေကျအောင်, ဦးခေါင်းဦးရေ မှသည် ခြေဖျားကျအောင် အပြင်ရော အတွင်းရော တကိုယ်လုံး အနှံအပြား မေတ္တာစိတ် ဖြန့်ဖြန့်နှံနှံ ပို့သရာ၏၊ နှလုံးတွင်းရှိ စိတ်ကလေးကိုလည်း မေတ္တာ စိတ်နှင့် ဝင်၍ ဤသူ၏ စိတ်ကလေးသည် ပူလောင်ခြင်း ဆင်းရဲခြင်းမရှိ ချမ်းသာပါစေဟု ဖြန့်နှံပို့သရာ၏။

ဤကဲ့သို့ အဖန်ဖန် မေတ္တာစိတ် ဖြန့်နှံ၍ပို့သနေလျှင် ကြာသောအခါ ထိုပုဂ္ဂိုလ်ကို မျက်စိနှင့် မြင်ရဘိသကဲ့သို့ ထင်မြင်၍, အနီး၌ ချဉ်းကပ်၍ နေဘိသကဲ့သို့ ထင်မြင်၍လာ၏၊ ချစ်ခင်ခြင်း မေတ္တာစိတ်လည်း အလွန် အားကြီး၍လာ၏၊ မေတ္တာစိတ်တွေ တဖွားဖွားဖြစ်၍ ထိုပုဂ္ဂိုလ်၌သာ တွယ်၍ နေတော့၏၊ များစွာ မပြေးလွင့်တော့ပြီ၊ ထိုအခါ ဥဂ္ဂဟနိမိတ်ရပြီ-ဟူ၍မှတ်၊ ဥဂ္ဂဟဖြစ်အောင် ထင်မြင်ရသော ထိုပုဂ္ဂိုလ်ကို အဖန်ဖန် မေတ္တာစိတ် ဖြန့်နှံ ပို့သသည်ရှိသော် ကြာသောအခါ စိတ်သည် ထိုပုဂ္ဂိုလ်၌ တွယ်၍ အလွန် ငြိမ်သက် တည်ကြည်၍ ဈာန်အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ပထမဈာန်ဇော အပွနာ ဝီထိကျလာ၏၊ ပထမဈာန်ကို ရ၏။

ထိုသို့ ပထမဈာန်ကို ရပြီးသော ယောဂီသည် ထိုပုဂ္ဂိုလ်ကို ပင်လျှင် အာရုံ ပြု၍ မေတ္တာစိတ် ဖြန့်နှံ့ပို့သ၍ ကသိုဏ်း၌ ဆိုခဲ့ပြီးသော နည်းအတိုင်း အထက် ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် ကျအောင် တက်အပ်၏၊ ဖြစ်စေ အပ်၏၊ ဤသို့ တဦးတည်းသော ပုဂ္ဂိုလ်ကို မေတ္တာစိတ် ဖြန့်နှံ့ပို့သ၍, အာရုံ ပြု၍, စတုတ္ထဈာန်ကျအောင် ရပြီး၍ ဝသီဘော်နိုင်ပြီးသောအခါ မိမိတွေ့ဖူး ကြုံဖူး၍ ပထမ မေတ္တာပို့၍ ချန်ထားခဲ့သော ပုဂ္ဂိုလ်တို့ကိုလည်း တယောက် ချင်း, တယောက်ချင်း စေ့အောင် ဤနည်းတူ မေတ္တာစိတ် ဖြန့်နှံ့ပို့သ၍, အာရုံ ပြု၍ စတုတ္ထဈာန်ကျအောင် ဖြစ်စေအပ်၏။

ထို့နောင် မိမိ မတွေ့ဖူး သော်လည်း ကြာဖူးသမျှသော အရပ် ၁၀-မျက်နှာရှိ အလုံးစုံသော သတ္တဝါတို့ကို တယောက်ချင်း သော်လည်း ကောင်း, အပေါင်းများစွာကို တလုံးတည်း အာရုံပြု၍သော်လည်းကောင်း မေတ္တာစိတ် ဖြန့်နှံ့ပို့သ၍, အာရုံပြု၍ စတုတ္ထဈာန်ကျအောင် ဖြစ်စေအပ်၏။

မိမိ၏ရန်သူပုဂ္ဂိုလ်

ထိုသို့ မေတ္တာပို့ရာ၌ ထိုပုဂ္ဂိုလ် အပေါင်းတို့တွင် မိမိမုန်းသော ငြိုးသော ရန်သူရန်ဖက်များတွေ့ရှိ၍ ထိုရန်သူ၌ အကယ်၍ မေတ္တာဈာန် မဖြစ်နိုင်ပဲ

မဝင်စားနိုင်ပဲ မုန်းသောစိတ်, မြင်ပြင်းကပ်သောစိတ်, ဒေါသစိတ်များ ဖြစ်ပေါ်လာခဲ့လျှင်—

"နသော ဘိက္ခဝေ သတ္တော သုလဘရူပေါ၊
ယော နမာတာဘူတပုဗ္ဗော"။

စသော ဘုရားရှင် ဟောကြားတော်မူသော အနမတဂ္ဂသုတ်တော်မြတ် အတိုင်း ထိုရန်သူသည် အသင်၏ရန်သူ မဟုတ်၊ ရှေးရှေးဘဝတို့က အမိအဖ စသည်ဖြစ်၍ အသင့်အား ကျေးဇူးပြုဘူးလှပြီ၊ ဤစိတ်ထဲ၌ ဖြစ်ပေါ် လာသော ဒေါသသည်သာလျှင် အသင်၏ ရန်သူတည်း၊ ထိုပုဂ္ဂိုလ်သည် အသင့်ကို စျာန်မှလျော့အောင်လည်း မလုပ်၊ ငရဲသို့ ကျအောင်လည်းမချ၊ အသင်၏ရန်သူ မဟုတ်၊ ဤဒေါသသည်သာလျှင် အသင့်ကို စျာန်မှလျော့ ကျအောင် ညှဉ်းဆဲသော, ငရဲကျအောင်ချသော ရန်သူကြီးတည်း။

အသင်သည် ရန်သူမဟုတ်သောသူကို မမုန်းနှင့်၊ မမြင်ပြင်းနှင့်၊ ရန်သူ ဖြစ်သော ဒေါသကိုသာ မုန်းလော့၊ မြင်ပြင်းလော့၊ ပယ်ဖျက် သတ် ဖြတ်လော့-ဟု မိမိကိုယ်ကို မိမိဆုံးမ၍ မိမိ၏ရန်သူ အစစ်ဖြစ်သော အမျက်ဒေါသကိုသာလျှင် သတ်ဖြတ် ပြေငြိမ်းစေ၍ ထိုရန်သူ ပုဂ္ဂိုလ်၌ ရှေးရှေးက အမိအဖစသည် ဖြစ်ဘူးသော အဖြစ်ကို အောက်မေ့ဆင်ခြင်၍ ယခူလည်း အမိရင်း, အဖရင်း-စသည် ကဲ့သို့ မှတ်လျက် မေတ္တာစျာန်ကျစေ ဖြစ်စေအပ်၏။

အကယ်၍ အမိအဖ-စသည်ကဲ့သို့ မမှတ်နိုင်ပဲ သူစိမ်းအနေနှင့် ထင်၍ နေလျှင် ဩော်....သူလဲ ငါ့လိုပဲ၊ အသက်နှင့်အကောင်ပဲ၊ ဆင်းရဲဒုက္ခကို မုန်းရှာတယ်၊ ချမ်းသာသုခကို နှစ်သက်လိုလားရှာတယ်၊ ချမ်းသာချင်ရှာ တယ်၊ ချမ်းသာပါစေ-ဟု ကိုယ်ချင်းစာ၍ မေတ္တာစျာန်ဇော ကျစေ, ဖြစ်စေ အပ်၏၊ အကယ်၍ ဤကဲ့သို့လည်း ကိုယ်ချင်းမစာနိုင်၍ မုန်းစိတ်မပျောက် ခဲ့ပဲ မေတ္တာစျာန်ဇော ထိုသူ၌ မကျင့်နိုင်ခဲ့ငြားအံ့၊ ထိုသို့ ဖြစ်ခဲ့လျှင် သူခပ် သိမ်းတို့၌ မေတ္တာစျာန်ဇော ကျစေပြီးမှ နောက်ဆုံးမှ ဤရန်သူလူမုန်း၌ ကျစေအပ်၏။

ရန်သူ မဟုတ်သော သူတို့၌ မေတ္တာစျာန်ဇော ကျဖန် ဖြစ်ဖန်များ၍ မေတ္တာစိတ် ထက်သန် အားကောင်းသောအခါ အလွန်မုန်းသော ရန်သူ ၌လည်း မေတ္တာစျာန် ဖြစ်နိုင်တော့၏၊ အကယ်၍ ဤကဲ့သို့ စျာန်ဇော မကျစေ

နိုင်ငြားအံ့၊ ထိုသို့ဖြစ်ခဲ့လျှင် ထိုရန်သူလူမုန်းကို နှလုံးမသွင်းအပ်၊ အာရုံမပြုအပ်၊ မေတ္တာမပို့အပ်၊ တောထဲ၌ရှိသော မြက်မှိုက်ထင်းချောင်းတို့နှင့် အတူသာ ထားအပ်တော့သည်၊ ရှိသည်ဟူ၍ဖင် မမှတ်အပ်၊ အနာရမ္မဏ ဥပေက္ခာပြုအပ်၏၊ မေတ္တာစျာန်ဇော ကျစေနိုင်သော ထိုရန်သူမှကြွင်းသော ခပ်သိမ်းသော သတ္တဝါတို့ကို သာလျှင် မေတ္တာစျ န်ဇော ဖြန့်နှံပို့သအပ်၏။

မေတ္တာဗြဟ္မဝိဟာရပွားများပုံ ပြီး၏

(၁-ဂ) ကရုဏာ, မုဒိတာဗြဟ္မဝိဟာရပွားများအားထုတ်ပုံ

ကရုဏာ, မုဒိတာတို့ကို ပွားများနည်းသည်လည်း မေတ္တာနည်းတူပင် ကုသိုလ်ရရုံ ပွားများနည်း, စျာန်အပွနာကို ရ အ ပွားများနည်း-ဟု ၂-မျိုးရှိသည်။

ကုသိုလ်ရရုံပွားများနည်း

ထို ၂-မျိုးတို့တွင် ကုသိုလ်ရရုံ ပွားများနည်းမှာ သားကို ချစ်ခင်တတ်သော အမိသည် ထိုမိမိသားငယ် ဆင်းရဲဒုက္ခရောက်၍ နေလျှင် ထိုဆင်းရဲ ဒုက္ခမှ အလွန် လွတ်စေချင်ဘိသကဲ့သို့ အလွန်သနားခြင်း ဖြစ်ဘိသကဲ့သို့ ထိုမိမိသား စည်းစိမ်ချမ်းသာနှင့် ပြည့်ပြည့်စုံစုံ ခံစံ၍ ချမ်းချမ်းသာသာ ပျော်ပျော်ရွင်ရွင် နေသည်ကို တွေ့မြင်ရလျှင်လည်း ထိုစည်းစိမ်ချမ်းသာမှ မဆုတ်မယုတ် အလွန်ကြာမြင့်စွာ ဤစည်းစိမ် အတိုင်းသာလျှင် တည်စေချင်ဘိသကဲ့သို့ တိုး၍သာ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံစေချင်ဘိသကဲ့သို့, အလွန်နှစ်သက် ဝမ်းမြောက်ခြင်း ဝမ်းသာခြင်း ဖြစ်ဘိသကဲ့သို့ ထို့အတူ တယောက်တည်းသော်လည်း ဖြစ်စေ, အများသော်လည်း ဖြစ်စေ ဆင်းရဲဒုက္ခရောက်၍နေသော သတ္တဝါကို ထိုဆင်းရဲဒုက္ခမှ လွတ်စေလိုသော စိတ်ဆန္ဒဖြင့် အလွန်သနားခြင်း ဖြစ်ရာ၏၊ သနားသော ကရုဏာစိတ်ကို အဖန်ဖန် ဖြစ်စေရာ၏၊ ပွားများရာ၏။

စည်းစိမ်ချမ်းသာ ပြည့်ပြည့်စုံစုံနှင့် ခံစံမွေ့လျော်၍ ပျော်ပျော် ရွင်ရွင် တင့်တင့် တယ်တယ် ချမ်းသာ၍နေသောသူကို တွေ့မြင်လျှင်လည်း ဤသူသည် ဤစည်းစိမ်ချမ်းသာမှ မဆုတ်မယုတ်ပဲ ဤစည်းစိမ် ချမ်းသာ အတိုင်းသာ တည်ပါစေ, တိုးတက်၍သာ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံပါစေ-ဟု တောင့်တလျက် အလွန်နှစ်သက် ဝမ်းမြောက်ခြင်း ဝမ်းသာခြင်း ဖြစ်ရာ၏၊ ဝမ်းသာ

ဝမ်းမြောက်သော မုဒိတာစိတ်ကို အဖန်ဖန် ဖြစ်စေရာ၏၊ ပွားများရာ၏။ မနာလိုပဲ ငြူစူစောင်းမြောင်းခြင်း-ဣဿာ တရား မဖြစ်အပ်။

[ဤကား ကုသိုလ်ရရှိ ကရုဏာ မုဒိတာ ပွားများနည်းတည်း]

ဈာန်ရအောင် ပွားများနည်း။

မေတ္တာကို မပွားများသော မေတ္တာဈာန်ကိုမရသော ပုဂ္ဂိုလ်သည် ဆင်းရဲ ဒုက္ခရောက်၍ နေသော သူ၌ သနားသော ကရုဏာစိတ် ကြာမြင့်စွာ အလွန် တည်နိုင်ခဲ၏၊ ဈာန်အပွနာပေါ်အောင် အလွန်ကရုဏာစိတ် ဖြစ်နိုင်ခဲ၏၊ ကမ္မသကာ-ဟု အောက်မေ့ပြီး ကြောင့်ကြမစိုက်ပဲ, အာရုံမပြုပဲ အနာရမ္မဏ ဥပေက္ခာပြု၍ လျစ်လျူရှု၍သာ နေတတ်၏၊ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ၍ ချမ်းသာ ရှင်လန်း၍ နေသော သူ၌လည်း နှစ်သက်ဝမ်းမြောက်သော မုဒိတာ စိတ်ကား သာလွန်၍ ကြာမြင့်စွာ တည်နိုင်ခဲ၏၊ ဈာန်အပွနာ ဖြစ်အောင် အလွန် မုဒိတာစိတ် ဖြစ်နိုင်ခဲ၏၊ မနှစ်သက် မနာလိုခြင်း, ငြူစူခြင်း ဣဿာ တရားသာ • ဖြစ်တတ်၏၊ ထို့ကြောင့် ဈာန်အပွနာကို ရအောင် ကရုဏာ, မုဒိတာကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် မေတ္တာကိုသာလျှင် ပွားများ အပ်၏။

မေတ္တာကို ပွားများ၍ မေတ္တာဈာန်ကို ရပြီးသော အခါမူကား ထိုမိမိ မေတ္တာဈာန် စိတ်သည် အာရုံပြုအပ်သော မိမိအလွန်ချစ်ခင်၍ နေသော သတ္တဝါတို့၌ တဦးဦး ဆင်းရဲဒုက္ခရောက်၍နေလျှင် ထိုသူ့ကို အလွန်သနား ခြင်း ဖြစ်တော့၏၊ ဖြစ်သည်နှင့်တပြိုင်နက် ဤသူသည် ဤဆင်းရဲ ဒုက္ခမှ လွတ်ပါစေ-ဟု ဆင်းရဲဒုက္ခမှ လွတ်စေလိုသော အလွန်သနားသော စိတ်ဆန္ဒ ဖြစ်လျက် ခဏခြင်း ကရုဏာအပွနာဈာန်ဇော ကျလေတော့၏၊ ချစ်ခင်နေရာက သနားသော စိတ်ပြောင်းပေးလိုက်ရုံမျှသာ ဝန်ရှိတော့၏၊ ကရုဏာဈာန် ဇောကျလာအောင် အထူးကြောင့်ကြစိုက်၍ အားထုတ်၍ မနေရတော့ပြီ၊ ထိုမိမိချစ်ခင်အပ်သော သူတို့သည် အလွန်ဆင်းရဲ ဒုက္ခသို့ပင် မရောက်ငြား သော်လည်း ဤသူတွေ ဇာတိဘေး, ဇရာဘေး, မရဏဘေးတို့မှ မလွတ်ကြ ရှာသေးပြီး၊. ထိုဘေးတွေထဲမှာပင် နစ်မွန်း၍ နေကြရှာ၏-ဟု သံသရာဘေးနှင့် ချီ၍ ဆင်ခြင်အောက်မေ့ လိုက်လျှင်လည်း အလွန်အကဲအားဖြင့် ပုထုဇဉ် သတ္တဝါတို့သည် ဒုက္ခသည်ချည်း ဖြစ်၍ကုန်သဖြင့် အလွန်သနားခြင်း ဖြစ်၍ ထိုပုထုဇဉ် ပုဂ္ဂိုလ်တို့၏ဘက်ပင် ကရုဏာဈာန်ဇော ကျနိုင်, ဖြစ်နိုင်လေတော့၏။

မိမိအလွန် မေတ္တာသက်ဝင် ချစ်ခင်အပ်သော, အလွန် သနားကြင်နာအပ်သော ထိုပုဂ္ဂိုလ်တို့တွင် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခံစံ၍ ရှင်လန်း ချမ်းသာစွာ နေသောသူကို တွေ့မြင်လျှင်လည်း အလွန်နှစ်သက် ဝမ်းမြောက်ခြင်း ဝမ်းသာခြင်း မုဒိတာ ဖြစ်လေတော့၏၊ ဖြစ်သည်နှင့် တပြိုင်နက် ဤသူသည် ဤစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ပါစေနှင့်၊ ဤစည်းစိမ် ချမ်းသာအတိုင်း နှစ်သက်ရှင်လန်း ချမ်းသာစွာ တည်ပါစေ-ဟု ထိုရပြီးသော စည်းစိမ်မှ မဆုတ်ယုတ်စေလိုသော ထိုကဲ့သို့ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ၍ နေသည်ကို အလွန်နှစ်သက် ဝမ်းမြောက် ဝမ်းသာသော စိတ်ဆန္ဒဖြစ်လျက် ခဏခြင်း မုဒိတာအပွနာစျာန်ဇော ကျလေတော့၏။

ချစ်နေရာက သနားနေရာက နှစ်သက်ဝမ်းမြောက်သော စိတ်ပြောင်းလဲပေးလိုက်ရုံမျှသာ ဝန်ရှိတော့၏၊ မုဒိတာ စျာန်ဇော ကျလာအောင် အထူး ကြောင့်ကြစိုက်၍ အားထုတ်၍ မနေရတော့ပြီ၊ ထိုမိမိသနား ချစ်ခင်အပ်သော သူတို့သည် အလွန်ပင် စည်းစိမ်ချမ်းသာသို့ မရောက်ငြားသော်လည်း မျက်နှာ ရှင်ရှင်လန်းလန်း ပြုံးပြုံးကြည်ကြည် နေကြသည်ကို မြင်ရလျှင်ပင် အလွန် နှစ်သက် ဝမ်းမြောက်ခြင်း, ဝမ်းသာခြင်း ဖြစ်၍ တိုပုဂ္ဂိုလ်၌ မုဒိတာစျာန်ဇော ကျနိုင်, ဖြစ်နိုင်လေတော့၏။

ဤ ကရုဏာ, မုဒိတာတို့ကိုလည်း မေတ္တာနည်းတူ စတုတ္ထစျာန်သို့ကျအောင် ပွားများအပ်ကုန်၏။

ကရုဏာ, မုဒိတာ-ဗြဟ္မဝိဟာရ ၂-ပါး ပွားများပုံပြီး၏။

(ဃ) ဥပေက္ခာဗြဟ္မဝိဟာရ ပွားများအားထုတ်ပုံ

မေတ္တာ, ကရုဏာ, မုဒိတာတို့ဖြင့် စတုတ္ထစျာန်ကို ရပြီးသော ယောဂီ ပုဂ္ဂိုလ်သည် အထက် ပဥ္ဇမစျာန်ကို တက်လိုသောအခါ အောက်က ကသိုဏ်း၌ ဆိုခဲ့ပြီးသော နည်းအတိုင်း စတုတ္ထစျာန်ကို သုခကို့အပြစ်မြင်၍, မုန်း၍ ပဥ္ဇမစျာန်ကို ဥပေက္ခာကို သာယာချစ်ခင် လိုချင် တောင့်တ၍ တဦးဦးသော ပုဂ္ဂိုလ်၌ မေတ္တာစိတ်ဖြင့် သော်လည်းကောင်း, ကရုဏာစိတ်ဖြင့် သော်လည်းကောင်း, မုဒိတာစိတ်ဖြင့်သော်လည်းကောင်း တခုခုဖြင့် စတုတ္ထစျာန်ကို ဝင်စား၍ စျာန်မှထပြီးလျှင် ထိုပုဂ္ဂိုလ်ကိုပင်လျှင် အာရုံဖြင့်-

ဩော်-ဤပုဂ္ဂိုလ်သည် ငါက ချမ်းသာပါစေ-ဟု တောင့်တသော်လည်း သူချမ်းသာစရာ အကြောင်းကံရှိမှ ချမ်းသာမည်၊ ငါက ဆင်းရဲဒုက္ခ လွတ်ပါ

စေ·ဟု တောင့်တသော်လည်း သူလွတ်စရာအကြောင်းကံရှိမှ လွတ်မည်၊ ငါက ဤစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ပါစေနှင့်-ဟု တောင့်တငြားသော်လည်း သူမဆုတ်ယုတ်စရာ အကြောင်းကံရှိမှ မဆုတ်ယုတ်မည်၊ ငါက တောင့်တ၍ ဖြစ်နိုင်သည်မဟုတ်၊ သူ့ကံရှိမှဖြစ်သည်၊ သူ့မှာကံသာလျှင် အပြုအပြင် အစီအရင်ရှိသည်၊ကံသာလျှင် ကိုးကွယ်မှီခိုရာ ဥစ္စာရှိသည်၊ "ကမ္မဿကာတည်း"ဟု စိတ်ထဲ၌ ချမ်းသာစေလိုသော, ဒုက္ခမှလွတ်စေလိုသော, စည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်စေလိုသော ကြောင့်ကြစိုက်ခြင်း ဗျာပါရကို ရှပ်သိမ်း၍ လျစ်လျူ ဥပေက္ခာ သဘောနှင့် ဆင်ခြင် ကြည့်ရှုလိုက်လျှင် ဈာန်စိတ်ထဲ၌ သုခဝေဒနာ မဟုတ်ပဲ ဥပေက္ခာဝေဒနာဖြစ်၍ ဧကဂ္ဂတာနှင့်တကွ ဈာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော ပဥ္စမဈာန် အပွနာဝီထိကျလာ၏၊ ပဥ္စမဈာန်ကို ရ၏၊ ထိုပဥ္စမဈာန်ကို အားကောင်းအောင်, မြဲမြံခိုင်ခံ့အောင်, ဝသီဘော်နိုင်အောင် ပြုအပ်၏။

အောက်ဗြဟ္မဝိဟာရတို့ဖြင့် စတုတ္ထဈာန်ကို ရပြီး၍ အထက်ပဥ္စမဈာန်ကို ဖြစ်စေလိုသောအခါ ဤကဲ့သို့စိတ်ထဲ၌ သတ္တဝါတို့ကို ချမ်းသာအောင်-စသည်ဖြင့် ကြောင့်ကြ စိုက်ခြင်း ဗျာပါရကို ရှပ်သိမ်း၍ သူ့မှာ ကံသာလျှင် အပြုအပြင် အစီအရင် ကိုးကွယ်ရာ ဥစ္စာရှိသည်၊ "ကမ္မဿကာ"တည်းဟု လျစ်လျူ ဥပေက္ခာဖြင့် ဆင်ခြင်ကြည့်ရှုသည်ကို ဥပေက္ခာ ဗြဟ္မဝိဟာရကို ပွားများသည်ဟု ခေါ်သည်၊ ဥပေက္ခာ ဗြဟ္မဝိဟာရကို ပွားများသည်ဟု မှတ်ကြ၊ ဥပေက္ခာကို ပွားများရမည်ဆိုလို့ သတ္တဝါကို တောထဲမှာရှိနေသော မြက်မှိုက်ထင်းချောင်းတို့လို အမှတ်မရပဲ, အာရုံမပြုပဲ မေ့လျော့နေရသည်မဟုတ်၊ အမှတ်မရ, နှလုံးမသွင်း, အာရုံမပြု မေ့လျော့နေရသည့် အနာရမ္မဏ ဥပေက္ခာမျိုး မဟုတ်၊ အောက်ဗြဟ္မာဝိဟာရ စတုတ္ထဈာန်စိတ် သက်ဝင် စွဲတွယ်၍နေသည့် ပုဂ္ဂိုလ်ကိုပင်လျှင် စိတ်နှင့်စွဲတွယ်သက်ဝင်၍, အာရုံပြု၍နေရသည်။

စိတ်ထဲမှာ ချမ်းသာခြင်း-စသည်ဖြစ်စေလိုတဲ့ ကြောင့်ကြစိုက်ခြင်း ဗျာပါရမျှကိုသာ ရှပ်သိမ်းရသည်၊ ကမ္မဿကာ-အနေနှင့် ကြောင့်ကြစိုက်ခြင်း ဗျာပါရကို ရှပ်သိမ်း၍ ထိုပုဂ္ဂိုလ်ကိုပင်လျှင် လျစ်လျူ ဥပေက္ခာစိတ်နှင့် ကြည့်ရှု၍ အာရုံပြု၍ စွဲတွယ်၍နေရသည်၊ ဤဥပေက္ခာဗြဟ္မဝိဟာရမှာ ကုသိုလ်ရရုံ ပွားများမှုဟူ၍မရှိ၊ အောက်ဗြဟ္မဝိဟာရ စတုတ္ထဈာန်ကို မရပဲ သတ္တဝါတို့ကို သူ့ကံနှင့်သူ "ကမ္မဿကာ" တည်းဟု ရှုလို့ ကုသိုလ်မဖြစ်၊ အကုသိုလ်လည်း

မဖြစ်၊ တောထဲမှာရှိနေသော မြက်မှိုက်ထင်းခြောင်းတို့ကို လျစ်လျူရှုတဲ့ ဆနာရမ္မဏ ဥပေက္ခာမျိုးတည်း။

ဥပေက္ခာ ဗြဟ္မဝိဟာရကမ္မဋ္ဌာန်း ပြီး၏။

ဗြဟ္မဝိဟာရကမ္မဋ္ဌာန်း၌ မှတ်ဖွယ်

မေတ္တာကို ပွားများသောသူအား ကရုဏာ, မုဒိတာ, ဥပေက္ခာ တို့သည် အထူးများစွာ အားမထုတ်ရပဲ အလိုလို ပြည့်စုံလာကြတော့၏။ ထို့ကြောင့် မေတ္တာ ကိုသာလျှင် ရှေးဦးစွာ ပွားများ အားထုတ်အပ်၏၊ အားထုတ်ရာ၏၊ ဤမေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား၏၊ ကြီးမားမြင့်မြတ်၏၊ ဘဝသမ္ပတ္တိ အကျိုးပေးသန်သော ကောင်းသောကံ အများတို့တွင် ဤမေတ္တာကံသည် အထူတ်အမြတ်ဆုံး အသာဆုံးတည်း၊ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိ၊ အနုသယတိတို့တွင် ဗုဒ္ဓါနုသယတိကံသည် ဘဝသမ္ပတ္တိ အကျိုးပေးသန်၏၊ ကြီးမား မြင့်မြတ်၏၊ ထို့ကြောင့် ဘဝများစွာ နေရဦးမည့် ဘုရားဖြစ်လိုသော ဘုရားဆုပန် ပုဂ္ဂိုလ်များမှာ အထူးအားဖြင့် ဗုဒ္ဓါနုသယတိနှင့် မေတ္တာ ၂-ပါးကို လက်ကိုင်ထားကြရာ၏၊ ပွားများကြရာ၏၊ မေတ္တာကို ပွားများလျှင် ကြင်းသော ဗြဟ္မဝိဟာရတို့လည်း ပါ၍ လိုက်ကုန်တော့၏။

ဗြဟ္မဝိဟာရကမ္မဋ္ဌာန်း၌ မှတ်ဖွယ် ပြီး၏။

၈-အာရုပ္ပကမ္မဋ္ဌာန်းကို ပြဆိုခန်း

က) ပဌမာရုပ္ပကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

အာရုပ္ပ ၄-ပါးကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ကသိုဏ်းတို့ဖြင့် ပဋ္ဌမစျာန်ကိုရ၍ ထက်သန်အားကောင်းအောင်, မြဲမြံခိုင်ခံ့အောင်, ဝသီဘော်နိုင်အောင်ပြုပြီး၍ ထိုကသိုဏ်းဟူသော ရူပ်တရားကိုလည်း ကောင်း, ထိုရူပ်တရားလျှင် အာရုံရှိသော ရူပစျာန်ကိုလည်းကောင်း အောက်ကျသေးသည်, ညံ့ဖျင်းသေးသည်-ဟု အပြစ်မြင်၍ မုန်း၍ အထက်အရူပစျာန်ကို သိမ်မွေ့, မွန်မြတ်၏၊ ကောင်း၏-ဟု နှစ်သက် ချစ်ခင် လိုချင် တောင့်တ၍ ထိုအထက် အရူပ အာဏာသာနဉ္စာယတနစျာန် ဖြစ်စေလို, ရလိုသောအခါ–

အာကာသ ကသိုဏ်းမှ-ကြင်းသော ကသိုဏ်း၉-ပါးတို့တွင် တပါးပါးကို အာရုံပြု၍ ပဋ္ဌမစျာန်ကို ဝင်စား၍ စျာန်မှထပြီးလျှင် ထိုကသိုဏ်းဝန်းကို

ပင်လျှင် အာရုံပြု၍ မျက်နှာရှေ့၌ ခင်းဖြန့်ထား၍ ထိုကသိုဏ်းဝန်းကို စေ့စေ့စပ်စပ်ကြည့်၍ ဤနေရာ၌ ကသိုဏ်းဝန်းမဟုတ်၊ မရှိ၊ ကောင်းကင် ဟင်းလင်းတည်း၊ ကောင်းကင် ဟင်းလင်းတည်း-ဟု ကသိုဏ်းဝန်းကို နှလုံးမသွင်းပဲ ကောင်းကင် ဟင်းလင်းအနေနှင့် အဖန်ဖန် နှလုံးသွင်း၍ ရှုလိုက်ယည်ရှိသော် ကသိုဏ်းဝန်း ကွယ်ပျောက်၍ ထိုကသိုဏ်းဝန်းနေရာ၌ ဟင်းလင်း ကောင်းကင်ကွက် ဖြစ်၍ ထင်၏။

ဥပမာ—ပြတင်းပေါက်ကို ပဝါ ကားကြက် ဆီးတား၍ ကြည့်ရှု၍ နေဆဲ၌ လေတိုက်၍ ပဝါလွင့်ကျသွားသဖြင့် ပဝါနေရာ၌ ဟင်းလင်း ကောင်းကင်ကွက် ဖြစ်၍ ထင်မြင်ရဘိသကဲ့သို့တည်း၊ ဤကောင်းကင်ကွက်ကို ကသိုဏ်းကို ခွါ၍ ကွယ်ပျောက်စေ၍ ရအပ်သော ကောင်းကင်ဖြစ်၍ "ကသိဏုဋ္ဌာဒ္ဌိမ-ကောင်းကင်"ဟု ခေါ်၏။ ဤ"ကသိဏုဋ္ဌာဒ္ဌိမ-ကောင်းကင်"ကို ဥပါဒ်, ဘင်ဟူသော အစအဆုံးမရှိသော ကောင်းကင်ဟင်းလင်း၊ ကောင်းကင်ဟင်းလင်း-ဟု စိတ်ထဲကမှတ်၍ အဖန်ဖန် ကြည့်ရှုသည် ရှိသော် ဥပေက္ခာ, ကေဂ္ဂတာ-ဟူသော စျာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော ပဌမစျာန် အပ္ပနာဝိထိ ကျလာ၏။

ဤပဌမစျာန်ကို ကသိုဏ်း-ဟူသော ရူပ်ဘရုးကို မှန်းသော, လွန်မြောက်သော, အာရုံမပြုသော စျာန်ဖြစ်၍ အရူပစျာန်ဟု ခေါ်၏။ ဥပါဒ်, ဘင်-ဟူသော, အစအဆုံးမရှိသော ကောင်းကင်လျှင် တည်ရာ မှီတွယ်ရာ အာရုံရှိသောကြောင့် အာကာသာနဉ္စာယတန စျာန်-ဟူ၍ ခေါ်၏။ ဤအာကာသာနဉ္စာယတန အရူပစျာန်သည်ပင်လျှင် အာကာသာနဉ္စာယတန အာရုပ္ပမည်၏။ ပထမ ရအပ်, ရောက်အပ်သော အရူပစျာန်ဖြစ်၍ ပထမာရုပ္ပစျာန်-ဟူ၍လည်း ခေါ်၏။

ပဌမာရုပ္ပကမ္မဋ္ဌာန်း ပြီး၏။

(၃) ဒုတိယာရုပ္ပကမ္မဋ္ဌာန်းပွားများအားထုတ်ပုံ

ဤ ပဌမာရုပ္ပစျာန်ကို ထက်သန် အားကောင်းအောင် မြဲမြံခိုင်ခံ့အောင် ဝသီဘော်နိုင်အောင်ပြုပြီး၍ အထက်ဒုတိယစျာန်ကို တက်လို, ဖြစ်စေလိုသော အခါ အောက်စျာန်ထက် အထက်စျာန်သာလွန်မြင့်မြတ်၏၊ ကောင်း၏-ဟု အောက်စျာန်ကို မှန်း၍ အထက်စျာန်ကို ချစ်ခင်လိုချင်၍ ဤ"ကသိဏုဋ္ဌာဒ္ဌိမ-ကောင်းကင်"ကို အာရုံပြု၍ ပဌမာရုပ္ပစျာန်ကို ဝင်စား၍ စျာန်မှုထပြီးလျှင်

ထိုယခုဝင်စား၍,ဖြစ်၍ ချုပ်လေပြီးသော အတိတ် ပဋမာရုပ္ပစျာန် စိတ်ဝိညာဉ်ကို ဥပါဒ်, ဘင် အစ အဆုံး မရှိသော ကောင်းကင်ကို အာရုံပြုသော ဝိညာဉ်, ဝိညာဉ်ဟု စိတ်ထဲက မှတ်လျက် အဖန်ဖန် ကြည့်ရှုသည်ရှိသော် ဥပေက္ခာ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော ပဉ္စမစျာန်ဇော အပွနာ ဝီထိကျလာ၏၊ အရူပ ပဉ္စမစျာန်ကို ရ၏။

ဤစျာန်ကို အနန္တကောင်းကင်ကို အာရုံပြု၍ဖြစ်သဖြင့် အနန္တမည်သော ပဋမာရုပ္ပဝိညာဉ်လျှင် တည်ရာ, မှီတွယ်ရာ အာရုံရှိခြင်းကြောင့် ဝိညာဏဉ္စာ-ယဘန စျာန်ဟု ခေါ်၏၊ ၂-ကြိမ်မြောက် ရအပ် ရောက်အပ်သော အရူပ စျာန်ဖြစ်၍ ဒုတိယာရုပ္ပစျာန်-ဟူ၍လည်း ခေါ်၏။

နီဝရဏကင်း၍ စိတ်ဉာဏ်ကြည်သော အခါမူကား မိမိ၏စိတ်ဖြစ်နေပုံကို လင်းလင်းခြင်းခြင်း ထင်မြင်ရသည်၊ စိတ်တွေက ရှေစိတ်နောက်စိတ် အဆက်အစပ် အလွန်စေ့လျက် အလွန်မြန်စွာဖြစ်၍ နေကြသည်ဖြစ်ခြင်းကြောင့် ညဉ့်အခါ မီးစကို ယမ်းရာဉ်ကဲ့ကို အတောင့်ကြီး အတန်းကြီး, စက်ဝိုင်းကြီး ထင်သကဲ့သို့ ထင်မြင်ရသည်။

ထို ပဋမာရုပ္ပဝိညာဉ်ချုပ်၍ သွားပြီးငြားသော်လည်း ဝင်စား၍နေစဉ် အခါက ကောင်းကင် ဟင်းလင်းကွက်ကို စိပ်ပုတီးကုံးကို ပုတီးစေ့များ ထိုးသီထားဘိသကဲ့သို့ အာရုံပြု၍ စွဲတွယ်ပြီး မတုန်မလှုပ် ငြိမ်သက်စွာ တန်းပြီးဖြစ်၍ နေပုံအတိုင်းကို ဤ ဒုတိယာရုပ္ပဝိညာဉ်သည် လင်းလင်း ခြင်းခြင်း ထင်မြင်၍ အာရုံပြု၍ စွဲတွယ်ပြီးဖြစ်သည်။

ဒုတိယာရုပ္ပကမ္ပဋ္ဌာန်း ပြီး၏။

(ဂ) တတိယာရုပ္ပကမ္ပဋ္ဌာန်း ပွားများအားထုတ်ပုံ

ဤ ဒုတိယာရုပ္ပစျာန်ကို ထက်သန်အားကောင်း မြဲမြံခိုင်ခံ့ ဝသီဘော်နိုင် အောင်ပြုပြီး၍ အထက် တတိယာရုပ္ပစျာန်ကို တက်လို့ ဖြစ်စေလိုသော အခါ—

အောက်စျာန်ထက် အထက်စျာန် သာလွန်မြင့်မြတ်၏၊ ကောင်း၏-ဟု အောက်စျာန်ကိုမုန်း၍ အထက်စျာန်ကို ချစ်ခင်လိုချင်၍ ပဋမာရုပ္ပ ဝိညာဉ်ကို အာရုံပြု၍ ဒုတိယာရုပ္ပစျာန်ကို ဝင်စား၍ စျာန်မှ ထပြီးလျှင် ယခု ငါ အာရုံပြုအပ်သော ကောင်းကင်ကွက်၌ တန်းပြီးဖြစ်နေသည့် ဤ ပဋမာရုပ္ပဝိညာဉ်သည် "မရှိဘူး-မရှိဘူး" ဟု ကသိုဏ်းကို ခွါရာဉ်ကဲ့သို့

ထိုဝိညာဉ်ကို မရှိအောင်, ပျောက်အောင်, နှလုံးသွင်းမှု ရှုလိုက်, ဖျောက်ဖျက်လိုက်သည်ရှိသော် ကောင်းကင်ကွက်၌ တန်းပြီးဖြစ်နေသည့် ထိုပဌမာရုပ္ပဝိညာဉ်တန်းကြီးကို မြင်နေရာက မမြင်ပဲဖြစ်၍ သွား၏၊ ကောင်းကင်ကွက်ထဲ၌ ပဌမာရုပ္ပဝိညာဉ်တန်းကြီးမရှိပဲဖြစ်၍ သွား၏၊ ကောင်းကင်ကွက်ထဲ၌ ထို ပဌမာရုပ္ပဝိညာဉ်၏ မရှိသည်ကိုသာ မြင်လေတော့၏။

ဥပမာ-သိမ်အပြင်၌ သံဃာအစည်းအဝေးကို မြင်ပြီး၍ တပိုတပါး ခဏသွား၍ သံဃာအစည်းအဝေးပျက်၍ ထသွားကြပြီး နောက်မှထောက်လာ၍ ကြည့်လတ်သော် သိမ်အပြင်၌ သံဃာကိုမမြင်ပဲ သံဃာမရှိသည်ကိုသာ မြင်လေဘိသကဲ့သို့တည်း။

ထိုအခါ ထို ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်း အဘာဝ ပညတ်မျှကို အာရုံပြု၍ "နတ္ထိ ကိဉ္စိ, နတ္ထိ ကိဉ္စိ-ပဌမာရုပ္ပဝိညာဉ် အနည်းငယ်မျှ မရှိဘူး, အနည်းငယ်မျှ မရှိဘူး" ဟု စိတ်ထဲကမှတ်လျက် ထိုမရှိခြင်း အဘာဝကို အဖန်ဖန် နှလုံးသွင်းလတ်, ကြည့်ရှုလတ်သော် ဥပေက္ခာ, ဇကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်ပြည့်စုံသော ပဉ္စမစျာန်ဇော အပ္ပနာဝီထိ ကျလာ၏၊ အရူပပဉ္စမစျာန်ကို ရ၏။

ဤစျာန်ကို ပဌမာရုပ္ပဝိညာဉ်၏ အနည်းငယ် စိုးစဉ်မျှ မရှိခြင်း-အဘာဝပညတ်လျှင် တည်ရာမှီတွယ်ရာ အာရုံရှိခြင်းကြောင့် အာကာသာနဉ္စာယတနစျာန်ဟု ခေါ်၏၊ ၃-ကြိမ်မြောက် ရအပ်, ရောက်အပ်သော အရူပစျာန်ဖြစ်၍ တတိယာရုပ္ပစျာန်-ဟူ၍လည်း ခေါ်၏။

တတိယာရုပ္ပကမ္မဋ္ဌာန်း ပြီး၏။

(ဃ) စတုတ္ထာ ရုပ္ပကမ္မဋ္ဌာန်း ပွားများအားထုတ်ပုံ

ဤတတိယာ ရုပ္ပစျာန်ကို ထက်သန်ခိုင်ခံ့ ပသီဘော်နိုင်အောင် ပြုပြီး၍ အထက် စတုတ္ထာရုပ္ပစျာန်ကို တက်လို, ဖြစ်စေလိုသောအခါ-

အောက်စျာန်ထက် အထက်စျာန် သာလွန်မြင့်မြတ်၏၊ ကောင်း၏-ဟု အောက်စျာန်ကို မုန်း၍ အထက်စျာန်ကို ချစ်ခင်လိုချင်၍ ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်း- အဘာဝပညတ်ကို အာရုံပြု၍ တတိယာရုပ္ပစျာန်ကို ဝင်စား၍ စျာန်မှ ထပြီးလျှင် ထို ယခု ဝင်စား၍ ဖြစ်၍ ချုပ်လေပြီးသော အတိတ် တတိယာရုပ္ပစျာန်စိတ် ဝိညာဉ်ကိုပင် ဤ ဝိညာဉ်သည် အလွန်သိမ်မွေ့ ငြိမ်သက်၏၊ သိမ်မွေ့ငြိမ်သက်၏-ဟု စိတ်ထဲကမှတ်လျက် အာရုံပြု၍ အဖန်

ဖန် နှလုံးသွင်းလတ်, ကြည့်ရှုလတ်သည်ရှိသော် ဥပေက္ခာ, ကေဂ္ဂတာချာန် အင်္ဂါ ၂-ပါးနှင့်ပြည့်စုံသော ပဉ္စမချာန်ဇော အပ္ပနာဝီထိကျလာ၏၊ အရူပ ချာန်ကိုရ၏။

ဤချာန်ကို ပျောက်သလောက်နီးနီး အလွန် သိမ်မွေ့၍သွားသဖြင့် ရှန့် ရင်းသော သညာကားမရှိ၊ အလွန်သိမ်မွေ့သော သညာမျှသာ ရှိခြင်းကြောင့် နေဝသညာနာသညာယတန ချာန်-ဟု ခေါ်၏၊ ၄-ကြိမ်မြောက် ရအပ် ရောက်အပ်သော အရူပချာန်ဖြစ်ခြင်းကြောင့် စတုတ္ထချာန်-ဟူ၍လည်းခေါ်၏၊ ဤချာန်ကိုလည်း ထက်သန်အားကောင်းအောင် မြဲမြံခိုင်ခံ့အောင် ဝသီ ဘော်နိုင်အောင် ပြုအပ်၏။

စတုတ္ထာရုပ ကမ္ပဋ္ဌာန်း ပြီး၏။

ဝိမောက္ခ ၈-ပါး, သမာပတ် ၈-ပါး, ၉-ပါး,

အနုပုဗ္ဗဝိဟာရသမာပတ် ၉-ပါး

၁။ ရူပချာန်က စတုက္ကနည်းအားဖြင့် ၄-ပါး, အရူပချာန်က ၄.ပါး ဤ ၈-ပါးကို နီဝရဏစသော ဘေးရန်တို့မှ ကင်းစင်ကျွတ်လွတ်ခြင်းကြောင့် ဝိမောက္ခ ၈-ပါး ဟူ၍လည်း ခေါ်၏

၂။ ဝင်စားအပ်ခြင်းကြောင့် သမာပတ် ၈-ပါး ဟူ၍လည်း ခေါ်၏။

၃။ ဤသမာပတ် ၈-ပါးထဲသို့ နိရောဓသမာပတ်ကို ထည့်သွင်းလျှင် သမာပတ် ၉-ပါး ဖြစ်၏။

၄။ ဤ ၉ ပါးသော သမာပတ်ကို အစဉ်အတိုင်း ဝင်စားအပ်သော အနုပုဗ္ဗဝိဟာရ သမာပတ် ၉-ပါး ဟူ၍ ခေါ်၏။

ဤ သမာပတ် ၉-ပါးကို ကာမရာဂ ကင်းစင်ပြီးသော ရုပ်ရှိသော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ် ၂-ဦးတို့မှသာလျှင် ဝင်စားနိုင်၏။

ဝင်စားပုံကား-ရှေးဦးစွာ ပဌမချာန်ကို တခဏမျှ ဝင်စား၍ ချာန်မှ ထပြီးလျှင် ထိုပဌမချာန်ကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု တိလက္ခဏာတင်ရှုအပ်၏၊ ပြီးလျှင် ဒုတိယချာန်ကို ဝင်စား၍ ချာန်မှ ထ၍ ဤဒုတိယချာန်ကိုလည်း ရှေးနည်းတူ အနိစ္စ, ဒုက္ခ, အနတ္တ-ဟု တိလက္ခဏာ တင်ရှုအပ်၏။

ဤနည်းတူ အစဉ်အတိုင်း အာကိဉ္စညာယတန သမာပတ်တိုင်အောင် သမာပတ် ၇-ပါးလုံးကို ဝင်စား၍ အနိစ္စ, ဒုက္ခ, အနတ္တ-ဟု တိလက္ခဏာတင် ရှု၍ ပြီးသောအခါ နိရောဓသမာပတ် ဝင်စားရာမှ ထ၍ အလျင်အမြန် စုတိ

စိတ်များ ကျမသွားရအောင် စုတိစိတ်ကျမည့်အခါများ ဝေးသေး၏လား-ဟု ကြည့်မျှော်၍ မိမိအလိုရှိသလောက် ကာလကို မှန်းထား၍-

၀။ ဘယ်အခါကျလျှင် ထနိုင်စေသတည်း။

၂။ ထိုကာလ အတွင်းမှာလည်း ဘုရားရှင်ခေါ်လျှင်လည်း ထနိုင်စေသတည်း။

၃။ သံသာ့ကိစ္စရှိ၍ ငါ့ကိုတောင့်တမျှော်လင့်လျှင်လည်းထနိုင်စေသတည်း။

၄။ ငါ၏သပိတ်, ပရိက္ခရာ, ပစ္စည်းဘဏ္ဍာတို့သည်လည်း ဘာတစုံတခု ကြောင့်မှ မပျက်စီးနိုင်စေသတည်း။-

ဟု ဓိဋ္ဌာန်ခြင်း ပုဗ္ဗကိစ္စကို ပြုပြီးလျှင် နေ၀သညာနာသညာယတန သမာပတ်ကို ၀င်စားအပ်၏၊ ထိုသမာပတ် စျာန်ဇော ၁-ကြိမ်, ၂-ကြိမ် လောက် ကျပြီးလျှင် စိတ်မဖြစ်လာပဲ့ စိတ်အစဉ် ပြတ်၍ ချုပ်၍ မိမိ မှန်းထားသမျှ ကာလအတွင်း စိတ်, စေတသိက် မရှိပဲ ရုပ်ချည်းသက်သက် ဖြစ်၍နေလေတော့၏၊ ဤကဲ့သို့ စိတ်,စေတသိက် ချုပ်ခြင်းသို့ ဆိုက်ရောက်၍ နေသည်ကို နိရောဓသမာပတ် ၀င်စားသည်ဟု ခေါ်၏။

ထချိန်ကျသောအခါ နိဗ္ဗာန်ကို အာရုံပြုလျက် ဖိုလ်စိတ် ဖြစ်ပေါ်လာ၍ နိရောဓသမာပတ်မှ ထ၏၊ ဤကဲ့သို့ ဓိဋ္ဌာန်၍ နိရောဓသမာပတ် ၀င်စား၍ နေသော ပုဂ္ဂိုလ်ကို တတ်နိုင်လျှင် အမြောက်နှင့်ပစ်၊ မလဲတော့ပြီ၊ မီးနှင့်ရှို့၊ မလောင်တော့ပြီ၊ သူနေသော ကျောင်းကို ပျက်စီးအောင်, မီးလောင်အောင် မတတ်နိုင်တော့ပြီ၊ ပစ္စည်းဘဏ္ဍာ ပရိက္ခရာနှင့်တကွ ကာယ သိဒ္ဓိ ပြီးစီး၍ နေတော့၏၊ အဓိဋ္ဌာန် ပြုလုပ်လျှင် သူသာပြီးစီး၏၊ ပရိက္ခရာ ဘဏ္ဍာ မပြီးစီးပြီ။

[ဤကား အနုပုဗ္ဗဝိဟာရ သမာပတ် ၉-ပါးကို၀င်စားပုံတည်း။]

အသညသတ်ပြဟ္မာ

ဤ သမာပတ် ၈-ပါးတို့တွင် ရူပစတုတ္ထစျာန်ကို ရသော ပုဂ္ဂိုလ်သည် ဤ နာမ်ရှိခြင်းကြောင့် စိုးရိမ် ပူပန်ရ, ဒုက္ခ ရောက်ရသည်၊ နာမ်မရှိပဲ ရုပ်ချည်းသက်သက်· နေရလျှင် ဘာကိုမျှ မသိရပဲ အေးအေး ချမ်းချမ်း နေရ၏၊ ကောင်း၏-ဟု တောင့်တ၍ နာမ်ကိုသာ အပြစ်မြင်၍, မုန်း၍ ရုပ်ကို အပြစ်မမြင်ပဲ, မမုန်းပဲ ရုပ်နှင့် နေလိုသော စိတ်ဆန္ဒရှိလျက် စျာန်မလျော့ပဲ့ စုတေခဲ့လျှင် နာမ်မရှိ ရုပ်သာရှိသော အသညသတ် ပြဟ္မာဘုံသို့ ရောက်၍

အသည်သတ် ဗြဟ္မာဖြစ်ရ၏၊ ကမ္ဘာကြီး ငါးရာ အသက်ရှည်၏၊ ကမ္ဘာ ငါးရာစေ့လျှင် စတုတ္ထစျာန် စေတနာကံကုန်၍ ထိုအသည်သတ် ဗြဟ္မာကောင် ရုပ်တုံးကြီး ကွယ်ချုပ်စုတေ၍ ရှေးက ပြုဖူးသော ကာမကုသိုလ်ကံကြောင့် လူ့ဘုံ၌ ရုပ်နာမ် ၂-ပါးစုံဖြစ်ပေါ်၍ လူဖြစ်ရပြန်၏။

အရူပဗြဟ္မာ

ဤအာရုပ္ပစျာန်ကို ရသော ပုဂ္ဂိုလ်သည်လည်း အကယ်၍ မိမိက ဤကိုယ်ခန္ဓာ ရုပ်ကောင်ကြီးရှိလို့သာ အရိုက်ခံရ, ဓားထိုးခံရ, အနာပေါက်ရ, ဖျားရ, နာရ, ဒုက္ခမျိုးစုံ ရောက်ရသည်၊ ရုပ်မရှိပဲ နာမ်ချည်း သက်သက်နေ ရလျှင် ဘာတစုံတခုမျှ မထိခိုက်နိုင်ပဲ အေးအေးချမ်းချမ်း နေရ၏၊ ကောင်း၏-ဟု တောင့်တ၍ ရုပ်ကိုသာ အပြစ်မြင်၍ မုန်း၍ နာမ်ကို အပြစ်မမြင်ပဲ, မမုန်းပဲ နာမ်နှင့် နေလိုသော စိတ်ဆန္ဒရှိလျက် စျာန်မလျှောပဲ စုတေခဲ့လျှင် ရုပ်မရှိ နာမ်သာရှိသော အရူပဗြဟ္မာဘုံသို့ ရောက်၍ အရူပဗြဟ္မာ ဖြစ်ရ၏၊ အထက်ဆုံး နေဝသညာ နာသညာယတနဘုံ၌ ကမ္ဘာကြီး (၈၄၀၀၀) အသက်ရှည်၏၊ ကမ္ဘာ့သက်တမ်းစေ့လျှင် စုတေ၍ ရုပ်နာမ် ၂-ပါးစုံ ဖြစ်ပေါ်၍ ကာမဘုံ၌ ဖြစ်ရပြန်၏။

အကယ်၍ ဤပုဂ္ဂိုလ်က ထို စတုတ္ထစျာန်, အာရုပ္ပစျာန်တို့ကို ရငြားသော်လည်း မိမိနာမ်ကို, မိမိ ကရဇရုပ်ကို မိမိက မမုန်းပဲ ထိုဘုံတို့ကို မတောင့်တငြားအုံ၊ ထိုအသည်တ်, အရူပဘုံတို့မှာ မဖြစ်၊ ရုပ်နာမ် ၂-ပါးစုံသော ကြွင်းသော ဗြဟ္မာဘုံတို့မှာသာ ဖြစ်၏၊ ကာမဘုံတို့မှာ ဖြစ်လိုလျှင်လည်း ဖြစ်၏၊ ဤစကားရပ်ဖြင့် ရူပစျာန်မှ အရူပစျာန်ကို တက်သောအခါ မိမိကိုယ်တောင် ရုပ်ခဲ-ဟူသော ကရဇရုပ်ကို အပြစ်ရှုရ, မုန်းရတာမျိုး မဟုတ်၊ အာရုံ ကသိုဏ်းရုပ်နှင့်တကွ ရူပစျာန်ကိုသာ အောက်ကျ သေးသည်, ညံ့ဖျင်းသေးသည်-ဟု အပြစ်တင်ရှုရ, မုန်းရတာမျိုးတည်း-ဟူသော အနက်အဓိပ္ပာယ်ကိုလည်း ပြ၏၊ သိစေ၏။

အာရုပ္ပကမ္ပဋ္ဌာန်း ပြီး၏။

(၉) အာဟာရေပဋိကူလသညာ ကမ္ပဋ္ဌာန်းကို ပြဆိုဓန်း

အာဟာရေ ပဋိကူလသညာ– ဟူသည်ကား စားသောက် မျိုသွင်းအပ်သော ကဗလီကာရ အာဟာရ၌ စက်ဆုပ် ရွံရှာဖွယ်ဟု ကောင်းစွာ ထင်မြင်၍ တည်နေသော သညာကို ခေါ်သည်၊ ထိုသညာကို ရလို, ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ဤသို့ ပွားများရာ၏။

[နုတိယအကြိမ်]

ဥပမာဆိုသည်ရှိသော်-ရှေးသောအခါ သားငယ်ကိုချီ၍ ကန္တာရခရီးခဲကို သွားကြသော သမီးခင်ပွန်း ၂-ဦးတို့သည် လမ်းခရီး၌ ရိက္ခာကုန်ပြတ်သဖြင့် ငါတို့အား အသက်ရှည်စွာ နေရလျှင် နောင်အခါ သားအစားရလိမ့်မည်၊ ဤ သားကို သတ်၍ အသားကို စား၍, ရိက္ခာလုပ်၍ ကန္တာရခရီးခဲကို လွန်မြောက်ကြအံ့ ဟု ကြံစည်တိုင်ပင်ပြီးလျှင် သားငယ်ကို သတ်၍ သားငယ်၏ အသားကိုစားကြကုန်၏၊ စား၍ ကန္တာရ ခရီးခဲလို လွတ်မြောက်ကြကုန်၏။

ထို မိဘ ၂-ဦးတို့၏ သား၏ အသားကို စားကြရာ၌ ဤသား၏ အသားကို-

၁။ ဇာတ်တူသား ဖြစ်ခြင်းကြောင့် လည်းကောင်း,
၂။ ဆွေမျိုး၏အသား ဖြစ်ခြင်းကြောင့် လည်းကောင်း,
၃။ ဆွေမျိုးမှာလည်း အဖျားမဟုတ်၊မိမိ၏ သားရင်းဖြစ်ခြင်းကြောင့် လည်းကောင်း,
၄။ အလွန်ချစ်လှစွာသောသား၏ အသားဖြစ်ခြင်းကြောင့်လည်းကောင်း,
၅။ အလွန်သနားကျင်နာသော သား၏ အသား ဖြစ်ခြင်းကြောင့် လည်းကောင်း,
၆။ မီးမရှိ မဖုတ်မြိုက် မကင်ချက်ရပဲ အစိမ်း ဖြစ်ခြင်း ကြောင့် လည်းကောင်း,
၇။ ကြမ်းကြုတ် ၊ကြောက်မက်ဖွယ်သော လူသား ဖြစ်ခြင်းကြောင့် လည်းကောင်း,
၈။ ဆားမရှိ ဆားမထည့်ရခြင်းကြောင့် လည်းကောင်း,
၉။ တပါးသော အရသာ မဖက်စွက်ရခြင်းကြောင့် လည်းကောင်း,

ဤသို့သော အကြောင်းတို့ကြောင့် အလွန်စက်ဆုပ်ဖွယ်ကောင်း၏၊ အလွန်ပင် စက်ဆုပ်ကြ ရှုံ့ရှာကြ၏၊ အနည်းငယ်မျှပင် ကောင်းသည်, ကောင်းသည်-ဟု နှစ်သက်သာယာခြင်း မဖြစ်ကြရာ၊ နှစ်သက်သာယာခြင်း မရှိ၊ အလွန်စက်ဆုပ်လျက်နှင့်ပင် ကန္တာရခရီးခဲမှ လွန်မြောက်ခြင်းငှာ စားကြရာ၏။

ထိုသားငယ်၏ အသားကဲ့သို့ ထို့အတူ ဤစားသောက် မျိုသွင်းအပ်သော ကဗလိကာရ အာဟာရသည်လည်း မိုးစွတ်မရှောင်, နေပူမရှောင်, ဘေးမရှောင်, ရန်မရှောင် ဆင်းရဲဒြိုးပြင်ပင်ပန်းစွာ အရှာသွားရ, သွားရှာ၍ရအောင် ရှာရသည့်အတွက်ကြောင့်လည်း အလွန်စက်ဆုပ်ဖွယ်ကောင်း၏၊ ရှာမှီးသဖြင့်

ရ၍ စားသောက်သောအခါလည်း ခံတွင်း၌ ဝါး၍ လျှာရည် တံတွေး ခဲ့တို့ဖြင့်ရောလျက် ကောင်းသော အဆင်းသဏ္ဌာန် အနံ့တို့ပျက်၍ ခွေးအံဖတ်ကဲ့သို့ ဖောက်ပြန်၍ နေပုံအချင်းအရာအားဖြင့်လည်း ထိုအာဟာရသည် အလွန်စက်ဆုပ်ဖွယ်ကောင်း၏။ ဝါးပြီး၍ မျိုသောအခါလည်း သည်းခြေ, ထလိပ်ပုပ်-ဟူသော ပြည်, သွေး၊ ဤ ၄-ပါးသော အညစ်အကြေး အာသယတို့ဖြင့် ရောနှောလူးလဲအပ်ခြင်းကြောင့်လည်း ထိုအာဟာရသည် အလွန်စက်ဆုပ်ဖွယ်ကောင်း၏။

မျိုပြီး၍ အစာသစ် အိမ်သို့ ရောက်သော အခါလည်း ထိုအစာသစ် အိမ်သည် ဆေးကြောသုတ်သင်ခြင်းမရှိ၊ ညစ်ထေး၍နေသော ခွေးစားခွက်ကဲ့သို့ မွေးကတည်းက တရံတခါမျှ မဆေးကြောမသုတ်သင်ရဘူးသဖြင့် အလွန်စက်ဆုပ်ဖွယ်ကောင်းအောင် ညစ်ထေး၍နေ၏၊ ဤကဲ့သို့ ညစ်ထေး၍ နေသော တည်ရာအစာသစ် အိမ်အတွက်ကြောင့်လည်း ထိုအစာအာဟာရသည် အလွန်စက်ဆုပ်ဖွယ်ကောင်း၏။

အစာသစ်အိမ်သို့ ရောက်ပြီးသောအခါလည်း ဒွန်းစဏ္ဍားရွာနား တန်စီးတွင်းကဲ့သို့ ၃၂-ပါးသော ပိုးမျိုးသံကောင်တို့ဖြင့် ကျိကျိတက်ပြွမ်းလျက် ဓာတ်မီးချက်အပ်သဖြင့် အမြုပ်အပွက်ထလျက် အလွန်စက်ဆုပ်ဖွယ်သော အဆင်းအနံ့ရှိလျက် ဖောက်ပြန်ကြေကျက်၍နေ၏၊ ဤကဲ့သို့ အစာသစ်အိမ်တွင်း၌ ဖောက်ပြန်ကြေကျက်လျက် တည်နေပုံ အချင်းအရာအားဖြင့်လည်း ထိုအစာအာဟာရသည် အလွန်စက်ဆုပ်ဖွယ်ကောင်း၏။

အကယ်၍ မကြေကျက်ပြန်လျှင်လည်း ဝမ်းရောင်ခြင်း, ရင်ပြည့်ခြင်းစသည်ကို ဖြစ်စေ၏၊ ဤသို့ ဝမ်းရောင်ခြင်း, ရင်ပြည့်ခြင်းစသည်ကို ဖြစ်စေတတ်သည့် အတွက်ကြောင့်လည်း ထိုအစာအာဟာရသည် အလွန်စက်ဆုပ်ဖွယ်ကောင်း၏။

ကောင်းစွာ ကြေကျက်ပြီးလျှင်လည်း ရွှေ, ငွေ စသော အဖိုးတန် နှစ်သက်ဖွယ်မဖြစ်၊ စင်စစ် အလွန်စက်ဆုပ်ဖွယ်သော ကျင်ငယ်, ကျင်ကြီးသာ ဖြစ်လေ၏၊ ဤသို့ ကျင်ငယ်, ကျင်ကြီးဖြစ်၍ သွားခြင်းကြောင့်လည်း ထိုအစာအာဟာရသည် အလွန်စက်ဆုပ်ဖွယ် ကောင်း၏။

တိုအာဟာရထဲမှ ထွက်သော အဆီတို့သည်လည်း အဖိုးတန် နှစ်သက်ဖွယ် ဝတ္ထုကို မဖြစ်စေ၊ စင်စစ် စက်ဆုပ်ဖွယ်သော ဆံပင်, အမွေး, လက်သည်း ခြေသည်း, သွား, အရိုး, ခြင်ဆီ စသော ၃၂-ပါးသော အပုပ်မျိုးတို့ကိုသာ ဖြစ်စေ၏၊ ယားနာ, ပွေးနာ, နှင်းခူနာ-စသော အမျိုးမျိုးသော အနာရော

ဂါတ္ရိကိုလည်း ဖြစ်စေ၏၊ ဤသို့မကောင်း စက်ဆုပ်ဖွယ်သော အကျိုးကို ဖြစ်စေသည် အတွက်ကြောင့်လည်း ထိုအစာအာဟာရသည် အလွန်စက်ဆုပ်ဖွယ်ကောင်း၏။

ထိုအစာအာဟာရကို ဝမ်းတွင်းထို မျိုသွင်းပြီးပြန်လျှင်လည်း တဖန်ပြင်ဖက်သို့ မထုတ်ရမနေနိုင် ထုတ်ပစ်ရပြန်၏၊ မိုးစွတ်မရှောင်, နေပူမရှောင်, ဘေးမရှောင်, ရန်မရှောင်, ရှက်ရှက်ကြောက်ကြောက် ပုန်းကွယ်လျက် စက်ဆုပ်ပင်ပန်းစွာ ထုတ်ရပြန်၏၊ ဤသို့ မနေသာဲ တဖန် စွန့်ထုတ်ရမှုအတွက်ကြောင့်လည်း ထိုအစာအာဟာရ၏ အကျိုးဆက်သည် ၉-ပေါက်သော ဒွါရတို့မှ စက်ဆုပ်ဖွယ် ဝတ္ထုဖြစ်လျက် ယိုထွက်၏၊ ဤသို့ ၉-ပေါက်သော ဒွါရတို့မှ စက်ဆုပ်ဖွယ် ယိုထွက်စေသော အတွက်ကြောင့်လည်း ထို အစာအာဟာရသည် အလွန်စက်ဆုပ်ဖွယ်ကောင်း၏။

ထိုအစာအာဟာရသည် စားမည်ဟုပြုသည်မှစ၍ ဒွါရ ၉-ပေါက်မှထွက်သည့် အခါတိုင်အောင် ခွက်ကို လည်းကောင်း, လက်ကို လည်းကောင်း, ပါးစပ်ကို လည်းကောင်း, ကိုယ်တွင်း တကိုယ်လုံးကို လည်းကောင်း, ဒွါရ ၉-ပေါက်ဝကို လည်းကောင်း ပေရေညစ်ထပ် လိမ်းကပ်လူးလဲ၏၊ ဤသို့ လိမ်းကပ်လူးလဲမှုကြောင့်လည်း ထိုအစာအာဟာရသည် အလွန်စက်ဆုပ်ဖွယ်ကောင်း၏။

ထိုအစာအာဟာရသည် ခံတွင်းသို့ရောက်ခါမျှဖြင့် ပင်လျှင်—

၁။ စိတ်ကို ညစ်နွမ်းစေ၏။
၂။ တုန်လှုပ်ပျံလွှင့်စေ၏။
၃။ ဝမ်းတွင်းသို့ ရောက်လျှင်ကား ကိုယ်, စိတ်ကိုပင် ထိုင်းမှိုင်း လေးလံခြင်း, နှုံ့ခြင်းကို ဖြစ်စေ၏။
၄။ စိုးရိမ်ကြောင့်ကြခြင်းကိုလည်း ဖြစ်စေတတ်၏။
၅။ အနာရောဂါ အမျိုးမျိုးတို့ကိုဖြစ်စေ၍ ပုဂ္ဂိုလ်ကို ဆင်းရဲပင်ပန်းစေ၏။
၆။ အသက်ကိုသော်လည်း သေအောင်ထတ်၏။
၇။ ဗြဟ္မစရိယ သီလကိုသော်လည်း ညှိုးနွမ်းအောင်, ယျက်စီးအောင် ပြုတတ်၏။
၈။ မိစ္ဆာစာရ ဒုစရိုက်မှုကိုလည်း ဖြစ်စေတတ်၏။

ဤသို့သော အကြောင်းတို့ကြောင့်လည်း ထိုအစာ အာဟာရသည် အလွန်စက်ဆုပ်ရွံမုန်းဖွယ်ကောင်း၏။

[ရတိယအကြိမ်]

ထိုအစာအာဟာရကို အကြောင်းပြု၍ အမျိုးမျိုးသော အနာရောဂါ ဆင်းရဲဝေဒနာတွေ ဖြစ်ရ၏၊ အမျိုးမျိုးသော အငြင်းအခုံ ခိုက်ရန် ဒေါသတွေ, အကုသိုလ် ဒုစရိုက်တွေ, ဘေးတွေ, ရန်တွေ, ဒုက္ခတွေ ဖြစ်ရ၏၊ ဤသို့ ဖြစ်သမျှတို့သည် အာဟာကြောင့် ဖြစ်သည် ချည်းပင်တည်း၊ ဆင်းရဲဒုက္ခ ဟူသမျှသည် ကြွင်းနာမ် အာဟာရတို့နှင့်တကွ ဤ ကဗလီကာရ အာဟာရ ကြောင့် ဖြစ်သည်ချည်းပင်တည်း၊ လောက၌ ရှိရှိသမျှ အလုံးစုံသော ဘေး ဒုက္ခတို့သည် ထိုအာဟာရ ၄-ပါးတို့ကြောင့်သာလျှင် ဖြစ်ရကုန်၏၊ ထိုအာဟာရ တို့သည် အလုံးစုံသော ဘေးဒုက္ခတို့ကို ဖြစ်စေနိုင်ကြကုန်၏။

ဤ ဆိုအပ်ခဲ့ပြီးသော အကြောင်းတို့ကြောင့် ထိုကဗလီကာရ အာဟာရ သည် အလွန်စက်ဆုပ်ဖွယ် ကောင်း၏။

သို့စက်ဆုပ်ရွံရှာဖွယ် ကောင်းငြားသော်လည်း အနာပျောက်ခြင်းငှါ အလွန်ခါးသော ဆေးခါးကြီးကို စားသောက် သုံးဆောင်ရဘိသကဲ့သို့ ကန္တာရ ခရီးခဲကို လွန်မြောက်ခြင်းငှါ သား၏ အသားကို စားရဘိသကဲ့သို့ အသက် ရှည်၍ ဣရီယာပုထ် ၄-ပါး မျှတ ကျန်းမာ၍ ကိလေသာ အနာကင်းပျောက် ကြောင်း ကမ္ပဋ္ဌာန်းကို ကြိုးပမ်းအားထုတ်နိုင်ခြင်းငှါ, သံသရာကန္တာရ ခရီးခဲကို လွန်မြောက်နိုင်ခြင်းငှါ ထို ကဗလီကာရ အာဟာရကို စားသောက်မှီဝဲအပ်၏၊ စားသောက်မှီဝဲရာ၏၊ စားသောက် မှီဝဲရသည်။

ဤ "အာဟာရ ပဋိကူလသညာ"ကို ပွားများလိုသော ယောဂီပုဂ္ဂိုလ် သည် ဤ ယခု ရေးသားခဲ့ပြီးသော အတိုင်း ထို ကဗလီကာရ အာဟာရ၌ စက်ဆုပ်ရွံမုန်းဖွယ် အခြင်းအရာ, စက်ဆုပ်ရွံမုန်းသော အကြောင်းတို့ကို အဖန်ဖန် ဆင်ခြင်အောက်မေ့ရာ၏၊ ဤသို့ ဆင်ခြင် အောက်မေ့ဖန်များသော အခါ စားပြီး စားဆဲ စားလတ္တံ့သော အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃-ပါး၌ တည်သော ထို ကဗလီကာရ အာဟာရသည် ထို ယောဂီ ပုဂ္ဂိုလ်၏ စိတ်, ဉာဏ်, သညာ၌ စက်ဆုပ်ဖွယ်ဖြစ်၍ ထင်၏၊ ထိုယော်ဂီ ပုဂ္ဂိုလ်၏ စိတ်, ဉာဏ်, သညာသည် ထိုကဗလီကာရ အာဟာရ၌ စက်ဆုပ်ဖွယ် အဖြစ်ဖြင့် ကောင်းစွာ ထင်မြင်၍ တည်၏၊ ထိုအခါ စိတ်, ဉာဏ် အလွန်ထက်သန်ကြီးထွား၏၊ ကြည်လင်၏၊ တည်ကြည်၏၊ ဥပစာရစျာန်ကို ရ၏။

[ရတိယအကြိမ်]

ထိုယောဂီပုဂ္ဂိုလ်အား-

၁။ ရသတဏှာ လွန်စွာပါး၏။

၂။ ကာမဂုဏ် ၅-ပါးလုံးဌာ် တပ်နှစ်သက်သော တဏှာရာဂလည်း လွန်စွာ ပါးတော့၏။

၃။ အာဟာရကို စားသောက်မှီဝဲသောအခါလည်း ကန္ဓာရခရီးဌာ် သား၏ အသားကို စားကြသော သူတို့ကဲ့သို့ နှစ်သက် သာယာခြင်း ကင်းလျက် သံသရာမှ လွန်မြောက်ခြင်းငှါသာလျှင် စားသောက် မှီဝဲလေတော့၏။

[အာဒီနဝဒဿာဝီ နိဿရဏပညော ပရိဘုဥ္ဇတိ- ဆိုသောအတိုင်းပင်တည်း။]

အာဟာရေပဋိကူလသညာ ကမ္မဋ္ဌာန်း ပြီး၏။

၁၀-စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကို ပြုဆိုခန်း

စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်း စီးပြန်းပွားများလိုသော ယောဂီ ပုဂ္ဂိုလ်သည် ကာယဝိဝေက အလို့ငှါ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်သဖြင့် လည်းကောင်း, စိတ္တဝိဝေက အလို့ငှါ အထူးထူးသော အာရုံမှ ဖဲစေလျက် ကမ္မဋ္ဌာန်းသို့ စိတ်ကို သွင်းလျက်လည်းကောင်း ဆံဖျားမှ ခြေဘဝါးတိုင်အောင်, ခြေဘဝါးမှ ဆံဖျားတိုင်အောင် မဟာဘုတ်ဖြင့်ပြီးသော မိမိရူပကာယကို ဓာတ်အားဖြင့် ကောင်းစွာ ဆင်ခြင်ရမည်။

ဆင်ခြင်ပွားများပုံ

ငါ၏ တလံမျှလောက်သော ဤခန္ဓာကိုယ်ဌာ်-

၁။ မြေဓာတ်လွန်သော ကိုယ်အစု,

၂။ ရေဓာတ်လွန်သော် ကိုယ်အစု,

၃။ မီးဓာတ်လွန်သော ကိုယ်အစု,

၄။ လေဓာတ် လွန်သော ကိုယ်အစု,

၄-ပုံ ၄-စု ဓာတ်ကဲ့အောင် ရှုရမည်။

ထို ၄-ပါးသော ကိုယ်အစုတို့တွင် မြေဓာတ်လွန်သော ကိုယ်အစု ဟူသည်ကား-

မြေဓာတ်လွန်သောကိုယ်အစု

၁။ ကေသာ-၂-ကုဋ္ဌေ ၄-ဘန်းမျှသော ဆံပင် ဟူသော မြေအစု။
၂။ လောမာ- ၉-သောင်း ၉-ထောင် မျှသော မွေးညင်း ဟူသော မြေအစု။
၃။ နခါ- ၂၀-အရေအတွက်ရှိသော ခြေသည်း လက်သည်း ဟူသော မြေအစု။
၄။ ဒန္တာ- ၃၂-အရေအတွက်ရှိသော သွားဟူသော မြေအစု
၅။ တစော-အရေထူ အရေပါး ၂.မျိုး ပြားသော အရေ ဟူသော မြေအစု။
၆။ မံသံ-၉-ရာမျှ အရေအတွက်ရှိသော အသားဆိုင် ဟူသော မြေအစု။
၇။ နှာရှု-၉-ရာမျှ အရေအတွက် ရှိသော အကြောဟူသော မြေအစု။
၈။ အဋ္ဌိ-၂-ရာမျှ အရေအတွက်ရှိသော အရိုးဟူသော မြေအစု။
၉။ အဋ္ဌိမိဉ္ဇံ-ရိုးတွင်းခြင်ဆီ ဟူသော မြေအစု။
၁၀။ ဝက္ကံ-ကျောက်ကပ်ခေါ်သော အညှိုဟူသော မြေအစု။
၁၁။ ဟဒယံ-နှလုံးသားဟူသော မြေအစု။
၁၂။ ယကနံ-အသည်းဟူသော မြေအစု။
၁၃။ ကိလောမကံ-အမြှေးလွှာဟူသော မြေအစု။
၁၄။ ပိဟကံ-သရက်ရွက်ခေါ်သော အဖျဉ်းဟူသော မြေအစု။
၁၅။ ပပ္ဖါသံ-အဆုတ်ဟူသော မြေအစု။
၁၆။ အန္တံ-အူမ-ဟူသောမြေအစု။
၁၇။ အန္တဂုဏံ-အူသိမ်ဟူသော မြေအစု။
၁၈။ ဥဒရိယံ-အစာသစ်ဟူသော မြေအစု။
၁၉။ ကရီသံ-အစာဟောင်းဟူသော မြေအစု။
၂၀။ မတ္ထလုင်္ဂံ-ဦးနှောက်ဟူသော မြေအစု။

မြေဓာတ်လွန်သော ကိုယ်အစု ပြီး၏။

ရေဓာတ်လွန်သောကိုယ်အစု

၁။ ပိတ္တံ-သည်းခြေဟူသော ရေအစု။
၂။ သေမှံ-သလိပ်ဟူသော ရေအစု။
၃။ ပုဗ္ဗော-ပြည်ဟူသော ရေအစု။

[နုတိယအမြှိမ်]

၄။ လောဟိတံ-သွေးဟူသော ရေအစု။
၅။ သေဒေါ-ချွေးဟူသော ရေအစု။
၆။ မေဒေါ-အဆီပျဉ် အဆီခဲဟူသော ရေအစု။
၇။ အဿု-မျက်ရည်ဟူသော ရေအစု။
၈။ ဝသာ-ဆီကြည်ဟူသော ရေအစု။
၉။ ခေဋ္ဌော-လျှာရည် တံတွေးဟူသော ရေအစု။
၁၀။ သိဃ်ာဏိကာ-နှာရည်နှပ်စေးဟူသော ရေအစု။
၁၁။ လသိကာ-အစေးပူပ် ဟူသော ရေအစု။
၁၂။ မုတ္တံ-ကျင်ငယ်ဟူသော ရေအစု။

ရေဓာတ်လွန်သော ကိုယ်အစု ပြီး၏။

မီးဓာတ်လွန်သော ကိုယ်အစု

၁။ သန္တာပေါ-ရက်ဆက်, ရက်ချန် ဖျားခြင်း စသော- အပူလွန်သော မီးအစု။
၂။ ဒါဟော-ပေါက်နာ, ကျောက်နာ-စသော အသွေး အသားကို အကျက်လောင်သော မီးအစု။
၃။ ပါစကော-အစာကို ကြေကျက်စေတတ်သော မီးအစု။
၄။ ဇီရဏာ- ရင့်ရော်မှည့်ရွမ်း ဟောင်းနွမ်း ဆွေးမြေ့စေတတ်သော မီးအစု။

မီးဓာတ်လွန်သော ကိုယ်အစု ပြီး၏။

လေဓာတ်လွန်သော ကိုယ်အစု

၁။ ဥဒ္ဓင်မာဝါတာ-အထက်သို့ ဆန်တက်သော လေအစု။
၂။ အဓောဂမာဝါတာ-အောက်သို့စုန်ဆင်းသော လေအစု။
၃။ ကုစ္ဆိသယာဝါတာ-ဝမ်းခေါင်းတွင်း၌ ကိန်းသော လေအစု။
၄။ ကောဋ္ဌာသယာဝါတာ-အူမအူသိမ်အတွင်း၌ ကိန်းသော လေအစု။
၅။ အင်္ဂမင်္ဂါနုသာရိနောဝါတာ-ကိုယ်အင်္ဂါ လှုပ်ရှားမှုတို့၌ အင်္ဂါ ကြီးငယ်သို့ အစဉ်လျှောက်သော လေအစု။
၆။ အဿာသပဿာသာဝါတာ- ထွက်သက်ဝင်သက်ဟူသော လေအစု။

လေဓာတ်လွန်သော ကိုယ်အစု ပြီး၏။

[ဒုတိယအကြိမ်]

၂-ကုဒဋ္ဌ ၄-သန်းမျှသော ဆံပင်ဟူသော မြေအစုဌ်
ဓာတ် ၈-ပါး ခွဲစိတ်ကြည့်ရှုခန်း

ဆံပင်တခုဌ် ပထဝီကာယ, အာပေါကာယ, တေဇောကာယ, ဝါယောကာယ-ဟူ၍ ကာယကြီး ၄-ပါးရှိ၏။

၁။ ဆံပင်တခုလုံးဌ် အမာခံဖြစ်သော ခက်မာမှု ကိရိယာအပေါင်းသည် ပထဝီကာယ မည်၏။

၂။ ဖွဲ့စေမှု ကိရိယာအပေါင်းသည် အာပေါကာယ မည်၏။

၃။ ပူသောအခါဌ် ပူမှုအပေါင်း, အေးသောအခါဌ် အေးမှုအပေါင်းသည် တေဇောကာယမည်၏။

၄။ တေဇောကာယ၏ အရှိန်ဖြစ်သော ထောက်ကန်မှု အပေါင်းသည် ဝါယောကာယ မည်၏။

[ဤဆံပင်ဌ် ဝဏ္ဏ-အဆင်း, ဂန္ဓ-အနံ့, ရသ-အရသာ, ဩဇာ-အဆီအစေး-ဟူသော ဥပါဒါရှပ် ၄-ပါး ကျန်ရှိသေး၏။]

အချုပ်အားဖြင့် ရေတွက်လျှင်—

ဆံပင်တခုဌ်—ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ,ရသ, ဩဇာ၊ ဓာတ် ၈-ပါး။

မွေးညင်းဌ်—ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ၊ ဓာတ် ၈-ပါး။

ခြေသည်းလက်သည်းဌ်—ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ၊ ဓာတ် ၈-ပါး။

[ကြွင်းသော ကောဋ္ဌာသတို့ဌ်လည်း ဤနည်းအတိုင်း ဓာတ် ၈-ပါးခွဲလေ။]

ဆံပင်ဌ် ဓာတ် ၈-ပါး မြန်မာလိုခွဲနည်း

ဆံပင်ဌ် ဓာတ် ၈ပါး-ခွဲနည်းကား—

၁။ ဆံပင်ကို စမ်းသပ်လျှင် မာသည်ဟု တွေ့ရှိ၏၊ ထိုမာမှုသည် ပထဝီဓာတ်တည်း။

၂။ လုံးပတ်သဏ္ဌာန် ဖြစ်နေသည်ကို မြင်၍ ဖွဲ့စေးမှုကို သိရ၏၊ ထိုဖွဲ့စေးမှုသည် အာပေါဓာတ်တည်း။

[ဒုတိယအကြိမ်]

၃။ ပူသောအခါ ပူမှု, နွေးသောအခါ နွေးမှု, အေးသောအခါ အေးမှုကို တွေ့ရှိ၏၊ ထိုပူမှု, နွေးမှု, အေးမှုသည် တေဇောဓာတ်တည်း။

၄။ ပူရှိန်, နွေးရှိန်, အေးရှိန်ကို တွေ့ရှိ၏၊ ထိုအရှိန်စုသည် ဝါယော ဓာတ်တည်း။

၅။ မျက်စိနှင့်ကြည့်ရှုလျှင် ဆံပင်၌ အဆင်းကို မြင်၏၊ ထိုအဆင်းသည် ဝဏ္ဏဓာတ်တည်း။

၆။ နှာခေါင်းနှင့် နမ်းလျှင် ဆံပင်၌ အနံ့ကို နံ၏၊ ထိုအနံ့သည် ဂန္ဓ ဓာတ်တည်း။

၇။ လျှာနှင့်မြည်းလျှင် အရသာကို သိရ၏၊ ထိုအရသာသည် ရသဓာတ် တည်း။

၈။ ဆံပင်ကို စားသော သတ္တဝါတို့မှာ ရူပကာယကို စောင့်ရှောက် ထောက်ပံ့ခြင်း သဘောရှိသော အဆီအစေးမည်သည် ဆံပင်၌ရှိ၏၊ ထိုအဆီအစေးသည် ဩဇာခေါ်သော အာဟာရ ဓာတ်တည်း။

ဆံပင်၌ ဓာတ် ဂ-ပါး ခွဲနည်း ပြီး၏။

မွေးညင်း၌ ဓာတ် ဂ-ပါး, ခြေသည်း-လက်သည်း၌ ဓာတ် ဂ-ပါး, သွား၌ ဓာတ် ဂ-ပါး, အရေ၌ ဓာတ် ဂ-ပါး, အသား၌ ဓာတ် ဂ-ပါး, အရိုး၌ ဓာတ် ဂ-ပါး, ခြင်ဆီ၌ ဓာတ် ဂ-ပါး, အညှို့၌ဓာတ် ဂ-ပါး, နှလုံး၌ ဓာတ် ဂ-ပါး, အသည်း၌ ဓာတ် ဂ-ပါး, အမြေး၌ ဓာတ် ဂ-ပါး, အဖျဉ်း၌ ဓာတ် ဂ-ပါး, အဆုတ်၌ ဓာတ် ဂ-ပါး, အူမ၌ ဓာတ် ဂ-ပါး, အူသိမ်၌ ဓာတ်ဂ-ပါး၊ ဤသို့စသည်ဖြင့် ကျင်ငယ်၌ ဓာတ် ဂ-ပါး တိုင်အောင် ခွဲခြမ်း၍ သိလေ မြင်လေ၊ ကြွင်းသော တေဇောကာယ ၄-ပါး, ဝါယောကာယ ၆-ပါးတို့၌ လည်း ဓာတ် ဂ-ပါးစီ ရှိကြသည်။

ဤ ဓာတ် ဂ-ပါးကား အဝိနိဗ္ဘောဂရှပ်ဖြစ်၍ ခပ်သိမ်းသော ရှပ်အစုတို့မှာ အရင်းခံဖြစ်ကြ၏၊ ဤ ဓာတ် ဂ-ပါးကို ခွဲခြမ်း၍ မြင်နိုင်လျှင်ပင် ဉာဏ်၌ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, မိန်းမ, ယောကျ်ား, ဦးခေါင်း, ခြေလက်-စသည်၊ ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အရိုး-စသည် ဉာဏ်မျက်စိ၌ အကုန်ကွယ်ပျောက်လတ္တံ့၊ ဓာတ်စု ဓာတ်ခဲ ကြီးငယ်မျှသာရှိသည်-ဟု ဉာဏ်မျက်စိ၌ မြင်ရလတ္တံ့။

[နတိယအကြိမ်]

စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းအကျိုး

ဤ စတုဓာတု ဝဝတ္ထာန် ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်—

၁။ ပုဂ္ဂိုလ် သတ္တဝါ-ဟူသော အမှတ်သညာကို ပယ်နိုင်ခြင်း,
၂။ ကြောက်မက်ဖွယ်သော ဘေးကြီး ဘေးငယ်ကို သည်းခံနိုင်ခြင်း,
၃။ ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ တပ်မက်ရှင်ပြုံး နှလုံးမသာယာခြင်းသို့ မရောက်ခြင်း,
၄။ ကာမဂုဏ်တို့၌ မွေ့လျော်ခြင်း ရတိ, သမထ-ဝိပဿနာ ဆိတ်ငြိမ်ရာတို့၌ မမွေ့မလျော်နိုင်ခြင်း အရတိတို့ကို နှိမ်နင်းနိုင်ခြင်း,
၅။ ကြီးကျယ်သော ပညာရှိခြင်း,
၆။ ဤပစ္စုပ္ပန်ဘဝ၌ နိဗ္ဗာန်ချမ်းသာကို ရခြင်း,
၇။ တမလွန် ဘဝ၌ သုဂတိသို့ လားရခြင်း,

အကျိုးရင်း, အကျိုးဖျားတို့ကို ရနိုင်၏-ဟု မှတ်။

စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းပြီး၏။

၁၁—အဘိညာဉ်ကို ပြဆိုခန်း

ဆောင်ပုဒ်သံခိပ်။ ။ဣဒ္ဓိဝိဓ၊ ဒိဗ္ဗနှစ်တွေ၊ ဓစတောပရိ၊ ပုဗ္ဗေနိဝါ၊ ယထာကမ္မံ၊ နာဂတံသ၊ ဤသတ္တ၊ မှတ်ကြ အဘိညာ။

နေဝသညာတိုင်အောင် သမာပတ် ၉-ပါးကို ရပြီး၍ ထို ၉-ပါးလုံး၌ အသီးအသီး ဝသီဘော်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်သည် သမထဘာဝနာ၏ အကျိုးဆက်ဖြစ်သော အဘိညာဣဒ္ဓိကို ရလိုပြန်သည်ရှိသော် ရူပါဝစရ ပဉ္ဇမ စျာန်စိတ်ကို စျာနာနုလောမ အစရှိသော ၁၄-ပါးသော အခြင်းအရာတို့ဖြင့် အလွန်ထက်သန်ခြင်းသို့ ရောက်အောင် ဆုံးမရာ၏၊ အလွန်ထက်သန်ခြင်းသို့ ရောက်သောအခါ ထိုရူပပဉ္ဇမစျာန်စိတ်သည် အဘိညာအဖြစ်သို့ ရောက်၏။

အဘိညာ ၇-ပါး

၁။ ဣဒ္ဓိဝိဓအဘိညာ- ကောင်းကင်မြေမိုးပျံလျှိုးမှု, တန်ခိုးအထွေထွေ ဖန်ဆင်းမှု။
၂။ ဒိဗ္ဗစက္ခုအဘိညာ-နတ်မျက်စိကဲ့သို့ အဆင်းအမျိုးမျိုးကို မြင်မှု။

[ရှေ့ဆက်ကြိမ်]

၃။ ဒိဗ္ဗသောတ အဘိညာ–နတ်နားကဲ့သို့ အသံအမျိုးမျိုးကို ကြားမှု။
၄။ စေတောပရိယ အဘိညာ–သူတပါးတို့၏ စိတ်အကြံအစည်ကို သိမှု။
၅။ ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာ–ရှေးရှေးသော ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်တွေက ဖြစ်ဖူးသော ခန္ဓာအစဉ်ကို သိမှု။
၆။ ယထာကမ္မုပဂ အဘိညာ–ဘယ်နတ်, ဘယ်လူ, ဘယ်သတ္တဝါ, ဘယ် ကံကြောင့် ဤသို့ဖြစ်ရသည်-ဟု ကံဟောင်းကိုသိမှု။
၇။ အနာဂတံသ အဘိညာ–နောက်နောက်ဘဝတွေ, ကမ္ဘာတွေကိုသိမှု။

ဆောင်ပုဒ်သံခိပ်။ ။ပါဒကစျာန်၊ အဓိဋ္ဌာန်နှင့်၊ တဖန် ပါဒက၊ စတုတ္ထ၊ ကျတုံ အဘိညာ။

တခု တခုသော အဘိညာကို ဝင်စားလိုသော် ရှေးဦးစွာ အဓိဋ္ဌာန်၏ အခြေပါဒက ပြုရာ၌–

၁။ ရူပပဋ္ဌမစျာန်ကို ဝင်စားမှုတရပ်။
၂။ ထို့နောင် အလိုရှိရာ အခွင့်ကို ဤအမှု ပြီးစီးစေ သတည်း-ဟု ဓိဋ္ဌာန်သော ကာမဇောဝိထိ ကျသည်တရပ်။
၃။ ထို့နောင် အဘိညာ၏ အခြေပြုရာ၌ ရူပပဋ္ဌမစျာန်ကို ဝင်စားမှု တရပ်။
၄။ ထို့နောင် ဘဝင် ၂-ကြိမ်, မနောဒ္ဒါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, အဘိညာ တကြိမ်စီ၊ ထို့နောင် ဘဝင်ကျ၏။

အဘိညာဖြစ်သည်နှင့် တပြိုင်နက် ကောင်းကင်မြေမိုး ပုံလျှိုးခြင်း စသော ဣဒ္ဓိကိုဖြ ပြီးစီး၏။

ခဲ့ဦးအံ့

ဤ သမထ ၄၀-တို့တွင်ကသိုဏ်း ၁၀-ပါးတို့၌ ရသော စျာန်တို့မှ သာလျှင် အဘိညာကို ဖြစ်စေနိုင်၏၊ ကြွင်းသော ကမ္မဋ္ဌာန်းတို့၌ ရသော စျာန်တို့သည် အဘိညာကိုမဖြစ်စေနိုင်၊ ကသိုဏ်းတို့ဖြင့် ရူပသမာပတ် ၄-ပါး, ၅-ပါးလုံးကို အကုန်ရလျှင်ပင် အရှင်သာရိပုတ္တရာအလောင်း သုရှစ်ရသေ့ ဆရာကြီး၏ တပည့် ရသေ့ ၂၄၀၀၀-စသည်တို့ကဲ့သို့ ရှေးရှေးသော နီးသော ဘဝတို့က အဘိ ညာကို လေ့လာနိုင်နင်းခဲ့ဖူးသော ဉာဏ်ကြီးသော ပုဂ္ဂိုလ်တို့မှာ အဘိညာကို ဖြစ်စေနိုင်၏၊ ရှေးက မလေ့လာဖူးသော ဉာဏ်နုံ့သော သူမှာကား စျာန် သမာပတ် ၈-ပါး, ၉-ပါးလုံးကိုပင် ရမှ အဘိညာကို ဖြစ်စေနိုင်သည်။

[ဒုတိယအကြိမ်]

ကသိုဏ်း ၁၀-ပါးတို့ဖြင့် သမာပတ် ၈-ပါး, ၉-ပါးကို ရသော ယောဂီပုဂ္ဂိုလ်သည် ဣဒ္ဓိဝိဓ, ဒိဗ္ဗသောတ, ပရစိတ္တဝိဇာနန, ပုဗ္ဗေနိဝါသানুဿတိ, ဒိဗ္ဗစက္ခု-ဟူသော အဘိညာ ၅-ပါးတို့ကိုလည်း ရအောင် ပြုရာ၏၊ ဖြစ်စေရာ၏၊ ထိုအဘိညာတို့ကို ရလိုဖြစ်စေလိုသော ယောဂီပုဂ္ဂိုလ်သည် တောခုတ်ခါနီး ဓားကို ထက်သည်ထက် ထက်အောင် သွေးဘိသက္ခဲသို့ ဝေးစွာသော အရပ်၌ ဝတ္ထုကို ကြည့်ရှုခါနီး မှန်ပြောင်းကို ကြည်သည်ထက် ကြည်အောင် ပွတ်တိုက်ဘိသက္ခဲသို့ ဈာန်စိတ်ကို ဥာဏ်ကို ထက်သည်ထက် ထက်အောင် ကြည်သည်ထက် ကြည်အောင် ဤသို့ သွေးရာ၏၊ ပွတ်တိုက်ရာ၏၊ ဈာန်ကစားရာ၏။

ဈာန်ကစားပုံ

၁။ စတုက္ကနည်းမှာ သမာပတ် ၈-ပါး, ပဉ္စကနည်းမှာ သမာပတ် ၉-ပါး၊ ထို ၈-ပါး, ၉-ပါးသော သမာပတ်တို့ကို ပဌမ ဈာန်မှသည် နေဝသညာနာသညာယတနဈာန် ကျအောင် အစဉ်အတိုင်း အနုလုံချည်း အကြိမ်များစွာ ဝင်စားရာ၏။

၂။ တဖန် နေဝသညာ နာသညာယတန ဈာန်မှသည် ပဌမဈာန် ကျအောင် နောက်ပြန်အစဉ် ပဋိလုံချည်း အကြိမ်များစွာ ဝင်စားရာ၏။

၃။ တဖန် အသွားအပြန် အနုလုံ, ပဋိလုံအားဖြင့်လည်း အကြိမ်များစွာ ဝင်စားရာ၏။

ကသိုဏ်း ၁၀-ပါးလုံးကိုလည်း ထိုနည်းတူ—

၁။ ပထဝီကသိုဏ်းမှသည် အာကာသကသိုဏ်းကျအောင် အစဉ်အတိုင်း အနုလုံချည်း အကြိမ်များစွာ ဝင်စားရာ၏။

၂။ အာကာသ ကသိုဏ်းမှသည် ပထဝီကသိုဏ်း ကျအောင် နောက်ပြန် အစဉ်အတိုင်း ပဋိလုံချည်း အကြိမ်များစွာ ဝင်စားရာ၏။

၃။ တဖန် အသွားအပြန် အနုလုံ ပဋိလုံ အားဖြင့်လည်း အကြိမ်များစွာ ဝင်စားရာ၏။

၄။ ထိုသို့ ဈာန်ကသိုဏ်းတို့ကို အနုလုံအားဖြင့် လည်းကောင်း, ပဋိလုံ အားဖြင့် လည်းကောင်း ဝင်စားရာတို့၌ ဈာန်ကိုချည်းလည်း တခုကျော် တခုကျော် ဝင်စားရာ၏။

၅။ ကသိုဏ်းကိုချည်းလည်း တခုကျော် တခုကျော် ဝင်စားရာ၏။

[ဒုတိယဘာ[illegible]]

ဗျာန်ကသိုဏ်း ၂-ပါးစုံရောလျက်လည်း တခုကျော် တခုကျော် ဝင်စား ပုံကား—

၁။ ပထဝီ ကသိုဏ်းဌ ပထမဗျာန်ကို ဝင်စား၍ ထပြီးလျှင် ဒုတိယဗျာန် အာပေါကသိုဏ်းတို့ကို ချန်ထားခဲ့၍ ကျော်၍ တေဇောကသိုဏ်းဌ တတိယ ဗျာန်ကို ဝင်စားအပ်၏။

၂။ ထို့နောင် စတုတ္ထဗျာန် ဝါယောကသိုဏ်းတို့ကို ချန်ထားခဲ့၍ ကျော်၍ နီလကသိုဏ်းဌ ပဉ္စမဗျာန်ကို ဝင်စားအပ်၏။

၃။ ထို့နောင် အာကာသာနဉ္စာယတန ဗျာန်ကို ချန်ထားခဲ့၍ ကျော်၍ ဝိညာဏဉ္စာယတနဗျာန်ကို ဝင်စားအပ်၏။

၄။ ထို့နောင် အာကိဉ္စညကို ချန်ထားခဲ့၍ ကျော်၍ နေဝသညာ-နာသညာယတနဗျာန်ကို ဝင်စားအပ်၏။

၅။ ထို့နောင် ထိုဗျာန်မှထ၍ နောက်သို့ ပဋိလုံ ပြန်ဆင်းသောအခါ အာကိဉ္စညာယတနဗျာန်ကို ဝင်စားအပ်၏။

၆။ ထို့နောင် ဝိညာဏဉ္စာယတန ဗျာန်ကို ချန်ထားခဲ့၍ ကျော်၍ ပီဘကသိုဏ်းကို ခွဲ၍ အာကာသာနဉ္စာယတနဗျာန်ကို ဝင်စားအပ်၏။

၇ ထို့နောင် ပဉ္စမဗျာန် နီလကသိုဏ်းတို့ကို ချန်ထားခဲ့၍ ကျော်၍ ဝါယောကသိုဏ်းဌ စတုတ္ထဗျာန်ကို ဝင်စားအပ်၏။

၈။ ထို့နောင် တတိယဗျာန် တေဇော ကသိုဏ်းတို့ကို ချန်ထားခဲ့၍ ကျော်၍ အာပေါကသိုဏ်းဌ ဒုတိယဗျာန်ကို ဝင်စားအပ်၏။

၉။ ထို့နောင် ပထဝီ ကသိုဏ်းဌ ပဌမဗျာန်ကို ဝင်စား၍ ရှေးနည်းတူ အထက်သို့ တက်၍ ဝင်စားအပ်၏။

၁၀။ ဤကဲ့သို့ပြု၍ အောက်ကသိုဏ်း ၆-မူလမ်း ကျေပြန်နိုင်နင်းသော အခါ အထက်ကသိုဏ်း ၆-ခုလမ်းလည်း ကျေပြန် နိုင်နင်းအောင် နီလ ကသိုဏ်းမှစ၍ အထက်ကသိုဏ်းတို့ဌ ရှေးနည်းတူ ဝင်စားအပ်၏၊ ပြုအပ်၏။

နီလ, ပီတ ၂-ပါးတို့ကား အထက်အောက် ၂-ပါးဌပင် ကသိုဏ်း ၆-ခု စေ့အောင် အရေအတွက် ပါရမည်၊ အကြင် အမှတ်မရှိ တခုခုသော ကသိုဏ်းကို ချန်လှပ်ထား၍ မကျေပြန် မနိုင်နင်းခဲ့လျှင် ထိုကသိုဏ်းဖြင့် ခိပ္ပနိသန္တိ ဖြစ်အောင် ပြုအပ်သော ဆရာတို့ဌ ခိပ္ပနိသန္တိမဖြစ်နိုင်ပဲ နေတတ်သည်။

ခိပ္ပနိသန္တိဟူသည်ကား တန်ခိုး ဖန်ဆင်းမသောအခါ အလျင် အမြန်ဖြစ်စေ ပြီးစီးစေနိုင်မှုကို ဆိုသည်၊ ထို့ကြောင့် ကသိုဏ်း ၁၀-ပါးလုံးကိုပင်

ကျေပြန်အောင် နိုင်နင်းအောင်, စေ့အောင်ပြုအပ်၏၊ မကျန်စေအပ်၊ အာကာသာနဥ္ဇာယတနစျာန်ကို ဝင်စားလိုသောအခါ အာကာသကသိုဏ်းနှင့် ကြိမ်၍ နေလျှင် ကြင်းသော အမှတ်မရှိ တခုခုသော ကသိုဏ်းကိုခွါ၍ ဝင်စားအပ်၏၊ အထက် အရူပစျာန် ၃-ခုတို့သို့ကား ကသိုဏ်းနှင့် မဆိုင်၊ ကသိုဏ်းမလိုက်စေအပ်၊ စျာန်တိုင်း စျာန်တိုင်းကိုပင်လျှင် ဝင်စား၍ ထပြီးလျှင် စျာန်အင်္ဂါတို့ကိုလည်း ဆင်ခြင်၍ ဆင်ခြင်၍ပြီးမှ နောက် နောက် စျာန်ကို ဝင်စားအပ်၏၊ ဝင်စားရမည်၊ ဤကဲ့သို့ ပြုမှ ဝသီဘော် ၅-ပါးလုံး နိုင်နင်းသည်။

[ဤပြဆိုခဲ့ပြီးသော စျာန်ဝင်စားပုံ,ကစားပုံကား နည်းပြမျှသာတည်း၊ အစအဆုံးကမဟုတ်ပဲ၊ အလယ်ကပဲဖောက်၍ ဝင်စား ဝင်စား၊ ၂-ခုကျော် ၃-ခုကျော်ပဲ ဝင်စား-ဝင်စား၊ မိမိအလိုရှိသလို ဝင်စားအပ်၏၊ ကစားအပ်၏၊ စျာန်ကသိုဏ်းတို့၌ လေ့လာနိုင်နင်းမှုသည်သာ လိုရင်းတည်း။]

စျာန်ကစားပုံ ပြီး၏။

စျာန်တန်ခိုး ကြီးကျယ်ပုံ

ပြဆိုခဲ့ပြီးသောအတိုင်း ၁၈-ပါးသော အခြင်းအရာတို့ဖြင့် စျာန်ကစားခြင်းကို ပြုသည်ရှိသော် စျာန်စိတ်သည်, ဉာဏ်သည် အလွန်ထက်သန်ကြီးထွား၏၊ အားကောင်း၏၊ မြဲမြံခိုင်ခံ့၏၊ လွန်စွာ ဝသီဘော်နိုင်၏၊ လွန်စွာ တည်ကြည်၏၊ ကြည်လင်၏၊ ထိုအခါ—

> ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ။လ။ ဌိတေ အာနဥ္ဇပ္ပတ္တေ ဣဒ္ဓိဝိဓာယ စိတ္တံ အဘိနိဟရတိ အဘိနိန္နာမေတိ၊သော အနေကဝိဟိတံ ဣဒ္ဓိဝိဓံ ပစ္စနုဘောတိ၊ ဧကောပိ ဟုတ္ဒာ ဗဟုဓာဟောတိ။

စသည်ဖြင့် ဟောတော်မူသော အတိုင်း တယောက်တည်းကိုလျက် တရာ, တထောင် ဖန်ဆင်းနိုင်ခြင်း, မြေကိုလျှိုးခြင်း, မိုးကိုပျံခြင်း—စသည်ဖြင့် တန်ခိုးအမျိုးမျိုးကို ဖြစ်စေနိုင်တော့၏၊ စေတောဝသီ ပတ္တ-စိတ်အလိုအတိုင်း ပြီးစီးစေနိုင်ခြင်းသို့ ရောက်တော့၏။

ထို စေတောဝသီပတ္တ-စိတ်အလိုအတိုင်း ပြီးစီးစေနိုင်ခြင်းသို့ ရောက်သော ဣဒ္ဓိမာ ပုဂ္ဂိုလ်သည် မိမိကိုယ်ကို တရာ, တထောင်-စသည်ဖြင့် ဖန်ဆင်းလိုလျှင်-

အကယ်၍ တရာ ဖန်ဆင်းလိုအံ့၊ ဝိဇ္ဇာဓိုရ်များ ဆေးနှိုးဘိသကဲ့သို့ တန်ခိုးနှိုးသောအားဖြင့် ရှေးဦးစွာ ပထဝီ ကသိုဏ်း၌ တန်ခိုးနှိုး ပဥ္ဇမစျာန်ကို တခဏမျှ ဝင်စား၍ နှိုး၍ ထပြီးလျှင်-ငါ တရာ ဖန်ဆင်းမည်၊ ဖြစ်မည် ဟု

ရည်မှန်းဆင်ခြင်ခြင်း ပရိကံကိုပြု၍ အဘိညာပါဒက ပဉ္စမ စျာန်ကို တဖန် တခဏမျှ ဝင်စား၍ ထပြီးလျှင် "သတံ ဟောမိ-ငါတရာဖြစ်စေ"ဟု အဓိဋ္ဌာန် ပြုလိုက်အပ်၏၊ စေလိုက်အပ်၏၊ ထို အဓိဋ္ဌာန် အဘိညာဇော ကျသည်နှင့် တပြိုင်နက် "တရာ" ဖြစ်၍သွား၏။

အဘိညာဇောဝီထိကျပုံ

ဤ အဓိဋ္ဌာန် အဘိညာဇော ဝီထိကျပုံမှာ တထောင် ဟူသော နိမ္မိတရုပ်ပွားကို အာရုံပြု၍ အာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ-ဟု ကာမစိတ်ဖြစ်၍ ဂေါတြဘူ အခြားမဲ့၌ ရူပပဉ္စမစျာန် အဘိညာဇော တကြိမ်ဖြစ်၍ ထို့နောင် ဘဝင်ကျ၍ သွား၏။

နောက် အဘိညာ ဝီထိတို့မှာလည်း ထို နည်းတူချည်း မှတ်ကြလေ၊ အကယ်၍တထောင် မဖြစ်လာသေးမူ ဤနည်းတူ ၂-ကြိမ် ၃-ကြိမ် စသည်ဖြင့် ပြုအပ်၏၊ ဖြစ်ပေါ်လာ၏။

အရှင်စူဋ္ဌဖန်-စသည်တို့ကဲ့သို့ တထောင် လည်းကောင်း, ထိုထက် အလွန် လည်းကောင်း, သဘောတူ လည်းကောင်း, သဘောပြား လည်းကောင်း ဖန်ဆင်းလိုမူ—

၁။ ဤမျှလောက် ရဟန်းစုက ပထမအရွယ် ဘယ်လို အဆင်းသဏ္ဌာန်, အဝတ်သက်နှ်း, အလုပ်အကိုင်နှင့် နေစေ။

၂။ ဤမျှလောက် ရဟန်းစုက ဒုတိယအရွယ် ဘယ်လို အဆင်းသဏ္ဌာန်, အဝတ်သက်နှ်း, အလုပ်အကိုင်နှင့် နေစေ။

၃။ မိမိအလိုရှိသလို ရည်မှန်း ဆင်ခြင်ခြင်း ပရိကံပြု၍ အဓိဋ္ဌာန် အပ်၏၊ ဓိဋ္ဌာန်တိုင်း, အလိုရှိတိုင်း ဖြစ်၏။

ထိုသို့ ဖန်ဆင်းသောအခါ ငါ ဘယ်လောက် ကြာအောင် ဖန်ဆင်း၍ နေမည်ဟူ၍လည်း ကာလ အပိုင်းအခြားကို မှတ်ထား၍ ဖန်ဆင်းအပ်၏၊ ထို မိမိမှန်းထားသော ကာလစေ့လျှင် တန်ခိုးငြိမ်း၍ မိမိ တယောက်တည်းပင် ဖြစ်၍သွား၏၊ အကယ်၍ မှန်းထားသော အချိန်ကာလမတိုင်မီ အကြား၌ တန်ခိုးကို သိမ်းရုပ်လိုအံ့၊ စျန်ကို ဝင်စား၍ ထ၍ ငါတယောက်တည်းအတိုင်းပင် ဖြစ်မည်ဟု ရည်မှန်းဆင်ခြင်၍ စျာန်ကို ဝင်စားပြီးလျှင် ထ၍ "ဧကော ဟောမိ-ငါတယောက်တည်း အတိုင်းပင် ဖြစ်စေ, နေစေ"ဟု အဓိဋ္ဌာန် ပြုအပ်၏၊ အဓိဋ္ဌာန် အဘိညာဇော ကျသည်နှင့် တပြိုင်နက် နိမ္မိတ

ရုပ်ပွားတွေ ချုပ်ကွယ်သွားမှ မိမိတယောက်တည်း အတိုင်းပင်ဖြစ်၍ ကျန်ရှိ၍ နေတော့၏။

မည်သည့်ဟာမဆို မိမိအလိုရှိသလို ဖန်ဆင်းလို ပြုပြင်လိုလျှင် ဤနည်း အတူ ရှေးဦးစွာ တန်ခိုးနှိုး စျာန်ဝင်စား၍ ထ၍ မိမိ အလိုရှိသောအတိုင်း ရည်မှန်းဆင်ခြင်ခြင်း ပရိကံကို ပြု၍ အဘိညာ၏ အခြေခံ တဖန် စျာန်ကို ဝင်စား၍ ထပြီးလျှင် မိမိအလိုရှိသောအတိုင်း အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏၊ စေ-ဟု စေလိုက်အပ်၏၊ ဓိဋ္ဌာန်တိုင်း, စေလိုက်တိုင်း ဖြစ်တော့ ပြီးစီးတော့၏၊ ပြည့်စုံတော့၏။

အထူးကား

၁။ ရေ၌ ငုပ်ချည် ပေါ်ချည် လုပ်ဘိသကဲ့သို့ မြေကြီး၌ ငုပ်ချည် ပေါ်ချည် ပြုလုပ်လိုလျှင် အာပေါကသိုဏ်း၌ ဝင်စား၍ "ဤနေ ရာ၌ ရေဖြစ်စေ"ဟု ဓိဋ္ဌာန် ဖန်ဆင်း၍ ပြုအပ်၏။

၂။ နံရံကို, တံတိုင်းကို, မြေကြီးကို ဖောက်ဝင် ငုပ်လျှိုး၍ ကောင်း ကင်၌ သွားဘိသကဲ့သို့ မထိမခိုက် သွားလိုလျှင် အာကာသ ကသိုဏ်း၌ ဝင်စား၍ မိမိ သွားလိုသော နေရာ၌ "ဤနေရာ၌ ကောင်းကင်ဖြစ်စေ"ဟု ဓိဋ္ဌာန် ဖန်ဆင်း၍ ဖောက်ဝင် ငုပ်လျှိုး၍ သွားအပ်၏။

၃။ ငှက်ကဲ့သို့ မိုးကောင်းကင်သို့ ပျံတက်၍ ခြေဖြင့်နင်း၍ သွားလို လျှင် ပထဝီ ကသိုဏ်း၌ ဝင်စား၍ မိမိသွားလိုသော မိုးကောင်း ကင်၌ "ဤနေရာ၌ မြေဖြစ်စေ"ဟု ဓိဋ္ဌာန် ဖန်ဆင်း၍ သွားအပ်၏။

၄။ အဏယ်၍ ခြေဖြင့် နင်း၍ လှမ်း၍ မသွားလိုပဲ ရုပ်သေး ဇာတ်ပွဲ ထဲ၌ နတ်ရုပ်တွေ ထွက်လာဘိသကဲ့သို့ ငြိမ်ငြိမ်သွားလိုလျှင် ဝါယော ကသိုဏ်း၌ ဝင်စား၍ "ငါသည် ကောင်းကင်သို့ လွင့်တက်စေ"ဟု ဓိဋ္ဌာန်ခြင်းကိုပြု၍ သွားအပ်၏။

၅။ ထိုသို့ သွားရာတို့၌ ပကတိသွားဘိသကဲ့သို့ ဖြည်းဖြည်း သွားလို လျှင်"ငါ၏ စိတ်သည် ကိုယ်ကဲ့သို့ ဖြည်းဖြည်း လေးလေး"ဖြစ်စေဟု စိတ်ကို ရုပ်၌ ထည့်သွင်းခြင်း, ညွှတ်စေခြင်းကိုလည်း ပြုအပ်၏။

၆ ဈေဟိတ ရှင်ရသေ့ ပြေးသွားပုံကဲ့သို့ အလိုရှိရာ အရပ်သို့ အလျင်အမြန် ခဏခြင်း ဈောက်လိုမူ ငါ၏ကိုယ်သည် စိတ်ကဲ့သို့ ပေါ့ပါးလျင်မြန်စေဟု ရုပ်ကို စိတ်၌ ထည့်သွင်းခြင်း, ညွှတ်စေခြင်းကိုလည်း ပြုအပ်၏။

၇။ သီဟိုဠ်ကျွန်း မမ္မဒိန္နမထေရ်သည် အပဏ္ဏကသုတ်ကို ဟောယင်း ပရီသတ်တို့အား မြေကိုခွဲ၍ ငရဲကို ပြဘိသကဲ့သို့ လည်းကောင်း, နတ်ပြည်တို့ကိုလည်း ပြဘိသကဲ့သို့လည်းကောင်း, ရှေးက သံကိစ္စရသေ့ကြီး ဗြဟ္မဒတ်မင်းအား ငရဲတို့ကို ခွဲ၍ ပြဘိသကဲ့သို့ လည်းကောင်း, "သုစိဏ္ဏဿ ဖလံ ပဿ၊ ဣန္ဒာ ဒေဝါ သဗြဟ္မကာ" ဟု နတ်ဗြဟ္မာပြည်တို့ကိုလည်း မြင်အောင် ပြဘိသကဲ့သို့ လည်းကောင်း ပြလိုလျှင် အာကာသ ကသိုဏ်း၌ ဝင်စား၍ "ဤမျှသော မြေအရပ်တို့သည် ဟင်းလင်းအပြင် ကောင်းကင်ဖြစ်စေ၊ ဤဝတ္ထုတို့သည် ထင်မြင်ရစေ" ဟု ဓိဋ္ဌာန်ခြင်းကို ပြုအပ်၏။

(က) ဣဒ္ဓိဝိဓ အဘိညာ ကသိုဏ်းတို့၏ အစွမ်း

ပြဆိုခဲ့ပြီးသော တန်ခိုး အမျိုးမျိုးတို့ကို ဖန်ဆင်းရာ, ပြရာ, ဖြစ်စေရာတို့၌ ကသိုဏ်းတို့၏ အစွမ်းတို့ကို သိ၍ မိမိအလိုရှိသလို ပြုရာ၏၊ ကသိုဏ်းတို့၏ အစွမ်းတို့ကား—

ပထဝီကသိုဏ်း၏ အစွမ်း

ပထဝီကသိုဏ်း၏ အစွမ်းဖြင့် တရာ, တထောင် စသည် ဖန်ဆင်းခြင်း, နဂါး, ဂဠုန်ယောင်-စသည် ဖန်ဆင်းခြင်း, ကောင်းကင်၌လည်းကောင်း၊ ရေဖော်၌လည်းကောင်း မြေဖန်ဆင်း၍ ခြေဖြင့်နင်း၍ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းတို့ကို ပြုခြင်း, သစ်ပင်၊ တော၊ တောင်၊ မြေ၊ အိမ်၊ ကျောင်း၊ ဗိမာန် စသော အထည် ဝတ္ထုတို့ကို ဖန်ဆင်းခြင်း, တစုံတခုသော အထည်ဝတ္ထု မိုးကို ရွာစေခြင်း, ပေါ့သောဝတ္ထုကို လေးစေခြင်း, တစုံတခုသော ဝတ္ထုကို ရွှေ့ရှား၍ မရနိုင်အောင် ခိုင်မြဲစေခြင်း- စသည်တို့သည် ဖြစ်ကုန်, ပြီးစီးကုံန်၏။

အာပေါကသိုဏ်း၏ အစွမ်း

အာပေါကသိုဏ်း၏ အစွမ်းဖြင့် မြေ၌ ငုပ်မှု ပေါ်မှုကို ပြုခြင်း, မိုးရွာစေခြင်း, မြစ်-သမုဒ္ဒရာ စသည် ဖန်ဆင်းခြင်း, ပကတိရေကို ဆီ, ပျား, နှိုရည်-စသည် ဖန်ဆင်းခြင်း, ကိုယ်မှ ရေဆိုင်ထွက်စေခြင်း, မြေ-တောင်-ပြာသာဒ်

စသည်ကို လှုပ်စေခြင်း-စဘည်တို့သည် ဖြစ်ကုန်, ပြီးစီးကုန်၏၊ မြေ, တောင်, ပြာသာဒ်-စသည်ကို လှုပ်စေသောအခါ အာပေါကသိုဏ်းဌ် ဝင်စား၍ ထို အာပေါကသိုဏ်းဖြင့် လှုပ်စေလိုသော ဝတ္ထုကို ရေပေါ်၌ ပေါလှောပေါ်၍ နေသော နွားချေးချပ်ကဲ့သို့ နေအောင် ပြု၍ လှုပ်စေသည်။

ရှေးက မဟာနာဂမထေရ်၏ တူရင်းဖြစ်သော သံဃရက္ခိတ သာမဏေ ကလေးသည် သာမဏေပြုသောနေ့ ဆံချစဉ်၌ပင် ရဟန္တာဖြစ်၍ တန်ခိုးပါ ပြည့်စုံ၍ ထိုနေ့၌ပင် သိကြားမင်း၏ ယူဇနာတထောင် မြင့်စွာ ကြီးမားသော ဝေဇယန္တာပြာသာဒ်ကို လှုပ်စေသောအခါ ပထဝီကသိုဏ်းဌ် ဝင်စားပြီး လှုပ်၍ မလှုပ်သဖြင့် နတ်သမီးတွေ ဝိုင်းပြီး သရော် လှောင်ပြောင်ကြ၍ ပြန်ပြေးလာပြီးလျှင် ဆရာကို မေးလျှောက်၍ ထိုကဲ့သို့ အာပေါကသိုဏ်းဌ် ဝင်စား၍ လှုပ်မှ ပြာသာဒ်ကြီး လဲလုမတတ် လှုပ်လေသည်၊ နတ်သမီးတွေ ဝိုင်း၍ တောင်းပန်ရသည်။

တေဇောကသိုဏ်း၏ အစွမ်း

တေဇောကသိုဏ်း၏ အစွမ်းဖြင့် မိမိကိုယ်မှလည်းကောင်၊ တပါးသော ဝတ္ထုမှလည်းကောင်း အခိုးတွက်စေခြင်း, မီးလျှံထထွက်စေခြင်း, မီးကျီးမှိုး ရှာစေခြင်း, မိမိတန်ခိုးမီးဖြင့် သူတပါး တန်ခိုးမီးကို ကုန်စေနိုင်ခြင်း, လောင် စေလိုသော ဝတ္ထုကို လောင်စေနိုင်ခြင်း, ဒီဗွစက္ခုရှုဆု၌ အလင်းကိုပြုခြင်း, ပရိနိဗ္ဗာန်စံသောအခါ မိမိကိုယ်ကို ဘေဇောမဲ့ဝတ် လောင်စေခြင်း-စသည်တို့ သည် ဖြစ်ကုန်, ပြီးစီးကုန်၏။

ဝါယောကသိုဏ်း၏ အစွမ်း

ဝါယောကသိုဏ်း၏ အစွမ်းဖြင့် လေကဲ့သို့ လွင့်ပြေးစေခြင်း, လေးသော ဝတ္ထုကို ပေါ့စေခြင်း, လေမှုန်တိုင်း ထစေခြင်း-စသည်တို့သည် ဖြစ်ကုန်, ပြီးစီးကုန်၏။

နီလကသိုဏ်း၏ အစွမ်း

နီလကသိုဏ်း၏ အစွမ်းဖြင့် ညိုသောအဆင်း ဝတ္ထုဖန်ဆင်းခြင်း, ပတ္တမြား ညို ဖန်ဆင်းခြင်း, မျှောင်ချခြင်း-စသည်တို့သည် ဖြစ်ကုန်, ပြီးစီးကုန်၏။

ပီတကသိုဏ်း၏ အစွမ်း

ပီတကသိုဏ်း၏ အစွမ်းဖြင့် ဝါရှေသောအဆင်း ဝတ္ထုဖန်ဆင်းခြင်း, ရွှေ အစရှိသော ဝတ္ထုဖန်ဆင်းခြင်း-စသည်တို့သည် ဖြစ်ကုန်, ပြီးစီးကုန်၏။

လောဟိတကသိုဏ်း၏ အစွမ်း

လောဟိတကသိုဏ်း၏ အစွမ်းဖြင့် နီသောအဆင်း ဝတ္ထုဖန်ဆင်းခြင်း, ပတ္တမြားနီ ဖန်ဆင်းခြင်း-စသည်တို့သည် ဖြစ်ကုန်, ပြီးစီးကုန်၏။

သြဒါတကသိုဏ်း၏ အစွမ်း

သြဒါတကသိုဏ်း၏ အစွမ်းဖြင့် ဖြူသော အဆင်း ဝတ္ထုဖန်ဆင်းခြင်း, ငွေအစရှိသော ဝတ္ထုဖန်ဆင်းခြင်း, အမိုက်မှောင်ကို ပယ်ဖျောက်ခြင်း, ဒိဗ္ဗစက္ခု ရှုရာ၌ အလင်းကိုပြုခြင်း-စသည်တို့သည် ဖြစ်ကုန်, ပြီးစီးကုန်၏။

အာလောက ကသိုဏ်း၏ အစွမ်း

အာလောက ကသိုဏ်း၏ အစွမ်းဖြင့် မိမိကိုယ်မှလည်းကောင်း, တပါးသော ဝတ္ထုမှလည်းကောင်း အရောင်ထွက်စေခြင်း, အရောင်တောက်ပသော ရုပ်ကို ဖန်ဆင်းခြင်း, အရောင်အလင်း ဖြစ်စေခြင်း, အမိုက်မှောင်ကို ပယ်ဖျောက်ခြင်း, ဒိဗ္ဗစက္ခု ရှုရာ၌ အလင်းကိုပြုခြင်း-စသည်တို့သည် ဖြစ်ကုန်,ပြီးစီးကုန်၏။

အာကာသ ကသိုဏ်း၏ အစွမ်း

အာကာသ ကသိုဏ်း၏အစွမ်းဖြင့် ဖုံးကွယ်၍နေသော ဝတ္ထုကို ထင်ရှားမြင်ရအောင်- ပေါ်အောင် ပြုခြင်း မြေကြီးအတွင်း— တောင်အတွင်း တို့၌ ကောင်းကင်ဖန်ဆင်း၍ ဣရိယာပုထ် ၄-ပါးပြုနိုင်ခြင်း, တံတိုင်း နံရံတဘက်သို့ မထိမခိုး ဖောက်ထွင်း၍ သွားနိုင်ခြင်း- စသည်တို့သည် ဖြစ်ကုန်, ပြီးစီးကုန်၏။

ကသိုဏ်း ၁၀-ပါးလုံး၏ အစွမ်း

ကသိုဏ်း ၁၀-ပါးလုံး၏ အစွမ်းဖြင့် မမြင်စေလိုသော အထည်ဝတ္ထုကို မမြင်ရအောင် ကွယ်ထားခြင်း, ငယ်သော၁ဝတ္ထုကို ကြီးစေခြင်း, ကြီးသော ဝတ္ထုကို ငယ်စေခြင်း, နီးသောဝတ္ထုကို ဝေးစေခြင်း, ဝေးသောဝတ္ထုကို နီးစေခြင်း, သူတပါးတို့အား မေ့စေလိုသော အကြောင်းကို မမှတ်မရပဲ သတိမေ့အောင် ပြုခြင်း-စသည်တို့ကိုကား ကသိုဏ်း ၁၀-ပါးလုံး၏ အစွမ်းသည် ပင်လျှင် ဖြစ်စေ, ပြီးစီးစေနိုင်၏။

ဣဒ္ဓိဝိဓအဘိညာ ပြီး၏။

(၁) ဒိဗ္ဗသောတအဘိညာ

ပြဆိုခဲ့ပြီးသော ဣဒ္ဓိမာပုဂ္ဂိုလ်သည် နတ်နားကဲ့သို့ သန်း, ကမ္ဘည်းနီတို့၏ မြည်တွန်သံ-အစရှိသော အလွန်သိမ်မွေ့သော အသံ, ဝေးစွာသော အရပ်၌

ရှိသော အသံတို့ကို ကြားလိုသောအခါ အကယ်၍ နတ်ပြည်က ပြောဆိုသံကို ကြားလိုအံ့၊ ပေါ့ပါးသော ကသိုဏ်းတို့ကို ထို မိမိကြားလိုသော အသံရှိရာ အရပ်သို့ ဖြန့်၍ တန်ခိုးနှိုးစျာန်ကို ဝင်စား၍ ထ၍ ပကတိ လူစကား ပြောသံ များကို နားက ကြားရဘိသကဲ့သို့ ဤနတ်တို့အသံကို ငါကြားအံ့-ဟု ရည်မှန်း ဆင်ခြင်ခြင်း ပရိကံကိုပြု၍ တဖန် အဘိညာပါဒကစျာန်ကို ဝင်စား၍ ထပြီး လျှင် ဤနတ်တို့၏အသံကို ငါကြားစေသတည်း-ဟု အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏၊ အဓိဋ္ဌာန်အဘိညာဇော ကျသည်နှင့် တပြိုင်နက် ကြားရ၏၊ အကယ်၍ မကြားရသေးလျှင် ဤနည်းအတူ အဖန်ဖန် အဓိဋ္ဌာန်အပ်၏၊ ကြားရ၏၊ ကြမ်းပိုး, သန်း, ကမျဉ်းနီ မြည်တွန်သံ-စသည်ဖြင့် ဘယ်အသံကိုမဆို မိမိကြား လိုသောအခါ ဤနည်းတူချည်း ပြုအပ်၏၊ ထိုသို့ အသံကို ကြားရာတို့၌ မိမိ နားမလည်သော ဘာသာကဲ့ စကားသံကို ကြားရလျှင် အသံကိုသာ ကြားရ၏၊ ဘာကို, ဘယ်လိုဟာကို ပြောသည်, ဆိုသည်-ဟူ၍ကား မသိ၊ ထိုအခါ ပရစိတ္တဝိဇာနနဉာဏ်ဖြင့် ထိုစကားပြောသူ၏ စိတ်အလိုကို သိအောင် လုပ်၍ စကားသံ၏ အဓိပ္ပါယ်ကိုလည်း သိအပ်, နားလည်အပ်၏။

ဤကဲ့သို့ ပကတိနားဖြင့် မကြားဘောင်းသော အသံတို့ကို ကြားနိုင်သော ဉာဏ်ကို နတ်နားကဲ့သို့ ကြားတတ်သဖြင့် နတ်နားနှင့် တူခြင်းကြောင့် ဒိဗ္ဗ သောတ အဘိညာဟု ခေါ်၏။

ဒိဗ္ဗသောတ အဘိညာ ပြီး၏။

(ဂ) ပရစိတ္တဝိဇာနနအဘိညာ

ထိုဣဒ္ဓိမာပုဂ္ဂိုလ်သည် သူတပါး၏ စိတ်အကြံအစည်ကို သိလိုသောအခါ တန်ခိုး၌ မနိုင်နင်းသေးသော အာဒိကမ္မိကပုဂ္ဂိုလ်သည် ဒိဗ္ဗစက္ခုအဘိညာဖြင့် သူတပါး၏ နှလုံးသွေးကို ရှေးဦးစွာ ကြည့်၍ နှလုံးသွေး နီလျှင် ရာ စိတ်, မည်းလျှင် ဒေါသစိတ်, ဝါလျှင် သဒ္ဓါစိတ်, ဖြူလျှင် ပညာစိတ်-စသည်ဖြင့် နှလုံးသွေးကို မြင်သဖြင့် စိတ်ကိုလည်း ဘယ်လိုစိတ်ဟု သာမည အနုမာနအား ဖြင့် သိ၍ "ဤသူ၏ စိတ်အကြံအစည်ကို ငါသိအံ့"ဟု ရည်မှန်းဆင်ခြင်ခြင်း ပရိကံကိုပြု၍ အဘိညာပါဒကစျာန်ကို ဝင်စား၍ ထပြီးလျှင် "ဤသူ၏ စိတ် အကြံအစည်ကို ငါသိစေသတည်း"ဟု အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏၊ စိတ်အကြံ အစည်ကို သိသော အဓိဋ္ဌာန်အဘိညာဇောကျလာ၏၊ သိ၏။

အကယ်၍ ပထမတကြိမ်ဖြင့် မသိသေးငြားအံ့၊ ဤနည်းအတူ အဖန်ဖန် ပြုအပ်၏၊ သိအပ်၏၊ ဤကဲ့သို့ သိနိုင်ဖန်များ၍ နိုင်နင်းသော အခါကျလျှင်

နှလုံးသွေးကို ကြည့်နေဖွယ်မရှိ၊ တခါတည်း စိတ်ကိုပင် ကြည့်၍ သိနိုင်တော၏၊ နှလုံးသွေးမရှိသော အရူပဘုံ စိတ်တို့ကိုလည်း သိနိုင်တော့၏၊ ၄ ကို စေတောပရိယအဘိညာဟူ၍လည်း ခေါ်၏။

ပရစိတ္တဝိဇာနနအဘိညာ ပြီး၏။

(ဃ) ပုဗ္ဗေနိဝါသာနုဿတိ အဘိညာ

ထို ဣဒ္ဓိမာ ပုဂ္ဂိုလ်သည် မိမိ ရှေးကဖြစ်ခဲ့ဖူးသော ဘဝအစဉ်ကို သိလို, အောက်မေ့လို အမှတ်ရလိုသောအခါ တေဇော, ဩဒါတ, အာလောက-ဟု အလင်းကသိုဏ်း ၃-ခုတို့တွင် တခုခု၌ တန်ခိုးနှိုး စျာန်ကို ဝင်စား၍, ထ၍ ယခုအခါမှ စ၍ မိမိ နို့စို့အခါ, မိမိ မွေးဖွားသောအခါ ကျအောင် နောက်ပြန် အစဉ်အတိုင်း မိမိနေဖူး, ပြုဖူး, ဆိုဖူးသမျှ အလုံးစုံကို ပရိကံ စိတ်ဖြင့်ပင်လျှင် ဆင်ခြင်အောက်မေ့၍, အမှတ်ရ၍ သွားအပ်၏၊ နို့စို့အရွယ် ကျအောင် ပရိကံစိတ်မှာ ထင်ရှားအမှတ်ရနိုင်၏။

ထို့နောင် အရင်းသို့ ကျအောင် တိုး၍ တိုး၍ ဆင်ခြင် အောက်မေ့အပ်၏၊ ထို့နောင် မသိနိုင်သော အရာသို့ ကျလျှင် ဤမွေးခါစအခါ, ပဋိသန္ဓေနေဆဲ အခါတို့ကို ငါသိအံ့ဟု ရည်မှန်း ဆင်ခြင်ခြင်း ပရိကံကိုပြု၍ အဘိညာပါဒက စျာန်ကို ဝင်စား၍ ထပြီးလျှင် "ဤမွေးခါစ အခါ, ပဋိသန္ဓေနေသောအခါ တိုင်အောင် ငါ လာခဲ့သော အစဉ်ကို သိစေ, အမှတ်ရစေ သတည်း"ဟု အဓိဋ္ဌာန်ကိုပြုအပ်၏၊ သိနိုင်သောအဓိဋ္ဌာန် အဘိညာဇော ကျလာ၏၊ သိ၏။

ထို့နောင် ငါသည် ဘယ်ဘဝ ဘယ်အဖြစ်က လာခဲ့လေသနည်း၊ "ငါလာခဲ့သော ရှေးဘဝကို သိစေ အမှတ်ရ စေသတည်း"ဟု ပရိကံပြုပြီးလျှင် စျာန်ကို ဝင်စား၍ ထ၍ အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏၊ ထိုအခါ ပဋိသန္ဓေမှ အရင်းသို့ တို့းလျက် ရှေးဘဝကို သိမြင် အမှတ်ရနိုင်သော အဓိဋ္ဌာန် အဘိညာဇော ကျလာ၏၊ အကယ်၍ မသိနိုင်, အမှတ် မရနိုင်သေးလျှင် စျာန်ဝင်စား၍ ဝင်စား၍ အဖန်ဖန် အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏၊ သိမြင် အမှတ်ရနိုင်တော့၏၊ ဤယခုဘဝ၌ မိမိ၏အဖြစ်အပျက် အကြောင်းခြင်းရာ အလုံးစုံကို အကုန် သိနိုင်ဘိသကဲ့သို့ ရှေးဘဝ၌ မိမိ၏ အဖြစ် အပျက် အကြောင်းခြင်းရာ အလုံးစုံကို အကုန်သိနိုင်, အမှတ်ရနိုင်တော့၏။

[ဤနည်းတူ ရှေးရှေးဘဝတို့ကိုလည်း သိအောင်, အမှတ်ရအောင် နောက်ပြန် အောက်မေ့၍ သိအောင်ပြု၍ သွားတော်၏။]

[ဒုတိယအကြိမ်]

ထိုသို့သွားသောအခါ မိမိတို့စိတ်ဉာဏ် ထက်သန်သလောက် ဘဝများစွာ, ကမ္ဘာများစွာ အောက်မေ့အမှတ်ရနိုင်ကြ, သိနိုင်ကြ၏။ သာသနာပ ရသေ့ ရဟန်းတို့ အောက်မေ့ကြသောအခါ ဉာဏ်အကြီးဆုံးပုဂ္ဂိုလ်သည် ကမ္ဘာကြီး ၄၀-ကုန်အောင် အမှတ်ရနိုင်, သိနိုင်၏။ ရဟန္တာ ပုဂ္ဂိုလ်တို့ကား မိမိတို့ ဆုတောင်းပါရမီ ဖြည့်ခဲ့ရသမျှ ကာလကုန်အောင် အမှတ်ရနိုင်, သိနိုင်ကြ၏။ သဗ္ဗညု ဘုရားရှင်တို့မူကား ကမ္ဘာသချေ် အောက်မေ့အမှတ်ရနိုင်, သိနိုင်ကြ၏။ စိတ်ဉာဏ်ထက်သန် ကြီးထွားသော ပုဂ္ဂိုလ်တို့သည် မိမိ၏ ဘဝ အစဉ်ကုံသာ မဟုတ်၊ သူတပါး၏ ဘဝအစဉ်ကိုလည်း အောက်မေ့ အမှတ်ရနိုင်, သိနိုင်ကြ၏။

ပုဗ္ဗေနိဝါသာနုဿတိအဘိညာ ပြီး၏။

(c) ဒိဗ္ဗစက္ခုအဘိညာ

ထို ဣဒ္ဓိမာပုဂ္ဂိုလ်သည် နတ်မျက်စိကဲ့သို့ ကွယ်ခြားရာ, ဝေးရာအရပ်တို့၌ ရှိသော အဆင်း ဝတ္ထုတို့ကို မြင်လိုသောအခါ အကယ်၍ နတ်ပြည်ကို မြင်လိုအံ့ အလင်းကသိုဏ်း ၃-ခုတို့တွင် တခုခုကို ထိုမိမိမြင်လိုသော အရပ်သို့ ဖြန့်ခင်း၍, နှိုးချာန်ကိုဝင်စား၍, ထ၍ ပကတိ မျက်စိဖြင့် ဤအနီးရှိ အဆင်း ဝတ္ထုတို့ကို မြင်ရဘိသကဲ့သို့ ဤနတ်ပြည်ကို ငါမြင်အံ့ဟု ရည်မှန်းဆင်ခြင်ခြင်း ပရိကံကိုပြုပြီးလျှင် အဘိညာပါဒက ချာန်ကို ဝင်စား၍ ထပြီးလျှင် ဤနတ်ပြည်ကို ငါမြင်စေအတည်း-ဟု အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏။ မြင်နိုင်သော အဓိဋ္ဌာန်အဘိညာ ဇောကျလာ၏။ မြင်ရ၏။ အကယ်၍ ပထမ အကြိမ်ဖြင့် မမြင်ရသေးလျှင် ပါဒကချာန်ကို ဝင်စား၍ ဝင်စား၍ အဖန်ဖန် အဓိဋ္ဌာန်ခြင်းကို ပြုအပ်၏။ မြင်ရတော့၏။ ငရဲကို မြင်လိုလျှင်လည်း ဤနည်းတူ ကြည့်ရှုအပ်၏။ မြင်ရ၏။ မည်သည့် ဝတ္ထုကိုမဆို မြင်လိုလျှင် ဤနည်းတူ ကြည့်ရှုရ၏။ မြင်ရ၏။

၁။ ထိုသတ္တဝါတို့ကို ကြည့်ရှု၍ မြင်၍ ဤသတ္တဝါတို့သည် ဘယ်လို ကံကိုပြု၍ ဤကဲ့သို့ စည်းစိမ်ချမ်းသာကို ရပါလိမ့်မည်နည်း၊ ဒုက္ခကို ခံရပါလိမ့်မည်နည်း-ဟု ကံကို ဆင်ခြင် ကြည့်ရှုလျှင် ကံကိုလည်း သိမြင်နိုင်တော့၏။ ထိုကံကို သိမြင်နိုင်သည့် ဉာဏ်ကို ယထာကမ္မုပဂအဘိညာဟု ခေါ်၏။

၂။ ထိုသတ္တဝါတို့ကို နောင် ဖြစ်လတ္တံ့သည်ကိုလည်း ဆင်ခြင်ကြည့်ရှုလျှင် သိမြင်နိုင်၏။ ထိုသို့ သိမြင်နိုင်သော ဉာဏ်ကို အနာဂတံသအဘိညာဟု

ခေါ်၏၊ ဤ အဘိညာ ၂-ပါးတို့ကိုလည်း ဒိဗ္ဗစက္ခု အဘိညာသို့ သွင်း၍ လောကီ အဘိညာ ၅-ပါးဟု မိန့်ဆိုကြကုန်၏။

ဒိဗ္ဗစက္ခုအဘိညာ ပြီး၏။

အဘိညာဉ်၌ မှတ်ဖွယ်

ဤ အဘိညာ ၅-ပါးထဲသို့ အရဟတ္တဖိုလ်ကို ထည့်၍ အဘိညာ ၆-ပါး ဖြစ်၏၊ ဤ အဘိညာ ၆-ပါးတို့တွင် ပုဗ္ဗေနိဝါသာနုဿတိ, ဒိဗ္ဗစက္ခု, အရဟတ္တဖိုလ်ဟူသော အာသဝက္ခယ၊ ဤ ၃-ပါးကို ဝိဇ္ဇာ ၃-ပါးဟု ခေါ်၏၊ အဘိညာ ၆-ပါးထဲကို ဝိပဿနာဉာဏ်, မနောမယိဒ္ဓိ တန်ခိုး၊ ဤ ၂-ပါးကို ထည့်၊ ဝိဇ္ဇာ ၈-ပါးဟု ခေါ်၏။

မနောမယိဒ္ဓိ တန်ခိုး- ဟူသည်ကား—မိမိ ကိုယ်ထဲကို ကောင်းကင်ဟု ဆင်ခြင် ဖန်ဆင်း၍ ထိုကိုယ်အခေါင်းထဲမှ မိမိကိုယ်ငယ် တခုကို ဖန်ဆင်း၍ ဓားအိမ်မှ ဓားကို ထုတ်နုတ်ဘိသကဲ့သို့ ထုတ်နုတ်၍ ပြသော တန်ခိုးကို ခေါ်သည်၊ ဣဒ္ဓိဝိဓ တန်ခိုးပင်လျှင်တည်း။

အဘိညာဉ်၌ မှတ်ဖွယ် ပြီး၏။

၁၂-စိတ္တဝိသုဒ္ဓိသည် ဝိပဿနာ၏ အခြေခံဖြစ်ပုံ

အဘိညာစျာန်ထမ်းမှ ဝိပဿနာဉာဏ်စခန်းသို့ တက်ရန်

တန်ခိုး အဘိညာတို့နှင့် တကွ စျာန်သမာပတ်တို့ကို ရပြီး၍ စိတ်ဉာဏ် အလွန်ထက်သန် ကြည်လင်လတ်သော-

သော ဝိဝိစ္စေဝ ကာမေဟိ။လ။စတုတ္ထံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟာရတိ၊ သော ဧवं သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ။လ။ ဌိတေ အာနဉ္ဇပ္ပတ္တေ အာသဝါနံ ခယညာဏာယ စိတ္တံ အဘိနိန္နာမေတိ၊ သော ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ။

[ပဋ္ဌဋ္ဌာနတ္ထရပါဠိတော်၏ ယောဓာဇီဝေါဟာရမဟုတ်]

အာသဝေါတရားတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ် အလို့ငှာ စိတ်ကို ဝိပဿနာ လမ်းသို့ ညွှတ်စေ, တက်စေအပ်၏။ စျာန် ၄-ပါးတို့တွင် ၁-ပါးပါးကို ဝင်စား၍ စျာန်သမာပတ်မှ ထပြီးလျှင် ရှေးညှာ

စခန်း၌ ပြလတ္တံ့သော ဓာတ်ကြီး ၄-ပါး, ဓာတ်ကြီး ၆-ပါ၊ စသည်တို့ကို အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ ထင်အောင် ရှုရာ၏။

မျက်မှန်, မှန်ပြောင်းဖြင့် တပ်ချိန်၍ ကြည့်သောအခါ ပကတိ မြင်နိုင်ခဲသော သိမ်မွေ့သော ဝေးသော အာရုံတို့ကိုပင် အလွယ်တကူ ချမ်းသာစွာ ထင်ထင်ရှားရှား မြင်ရဘိသကဲ့သို့ ထို့အတူ ဈာန်ကိုဝင်စား၍, ဈာန်သမာဓိကို အခြေခံ၍ ဝိပဿနာ ရှုသည်ရှိသော် အလွန်နက်နဲ သိမ်မွေ့သော အလွန်ဝေးသော အလွန် ထင်မြင်နိုင်ခဲသော အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ အာရုံတို့ကိုလည်း မပင်မပန်း ချမ်းသာ လွယ်ကူစွာ ထင်မြင်နိုင်တော့၏၊ အာသဝေါတရားတို့ကို အကြွင်းမဲ့ကုန်စေတတ်သော မဂ်ဉာဏ်, ဖိုလိဉာဏ်တို့သည် ဖြစ်ပေါ်လာကြတော့၏၊ အလွန်နက်နဲ သိမ်မွေ့သော အလွန်ဝေးသော အလွန်ထင်မြင်နိုင်ခဲသော သစ္စာ ၄-ပါး အာရုံ, နိဗ္ဗာန် အာရုံတို့ကို ထင်မြင်နိုင်တော့၏။

လက္ခဏာရေး ၃-ပါးကို ထင်မြင်မှသာလျှင် နိဗ္ဗာန် ထင်မြင်ရသည် ဖြစ်၍ လက္ခဏာရေး ၃-ပါးကို ထင်မြင်အောင် ကြည့်ရှုခြင်းသည်လည်း နိဗ္ဗာန်ကို ကြည့်ရှုမှုပင်မည်၏၊ ဈာန်သမာဓိကို ဝင်စား၍, အခြေခံ၍ အာသဝေါကုန်မှုကို ရည်တော်မူ၍–

ပဌမံ ပါဟံ ဘိက္ခဝေ ဈာနံ နိဿာယ အာသဝါနံ ခယံ ဝဒါမိ ။လ။ နေဝသညာနာသညာယတနံ ပါဟံ ဘိက္ခဝေ ဈာနံ နိဿာယ အာသဝါနံ ခယံ ဝဒါမိ။

[နဝဂ်ုတ္တရဖါဠိတော်]

ဘိက္ခဝေ၊ ရဟန်းတို့။ ပဌမံပိ ဈာနံ၊ ပဌမဈာန်ကိုလည်း။ နိဿာယ၊ အခြေပါဒပြု၍, အမှီပြု၍။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ ကုန်မှုကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူလေ၏။လ။ ဘိက္ခဝေ၊ ရဟန်းတို့။ နေဝသညာ နာသညာယတနံပိ ဈာနံ၊ နေဝသညာ နာသညာ ဟတနဈာန်ကိုလည်း။ နိဿာယ၊ အခြေပါဒပြု၍, အမှီပြု၍။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ။ ကုန်မှုကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားတော်မူ၏။

မှတ်ချက်။ ။ဈာန်ကို ရှေးဦးစွာ ရအောင်ပြု၍ ဈာန်ကို အခြေပါဒခံ၍ အားထုတ်သဖြင့် ရအပ်သော မဂ်ဖိုလ်ကို စေသောဝိမုတ္တိမဂ်ဖိုလ်၊ ထိုပုဂ္ဂိုလ်ကို စေတောဝိမုတ္တပုဂ္ဂိုလ်ဟု ခေါ်သည်။

[နတိယအကြိမ်]

ဈာန်ကိုရအောင် ရှေးဦးစွာမပြုပဲ, ဈာန်ကို အခြေမခံပဲလျက် ဝိပဿနာ မဂ်လမ်းသက်သက်ကိုသာ အားထုတ်ရာ၌လည်း ရှေးရှေးသော နီးသော ဘဝက ဈာန်သမာပတ်ကို ရခဲ့ဖူးသော အဓိကာရရှိခဲ့လျှင် မဂ်ပေါ်လာသောအခါ ဈာန်ပါ တခါတည်း ရ၍ ပါ၍လာ၏၊ ဤကဲ့သို့ ဈာန်ပါ ပါ၍လာသော မဂ်ဖိုလ်ကိုလည်း စေတောဝိမုတ္တိမဂ်ဖိုလ်၊ ထိုပုဂ္ဂိုလ်ကိုလည်း စေတောဝိမုတ္တပုဂ္ဂိုလ်ဟု ခေါ်၏။

ဤကဲ့သို့ ရှေးဦးစွာ ဈာန်ကိုလည်းမရပဲ, အခြေခံမရပဲ, မဂ်ပေါ်သော အခါမှာလည်း ဈာန်မပါလာပဲ မဂ်ချည်းသန့်သန့် ဖြစ်ပေါ်လာသော မဂ်ဖိုလ်ကို ပညာဝိမုတ္တိ မဂ်ဖိုလ်-ဟု ခေါ်၏၊ ထိုပုဂ္ဂိုလ်ကိုလည်း ပညာဝိမုတ္တပုဂ္ဂိုလ်-ဟု ခေါ်၏၊ ဈာန်သမာဓိ အစေးမှ ခြောက်သွေ့သော သုက္ခဝိပဿက ပုဂ္ဂိုလ်-ဟူ၍လည်း ခေါ်၏။

မံသစက္ခုဿ ဥပ္ပါဒေါ၊
မဂ္ဂေါ ဒိဗ္ဗဿ စက္ခုနော။
ယတော စ ဉာဏံ ဥဒပါဒိ၊
ပညာစက္ခု အနုတ္တရံ။
ယဿ စက္ခုပဋိလာဘာ၊
သဗ္ဗဒုက္ခာ ပမုစ္စတိ။

[ဣတိဝုတ်ပါဠိတော် တိစက္ခုသုတ်]

အနက်။ ၊ဘိက္ခဝေ၊ ရဟန်းတို့။ မံသစက္ခုဿ၊ ပကတိမံသစက္ခု၏။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်ပါရှိ၍ လာခြင်းသည်။ ဒိဗ္ဗဿ စက္ခုနော၊ ဒိဗ္ဗစက္ခု၏။ မဂ္ဂေါ၊ ဖြစ်ပေါ်ရရှိနိုင်ခြင်း အကြောင်းတည်း။ ယတောစ၊အကြင် ဒိဗ္ဗစက္ခု-ဟူသော အကြောင်းကြောင့်ကား။ ဉာဏံ၊ နိဗ္ဗာန်ကို သိမြင်နိုင်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်နိုင်၏။ ဧတံ၊ ဤကဲ့သို့ ဖြစ်ပေါ်သော ဉာဏ်သည်။ အနုတ္တရံ၊ အတုမရှိ လွန်မြတ်သော။ ပညာစက္ခု၊ ပညာစက္ခုပေတည်း၊ ပညာမျက်စိပေတည်း။ ယဿ စက္ခုပဋိလာဘာ၊ အကြင် ပညာစက္ခုကို ရခြင်းကြောင့်။သဗ္ဗဒုက္ခာ၊ အလုံးစုံသော သံသရာဝဋ္ဌဒုက္ခမှ။ပမုစ္စတိ၊ လွတ်၏။

သမထဟုဆိုအပ်သော အဓိစိတ္တ သိက္ခာသာသသန်ာ စိတ္တဝိသုဒ္ဓိ အခန်းပြီးပြည့်စုံပြီ။

စိတ္တဝိသုဒ္ဓိသည် ဝိပဿနာ၏ အခြေခံဖြစ်ပုံကို ပြဆိုခန်းပြီး၏။

၁၃-အဝိပညာသာသနာကို ပြဆိုခန်း

(က) ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ

ဆောင်ပုဒ်သံခိပ်-(က) လက္ခဏနှင့်၊ ရသနှစ်ခု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ သိမ်းရန် နာမ်နှင့် ရုပ်။

(ခ) ဓလေးချက်ပိုင်ပိုင်၊ ပိုင်းခြားနိုင်က၊ သတ္တဇီဝ၊ အတ္တအယူ၊ ကင်းစင်ဖြူ၊ မှတ်ယူ ဒိဋ္ဌိဝိသုဒ္ဓိ။

စိတ်, ဖဿ, ဝေဒနာ အစရှိသော နာမ်တရားတို့ကိုလည်းကောင်း၊ ပထဝီ, အာပေါ-အစရှိသော ရုပ်တရားတို့ကိုလည်းကောင်း ဓမ္မဝဝတ္တာန ဉာဏ်ဖြင့် အသီးအသီးခြားခြားနားနား ထင်မြင်သိမ်းဆည်းနိုင်ရန် အချက်ကား-

(က) လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်-ဟူ၍ ၄-ပါးရှိ၏။
(ခ) ရသသည် ကိစ္စရသ, သမ္ပတ္တိရသ-ဟူ၍ ၂-မျိုးရှိ၏။
(ဂ) ပစ္စုပဋ္ဌာန်သည် ဖလပစ္စုပဋ္ဌာန်, ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန်-ဟူ၍ ၂-မျိုးရှိ၏။

ဥပမာစံပြုရှုန်

၁။ ပူခြင်းသဘောရင်းသည် မီး၏လက္ခဏာတည်း။
၂။ ဝတ္ထုတပါးကို လောင်းခြင်းအမှုသည် မီး၏ ကိစ္စရသတည်း။
၃။ ထွန်းပခြင်းဂုဏ်သည် မီး၏ သမ္ပတ္တိရသတည်း။
၄။ အခိုးအလျံသည် မီး၏ ဖလပစ္စုပဋ္ဌာန်တည်း။
၅။ ထွန်းပခြင်း ဟူသော သမ္ပတ္တိရသသည်ပင်လျှင် မီး၏ ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန်တည်း။
၆။ ထင်းမီးစာသည်လည်းကောင်း, မီးကိုဖြစ်စေတတ်သော ပယောဂ အထူးသည်လည်းကောင်း မီး၏ ပဒဋ္ဌာန်တည်း။
၁။ အာရုံကို သိခြင်းသည် စိတ်၏ လက္ခဏာတည်း။
၂။ စေတသိက်၏ ရှေ့ဆောင် ရှေ့သွားဖြစ်မှုသည် စိတ်၏ ရသတည်း။
၃။ ရှေ့နောက် အစဉ်စပ်မှုသည် စိတ်၏ ပစ္စုပဋ္ဌာန်တည်း။
၄။ နာမ်ရုပ် ၂-ပါးသည် စိတ်၏ ပဒဋ္ဌာန်တည်း။

[လက္ခဏာကား သဘောရင်းတည်း၊ ရသကား ကိစ္စနှင့် ဂုဏ်ထည်း၊ ပစ္စုပဋ္ဌာန်ကား ထင်ပေါ်အော တံခွန်တည်း၊ ပဒဋ္ဌာန်ကား အလွန်နီးစပ်သော အကြောင်းတည်း၊ အကျိုးကိုဖြစ်စေမှုဉ် ဓချတ်မယွင်းနိုင်သော အကြောင်းဟူလို။]

[ဒုတိယအကြိမ်]

ဤ ၉-ပါးနှင့် ခြားနားစွာ ထင်မြင်သည်ရှိသော် တရား ၁-ပါးနှင့် ထွေးယှက်ခြင်း မရှိစေမူ၍ တခု တခုသော နာမ်တရား ရုပ်တရားတို့ကို သီးသန့်ခြားနားစွာ သိမြင်လေ၏။

ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ ပြီး၏။

(ခ) ကခ်ါဝိတရဏ ဝိသုဒ္ဓိဖြစ်ပုံ

ဆောင်ပုဒ်သံခိပ်။ ။နာမရူပ၊ သခ်ါရ၏၊ ပဋိစ္စဇာတ်၊ သမုပ္ပါဒ်ကို၊ အတပ်ထင်ထင် ပိုင်ပိုင်မြင်က၊ ကခ်ါယုံမှား၊ ၁၆-ပါးနှင့်၊ ၈-ပါးဝိစိ ဒိဋ္ဌိဖြာဖြာ၊ ထင်းစင်ကွာ၊ ကခ်ါဝိတရဏ ဝိသုဒ္ဓိ။

ခပ်သိမ်းသော နာမ်ရုပ်တရားတို့၏ ပဋိစ္စသမုပ္ပါဒ်ကို ပိုင်ပိုင် ထင်မြင်နိုင်သည်ရှိသော် သုတ္တန်လာ ဝိစိကိစ္ဆာ ၁၆-ပါးနှင့် အဘိဓမ္မာလာ ဝိစိကိစ္ဆာ ၈-ပါးတို့ကို လွန်မြောက်နိုင်သော ကခ်ါဝိတရဏ ဝိသုဒ္ဓိစခန်းသို့ တန်းတန်းမတ်မတ် ဆိုက်ရောက်လေတော့၏။

သုတ္တန်လာ ဝိစိကိစ္ဆာ ၁၆-ပါး

အတိတ်၌ ယုံမှားခြင်း ၅-ပါး

၁။ ရှေး၌ ငါဖြစ်ဖူးပြီလော။
၂။ ရှေး၌ ငါမဖြစ်ဘူးသေးဖူးလော။
၃။ အဘယ်အမျိုးအနွယ်အားဖြင့် ဖြစ်ဖူးလေသနည်း။
၄။ အဘယ်အဆင်းသဏ္ဌာန်အားဖြင့် ဖြစ်ဖူးလေသနည်း။
၅။ အဘယ် အမျိုးအနွယ် ဖြစ်၍ အဘယ် အမျိုးအနွယ် ဖြစ်ခဲ့ရလေသနည်း။

[ဤကား အတိတ်၌ ယုံမှားခြင်း ၅-ပါးတည်း။]

အနာဂတ်၌ ယုံမှားခြင်း ၅-ပါး

၁။ နောင်၌ ငါဖြစ်ရလတ္တံ့လော။
၂။ နောင်၌ ငါမဖြစ်ရလတ္တံ့လော။
၃။ အဘယ်အနွယ်အားဖြင့် ဖြစ်ရလတ္တံ့နည်း။
၄။ အဘယ် အဆင်း သဏ္ဌာန်အားဖြင့် ဖြစ်ရလတ္တံ့နည်း။
၅။ အဘယ် အမျိုးအနွယ်ဖြစ်၍ အဘယ်အမျိုးအနွယ် ဖြစ်ရလတ္တံ့နည်း။

[ဤကား အနာဂတ်၌ ယုံမှားခြင်း ၅-ပါးတည်း။]

[ရတိယအကြိမ်]

ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး

၁။ ယခု ငါသည် ဖြစ်ဆဲလော။
၂။ ယခု ငါသည် ဖြစ်ဆဲမဟုတ်လေသလော။
၃။ အဘယ် အမျိုးအနွယ်အားဖြင့် ဖြစ်လေသနည်း။
၄။ အဘယ် အဆင်းသဏ္ဌာန်အားဖြင့် ဖြစ်လေသနည်း။
၅။ အဘယ်ဘုဝမှ လာခဲ့သနည်း။
၆။ အဘယ်ဘဝသို့ သွားရမည်နည်း။

[ဤကား ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆—ပါးတည်း။]

သုတ္တန်လာ ဝိစိကိစ္ဆာ ၁၆—ပါး ပြီး၏။

အဘိဓမ္မာလာ ဝိစိကိစ္ဆာ ၈-ပါး

၁။ ဘုရား၌ ယုံမှားခြင်း,
၂။ တရား၌ ယုံမှားခြင်း,
၃။ သံဃာ၌ ယုံမှားခြင်း,
၄။ အကျင့်သိက္ခာ၌ ယုံမှားခြင်း,
၅။ သံသရာ၏ ရှေ့အစွန်း၌ ယုံမှားခြင်း,
၆။ သံသရာ၏ နောက်အစွန်း၌ ယုံမှားခြင်း,
၇။ သံသရာ၏ ရှေ့နောက်အစွန်း ၂-ပါး၌ ယုံမှားခြင်း,
၈။ ပဋိစ္စသမုပ္ပါဒ် တရား၌ ယုံမှားခြင်း,

[ဤကား အဘိဓမ္မာလာ ဝိစိကိစ္ဆာ ၈—ပါးတည်း။]

ရုပ်နာမ်ခန္ဓာ သတ္တဝါတို့မှာ ရှေးအကြောင်း ဟူ၍ မရှိဟု ယူသော အဟေတုက ဒိဋ္ဌိ, ရုပ်နာမ်ခန္ဓာ သတ္တဝါတို့ကို ထာဝရ ဘုရား ဖန်ဆင်းသည်-ဟူ၍ ယူသော ဝိသမဟေတု ဒိဋ္ဌိ-အစရှိသော ဒိဋ္ဌိအမျိုးမျိုးတို့ကို လွန်မြောက်သော် ကခ်ါဝိတရဏဝိသုဒ္ဓိ ဖြစ်၏။

ကခ်ါဝိတရဏဝိသုဒ္ဓိဖြစ်ပုံ ပြီး၏။

(၈) ဝိပဿနာဉာဏ် ၁၀-ပါး

၁။ သမ္မသနဉာဏ်။
၂။ ဥဒယဗ္ဗယဉာဏ်။
၃။ ဘင်္ဂဉာဏ်။
၄။ ဘယဉာဏ်။

[ဒုဘိယ[illegible]]

၅။ အာဒီနဝဉာဏ်။
၆။ နိဗ္ဗိဒါဉာဏ်။
၇။ မုစ္စိတုကမ္မတာဉာဏ်။
၈။ ပဋိသင်္ခါဉာဏ်။
၉။ သင်္ခါရုပေက္ခာဉာဏ်။
၁၀။ အနုလောမဉာဏ်။

[ဤကား ဝိပဿနာဉာဏ် ၁၀-စီး သရုပ်တည်း။]

ဝိပဿနာဉာဏ် ၁၀-ပါးအကျယ်

ဆောင်ပုဒ်သံခိပ်။ ။ခန္ဓာဒီနည်း၊ ပွဲစည်းပြီးခါ၊ ၃-ပြာလက္ခဏာ၊ သုံးသပ်ရ၊ သမ္မသနဉာဏ်။

ခပ်သိမ်းသော ရူပ်နာမ်တရားတို့ကို ခန္ဓာ ၅-ပါးစသည် စုပုံဖွဲ့စည်းအပ်၍—

ရူပံ အနိစ္စံ ခယဋ္ဌေန။
ရူပံ ဒုက္ခံ ဘယဋ္ဌေန။
ရူပ အနတ္တာ အသာရကဋ္ဌေန။

အစရှိသည်ဖြင့် လက္ခဏာရေး ၃-ပါးတင်၍ အဖန်ဖန်အထပ်ထပ် သုံးသပ်သော ဉာဏ်သည် သမ္မသနဉာဏ်မည်၏။

ဆောင်ပုဒ်သံခိပ်။ ။ဖြစ်ပွားပျက်မှု၊ အစုံရှု၊ ဥဒယဗ္ဗယဉာဏ်။

ဦးခေါင်း, ခြေ, လက်, မျက်နှာသဏ္ဌာန် စသည်တို့၏ ခံ့ကခြင်းဖြစ်ပေါ်မှု, ခံ့ကခြင်းပျက်ကွက်မှု, ထင်လင်းအောင် အစုအခဲအားဖြင့် ဖြစ်မှု, ပျက်မှုကို အစုံ အစုံ ရှုသော ဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်၏။

ဆောင်ပုဒ်သံခိပ်။ ။အပျက်ကိုသာ၊ ရှုတို့ပါ၊ သည်သာ သင်ဉာဏ်။

အဖြစ် အပျက် ၂-ပါးတွင် အဖြစ်ကားမြင်လွယ်၏၊ အပျက်ကား မြင်ခဲ၏၊ လိုရင်းလည်း ဖြစ်၏၊ ထို့ကြောင့် အဖြစ်ကို လွှတ်၍ အပျက်သက်သက်ကို ရှုသော ဉာဏ်သည် ဘင်ဉာဏ်မည်၏။

ဆောင်ပုဒ်သံခိပ်။ ။အပျက်မြင်ကာ၊ ဘယမစွဲ၊ ပျက်မှုခဖင်း၊ ဘေးသေမင်းဟု၊ ကြောက်ခင်းထွေထွေ၊ ရှုတို့ပေ၊ မှတ်စလ သယဉာဏ်။

ရူပ်နာမ်စမ္မာ သင်္ခါရတို့၏ ပျက်ပုံ အနိစ္စသဘောကို ထင်မြင်သောအခါ ပျက်ခြင်းနှင့် တကွဖြစ်သော ရူပ်နာမ်တရားတို့၏ အပေါ်ဌာ် သေမင်းကြီးတမျှ ကြောက်လန့်လှသော ဉာဏ်သည် ဘယဉာဏ်မည်၏။

[ဒုတိယအကြိမ်]

ဆောင်ပုဒ်သံခိပ်။ ။ကြောက်ဖွယ်ခပင်း၊ မြင်တုံလျှင်းက၊ သေးဘယမျိုး၊ ရူပ်နာမ်ဆိုးဌ၊ ကိုးထုမရှိ၊ ခက်မှန်းသိ၊ အာဒီနဝဉာဏ်။

ကြောက်ဖွယ် လန့်ဖွယ်ဟူ၍ ထင်မြင်လာသည်ရှိသော် သေးဘယမျိုးဖြစ်သော ရူပ်ဆိုးနာမ်ဆိုးဌ အားကိုးထုမရှိ၊ အပြစ်အတိုပါတကား-ဟု ရှုဆင်ခြင်သော ဉာဏ်သည် အာဒီနဝဉာဏ်ဓမ္မည်၏။

ဆောင်ပုဒ်သံခိပ်။ ။ကိုးထုမတင်၊ ခက်ပုံမြင်က၊ မရှင်မသန်း၊ စိတ်ကုန်ခန်း၍၊ မချမ်းမမြေ့၊ ငြီးငွေ့သောစက္ခု၊ စိတ်အနေ၊ မှတ်ဆေ နိုဗ္ဗိဒုံ။

အားကိုးထု မရှိ၊ အပြစ်အတိသာဟု ထင်မြင်သောအခါ ရူပ်နာမ်ဓမ္မ သင်္ခါရတို့၌ မပျော်မွေ့၊ ငြီးငွေ့လှသောအနေနှင့် ရှုဆင်ခြင်သော ဉာဏ်သည် နိုဗ္ဗိဒါဉာဏ် မည်၏။

ဆောင်ပုဒ်သံခိပ်။ ။ငြီးငွေ့အားသန်၊ စိတ်ပူဖန်က၊ လျှင်မြန်တစိ၊ လွတ်လိုဘိ၊ မုစ္စိတုကမျှတာဉာဏ်။

မပျော်မွေ့၊ ငြီးငွေ့လှသောအခါ၌ သင်္ခါရနယ်တွင်းမှ အတင်းထွက်မြောက်လိုသောဉာဏ်သည် မုစ္စိတုကမျှတာဉာဏ် မည်၏။

ဆောင်ပုဒ်သံခိပ်။ ။လွတ်လိုလှ၍၊ လွတ်ရတဲ့ဌာ၊ ဘာဝနာ-၄၀၊ အကျယ်ဖြန့်ချီ၊ အားတိုက်ဖိ၊ ပဋိသင်္ခါဉာဏ်။

အလွန်တရာ လွတ်လိုလှ၍ လွတ်ခွင့်ရတဲ့ခြင်းဌာ ဘာဝနာ ၄၀-တို့ဖြင့် အကျယ်တဝင့် အပြင်းဆင်ခြင်၍ အားထုတ်မှု ရှိသောဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်၏။

ဆောင်ပုဒ်သံခိပ်။ ။အားတိုက်ရှု၍၊ လွတ်မှုလွတ်ရန်၊ အမြင်သံက၊ ရူပ်နာမ်ဓမ္မ၊ သင်္ခါရစယ်၊ မဟုယ်သမှု၊ လျစ်လျူရှု၊ သင်္ခါရုပေက္ခာဉာဏ်။

ဘာဝနာ ၄၀-တို့ဖြင့် အကျယ်တဝင့် အပြင်းအထန် အားထုတ်သော အခါ ဝိပဿနာဉာဏ် ထက်သန်၍ ရူပ်နာမ်ဓမ္မ သင်္ခါရတို့၌ မုန်းချစ်မပြု လျစ်လျူရှုသောဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

[ဘာဝနာ ၄၀—ဆိုသည်ကား ထော ၄၀—ဖင်တည်း၊ ဤ စာအုပ် တနေရာမှာ ကြည့်စေ။]

[ဒုတိယ ဘဏ္ဍာ]

ဆောင်ပုဒ်သံခိပ်။ ။မဂ်ဇောဏ်လိုသော်၊ အဆော်အနှူး၊ မဂ် ၄-ဦးအား အထူးလျော်မှု၊ ကျွေးဌားပြု၊ အနုလေဝဇဉာဏ်။

ဝိပဿနာဉာဏ် ရင့်သန် ထက်မြက်လေသဖြင့် မဂ် ၄-ခု ပေါ်အောင် နှိုးဆော်ဘိသည့် ပမာ လွန်စွာ မဂ် ၄-ခုတို့နှင့် လျော်သော ဉာဏ်သည် အနုလောမဉာဏ် မည်၏။

[ဇဟေအစပ်ကောင်းလှသော ဉာဏ်—ဟူလို။]

ဝိပဿနာဉာဏ် ၁၀-ပါး ပြီး၏။

ဝိပဿနာဉာဏ် ၁၀-ပါးဌ် မှတ်ဖွယ်

ဝိပဿနာ ဉာဏ် ၁၀-ပါးတွင် သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ်၊ ဤဉာဏ် ၃-ပါးသည် တိရဏ ပရိညာမည်၏။

ထိုဉာဏ် ၃-ပါးတွင်-

၁။ သမ္မသနဉာဏ် ဆိုသည်ကား, ရုပ်တရား နာမ်တရားတို့ မည်သည် မျက်တောင် တခတ် လျှပ်တပြက်မျှ အသက်ရှည်၍ တည်နေနိုင်သော တရားမျိုး မဟုတ်ကုန်၊ မျက်တောင် တခတ် လျှပ်တပြက် အတွင်းမှာပင် အခါများစွာ သေဆုံး ချုပ်ပျက်ရသော အနိစ္စမျိုး, ဒုက္ခမျိုး, အနတ္တမျိုးတို့သည် ကေန်စင်စစ်ဖြစ်ကြကုန်သည်-ဟု ဉာဏ်အမြင်ပေါ်အောင် အားထုတ်အပ်သော ဝိပဿနာဉာဏ်သည် သမ္မသနဉာဏ် မည်၏၊ မျက်စိဖြင့် မြင်သကဲ့သို့ ဉာဏ်အမြင်ပေါက်မှ ဝိပဿနာဉာဏ်ဖြစ်သည်။

အဘိဓမ္မာ ကျမ်းဂန်တတ်၍ ဓမ္မသဘာဝတို့ကို နေရာကျ သိနိုင်သော သဘောယုတ္တိ ဉာဏ်မျိုးသည် ဝိပဿနာဉာဏ် မဟုတ်၊ သုတမယဉာဏ်သာတည်း၊ ဝိပဿနာ ဉာဏ်သည်ကား စိန္တာမယ ဉာဏ်တည်း၊ ယခုတာလဌ်ကား သုတမယ ဉာဏ်အနေနှင့် ထင်မှု, မြင်မှု, နှလုံးသွင်းမှုကိုပင် ဝိပဿနာဉာဏ်ဟု ထင်မှတ်၍နေကြသူများ၏။

၂။ ဆေးသောက်လို၍ မီးခြစ်ရာ၌ ခြစ်မိသော နေရာမှ မုန်ညင်းစေ့မျှ မီးတောက် ဖြစ်ပေါ်သည်မှ စ၍ တိုးပွားရှိလာသည်ကိုလည်းကောင်း အတိုးအပွား ရပ်ပြီးနောက် ဆုတ်ယုတ်၍သွားသည်ကိုလည်းကောင်း, အဆုံးသတ်အေပျောက်၍ သွားသည်ကိုလည်းကောင်း, မျက်စိဖြင့်

ပစ္စက္ခ ဒိဋ္ဌမြင်ကြသကဲ့သို့ ကိုယ်ခန္ဓာတွင်း၌ ရုပ်တရား နာမ်တရား တို့၏ ထိုထို အခိုက် အတန်အားလျော်စွာ သန္တတိ အစဉ်အားဖြင့် ခူတင် တဖွားဖွား ဖြစ်ပေါ် တိုးပွားမှုကိုလည်းကောင်း, အတိုး အပွား ရပ်ပြီးနောက် ဆုတ်ယုတ်၍ သွားသည်ကိုလည်းကောင်း, အဆုံးမှာ အကုန်ကွယ်ပျောက်၍ သွားသည်ကိုလည်းကောင်း ဒိဋ္ဌ ပစ္စက္ခအားဖြင့် အသိဉာဏ်တွင် အမြင်ပေါက်အောင် အားထုတ် မှုသည် ဥဒယဗ္ဗယဉာဏ် မည်၏။

၃။ ကွယ်ပျောက်မှုကိုသာ အတူး ကွက်ခြားမ၍ ဒိဋ္ဌပစ္စက္ခ အမြင် ပေါက် အောင် ရှုမှုသည် ဘင်ဉာဏ်မည်၏။

ဝိပဿနာဉာဏ် ၁၀-ပါးတို့ မှတ်ဖွယ်ပြီး၏။

အန္တရာယ် ၁၀-ပါး

ဆောင်ပုဒ်သုံးခိပ်။ ။ဥဒယဉာဏ်၊ ရင့်သန်တုံလတ်၊ ဖြစ်လာတတ်၊ ဆယ်ချက် အန္တရာယ်။

အရောင်, ပီတိ, ပဿဒ္ဓိနှစ်ပြား, သဒ္ဓါ, ဝီရိယ, သုခ, ဗုဒ္ဓိ, နိကန္တိနှင့်, သတိ, ဥပေက္ခာ, ဤဆယ်ပြား, မှတ်ပါ အန္တရာယ်။

ဝိပဿနာဉာဏ် ၁၀-ပါးတို့တွင် ဥဒယဗ္ဗယဉာဏ် ရင့်သန် ထက်မြက်လာ သောအခါ ဖြစ်ပေါ်၍လာတတ်သော အန္တရာယ် ၁၀-ပါးကား-

သြဘာသ, ပီတိ, ဩဝယပဿဒ္ဓိ-စိတ္တပဿဒ္ဓိ, သဒ္ဓါ, ဝီရိယ, သုခ, ဗုဒ္ဓိ, သတိ, ဥပေက္ခာ, နိကန္တိ။

၁။ သြဘာသ-ဝိပဿနာ၏ အရောင်ဖြစ်ပေါ်ခြင်း,

၂။ ပီတိ-ခုဒ္ဒကာပီတိ, ခဏိကာပီတိ, သြက္ကန္တိကာပီတိ, ဥဗ္ဗေဂါပီတိ, ဖရဏာပီတိ တို့သည် အစဉ်အတိုင်း ဖြစ်ကုန်၏၊ ဤသို့ ဖြစ်ဆဲကို မင်ဟူ ထင်တတ်ခြင်း,

၃။ ကာယပဿဒ္ဓိ-စိတ္တပဿဒ္ဓိကိုယ်စိတ်တို့၏ ငြိမ်းခြင်း,

၄။ သဒ္ဓါ-အလွန်ကြည်စေတတ်သော သဒ္ဓါရှိခြင်း,

၅။ ဝီရိယ-မမေ့မလျော့ပဲ အားထုတ်ချီးပင့်ခြင်း,

၆။ သုခ-ဝိပဿနာနှင့်ယှဉ်သော စေတသိကသုခ-အလွန်ချမ်းသာခြင်း,

၇။ ဗုဒ္ဓိ-ထက်မြက်စူးရှသော ဉာဏ်အမြင် ပေါ်လာခြင်း,

၈။ သတိ-ဝိပဿနာနှင့် ယှဉ်သော ကျောက်စာတိုင်နှင့် တူသော သတိ ပြစ်လာခြင်း,
၉။ ဥပေက္ခာ-သင်္ခါရတရားတို့ကို လျစ်လျူရှုခြင်း,
၁၀။ နိဗ္ဗာန်-ဝိပဿနာ၌ အသာငင်းငင်း တွယ်တာခြင်း,

အန္တရာယ် ၁၀-ပါး ပြီး၏။

(ဃ) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပြစ်ပုံ

ဆောင်ပုဒ်သံခိုပ်။ ။ထိုဆယ်ချက်တွင်၊ မက်ဆဖင်ကို၊ မယ်ထွင်ရှင်းကာ၊ ဆလင်းသာ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

ဥဒ္ဒယဗ္ဗယဉာဏ် ထက်သန်သောအခါ၌ မကြုံစဘူး အလွန်ထူးသော ကိုယ်ရောင် ကိုယ်ဝါ စသည် ပြစ်ပေါ်၍လာတတ်၏။ ထိုအခါ ထိုကိုယ်ရောင် ကိုယ်ဝါ စသည်ကို သာယာသော တဏှာနိကန္တိအတွက် မက်ကို ငါရပြီ၊ ဖိုလ်ကို ငါရပြီ-ဟု အထင်ကပ်၍ ဝိပဿနာကို လွှတ်၍ နေတတ်၏။ ထိုအခါ၌ မက်-ဟူ၍ ထွင်မိသော ထိုပီတိ, ပဿဒ္ဓိ-စသည်၏ လောကုတ္တရာမက် မဟုတ်အောင်း ကြောင်းကို ရှင်းလင်းနိုင်သော ဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်၏။

(c) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ပြစ်ပုံ

ဆောင်ပုဒ်သံခိုပ်။ ။ဥဒယဉာဏ်၊ ဘင်ပျိုးကာ၊ ကိုးဖြာဉာဏ်စဉ်၊ စခန်းထွင်၍၊ အမြင်လင်းဘို၊ ထိုးထွင်းသိ၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ။

အန္တရာယ်ကို သုတ်သင်ပြီးမှ ဥဒယဗ္ဗယဉာဏ်ကိုပင် တဖန် ပြုစုပျိုးထောင်၍ ယူပြီးလျှင် ထိုဉာဏ်မှစ၍ အားထုတ်လုတ်သော် အစဉ်အတိုင်း နေရာကျ ဖြစ်ပွားရှိသွားသော ဝိပဿနာဉာဏ် ၉-ပါးသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။

ဆောင်ပုဒ်သံခိုပ်။ ။သင်္ခါရနှင့်၊ အနုလောမ၊ ဉာဏ်နှစ်ဝ၊ ဝုဋ္ဌာနဂါမိနီလည်း ခေါ်သတည်း။

၁၀-ပါးသော ဝိပဿနာဉာဏ်တို့တွင် နောက်ဆုံးဖြစ်သော သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်၊ ဂျာဉာဏ် ၂-ခုကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာလည်း ခေါ်သည်၊ ပဋ္ဌာန် ၃-ပါးမှ ကျွတ်လွတ် ထမြောက်ခြင်း အနက်ကြောင့် မက်ကို ဝုဋ္ဌာနဆိုသည်၊ ထိုမက်သို့ မချဉ်တမ်းလဲ ရောက်စေတတ်သော အနက်ကြောင့် ထိုဉာဏ် ၂-ခုကို ဝုဋ္ဌာနဂါမိနီ ခေါ်သည်။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

[ဂျီပမ ပြီး]

(၈) ပထမ မဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပုံ

ဆောင်ပုဒ်သံခိပ်။ ။ဝုဋ္ဌာနဂါမ်၊ လွန်ရင့်သန်က၊ နိဗ္ဗာန်ပေါက်ခါ၊ မဂ်ဆောက်လာ၊ ဉာဏဒဿနဝိသုဒ္ဓိ။

ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် ရင့်သန်သော အခါ၌ နိဗ္ဗာန်ကို အာရုံပြုသော လောကုတ္တရာ မဂ်ဉာဏ် ဖြစ်ပေါ် ပေါက်၍ လာ၏၊ မဂ်ဉာဏ် ၄-ပါးကို ဉာဏဒဿနဝိသုဒ္ဓိ ဆိုသည်၊ ဤအရာ၌ကား သောတာပတ္တိမဂ် ဉာဏ်တည်း။

ဝိထိကျပုံကား။ ။ဘဝင် ၂-ကြိမ်၊ လက္ခဏာရေး ၃-ပါးတွင် တပါးပါးလျှင် အာရုံရှိသော မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ ၁-ကြိမ်စီ၊ နိဗ္ဗာန်ကို အာရုံပြုသော ဂေါတြဘူ ၁-ကြိမ်၊ သောတာပတ္တိမဂ် ၁-ကြိမ်၊ သောတာပတ္တိဖိုလ် ၂-ကြိမ်၊ ထိုနောက် ဘဝင်ကျ၏။

[ဝိထိပိုင်းဆိုင်ရာတည်း။]

မဂ်ကိစ္စ ၄-ပါး

ဆောင်ပုဒ်သံခိပ်။ ။သိ, ပယ်, ဆိုက်ပွား၊ လေးပါးအချက်၊ တပြိုင်နက်၊ မဂ်၏ကိစ္စတည်း။

၁။ ရှုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဒုက္ခအမှန်ကို သိခြင်းကိစ္စ,

၂။ သမုဒယအသင်းဖြစ်သော ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ ပယ်သတ်ခြင်း ကိစ္စ,

၃။ ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့၏လည်းကောင်း, အပါယဒုက္ခတို့၏ လည်းကောင်း တချက်တည်း အပြီးတိုင် ငြိမ်းမှုသို့ ဆိုက်ရောက်ခြင်း ကိစ္စ,

၄။ မဂ်ကိုပွားများမှု တစခန်း ထမြောက်ပြီးစီးခြင်း ကိစ္စ,

ဤကိစ္စ ၄-ပါးကို မဂ်သည် တပြိုင်နက် ဖြစ်စေနိုင်သည်။

ဆောင်ပုဒ်သံခိပ်။ ။ဒိဋ္ဌိ,ဝိစိ၊ ပယ်သတ်ဘိ၊ အာဒိ မဂ်သောတာ။

ဤမဂ်ကို ရသည်နှင့်တပြိုင်နက် ဒိဋ္ဌိ, ဝိစိကိစ္ဆာကို ပယ်သတ်၏၊ ဒုစရိုက်ကံဟောင်း, ကံသစ်, အကုန်ချုပ်ငြိမ်း၏၊ ထိုပုဂ္ဂိုလ်သည် ကာမဘုံ၌ ပဋိသန္ဓေ ၇-ကြိမ်သာရှိ၏။

[ဒုတိယအကြိမ်]

ပစ္စေကွနာ ၅.ဝိထိဖြစ်ပုံ

ဆောင်ပုဒ်သံခိပ်။ ။မဂ်, ဖိုလ်, နိဗ္ဗာန်, ပယ်ကြွင်းကျန်, နှစ်ဓာန် ကိလေသာ၊ အစဉ်သမှု၊ အမြင်ရှု၊ ငါးခု ပစ္စေကွနာ။

ထို သောတာပတ္တိမဂ္ဂဝိထိ၏ နောက်၌–

၁။ မဂ်ကို ရှုဆင်ခြင်သော ဝိထိ,

၂။ ဖိုလိကို ရှုဆင်ခြင်သော ဝိထိ,

၃။ နိဗ္ဗာန်ကို ရှုဆင်ခြင်သော ဝိထိ,

၄။ ပယ်ပြီး ကိလေသာကို ရှုဆင်ခြင်သော ဝိထိ,

၅။ ကိလေသာကြွင်းစုကို ရှုဆင်ခြင်သော ဝိထိ,

ဟူ၍ ပစ္စေကွနာ ၅ဝိထိ ဖြစ်မြဲ။

ဆောင်ပုဒ်သံခိပ်။ ။ထက်မဂ်ကိုလျှင်၊ မရောက်ခင်၊ ဖိုလ်လျှင် လည်းလျှောင်းရာ။

အထက်မဂ်သို့ မရောက်မီအတွင်း သောတာပန် ပုဂ္ဂိုလ်အဖြစ်နှင့် နှစ်လ မျှားစွာလည်းကောင်း, ကာမဘုံ၌ ၇-ဘဝ၊ ဗြဟ္မာ့ဘုံ၌ ဘဝကမ္ဘာမျှားစွာ ပတ်လုံးလည်းကောင်း သောတာပတ္တိဖိုလိကို အလိုရှိတိုင်း ဝင်စား၏။

ဝိထိကျပုံကား.... ဘဝင် ၂-ကြိမ်၊ ရူပ်နာမ်ဓမ္မ သခ်ါရလျှင် အာရုံရှိသော မနောဒ္ဓါရာဝဇ္ဇန်း၊ အနုလုံ ၃-ကြိမ်လည်းကောင်း, ၄-ကြိမ် လည်းကောင်း၊ ထို့နောင် နိဗ္ဗာန်လျှင် အာရုံရှိသော သောတာပတ္တိဖိုလ်ဇော အကြိမ်ပေါင်း အနန္တ အလိုရှိသမျှဖြစ်၏၊ ထို့နောင် ဘဝင်ကျ၏။

ထိုအခါ၌ ပူအိုက်လှတုန်းအခါ အေးမြစွာသော ရေအိုင်ကြီးထဲသို့ ဆင်း၍ ငုပ်ရာဘိသကဲ့သို့ ထိုသောတာပန်ပုဂ္ဂိုလ်သည် ဖိုလ်၏အတွေ့ နိဗ္ဗာန်၏ အတွေ့တို့ဖြင့် ,အလွန်ချမ်းမြေ့,လေသတည်း၊ အထက်မဂ်သို့ မရောက်မီ ဘဝ မျှားစွာ, ကမ္ဘာမျှားစွာပတ်လုံး ထိုဖိုလ်သည် လည်းလျှောင်းရာဖြစ်၏။

[ဗြဟ္မာ့ပြည်သို့ သွားလတ္တံ့သော ဝဋ္ဌဘာဝိရဟေဘေဒတာပန်, ဗြဟ္မာ့ပြည်မှာ ဖြစ်သော ဗြဟ္မာသေဒတာပန်တို့ကို ရည်၍ ကမ္ဘာမျှားစွာဟု ဆိုသည်။]

သတ္တက္ခတ္တုပရမ သောတာပန်, ကောလံကောလ သောတာပန်, ဧကဗီဇီ သောတာပန်တို့ကား ဤကာမဘုံမှာပင် ရဟန္တာဖြစ်၍ ငြိမ်းကြကုန်လတ္တံ့။

၁။ ပဋိသန္ဓေ ၇-ကြိမ်မှ ငြိမ်းသည်ကား သတ္တက္ခတ္တုပရမတည်း။
၂။ ၆-ကြိမ်, ၅-ကြိမ်, ၄-ကြိမ်, ၃-ကြိမ်, ၂-ကြိမ်တွင် ငြိမ်းသူတို့ကား ကောလံကောလတို့တည်း။
၃။ ၁-ကြိမ်တွင် ငြိမ်းသူတို့ကား ကေဗီဇီတို့တည်း။

ပဌမမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ ပြီး၏။

ဒုတိယမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

ဆောင်ပုဒ်သံခိပ်။ ။ကာ, ဗျာ-နှစ်ထွေ, အကျန်ချေ ရောက်လေ သကဒါဂါ။

သောတာပန်သည် ဝိပဿနာဉာဏ် ၁၀-တန်ကို တဖန် အားထုတ်ပြန်သည် ရှိသော် သကဒါဂါမိမဂ်သို့ ရောက်ပြန်၏၊ သောတာပန်အမည် ကွယ်လေ၏၊ သကဒါဂါမိအမည်ကို ရလေ၏၊ ကိလေသာမှာ သောတာပန်အခါ၌ အကျန် ကိလေသာစုတွင် ရှန့်ရင်းလျက် ရှိသေးသော ကာမရာဂ, ဗျာပါဒ ၂-ခုကို ပယ်သတ်၏၊ သိမ်မွေ့သော ကာမရာဂ, ဗျာပါဒသည် ကျန်ရှိသေး၏၊ ကာမဘုံမှာ ၁-ကြိမ်သာ ပဋိသန္ဓေရှိ၏။

[ကြင်းအော အစီရင်စုမှာ ပဌမမဂ္ဂဉာဏဒဿန နည်းတူ သိလေ။]

ဒုတိယမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

တတိယမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

ဆောင်ပုဒ်သံခိပ်။ ။ကာ, ဗျာ-နှစ်ထွေ၊ အကုန်ချေ၊ ရောက်လေအနာဂါ။

ကာမရာဂ, ဗျာပါဒကို အကြွင်းအကျန်မရှိ အကုန်အစင် ပယ်သတ်မှု, ကာမရာဂ မရှိသဖြင့် ကာမဘုံမှာ ပဋိသန္ဓေနေရန် ကိစ္စမရှိမှု၊ ဤမျှသာထူး၏၊ အကြွင်းမှာ ရှေးနည်းတူ သိလေ။

ဤအနာဂါမ်ပုဂ္ဂိုလ်သည်-

၁။ ဤဘဝ၌ရဟန္တာဖြစ်၍ ငြိမ်းသောပုဂ္ဂိုလ်,
၂။ ဗြဟ္မာ့ပြည်သို့ သွားရသောပုဂ္ဂိုလ်,
ဟူ၍ ၂-မျိုးရှိ၏။

သုဒ္ဓါဝါသဘုံ၌ကား-

၁။ အန္တရာပရိနိဗ္ဗာယီ,
၂။ ဥပဟစ္စပရိနိဗ္ဗာယီ,

[ဒုတိယအကြိမ်]

၇။ သသခ္ခါရ ပရိနိဗ္ဗာယီ,
၈။ အသခ္ခါရ ပရိနိဗ္ဗာယီ,
၅။ ဥဒ္ဓံဝေသောတအကနိट္ဌဂါမိ,
ဟူ၍ ၅-မျိုး ရှိ၏။

တတိယမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

စတုတ္ထမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

ဆောင်ပုဒ်သံခိပ်။ ။အမ္ဘကိလေ၊ ဩကုန်ချေ၊ ရောက်လေ အရဟတ္တာ။

အနာဂါမ်ပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ် ၁၀-တန်ကို အားထုတ်ပြန်သည်ရှိသော် အရဟတ္တမဂ်သို့ ရောက်လေ၏၊ ကိလေသာဓာတ်စုံ အကုန်သေ၏၊ ဘဝပဋိသန္ဓေ မရှိပြီ၊ ပစ္စဝေက္ခဏာ ဝိထိမှာ ကြင်းကိလေသာကို ဆင်ခြင်သော ပဉ္စမဝိထိ မရပြီ၊ ၄-ဝိထိသာ ရှိတော့သည်။

စတုတ္ထမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

မဂ်ပေါ်ပုံကို အစဉ်အားဖြင့် ပြဆိုချက်

အကြောင်းအကျိုး ဆက်စပ်ဖွဲ့စည်းရှိနေသော ရုပ်နာမ်ခန္ဓာတို့၏ တခုသည် တခုအား ကျေးဇူးပြုကာနေကြသဖြင့် သံသရာအစဉ် အမျှင်မပြတ်ပဲ ရုပ်ခဲ နာမ်ခဲတွေ ဖြစ်ရှိနေ၏၊ ဤ ရုပ်ခဲ နာမ်ခဲ ပေါင်းစပ်ဖွဲ့ယှက် ကျေးဇူးဆက်ရှိနေသော တရားအစုကိုပင်လျှင် ရုပ်ခဲ နာမ်ခဲတွေ-ဟု အမှန်သိနိုင်သော ဉာဏ်ပညာ မပေါ်ပေါက်နိုင်ရကား ငါ၏ခန္ဓာ ငါ့ဥစ္စာပင် ငါပဲထင်ရှိ ပြင်ပြင် မှောက်မှား နေကြရှုံ့မျှမက ၎င်းအထင်မှားမှု ဒိဋ္ဌိအတွက်နှင့်ပင် သံသရာအတွင်း ပဋိစ္စသမုပ္ပါဒ် ကျော့ကွင်းမိရှိ စင်စစ်ဒုက္ခနယ်ဖြစ်သော ဝဋ္ဋဘောင်မှ လွတ်အောင် မတတ်နိုင်ကြပဲ နေရကုန်၏။

ထိုသို့ အကြောင်းအကျိုး အပြန်အလှန် ဖွဲ့စည်းရှိနေသော ခန္ဓာအစဉ်, အာယတန အစဉ်သည်ပင်လျှင် သံသရာအလျှဉ်ကြီး ဖြစ်ရှိနေ၏၊ ခန္ဓာ, အာယတန, ဓာတ်တို့မှတပါး သံသရာ-ဟူ၍ မရှိ၊ ဤခန္ဓာကိုယ်သည် သခ်ါရတရား အစုအပုံကြီးမျှသာတည်း၊ ဤခန္ဓာ၌ လူဆိုဖို့ရန်, နတ်ဆိုဖို့ရန်, သတ္တဝါဆိုဖို့ရန် တစုံတခုသော ဓာတ်မျှ မပါမရှိ၊ ကောက်ရိုးအမှိုက်ထွေးကို လူပုံနှင့်တူစွာ စည်းနှောင်ရှိ လယ်ခင်းဥယျာဉ်မှခြံထားသည်ကိုမြင်သော တောသားသတ္တဝါ ငှက်မျှားစွာတို့သည် ပညာမှ ကင်းရှင်းသဖြင့် မြင်ရင်းအတိုင်းမှတပါး မကြံမစည် မတွေးမတောတတ်ပဲ ကောနှုတ်ကြီးပင် ထင်မှတ်ရှိ လန့်ကြကုန်သကဲ့သို့

တဏ္ဍာဒိဋ္ဌိ ငြိကြီး ငြိ၍ ကျော့ကွင်းမိပြီးသော သတ္တဝါတို့သည် ထိုသင်္ခါရ အပုံအစု ရုပ်နာမ်သက်သက် အခဲအစိုင်ပေါင်းဖွဲ့၍ နေသည်ကို အပေါ်ရံ မြင်သည့်အတိုင်းထက် အပိုထွက်နိုင်သော ပညာအဆင်အခြင် မရှိသဖြင့် ငါ၏ ကိုယ်ပင် ငါပဲထင်၍ ရှင်စရာနှင့် တွေ့လျှင် မြူးတူး, ကြောက်စရာနှင့် တွေ့လျှင် ရူးမူးမလောက် အလကား မှားမှောက်လန့်ထိတ်၍ နေကြရလေသည်၊ စင်စစ်ကား သက်သက်သင်္ခါရတုံး ရုပ်တုံး နာမ်ခဲတွေ ပင်တည်း။

ဝင်ရိုး, စက်ဘီး-စသော သေးသေးဖွဲဖွဲမှစ၍ ရထား၏ အင်္ဂါအပေါင်းတို့ စပ်ဖွဲ့နေသည်ရှိသော် ၎င်းသစ်သား, သံ, ကြေး-အစိတ်စိတ် အစုအပုံကို ရထား ဟူ၍ ခေါ်ဝေါ်ရ၏၊ ဤဝတ္ထုအစုအပုံ၌ ရထား ဘယ်ဟာပါလဲ-ဟု ရှာကြံ သော် ဘာတခုမျှ မတွေ့မရှိဘိသကဲ့သို့ ထို့အတူ သက်သက် သင်္ခါရ ရုပ်နာမ် တို့စုခဲ၍ အတ္ထိပ္ပစ္စယသတ္တိဖြင့် တခုသော ပစ္စုပ္ပန်ရှိဆဲ ရုပ်နာမ်သည် တခုသော ပစ္စုပ္ပန်ရှိဆဲ ရုပ်နာမ်အား စပ်ဖွဲ့ ကျေးဇူးပြု၍ ဌီအနေ တည်တံ့၍ နေသော တရားစုကိုသာလျှင် သတ္တဝါဟူ၍ ထင်မြင်စွဲလမ်း၍နေကြ၏၊ ၎င်းပစ္စုပ္ပန် ရုပ် နာမ် အစုမှာ ဘာတခုမျှ သတ္တဝါဟူ၍ ရှာလျှင်မရ။

ဤသို့ ရုပ်နာမ်အစုသက်သက်ကို မြင်လျှင် ငါပင် ငါပဲ-ဟု လွဲမှားသော အထင်ပျောက်၍ ဒိဋ္ဌိဝိသုဒ္ဓိလမ်းပေါက်၏၊ ထိုသို့ ဒိဋ္ဌိဝိသုဒ္ဓိလမ်းပေါက်က ဆိုခဲ့ပြီးသော ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း အကြောင်းတရား ရှိခြင်းကြောင့် အကျိုးတရား ဆက်လက်၍ နေသော တရားတို့၏ ပစ္စည်း, ပစ္စယုပ္ပန် အစဉ် အတန်း ရုပ်နာမ်စခန်း, ရုပ်နာမ် လမ်းမကြီးသာတည်း၊ ဘယ်ဘဝက လာ၍ ဘယ်ဘဝသို့ သွားသော ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး မရှိ-ဟု ပိုင်နိုင်စွာ အသိဉာဏ်ပေါက်သောအခါ အမျိုးမျိုးသော ယုံမှား သင်္ကာ ဝိစိကိစ္ဆာပျောက် ၍ ကင်္ခါဝိတရဏဝိသုဒ္ဓိလမ်းပေါက်လေ၏။

ဤကဲ့သို့ ပေါက်ရောက်အောင် ကြည့်ရှုနည်းသည် အနုဆုံးသော နည်းလမ်း ဖြစ်၏၊ ဤသို့ အကြောင်းအတွက် အကျိုးဖြစ်၍ နေရ၏ အကြောင်းကို နုတ်လျှင် ငုတ်တုတ်ပင် ပြိုပျက်၍ အကျိုးတရားမဆက်နိုင်ဟု စင်စစ်မြင်လျှင် ဥဒယဗ္ဗယဉာဏ်စခန်းသို့လည်း တန်းတန်း မတ်မတ် ပေါက်ရောက်နိုင်လေ၏။

ပေါက်နိုင်ပုံကား— ဤအကြောင်း ထင်ရှားတင်းလင်းရှိပါမူ ဗြဟ္မာ, သိကြား, ဘုရားသဗ္ဗညုတို့ တားသော်လည်း မနိုင်၊ ကေန် ဤမည်သော အကျိုး ဖြစ်ပွား၏-ဟု အကြောင်းကို ဖော်၍ကြည့်လျှင် အပြစ်ကိုမြင်သော ဥဒယဉာဏ် ပေါ်ပေါက်၏၊ ဤအကြောင်း မရှိခဲ့လျှင် ဗြဟ္မာ, သိကြား, ဘုရားသဗ္ဗညုတို့ ပြုပြင်သော်လည်း မရ၊ ဤမည်သော အကျိုးတရား ကေန် ပျက်ဆုံး၏-ဟု

အကြောင်းကို နုတ်ချကြည့်လျှင် အပျက်ကိုမြင်သော ဝယဉာဏ်ပေါ်ပေါက်၏၊ ထိုဉာဏ် ၂-ပါးကိုပင်လျှင် ဥဒယဗ္ဗယဉာဏ်ခေါ်၏၊ ထိုသို့ နာမ်ရูပ်တရားတို့၏ အကြောင်းနှင့်သားစပ်၍ ဖြစ်လေ့ရှိသည်၏ အဖြစ်ကိုမြင်က ၎င်းတရားတို့၏ အနိစ္စအချက်ကို ကောင်းကောင်း ထင်မြင်နိုင်၏။

ရေအပြင်၌ တခုသော တုတ်လုံတံဖြင့် ရေးခြစ်သည်ရှိသော် ရေးခြစ်သော တုတ်လုံတံသည် ရေအပြင်၌ စိုက်ဆဲအခါ၌သာ အရေးအကြောင်းလိုလို ဖြစ်၏၊ တုတ်လုံတံရှေ့သည်နှင့် တပြိုင်နက် ရေမှာ အရေးသည်တခါတည်း ပျက်ကွယ်လေသကဲ့သို့လည်းကောင်း, ပွတ်ဆောက်ဖျားပေါ်၌ ချလိုက်သော မုန့်ညင်းစေ့သည် ပွတ်ဆောက်ဖျား၌ တည့်တည့် ကျခိုက်အခါတွင်သာ တည်၍ တခဏခြင်း ပျက်စီးလေသကဲ့သို့လည်းကောင်း, ပထဝီ ဝါယော လွန်ကဲသော တိမ်ညွှန့် ၂-ခုတို့ တိုက်ခိုက်ဆဲအခါ လျှပ်စစ် ပြက်၍ပြက်၍ ချက်ခြင်း လျှပ်စစ်ကွယ်ပျောက်လေသကဲ့သို့လည်းကောင်း ထို့အတူ လက်ငင်းပစ္စုပ္ပန် ထင်ရှားသော အကြောင်းတရားသည် ကျေးဇူးပြုခိုက်တွင်သာ လျှပ်စစ်ပြက်သကဲ့သို့ အကျိုးတရားပေါ်တည်၍ တခါတည်း အကြောင်းနှင့်တကွ ပျက်စီးရလေတော့သည်။

ကျေးဇူးပြုသော ပစ္စည်းတရားက ခိုင်မြဲသောတရားဖြစ်ပါမူကား ၎င်း၏ အကျိုးလည်းခိုင်မြဲလေရာ၏၊ ထိုသို့ကား မဟုတ်ပါခဲ့၊ ပရမတ္ထ တရားချင်းသာ ကျေးဇူးပြုရလေသည်ဖြစ်၍ သူ့ကို မကယ်သာ, ငါလည်းမကယ်နိုင်ဆိုသကဲ့သို့ သမုဒ္ဒရာအတွင်းမှာ အပြင်းမောပန်း အားစွမ်းလျလျ လက်ပန်းကျသောသူ ၂-ယောက်ပုံကဲ့သို့ အကြောင်းအကျိုး တစုံလုံးပင် စုံးစုံးစုတ်စုတ် ဘင်ခဏတွင် မြုပ်ကြလေတော့သည်၊ ဤအတိုင်း ဉာဏ်၌ ထင်မြင်လာသောအခါ ထိုရูပ်နာမ် တရားတို့သည် အလေ့ပေါက်ပွား အလဏား အမှိုက်သရိုက်မြက်ထွေး မြက်ဆွေးတို့ကဲ့သို့ အားကိုးလောက်ဖွယ် အနှစ်သာရ ဘာတခုမျှ မရှိ၊ ပြင်စင်လွင်ပ အနတ္တတို့သာတကားဟု ကြိုးစား ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝတွင် မှန်ပြသကဲ့သို့ ထင်မြင်နိုင်လေ၏၊ ဤ အဖြစ်အပျက် ၂-ပါးကို ရှုသော ဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်၏။

ဥဒယဗ္ဗယဉာဏ် ရင့်သန်လာသောအခါ အဖြစ်ကို နှလုံးမသွင်းပဲ အပျက်၌သာ သတိဉာဏ် တည်တော့၏၊ ထိုဘင်ဉာဏ် ထက်သန်လာသော အခါ ပြင်းစွာ ရိုက်နှက်၍ ကဲ့ပျက်ဆဲဖြစ်သော အိုးခွက်, လှော်ချက်ဆဲဖြစ်သော နှမ်း, ပရမ်းပတာ မြူတို့ကဲ့သို့လည်းကောင်း၊ မိုးပေါက်ကြီးစွာ မိုးရွာတုန်းအခါ ကမ်းထိမ်ကရပ်၍ ကြည့်သော ယောကျ်ားသည် ရေအပြင်၌ ရှပ်ရှက်စတ်

ပျက်၍'ပျက်၍ နေသော ဥဖောင်းရေပွက်တို့ကို မြင်ရသကဲ့သို့လည်းကောင်း ခပ်သိမ်းသော သင်္ခါရတရားတို့၏ ရှုတ်ရှက်ခတ် လျင်စွာပျက်စီး၍နေသည်ကို မြင်ရ၏။

ဘင်္ဂဉာဏ် ထက်သန်လာသောအခါ သက်ရှည်ချမ်းသာ အနာကင်းလို ဘေးကို ကြောက်တတ်လှသောသူသည် ခြသေ့် သစ်ကျား သားရဲစွယ်ပြူး ဘီလူးရက္ခိုသ် နွားမိုက် ခွေးကြမ်း မုန်ပြွမ်းသောဆင် ဆိပ်လျင်သောမြွေဆိုး မိုးကြိုးကျခြင်း သင်္ချိုင်းစစ်ပွဲ ရဲရဲငြီသော ရှားမီးအစုတွေကို တွေ့သော ကာလ မှိုင်မေ့ဝေနောက် သေမလောက်ကြောက်ခြင်း ဖြစ်သကဲ့သို့ ခပ်သိမ်း ဥဿုံ အလုံးစုံပျက်ပြား၍နေသော သင်္ခါရတရားတွေကို သေမင်းဘေးကြီး ထက်ကြပ်လိုက်သောပမာ လွန်စွာ ကြောက်အားကြီးလှသော ဘယဉာဏ် ထင်မြင်လာ၏။

ဘယဉာဏ် ထက်သန်လာသောအခါ သက်ရှည်ချမ်းသာ အနာကင်းလို ဘေးကိုကြောက်တတ်သော သူသည် သားရဲနေသော ရှိ, ကျားခိုသော တောင်ခေါင်း, မိကျောင်းရဲသောရေ, ဒမြနေသော တောတောင်, မီး လောင်သောအိမ်, ရွယ်ချိန်လွှတ်ပစ် ခုတ်ထစ် တိုက်ခိုက်ဆဲဖြစ်သောစစ်မြေသို့ ရောက်၍ ကြောက်ရွံ့ လန့်ထိတ် စိတ်မပျော်ရှင် ထက်ဝန်းကျင် အားဖြင့် အပြစ်အာဒီနဝကို မြင်သကဲ့သို့ ခပ်သိမ်းသော ဘဝတို့၌ ကိုးစားရာ ရှာကြံ မရ၊ အလုံးစုံသော လောကကြီးကို မီးခဲတွင်း, မီးခဲ့စုအဟန် အာသီဝိသောပမ သုတ္တန်အလာ ဓာတ်လေးဖြာကို အဆိပ်လျင်သော မြွေ,၅-ထွေသော ခန္ဓာကို ဥက္ခိတ္တာသိဏ-သန်လျက်ချီမသော သူသတ်ယောကျ်ား, အဇျတ္တိကာယတန ၆-ပါးကို ရှာပျက်ပမာ, ဗာဟိရာယဘန ၆-ပါးကို ခိုးသူဒမြကြီးဟု အပြစ် ကြီးစွာထင်သော အာဒီနဝဉာဏ်ပေါ်လာ၏။

အာဒီနဝဉာဏ် ထက်သန်သောအခါ အနောဘဘ်အိုင်၏ အနောက်မျက်နှာ ရတနာ ၇-ပါးဖြင့် ပြီးသော စိတ္တကုဋ္ဌ်တောင်ခြေ-ကြာတောဝယ် ရှင်မော ပျော်နေသော ရှေဟယ်ာသည် ဒွန်းစဏ္ဍားရွာ၏ အထွက် စိမ်းစိုသော ရွံအိုင် ပွက်၌ မနှစ်သက် မပျော်နိုင်သကဲ့သို့လည်းကောင်း, ယူဇနာ ၃၀၀၀-ဟေဝန် ချောင်နှင့် တောတောင် အကွေ့၌သာ ပျော်မွေ့နေကျဖြစ်သော မိဂရာဇာ ကေသရာသည် လူ့ရွာဝင်းခြံ၌ ပျော်စံမမွေ့ ငြီးငွေ့လေသကဲ့သို့လည်းကောင်း, ဆဒ္ဒန္တအိုင် အနား၌သာ ပျော်ပါးနေကျဖြစ်သော ဆင်ဖြူဆဒ္ဒန် ကောင်းကင် ပျံသည် နိုင်ငံမြို့တွင်း၌ အလျဉ်းပင် မပျော်မွေ့နိုင်သကဲ့သို့ လည်းကောင်း,

ခပ်သိမ်းသော ဘုံဘဝ ရှုပ်နာမ် သင်္ခါရတို့၌ အပြစ်အာဒီနဝကို မြင်ပြီးသော ယောဂီမြတ်တို့သည် ဟသ်ာ, ကေသရာ, ဆဒ္ဒန်အလား အတန်ဘန်သော နာမရူပဓမ္မ သင်္ခါရတို့၌ ပျော်ပိုက်ရန် အားမသစ်, မနှစ်ခြိုက်နိုင် ညှိုးမှိုင်နွမ်းချိ ပျင်းရိငြီးငွေ့ခြင်း တည်းဟူသော နိဗ္ဗိဒါဉာဏ် ပေါ်ပေါက်လေ၏။

နိဗ္ဗိဒါဉာဏ် ရင့်သန်ထက်မြက်သောအခါ မြွေမိသော ဖားအယောင်, ချိုင့်လျှောင်မိသော တောကြက်, အလမ္ဘာယ်လက်၌ မြွေ, ကျောက္ခင်းမိ လေသော သမင်, ဂဠုန်လက်တွင်း နဂါး, ကြောင်ဖားလက်၌ ကြွက်သူငယ်, နက်ကျယ်သော ညွှန်ပျောင်း၌ ကျသောဆင်အို, ရာဟုမျိုသော-လဗိမာန်, ရန်သူဝိုင်းသော ယောကျား-စသည်ကဲ့သို့ ဘယ်တစုံတရာသော သင်္ခါရ၌ပင် ပျော်ပါးငြိကပ်ဖွဲ့စပ်တပ်စွန်းခြင်းမရှိ၊လွန်စွာထန်ပြင်း လွတ်ကင်းထွက်မြောက်လိုသော မုစ္စိတုကမ္မတာဉာဏ် ပေါ်ပေါက်လာ၏။

ဤဉာဏ်သို့ ပေါ်ပေါက်ရောက်လာက ငါးဆောင်းသော ယောကျ်ားသည် မြွေဟောက်ကို အုပ်မိက ပိတိရွှင်ပျ ငါးကြိုးရပေါ့-ဟု အသော့လျှင်စွာ ဖမ်းလိုက်ရာတွင် ကြိုးစွာဆိပ်တောက် စိတ်ဒေါသ ပေါက်သော မြွေဟောက်ကြီးကို မြင်လေရာတွင်မူ ကြောက်လန့်တုန်အေး မြွေဟောက် ဘေးကို ဝေးအောင်ပစ်ဖို့ရန်အတွက် ချက်ကောင်းကို ရှာပြီးမှ ဝေးလှအောင် လွှင့်ပစ်ပြီးခါ လျှင်စွာ တက်ပြေးရ မြွေဘေးမှ ငါလွတ်ခဲ့ပပြီ-ဟု ဝမ်းမြောက်ဝမ်းသာ လှည့်ခါလှည့်ခါ တွေးဆဘိသကဲ့သို့ ရှုပ်နာမ်တရားတို့၏ အပြစ်သနစ်ကို မစိစစ် မစုံစမ်း အကန်းပကတိ ဖြစ်၍နေစဉ်က ၎င်းရှုပ်နာမ်၏ အကြောင်းအရာကို တခါတရံမျှ မကြံဖန်မိ ဒိဋ္ဌိတဏှာ သည်းစွာတင်းကြမ်း ငန်းမန်းသွေးမှန်၍ နေခဲ့မိသမျှကို ဆိုခဲ့ပြီးသော အတိုင်း ပဋ္ဌိစ္စသမုပ္ပါဒ်နည်းမှ အခြေစ၍ ဥဒယဗ္ဗယဉာဏ်မှ အဆင့်ဆင့်တက်ခါ မုစ္စိတုကမ္မတာ ဉာဏ်သို့ ရောက်က တွေးထောက်ကြံဖန် ပြန်လှန် စဉ်းစားလိုက်က မြွေဟောက်ကို လက်မှ လွှတ်ပြီးသူကဲ့သို့ ငါ့မှာ ရှေးက မသိဘူးသော တရားများကို သိရပေပြီဟု ရှေးကထက်ပင် များစွာ အားတက်ပြန်သဖြင့် လွတ်လိုသော မုစ္စိတုကမ္မာဉာဏ် ပေါက်သော အတိုင်း လွတ်ရစိမ့်သောဌာ ဘာဝနာ ၄၀-ဖြင့် ဉာဏ်ဝယ်စူးစိုက် အားတိုက်ဖိနှိပ် ခဲကြိတ်ကြိုးစားလေရာ ရှေးကထက် အထင်အမြင်သာ၍ တဏှာဒိဋ္ဌိတို့ ပါးရှားသည်ထက် ပါးရှားသော ပဋ္ဌိသင်္ခါဉာဏ် ပေါ်ပေါက်လာ၏။

[ဒုတိယအကြိမ်]

လွတ်ထွက်ရန် အားတိုက်ရှုသော ပဋ္ဌိသခ်ၤာဂြိုဟ် ထက်သန်လာသောအခါ ရှေးဦးပဌမက ချစ်ကြည်လှစွာသော မယားဆိုးကို ရန်ငြိုးမျက်ပွား မုန်းထားပြစ်မြင် ခွါကြဉ် စွန့်ပစ်ပြီးနောက် တစုံတယောက်သော ယောကျားနှင့် ပျော်ပါးခုန်မင် ရယ်ဝေရှင်ရှ၍ နေချင်တိုင်း နေသော်လည်း မမုန်းမချစ် လျစ်လျူသာဖြစ်သကဲ့သို့ ခပ်သိမ်းသော ရူပ်နာမ်ဓမ္မ သခ်ၤာရတို့၌ ငါပင်ငါပဲ ထင်စဲ့စရာ ဉာဏ်ဖြင့် ရှာမရသောကြောင့် ကြောက်ခြင်း, နှစ်သက်ခြင်းကို စွန့်ပစ်၍ မမုန်းမချစ် လျစ်လျူဖြစ်သော သခ်ၤာရှုပေကွဲ့ဉာဏ် ပေါ်ပေါက်လာ၏။

သခ်ၤာရတရားတို့၌ ကြောင့်ကြ ဗျာပါရ စိုက်မှု ပြေငြိမ်းသော သခ်ၤာ-ရှုပေကွဲ့ဉာဏ် အလွန်ထက်သန်သောအခါ နေထွက်လိုသော် အရှုံ့ဏ်လှာ ခြင်းကဲ့သို့ မဂ်ဉာဏ် ၄-ပါးပေါ်ရန် လွန်စွာ လျှော့လှသော မဂ်ပေါ်ဖို့ ကျေးဇူးပြုတတ်သော အနုလောမဉာဏ် ဖြစ်ပေါ်လာ၏။

ဤ အနုလောမဉာဏ်-ဟူသည်ကား မဂ်ဖြစ်သော ဝိထိမှာ အာဝဇ္ဇန်း, ပရိကံ,ဥပစာ ဇောတို့၏နောက် ဂေါတြဘူ ဇော၏ ရှေ့ဖြစ်သော အနုလုံ ဇောပင် လျှင်တည်း။

ဆိုခဲ့ပြီးသော ဝိပဿနာဉာဏ်တို့တွင် သခ်ၤာရှုပေကွဲ့ဉာဏ်နှင့် အနုလောမ ဉာဏ်တို့ကို သံသရာဝဋ္ဋ အတွင်းက အတင်းထ၍ ကျွတ်လွတ်သော မဂ်သို့ ရောက်စေတတ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ-ဟူ၍ ခေါ်ဝေါ်အပ်၏၊ သခ်ၤာရှုပေကွဲ့ဉာဏ်, အနုလောမဉာဏ်, ဂေါတြဘူဉာဏ် ၃-ပါးကိုလည်း လောကီ တရားတို့၏ အထွတ်အထိပ်ဆုံးသို့ ရောက်သော ဉာဏ်တို့ ဖြစ်၍ သီခါပတ္တဝိပဿနာဉာဏ်-ဟူ၍ ခေါ်ဝေါ်ရ၏၊ လေဒကုတ္တရာမူလဲ့လျှင် ဆိုပြီး ဉာဏ် ၃-ပါး အထွတ်အထိပ်ဆုံး ဆိုလိုသည်။

ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာသို့ ဆိုက်ရောက်သောအခါ ဧကန် မဂ်ပေါ်လာ တော့မည်ဖြစ်၍ အားထုတ်ကြိုးပမ်း အလုပ်ကိစ္စ စင်ကြယ် ပြီးမြောက်ပြီး ဖြစ်၍ ပဋ္ဌိပဒါဉာဏဒဿန ဝိသုဒ္ဓိ ဖြစ်၏၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် ရင့်လခသည်ရှိသော် နိဗ္ဗာန်ကို အာရုံပြုသော ဂေါတြဘူစိတ်နှင့်တကွ မဂ်ပေါ်ပေါက်လာ၏။

မဂ္ဂဝီထိဖြစ်ဟန်ကား- ဒိဋ္ဌိဝိသုဒ္ဓိ, ကခ်ၤာဝိတရဏဝိသုဒ္ဓိဖြစ်၍ ဥဒယဗ္ဗယ. စသော ဝိပဿနာဉာဏ် အဆင့်ဆင့် သခ်ၤာရှုပေကွဲ့ဉာဏ် တိုင်အောင်

အားတက်ကြိုးမင်း အတင်းဆန်တက်လာသော ယောဂီပုဂ္ဂိုလ်အား မဂ်တည်း ဟူသော အပွနာ ဖြစ်လိုလတ်သော် ယောဂီပုဂ္ဂိုလ်၏ တိဟိတ်ဘဝင်သည် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ - ဟူ၍ ဘဝင် ၂-ကြိမ် ကျ၏၊ ထို့နောင် မနောဒွါရာဝဇ္ဇန်းစိတ်သည် ရုပ်နာမ်တရားတို့၏ အနိစ္စ စသော လက္ခဏာရေး ၃-ပါးတို့တွင် ၁-ပါးပါးကို အာရုံပြု၍ အာဝဇ္ဇန်း ကိစ္စနှင့် ဖြစ်၍ချုပ်၏၊ ထို့နောင် မဟာကုသိုလ်သမ္ပယုတ် ၄-ပါးတွင် ၁-ပါးပါးသည် အာဝဇ္ဇန်းကဲ့သို့ အာရုံပြု၍ ပရိကံ, ဥပစာ, အနုလုံအမည်ဖြင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇော ၃-ကြိမ်ဖြစ်၍ ချုပ်၏၊ ထို့နောင် နိဗ္ဗာန်ကို အာရုံပြု၍ ပုထုဇဉ်၏ အနွယ်ကို ဖြတ်သော ဂေါတြဘူကိစ္စနှင့် ဇော ၁-ကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် သောတာပတ္တိ မဂ်စိတ်သည်—

၁။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဒုက္ခအဖြစ်ကို စင်စစ်သိမြင်ခြင်း,

၂။ သမုဒယသစ္စာ၏ အပင်းအသင်းဖြစ်သော ဒိဋ္ဌိသမ္ပယုတ္တ တဏှာ, ဝိစိကိစ္ဆာတို့ကို ပယ်ခြင်း,

၃။ အပါယ်ဒုက္ခမှ အပြီးတိုင်ငြိမ်းမှု-ဟု ဆိုအပ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း,

၄။ မဂ္ဂသစ္စာကို ပွားများခြင်း,

ဟု ဆိုအပ်သော ကိစ္စကြီး ၄-ပါးကို တပြိုင်နက် တချက်တည်း ပြီးစီးအောင် ဆောင်ရွက်လေ၏။

ဤ သောတာပတ္တိမဂ်သည် သမုစ္ဆေဒပဟာန်ဖြင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့ကို ပယ်၏၊ မဂ်ရှေ့ဇောတို့တွင် အနုလုံဉာဏ်ဇောသည် သင်္ခါရလျှင် အာရုံရှိသော ဝိပဿနာအရာ၌ အထွတ်အထိပ် အဆုံးစွန်ဖြစ်၏၊ ဂေါတြဘူဉာဏ်ဇောသည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာအရာ၌ အထွတ်အထိပ် အဆုံးစွန် ဖြစ်၏။

ဝိထိပုံစံကား

ဘွင်	နှ	ဒ	မ	ကံ	စာ	နု	ဂေါ	မဂ်	ဖိုလ်	ဖိုလ်	ဘွင်
၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀

ဤ သောတာပတ္တိမဂ် ဝိထိ၌ ရှေ့နောက်ဘဝင်ကို ပဉ္စဝေါဏာရ တိဟိတ်ဘဝင် ၉-ခု ချ၊ မနောဒွါရာဝဇ္ဇန်း အစ အနုလုံ အဆုံးရှိသော စိတ်တို့သည် လက္ခဏာရေး ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုကုန်၏၊ ဂေါတြဘူ, မဂ်,

ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏၊ မဂ်ရှေဇောတို့ကို မဟာကုသိုလ် သမ္ပယုတ် ၄-ခုတို့တွင် တခုခု ချ၊ သောတာပတ္တိမဂ်သည် ပဉ္စမစျာန်နှင့် ယှဉ်လျှင်မဟာကုသိုလ် တတိယဒွေ ချ၊ ကြွင်းသော အောက်စျာန် ၄-ပါးနှင့် ယှဉ်လျှင် ပဌမဒွေ ချ၊ သောတာပတ္တိမဂ်နှင့်ဖိုလ် ချ၊ တိက္ခပုဂ္ဂိုလ်ဖြစ်လျှင် ဖိုလ် ၃-ကြိမ် ချ၊ ရှေကာမဇောတွင် ပရိကံကို ချန်၊ မန္ဒပုဂ္ဂိုလ်ဖြစ်လျှင် ဖိုလ် ၂-ကြိမ်ချ၊ ပရိကံကိုလည်း ထည့်။

တိက္ခပုဂ္ဂိုလ်၏ ဝီထိပုံစံ

ဘွင်	နဒ	မ	စာ	နု	ဂေါ	မဂ်	ဖိုလ်	ဖိုလ်	ဖိုလ်	ဘွင်
၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀	၀၀၀

ထိုယောဂီပုဂ္ဂိုလ်သည် ဒုက္ခိတသတ္တဝါ သံသရာခရီးသမား ပုထုဇဉ် အလားမူ ကျွတ်လွှတ်ထမြောက်၍ အရိယနွယ်ဝင် နိဗ္ဗာန်သခင် အဖြစ်သို့ ရောက်လေ၏။

ထို ပဌမအဆင့်မဂ်လမ်းပွင့်ပြီးသော ပုဂ္ဂိုလ်သည် အရှင်းသတ်ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကို ပယ်ပြီးဖြစ်၍ နောင်အပါယ်သို့ သွားရဦးမည်လော-ဟု တွေးတောကြောက် လန့်ဖွယ်သော ဘေး, ရုပ်နာမ်ခန္ဓာတို့ကို ငါပင်ငါပဲဟု ထင်စွဲလိမ့်သော ဘေး, ရတနာ ၃-ပါး၌ ယုံမှားလိမ့်သောဘေးတို့မူ အေးအေးသာသာ တခါတည်း လွှတ်ရ၏၊ အကယ်၍ တဘဝတည်း နိဗ္ဗာန်သို့ မပေါက်ခဲ့သေးလျှင် အထွတ် အမြတ်ဖြစ်သော ဘုံဘဝတို့၌သာ ဝိသာခါ, အနာထပိဏ်တို့ကဲ့သို့ မြိန်မြိန်ကြီး ပျော်ပါး အငြိမ်းစားပင်ရှင် ရ၍ ၇-ဘဝထက် မလွန်ရပဲ နိဗ္ဗာန်မြို့ကပန်းကို ချေလှမ်းပန်ဆင် ရလေတော့သတည်း။

မဂ်ပေါက်သောအခါ တဆင့်တတန်း အသိဉာဏ်ကိစ္စ စင်ကြယ်ပြီးစီးပြီး ဖြစ်၍ ဉာဏဒဿနဝိသုဒ္ဓိ ပေါက်၏၊ ဆိုခဲ့ပြီးသော ဥဒယဗ္ဗယစသောဝိပဿနာ ဉာဏ် အစဉ်မှာ တဆင့်ထက်တဆင့် ရင့်ရင့်ကြီး ထူးခြားစွာ ရေးသားပြဆိုခဲ့ သော်လည်း အလုပ်စခန်းမှာ ဥဒယဗ္ဗယဉာဏ် ကောင်းကောင်းပေါက်လျှင် အထက်ဉာဏ်စုလည်း အလိုလိုပြီးရတော့၏၊ ဥဒယဗ္ဗယဉာဏ် လိုရင်းဖြစ်၏။

ရုပ်နာမ်တရားတို့၏ ပဋိစ္စသမုပ္ပါဒ် နည်းစံနစ်အတိုင်း အကြောင်းအကျိုး တွဲစပ်ကျေးဇူးပြုကြပုံကို မြင်လျှင်လည်း ဥဒယဗ္ဗယဉာဏ် အလွန်လွယ်လှတော့ ၏၊ ပဌမ မဂ်ကို ရပြီးသော ပုဂ္ဂိုလ်သည် သဒ္ဓါစွမ်း, ဝီရိယစွမ်း, ပညာစွမ်း ရှိသလောက် အထက်မဂ် ၃-ပါးသို့ အလျင်နှင့် အနှေး ပေါက်ရောက်လေ

တော့သည်၊ ဟိမဝန္တာမှ စီးဆင်းလာသော ဂင်္ဂါရေသည် သမုဒ္ဒရာသို့ အတွင် စီးသကဲ့သို့ ပဌမ အရိယာလည်း နိဗ္ဗာန်သမုဒ္ဒရာသို့သာ စီးလေတော့၏။

ဆောင်ပုဒ်သံခိပ်။ ။လွတ်လိုလှ၍၊ လွတ်ရတဲ့ငှါ၊ ဘာဝနာ-၄၀၊ အကျယ်ဖြန့်ချိ၊ အားဘိုက်ဖိ၊ ပရိသန်ါဉာဏ်။

[ဘာဝနာ ၄၀—ဆိုသည်ကား တော ၄၀—ပင်တည်း။]

ဘာဝနာ ၄၀—ဆောင်ပုဒ်

ခန္ဓာ ၅—ပါး

ခန္ဓာ၊ ခန္ဓာတို့သည်။

၁။ ရူပက္ခန္ဓော၊ ရုပ်အစုဟူသော ရူပက္ခန္ဓာလည်းကောင်း။

၂။ ဝေဒနာက္ခန္ဓော၊ ခံစားမှုအစုဟူသော ဝေဒနာက္ခန္ဓာ လည်းကောင်း။

၃။ သညာက္ခန္ဓော၊ အမှတ်ပြု၍ သိမှု အစုဟူသော သညာက္ခန္ဓာ လည်းကောင်း။

၄။ သန်ုါရက္ခန္ဓော၊ စိတ်၏ စေ့ဆော်မှု, ပြုပြင်မှုအစု ဟူသော သန်ါရက္ခန္ဓာ လည်းကောင်း။

၅။ ဝိညာဏက္ခန္ဓော၊ အာရုံကို ထွေထွေ ထူးထူး သိမှုအစု ဟူသော ဝိညာဏက္ခန္ဓာ လည်းကောင်း။

ဣမေ၊ ဤသည်တို့ကား။ ပဉ္စက္ခန္ဓာ၊ ၅-ပါးသော ခန္ဓာတို့တည်း။

အနိစ္စလက္ခဏာ ၁၀—ပါး

ဣမေ ပဉ္စက္ခန္ဓာ၊ ဤ ၅—ပါးသော ခန္ဓာတို့သည်။

၁။ အနိစ္စာ၊ မြဲခြင်းသဘော မရှိကုန်။

၂။ အဓုဝါ၊ ခိုင်မာခြင်းသဘော မရှိကုန်။

၃။ အသာရာ၊ အနှစ်သာရ မရှိကုန်။

၄။ စလာ၊ ရွှေ့ရှားတတ်ကုန်၏။

၅။ ပလောကဓမ္မာ၊ ပျက်စီးခြင်းသဘော ရှိကုန်၏။

၆။ ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်ခြင်းသဘော ရှိကုန်၏။

၇။ မရဏဓမ္မာ၊ သေဆုံးခြင်းသဘော ရှိကုန်၏။

၈။ ဝိဘဝဓမ္မာ၊ ဆုံးရှုံးခြင်းသဘော ရှိကုန်၏။

၉။ သန်တာ၊ အဖန်ဖန် ပြုပြင်အပ်ကုန်၏။

၁၀။ ပဘင်္ဂုနော၊ ဖရိုဖရဲ ပြိုကွဲခြင်းသဘော ရှိကုန်၏။

အနိစ္စံ၊ အနိစ္စလက္ခဏာ ၁၀-ပါးတည်း။

ဒုက္ခလက္ခဏာ ၂၅–ပါး

ဤမေ ပဉ္ဇက္ခန္ဓာ၊ ဤ ၅–ပါးသော ခန္ဓာတို့သည်။

၁။ ဒုက္ခာ၊ ယုတ်မာညစ်ဆိုး ဒုက္ခမျိုးတို့သာတည်း။
၂။ ဘယာ၊ ကြောက်ဖွယ်ညစ်ဆိုး ဘေးရန်မျိုးတို့သာတည်း။
၃။ ဤတီ၊ ထိတ်လန့်သဖွယ် အန္တရာယ်မျိုးတို့သာတည်း။
၄။ ဥပဒ္ဒဝါ၊ လွန်စွာကပ်ရပ် နှိပ်စက်တတ်သော ဥပဒ်မျိုးတို့သာတည်း။
၅။ ဥပသဂ္ဂါ၊ တွယ်တာစွဲကပ် နှိပ်စက်တတ်သော ဥပဒ်မျိုးတို့သာတည်း။
၆။ ရောဂါ၊ ကြင်နာညစ်ဆိုး ရောဂါမျိုးတို့သာတည်း။
၇။ အာဗာဓာ၊ နှိပ်စက်ဉာစ်ဆိုး အနာမျိုးတို့သာတည်း။
၈။ ဂဏ္ဍာ၊ မဖွယ်ရုပ်ဆင်း ထွတ်မြင်းအနာမျိုးတို့သာတည်း။
၉။ သလ္လာ၊စူးဝင်ညစ်ဆိုး မြားငြောင့်မျိုးတို့သာတည်း။
၁၀။ အဃာ၊ အကျိုးယုတ် အကျိုးမဲ့မျိုးတို့သာတည်း။
၁၁။ အတာဏာ၊ စောင့်ရှောက်မဲ့လျှဉ်း ဘေး၏ အသင်းတို့သာတည်း။
၁၂။ အလေဏာ၊ ကွယ်တာမဲ့လျှဉ်း ဘေး၏ အသင်းတို့သာတည်း။
၁၃။ အသရဏာ၊ ကိုးရာမဲ့လျှဉ်း ဘေး၏ အသင်းတို့သာတည်း။
၁၄။ အာဒီနဝါ၊ ဆိုးဝါးညစ်ကျု အပြစ်စုတို့သာတည်း။
၁၅။ အဃမူလာ၊ ကျိုးမဲ့ခပင်း ဆင်းရဲခြင်း၏ အရင်းအမြစ်တို့သာတည်း။
၁၆။ ဝဓကာ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါကို နာရီမလပ် အတွင်သတ်သည့် လူသတ်မျိုးရိုးတို့သာတည်း။
၁၇။ သာသဝါ၊ အာသဝေါတရား ၄-ပါးတို့၏ အစီးအပွားတို့သာတည်း။
၁၈။ မာရာမိသာ၊ ကိလေသာမာရ် မစ္စုမာရ်တို့၏ စားဖတ်, ဝါးဖတ် သုံးသပ်နင်းနယ်ရာတို့သာတည်း။
၁၉။ ဇာတိဓမ္မာ၊ သတ္တဝါကို မညှာမငဲ့ အရွဲ့အစောင်း မကောင်း ဆိုးညစ် ဖြစ်ချင်တိုင်းဖြစ်တတ်သော သဘောရှိကုန်၏။
၂၀။ ဇရာဓမ္မာ၊ ဆုတ်ယုတ်လျော့ပါးခြင်း သဘောရှိကုန်၏။
၂၁။ ဗျာဓိဓမ္မာ၊ နာခြင်းသဘောရှိကုန်၏။
၂၂။ သောကဓမ္မာ၊ စိုးရိမ်ပူပန်ရခြင်း သဘောရှိကုန်၏။
၂၃။ ပရိဒေဝဓမ္မာ၊ ငိုကြွေးမြည်တမ်းရခြင်း သဘောရှိကုန်၏။
၂၄။ ဥပါယာသဓမ္မာ၊ သက်ကြီးရှိုက်ငင် ပင်ပန်းရခြင်း သဘောရှိကုန်၏။

[ဒုတိယအမြိုင်]

၂၅။ သံကိလေသီကမေမ္မာ၊ တဏှာ, ဒိဋ္ဌိ ဒုစ္စရိတတည်းဟူသော ညစ်နွမ်းခြင်း ၃-ပါးကို ပွားစီးစေတတ်သော သဘောရှိကုန်၏။

ဒုက္ခံ၊ ဒုက္ခလက္ခဏာ ၂၅-ပါးတည်း။

အနတ္တလက္ခဏာ ၅-ပါး

ဣမေ ပဉ္စက္ခခန္ဓာ၊ ဤ ၅-ပါးသော ခန္ဓာတို့သည်။

၁။ အနတ္တာ၊ ကိုယ်မဟုတ်ကုန်၊ အစိုးမရကုန်၊ အလိုသို့မလိုက်ကုန်။

၂။ ပရေ၊ အကျွမ်းဝင်ခြင်း အမြဲကင်းသော သူစိမ်းပြင်ပတို့သာတည်း။

၃။ ရိတ္တာ၊ အနှစ်သာရ ဟူသမျှနှင့် မြူစမယှဉ် အစဉ်စိတ်ကင်းသော တရားတို့သာတည်း။

၄။ တုစ္ဆာ၊ ကောင်းမြတ်ချမ်းသာ မင်္ဂလာသုခ ဟူသမျှနှင့် မြူစမနီး အချည်းနှီးသော တရားတို့သာတည်း။

၅။ သုညာ၊ ထောက်ရာတည်ရာ ကိုးကွယ်ရာမျိုး တစိုးတစိ မရှိလုံးလုံး အသုံးမကျသော တရားတို့သာတည်း။

အနတ္တာ၊ အနတ္တလက္ခဏာ ၅-ပါးတည်း။

(က) အနိစ္စလက္ခဏာ ၁၀-ပါး။

(ခ) ဒုက္ခလက္ခဏာ ၂၅-ပါး။

(ဂ) အနတ္တလက္ခဏာ ၅-ပါး။

ပေါင်း ဘာဝနာ ၄၀-ဖြစ်၏။

ဘာဝနာ ၄၀—ဆောင် ပုဒ်ပြီး၏။

ဝိမောက္ခ ၃—ပါး

၁။ အနိမိတ္တ ဝိမောက္ခ။

၂။ အပ္ပဏိဟိတ ဝိမောက္ခ။

၃။ သုညတ ဝိမောက္ခ။

ဆောင်ပုဒ်သံခိပ်။ ။ဝိမောက္ခနက်၊ ကျွတ်လွှတ်ချက်၊ ဖိုလ်မဂ်မည် သည်။

ဝိမောက္ခကား ကျွတ်လွှတ်ခြင်း အနက်တည်း၊ သံသရာ နိုယ်တခွင်မှု အစဉ်သဖြင့် ကျွတ်လွှတ်တတ်သော အနက်သဘောကြောင့် မဂ် ၄-ပါး, ဖိုလ် ၄-ပါး သည် ဝိမောက္ခ မည်၏။

[ရတိယအကြိမ်]

ဝိမောက္ခ မုခ ၃-ပါး

၁။ အနိမိတ္တာ နုပဿနာဉာဏ်။
၂။ အပ္ပဏိဟိတာ နုပဿနာဉာဏ်။
၃။ သုညတာ နုပဿနာဉာဏ်။

ဆောင်ပုဒ်သံခိပ်။ ။ဝိမောက်မုခ၊ တံခါး၀၊ အရလက္ခဏာ။

ဝိမောက္ခ မုခ ၃-ပါး အထူး

၁။ အနိစ္စာ နုပဿနာဉာဏ်။
၂။ ဒုက္ခာ နုပဿနာဉာဏ်။
၃။ အနတ္တာ နုပဿနာဉာဏ်။

ဝိမောက္ခ မုခကား မဂ်၏တံခါး၀, ဖိုလ်၏တံခါး၀တည်း၊ အရမူကား လက္ခဏာရေး ၃-ပါးတည်း၊ အနုလောမဉာဏ် ၃-ပါး ဆိုလိုသည်။

ဆောင်ပုဒ်သံခိပ်။ ဝုဋ္ဌာနဂါမိနီ၊ ဉာဏ်ဆိုက်ဘီ၊ ဝိမုနယ်အပါ။

ဝိပဿနာဉာဏ် ၁၀-ပါးတို့တွင် အဆုံးဖြစ်သော ဝုဋ္ဌာနဂါမိနီ အမည်ရှိသော သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ် ၂-ပါးသို့ ဆိုက်ရောက်သော အနုပဿနာဉာဏ် ၃-ပါးသည် မဂ်တံခါး၀မည်သော ဝိမောက္ခ မုခနယ်တွင်းသို့ ပါ၀င်ပြီ—ဟူလို။

ဆောင်ပုဒ်သံခိပ်။ ။အနိမိတ္တာ၊ အနိစ္စ၊ ဒုက္ခပဏိဟိတာ၊
အနတ္တမူ၊ သုညဟူ၊ သုံးဆူနုပဿနာ။

၁။ အနိစ္စာနုပဿနာဉာဏ်သည် အနိမိတ္တာနုပဿနာ မည်၏။
၂။ ဒုက္ခာနုပဿနာဉာဏ်သည် အပ္ပဏိဟိတာ နုပဿနာ မည်၏။
၃။ အနတ္တာနုပဿနာဉာဏ်သည် သုညတာနုပဿနာ မည်၏။

ဆောင်ပုဒ်သံခိပ်။ ။ပုဂ္ဂိုလ်, သတ္တ၀ါ၊ အင်္ဂါကြီးငယ်၊ ဆန်းတကြယ်၊ မှတ်ဖွယ် နိမိတ္တာ။

ပုဂ္ဂိုလ်, သတ္တ၀ါသည် နိမိတ်မည်၏၊ ဦးခေါင်း, ခြေ, လက်-စသော အင်္ဂါကြီးစုသည်လည်း နိမိတ်မည်၏၊ မျက်လုံး, နား, နှာခေါင်း, ခံတွင်း,နှုတ်ခမ်း, လျှာ, သွား-စသော အင်္ဂါငယ်စု၊ ဆံပင်,ဇ မွေးညင်း, ခြေသည်း, လက်သည်း-စသော ၃၂-ပါးသော ကောဋ္ဌာသစုသည်လည်း နိမိတ်မည်၏။

ဆောင်ပုဒ်သံခိပ်။ ။အကုန်နိမိတ်၊ ပျောက်အောင်ကြိတ်၊ အနိမိတ္တသာ။

သတ္တဝါတို့၏စိတ်တွင် ဒြပ်သဏ္ဌာန်နှင့် ကြောင်ကြောင် ထင်မြင်၍ နေကြသော ထိုနိမိတ်တရားတွေကို သဘာဝဉာဏ်, အနိစ္စဉာဏ်နှင့် အဖန်ဖန် ကြိတ်နယ်၍ ကွယ်ပျောက်စေနိုင်သော ဉာဏ်ဖြစ်သောကြောင့် အနိစ္စာနုပဿနာဉာဏ်ကို အနိမိတ္တဉာဏ် ဆိုသည်။

ဆောင်ပုဒ်သံခိပ်။ ။အထင့်အတယ်၊ အဖွယိအရာ၊ ဝင်္ဂလာသုဘ၊ သုခ, ကွင်္ဂ၊ ထင်သမျှ၊ မှတ်ကြ ပဏိဟိတာ။
အကုန် ပဏိဟိ၊ ပျောက်စေဘိ၊ အပ္ပဏိဟိတာ။

လူ့လောက, နတ်လောက, ဗြဟ္မာ့လောက, အဇ္ဈတ္တ, ဗဟိဒ္ဓ, တေဘူမက ဓမ္မတို့၏ အတွင်း၌ နှစ်သက်ဖွယ်, မြတ်နိုးဖွယ် တင့်တယ် ကောင်းမြတ်သည်ကို တွေ့ရှိထင်မြင်၍ နေကြသော အရာသည် ပဏိဟိတမည်၏၊ ထိုပဏိဟိတတွေကို ဘေးဘယအစု ထင်အောင်ရှုသောဉာဏ်ဖြစ်၍ ဒုက္ခာနုပဿနာဉာဏ်ကို အပ္ပဏိဟိတဉာဏ် ဆိုသည်။

ဆောင်ပုဒ်သံခိပ်။ ။နတ်, လူ, ဗြဟ္မာ၊ ငါ, သူတပါး၊ ဟောကျ်ား, မိန်းမ၊ ပုဂ္ဂလနှင့်၊ စိုးရပိုင်နိုင်၊ ခံ့ခိုင်မြင့်ရှည်၊ သက်ဆုံးတည်ဟု၊ အားစည်သမျှ၊ အနန္တ၊ အတ္တဇီဝသာ။
အတ္တဇီဝေ၊ ပျောက်ကင်းစေ၊ မှတ်လေ သုညတာ။

ပစ္စည်း ပစ္စယုပ္ပန္နဓမ္မအစု, သင်္ခါရအစုမျှသာ ဖြစ်သည်ကို လည်းကောင်း, ခဏခြင်း ခဏခြင်း ချုပ်ကွယ်သေဆုံး၍ နေမှုကိုလည်းကောင်း ရှုမြင်သဖြင့် ထိုအတ္တဇီဝ အထင်အမြင်ကို ပျောက်ကွယ် စေတတ်သော ဉာဏ်ဖြစ်၍ အနတ္တာနုပဿနာဉာဏ်ကို သုညတဉာဏ်ဆိုသည်။

ဝိမောက္ခမုခ ၃-ပါးအထူး ပြီး၏။

ဝိမောက္ခအပြား

ဆောင်ပုဒ်သံခိပ်။ ။သူ့တံခါးမှ၊ ပေါက်ရောက်က၊ မောက္ခ သူ့မင်္ဂသာ။

မင်္ဂသို့ဝင်ရောက်ရန် အနုပဿနာဉာဏ် တံခါး ၃-ပေါက် ရှိသည်တွင်—

၁။ အနိစ္စာနုပဿနာဉာဏ်ပေါက်မှ ဝင်ရောက်ရရှိသော မင်္ဂသည် အနိမိတ္တမည်၏။

၂။ ဒုက္ခာနုပဿနာ ဉာဏ်ပေါက်မှ ဝင်ရောက်ရရှိသော မင်္ဂသည် အပ္ပဏိတမင်္ဂမည်၏။

[ဒုတိယအကြိမ်]

၃။ အနတ္တာနုပဿနာဉာဏ်ပေါက်မှ ဝင်ရောက်ရရှိသော မဂ်သည်သုညတ မဂ်မည်၏။

ဤသို့ရောက်ကြောင်းဟူသော ဝိပဿနာ အာဂမမုခကို အစဲပြု၍ မဂ်သည် အမည် ၃-ပါးတွင် တပါးပါးကို ရ၏။ မဂ္ဂဝိထိဋ္ဌကျသော ဖိုလ်သည်လည်း မဂ်ကိုအစဲပြု၍ မိမိမဂ်ရသော အမည်ကို ရ၏။ ဖလသမာပတ္တိဝိထိဋ္ဌ ကျသော ဖိုလ်သည်ကား သူ့ဝိပဿနာကို အစဲပြု၍ အနိမိတ္တစသော အမည် ၃-ပါးတွင် တပါးပါးကို ရ၏။

[ဤကား အာဂမမုခ၏ စေ့စပ်ပြင့် စဉ်ဖိုလ်တို့၌ အမည် ၃-ပါးဖြစ်ပုံတည်း။]

တနည်း။ ။နိဗ္ဗာန်သည် အမည် ၃-ပါးကို ရ၏။ မဂ်ဖိုလ်တို့သည် ထိုနိဗ္ဗာန်ကို အာရုံပြုသောကြောင့် အာရုံကိုအစဲပြု၍ အမည် ၃-ပါးလုံးကို အကုန်ရကြ၏။

တနည်း။ ။ရာဂ, ဒေါသ, မောဟ ၃-ပါးသည် နိမိတ္တလည်းမည်၏၊ ပဏိဓိလည်းမည်၏၊ အလုံးစုံသော မဂ်ဖိုလ်တို့သည် ထိုနိမိတ္တဓမ္မ ပဏိဓိဓမ္မတို့၏ အာရုံအဖြစ်မှ လွတ်ကုန်၏၊ ထိုဓမ္မတို့မှ ဆိတ်ကင်းကုန်၏၊ ထို့ကြောင့် အလုံးစုံသောမဂ်ဖိုလ်တို့သည် မိမိတို့၏ ပကတိသဘောကို အစဲပြု၍လည်း ၃-ပါးသော အမည်တို့ကို ရကြကုန်၏။

သမ္ဗညုဘုရားရှင်တို့၏ အဆုံးအမတည်းဟူသော သာသနာတော်၌ ဤ ဝိမောက္ခတို့ဖြင့် ကျတ်လွတ်ကြကုန်သော ပုဂ္ဂိုလ်တို့သည်—

၁။ သဒ္ဓါနုသာရီ ပုဂ္ဂိုလ်,
၂။ သဒ္ဓါဓိမုတ္တ ပုဂ္ဂိုလ်,
၃။ ဩဘယသက္ခီ ပုဂ္ဂိုလ်,
၄။ ဓမ္မာနုသာရီ ပုဂ္ဂိုလ်,
၅။ ဒိဋ္ဌိပတ္တ ပုဂ္ဂိုလ်,
၆။ ပညာဝိမုတ္တ ပုဂ္ဂိုလ်,
၇။ ဥဘတောဘာဂ ဝိမုတ္တ ပုဂ္ဂိုလ်,
ဟူ၍ ပုဂ္ဂိုလ် ၇-မျိုးရှိကုန်၏။

ဝိမောက္ခအပြား ပြီး၏
[ခုဒ္ဒကနိကာယ ၊ ပဋိသမ္ဘိဒါ]

သမာပတ်အပြား

ခပ်သိမ်းသော ဖလဋ္ဌပုဂ္ဂိုလ်တို့သည် မိမိတို့၏ ဖိုလ်ကို မိမိတို့ အသီးအသီး ဝင်စားနိုင်ကြကုန်၏၊ မဝင်စားနိုင်သူ-ဟူ၍ မရှိကြကုန်၊ ထို့ကြောင့် ဖလသမာပတ်မည်သည် ခပ်သိမ်းသော ဖလဋ္ဌပုဂ္ဂိုလ်တို့နှင့် ဆက်ဆံ၏။

[ဤကား ဖလသမာပတ် ၄-ပါးတည်း။]

ဒိဋ္ဌဓမ္မ နိဗ္ဗာန်

ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟု ဆိုအပ်သော နိဏ္ဍဝသမာပတ်သည်မူကား လောကီစျာန်သမာပတ် ၈-ပါး, ၉-ပါးကို အကုန်ရရှိ၍နေသော ကာမ, ရူပ အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်တို့သည်သာလျှင် ဝင်စားနိုင်ကုန်၏။

ဝင်စားပုံကား—ရူပပထမစျာန် သမာပတ်ကို ရှေးဦးစွာ ဝင်စား၏၊ ထိုမူထ၍ ထိုပထမစျာန် သမာပတ်အတွင်း၌ရှိသော ရုပ်နာမ်တရားတို့ကို လက္ခဏာရေး တင်၍ရှု၏၊ စျာန်ဝင်စားမှုကား သမထအလုပ်တည်း၊ လက္ခဏာရေး တင်မှုကား ဝိပဿနာအလုပ်တည်း။

ဤနည်းအတူ ဒုတိယစျာန်သမာပတ်, တတိယစျာန်သမာပတ်, စတုတ္ထစျာန်သမာပတ်, ပဉ္စမစျာန်သမာပတ်, အာကာသာနဉ္စာယတန သမာပတ်, ဝိညာဏဉ္စာယတန သမာပတ်, အာကိဉ္စညာယတန သမာပတ် တို့ကိုလည်း အစဉ်အတိုင်း စင်စား၍သွား၏၊ အာကိဉ္စညာယတန သမာပတ်မှ ထပြီးသည်၏ အခြားမဲ့၌ ပုဗ္ဗကိစ္စ ၄-ပါးကို ပြုပြီးလျှင် နေဝသညာ နာသညာယတနသမာပတ်ကို ဝင်စား၏၊ အနာဂါမ် ပုဂ္ဂိုလ်အား နေဝသညာ ကုသိုလ်ဇော ၂-ကြိမ်, ရဟန္တာပုဂ္ဂိုလ်အား နေဝသညာ ကြိယာဇော ၂-ကြိမ် ကျပြီးလျှင် စိတ်အစဉ်ချုပ်ပြတ်ခြင်းဟူသော နိဏ္ဍဝသမာပတ်သို့ ရောက်လေ၏၊ စိတ်မရှိပဲ ၇-ရက် ၆-ရက် စသည် တည်နေပြီးနောက် ထို သမာပတ်မှ ထလိုသော် ရှေးဦးစွာ အနာဂါမ် ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်, ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ် တကြိမ် ဖြစ်ပေါ်၍ ဘဝင်ကျလေ၏။

သမာပတ်အပြား ပြီး၏။

[ဤထွင်ရှေ့ကား ဒိဋ္ဌိဝိသုဒ္ဓိ, ကခ်ါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပရိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ-ဟူ၍ ဝိသုဒ္ဓိဘေဒအားဖြင့် ၅-ပါးအပြား ရှိသော အဓိပညာ သာသနာတော်မြတ်ကြီး အပြီးတိုင် အစီအရင် အကျဉ်းချုပ်ပြီး၏၊ ရှေ့၌ပြဆိုခဲ့ပြီးသော အဓိသီလသိက္ခာ သာသနာ, အဓိစိတ္တသိက္ခာ သာသနာ ၂-ပါးနှင့် ပေါင်းသည်ရှိသော် သာသနာတော်မြတ်ကြီး ၃-ပါး, ဝိသုဒ္ဓိကြီး ၇-ပါးဖြစ်၏။]

ဝိသုဒ္ဓိ ၇-ပါး ပြီး၏။

[ဒုတိယအကြိမ်]

အဌကထာကြီးများမိန့်ဆိုချက်

ဆောင်ပုဒ်သံခိပ်။ ။ပိဋကတ် ၂-ပုံ၊ အကျဉ်းချုံ၊ နှုတ်ငှဲ့ဆူတို့မှာ။

စိတ်ပိုင်း, ဇေတသိက်ပိုင်း, ပကိဏ္ဏပိုင်း, ဝိထိပိုင်း, ရူပ်ပိုင်း, ပစ္စည်းပိုင်း၊ ဤ ၆-ပိုင်းသည် အဘိဓမ္မာ ၇-ကျမ်းကို အကျဉ်းချုံးသော အပိုင်းတို့ပေတည်း၊ ဘုံပိုင်, သမုစ္စည်းပိုင်း, ကမ္ဘဗေဒန်းပိုင်းတို့သည် သုတ္တန်ပိဋကတ်ကိုလည်း အကျဉ်းချုံးသော အပိုင်းတို့ပေတည်း၊ ၉-ပိုင်းလုံးကို သိမ်းကျုံးမိသော သူတို့သည် အကျဉ်းချုပ်အားဖြင့် ပိဋကတ် ၂-ပုံကို နှုတ်ငုံသိမ်းပိုက်မိကြကုန်၏။

ထိုသူတို့သည် ဤဘဝမှာပင် အကျတ်တရားရနိုင်ရန် ဓမ္မအဆောက်အအုံနှင့် ပြည့်စုံကြကုန်၏။ ဤဘဝ၌ အကျတ်တရား မရရှိခဲ့လျှင် နတ်ပြည်၌ ကျတ်ကြကုန်လတ္တံ့၊ ဤသာသနာမှ ကျန်ရှိကြသော သူတို့သည် သာသနာပ နောက်ကာလ၌ ပစ္စေကဗုဒ္ဓါဖြစ်၍ ကျတ်ကြကုန်လတ္တံ့၊ ကျန်ရှိသော သူတို့သည် နောက် ဘုရားသာသနာ၌ ပညာတေဒဂ်, အဘိညာတေဒဂ် ထက်မြက်သီးသီး အကျော်အမော်ကြီးဖြစ်ကြ၍ ကျတ်ကြကုန်လတ္တံ့။

[ဤကဲ့သို့ ဂဏပစ္စဝေဓ ဝတ်ရှုလာသော အဌကထာကြီးများ၏ မိန့်ဆိုချက်ပေတည်း။]

အဓိပညာသာဓနာကို ပြဆိုခန်း ပြီး၏။

၁၄-နိဗ္ဗာန်ကို ပြဆိုခန်း

(က) နိဗ္ဗာန်၏ အားငြိမ်းခံသာသဘော

ဆောင်ပုဒ်သံခိပ်။ ။ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်းပြည်နိဗ္ဗာန်။

ဇာတိချုပ်ငြိမ်းသည်ကိုဇာတ်သိမ်းဆိုသည်၊ လွန်ခဲ့ပြီးသောအနမတဂ္ဂသံသရာ ဘဝ်ဟောအဆက်ဆက် ဘဝအဆက်ဆက် ဇာတ်ထွက်ရှိလာခဲ့သော ကိုလေသာတို့၏အဖြစ် ငြိမ်းမှု, ဇာတ်သိမ်းမှု, ပုဗ္ဗဏှ-ပုဗ္ဗဏှသန်ရှိ ဟူသော ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှု, ပဋိသန္ဓေပဝတ္တိ ဝိပါက်ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှုကို နိဗ္ဗာန်ဆိုသည်-ဟူလို။

(ခ) အပူ ၂-မျိုး

ပုထုဇဉ်တို့၏ သန္တာန်၌ အဝိဇ္ဇာ အစရှိသော အမဟယ်ဘဝသို့ ပစ်ချရန် အစဉ်ပါရှိ၍ နေကုန်သော အကုသိုလ် ကံဟောင်းတို့သည် တယောက်

တယောက်သောသူမှာပင် အသင်္ချေယျ အနန္တ ရှိကြလေကုန်၏၊ လူမင်း, နတ်မင်း, ဗြဟ္မာမင်းကြီးပင် ဖြစ်၍ နေကြကုန်သော်လည်း စိတ်နှလုံးတွင်းမှာ အစဉ်ပါရှိ၍ နေကြကုန်သော ထိုအကုသိုလ်ကံဟောင်းတို့အတွက် အပူကောင်ကြီးတွေ သက်သက်သာတည်း။

[ဤကား ကံဟောင်းတွေအတွက်နှင့် အပူကောင်တွေဖြစ်၍ နေကြပုံတည်း။]

ထိုပုထုဇဉ်တို့၏ သန္တာန်၌ရှေသို့လည်း ဒုစရိုက်အကုသိုလ် အနန္တတို့သည် ဖြစ်ပွားကြကုန်လတ္တံ့သာတည်း၊ လူမင်း, နတ်မင်း, ဗြဟ္မာမင်းပင် ဖြစ်၍ နေကြကုန်သော်လည်း ရှေသို့ ပြုလတ္တံ့ကုန်သော ထိုဒုစရိုက် အကုသိုလ် ကံသစ်တို့အတွက် အပူကောင်ကြီးတွေ သက်သက်သာတည်း။

[ဤကား ကံသစ်တွေအတွက်နှင့် အပူကောင်တွေဖြစ်၍ နေကြပုံတည်း။]

(ဂ) အပူမှ နိဗ္ဗာန်၏ အေးငြိမ်းပုံ

သောတပတ္တိမဂ်သို့ရောက်သောအခါ ထိုအတိတ်ကံ အနန္တတို့သည် အကုန်ချုပ်ငြိမ်းလေကုန်၏၊ ထိုအနာဂတ်ကံ အနန္တတို့သည် အကုန်ဇာတ်သိမ်းကုန်၏၊ အပါယ်သံသရာကြီးသည်လည်း ထိုသူတို့ ထန္တာန်မှာ အကုန်ဇာတ်သိမ်းလေကုန်၏၊ ဤချုပ်ငြိမ်းမှု, ဇာတ်သိမ်းမှုသည် သောတာပန်သို့ ရောက်ကြ, ရကြ, ခံစံကြသော နိဗ္ဗာန်ကြီးပေတည်း ထိုသောတာပန်တို့သည် လူ့ ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံတို့မှာ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် ကျင်လည်၍နေကြရာ ပုထုဇဉ် အပူကောင်တွေကို မြင်တိုင်း မြင်တိုင်း ငါတို့မှာ ငြိမ်းပေပြီ၊ အေးပေပြီ-ဟူ၍ အနမတဂ္ဂ ကြီးကျယ်လှသော ထို နိဗ္ဗာန် ချမ်းသာကြီးကို ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် အစဉ်ခံစား၍ သွားကြရကုန်၏။

ပရိနိဗ္ဗာန်စံရာဘဝတိုင်အောင် သာသနာပသော ဘဝ, သာသနာပသော ကမ္ဘာ-ဟူ၍ ထိုသူတို့မှာ မရှိကြကုန်ပြီ၊ မိမိ၏ ငြိမ်းရန် နိဗ္ဗာန် ဟူသော အကြောင်းနှင့် တပါးသော ဘုရားကိုလည်း တောင့်တဖွယ် မရှိကြကုန်ပြီ၊ တပါးသော သာသနာကိုလည်း တောင့်တဖွယ် မရှိကြကုန်ပြီ၊ မိမိတို့ရပြီး ရောက်ပြီး နိဗ္ဗာန်ကြီး၏ အတွင်းမှ ဘဝများစွာ ကမ္ဘာအဆက်ဆက် မထွက်ကြရကုန်ပြီ၊ ထို နိဗ္ဗာန်ကြီး၏ အတွင်း၌တည်၍ အလိုရှိရာ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာတို့ကို ခံစားစံစားကြကုန်ပြီးမှ အားရကြကုန်သောအခါ ခန္ဓာကို စွန့်ပစ်ကြကုန်၏။

[ဒုတိယအကြိမ်]

ဥပမာကား—မြင်းမိုရ်တောင်ခြေရှိ ယူဇနာ ၈-သောင်း ၄-ထောင် နက်ကျယ်စွာသော အလွန်အေးမြကြည်လင်စွာသော သီတာသမုဒ္ဒရာကြီး၏ အတွင်းမှာ ရှိနေကြကုန်သော ငါးကြီးအပေါင်းတို့သည် တပါးသော မြစ်သမုဒ္ဒရာကို တောင့်တဖွယ် မရှိကြကုန်ပြီ၊ နှစ်ပေါင်း မည်မျှပင် ကြာကုန်သော်လည်း ရေကုန်မည်, ရေခန်းမည်, ရေနောက်မည်, ရေပူမည်ကို ကြောင့်ကြဖွယ် မရှိကြကုန်ပြီ၊ ထိုသီတာမဟာသမုဒ္ဒရာကြီး၏ အတွင်းဌာသာ အသက်ရှည်ကြသမျှ ကာလပစ်လုံး အလိုရှိတိုင်း မြူးတူးပျော်ပါးစွာ နေကြကုန်ပြီးမှ ခန္ဓာကို စွန့်ကြကုန်သကဲ့သို့တည်း။

ထိုစကားမှန်၏၊ ထိုအတိတ် အနာဂတ် ဒုစရိုက်ကံ အနန္တတို့၏ ငြိမ်းခြင်းဟူသော နိဗ္ဗာန်သို့ ရောက်ကြကုန်ပြီးအော ထိုပုဂ္ဂိုလ်တို့သည် ထိုငြိမ်းမှုကုန်ဆုံးပြန်၍ ပူထူဇဉ်အဖြစ်သို့ တဖန် ရောက်ကြရပြန်ကုန်သည်။ အပါယ်ဘေးကို ကြောက်ကြရပြန်ကုန်သည်၊ ဘုရားတပါး, သာသနာတပါးကို မျှော်ကြရပြန်ကုန်သည်ဟု မဲ့ကြကုန်ပြီ၊ သံသရာ၌ ကျင်လည်၍ သွားကြကုန်သော်လည်း သံသရာဝဋ်မှ ကျွတ်လွတ်သော အနေနှင့် ကျင်လည်ကြရကုန်၏၊ သံသရာဝဋ်၌ နှစ်မှန်းမျှပါး၍ နောက်ကြသော ဝဋ်ကောင်မျိုး, အပူကောင်မျိုး မဟုတ်ကြကုန်ပြီ၊ ပြဆိုခဲ့ပြီးသော အနက်တို့ကိုမူကား အဘိဿမယသံယုတ် ပါဠိတော်ကြီးကို ထောက်၍ သိအပ်ကုန်၏။

[ဤသည်ကား ဒိဋ္ဌ, ဝိစိကိစ္ဆာတို့၏အဖြစ်ငြိမ်းမှု, ဇာတ်သိမ်းမှု, အဟောင်းအသစ် ဖြစ်ကုန်သော ခပ်သိမ်းကုန်သော ဒုစရိုက်ကံတို့၏ ချုပ်ငြိမ်းမှု, ဇာတ်သိမ်းမှု, အဗေါဓိသံဘရာကြီး၏ချုပ်ငြိမ်းမှု, ဇာတ်သိမ်းမှု-ဟူသော သောတာပန်တို့သည် ရကြ, ရောက်ကြ, ခံစံကြရသော အသခ္ခတမဟာနိဗ္ဗာန်ကြီး၏ အခြင်းအရာကို အရိပ်အမြွက်မျှ ပြဆိုချက်တည်း၊ ကြင်းသော အရိယာပုဂ္ဂိုလ်တို့မှာလည်း ထိုတ်ဘည်အားလျော်စွာ သိလေ။]

(ဃ) သဉ္ဇပါဒိသေသ, အနုပါဒိုသေသနိဗ္ဗာန် ၂-မျိုး

ကံ၏ အကျိုးဖြစ်သော ခန္ဓာငါးပါးသည် တဏှာ, ဒိဋ္ဌိတို့၏ အကျိတ်အခဲစွဲလမ်းရာဖြစ်၍ ဥပါဒိမည်၏။

ဆောင်ပုဒ်ဆံခ်ပ်။ ။အဉ္ဇပါဒိ၊ သေသ-နိ၊ ကြင်းရှိ ငါးရပ်ခန်။

နိ-ကားနိဗ္ဗာန်တည်း၊ ဘဝခန္ဓာ သံသရာ အကြင်းအကျန် ရှိနေစဉ်အခါ ပေါက်ရောက်ရရှိ ခံစံကြရသော နိဗ္ဗာန်သည် သဉ္ဇပါဒိသေသနိဗ္ဗာန် မည်၏။

သောတာပန်တို့၌ ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့၏ ချုပ်ငြိမ်းမှု, ခပ်သိမ်းသော ဒုစရိုက်ကံတို့၏ ချုပ်ငြိမ်းမှု, အပါယ်သံသရာကြီး၏ ချုပ်ငြိမ်းမှုကို ဆိုသတည်း၊ ထိုသဥပါဒိသေသနိဗ္ဗာန်သို့ ရောက်ကြ၍ ထိုနိဗ္ဗာန်၌ တည်နေကြကုန်သော သောတာပန် ပုဂ္ဂိုလ်တို့အား အပါယ် ၄ပါးဟူသော ဒုဂ္ဂတိသံသရာ မရှိကြကုန်ပြီ၊ ဘုန်းတန်ခိုး ကျက်သရေနှင့် ပြည့်စုံသော လူ့ဘဝ, နတ်တဝ, ဗြဟ္မာ့ဘဝ-ဟူသော ဥပါဒိတရား ကျန်ရှိသည့်အတွက် သဥပါဒိသေသ ခေါ်ဆိုရသတည်း။

[ကြွင်းသော အရိယာတို့မှာလည်း ထိုက်သည့်အားလျော်စွာ သိလေ။]

ဆောင်ပုဒ်သံခိပ်။ ။အနုပါဒိ၊ သေသ—နိ၊ မရှိ ငါးရပ်ခန်။

ခန္ဓာကြွင်း, ဘဝကြွင်း, သံသရာကြွင်း အလျဉ်းမရှိသော အဆုံးစွန်သော ပရိနိဗ္ဗာန်စံမှုသည် အနုပါဒိသေသ နိဗ္ဗာန်မည်၏။

ဤ နိဗ္ဗာန် ၂-ပါးသည် ကျန်ရှိသော ဘဝခန္ဓာ သံသရာ အတွက်နှင့် အခေါ်သာ လွဲကြသည်၊ တခုတည်းသော အသင်္ခတ မဟာနိဗ္ဗာန်ကြီး ပင်တည်း။

ဥပမာကား—တခုသော မိုးကောင်းကင်ကြီးကို ပင်လျှင် ရပ်ပေါ် ရွာပေါ်မှာ ရှိသည်ကို ရွာကောင်းကင်ဟူ၍, ရွာမှ ကျွတ်လွတ်ရာ၌ ရှိသည်ကို တောကောင်းကင်ဟူ၍ ဆိုအပ်သကဲ့သို့တည်း၊ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ အပါယ်သံသရာတို့၏ ချုပ်ငြိမ်းမှုမှစ၍ တဆက်တည်း, တပြင်တည်း, တခုတည်းသာတည်း။

(င) သုညတ အနိမိတ္တ, အပ္ပဏိဟိတ နိဗ္ဗာန် ၃—မျိုး။

ဆောင်ပုဒ်သံခိပ်။ ။သုည, နိမိတ်၊ ပဏိဟိတ်၊ ဖြာစိတ် သုံးနိဗ္ဗာန်။

နိဗ္ဗာန်သည် သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်, အပ္ပဏိဟိတနိဗ္ဗာန်—ဟူ၍ ၃—ပါးပြား၏။

ဆောင်ပုဒ်သံခိပ်။ ။ပလိဗောဓ၊ ကြောင့်ကြသဗ္ဗံ၊ ကင်းဆိတ်ညံ၊ နိဗ္ဗာန်သုညတ။

သင်္ခတဓမ္မ အပေါင်း တို့တွင် အရဟတ္တဖိုလ်သည် အမြတ်ဆုံးတည်း၊ ထိုအရဟတ္တဖိုလ်သည် ဇာတိရှိသော တရားမျိုးဖြစ်၍ ရရှိပြီးနောက် ဝင်စားလိုပြန်သည်ရှိသော် ဖြစ်ပေါ်ရန် အကြောင်းအခွင့်တွေကို ကြောင့်ကြစိုက်နိုင်မှု ဖြစ်ပေါ်၏၊ ဖြစ်ပေါ်၍ ခံစားစံစားဆဲမှာပင် မတ်တတ်ချုပ်ပျက် ကွယ်ပျောက်၍

သွား၏၊ ခံစားလိုပြန်လျှင် တဖန် ကြောင့်ကြစိုက်ရပြန်၏၊ ကြောင့်ကြစိုက်မှု ပလိဗောဓမဆုံးရှိနေ၏၊ ထိုမှကြွင်းသော သင်္ခတတရားတို့၌ ဆိုဖွယ်မရှိ။

နိဗ္ဗာန်သည်မူကား–ထိုကဲ့သို့မဟုတ်၊ ဇာတိဓာင်းငြိမ်းသော ဇာတ်သိမ်းမှု ဖြစ်ပေ၍ သက္ကာယဒိဋ္ဌိ အပြီးချုပ်ငြိမ်းခြင်းကို တကြိမ် ရရှိသည့်နောက် ထိုဒိဋ္ဌိငြိမ်းမှု, အပါယ်သံသရာငြိမ်းမှုသည် ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် အမြဲတည်လေတော့သည်ဖြစ်၍ ထိုငြိမ်းမှုအတွက်နှင့် ကြောင့်ကြစိုက်ဖွယ် ကိစ္စတစုံတခုမျှမရှိပြီ၊ သီတာသမုဒ္ဒရာကြီး၏ အတွင်းမှာ နေသောငါးကြီးတို့ကဲ့သို့ ထိုငြိမ်းမှု အနမတဂ္ဂကြီးအတွင်းမှာ ကျွင်လည်ကာ နေကြရတော့သည်၊ ထို့ကြောင့် သုညတဟူ၍ ခေါ်သတည်း။

ဆောင်ပုဒ်သံခိပ်၊ ။ဘေးပေါင်းတရံ၊ မဆက်ဆံ၊ နိဗ္ဗာန်နိမိတ္တ။

သင်္ခတဓမ္မမည်သည် ဇာတိရှိသောကြောင့် ရှန့်ရင်းသော အရိပ် နိမိတ်ရှိ၏၊ ရှန့်ရင်းသော အရိပ် နိမိတ်ရှိသောကြောင့် ဘေးအပေါင်းနှင့် တရံမစဲ အမြဲဆက်ဆံ၏၊ အဇျတ္တဘေး, ဗဟိဒ္ဓဘေးတို့ ထိပါးနိုင်၏၊ ကိလေသာတို့ သုံးသပ်နိုင်၏၊ ဇရာ မရဏမီးတို့ လောင်နိုင်၏၊ နိဗ္ဗာန်သည်မူကား ထိုကဲ့သို့မဟုတ်၊ အနိမိတ္တဓမ္မသာ ဖြစ်၏၊ ထိုဘေးတို့ မထိပါးနိုင်။

ဥပမာကား–ကောင်းဆင်ကြီးသည် ဇာတိနှင့် ဖြစ်ပေါ်သော တရားမျိုးမဟုတ်သောကြောင့် လက်နက်ဘေးတို့ မထိပါးနိုင်၊ မဇင်-စသော အညစ်အကြေးတို့ မလိမ်းကျံနိုင်၊ မီးတို့မလောင်နိုင်၊ ဟောင်းနွမ်းဆွေးမြေ့သည်မရှိ၊ ပြိုပျက်ကွယ်ဆုံးသည်မရှိ၊ အနမတဂ္ဂသံသရာနှင့် အမျှ နိစ္စတည်ရှိ၏။

ထို့အတူ သောတာပန်ပုဂ္ဂိုလ်တို့၏ ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့၏ ချုပ်ငြိမ်းမှု, အပါယ်သံသရာ၏ ချုပ်ငြိမ်းမှု-ဟူသော နိဗ္ဗာန်သည် ဘေးအပေါင်းတို့ မထိပါးနိုင်၊ ကိလေသာတို့ မလိမ်းကျံနိုင်၊ ဇရာမရဏမီးတို့ မလောင်နိုင်၊ ထိုချုပ်ငြိမ်းမှုကို ဘေးထိ၍ ဆွေးမြေ့ကုန်ခမ်းမည်ကို ကြောင့်ကြစိုးရိမ်ဖွယ်မရှိ၊ သောတာပန်သည် ပုထုဇဉ်အဖြစ်သို့ ပြန်၍ရောက်မည်ကို ကြောင့်ကြဖွယ်မရှိ၊ အပါယ်သို့ ကျရောက်ပြန်မည်ကို ကြောင့်ကြဖွယ်မရှိ၊ ထို့ကြောင့် နိဗ္ဗာန်ကို အနိမိတ္တဆိုသတည်း။

ဆောင်ပုဒ်သံခိပ်။ ။ဟောင့်တပူပန်၊ မဆက်ဆံ၊ နိဗ္ဗာန် ပဏိဟိတ။

တောင့်တခြင်းသည် ပဏိဟိတမည်၏၊ ပူပန်မှု သက်သက်တည်း၊ ဒုက္ခအများကို ပွားများစေတတ်၏၊ သင်္ခတဓမ္မမည်သည် ကောင်းမွန်သော တရား

ကိုရအောင် အားထုတ်၍ ရရှိဆောင်လည်း ကုန်ခန်းခြင်း သဘောရှိသော ကြောင့် မဲ့မြဲမဲ့ပြန်၏၊ ဆင်းရဲမြဲဆင်းရဲပြန်၏၊ တောင့်တပူပန်မှု အဆုံးမရှိ။

သောတာပန်တို့အား ရရှိ၍နေသော ထိုငြိမ်းမှုသည်ကား အဘယ်အခါမှာမှ ပျက်ကွယ်ကုန်ဆုံးခြင်း မရှိ၊ တဖန် တောင့်တရန်မရှိ၊ ဒိဋ္ဌိချုပ်ငြိမ်းမှု ပျောက်ကွယ်သွားပြန်၍ ဘုရားကို တောင့်တရပြန်သည်မရှိ၊ တရားကို တောင့်တရပြန်သည်မရှိ၊ ဒုစရိုက်ချုပ်ငြိမ်းမှု ပျောက်ကွယ်သွားပြန်၍ ဒါနကို အထူးအားထုတ်ရပြန်ပြီ၊ သီလကို အထူးအာထုတ်းရပြန်ပြီ-ဟူ၍ မရှိ၊ ထို့ကြောင့် နိဗ္ဗာန်ကို အပွဏိဟိတဟူ၍ ဆိုပေသတည်း။

[ဤအမှည် ၃-ပါးအည်ကည်း ထခုသောအခြစ်ငြိမ်းမှု, ဇာတ်သိမ်းမှု၏ အမည်သစ်ထည်း။]

အရိယာပုဂ္ဂိုလ်တို့တွင် သောတာပန်သည် အညံ့ဆုံးဖြစ်၏၊ ထိုအညံ့ဆုံး၏ ငြိမ်းချမ်းမှုသည်ပင်လျှင် အနုမတဂ္ဂ ကြီးကျယ်လှလေ၏၊ ကြင်းသော ပုဂ္ဂိုလ်တို့၏ ငြိမ်းချမ်းမှုမှာ ဆိုဖွယ်မရှိပေ·ဟု သိစေခြင်းငှာ သောတာပန်၏ နိဗ္ဗာန်ကို ထုတ်ဖော်၍ ပြဆိုလိုက်သည်။

နိဗ္ဗာန်ကို ပြဆိုခန်း ပြီး၏။

၁၅-ဝိပဿနာဂ္ဂနည်း ပြဆိုခန်း

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုပ္ပဇ္ဇူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။
[သံယုတ်ပါဠိတော်]

အနက်။ ။ရူပံ၊ ရူပက္ခန္ဓာကို။ ဖေဏပိဏ္ဍူပမံ၊ ရေမြုပ်စိုင် ရေမြုပ်ခဲနှင့် တူစွာ။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဝေဒနာ၊ ဝေဒနာက္ခန္ဓာကို။ ပုပ္ပဇ္ဇူပမာ၊ ရေပွက်နှင့်တူစွာ။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်၏။ သညာ၊ သညာက္ခန္ဓာကို။ မရီစိကူပမာ၊ တံလှပ်နှင့်တူစွာ။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်၏။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့ကို။ ကဒလူပမာ၊ ငှက်ပျောတုံး လက်ပန်တုံးနှင့်တူစွာ။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်ကုန်၏။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာကို။ မာယူပမံ၊ မျက်လှည့်အမှုနှင့် တူစွာ။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အနွယ်ဖြစ်တော်မူသော ဂေါဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်၏။

[ရှေ့ထိုယမကပြီး]

ရူပကွန္ဓာ ရှုနည်း

ကိဉ္ဇ ဘိက္ခဝေ ရူပံ ဝဒေထ၊ ရူပတိ ရူပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ။ ကေန ရူပတိ၊ သီတေနပိ ရူပတိ၊ ဥဏ္ဍေနပိ ရူပတိ၊ ဇိဃစ္ဆာယပိ ရူပတိ၊ ပိပါသာယပိ ရူပတိ၊ ဋ္ဌံသ မကသ ဝါတာတပ သရီသပ သမ္ဖဿေနပိ ရူပတိ၊ ရူပတိ ရူပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ။

[ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်]

အနက်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္ဇ၊ အဘယ့်ကြောင့်လျှင်၊ ရူပံ၊ ရုပ်ဟူ၍။ ဝဒေထ၊ ဆိုကြကုန်မည်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်လျှင်။ရူပတိ၊ အတည်မမြဲ အနည်းနည်းလျှင် ဖောက်လဲဖောက်ပြန် ဖြစ်တတ်၏။ ရူပတိ၊ ဓဏခြင်းလျှင် ယိုယွင်းယိုင်ရွှေ့ မြေ့မြေ့ကြေမွ ရှရှကြေကွဲ အနည်းနည်း ဖောက်ပြန်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ရူပန္တိ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ကေန၊ အဘယ်အကြောင်းကြောင့်။ ရူပတိ၊ ဖောက်ပြန်တတ်သနည်း ဟူမူကား။ သီတေနပိ၊ သီထတေဇောနှင့် တွေ့ခြင်းကြောင့်လည်း။ ရူပတိ၊ ဖောက်ပြန်တတ်၏။ ဥဏ္ဍေနပိ၊ ဥဏ္ဍတေဇောနှင့် တွေ့ခြင်းကြောင့်လည်း။ ရူပတိ၊ ဖောက်ပြန်တတ်၏။ ဇိဂစ္ဆာယပိ၊ ဆာလောင် ပူပန်သော တေဇော နှောင့်ယှက်ခြင်းကြောင့်လည်း။ ရူပတိ၊ ဖောက်ပြန်တတ်၏။ ပိပါသာယပိ၊ မွတ်သိပ်ပူပန်သော တေဇော နှောင့်ယှက်ခြင်းကြောင့်လည်း။ ရူပတိ၊ ဖောက်ပြန်တတ်၏။ ဋ္ဌံသသမ္ဖဿေနပိ၊ ခြင်ဆိပ်တေဇောနှင့် တွေ့ခြင်းကြောင့်လည်း။ ရူပတိ၊ ဖောက်ပြန်တတ်၏။ မကသ– သမ္ဖဿေနပိ၊ မှက်ဆိပ်တေဇောနှင့် တွေ့ခြင်းကြောင့်လည်း။ ရူပတိ၊ ဖောက်ပြန်တတ်၏။ ဝါတသမ္ဖဿေနပိ၊ လေစိမ်းမှာပါသော သီတဥဏ္ဍ တေဇောအစိမ်းနှင့် တွေ့ခြင်းကြောင့်လည်း။ ရူပတိ၊ ဖောက်ပြန်တတ်၏။ အာတပသမ္ဖဿေနပိ၊ နေပူတေဇောနှင် တွေ့ခြင်းကြောင့်လည်း။ ရူပတိ၊ ဖောက်ပြန်တတ်၏။ သရီသပသမ္ဖဿေနပိ၊ မြွေဆိပ်ကင်းဆိပ်ဟူသော သီတတေဇော, ဥဏ္ဍတေဇောနှင့် တွေ့ခြင်းကြောင့်လည်း။ ရူပတိ၊ ဖောက်ပြန်တတ်။

ကိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်လျှင်။ ရူပတိ၊ ဖရိဖရဲ ဖောက်လဲ ဖောက်ပြန် ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ရူပန္တိ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

[ဒုတိ[illegible]]

(က) ဝေါဟာရမြေကို ပြဆိုချက်

ဤ ပါဠိတော်မြတ်၌ "သီတေနပိ ရှုပ္ပတိ၊ ဥဏ္ဍေနပိ ရှုပ္ပတိ" အရကို သိသာရုံမျှပြဆိုအံ့။

ရေ, မြေ, လေ, မီး ဟူသော ဓာတ်ကြီး ၄-ပါး တို့တွင် မြေဓာတ်သည် လောကဝေါဟာရမြေ, အဘိဓမ္မာ၌ ဟောတော်မူသော ပရမတ်မြေ ဟူ၍ ၂-မျိုးရှိ၏၊ ထိုတွင်—

ဝေါဟာရမြေဆိုသည်ကား—ပရမာဏုမြူ, အဏုမြူ, တဇ္ဇာရီမြူ, ရထရေဏုမြူ, ကညစ်စာ, သန်းဥ, သန်းဖျ, သန်းမ, နှမ်း, ဆန်, မုယောတို့မှစ၍ မဟာပထဝီ, မြင်းမိုရ်တောင် စသည်တိုင်အောင် အစိုင်အခဲရှိနေသော ဝတ္ထုမျိုးကို ဝေါဟာရမြေ ဆိုသည်။

သတ္တဝါ၏ သဏ္ဌာန်၌လည်း ဆံပင်, မွေးညင်း, ခြေသည်းလက်သည်း, သွား, အရေထူ အရေပါး အစရှိသော အထည်သဏ္ဌာန်နှင့် မျက်စိဖြင့် မြင်ကောင်းသော ဝတ္ထုမျိုးသည် ဝေါဟာရမြေသာတည်း။

ဝေါဟာရမြေ ဟူသမျှသည် မြေဓာတ်အစစ် မဟုတ်သေး၊ မုချမြေ မဟုတ်သေး၊ လက္ခဏာရေးသုံးပါး၏ သက်ဆိုင်ရာမဟုတ်သေး၊ ဝိပဿနာဉာဏ်မည်သည် ပရမတ္တဓမ္မကို အာရုံပြု၍ဖြစ်မြဲ၊ ထိုမြေစုကား ပရမတ်မြေ အစစ်မဟုတ်၊ ဝေါဟာရပညတ်မြေမျိုးသာတည်း၊ ဝေါဟာရပညတ် ဆိုသည်ကား မုချစင်စစ် အမှန်ရှိရင်းတရားကို မထိ၊ အဟုတ်ရှိရင်း တရားကို မထိ ကေန်ရှိရင်းသဘောသို့ မဆိုက်၊ တကယ်ရှိရင်းဖြစ်သော ဓာတ်ရင်းသို့ မရောက်၊ ထို့ကြောင့် ဝိပဿနာဉာဏ်၏ အရာမဟုတ်။

[ဤကား ဝေါဟာရမြေကို ပြဆိုချက်တည်း။]

(ခ) ပရမတ်မြေကို ပြဆိုချက်

ပရမတ်မြေဆိုသည်ကား—ခက်မာခြင်းကြိယာ အမူအရာ သက်သက်သာတည်း၊ ထိုထိုဝတ္ထုကို ဆုပ်ကိုင် ဖိနှိပ် တီးခေါက်၍ စမ်းကြရာ၌ နူးညံ့သည်၊ ခက်မာသည်-ဟု လူတိုင်းပင် သိကြကုန်၏၊ ထိုသို့ သိကြကုန်ရာ၌ ပညတ်သိ, ပရမတ်သိ ၂-မျိုးရှိ၏။

၁။ နူးညံ့သောဝတ္ထုဉ်၌ နူးညံ့မှုကိရိယာနှင့် ထိုဝတ္ထုတခုလုံးကို တပေါင်းတည်းပြု၍ တခုတည်းပြု၍ သိကြသည်ကား ပညတ်သိတည်း၊ ပရမတ်သိမဟုတ်၊ စိတ်သိ, သညာသိတည်း၊ ဉာဏ်သိမဟုတ်။

[နုတိယအကြိမ်]

၂။ ထိုဝတ္ထုဉ်၌ နူးညံ့မှုကိရိယာသက်သက်ကို သီးသန့်ကွက်ခြား၍ သိသည်ကား ပရမတ်သိတည်း၊ ပညတ်သိ မဟုတ်၊ ဉာဏ်သိတည်း၊ စိတ်သိ, သညာသိ မဟုတ်။

သီးသန့်ကွက်ခြား၍ သိမှုဆိုသည်ကား ထိုဝတ္ထုဉ်၌ မြေဓာတ်မှတပါး ရေဓာတ်, မီးဓာတ်, လေဓာတ်, အဆင်းဓာတ်, အနံ့ဓာတ်, ရသဓာတ်, သြဇာဓာတ်-ဟူ၍ ဓာတ် ၇-မျိုး ရှိကြသေး၏၊ ဆုံ၍ မပါရအောင် ဝတ္ထုတခုလုံးကို အကုန်ခြုံ၍ ဤဝတ္ထုသည် နူးညံ့၏-ဟု ဆိုသည်ရှိသော် ထိုဓာတ် ၇-မျိုးပါ အကုန်နူးညံ့ခြင်းဟူသော မြေဓာတ်တခုပြု၍ သိမှု, ပြောမှုဖြစ်၏။

ဤဝတ္ထုသည် ဤအဏုမြူသည်, ဤမွေးညင်းသည် - အစရှိသည်ဖြင့် အထည်ဒြပ်ပညတ်သဏ္ဌာန်ကို စိတ်၌ထင်မြင်၍သိမှု, ပြောမှုဖြစ်သည့်အတွက် ပညတ်သိသာဖြစ်၏။ ဓာတ် ၇-ပါးကို အဟုတ်ထိသည်လည်းမဟုတ်၊ စမ်းသပ်လိုက်သောအခါ၌ ကာယဝိညာဉ်သည်ကား မြေဓာတ်သက်သက်ကိုသာ ထိ၏။ ပရမတ်မြေ ဓာတ်သက်သက်ကို သီးသန့်ကွက်ခြား၍ ယူသေး၏၊ ထိုအခါ ဓာတ် ၇-ပါးတို့ မပါကုန်သေး၊ ပညတ်လည်း မဟုတ်သေး၊ နောက်လိုက် မနောဝိညာဉ်တို့သည်ကား ကာယဝိညာဉ်သိသော မြေဓာတ်နူးညံ့မှုသက်သက်ကို ထိုဝတ္ထုဒြပ် ပညတ်အထည် နူးညံ့မှုပြုလုပ်၍ သိကြကုန်၏၊ ကာယဝိညာဉ်သိကား မပြဋ္ဌာန်းနိုင်၊ မနောဝိညာဏ်သိတို့သည်သာ ပြဋ္ဌာန်း၍ ဓနကုန်၏၊ မနောဝိညာဉ်သိ အတိုင်းသာ လူတို့ကအဟုတ်မှတ်ထင် အသိအမြင်ပြု၍ နေကြကုန်၏။

ဥပမာ—မီးရထားစီး၍ သွားကြရာ၌ လယ်ကွင်း, ယာကွင်း, သစ်ပင်, ချုံနွယ်, တော, တောင်တို့ကို မျှော်ရှုကြရာ၌ စက္ခုဝိညာဉ်သည်ကား ထိုဝတ္ထုတို့ တည်ရှိကြသည့်အတိုင်းသာ မြင်ပေ၏၊ နောက်လိုက် မနောဝိညာဉ်တို့ မဟုတ်မယမ်း ဆန်းပြားပွေလီမှုအတွက် ချာချာလည်ဝိုင်း ခုန်စိုင်းပြေးသွား အမျှောက်အမှား ထင်မြင်ချက်ပြဋ္ဌာန်းလျက် ရှိနေကြသကဲ့သို့တည်း။

(စက္ခုဒွါရ၍ လူတိုင်း ဒိဋ္ဌိမျက်မြင် ဥပမာထည်း။)

မဟုတ်မှန်းသိလျက်နှင့် မနောဝိညာဉ်တို့ ပြဋ္ဌာန်းလှသည့် အတွက်ကြောင့် ချာချာလည်ဝိုင်း ခုန်စိုင်းပြေးသွား အမျှောက်အမှား ထင်မြင်ချက်ကြီးကို ဖျက်သိမ်း၍ပင် မရကြလေ၊ ရထားမစီးမီက သိရင်းဖြစ်ကြ၍သာလျှင်

ထိုဝတ္ထုတို့ကား မပြေးမသွားသည်အမှန်၊ ရထားသည်သာ ပြေးသွားသည်-ဟု ဉာဏ်သိပေါ်နိုင်ကြသေး၏၊ ဓာတ်သဘာဝ အရာတို့၌ကား အနမတဂ္ဂသံသရာမှ တခါမှသိရှိရင်း မဟုတ်ကြသောကြောင့် ဉာဏ်သိဟူ၍ မပေါ်နိုင်ကြပြီ။

[ဤကား နူးညံ့သောဝတ္ထု, နူးညံ့ခြင်းကိရိယာ-ဟူသော ဆတ်ဆတ်သော ပရမတ်မြေဓာတ်ကို ဝတ္ထုဒြပ်တည်းဟူသော ပညတ်မှ ဉာဏ်ဖြင့် အသီးထုတ်၍ သီးသန့်ကွက်ခြားရှ် သိမြင်ပုံတည်း။]

ထိုဝတ္ထုမှာ နူးညံ့မှုကိရိယာကို ပရမတ်မြေဓာတ် အစစ်ဆိုရာ၌လည်း ထိုဝတ္ထုတခုလုံး၌ နူးညံ့မှုအားလုံးကို တခုသော ပရမတ် မြေဓာတ်ဟု ဆိုသည်မဟုတ်၊ အကယ်၍ တခုသော မြေဓာတ်ဖြစ်ခဲ့ငြားအံ့၊ အစိတ်အစိတ် ခွဲခြမ်းစိတ်ဖြာခြင်းငှာ မတတ်ကောင်းသည်သာ ဖြစ်ရာ၏။

တခုသော ပရမတ္တတရားမည်သည် အပိုင်းအပိုင်းဖြတ်၍ မရကောင်း အစိတ်အစိတ် ခွဲ၍မရကောင်း၊ မျက်မြင်လက်စမ်းတွေ့ရှိအောင် လှုပ်ရှား၍ အမူအရာပြောင်းလဲသည်-ဟူ၍ မရှိ၊ ရှေးရှေးအမှုဟောင်း ကွယ်ပျောက် နောက်နောက်အမူသစ်တမျိုးတမျိုး ဖြစ်ပေါ်သည်ကို လောက၌ လှုပ်သည်, ရှာဇယည်, ကြွသည်, ထသည်, ရွှေ့ရှားသည်-ဟု ခေါ်ဝေါ်ပြောဆိုကြသည်။

ပရမတ္တတရားမည်သည် ကိရိယာအမူအရာ သက်သက်မျှဖြစ်၍-

၁။ ရှေးရှေးအမှုဟောင်း ကွယ်ပျောက်မှု ဆိုသည်ကား ရှေးရှေးပရမတ်ဓာတ်ဟောင်းတို့ ချုပ်ပျက်သေဆုံးမှုပေတည်း။

၂။ နောက်နောက် အမူသစ်တမျိုးတမျိုး ဖြစ်ပေါ်မှုဆိုသည်ကား ပရမတ်ဓာတ်သစ်တို့ တမျိုးတမျိုး ဖြစ်ပေါ်မှုပေတည်း။

ဓာတ်သစ်, ဓာတ်ဟောင်း, ပရမတ်သစ်, ပရမတ်ဟောင်း မြောင်းလဲကြရာ၌ အပိုင်းအခြား အာကာသသည်ရှိ၏၊ မျက်စိနှင့်ကားမမြင်ရ၊ ပရမတ်ကိရိယာသဘာဝကို မြင်တတ်သော ဉာဏ်နှင့် သာလျှင် ထိုအပိုင်းအခြားကို မြင်နိုင်၏၊ အပိုင်းအခြား ဆိုသည်ကား ရှေးရှေးတရား၏ ဘင်စွန်းနှင့် နောက်နောက်တရား၏ ဥပါဒ်စွန်းအကြားတည်း၊ ကောင်းကောင်းမြင်အောင်ကြည့်ကြကုန်ရာ၏။

[နူးညံ့မှုပထဝီ မြေဓာတ်စစ်ခန်းပြီး၏၊ ခက်မာမှုပထဝီ မြေဓာတ်မှာလည်း ဤနည်းကိုမှီ၍ သိလေ။]

[ဤကား ပရမတ်မြေကို ပြဆိုချက်တည်း။]

[ဒုတိယအကြိမ်]

(၈) ပရမတ်မြေဓာတ်၌ ဓာတ်မျက်လုံးတည်ထောင် အလွန်ဆုံးသောခက်မာမှု, မာဆတ်သောပရမတ် ကလာပ်ကို ပြဆိုချက်

အေးမြလှစွာသော သံလုံးသံခဲကို အားကြီးလှစွာသော ရှားမီးကျီးစု အတွင်း၌ထည့်၍ ဖိုများစွာဆိုင်၍ အပြိုင်အားတိုက် ထိုး၍ အရည်ကျိုရာ၌ သံတုံးသံခဲ၌ နဂိုပကတိ ရှိနေသော ခက်မာမှု အခြင်းအရာ အမူအရာသည် ဥဏှမီးပူ အပြင်းအထန် နှိပ်စက်ဖိစီးမှုကြောင့် ရှေးရှေးအမူအရာ ပျက်၍ ပျက်၍ အမူအရာသစ် တမျိုးတမျိုး ဖြစ်ပေါ်၍ ဖြစ်ပေါ်၍ အရည်ကြည်ကြည် ဖြစ်ရ၏၊ ခက်မာမှု အမူအရာဟောင်း အဆင့်ဆင့် ချုပ်ပျက် ကွယ်ဆုံးပုံ, နူးညံ့သော အမူအရာသစ် အဆင့်ဆင့် ဖြစ်ပေါ်နေပုံကို မြင်အောင်ကြည့်လေ။

သံတုံးသံခဲ အတွင်းအပြင်တခုလုံး ပျက်မှု, ဖြစ်မှု, ရွရွ ရွရွ နေပုံကို မြင်လိမ့်မည်၊ ရေမြှုပ်စိုင်, ရေမြှုပ်ခဲနှင့် အနှစ်မရှိခြင်း တူလှပုံကို မြင်လိမ့်မည်၊ ဉာဏ်၌ အတုံးကြီး, အခဲကြီး-ဟူသော သဏ္ဌာန်ဒြပ်ပညတ်ကြီး ပေါ်ရှိ ခုခံပိတ်ဆီး၍ မနေစေနှင့်- အတွင်း၌ ခက်မာမှုတွေ တရွရွနေသည်ကို ဉာဏ်နှင့် စူးစိုက်ထိုးထွင်း၍ မြင်အောင်ကြည့်လေ၊ တဖန် ထိုသံရည်ကို ရေအေး သီတဥတုနှင့်လောင်း၍ အရည်ကြည်ကြည်မှ ပကတိခဲမြဲခဲ, မာမြဲမာပြန့်ရာ၌လည်း နူးညံ့သော ပထဝီတွေအဆင့်ဆင့် ချုပ်ကွယ်သေဆုံး၍ ခက်မာသော ပထဝီတွေအဆင့်ဆင့် ဖြစ်ပေါ်လာရာ၌လည်း နည်းတူ သိအပ်ကုန်ရာ၏။

ခက်မာမှု-ဟူသော ပရမတ်မြေဓာတ် လက္ခဏာ၌ အမာကြီး အဆင့်ဆင့် အမာနု အဆင့်ဆင့် ရှိပြန်၏၊ အမာနုကို နူးညံ့မှု ဆိုသည်၊ မဟာပထဝီမြေကြီး, မြင်းမိုရ်တောင်, စကြဝဋ္ဌာတောင်, သတ္တရဘန် တောင်ကြီးတွေကို ကမ္ဘာမီး အပြင်းအထန် နှိပ်စက်ဖိစီး၍ လောင်ရာ၌ အတွင်းပရမတ်မြေဓာတ် အမူအရာ ကိရိယာစုကို စူးစိုက်ထိုးထွင်း၍ ကြည့်နိုင်ပါမူ ရေမြှုပ်ခဲကြီးတွေနှင့်တူပုံ ထင်ရှားပေါ်လာလိမ့်မည်။

[ဤကား အနမတဂ္ဂသံသရာ၌ တခါမျှ မပေါ်ပေါက်ဘူးသေးသော ဓာတ်မျက်စိ, ဓာတ်မျက်လုံး ပေါ်ပေါက်အောင် အစစ္စာ ထူထောင်ပုံ စနစ်တည်း။]

ဤမျက်စိကို ပါဋ္ဌိတော်တို့၌ "ဓမ္မစက္ခုံ ဥဒပါဒိ" ဟူ၍ ဟောတော်မူသည်၊ ဤမျက်စိပေါက်မှသာ ဘုရားကို မြင်နိုင်သူမည်သည်။ တရားကို မြင်နိုင်သူမည်သည်၊ သာသနာတော်ကို တွေ့ရသူမည်သည်။

[ဒုတိယအကြိမ်]

ယော ဟိ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။
ယော ဓမ္မံ နု ပဿတိ၊ သော မံ နု ပဿတိ။
ဟူ၍ ဟောတော်မူသည်။

အနက်။ ။ဝက္ကလိ၊ ဝက္ကလိရဟန်း။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ သမ္မုတိပညတ် ဒြပ်သဏ္ဌာန်တွင်းမှ ဉာဏ်ဖြင့် သီးသန့်ကွဲကွဲခြားမြင်၍ ထုတ်ဖော်ရှုမြင်အပ်သော ပရမတ္ထသဘောကို။ ပဿတိ၊ ဉာဏ်မျက်စိဖြင့် မြင်နိုင်၏။ သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ တွေ့မြင်ရသောသူ မည်၏။ ဝက္ကလိ၊ ဝက္ကလိရဟန်း။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ သမ္မုတိပညတ် ဒြပ်သဏ္ဌာန်တွင်းမှ ဉာဏ်ဖြင့် သီးသန့်ကွဲကွဲခြားမြင်၍ ထုတ်ဖော် ရှုမြင်အပ်သော ပရမတ္ထသဘောကို။ နပဿတိ၊ ဉာဏ်မျက်စိဖြင့် မမြင်နိုင်။ သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ နပဿတိ၊ မတွေ့ မမြင်ရသောသူ မည်၏။

[ဤကား အလွန်ဆိုးသော ခက်ဖွယ်မှု မာဃတ်သော ဗရမတ် ကလာပ်ကို ပြဆိုချက်တည်း။]

အလွန်နှုးညံ့သော မုဒုပရမတ်မြေဝတ်ကို ပြဆိုချက်

ယခုအခါ၌ အလွန် နှုးညံ့သိမ်မွေ့သော ပရမတ် ပထဝီကို ပြဆိုပေအုံ့။

လဝန်းသဏ္ဌာန်မှထွက်၍ မြေပြင်သို့ရောက်အောင် သက်ဆင်းလွင့်ပါး ရွှေ့ရှားပြေးသန်း၍ ကျရောက်လာသော လုရောင်တို့၌ လည်းကောင်း, ရှိန်ရှိန်ရှိန်ရှိန် လူလူလူလူ တောက်ထ၍နေသော မီးတောက်မီးလျှံတို့၌ လည်းကောင်း, ရွှေ့ရွှေ့ ရွှေ့ရွှေ့ စီးသွား၍နေသော မြစ်ရေအလျှဉ်တို့၌ လည်းကောင်း တာဝဏမျှ ရပ်တန့်တည်နေခွင့်မရပဲ ရွပ်ကိရိယာ ရွပ်အမူအရာ အပျက်အပြစ် အရွှေ့အပြောင်း လျင်မြန်မှုကို မြင်ကြသဖြင့် ထိုဝတ္ထုတို့၌ အလွန်နှုးညံ့စွာ ပါရှိသော ပရမတ်မြေဝတ် အဖြစ်အပျက်ကို မြင်နိုင်ထု၏။

[ဤကား အလွန်သိမ်မွေ့ နှုးညံ့သော ပရမတ်ကို ပြဆိုချက်တည်း၊ အစာဆုံး အနုဆုံး ၂-ချက်ကို ပြဆိုလိုက်သဖြင့် အလယ်အလတ်ဖြစ်သော ပထဝီတို့ကိုမူကား သိမြင်နိုင်ကြကုန်ထုပြီ။]

ဝိကာရရူပပွန် အပျက်ကို ပြဆိုချက်

သတ္တဝါတို့၏ သဏ္ဌာန်၌မူကား သီတ, ဥဏှ အတက်, အဃက်ခဏ မစဲ ရှိနေ၏၊ ဥတု ၃-ပါး အပွားအဆုတ်, ရတု ၆-ပါး အပွားအဆုတ် ၁၂-ထုသီ ခေါ်သော ဓာတ်မီး ၁၂-ပါး အပွားအဆုတ်, လဆန်း လဆုတ် တနှင်နှေ

တနင်းလာ စသော ၇-နေ့ဟု ဆိုအပ်သော ဓာတ်မီး ၇-ပါးတို့၏ အစဉ်အတိုင်း အတက်အဆုတ်, နေ့နာရီ ညနာရီခေါ်သော ဥဏ္ဍ, သီတဓာတ်တို့၏ အဇ္ဈတ္တသန္တာန်မှာလည်း ရွှရွှရွှ ခဏမစဲ မြစ်ရေအလျဉ်ကဲ့သို့ အစဉ်ထာဝရ အတက် အသက်ရှုပ်ကိရိယာ ရှုပ်အမူအရာတွေ ရွှေ့ရွှေ့ ရွှေ့ရွှေ့ ပြောင်းလဲ၍ နေကြပုံကိုလည်း မြင်အောင်ရှုရာ၏။

ဣရိယာပုထ်ကြီး ၄-ပါး ခပ်သိမ်းသော ကိုယ်အင်္ဂါ လှုပ်ရှားမှုတို့၌ လည်းကောင်း, အာဟာရဓာတ်မီး–အာဟာရ ဓာတ်ဆီတို့၏ အတက်အဆုတ်တို့၌လည်းကောင်း ထို့အတူ မြင်အောင်ရှုရာ၏၊ မိမိသဏ္ဌာန်မှာ တခုခုသော အင်္ဂါ၌ ထင်မြင်အောင်ထူထောင်၍ တကိုယ်လုံး ဓာတ်မျက်လုံး ပေါက်အောင်စွဲမြဲကြလေ၊ မိမိသဏ္ဌာန်တခု၌ ဓာတ်မျက်လုံးလှလှပေါက်လျှင် ခပ်သိမ်းသော သတ္တဝါတို့၏ သဏ္ဌာန်၌ လည်းကောင်း, သစ်ပင်-တော-တောင် စသော ဗဟိဒ္ဓသဏ္ဌာန်တို့၌ လည်းကောင်း ဓာတ်မျက်လုံး ပေါက်တော့သည်။

ခပ်သိမ်းသော ရှုပ်ဟူသမျှသည် ပထဝီ၌ မှီတွယ်၍ ဖြစ်ကြရကုန်၏၊ ခပ်သိမ်းသော ပဉ္စဝေါကာရ နာမ်ခန္ဓာဟူသမျှသည် ရှုပ်၌ မှီတွယ်၍ ဖြစ်ကြရ၏၊ ပထဝီ၏ ဖြစ်မှု ပျက်မှု ဥဒယဗ္ဗယအချက်ကို ထင်မြင်နိုင်ပါလျှင် ကြွင်းသော ရှုပ်နာမ်တို့၏ ဖြစ်မှု ပျက်မှု ဥဒယဗ္ဗယ အချက်စုကိုလည်း ထင်မြင်ခြင်းငှာ လွယ်လှ၏။

[ဤကား ဝိကာရရှုပွန အပျက်ကို ပြဆိုချက်ထည်း။]
ပရမတ်မြေဓာတ်၌ ဓာတ်မျက်လုံးထည်ထောင်ပုံ ပြီး၏။

၁၆-မဏ္ဍိမပုဂ္ဂိုလ်တို့ ရှုနည်းကို ပြဆိုခန်း

(က) ပရမတ်နှစ် မြေအစစ်

ပရမတ်နှစ် မြေအစစ်ဆိုသည်ကား ခက်မာသော အမူအရာ အခြင်းအရာ ကိရိယာမျှသာတည်း၊ အဏုမြူကို အစိတ်တသိန်းစိတ်၍ တစိတ်စာမျှ အခဲအကျိတ် အဆန် အမာ အထည် ဒြဗ်ဟူ၍ မရှိ၊ အလွန် ကြည်လင် လှစ္ဆာသော မြစ်ရေ, ချောင်းရေ, စိမ့်ရေ စမ်းရေတို့၌ လည်းကောင်း၊ နေရောင်, လရောင်, ကြယ်ရောင်, မီးရောင်, ပတ္တမြားရောင်တို့၌ လည်းကောင်း၊ အနီးအဝေး ပျံ့နှံ့၍ သွားသော ခေါင်းလောင်းသံ, ကုလားတက်သံ, တုံးသံ, တိုင်သံ, ကြေးစည်သံ

စည်သံ, ဗုံသံ, ဆိုင်းသံ, အော်သံ, ဟစ်သံ-စသည်တို့၌လည်းကောင်း၊ လေပြေ လေဉင်း လေပြင်းမုန်တိုင်းတို့၌ လည်းကောင်း၊ အဝေးအနီး ပျံ့နှံ့လွင့်ပါး၍ သွားသော အမွေးနံ့ အပူပ်နံ့တို့၌လည်းကောင်း ထိုပရမတ်မြေဓာတ်သည် အပြည့်ပါရှိ၏။

ကျမ်းဂန် ယုတ္တိကား

၁။ ဓာတ်ကြီး ၄-ပါးတို့၏ တပါးနှင့်တပါးအချင်းချင်း အဝိနိဗ္ဘောဂ ဝုတ္ထိဖြစ်ကြသည်ကို ထောက်၍လည်းကောင်း,

၂။ ဧကံမဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာ ဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာ ဘူတာ။

ဧကံ မဟာဘူတံ၊ ၁-ပါး ၁-ပါးသော မဟာဘုတ်ကို။ ပဋိစ္စ၊ စွဲ၍, မှီတွယ်၍။ တယော မဟာဘူတာ၊ ၃-ပါး ၃-ပါးသော မဟာဘုတ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကြရကုန်။ တယော မဟာဘူတေ၊ ၃-ပါး ၃-ပါးသော မဟာဘုတ်တို့ကို။ ပဋိစ္စ၊ စွဲ၍, မှီတွယ်၍။ ဧကံ မဟာဘူတံ၊ ၁-ပါး ၁-ပါး သော မဟာဘုတ်သည်။ ပဝတ္တတိ၊ ဖြစ်ရ၏။ ဒွေ မဟာဘူတေ၊ ၂-ပါး ၂-ပါး, သော မဟာဘုတ်တို့ကို။ ပဋိစ္စ၊ စွဲ၍, မှီတွယ်၍။ ဒွေ မဟာဘူတာ၊ ၂-ပါး ၂-ပါးသော မဟာဘုတ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကြကုန်၏-ဟူ၍ ပဋ္ဌာန်း ပါဋ္ဌိတော်မြတ်၌ ဟောတော်မူသည်ကို ထောက်၍လည်းကောင်း,

၃။ ပထဝီ၊ မြေဓာတ်သည်။ သမ္ပဋိစ္ဆနရသာ၊ ရေဓာတ်, လေဓာတ်, မီးဓာတ်တို့ကို ခံခြင်းကိစ္စရှိ၏-ဟူ၍ အဋ္ဌကထာတို့၌ မိန့်ဆိုသည်နှင့် အညီ အမာခံဖြစ်သော မြေဓာတ်အခံမရှိလျှင် ရေဓာတ်လည်းမရှိနိုင်၊ မီးဓာက်လည်း မရှိနိုင်၊ လေဓာတ်လည်း မရှိနိုင်သော သဘောကိုထောက်၍ လည်းကောင်း ဆိုခဲ့ပြီးသော ရေစသည်တို့၌ မြေဓာတ်အပြည့် ပါရှိကြောင်းကို ဆိုအပ် သတည်း။

(ဤကားကျမ်းဂန် ယုတ္တိတည်း)

လက္ခဏ ယုတ္တိကာ-

တလုံးတခဲတည်း ဖြစ်ကြသော ရေတို့၌လည်းကောင်း, လေတို့၌ လည်း ကောင်း အထက် အထက်နေသော ရေ, လေတို့ကို အောက်အောက်နေသော ရေ,လေတို့က အဆင့်ဆင့်ခုခံ၍ နေမှုသည် ထင်ရှား၏၊ ထိုခုခံမှုသည် အာပေါမှုလည်း မဟုတ်၊ ကပ်တွယ်ဖွဲ့စည်း မှုသည်သာ အာပေါပေတည်း

ထိုခုခံမှုသည် တေဇောမှုလည်းမဟုတ်၊ ပူမှု, အေးမှုသည်သာတေဇောပေတည်း၊ ထိုခုခံမှုသည် ပထဝီမှု, ဝါယောမှု ၂-ချက်နှင့်ဆိုင်၏၊ ထိုခုခံမှု၌ ခက်မာကြမ်းတမ်းမှုတခု, ထောက်ကန်တောင့်တင်းမှုတခု၊ ဤ ၂ ခုဖက်စပ်မှုခုခံမှုဖြစ်နိုင်သည်၊ ထို ၂-မှုတို့တွင် ခက်မာကြမ်းတမ်းမှုကိုပင် ပရမတ်မြေ ဆိုသည်၊ ထောက်ကန်တောင့်တင်းမှုကိုပင် ပရမတ်လေ ဆိုသည်။

ထို ၂မှုတို့တွင် ထောက်ကန်တောင့်တင်းမှု- ဟူသော လေဓာတ်သည် ခက်မာကြမ်းတမ်းမှုဟူသော မြေဓာတ်ကိုမှီရသည်၊ မြေဓာတ်ကိုလွှတ်၍ မိမိအလိုအလျောက် ဖြစ်နိုင်သည်မဟုတ်၊ ခက်မာကြမ်းတမ်းမှုနှင့် ထောက်ကန်တောင့်တင်းမှုကို ခြားနားအောင်ကြည့်လေ၊ ဤသို့လျှင် ထို ဆိုအပ်ခဲ့ပြီးသော ရေ, လေတို့၌ ခက်မာကြမ်းတမ်းမှုဟူသော ပရမတ်မြေထင်ရှားရှိကြောင်းကို ထိုရေ, လေတို့၌ ရေအားလျော်စွာ, လေအားလျော်စွာ ကက္ခဋ္ဌလက္ခဏာ ရှိသည်ကို မြင်၍ သိအပ်စသတည်း။

ဆိုအပ်ခဲ့ပြီးသော နေဏောင်စသည်, ခေါင်းလောင်းသံစသည်, အမွေးအနံ့စသည်တို့၌ကား ထိုအားလျော်စွာ ခက်မာကြမ်းတမ်းမှု အသီးအသီး ပါရှိငြားသော်လည်း အလွန့်တရာအားနည်းလှသော အမှုဖြစ်ချေ၍ လက္ခဏယုတ္တိနှင့် မပြသာချေ။ ကျမ်းဂန်ယုတ္တိနှင့်သာ ပြသာချေသည်၊ ဤကြည်လှစွာသော လေ, လရောင်, အသံ, အနံ့တို့ကို ပြဆိုလိုက်သည်မှာ ဓာက္ခဋ္ဌကိရိယာ ခက်မာ ကြမ်းတမ်းမှု ဟူသော အမှုအရာ သက်သက်သည်သာလျှင် ပရမတ်မြေအစစ် မည်သည်၊ အဏုမြူကို အစိတ်တသိန်း စိတ်သော်လည်း တစိတ်စာမျှ အဆန်အမာ အထည်ဝတ္ထု မရှိကြောင်းကို ထင်ရှားစေခြင်းငှာ ပြဆိုလိုက်သည်၊ အထည်ဝတ္ထုဟူ၍ မရှိ၊ ခက်မာသော အမှုအရာ သက်သက်မျှသာ ဖြစ်သော ထိုမြေဓာတ်သည်လည်း လွန်ကဲသော ခက်မာမှုကို ထောက်၍ နှံ့သောခက်မာမှုကို နူးညံ့သည်ဟုဆိုရသည်။

ထို့ကြောင့် ဝဇိရစိန်ကျောက်သွား၌ ရှိသော ခက်မာမှုကို အလွန်ဆုံးထား၍ လ, ရောင်စာလာပ်၌ ရှိသော ခက်မာမှုကို အနုံ့ဆုံးထား၍ စပ်ကြား၌ ခက်မာမှု အဆင့်ဆင့်, နူးညံ့မှုအဆင့်ဆင့် ဖြစ်၍နေသော ထိုမြေဓာတ်၏ သဘောသွားကို သိရမည်၊ ဤမြေဓာတ်၌ ခက်မာခြင်းလက္ခဏာ ဆိုသည်ကို ပရမတ်သဘောနှင့် ကြည့်ရမည်။ ပဓာတိလူတို့၏ အမှတ်သညာနှင့် မကြည့်ရ၊ ပကတိလူတို့၏ အမှတ်သညာနှင့် ကြည့်ခဲ့သော် လရောင်စသည်တို့၌ ခက်မာသောအမှုကို မတွေ့နိုင်ရှိလိမ့်မည်။ ထိုခက်မာသော အခြင်းအရာ ကိရိယာ သဘောသက်သက်မျှသာ ဖြစ်သော ပရမတ်မြေဓာတ်သည် အာပေါ ဟူသော

ပရမတ်စေး ဖွဲ့စည်းမှုကြောင့် မြေဓာတ်ပေါင်း ကုဋ္ဌေ သိန်းသောင်း ပေါင်း ဖွဲ့မိသည်ရှိသော် အဏုမြူတခုဟူသော ဝတ္ထုအထည်ဒြပ်ဖြစ်၏၊ အနုမြူပေါင်း ကုဋ္ဌေသိန်းပေါင်း ပေါင်းဖွဲ့မိသည်ရှိသော် သန်း, ကြမ်းပိုးဖြစ်၏။

ထိုမှု အဆင့်ဆင့်ပွားရှ် သတ္တဝါတွင် ယူဇနာ ၄-ထောင် ဂ-ရာရှိသော အသူရိန်နတ်ကြီး တိုင်အောင်၊ ဗဟိဒ္ဓသဏ္ဌာန်တွင် ယူဇနာ ဂ—သောင်း ၄-ထောင်မှ ၂—ဖြန်ဆောင်သော မြင့်မိုရ်တောင်ကြီး, ၂-သိန်း ၄—သောင်း အထုရှိသော မဟာပထဝီမြေကြီး တိုင်အောင် သိလေ၊ သန်း အစရှိသော, အနုမြူအစရှိသော သက်ရှိသက်မဲ့ ရုပ်စု ရုပ်ခဲဟူသမျှတို့၌ ခက်မာခြင်း ဟူသော ဤမြေဓာတ်သည် အထည်ခံ, အမာခံ ဖြစ်သတည်း၊ ဤမြေဓာတ်မှတပါး အထည်ဝတ္ထု ရကောင်းသောဓာတ် မရှိ၊ ရေဓာတ်, မီးဓာတ် တို့သည်လည်း မြေဓာတ်၌ တွယ်ကြမှီကြရကုန်သည်။

ဤသို့ မြေဓာတ်၏ကိစ္စ ကြီးကျယ်ဟန်ကို သိရမည်၊ မြင်းမိုရ်တောင်ကြီး တခုလုံး၌လည်းကောင်း၊ မဟာပထဝီမြေကြီး တခုလုံး၌လည်းကောင်း၊ ပရမတ် မြေဓာတ် သက်သက်ကို ကြည့်လိုသည်ရှိသော် အနုမြူမျှ အထည်ဒြပ်မရှိ၊ ခက်မာသော အခြင်းအရာ ကိရိယာသဘော သက်သက်ကို ကွက်ခြား၍ သိရသည်၊ အနုမြူမျှ အထည်ဒြပ်မရှိပဲ မှန်ထဲ၌ထင်သော အရိပ်ကြီးကဲ့သို့, ရေထဲ၌ ထင်သော အရိပ်ကြီးကဲ့သို့ မြင်ရလိမ့်မည်၊ အနုမြူမျှလောက် အရှည်အတို အကြီးအငယ် အခဲအမာ ထင်၍လာလျှင် ပရမတ်မြေဓာတ် အစစ်မဟုတ်ပြီ၊ သဏ္ဌာနပညတ်ဒြပ်အထည်နှင့် ရောခဲ့လျှင် ဖြစ်မှုပျက်မှုကို ရှုသောအခါ မထင်နိုင်ပဲ နေတတ်သည်။

[ဤဓာတ်ကမ္မဋ္ဌာန်း၌ ရှင်အာနန္ဒာကို အရှင်ပုဏ္ဏမထေရ် ဆုံးမသောအခါ မှန်ရိပ်ဥပမာနှင့် ဆုံးမသည်၊ ဤမှန်ရိပ်ဥပမာနှင့်ပင် ရှင်အာနန္ဒာ သောတာပန် ဖြစ်လေသည်။]

မြင်းမိုရ်တောင်, မဟာပထဝီ မြေကြီးတို့ကို အကုန်ခြုံ၍ ကြည့်သောအခါ ၌ပင် အခဲအကျိတ် အထည်ဝတ္ထု အနုမြူမျှ မရောမယှက်ပဲ ပရမတ်အစစ်အမှန် ဖြစ်သော ခက်မာမှု ဟူသော မြေဓာတ်သက်သက်ကို ထင်မြင်အောင် ရှုနိုင်သော သူအား ထိုအောက်ငယ်သော သက်ရှိသက်မဲ့တို့၌ ပရမတ်စစ် ဖြစ်သော မြေဓာတ်ကို ထင်မြင်အောင်ရှုမှု အလွန်လွယ်လှတော့သည်။

မှန်၌ထင်သော အရိပ်, ရေ၌ထင်သော အရိပ်, သစ်ပင်ရိပ်, တောင်ရိပ်, တောရိပ်-အစရှိသော အရိပ်တို့သည် မြင်းမိုရ်တောင်မျှပင် ကြီးမားစွာထင်မြင်

ရငြားသော်လည်း အနုမြူမျှ အထည်ဒြပ် မရှိသည့်အတွက်ကြောင့် ပျောက်ခွင့်ပျက်ခွင့်ဆိုက်ခဲ့လျှင် မျက်တောင်တခတ် လျှပ်တပြက် အတွင်းမှာပင် အကြိမ်တရာမက ပျောက်နိုင်ပျက်နိုင် သကဲ့သို့ ထို့အတူ ထိုမြင်းမိုရ်တောင်နှင့် အမျှပျံ့နှံ့ကြီးကျယ်၍နေသော ထိုပရမတ် မြေဓာတ်သည်လည်း တခုတည်းသော ပရမတ်ဆန်, ပရမတ်ခဲဟူ၍ အနုမြူမျှ မရှိသည့်အတွက် မျက်တောင် တခတ် လျှပ်တပြက် အတွင်းမှာပင် အကြိမ်တရာမက ပျောက်ပျက် ကွယ်ပနိုင်ရာသော အရိပ်နိမိတ် ထင်မြင်နိုင်လိမ့်မည်။

မိမိကိုယ်၌ ထိုပရမတ်စစ်ဖြစ်သော မြေဓာတ်ကို အလင်းပေါက်အောင်ကြည့်ရှုသောအခါ ဉာဏ်ငုံနိုင်လောက်ရုံ, ဉာဏ်ဝါးနိုင်လောက်ရုံ ပိုင်း၍ ပိုင်း၍ကြည့်၊ ဦးခေါင်းကို ပိုင်း၍ကြည့်သောအခါ အတွင်းအပြင် မခြားမနား ထုတ်ချင်းပေါက်အောင်ကြည့်၊ မြေဓာတ် မဟုတ်သော အဆင်းဓာတ် ခုခံ၍ နေတတ်သည်၊သဏ္ဌာနပညတ်ဒြပ် အထည်ကြီးလည်းခုခံ၍ နေတတ်သည်၊ဉာဏ်ကို ကြပ်ကြပ်လှုပ်၍ပေးလေ၊ ခြေဖဝါးတိုင်အောင်လောက် အဖိုအစုကိုလည်း ဉာဏ်နိုင်ရုံနိုင်ရုံ ပိုင်းကြည့်၊ တကိုယ်လုံးစပ်မိသောအခါ ဉာဏ်ကို ဦးထိပ်ကနေ၍ ရွယ်လိုက်လျှင် ခြေဖဝါးတိုင်အောင် ထုတ်ချင်းပေါက် ထွင်း၍ သွားလိမ့်မည်။

မိမိကိုယ်ခန္ဓာတခု၌ ဓာတ်ပေါက် အောင်မြင်ခဲ့လျှင် စကြဝဋ္ဌာအနန္တ, ကမ္ဘာအနန္တ၌ ရှိသမျှသော သတ္တဝါခန္ဓာစု အကုန်လုံးသည် ဓာတ်ဖြင့် ပြီးတော့သည်၊ ဤပရမတ် မြေဓာတ်တခု ပေါက်၍သွားလျှင် ကြွင်းသော ရေဓာတ်, မီးဓာတ်, လေဓာတ်, စက္ခု-သောတ-စသော အဇျတ္တိကဓာတ်, ရူပ-သဒ္ဒ-စသော ဗာဟိရဓာတ်စုရှုနည်း, ဖောက်နည်း အလွန်လွယ်၍ ကုန်တော့သည်။

ပထဝီဟူသော မြေဓာတ်ကို ဓာတ်ပေါက်အောင် ရှုနည်း အမြွက်ပြီး၏။

(ခ) ပရမတ်နှစ် ရေအစစ်

ပရမတ်နှစ် ရေအစစ်ကား တွယ်မှု, ကပ်မှု, ဖွဲ့စည်းမှုသည် သာလျှင် ပရမတ်နှစ် ရေဓာတ်အစစ်တည်း၊ ထိုတွယ်မှု, ကပ်မှု, ဖွဲ့စည်းမှု-ဟူသော ပရမတ်ရေဓာတ်သည် ထက်သန်ခြင်းသို့ ရောက်သည်ရှိသော် စိုစွတ်ခြင်း, ယိုစီးခြင်း-ဟူသော ပဌရဏ ရေဓာတ် ဖြစ်လေ၏။ ထိုတွယ်မှု, ကပ်မှု, ဖွဲ့စည်းမှု-ဟူသော အာဗန္ဓနကိရိယာ သက်သက်မျှသာဖြစ်သော ပရမတ် ရေ

အစစ်သည်လည်း အဏုမြူကို အစိတ်တသိန်း စိတ်သော်လည်း တစိတ်စာမျှ အခဲအကျိတ် အဆန်အမာ အထည်ဒြပ်-ဟူ၍မရှိ၊ တွယ်ကပ်ဖွဲ့စည်းခြင်းကိရိယာ အမူအရာသက်သက် မျှသာတည်း။

ထိုတွယ်ကပ် ဖွဲ့စည်းမှု—ဟူသော ပရမတ် ရေဓာတ်သည် မြေဓာတ်, မီးဓာတ်, လေဓာတ် ၃-ပါး တို့ကို ဓာခုတည်း, တသားတည်းကဲ့သို့ နေအောင် ဖွဲ့နှောင်စည်းကြပ် ပေးသည်ဖြစ်၍ ကလာပ်တူ မဟာဘုတ်တို့သည် တပါးသည် တပါးအား ကျေးဇူးပြုခွင့်ရကြကုန်သည်၊ တပါးကို တပါး ထောက်ပံ့ခွင့် ရကြကုန်သည်၊ ဖွဲ့နှောင် စည်းကြပ် ချုပ်ထိန်း၍နေသော ရေဓာတ် ချုပ်ကွယ် ပျောက်ပျက်ခဲ့သည်ရှိသော် ထို ဓာတ်ကြီး ၃-ပါးတို့သည် အစည်းပြေပျက်၍ ခဏခြင်း ပျောက်ပြေ ကွယ်ဆုံးကြလေကုန်၏။

[ဤကား ကလာပ်ထခုတည်း၌ ရေဓာတ်၏ ကျေးဇူးကို ဆိုသော စကားရပ်တည်း။]

ပရမတ်နှစ် ရေဓာတ်စစ်၏ ကျေးဇူးကြီးမားပုံ

လောက၌ ပရမာဏုမြူမှုစ၍ သတ္တဝါ၌ အသူရိန်နတ်ကြီးဟု ဆိုအပ်သော ရုပ်တုံး ရုပ်ခဲကြီးတိုင်အောင်၊ ဗဟီဒ္ဓ၌ မြင်းမိုရ်တောင်ကြီး, စကြဝဋာတောင်ကြီး, မဟာပထဝီ မြေကြီးတိုင်အောင် သဏ္ဌာန် ကြီးငယ် အထည်ဒြပ်အနေနှင့် ရုပ်တရားတို့ အကျိတ်အခဲ့ အတုံးအခဲဖြစ်၍ နေကြမှုသည်လည်း ဤရေဓာတ်၏ ကျေးဇူးပင်တည်း၊ ဤရေဓာတ်မှုတပါး အကျိတ်အခဲ ဖြစ်အောင် ဖွဲ့စည်းသောဓာတ်-ဟူ၍ မရှိပြီ။

၁။ ဂ-သောင်း ၄-ထောင် ၂-ပြန်ဆောင်သော မြင်းမိုရ်တောင်ကြီး၌ ရှိသော ဖွဲ့စည်းမှုသည် ယခုခဏချင်း ပျက်ဆုံးခဲ့သည် ဖြစ်အံ့၊ ထိုမြင်းမိုရ်တောင်ကြီးသည် ယခုခဏချင်း ကွယ်ပျောက်ရာ၏။

၂။ ဂ-သောင်း ၂-ထောင် ၂-ပြန်ဆောင်သော စကြဝဋာတောင်ကြီး၌ ရှိသော ဖွဲ့စည်းမှုသည် ယခုခဏချင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ထိုစကြဝဋာ တောင်ကြီးသည် ယခုခဏချင်း ကွယ်ပျောက်ရာ၏။

၃။ မဟာပထဝီ မြေကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခုခဏခြင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့။ ဤမဟာပထဝီ မြေကြီးသည် ယခုခဏခြင်း ကွယ်ပျောက်၍ ကောင်းကင်အတိသာ ဖြစ်လေရာ၏။

[ဒုတိယအကြိမ်]

အဘယ့်ကြောင့်နည်း ဟူမူကား—ဖွဲ့စည်းမှု-ဟူသော ချုပ်ထိန်းမှု မရှိခဲ့သည်ရှိသော် မြင်းမိုရ်တောင်, စကြဝဋ္ဌာတောင်, သိလာပထဝီ ဖြစ်၍နေသော တခဲနက်သော ပရမတ်မြေ, ပရမတ်မီး, ပရမတ်လေတို့သည် တပါးကို တပါး ထောက်ခံ မှီတွယ်မှု အစည်းအရုံး ခဏခြင်း ကင်းလွတ်ကြလေကုန်၏၊ နိဗ္ဗာန်မှ တပါးသော သင်္ခတ လက္ခဏာရှိသော ပရမတ္ထဓမ္မတို့မည်သည် ထောက်ခံမှု, မှီတွယ်မှုနှင့် ကင်း၍ မျက်တောင်တခတ် လျှပ်တပြက်မျှ အသက်ရှည်၍ တည်နေနိုင်သော အရာမည်သည် မရှိလေကုန်။

မြင်းမိုရ်တောင်ကြီး, စကြဝဋ္ဌာတောင်ကြီး, မဟာပထဝီ မြေကြီးတို့၌ ပရမတ် ရေဓာတ်သက်သက်ကို ကွက်ခြား၍ ကြည့်ရှုလိုသည်ရှိသော် ခက်မာမှု-ဟူသော မြေဓာတ်နှင့် မရောစေမူ၍ ဖွဲ့စည်းမှု-ဟူသော ရေဓာတ်သက်သက်ကို ကွက်ခြား၍ ကြည့်ရသည်၊ အဆင်းသဏ္ဌာန် အထည်ဒြပ်စုလည်း ခုခံ၍နေတတ်သည်၊ ကြည့်ရှုသော ဓမ္မဝဝတ္ထာနဉာဏ်၌ အဆင်းသဏ္ဌာန် အထည်ဒြပ်စုခုခံ၍နေခဲ့လျှင် နောက်၌ ဖြစ်မှု ပျက်မှုကို ရှုသောအခါ မထင်နိုင်ပဲ နေတတ်သည်၊ ပရမတ်အစစ်ကို အမြင်စင်ကြယ်လှပါမှ အနိစ္စအစစ်, ဒုက္ခအစစ်, အနတ္တအစစ်ကို မြင်နိုင်သည်။

မြေဓာတ်၌ ဆိုခဲ့ပြီးသောအတိုင်း ဤရေဓာတ်၌လည်း ဖွဲ့စည်းမှုသက်သက်ဟု ဆိုအပ်သော ရေဓာတ်အမြင် စင်ကြယ်သောအခါ မြင်းမိုရ်တောင်, မဟာပတဝီမြေကြီးတခုလုံး၌ အကျိတ်အခဲ အဆန်အမာရှိသည်အတွက် မှန်ထဲရေထဲမှာ ထင်မြင်ရသော မိုးရိပ်, တိမ်ရိပ်, နေဝန်း လဝန်းအရိပ်, သစ်ပင်ရိပ်တို့ကဲ့သို့ ဖွဲ့စည်းမှု-ဟူသော အာပေါလက္ခဏာကြီး ထင်မြင်လိမ့်မည်၊ မြင်းမိုရ်တောင်, မဟာပထဝီမြေကြီးတို့၌ ထင်မြင်သောအခါ လူ, နတ်, ဗြဟ္မာ သတ္တဝါခပ်သိမ်းတို့၌ ထင်မှု, မြင်မှု အလွန် လွယ်လှတော့သည်။

သတ္တဝါသဏ္ဌာန်မှာ ထင်မြင်မှုသာ လိုရင်းဖြစ်သည်, မြင်းမိုရ်, မဟာပထဝီတို့က စချီ၍ပြလိုက်သည်မှာ သတ္တဝါသဏ္ဌာန်၌ ထင်လွယ် မြင်လွယ်အောင်စ၍ ချီလိုက်သည်၊ မိမိသဏ္ဌာန်၌ ဦးခေါင်း ခြေဖဝါးထုတ်ချင်းပေါက်အောင် ထင်လင်းပြီးမှ သူတပါးသဏ္ဌာန်စုကိုလည်း ထို့အတူ ထုတ်ချင်းပေါက်အောင် ရှုလေ။

အာပေါ-ဟူသော ရေဓာတ်ကို ဓာတ်ပေါက်အောင် ရှုနည်းအမြွက် ပြီး၏။

[ခုတိယအကြိမ်]

(ဂ) ပရမတ် နှစ် မီးအစစ်

ပူမှု, အေးမှု ဟူသော အမူအရာ ကိရိယာမှု သက်သက်သည် ပရမတ်နှစ် မီးဓာတ်စစ်မည်၏၊ ပူမှု အေးမှုဟူသည်လည်း ကလာပ်တူ မဟာဘုတ် ၃-ပါး တို့ကို ရင့်မာသန်စွမ်းအောင် ပေါင်းနှေးမှုပေတည်း၊ အပူစွမ်း, အအေးစွမ်း, ၂-ပါးစုံသည်ပင်လျှင် ကလာပ်တူ မဟာဘုတ်တို့ကို ရင့်မာအောင်, ထက်သန်အောင်, အသီးသီး အစွမ်းသတ္တိနှင့် ပြည့်စုံအောင် ပေါင်းနှေးမှု ရှိသည်ချည်း ဖြစ်သည်။

အမိဝမ်းမှ ဥ၍ မြုံ၌စာည်ရှိသော ကြက်ဥ တို့သည် အမိဖြစ်သူ ကြက်မက မပြတ်ဝပ်၍ အငွေပေးမှ အစဉ်အတိုင်း ရင့်မာသန်စွမ်း၍ ကြက်သူငယ် အဖြစ်သို့ ရောက်သဖြင့် ပေါက်ဖွားနိုင်သည်။ အမိကြက်မက မဝပ်ပဲ၊ အငွေ မပေးပဲ နေခဲ့သည်ရှိသော် ကြက်သူငယ်အဖြစ်သို့ မရောက်နိုင်ပြီ၊ အမိဝမ်းတွင်း က ထုံခဲ့သော အငွေအကုန်တွင် ပုပ်ခြင်းသို့ ရောက်လေတော့သည်။

ဤအတူ တေဇော ဟူသော မီးဓာတ်သည် အမိကြက်မနှင့် တူသည်၊ အတူ တကွဖြစ်သော မြေဓာတ်, ရေဓာတ်, လေဓာတ်၊ ဤ ဓာတ်ကြီး ၃-ပါး တို့သည် ကြက်ဥနှစ်တို့နှင့်တူကြကုန်သည်၊ မီးဓာတ်နှင့်အတူတွဲဖက်ရမှ မြေဓာတ် ဟူသော ခက်မာမှုသည် အောင်မြင်စွာ ဖြစ်နိုင်သည်၊ ရေဓာတ် ဟူသော ဖွဲ့စည်းမှုသည်လည်း အောင်မြင်စွာ ဖြစ်နိုင်သည်၊ လေဓာတ်ဟူသော အဝှန် အဝါမှုသည်လည်း အောင်မြင်စွာ ဖြစ်နိုင်သည်၊ မီးဓာတ်နှင့်ကင်း၍ အောင်မြင်စွာ မဖြစ်နိုင်ကြကုန်။

မဟာသမုဒ္ဒရာရေ, သီဒါရေ, ကမ္ဘာကိုခံသော ရေတို့သည်လည်း သီတဓာတ်မီး၏ အစီးအပွားတို့သာတည်း၊ သီတဓာတ်မီး၏ အုပ်စိုးချက်နှင့် ဆက်လက် ဖြစ်ပွားကာ နေကြရကုန်သည်၊ မြင်းမိုရ်တောင်, စကြဝဋ္ဌာတောင်, သိလာပထဝီ မြေကြီးတို့သည်လည်း သီတဓာတ်မီး၏ အစီးအပွားတို့သာတည်း၊ တပါးသောဓာတ်တို့နှင့် မရောနှောစေပဲ မီးဓာတ်သက်သက်ကို ရှုသောအခါ အေးသော ဝတ္ထုတို့၌ အေးမှု သက်သက်ကို ရှုရမည်၊ ပူသော ဝတ္ထုတို့၌ ပူမှုသက်သက်ကို ရှုရမည်၊ အဆင်းသဏ္ဌာန် အထည်ဒြပ် ပညတ်နှင့်ရော၍ မနေစေနှင့်။

ပူမှု အေးမှု ဟူသော ဤ ပရမတ်မီးဓာတ်၏ အဏုမြူမျှ မရှိသည့်အတွက် ကြောင့် ဤ မီးဓာတ်ကို အမြင်စင်ကြယ်သောအခါလည်း ရေကြည်, မှန်ကြည်

စသည်တို့၌ နေဝန်း လဝန်းအရိပ်, တိမ်ရိပ်, မိုးရိပ်တို့ကဲ့သို့ ဉာဏ်အမြင်မှာ သာ ကြီးကျယ်၍ အထည်ဒြပ်မရှိကြောင်း ထင်ရှားလိမ့်မည်၊ မိမိကိုယ်ကို ရှုသောအခါ ဉာဏ်နိုင်ရုံ ပိုင်း၍ ပိုင်း၍ ရှု၊ မိမိကိုယ်မှာ အလင်းထင်မြင်နိုင်လျှင် သတ္တဝါအနန္တမှာပင် ထင်တော့သည်။

တေဇော-ဟူသော မီးဓာတ်ကို ဓာတ်ပေါက်အောင် ရှုနည်းအမြွက် ပြီး၏။

(ဃ) ပရမတ်နှစ် လေအစစ်

မီးတောက် မီးခိုး၏ အတွင်း၌ မီးဓာတ်၏ အာနုဘော်ကြောင့် မီးဓာတ်ကို ပင် အစဉ်ဖြစ်ပွား၍ သွားနိုင်အောင် လှုံ့ဆော်ချီပင့်မှု-ဟူသော ဝါယော ဓာတ်သည် ပါရှိ၏။ ထိုဝါယောဓာတ် အတွက်ကြောင့် မီး၏ ပြန့်ပွားခြင်း, မီးရှိန်၏ ပြန့်ပွားခြင်း, မီးရောင်၏ပြန့်ပွားခြင်း, မီးတောက်၏ ပြန့်ပွားခြင်း, မီးတောက်၏ တလူလူ တက်ပွားခြင်း, အခိုးထွက်ခြင်း, အဆင့်ဆင့် မီးကူးခြင်း-အစရှိသော မီးဓာတ်၏ ပြန့်ပွားစီကားမှုတို့သည် ထင်ရှားဖြစ်ကုန်၏သို့ ထို့အတူ ဝါယောမည်သော ဤလေဓာတ်သည် ပူမှု, အေးမှု ဟူသော မီးဓာတ် အရှိန်အဝှန်ပေတည်း။

မီးစာရှိရာ၌ အနည်းငယ် ချထားသော မီးသည် ထိုအရှိန်အဝှန်ကြောင့် မီးစာရှိသမျှ အကုန်ပြန့်ပွားနိုင်သည်။ မီး၌ အတွင်းအရှိန်အဝှန်ညံ့၍ မပွားတဲ့နိုင်, မတောက်တဲ့နိုင်ရှိလျှင် ယပ်နှင့်ယပ်၍, ပြောင်းနှင့်မှုတ်၍ အပက အရှိန်အဝှန် ကူရသေးသည်၊ ပူမှုရှိလျှင် ပူရှိန်ပူဟုန် ရှိမြဲ၊ အေးမှု ရှိလျှင် အေးရှိန် အေးဟုန်ရှိမြဲ၊ ပူမှု, အေးမှုကား တခြား၊ အရှိန်အဝှန်ကား တခြား၊ ပူမှု, အေးမှုကား ပရမတ်မီးဓာတ်တည်း၊ အရှိန်အဝှန်ကား ပရမတ်လေဓာတ်တည်း။ ထိုအရှိန်အဝှန် ဟူသော လေဓာတ်သည် ကလာပ်တူ ဖြစ်သော မြေဓာတ်, ရေဓာတ်, မီးဓာတ်တို့၏ အားခွန်ဗလလည်း မည်၏၊ ထို အဟုန်အဝှန် ပွားရာကလာပ်တူ မဟာဘုတ်ရှပ်ကလာပ်တို့သည် ဖြစ်ပေါ်၍ လိုက်ရကုန်၏၊ ထိုအဟုန်အဝှန်သည် အလွန်ထက်သန်သည်ရှိသော် ဂလပြင်းမုန်တိုင်းဖြစ်လေ၏၊ ထို အဝှန်အဟုန်သည် လေမွေ့ရာ, လေခေါင်းအုံး စသည်တို့၌ကဲ့သို့ ထောက်ကန်တောင့်တင်းမှု, ချီပင့်ထမ်းဆောင်မှုဖြစ်၍ ဝိတ္တမ္ဆန လက္ခဏာဟုကျမ်းဂန်တို့၌ ဆိုပေသည်၊ မြင်းမိုရ်တောင်, စကြဝဋ္ဌာတောင်, သီလာပထဝီ စသည်တို့၌ ရှိသော သီတဓာတ်မီးသည် ထို အဟုန်အဝှန် ဟူသော လေဓာတ်၏ အစွမ်းဖြင့် ခဏတိုင်း ခဏတိုင်း ပွားများ၍ ကမ္ဆာ

ပျက်သည့် တိုင်အောင် ရုပ်ကလာပ် အဆက်ဆက်တို့ကို ပွားများစေနိုင်သည်၊ မြင်အောင်ကြည့်။

ဟဒယဝတ္ထုဉ် ဖြစ်ပေါ်သော တခုခုသော စိတ်ကြောင့် ခဏချင်း ခဏခြင်း တကိုယ်လုံး စိတ္တဇရုပ်ကလာပ် ပျံ့နှံ့ဖြစ်ပွားမှု, ဥတုဇရုပ်တို့ ပျံ့နှံ့ဖြစ်ပွားမှု, ဝမ်းထဲသို့ ရောက်သော အစာအာဟာရ ဓာတ်တို့၏ တကိုယ်လုံး အနှံ့အပြား ပျံ့နှံ့ဖြစ်ပွားမှု, ကလလရေကြည်မှစ၍ သတ္ထဝါတို့၏ အစဉ်အတိုင်း တိုးပွားစည်ကားမှု, အညွှန့်အညှောက် ပေါ်ပေါက်သည်မှစ၍ သစ်ပင်ချုံမြက်တို့ အစဉ်အတိုင်း တိုးပွားစည်ကားမှုတို့သည်လည်း ဝါယောလှုံ့ဆော်မှုနှင့် ဖြစ်ကြကုန်သည်သာတည်း။

မြင်းမိုရ်တောင်, စကြဝဋ္ဌာတောင်, မဟာပထဝီ မြေကြီးမှစ၍ သက်ရှိသက်မဲ့ အလုံးစုံတို့ကို ရွှရွှရွှ ထင်အောင် ကြည့်လေ၊ မိမိကိုယ်မှစ၍ အကုန်လုံး နှံ့အောင်ကြည့်၊ ဦးထိပ်မှစ၍ ခြေဖဝါးတိုင် အလင်းပေါက်အောင်ကြည့်၊ ဤ ဝါယောဓာတ်ကိုလည်း ဆိုခဲ့ပြီးသော ဓာတ်တို့နည်းတူ အဆန်အမာ ဟူ၍ အဏုမြူမျှ မရှိသည့်အတွက်ကြောင့် ရေထဲ မှန်ထဲ၌ ထင်သော အရိပ် စသည်ကဲ့သို့ ထင်မြင်လိမ့်မည်၊ မျက်စိတွင် မြင်နေကျဖြစ်သော အဆင်းသဏ္ဌာန် အထည်ဒြပ် ပညတ်ကြီး ခုခံ၍ နေတတ်သည်၊ အဟုတ်မရှိသော ထိုပညတ်ကို ဉာဏ်ဖြင့် မှုတ်လွှင့်၍ ပစ်လေ။

ဝါယော ဟူသော လေဓာတ်ကို ဓာတ်ပေါက်အောင် ရှုနည်းအမြွက် ပြီး၏။

(c) လောကုတ္တရာ အရိယဝိဇ္ဇာ လွှက်ရပ်လမ်း

၁။ ခက်မာမှု,
၂။ ဖွဲ့စည်းမှု,
၃။ ပေါင်းနွေးမှု,
၄။ အရှိန်အဟုန်မှု,

ဤ ၄-ခုသော အခြင်းအရာ အမူအရာ ကိရိယာကြီးတို့သည် သဘောလက္ခဏာအားဖြင့် အသီးအသီး ထင်ရှားရှိကြကုန်၏၊ တည်ရာဌာန အားဖြင့် ခက်မာမှုကို ပထမဦးတည် မ-တည်ပြု၍ တခုတည်းကဲ့သို့ တည်ကြကုန်၏၊ ဖြစ်အတူ, ပျက်အတူ, တည်အတူတို့သာတည်း။

၁။ ခက်မာမှုဟူသော မြေဓာတ်ပျက်ဆုံးလျှင် တည်ရာမရှိသည် ဖြစ်၍ ကြွင်းသော ဓာတ် ၃-ပါးလည်း ပျက်ဆုံးရတော့သည်။

၂။ ထို့အတူ ဖွဲ့စည်းမှု ဟူသော ရေဓာတ်ပျက်ဆုံးလျှင်လည်း အဖွဲ့အစည်းပျက်သဖြင့် တပါးနှင့်တပါး ထောက်ပံ့မှု ကင်းကြ၍ အကုန်လုံးပျက်ဆုံးကြတော့သည်။

၃။ ပေါင်းနွေး၍ ထက်သန်အောင် ပြုမှုဟူသော မီးဓာတ်ပျက်ဆုံးလျှင်လည်း ကြွင်းသော ဓာတ် ၃-ပါးတို့သည် မိမိတို့ သဘောအတိုင်းပြည့်စုံစွာ မတည်နိုင်ကြ၍ အကုန်လုံး ပျက်ဆုံးကြတော့သည်။

၄။ ကြံ့ခိုင် တောင့်တင်းမှု ဟူသော လေဓာတ် ပျက်ဆုံးလျှင်လည်း ကြွင်းသော ဓာတ်တို့သည် အားပြတ်၍ ပျက်ဆုံးကြကုန်တော့သည်။

မိုးဟူသော ပူမှု အေးမှုသည် လှုံ့ဆော် တလူလူ ဆောင်ရွက်ခြင်းဟူသော လေဓာတ်နှင့် တွဲရမှ ဖြစ်နိုင်သည်၊ လေဓာတ်မရှိလျှင် အားပြတ်၍ ခဏခြင်း ကွယ်ဆုံးလေ၏၊ ထို့အတူ ခက်မာမှု ဟူသော မြေဓာတ်သည်လည်း ခက်မာခြင်း ကိရိယာကို ကြံ့ယံ့တင်းရင်းအောင် ချီပင့်သော လေဓာတ်မရှိလျှင် အားပြတ်၍ ကွယ်ဆုံးလေ၏၊ ဖွဲ့စည်းခြင်း ဟူသော ရေဓာတ်သည်လည်း ဖွဲ့တွယ်ခြင်း ကိရိယာကို ကြံ့ယံ့တင်းရင်းအောင် ချီပင့်သော လေဓာတ် မရှိလျှင် အားပြတ်၍ ကွယ်ဆုံးလေ၏။

[ဤကား အခြင်းအရာကြီး ၄-ပါးတို့၏ အချင်းချင်း မှီတွယ်ကြပုံ, တပါးပျက်လျှင် အကုန်လုံး ပျက်ကြပုံကို ပြဆိုလိုက်သော အချက်တည်း။]

ထို ဓာတ်ကြီး ၄-ပါးတို့၏ သက်ရှိသက်မဲ့ သဏ္ဌာန် ၂-ပါးတို့၌ ဖြစ်ပုံဆန်းကြယ်မှုသည်လည်း အစိန္တေယျအရာဖြစ်၍ မကြံအပ် မကြံရာ ကြီးကျယ်လှစွာ၏၊ ထို ဓာတ် ၄-ပါးတို့၏ တန်ခိုးဣဒ္ဓိပါဒ် သည်လည်း အစိန္တေယျအရာဖြစ်၍ မကြံအပ် မကြံရာ ကြီးကျယ်လှစွာ၏၊ ဤ ဓာတ် ၄-ပါးကို ဘုရား၏ နည်းလမ်းနှင့် အထင်အမြင် ထိုးထွင်း၍ ထမြောက် ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် လောကုတ္တရာ အရိယဝိဇ္ဇာလမ်း ပေါက်၏၊ ထို ဓာတ်ကြီး ၄-ပါးတို့၌ အချုပ်အခြာ ဦးစီးဦးကိုင်ကား တေဇောပေတည်း၊ စကြဝဋ္ဌာကမ္ဘာ, ရေ, မြေနှင့်တကွ ရုပ်သဏ္ဌာန်နှင့် စပ်သော သက်ရှိ့သက်မဲ့ အလုံးစုံသည် တေဇော၏ အစီးအပွား ချည်းတည်း၊ ဓာတ်မီး၏ အစီးအပွား ချည်းတည်း။

တေဇော ဟူသော ဓာတ်မီး၏ ဣဒ္ဓိပါဒ်တန်ခိုး အကျိုးသွားကို ဘုရားသဗ္ဗညုတို့၏ ဉာဏ်တော်သည်သာ မှီနိုင်ရာသတည်း၊ ဓာတ်မျက်လုံးအမြင်

စင်ကြယ်စွာ ပေါက်သော အခါ၌မူကား မိမိ၏ရူပကာယ ကိုယ်ခန္ဓာ, သူတပါး တို့၏ ရူပကာယကိုယ်ခန္ဓာ, ဗဟိဒ္ဓသဏ္ဌာန်ရူပ်ခန္ဓာကို, ဓာတ်မျက်လုံး ကျယ်သမျှ ချိန်ရွယ် စူးစိုက်၍ ရှုမျှော်လိုက်သည့်အခါ ဖြစ်မူ, ပျက်မူတို့ တရှရှ နေသည်ကို မြင်ကြကုန်လတ္တံ့၊ ရူပ်တုံး ရူပ်ခဲ ဟူသမျှသည် အနှစ်သာရမရှိသော ဝေမြှုပ်ခဲတွေနှင့်တူလှစွာ၏ဟု မြင်ကိုယ်ကြရလတ္တံ့၊ ထို့ကြောင့် "ဖေဏပိဏ္ဍူပမံ ရူပံ" ဟူ၍ ဟောတော်မူပေသည် တကားဟု မြတ်စွာဘုရားကိုလည်း တွေ့မြင်ကြရလတ္တံ့။

မဇ္ဈိမပုဏ္ဏာလ်တို့ ရှုနည်းကို ပြဆိုခန်း ပြီး၏။

၁၇-တိကၠဗုဒ္ဓိ၏ ရှုနည်းကို ပြဆိုခန်း

(ဂ) အချက်ကြီး ၄-ချက်

(၁) စဲ့လမ်းတတ်သော တရား ၃-ပါး။
(၂) စဲ့လမ်းသော အခြင်းအရာ ၃-ပါး။
(၃) စဲ့လမ်းရာ ဝတ္ထု ၃-ပါး။
(၄) အစဲ့အလမ်းကို ဖျောက်ပယ်တတ်သော အနုပဿနာဉာဏ် ၃-ပါး။

ဆောင်ပုဒ်သံခိပ်–(က) မာနတဏှာ၊ ဒိဋ္ဌိသဒ၊ မှတ်ပါစဲ့လမ်းတတ်။
(ခ) သောဟမသ္မိ၊ တေ မမ၊သော မေတ္တာ၊ ဤ ၃-ဖြာ၊ ခြင်းရာ ၃-ဖေါ်မှတ်။
(ဂ) နိမိတ်, ဧကိဟိတ၊ အတ္တဇီဝါ၊ ဤသုံးဖြာ၊ စဲ့ရာ ဝတ္ထုမှတ်။
(ဃ) အနိမိတ္တ၊ အပ္ပဏိဟိတ၊ သုညတာ၊ မှတ်ပါဖျောက်ပယ်တတ်။

(ဂ) သံပေါက်ရှင်းလင်းချက်

စဲ့လမ်းတတ်သော တရား ၃-ပါး

၁။ မညနံ မာနော။ ။မညနံ၊ အထင်မှားခြင်း။ မာနော၊ အထင်မှားခြင်း။

၂။ တဏှာ တဏှာ။ ။တဏှာ၊ တွယ်တာခြင်း။ တဏှာ၊ တွယ်တာခြင်း။

၃။ ဒဿနံ ဒိဋ္ဌိ။ ။ဒဿနံ၊ အမြင်မှားခြင်း။ ဒိဋ္ဌိ၊ အမြင်မှားခြင်း။

စဲ့လမ်းတတ်သော တရား ၃-ပါး မှတ်ရန်ပြီး၏။

(ခ) ထံပေါက်ရှင်းလင်းချက်

စွဲလမ်းပုံအခြင်းအရာ ၃-ပါး

၁။ သောဟမသ္မိ။

၂။ တေံ မမ။

၃။ သော မေ အတ္တာ။

မာနစွဲလမ်းပုံ

၁။ သော၊ ဤသည်ကား။ အဟံ၊ ငါသည်၊ အသ္မိ၊ ဖြစ်၏။

တဏှာစွဲလမ်းပုံ

၂။ တေံ၊ ဤသည်ကား။ မမ၊ ငါ့ဟာတည်း။

ဒိဋ္ဌိစွဲလမ်းပုံ

၃။ သော၊ ဤသည်ကား။ မေ၊ ငါ၏၊ အတ္တာ၊ အတ္တတည်း။ ဝါ၊ အထည်ခံ အာမခံ အနှစ်အသားတည်း။

(ဂ) သံပေါက်ရှင်းထင်းချက်

စွဲလမ်းရာ စတ္တု ၃-ပါး

နိမိတ္တ

ဆောင်ပုဒ်သံခိပ်။ ။(၁) ပုဂ္ဂိုလ်, သတ္တဝါ၊ ငါ, သူတပါး၊ ယောကျ်ား, မိန်းမ၊ ဦးခေါင်းစသား၊ ဒြပ်များ၊ မှတ်သားနိမိတ္တ။

ပဏိဟိတ

(၂ လှပတင့်တယ်၊ ဆန်းထကြယ်နှင့်၊ ဖွယ်ရာလျောက်ပတ် ကောင်းမြတ်ချမ်းသာ၊ မင်္ဂလာကျက်သရေ၊ မက်ဖွယ်တွေ၊ မှတ်လေ ပဏိဟိတ။

အတ္တဇီဝ

(၃) ပြုတတ်, ကြံတတ်၊ ပြောဆိုတတ်နှင့်၊ သိမှတ်ခံစား၊ ပြောင်းသွား ကျင်လည်၊ အတ္တမည်၏၊ အရှည် နှစ်လ၊ တည်သမျှ၊ ဇီဝ မှတ်အညာ။

သံပေါက်ကဗျာ ၃-ပုဒ် ရှင်းလင်းချက်

သစ်ပင်ရှိသည်ရှိသော် သစ်ပင်ကိုစွဲ၍ သစ်ပင်ရိပ် ပေါ်မြဲဖြစ်၏၊ အကိုင်းရိပ်, အခက်ရိပ်, အညွှန့်ရိပ်, အရွက်ရိပ်, အပွင့်ရိပ်, အသီးရိပ် အစုံပေါ်မြဲ

ဖြစ်၏၊ ထိုသို့ပေါ်ရာ၌ သစ်ပင်သည် အရိပ်မဟုတ်၊ အရိပ်သည် သစ်ပင်မဟုတ်၊ သစ်ပင်ကိုစွဲ၍ အရိပ်ဖြစ်၏၊ သစ်ပင်, သစ်ကိုင်း, သစ်ခက်, သစ်ညွှန့်, သစ်ပွင့်, သစ်သီးတို့သည်လည်း အငွကလာပ်ရုပ် အစုတို့ကို စွဲ၍ ပေါ်ကြသော အရိပ်ကြီးငယ်တို့သာတည်း။

အငွကလာပ်ရုပ် အစုတို့သည် သစ်ပင်, သစ်ကိုင်း- စသည် မဟုတ်ကုန်၊ သစ်ပင်, သစ်ကိုင်း- စသည်တို့သည် အငွကလာပ်ရုပ် အစုမဟုတ်ကြကုန်၊ အငွကလာပ်ရုပ်အစုကိုစွဲ၍ သစ်ပင်, သစ်ကိုင်း-စသော အရိပ်သဏ္ဌာန်ကြီးငယ်တို့သည် ပေါ်ကုန်၏၊ သစ်ပင်, သစ်ကိုင်း-စသော အရိပ်သဏ္ဌာန်ကြီးငယ်တို့ကို စွဲ၍ သစ်ပင်ရိပ်, သစ်ကိုင်းရိပ်-စသော အရိပ်ကြီးငယ်တို့သည် ပေါ်ကုန်၏၊ ဤသို့လျှင် သစ်ပင်၌ရှိသော အငွကလာပ်ရုပ်အစုတို့မှ-အရိပ် ၂-မျိုး ပေါ်၏။

ပထမအရိပ်။ ။သစ်ပင်သဏ္ဌာန်, သစ်ကိုင်းသဏ္ဌာန်-စသော ပထမအရိပ်ကား အငွကလာပ် ရုပ်အစုတို့ကို မှီ၍ ပေါ်ကုန်၏။

ဒုတိယအရိပ်။ ။သစ်ပင်, သစ်ကိုင်းရိပ်- စသော ဒုတိယအပင် အရိပ်တို့ကား မြေအပြင်၌ ပေါ်ကုန်၏၊ ပကတိ လူတို့သည် ဤဒုတိယအရိပ်ကိုသာ အရိပ်-ဟူ၍ သိကြကုန်၏၊ ပထမအရိပ်ကိုကား အရိပ်- ဟူ၍ မသိကြကုန်။

ထို့အတူ သတ္တဝါတို့၌လည်း ရုပ်ခန္ဓာတို့မှ အရိပ် ၂-မျိုး ထွက်၏။

၁။ ပုဂ္ဂိုလ်အသွင်, သတ္တဝါအသွင်-ဟူသော အရိပ်။

၂။ ဦးခေါင်းသဏ္ဌာန်, ကိုယ်သဏ္ဌာန်, ခြေသဏ္ဌာန်, လက်သဏ္ဌာန်, လည်ပင်းသဏ္ဌာန်-ဟူသော အရိပ်။

ဦးခေါင်း၌လည်း, ဦးထိပ်သဏ္ဌာန်, နဖူးသဏ္ဌာန်, မျက်နှာသဏ္ဌာန်စသည်၊ မျက်လုံးသဏ္ဌာန်, နှာခေါင်းသဏ္ဌာန်, ခံတွင်းပေါက်သဏ္ဌာန်, မေးသဏ္ဌာန်, နားရွက်သဏ္ဌာန်-စသည် အရိပ်ကြီးငယ် အလွန်များ၏၊ ကိုယ်၌လည်း ရင်သဏ္ဌာန်, ဝမ်းသဏ္ဌာန်, ဆီးသဏ္ဌာန်, ကျောက်ကုန်းသဏ္ဌာန်, ခါးသဏ္ဌာန်, နံဘေးသဏ္ဌာန်-စသည် အရိပ်ကြီးငယ် အလွန်များ၏။

ထို့အတူ-

ဆံပင်သဏ္ဌာန်ပေါင်း	၂၄၀၀၀၀၀၀
မွေးညင်းသဏ္ဌာန်ပေါင်း	၆၉၀၀၀

[ဒုတိယအ [illegible]

ခြေသည်းသဏ္ဌာန်ပေါင်း	၁၀
လက်သည်းသဏ္ဌာန်ပေါင်း	၁၀
သွားသဏ္ဌာန်ပေါင်း	၃၂
အရေထူ အရေပါး သဏ္ဌာန်ကြီး	၂
အသားစိုင် အသားခဲ သဏ္ဌာန်ပေါင်း	၉၀၀
အကြောကြီး အကြောငယ် သဏ္ဌာန်ပေါင်း	၉၀၀
အရိုးကြီး အရိုးငယ် သဏ္ဌာန်ပေါင်း	၃၀၀

ဦးနှောက်ခဲသဏ္ဌာန်, ထိုထိုအရိုးတွင်းရှိ ရိုးတွင်းခြင်ဆီ သဏ္ဌာန်, အညှိုသဏ္ဌာန်, နှလုံးသဏ္ဌာန်, အသည်းသဏ္ဌာန်, အဆုတ်သဏ္ဌာန်, အမြှေးသဏ္ဌာန်, အူမသဏ္ဌာန်, အူသိမ်သဏ္ဌာန်- စသည်ဖြင့် အရိပ်ကြီး အရိပ်ငယ်ပေါင်း အလွန်များပြား၏။ အဏုမြူ, ပရမာဏုမြူမျှ အထည် ဝတ္ထုဒြပ်သဏ္ဌာန် ထင်မြင်ခဲ့လျှင် အရိပ်အသွင်-ဟူ၍သာ မှတ်။

[ဤကား ပထမအရိပ်မျိုးတည်း။]

နေရောင် မီးရောင်ကိုစွဲ၍ ပေါ်သောလူရိပ်, မှန်အပြင်, ရေအပြင် တို့၌ ပေါ်သော လူရိပ်တို့ကား ဒုတိယအရိပ် အသွင်မျိုးတည်း။

နာမ်ခန္ဓာ အရိပ်

နာမ်ခန္ဓာတို့မှ ထွက်သော အရိပ်မျိုးကား မြင်သောအသွင်, ကြားသော အသွင်, ကြံသော အသွင်, သိသော အသွင်, နှလုံးသာယာသော အသွင်, နှလုံးမသာယာသော အသွင်, အလိုရှိသော အသွင်, အလိုမရှိသော အသွင်, အမျက်ထွက်သော အသွင်, အမျက်မထွက်သော အသွင်, ကြည်ဖြူသော အသွင်, မကြည်ဖြူသော အသွင်-စသည်တို့သည် နာမ်ခန္ဓာတို့မှ ရုပ်ခန္ဓာတို့၌ ထင်သော အရိပ်တို့တည်း။

ခန္ဓာ ၅-ပါး အရိပ်

ခန္ဓာ ၅-ပါး အပေါင်းတို့မှ ထွက်သော အရိပ်ကိုကား ထိုထို ကိုယ်အင်္ဂါကြီးငယ်တို့ လှုပ်သောအသွင်, ထိုင်သောအသွင်, ထသောအသွင်, ရပ်သော အသွင်, သွားသောအသွင်, ကွေးသော အသွင်, ဆန့်သော အသွင်, ထိုထိုအမှုကို ပြုလုပ်သောအသွင်, ပြောဆိုသော အသွင်- စသည်ဖြင့် အမှုကိစ္စအမျိုးမျိုး ထင်မြင်ကြသမျှ အလုံးစုံတို့သည် ခန္ဓာ ၅-ပါး အပေါင်းတို့မှ ထွက်သော

အရိပ်တို့ကတည်း၊ ဤသို့လျှင် ထိုခန္ဓာ ၅-ပါးတို့နှင့် ရောနှော ဖက်စပ်၍ ထင်မြင်ကြရသော အလုံးစုံသော အရိပ်အသွင်တို့ကို နိမိတ္တ-ဟူ၍ ဆိုသတည်း။

ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး၊ ယောကျ်ား, မိန်းမ၊ ဦးခေါင်းစသား၊ ခြေပ်မျှား၊ ဓွတ်အား နိမိတ္တ-ဟူသော သံပေါက်ကားဗျာ၏ အရှုပ်ပြီး၏။

အနိမိတ္တာနုပဿနာဥာဏ်

သစ်ပင်၌ ဇကန်ရှိရင်း, အရှိန်ရှိရင်း, အဟုန်ရှိရင်း ဖြစ်ကြကုန်သော အဋ္ဌကလာပ်ရုပ် တို့ကိုလည်းကောင်း, ထိုရုပ်တို့၌ရှိသော အနိစ္စ အချက်ကြီးကို လည်းကောင်း ဉာဏ်အမြင် ပေါက်ခဲ့သည်ရှိသော် သစ်ပင်, သစ်ကိုင်း, သစ်ခက်, သစ်ညွှန့်, သစ်ရွက်, သစ်ပွင့်, သစ်သီး-အစရှိကုန်သော ပဌမ အရိပ်အသွင် တို့သည် ဉာဏ်၌ အကုန်ကွယ်ပျောက်ကုန်၏၊ အမှန်ရှိရင်းမျိုး, အဟုတ်ရှိရင်းမျိုး မဟုတ်ကုန်၊ စိတ်အာရုံထဲမှာသာ မျက်လှည့်အသွင်ကဲ့သို့ ထင်မြင်ရသော အရိပ်မျိုး, နိမိတ်မျိုး, အသွင်မျိုး, သဏ္ဌာန်မျိုးတို့သာတည်း-ဟု ဉာဏ်၌ ရှင်းလင်းစွာ ထင်မြင်၏။

ထို့အတူ သံတ္တဝါတို့သန္တာန်၌လည်း ဇကန်ရှိရင်း အမှန်ရှိရင်း ဖြစ်ကုန်သော အသီးအသီးသော ရုပ်ခေါတ်တို့ကို လည်းကောင်း, နာမ်ခေါတ်တို့ကို လည်းကောင်း, ရုပ်ခေါတ် နာမ်ခေါတ်တို့၏ အနိစ္စအချက်ကြီးကိုလည်းကောင်း ဉာဏ်အမြင် ပေါက်ခဲ့သည်ရှိသော် ပုဂ္ဂိုလ်, သတ္တဝါ, အင်္ဂါကြီးငယ်-အစရှိကုန်သော အလုံးစုံသော ရုပ်နိမိတ်, နာမ်နိမိတ်, ရုပ်နာမ်နိမိတ်တို့သည် ဉာဏ်၌ အကုန်ကွယ်ပျောက်ကုန်၏၊ ဇကန်အမှန် အဟုတ်ရှိရင်းမျိုး မဟုတ်ကုန်၊ သတ္တဝါတို့၏ စိတ်အာရုံထဲမှာသာ မျက်လှည့်အသွင်ကဲ့သို့ ထင်ကြရ မြင်ကြရသော အရိပ်မျိုး, နိမိတ်မျိုး, အသွင်သဏ္ဌာန်မျိုးတို့သာတည်း-ဟု ဉာဏ်၌ ထင်ရှားစွာ ထင်မြင်၏။

ထိုခြုပ်သဏ္ဌာန်တို့ ကွယ်ပျောက်ကုန်လျှင်လည်း ပုဂ္ဂိုလ် ကြည့်သည်၊ ပုဂ္ဂိုလ်မြင်သည်၊ ပုဂ္ဂိုလ်နံ့သည်၊ ပုဂ္ဂိုလ်ကြားသည်၊ ပုဂ္ဂိုလ်ထိုင်သည်၊ ပုဂ္ဂိုလ်ထသည်၊ ပုဂ္ဂိုလ်ရပ်သည်၊ ပုဂ္ဂိုလ်သွားသည်၊ ပုဂ္ဂိုလ်ရယ်သည်၊ ပုဂ္ဂိုလ်ပြုံးသည် အစရှိသော ပုဂ္ဂိုလ်သတ္တဝါနှင့် စပ်သော ကိရိယာခြုပ် အမျှားတို့လည်း ဉာဏ်၌ ကွယ်ပျောက်ကုန်လတ္တံ့၊ ပုဂ္ဂိုလ်ခြုပ်, ပုဂ္ဂိုလ်အမူအရာ, သတ္တဝါခြုပ်, သတ္တဝါအမူအရာ အလုံးစုံကွယ်ပျောက် ကုန်သည်ရှိသော် ငါ, သူတပါး, ယောကျ်ား, မိန်းမ-ဟူသော အရိပ်ကြီးတို့လည်း အကုန်ကွယ်ပျောက်လတ္တံ့။

ဤသို့လျှင် ရုပ်နာမ်တို့မှ ဖြစ်ကြကုန်၍ ရုပ်နာမ်တို့ကို လုံခြုံလှစွာ ဖုံးလွှမ်းကွယ်ကာ၍ အပဋ္ဌိ ထင်ရှားပေါ်ကာ ရှိနေကြကုန်သော ခပ်သိမ်းသော

ရုပ်နိမိတ်, နာမ်နိမိတ်, ရုပ်နာမ်နိမိတ်တို့ကို အကုန် ကွယ်ပျောက်စေတတ်သော ကြောင့် အနိစ္စာနုပဿနာဉာဏ်ကို အနိမိတ္တာနုပဿနာဉာဏ်ဆိုသတည်း။

(၁) မဟာဘုတ်ကြီး ၄–ပါးတို့၏ အလွန်သိမ်မွေ့ သေးဖွဲ့ပုံနှင့် အဖြစ်အပျက်အလွန်လျင်မြန်ပုံ

ပရမာဏုမြူ, အဏုမြူမျှ အထည်ဝတ္ထု, ဒြပ်, သဏ္ဌာန်, နိမိတ်အသွင် ထင်မြင်ခဲ့သည်ရှိသော် ကေန်ရှိ, အမှန်ရှိ, အဟုတ်ရှိမျိုးမဟုတ်ပြီ၊ မျက်လှည့် ဆရာပြသော ရုပ်တု, ရုပ်သွင်မျိုး စင်စစ်မှတ်။

အဘယ့်ကြောင့်နည်းဆိုသော်-အဏုမြူတခုဟု ခေါ်သော ဝတ္ထုကို ကြိတ် နယ်ခဲ့လျှင် အစိတ်အဖြာကွဲမှု ကေန်ရှိ၏၊ အတွင်း၌ ကလာပ်ဖွဲ့ အများရှိ၏၊ အာကာသအခြားအများရှိ၏ ဟု သိအပ်၏။

အစိတ်အဖြာ ကွဲမှုဟူသမျှသည် ကလာပ်အခြားမှ ကွဲမြဲတည်း၊ အဏုမြူ ကွယ်ပျောက်လေ၏၊ ပရမာဏုမြူတွေ ဖြစ်၍ကုန်၏၊ ထိုပရမာဏုမြူတို့ အသီး အသီး အစိတ်အဖြာ ကွဲကြကုန်လျှင် ပရမာဏုမြူအမည် ကွယ်ပျောက်ကြ ကုန်၏၊ တခုတခုသော ရုပ်ကလာပ်စိတ်တွေ ဖြစ်ကြကုန်ရာ၏၊ ထိုအခါ အစိတ်အဖြာ ကွဲမှုမရှိပြီ၊ ချုပ်ဆုံး၍သာ သွားကြကုန်လတ္တံ့။

ဤသို့လျှင် အဏုမြူဓာတ်, အဏုမြူကလာပ်ဟူ၍ စင်စစ်အားဖြင့် မရှိ၊ နိမိတ္တမျိုးသာ ဖြစ်၏၊ ပရမာဏုမြူဓာတ်, ပရမာဏုမြူ ကလာပ်ဟူ၍ စင်စစ် အားဖြင့် မရှိ၊ နိမိတ္တမျိုးသာ ဖြစ်၏၊ ဤပရမာဏုမြူကား ပကတိ မျက်စိဖြင့် မမြင်အပ်၊ ဒိဗ္ဗစက္ခုအဘိညာဖြင့်သာ မြင်အပ်သည်ဟူ၏၊ ထိုပရမာဏုမြူမှာပင် ရုပ်ကလာပ်ပေါင်းများစွာ, ပထဝီပေါင်းများစွာ, အာပေါပေါင်းများစွာ, တေဇောပေါင်းများစွာ, ဝါယောပေါင်းများစွာ, ကလာပ်ခြား အာကာသ ပေါင်း များစွာရှိသေး၏၊ ထိုထက်ကြီးသော ဝတ္ထုဒြပ်တို့၌ ဆိုဖွယ်မရှိ။

[ဤကား ပရမတ်ဓာတ်စစ်ကြီးတို့ သိမ်မွေ့ပုံကို ဆ၍သိကြရန် အချက်ကြီးတည်း။]

ထို့အတူ နေရောင်, လရောင်, ကြယ်ရောင်, မီးရောင်, စိန်ရောင်, မြရောင်, ပတ္တမြားရောင်, လျှပ်ရောင်တို့၌ လည်းကောင်း၊ မြေ၌ထင်သော သစ်ပင်ရိပ်, လူရိပ်, မှန်အကြည်, ရေအကြည် တို့၌ ထင်သော နေရိပ်, လရိပ်, တိမ်ရိပ်, လူရိပ်, သစ်ပင်ရိပ်တို့၌ လည်းကောင်း၊ ညဉ့်မှောင်ရိပ်တို့၌ လည်းကောင်း၊ ကြည်လှစွာသော ရေတို့၌လည်းကောင်း၊ အသံအမျိုးမျိုးတို့၌ လည်းကောင်း၊ တောင်လေ, မြောက်လေ-အစရှိသော လေအမျိုးမျိုး, ထိုလေဆောင်ရာ

ပါရှိကုန်သော အနံ့အမျိုးမျိုးတို့၌ လည်းကောင်း၊ မြေဓာတ်, ရေဓာတ်၊ မီးဓာတ်, လေဓာတ်-ဟူသော မဟာဘုတ် ရုပ်ကြီးတို့သည် ပါရှိကုန်၏, မဟာဘုတ်ကြီးတို့နှင့် ကင်း၍ တခုတခုသော ရုပ်မျှဖြစ်ခြင်းမည်သည်မရှိ၊ မဟာဘုတ်ကြီး ရုပ်ကြီးတို့သည် အရိပ်အရောင်-အစရှိသော ရုပ်တို့၏ အထည်ခံ အမာခံ ဖြစ်ကြပေကုန်၏။

အရိပ်အရောင် အစရှိသည်တို့၌ ပါရှိသော မဟာဘုတ် ရုပ်ကြီးတို့နှင့် သတ္တဝါတို့သဏ္ဌာန်တို့၌ အထည်ခံ အမာခံ ဖြစ်ကုန်သော မဟာဘုတ် ရုပ်ကြီးတို့သည်လည်းကောင်း၊ ကျောက်တိုင်, ကျောက်တုံး, သံတိုင်, သံတုံး, သစ်ပင်, သစ်တုံး စသည်တို့၌ အထည်ခံ အမာခံ ဖြစ်ကုန်သော မဟာဘုတ်ရုပ်ကြီးတို့သည်လည်းကောင်း၊ အဏုမြူ, ပရမာဏုမြူမျှ ဒြပ်သဏ္ဌာန်မရှိကြ၊ ကိရိယာ အမူအရာမျှသာ ရှိကြမှုတို့သည် တူကြကုန်၏၊ ရုပ်ကလာပ်ချင်း အစုအခဲ အပေါင်းအဖွဲ့ စိပ်မှု, ကြဲမှု, ချောင်မှု အမျိုးမျိုးသို့ လိုက်၍သာ အထူးရှိနေကြကုန်၏။

[ဤသည်လည်း မဟာဘုတ်ရုပ်ကြီးတို့၏ သိမ်မွေ့သေးဖွဲ့လှပုံကို သိမြင်ရန်အချက်စုထည်း]

တေဇောဟူသော မီးဓာတ်ကြီး၏ အခွင့်ကိစ္စကြီး ၂-ပါး

ထို မဟာဘုတ်ကြီး ၄-ပါးတို့တွင် တေဇောမဟာဘုတ် ဆိုသည်ကား မီးဓာတ်ကြီးပေတည်း၊ ထိုမီးဓာတ်ကြီး၏ အခွင့်ကိစ္စကား-

၁။ အတူတကွဖြစ်သော မဟာဘုတ်ကြီးတို့ကို အတွင်လောင်မှု, ကျွမ်းစေမှု, ကုန်ဆုံးစေမှု အခွင့်ကိစ္စကြီးတပါး။

၂။ ရုပ်ကလာပ်သစ်တို့ကို အတွင်ပေါက်ဖွားစေမှု, တိုးပွားစေမှု ကိစ္စကြီးတပါး။

ဤ အခွင့်ကိစ္စကြီး ၂-ပါးကို မျက်တောင်တခတ်မျှ မလပ်မစဲ အမြဲနိစ္စအားဖြင့် တွင်ကျယ်စွာရွက်ဆောင်၏၊ ထိုကိစ္စကြီး ၂-ပါးတွင် ရုပ်ကတာပ်သစ်ပေါက်ဖွားမှုက သဟဲကောင်းလှသောအခါ သူလောင်၍ ကလာပ်ဟောင်းတခုကုန်ရာ၌ ကလာပ်များစွာကို ဖြစ်ပေါ်စေ၏၊ သစ်ပင်များ တနေ့တခြားကြီးပွားမှုကိုမျှော်လေ၊ ပေါက်ဖွားမှုက သဟဲနည်းလှသောအခါ လောင်၍ ကုန်ဆုံးမှုက အားကြီး၏၊ တိုးပွားမှုက အားနည်း၏၊ သစ်ပင်များ အိုရှိကျသွားသည်ကို မျှော်လေ။

[ဒုတိယအကြိမ်]

လောင်မှု, ပွားစေမှုသဟဲမျှတ၍ နေသောအခါ အတိုးအဆုတ်မျှတ၍နေ၏၊ ထင်းမီးစာသဟဲကောင်းလျှင် မီးတောက်တိုးပွား၏၊ ထင်းမီးစာ သဟဲနည်း၍ သွားလျှင် မီးတောက်ဆုတ်ယုတ်၍ သွား၏၊ ထင်းမီးစာကုန်လျှင် မီးတောက်ကုန်ပျောက်၏။

လောက၌ ပကတိမီး၏ အချက်စုကို စေ့စုံစွာ ကြည့်၍ ပရမတ် တေဇော ဓာတ်ကြီး၏ အခွင့်ကြီး ၂-ပါးကို အတတ်သိနိုင်၏၊ သီတမီးသည်လည်း လောင်မှု, ပွားမှု, ကိစ္စကြီး ၂-ပါးရှိ၏၊ မြစ်ရေ, သမုဒ္ဒရာရေ, ကမ္ဘာပျက်ရေတို့ကို မျှော်လေ၊ ထိုရေတို့၌ တိုးမှု, ပွားမှု, တည်နေမှု, ဆုတ်ယုတ်မှုတို့သည် သီတဓာတ်မီး၏ အခွင့်ကိစ္စကြီးပေတည်း။

[ဤကား တေဇောဟူသော မီးဓာတ်ကြီး၏ အခွင့်ကိစ္စကြီး ၂-ပါးကို ပြဆိုချက်တည်း။]

အထက်ကပြဆိုခဲ့ထော ပရမတ်ဓာတ်ကြီးတို့၏ သိမ်မွေ့သေးဖွဲ့မှုနှင့် ဤ တေဇောဓာတ်ကြီး၏ အခွင့်ကိစ္စကြီး ၂-ပါးကို နှီးနှော၍ ကြည့်ခဲ့သည် ရှိသော် ဤကိုယ်ခန္ဓာတို့၌ မျက်တောင်တခတ် လျှပ်ကပြက်မျှ မပြတ်မစဲ့ အမြဲကုန်ဆုံးမှုကြီး တခုရှိနေသည်ကို လည်းကောင်း, မျက်တောင်တခတ် လျှပ်တပြက်မျှ မပြတ်မစဲ အမြဲဖြစ်ပွားမှုကြီးတခု ရှိနေသည်ကိုလည်းကောင်း မုချဆတ်ဆတ် သိမြင်အပ်၏၊ ကုန်ဆုံးမှုကြီးကို ထင်မြင်အောင် ကြည့်ရှုသော အခါ၌ မီးလောင်၍ နေသော ဂွမ်းပုံကြီး, ဂွမ်းလုံးကြီး, စက္ကူပုံကြီး, စက္ကူထုပ်ကြီးတို့၏ ကုန်မှုကဲ့သို့ ရှုမြင်ရာ၏၊ ဖြစ်မှု, ပွားမှုကို ကြည့်ရှုသောအခါ၌ ကိုယ်ခန္ဓာအတွင်းမှာ ကောင်းကင်၌ တိမ်တိုက် တိမ်ခဲတွေ ခဏခြင်း ပြည့်သကဲ့သို့လည်းကောင်း, ဒီချောင်း၌ ဒီရေတက်သကဲ့သို့လည်းကောင်း ထင်မြင်အောင် ကြည့်လေ၊ ဖြစ်ပွားမှု, ပျယ်ဆုံးမှုကြီး ၂-ပါးကို ဉာဏ်နှင့် သန့်ခြားရှိ အချက်ကျအောင် ကြည့်တတ်မှ မြင်သာထင်သာ ရှိမည်၊ အချက်ကျအောင် ကြံဖန်၍ မကြည့်တတ်လျှင် ထွေးယှက်၍ နေလိမ့်မည်။

[ဤကား မဟာဘုတ်ကြီး ၄-ပါးတို့၏ အလွန်သိမ်မွေ့သေးဖွဲ့ပုံနှင့် အဖြစ်အပျက် အလွန်လျှင်မြန်ကြပုံကို ရိပ်မိလောက်ရုံ ပြဆိုချက်တည်း။]

(၈) အာကာသ ၄-ပါး ကြည့်ရှုရန်

ပထဝီအာကာသ

အာကာသဓာတ် အပြိုင်ဖြစ်ကုန်သော ကလာပ်ဖွဲ့တို့၏ အချင်းချင်းခြားမှု, ရှေနောက်အစဉ် ဖြစ်ကုန်သော ရုပ်ဟောင်း, ရုပ်သစ်တို့၏ ဘင်စွန်း,

ဥပါဒ်စွန်းခြားမှ ဟူ၍ ၂-ပါးရှိ၏၊ ထိုတွင် အပြိုင်ဖြစ်သော ကလာပ်ဖွဲ့တို့၏ အချင်းချင်း ခြားမှုကို ရှေးဦး အကျုံ့, ပရမာကျုံ့တို့ဖြင့် ခွဲ၍ပြဆိုခဲ့ပြီ၊ ရှေနောက်အစဉ် ဖြစ်ကုန်သော ရူပ်ဟောင်း, ရူပ်သစ်တို့၏ ဘင်စွန်း, ဥပါဒ်စွန်းခြားမှု၌ ခပ်သိမ်းသော ရူပ်တရား, နာမ်တရားတို့ မည်သည် ကိရိယာမျှသာ ဖြစ်ကြကုန်၏၊ အမှုအရာမျှသာ ဖြစ်ကြကုန်၏၊ထို့ကြောင့် အမှုအရာတမျိုးတမျိုးသည်ရူပ်တမျိုးတမျိုး, နာမ်တမျိုးတမျိုးပေတည်း၊ ထိုတွင် ရူပ်အမှုအရာတမျိုးနှင့် ရူပ်အမှုအရာ တမျိုး၏ အကြားခံ့ အာကာသပရိစ္ဆေဒခြားမြဲတည်း။

ဥပမာကား-လူတို့၌ အရေပါးနှင့် အရေထူ၏ အကြားခံ့ အာကာသခြား၏၊ အပေါ်ရံအရေပါးကို အသီးအခြား ခွာယူလျှင် ရ၏၊ အရေထူနှင့် အသားမြေး၏ ဗဟိုကြားခံ့ အာကာသခြား၏၊ အရေထူကို အသီးအခြား ခွာယူလျှင် ရ၏၊ အရိုးတို့၏ အသားတို့၏ အကြားခံ့ အာကာသခြား၏၊ အသားကို အသီးအခြားခွာယူလျှင် ရ၏၊ ဤအာကာသမျိုးကား ဟင်းလင်းမြင်ရသော အာကာသမျိုးမဟုတ်၊ အစွန်း ၂ ခု အစ ၂-ခု ထိစပ်လျက်ရှိ၏၊ ထိစပ်လျက်ရှိသော်လည်း အကြားအလပ်အပြတ် အပေါက်လည်း ကေန်ရှိ၏၊ ဤအတူ ချုပ်ကွယ်လေသော ကိရိယာဟောင်း၏ ဘင်စွန်းနှင့် ဖြစ်ပေါ်လာသော ကိရိယာသစ်၏ ဥပါဒ်စွန်း၏ အကြားခံ့ အာကာသ ခြား၏။

ချိပ်ခဲဥပမာ

အလွန်ခက်မာ၍ နေသော ချိပ်ခဲကို ပြင်းစွာသော မီးကျီးစုဥ်ချ၍ အရည်ကြည်စေရာ၌ အလွန်ခက်မာမှုကား အမှုအရာကိရိယာတမျိုး, ပထဝီဓာတ်တမျိုး သီတမီးဓာတ်၏ သားသမီးစုပေတည်း၊ ပြင်းစွာ ပူသော မီးကျီးစုဥ် ကျရောက်သည်နှင့် တပြိုင်နက် ဥဏှမီးရှိန်သည် အောက်အပ်ရှိမှ စ၍ အစဉ်အတိုင်းလောင်၍ သွားလေရာ သီတမီးဓာတ်သည် အစဉ်အထိုင်း ချုပ်ကွယ်လေ၏။ သီတမီးဓာတ်နှင့် သဟဇာတ် ဖြစ်ကောင်းသော ခက်မာမှုကိရိယာလည်း သီတမီးဓာတ်နှင့်အတူ အစဉ်အတိုင်း ချုပ်ကွယ်လေ၏၊ ဥဏှမီးဓာတ်နှင့် သဟဇာတ် ဖြစ်ကောင်းသော နူးညံ့မှု ကိရိယာအဆင့်ဆင့် ပြောင်းလဲ ဖြစ်ပေါ်၍ သွားသဖြင့် ချိပ်ရည်ကြည် ဖြစ်လေ၏။

စေ့စေ့ကြည့်ရှုမိ၍နေလျှင် ခက်မာမှုကိရိယာ ကြေပျောက်၍ ကြေပျောက်၍ သွားမှု, ပျော့ပျောင်း၍ ပျော့ပျောင်း၍လာမှု, အစိုင်အခဲ ကြေ၍ကြေ၍ သွားမှု, အရည်တွေ့တွေ့ ဖြစ်ပေါ်လာမှုတို့ကို ဒီဋ္ဌမြင်ရ၏၊ စကားတမျိုး

တမျိုးနှင့် ပြောဆိုရန် အမူအရာတမျိုးတမျိုး ပြောင်းလဲ ဖြစ်ပေါ်၍ လာမှု ထင်ရှား၏၊ ခက်မာမှုထက် ခက်မာမှု အဆင့်ဆင့် ချုပ်ကွယ်၍ သွား၏၊ နူးညံ့မှုထက်နူးညံ့မှု အဆင့်ဆင့်ပြောင်းလဲ ဖြစ်ပေါ်လာ၏၊ ရေလောင်း၍ ဥဏှမီးဓာတ်ချုပ်ငြိမ်း၍ သီတမီးဓာတ်မင်းမူ၍ လာပြန်လျှင် နူးညံ့မှု အဆင့်ဆင့်ချုပ်ဆုံး၍ သွား၏၊ ခက်မာမှုအဆင့်ဆင့် ပြောင်းလဲ ဖြစ်ပေါ်၍ လာ၏၊ အလွန်ခက်မာမြဲ ခက်မာပြန်၏။

ဤ၌ချိပ်ဟူသော, ချိပ်ခဲဟူသော, ချိပ်ပျော့ဟူသော, ချိပ်ရည်ဟူသော နိမိတ္တဓမ္မကြီးကို နှလုံးမသွင်းမူ၍ ခက်မာမှုကိရိယာ, နူးညံ့မှုကိရိယာဟူသော ပထဝီ ဓာတ်စစ်ကိုသာ ညဏ်နှင့် စိုက်၍ကြည့်။

ကြည့်ပုံကား

ပထမ ခက်မာမှုသည် အရည်ကြည် ဖြစ်သည်တိုင်အောင် ပကတိအတိုင်း တည်နေနိုင်၏လောဟုကြည့်၊ ထိုသို့ကြည့်ခဲ့လျှင် ထိုပထမခက်မာမှုသည် အရည်ကြည် ဖြစ်သည့်တိုင်အောင် ပကတိအတိုင်း မတည်နိုင်မူ၍ အစမှစ၍ ခက်မာသော ပထဝီအဆင့်ဆင့် ပြိုပျက်ကုန်ဆုံး၍ သွားမှု, နူးညံ့သော ပထဝီစုလှိုင်းပွက် အလိပ်အလိပ် ထသကဲ့သို့ အဆင့်ဆင့် ဖြစ်ပေါ်၍ လာမှုသည် ဉာဏ်၌ ထင်ရှားစွာ ထင်မြင်ရ၏၊ ရှေးရှေး ပထဝီမျိုးကွယ်ပျောက်မှု အဆုံးဆုံးနှင့် နောက်နောက် ပထဝီမျိုး အလိပ်အလိပ် ဖြစ်ပေါ်မှု အစအစတို့၏ အကြားအကြား၌ အာကာသပရိစ္ဆေဒ အခြားအခြား အသီးအသီး ရှိကြသည်ကို ဉာဏ်၌ခြားနားစွာ ထင်မြင်စေရာ၏။

ဤ၌ အာကာသပရိစ္ဆေဒကား အလွန်စိပ်၏၊ မျက်တောင် တခက်မှာပင် အရာ အထောင် မက စိပ်၏၊ ဉာဏ်၌ ပထဝီကိရိယာ တမျိုးတမျိုး အနေနှင့် ထင်ရှားလှရာကိုသာ အပိုင်းအခြားပြု၍ ကြည့်လေ၊ ခက်မာမှုစုတပိုင်း, ပျော့ပျောင်းမှု စုတပိုင်း အရည်စုတပိုင်း၊ ဤသို့ ၃-ပိုင်း ပိုင်း၍ သော်လည်း ကြည့်လေ၊ ပျက်မှုကို ကြည့်သောအခါ တပိုင်းတပိုင်း သန့်ခြား၍ အလုံးစုံကုန်သည်တိုင်အောင် စိုက်၍ကြည့်လေ၊ အရည်၌ နူးညံ့လှစွာသော ပထဝီသည် ခက်မာမှု ဖြစ်သည်တိုင်အောင် ပကတိအတိုင်း တည်နေနိုင်၏လော-ဟူသော အပြန်အလှန်၌လည်း ထိုနည်းအတူ သိလေ။

ပထဝီအာကာသပြီး၏။

[ရတိယအကြိုင်]

အာဝေါအာကာသ

အာဝေါအာကာသဟူလည်း ပကတိ ခက်မာသည်မှ စ၍ အရည်ကြည် ဖြစ်သည်တိုင်အောင် ဖွဲ့စည်းမှု-ဟူသော အာဝေါခေတ်အဆင့်ဆင့် ပြယ်ပျောက်၍ သွားပုံ, ယိုစီးမှု ဟူသော အာဝေါခေတ် အဆင့်ဆင့် စမ်းရေပွက်ကဲ့သို့ ဖြစ်ပေါ်၍သွားပုံ, တဖန် အရည်ကြည်မှာရှိသော ယိုစီးမှုမှစ၍ ပကတိ ခက်မာမှု ဖြစ်သည်တိုင်အောင် ယိုစီးမှု အဆင့်ဆင့် ချုပ်ပျောက်ပုံ, ဖွဲ့စည်းမှု အဆင့်ဆင့်ဖြစ်ပေါ်ပုံကို အာကာသ ပရိစ္ဆေဒနှင့် ပိုင်းခြား၍ ကြည့်လေ။

အာဝေါအာကာသ ပြီး၏။

တေဇောအာကာသ

တေဇောအာကာသဟု အေးမှုအဆင့်ဆင့်, ပူမှု အဆင့်ဆင့် ပိုင်းခြား၍ ကြည့်လေ။

တေဇောအာကာသ ပြီး၏။

ဝါယောအာကာသ

ဝါယောအာကာသဟု ထောက်ခံမှု အဆင့်ဆင့် ပိုင်းခြား၍ ကြည့်လေ။

ဝါယောအာကာသ ပြီး၏။

ဤချိပ်ခဲဘဝဟု ခေတ်ကြီး ၄-ပါးတို့၏ ဖြစ်မှု, ပျက်မှုကို အာကာသ ပရိစ္ဆေဒနှင့်တကွ အချက်ကျ ခြားနား ထင်ရှားစွာ ထင်မြင်နိုင်ကြပါလျှင် သတ္တဝါ ခန္ဓာကိုယ်ကို မဆိုထားဘိ၊ မြင်းမိုရ်တောင်, မဟာပထဝီမြေကြီး တို့ဟူပင် မြင်နိုင်ကြကုန်လတ္တံ့၊ ဤချိပ်ခဲဟု မီးရှိန်ပြင်းစွာ ထိပါးမှုကို အာရုံ ပြုလိုက်သည်နှင့် တပြိုင်နက် ချိပ်ခဲ အမှုအရာ တမျိုးပြောင်းလဲမှုကို မျက်စိနှင့် မြင်ရသကဲ့သို့ မြင်၏၊ အမှုအရာဟောင်း ပျက်သည်ကိုလည်း မြင်၏၊ အမှုအရာ သစ်ပေါ်သည်ကိုလည်း မြင်၏၊ မီးဟု တကယ်ချလျှင်လည်း မျက်စိနှင့်ပင် ကြောင်ကြောင်မြင်၏။

မျက်စိအမြင်ဆိုသည်ကား—ဌာနဏ ဌာနဏ ရောက်ဆဲကိုသာ မြင်၏၊ ပျက်မှု အစွန်း, ဖြစ်မှု အစွန်းတို့ကို မြင်ရိုးမဟုတ်၊ အစွန်း ၂-ခုတို့၏ အကြား အာကာသပရိစ္ဆေဒကိုလည်း မြင်ရိုးမဟုတ်၊ အဟောင်းအသစ် ဌီအချင်းချင်း ဖြင့်သာ စပ်ဆက်၍ မြင်၏။

ထိုသို့ မြင်ရာတွင် ဌီရှုပ်အချင်းချင်း အမှုအရာ မတူကြသည်ကို မြင်၍ မနောဒွါရဖြင့် ရှုပ်ပြောင်းမှုကို လောကဟု အလိုလို သိကြ၏၊ အမှုအရာ

ဟောင်း ပျက်သည်ဟု သိကြ၏။ အမှုအရာသစ်တမျိုး ဖြစ်ပေါ်သည်ဟု သိကြ၏၊ အမှုအရာခြားသည်ဟု သိကြ၏။

ထိုတွင်—

၁။ အမှုအရာဟောင်း ပျက်သည်ဟု သိမှုကား ရူပ်ဟောင်း၏ ဘင်ကို သိမှုပင်တည်း။

၂။ အမှုအရာသစ်တမျိုး ဖြစ်ပေါ်သည်ဟု သိမှုကား ရူပ်သစ်၏ ဥပါဒ်ကို သိမှုပင်တည်း။

၃။ အမှုအရာခြားသည်ဟု သိမှုကား အာကာသပရိစ္ဆေဒကို သိမှုပင်တည်း။

ထိုသို့ သိသော်လည်း ချိပ်ခဲ-ဟူသော သဏ္ဌာန်ခြုပ် ပညတ်နိမိတ်ကြီးကို စိတ်၌ စွဲလျက်ရှိနေသောကြောင့် စိတ်၌ ထိုသဏ္ဌာန်ကြီးသည်သာ ပြဋ္ဌာန်း၍နေ၏၊ အမှုအရာတောင်း ပျက်မှု, ပျောက်ကွယ်မှု, ချုပ်ဆုံးမှုကား မရဏဓာတ်ကြီးတခုတည်းဟု ပျက်မှုကို အသီးအခြားဓာတ်ကြီး ၁-ပါး, ဓမ္မကြီး ၁-ပါး အနေနှင့် မသိကြ၊ စိတ်၌ စွဲမြဲထင်ပေါ်၍နေသော ချိပ်ခဲ၏ အပေါ်ရိုက အမှုအရာမျှ အနေနှင့်သာ ထင်ကြ၏၊ ထို့အတူ အမှုအရာသစ် တမျိုးဖြစ်ပေါ်မှု, ပေါက်ဖွားမှုကိုလည်း အသီးအခြား ဇာတိဓာတ်ကြီးတပါး, ဇာတိဓမ္မကြီးတပါးဟု မသိကြ၊ ထို့အတူ အမှုအရာခြားမှုကိုလည်း အာကာသပရိစ္ဆေဒ ဓာတ်ကြီး ၁-ပါး, ဓမ္မကြီး ၁-ပါးဟု မသိကြ။

ချိပ်ခဲ ဟူသော အဟုတ်ရှိ, ကောန်ရှိ မဟုတ်သော နိမိတ္တကြီးကို ဉာဏ်နှင့် ဖယ်ရှားမှ ခက်မာမှု, ဖွဲ့စည်းမှု, အေးမှု, ပူမှု, ကြွရွမှု-ဟူသော ပရမတ်ဓာတ်စစ်ကို ဉာဏ်စိုက်၍ ကြည့်တတ်မှသာလျှင် ထိုမရဏ ဓာတ်ကြီး, ဇာတိဓာတ်ကြီး, အာကာသ ဓာတ်ကြီးတို့သည် အမှု အသီးအခြား, ကိရိယာ အသီးအခြား, ဓမ္မကြီး ၁-ပါးစီ ၁-ပါးစီ အဖြစ်နှင့် ထင်မြင်နိုင်သည်၊ ဤဓမ္မကြီး ၃-ပါးကို ကြီးကြီးမားမား သီးသီးခြားခြား ဉာဏ်အမြင် ထင်ရှားစွာ ပေါ်၍လာအောင် အားထုတ်ရသည်၊ ဩတိ အထူးထားကြစေ။

ဤမျှသော စကားရပ်တို့ဖြင့် အနိစ္စဆိုသော တရားသည် ငါတို့ နဂို ပကတိ စိတ်အသိထဲမှာပင် ပါဝင်ပြီးသာတည်း၊ မမြဲနိုင်သောတရား မဟုတ်၊ ဉာဏ်၌ နိမိတ္တဓမ္မကြီးကို ပယ်ရှားမှ, ဓာတ်ကြီး ၄-ပါးကို ထုတ်ဖော်မှ, ဓမ္မကြီး ၃-ပါးကို ထင်ရှားစေမှလိုရ၍ နေကြသည့်အတွက်ကြောင့်သာ အနိစ္စကို

မြင်လျက်နှင့် အနိစ္စမှန်းမသိ ရှိနေကြရကုန်သည်ဟု အားတက်ကြရန် အချက်ကို ပြဆိုသတည်း။

[အာဏာသ ၄-ပါး ကြည့်ရှုရန် ပြီး၏။]

(ဃ) အနိစ္စလက္ခဏာ မထင်မြင်နိုင်ပုံ

ကိဿ အမနသိကာရာ ကေန ပဋိစ္ဆန္နတ္တာ အနိစ္စလက္ခဏံ နဥပဋ္ဌာတိ၊ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ အနိစ္စလက္ခဏံ နဥပဋ္ဌာတိ၊ ဥဒယဗ္ဗယမ္ပန ပရိဂ္ဂဟေတ္ဝာ သန္တတိယာ ဝိကောပိတာယ အနိစ္စလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။

[အဌကထာ]

အဘယ်ကို နှလုံးမသွင်းခြင်းကြောင့်, အဘယ်သည် ဖုံးလွှမ်းခြင်းကြောင့် အနိစ္စလက္ခဏာသည် သတ္တဝါတို့၏ ဉာဏ်၌ မထင်လေသနည်း ဟူမူကား ဖြစ်မှုပျက်မှုကို ဓာတ်အသီးအခြား, ဓမ္မအသီးအခြားဟု ထင်ရှားအောင် နှလုံးမသွင်းခြင်းကြောင့်, သန္တတိပညတ်တည်း-ဟူသော နိမိတ္တဓမ္မကြီးသည် ဖုံးလွှမ်း၍ နေခြင်းကြောင့် အနိစ္စလက္ခဏာသည် သတ္တဝါတို့၏ဉာဏ်၌ မထင်လေသည်၊ ဖြစ်မှု ပျက်မှုကို ဓာတ်အသီးအခြား, ဓမ္မအသီးအခြားဟု ထင်ရှားအောင် ဉာဏ်နှင့်သိမ်းဆည်း၍၊ သန္တတိ ပညတ်တည်းဟူသော နိမိတ္တဓမ္မကြီးကို ဉာဏ်နှင့် ခွာဖျက် ပယ်ရှားမှုတ်လွှင့်၍ ပစ်သည်ရှိသော် အနိစ္စလက္ခဏာသည် ဟုတ်မှန်တိုင်းသော မိမိကိစ္စနှင့်တကွ သတ္တဝါတို့၏ ဉာဏ်၌ထင်လာ၏။

[ဤကား အဌကထာကြီး၏ စကားကို အကျဉ်းချုပ် သိလောက်ရုံ အဓိပ္ပါယ် ဖော်ပြချက်တည်း။]

ဓာတ်ကြီး ၄-ပါး, ဓမ္မကြီး ၃-ပါးတို့သည် ဉာဏ်အလိမ္မာတို့၏ ကြီးပွားစည်ကားရာ ဖြစ်ကုန့်၏၊ နိမိတ္တ ဓမ္မတို့သည် ကိလေသာတို့၏ ကြီးပွားစည်ကားရာဖြစ်ကုန့်၏၊ အတ္တဒိဋ္ဌိ၏ အမိသဖွယ် ဖြစ်ဆော သံမောဟ တရားကြီးသည် ဓာတ်ကြီး ၄-ပါး, ဓမ္မကြီး ၃-ပါးတို့ကို လုံခြုံစွာ ဖုံးလွှမ်းကွယ်ကာ၏၊ စိတ်ဝိညာဉ်-ဟူသော မျက်လှည့်သည် ကြီးသည် အဟုတ် မရှိသော နိမိတ္တဓမ္မကြီးကို အမြဲဖန်ဆင်း တည်ထောင်၍ ပြထား၏၊ ထို့ကြောင့် သတ္တဝါတို့သည် ဓာတ်ကြီး, ဓမ္မကြီးတို့ကို ကြောင်ကြောင်မြင်လျက် မသိကြကုန်၊ ကြောင်ကြောင်သိလျက် မမြင်ကြကုန်။

[ရတိယအမြိုင်]

အဘယ်သို့ ကြောင်ကြောင်မြင်လျက် မသိကြကုန်သနည်း- ဟူမူကား လောက၌ ဒိဋ္ဌကိုယ်တွေ့ချည်း ဖြစ်ကြသည်ကို ကြောင်ကြောင်မြင်ဆိုသည်၊ မည်သည့်ဓာတ်ဟူ၍, မည်သည့်ဓမ္မဟူ၍ အသီးအသီးခြားနား၍ မသိကြသည်ကို မသိ ဆိုသည်။

ကြောင်ကြောင်သိလျက် မမြင်ကြဆိုသည်ကား သာသနာ ဓမ္မ၌ ကြားဘူးနားဝရှိကြသူတို့မှာ ဤကိုယ်ခန္ဓာသည် ဓာတ်ကြီး ၄-ပါး အစုသာတည်းဟု သိကြလျက် ကိုယ်ခန္ဓာ တခုလုံးကို ၄-စိတ် ကွဲအောင် ခွဲခြမ်း၍ မမြင်ကြဆိုလိုသည်။

ထိုစကား ၂-ရပ်ကို ထင်ရှားစေဦးအံ့

ခက်မာမှု, ကြမ်းတမ်းမှု, ပျော့ပျော းမှု, နူးညံ့မှုတို့သည် ဒိဋ္ဌကိုယ်တွေ့တို့ချည်းသာတည်း၊ ထို့အတူ ဖွဲ့တွယ်မှု, စေးခွဲမှု, ယိုစီးမှု တို့သည်လည်းကောင်း၊ ပူမှု, လောင်မှု, နွေးမှု, အေးမှု, ချမ်းမှုတို့သည်လည်းကောင်း၊ ထောက်ကန်မှု, ဘောင့်တင်းမှု, ကြွရှမှု, လှုပ်ရှားမှု, ရွှေ့သွားမှုတို့သည်လည်းကောင်း ဒိဋ္ဌကိုယ်တွေ့တို့ချည်းသာတည်း၊ ထို့အတူ ထိုအမူအရာတို့၏ အခြေအနေ ပျက်မှု, အမူအရာပြောင်းလဲမှု, တမျိုးတမျိုးပေါ်လာမှု, အမူအရာခြားမှု, ရှေအမူနောက်အမူ မတူမှုတို့သည် ဒိဋ္ဌကိုယ်တွေ့တို့ချည်းသာတည်း၊ အမူအရာ တခုခုကိုမူကား ဓာတ် ၁-ပါး, ၁-ပါး ဟူ၍ ဉာဏ်နှင့် ခြားနား၍ကား မမြင်ကြကုန်၊ အလုံးစုံသော အမူအရာစုကို နိမိတ်ကြီးနှင့် တခုတည်း ပြု၍သာ မြင်ကြကုန်၏၊ ကိုယ်ကို စမ်းလျှင် ပူမှန်းသိ၏၊ နွေးမှန်းသိ၏၊ အေးမှန်းသိ၏၊ တေဇောဓာတ်ကြီးပေ-ဟူ၍ မသိကြ၊ နိမိတ်နှင့် တခုတည်းပြု၍ ကိုယ်ပူသည်၊ ကျောပူသည်၊ ဝမ်းပူသည်-အစရှိသည်ဖြင့် သိကြ၏၊ အပူပျောက်ပြီ၊ အနွေးပျောက်ပြီ၊ အအေးပျောက်ပြီ-ဟု သိကြ၏၊ ထိုပျောက်မှုကို တေဇော၏ သေမှုချုပ်မှု-ဟူသော မရဏဓာတ်ကြီးပေ-ဟူ၍ မသိကြ၊ ပူလာပြီ၊ အပူဖြစ်ပေါ်၍ လာပြီ၊ အေးလာပြီ၊ အေးမှုဖြစ်ပေါ်၍ လာပြီဟု သိကြ၏၊ ထိုဖြစ်ပေါ်မှုကို ဇာတိ ဓမ္မကြီးတမျိုးပေ-ဟူ၍ မသိကြ၊ ထိုအလုံးစုံကို ထင်ရှားစေခြင်းငှာ ဒွတ္တိံသာကာရနှင့် စပ်၍ ပြဆိုအံ့။

ပဋိသမ္ဘိဒါမဂ်ပါဋ္ဌိတော်၌

ကေသကာယံ၊ လောမကာယံ၊ နခကာသံ၊ ဒန္တကာယံ အစရှိသည်ဖြင့် ဟောတော်မူသောကြောင့် တယောက်သောသူ၏ကိုယ်သဏ္ဌာန်၌ ကေသကာယ,

လောမကာယ-အစရှိသည်ဖြင့် ကာယပေါင်း ၃၂-ရှိ၏၊ ကိုယ်ခန္ဓာပေါင်း ၃၂-ရှိ၏ ဟူလို၊ ဆံပင်ပေါင်း ၂-ကုဋ္ဌေ ၄-သန်း ရှိသည်ဆိုသောကြောင့် ကေသကာယပေါင်း ၂-ကုဋ္ဌေ ၄-သန်းရှိ၏၊ ဆံပင်ခေါ်သော ကိုယ်ခန္ဓာပေါင်း ၂-ကုဋ္ဌေ ၄-သန်းရှိ၏-ဟူလို၊ ထို့အတူ-

မွေးညင်းခေါ်သော ကိုယ်ခန္ဓာပေါင်း	၉၉၀၀၀းရှိ၏။
ခြေသည်း လက်သည်းခေါ်သော ကိုယ်ခန္ဓာပေါင်း	၂၀-ရှိ၏။
သွားခေါ်သော ကိုယ်ခန္ဓာပေါင်း	၃၂-ရှိ၏။
အရေခေါ်သော ကိုယ်ခန္ဓာပေါင်း	၂-ရှိ၏။
အသားခေါ်သော ကိုယ်ခန္ဓာပေါင်း	၉၀၀-ရှိ၏။
အကြောခေါ်သော ကိုယ်ခန္ဓာပေါင်း	၉၀၀-ရှိ၏။
အရိုးခေါ်သော ကိုယ်ခန္ဓာပေါင်း	၃၀၀ ရှိ၏။

ဤသို့ စသည်ဖြင့် ခွဲလေဦး။

ဆံပင်တခုဌ်လည်း ပထဝီကာယ, အာပေါကာယ, တေဇောကာယ, ဝါယောကာယ-ဟူ၍ ကာယကြီး ၄-ပါး ရှိ၏။

၁။ ဆံပင်တခုလုံးဌ် အမာခံဖြစ်သော ခက်မာမှု ကိရိယာအပေါင်းသည် ပထဝီကာယ မည်၏။

၂။ ဖွဲ့စည်းမှု ကိရိယာအပေါင်းသည် အာပေါကာယ မည်၏။

၃။ ပူသောအခါဌ် ပူမှု အပေါင်း, အေးသောအခါဌ် အေးမှုအပေါင်းသည် တေဇောကာယ မည်၏။

၄။ တေဇောကာယ၏ အရှိန်ဖြစ်သော ထောက်ကန်မှု အပေါင်းသည် ဝါယောကာယ မည်၏။

ဤသို့ဆိုလျှင် ဆံပင်တခုဌ် ကာယကြီး ၄-ပါးရှိ၏၊ ကိုယ်ခန္ဓာကြီး ၄-ပါး ရှိ၏-ဟူလိုသည်။

ထိုကာယကြီး ၄-ပါးတို့၏ မစဲဖြစ်ပေါ်မှု, မစဲပျက်ဆုံးမှု, ဟူသောလက္ခဏာ ဓာတ်ကြီး ၂-ပါးလည်း ရှိ၏၊ ကလာပ်ဖွဲ့ ကလာပ်ခဲတို့၏ ထက်ဝန်းကျင် အခြား ရှေ့နောက်အခါဟူသော အာကာသပရိစ္ဆေဒဓာတ်ကြီးလည်း ရှိ၏၊ စိတ်ဝိညာဉ် ဖန်ဆင်း၍ပြသဖြင့် ထင်မြင်၍ နေကြသော သဏ္ဌာန်နိမိတ်ကြီး လည်းရှိ၏၊ ထိုသဏ္ဌာန်အတိုင်း နှစ်လအရှည်တည်နေသည်ဟု ထင်မြင်၍နေကြသော သန္တတိနိမိတ်ကြီးလည်း ရှိ၏၊ ဤနိမိတ်ကြီး ၂-ပါးတို့သည်ကား

စိတ်ထဲတွင် ထင်မြင်ကြရသော ပညတ်မျှတို့သာတည်း၊ ထိုဆံပင်တသက် ထိုနိမိတ်ကြီးတို့သည် မြဲကုန်၏၊ လူသေ၍မူ မပျက်ကြကုန်သေး၊သုသာန်မြေမှာ တထွေးလုံးလုံး တည်ရှိကြကုန်သေး၏၊ ထိုနိမိတ် ၂-ပါးတို့မှာ ဖြစ်မှုဟူ၍ လည်း မရှိ၊ ပျက်မှု ဟူ၍လည်း မရှိ၊ အနိစ္စလည်း မရှိ၊ ဒုက္ခလည်း မရှိ၊ နိစ္စ ဓမ္မမျိုးတို့သာတည်း။

ထိုနိမိတ်ကြီး ၂-ပါးတို့၏ မှီရာဖြစ်သော ကာယကြီး ၄ ပါးတို့၏ တိုဘဝ၌ အစစ္စာသော ဖြစ်ပေါ်မှုကို ထိုနိမိတ်တို့၏ ဖြစ်ပေါ်မှုဟု ထင်မြင်ကြရကုန်၏၊ သုသာန်မြေမှာ ကာယကြီး ၄-ပါးတို့၏ အဆုံးစွန်သော ပျက်မှုကို ထိုနိမိတ်တို့၏ ပျက်မှုဟု ထင်မြင်ကြရကုန်၏၊ ထို့ကြောင့် ထိုနိမိတ်တို့ကိုသာ သိမြင် ထင်စွဲ၍ နေကြကုန်သော သတ္တဝါတို့သည် ထိုဆံပင်မှာ တခါဖြစ်, တခါပျက်သာ ရှိသည်ဟု သိမြင် ထင်မှတ်၍ နေကြကုန်၏း မသေမီ အကြား၌ ထိုသူ အသက်ရှည်သမျှ ကာလပတ်လုံး အန္တရာယ်မရှိလျှင် သုသာန်မြေသို့ ရောက်သည်တိုင်အောင် ထိုဆံပင် အခါခါဖြစ်သည်၊ အခါခါပျက်သည်ဟူ၍ မရှိပြီ-ဟု သိမြင် ထင်မှတ်၍ နေကြကုန်၏၊ သတ္တဝါတို့၏ ကိုယ်ခန္ဓာ စာခုလုံးသည် နိမိတ္တတုံးကြီး, နိစ္စတုံးကြီး ထင်မြင်စွဲမှတ်၍နေကြကုန်၏။

ထိုနိမိတ်ကြီး ၂-ပါးတို့တွင် သဏ္ဌာန်နိမိတ်ကြီးသည် ဆံပင်၌ ရှိသော ကာယကြီး ၄-ပါးတို့ကို ဆံပင်ဟု တခုတည်းပြု၍ ဖုံးလွှမ်း၏။

၁။ ဆံပင်၌ရှိသော ခက်မာမှုကို ပထဝီဓာတ်ဟု ခွဲခြမ်း၍ မသိကြကုန်၊ ဆံပင်ခက်မာသည်-ဟူ၍သာ သိကြကုန်၏။

၂။ ဖွဲ့စည်းမှုကို အာပေါဓာတ်ဟု ခွဲခြမ်း၍ မသိကြကုန်၊ ဆံပင် ဖွဲ့စည်းသည်ဟု သိကြကုန်၏။

၃။ ပူမှု, အေးမှုကို တေဇောဓာတ်ဟု ခွဲခြမ်း၍ မသိကြကုန်၊ ဆံပင် ပူသည်, ဆံပင်အေးသည်ဟု သိကြကုန်၏။

၄။ ထောက်ကန် တောင့်တင်းမှုကို ဝါယောဓာတ်ဟု ခွဲခြမ်း၍ မသိကြကုန်၊ ဆံပင်တောင့်တင်းသည်ဟု သိကြကုန်၏။

သန္တတိနိမိတ်ကြီးသည် ထိုဓာတ်ကြီး ၄-ပါးတို့၏ ၁-နာရီအတွင်းမှာ အခါ ၁-ရာ အခါ ၁-ထောင်မက တသုတ်တသုတ် ချုပ်ပျက် သေဆုံးမှု, တသုတ်တသုတ် အသစ်အသစ်ဖြစ်ပေါ်မှုတို့ကိုလုံခြုံလှစွာဖုံးကွယ်၍ ရှေ့နောက် အစဉ်ဖြစ်ကုန်သော ထိုတသုတ်တသုတ်တို့ကိုဆံပင်တခုတည်းပြု၍ တသက်လုံး၌

သည်ဆံပင်-ဟု ထင်မှတ်မှောက်မှားစေ၏၊ ဓာတ်ကြီး ၄-ပါးတို့ကား သနိစ္စမျိုးတို့တည်း၊ နိမိတ်ကြီး ၂-ပါးတို့ကား နိစ္စမျိုးတို့တည်း၊ အဟုတ်ရှိသော တရားမျိုး မဟုတ်သောကြောင့် ပျက်စရာ မရှိသည့်အတွက် နိစ္စမျိုး ဖြစ်လေသတည်း။

ထိုဆံပင်၌ ကာယကြီး ၄-ပါးတို့တွင် တေဇောကာယဆိုသည်ကား မီးစုမီးခဲတည်း၊ ပူမှု, နွေးမှု, အေးမှု, ချမ်းမှု, အစုအခဲတည်း၊ ပူမှု, အေးမှုတို့၌ ကိစ္စကြီးကား ၂-ပါးသာရှိ၏။

၁။ အတူတကွ အနီးအစပ်ဖြစ်သော ပထဝီကာယ, အာပေါကာယ, ဝါယောကာယတို့ကို ခဏ်မစဲ,ကုန်ဆုံးအောင် အမြဲလောင်မှု ကိစ္စကြီးတပါး,

၂။ ထိုကာယကြီး ၃-ပါးတို့ကို လောင်မိ, စွဲမိ, ခဲမိသည်နှင့် တပြိုင်နက် အမြဲမီးပွားမှု ကိစ္စကြီးတပါး,

ဤသို့ ပူမှု၌ ကိစ္စကြီး ၂-ပါး, အေးမှု၌ ကိစ္စကြီး ၂-ပါး အသီးအသီးရှိကြ၏၊ ဤစကား၌ မီးပွားမှုဆိုသည်ကား အပူအဆင့်ဆင့်ပွားမှု, အအေးအဆင့်ဆင့် ပွားမှုကို ဆိုသတည်း။ ပူမှု, အေးမှု အသစ်အသစ် မီးပွားတိုင်း, မီးပွားတိုင်း ကြွင်းသော ကာယကြီး ၃-ပါးတို့သည် အမြဲပါရှိကြကုန်၏

မီးပွားပုံ

မီးပွားပုံအခြင်းအရာကိုကား လောက၌ ရှားမီးခဲရဲရဲကြီးကို စေ့စေ့ကြည့်ရှု၍လည်းကောင်း, မီးတောက် မီးလျံကို စေ့စေ့ကြည့်ရှု၍ လည်းကောင်း, ဥဏ္ဍမီးပွားမှုကို သိမြင်ရာ၏၊ မြစ်ရေအလျဉ်, စမ်းရေအလျဉ်များကို ကြည့်ရှု၍ သီတ မီးပွားမှုကို သိမြင်ရာ၏၊ လှုပ်လှုပ်ရွရွ တဖွားဖွားပေါ်မှု တက်မှု, တတွေတွေ စီးထွက်မှုတို့ကို ဆိုလိုသည်။

အကြင်မျှလောက်သော နေ့, ရက်, လ, နှစ် ကာလပတ်လုံး ထိုဆံပင်၌ တေဇောကာယကြီး မီးပွားမှု အခွင့်ရရှိ၏၊ ထိုမျှလောက်သော ကာလပတ်လုံး ဆံပင်ဟူသော သဏ္ဌာန်နိမိတ်,သန္တတိနိမိတ်တို့သည် ထင်မြင်ရကုန်၏၊ မီးပွားမှု ကုန်ဆုံးလျှင် အမှီမရှိ၍ ထင်စရာ, မြင်စရာ မရှိ၊ ကွယ်ပျောက်ကြကုန်၏၊ ဤမီးပွားမှုကို ဉာဏ်စူးစိုက်မိခဲ့လျှင် ဆံပင်တခုလုံး အမြဲနိစ္စ တရွရွနေသည်ကို ထင်မြင်နိုင်ကြကုန်လတ္တံ့။

ဆံပင်တခု၌ ကောင်းကောင်းမြင်ခဲ့ပေလျှင် သတ္တဝါတို့၏ ကိုယ်ခန္ဓာရှိရှပ်စု ရှပ်ခဲတို့ကို မဆိုထားဘို၊ မဟာပထဝီမြေကြီး, မြင်းမိုရ်တောင်ကြီးတို့နှင့်

တက္ခ တော, တောင်, သစ်ပင်-အစရှိတော ရုပ်စု ရုပ်ခဲတို့သည် ဉာဏ်၌ တရွရွ တွေဖြစ်၍ ကုန်လတ္တံ့။

တရွရွထင်မြင်ခဲ့လျှင် ထိုတရွရွဆိုရသော အမှုမျိုး၌ အကျအတက် အပျက် အဖြစ်တွေကို ဖက်စပ်၍ဆိုရသော အမှုမျိုးပေတည်း။

ထို့ကြောင့်-

၁။ ရှေးရှေးအသုတ်မှ ကာယကြီး ၄-ပါး ပျက်ဆုံးမှု အစွန်း,

၂။ နောက်နောက် အသုတ်မှ ကာယကြီး ၄-ပါး အသစ်အသစ် ဖြစ်ပေါ်မှု အစွန်း,

၃။ ထိုအစွန်း ၂-ပါး, ၂-ပါးတို့၏ အကြား၌ အပြတ်ကြီး, အပြတ်ကြီး အနေနှင့် အမြဲပါရှိသော အာကာသ ပရိစ္ဆေဒမှု,

ဤ အစွန်း ၂-ပါး, အခြား ၁-ခုကိုလည်း အတတ် သိမြင်နိုင်ကြကုန်ရာ သတည်း။

[ဤကား အစဉ်အမြဲအားဖြင့် သတ္တဝါတို့၏ ကိုယ်ခန္ဓာနှင့်တက္ခ တလောက လုံး၌ နေ, လ, နက္ခတ်တို့ကို အရင်းပြု၍ တနေ့တနေ့၌ပင်လျှင် ဖဟိုရ်အပိုင်း အခြား, နေ့, ညဉ့် အပိုင်းအခြားအားဖြင့် တက်တုံဆုတ်တုံ ဖြစ်၍နေကြသော ဉဏ္ဍဓာတ်မီး, သီတဓာတ်မီးတို့ကို အစွဲပြု၍ ပကတိသောဆံပင်၌ ကာယကြီး ၄-ပါး, အစွန်းကြီး ၂-ပါး, အခြားကြီး ၁-ပါးတို့ကို ဖော်ပြသော အချက်တည်း၊ ချိပ်ခဲ ဥပမာနှင့် ယှဉ်၍ကြည့်လေ။]

ဤဆံပင်၌ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ-ဟူသော ဥပါဒါရုပ် ၄-ခု ကျန်ရှိသေး၏၊ ကာယကြီး ၄-ပါးတို့၏ ဖြစ်မှုပျက်မှု ထင်မြင်နိုင်ပါလျှင် ဥပါဒါရုပ်တို့၏ ဖြစ်မှုပျက်မှုတို့ကိုလည်း ထင်မြင်နိုင်တော့သည်၊ ဆို့ရာတွင် အဆင်းဟူသော ဝဏ္ဏဓာတ်သည် သဏ္ဌာန်နိမိတ်ကြီးနှင့် အလွန်နီးစပ်လှ၏၊ ဤအဆင်းဟူသော ဝဏ္ဏဓာတ်ကို မှုန့်မှုန့်ညက်ညက် ကြေအောင် ဉာဏ်နှင့် အထူးချေဖျက်ရလိမ့်မည်၊ ပထဝီကာယကြီး ပျက်မှုကိုရှုခဲ့လျှင် ဝဏ္ဏဓာတ် ပျက်မှုကိုလည်း တပေါင်းတည်းပါအောင်ရှု။

ထို့အတူ အာပေါ ကာယကြီး အဖွဲ့အတွယ် ပြုတ်ပျက်မှု, တေဇော ကာယကြီး အပူအအေး ကုန်ဆုံးမှု, ဝါယောကာယကြီး အရှိန်သေပျောက်ငတို့ကို ရှုခဲ့လျှင် ဝဏ္ဏဓာတ်ပျက်မှုလည်း တပေါင်းတည်း ပါလေအောင် အတူးအားတုတ်ရမည် ဆိုလိုသည်၊ ဆံပင်၌ မည်းနက်သော အဆင်းကို

ကြောင်ကြောင်မြင်ကြလျက် ဓာတ်အသီးအခြားဟု မသိကြ၊ ဓာတ် အသီးအခြားဟု သိကြလျက် ခြားနားမှု မမြင်ကြ၊ အနံ့, အရသာ, သြဇာတို့၌လည်း ဤနည်းတူဆိုလေ၊ဤဆံပင်၌ကဲ့သို့ မွေးညင်း, ခြေသည်း လက်သည်း, သွား, အရေ-အစရှိသော ကြွင်းသော ကောင်ဌာသတို့၌လည်း ကာယကြီး ၄-ပါး, အစွန်း ၂-ပါး, အာကာသ ပရိစ္ဆေဒ ၁-ပါး, နိမိတ်ကြီး ၂-ပါး တို့ကို အသီးသီး အထင်အမြင် ပေါ်အောင် အားထုတ်ကြလေ။

ထိုကြွင်းသော ဏောင်ဌာသတို့တွင် မွေးညင်းမူတပါးသော ၁၈-ပါးသော ပထဝီကောင်ဌာသတို့၌ နိမိတ်ကြီး ၂-ပါး ကြီးကျယ်လှ၏။

၁။ ထဏ္ဍာနနိမိတ်မည်သည် အကုမ္ဘူမ္ဘ အထည်ဝတ္ထုဒြပ်သဏ္ဌာန် ထင်မြင်လာလျှင် သဏ္ဌာန နိမိတ်ကြီးပင်တည်း။

၂။ သန္ဓတိ နိမိတ်မည်သည်ကား ဤဝိတ္ထုသည် ၁-မိနစ် တည်နေ၏၊ ၁-နာရီ တည်နေ၏-ဟု ထင်မြင်လာလျှင် သန္ဓတိ နိမိတ်ကြီးပင် တည်း။

မုန်ညင်းစေ့ ငယ်တွေ့ကို တောင်ကြီးဖုံးဖိ၍ ထားဘိသကဲ့သို့ အဟုတ် အမှန်ရှိသော ပရမတ် ဓာတ်တွေ့ကို အဟုတ်အမှန်ရှိ မဟုတ်၊ စိတ်ဝိညာဉ် လုပ်ကြံလှည့်စား၍ ပြမှုနှင့် ထင်မြင်၍ နေရသော ထိုနိမိတ်ကြီး ၂-ပါးတို့သည် ဖုံးအုပ်ကွယ်ကာ၍ ထားအပ်ကုန်၏၊ ပရမတ် ဓာတ်ကြီးတွေ့ကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်၍ နိမိတ်ကြီးတွေ့ကို ဉာဏ်နှင့် သန်သန်မှုတ်လွှင့်၍ ပစ်ကြလေ၊ အမိုက်မှောင် မည်သည်ကို အရောင် အလင်းသည်သာ ငယ်နိုင်ဖြစ်၏၊ ညဉ့်အခါ တိုက်ခန်းဌ ပြည့်၍နေသော မှောင်လုံး မှောင်ခဲကြီးကို အရောင် တခုသည်သာ နိုင်၏၊ အရောင်မူတပါး ထိုမှောင်ကို နိုင်သော အစွမ်မရှိ၊ ဗုံးကြီး, အမြောက်ကြီးနှင့် ပစ်ခွင်း၍ ဖျက်ဆီးသော်လည်း ပျောက်ယှက်အောင် မတတ်နိုင်၊ မီးရောင်လာခဲ့လျှင် အကုမ္ဘူမကျွန် ခဏခြင်း အလိုလို ကွယ်ပျောက်၏။

ထို့အတူ နိမိတ္တမှောင်ကြီးကိုလည်း ဓမ္မတ်သဘောကို မြင်သောဉာဏ်ရောင်သည် ငယ်နိုင်ဖြစ်၏၊ ဉာဏ်ရောင်ပေါ်လျှင် အလိုလို ကွယ်ပျောက်၏၊ နိမိတ္တမှောင်ကြီး ဖုံးလွှမ်းမှု ဆိုသည်နှင့် အဝိဇ္ဇာ မောဟ မှောင်ကြီး ဖုံးလွှမ်းမှုသည်စာား အတူတူပင်၊ စိတ်သန္တာန်၌ သံမောဟ တရားကြီး ရှိနေသောကြောင့် စိတ်ဝိညာဉ်သည် ထိုနိမိတ္တမှောင်ကြီးတွေ့ကို ဖန်ဆင်း

နိုင်လေသည်၊ စိတ်သန္တာန်၌ ဓာတ်အမြင်ပေါက်သောဉာဏ် တစတစပေါ်လာ လျှင် သံမောဟတရားကြီး တစ တစ ပြယ်ပျောက်၏၊ စိတ်ဝိညာဉ် လှည့်စား မှုလည်း အစ တစ ကွယ်ပျောက်၏။

ထိုသံမောဟ တရားကြီးကြောင့် စိတ်ဝိညာဉ်အမှု ဖြစ်သော နိမိတ္တ မျောင်ကြီး ၂ ပါး အမြဲထင်မြင်၍ နေသဖြင့်—

၁။ နိစ္စဒိဋ္ဌိကြီး

၂။ အတ္တဒိဋ္ဌိကြီး,

၂-ပါးတို့ မင်းမူ၍နေကုန်၏၊ ထိုဒိဋ္ဌိကြီးတို့မှ ဒုစရိုက် ၁၀-ပါးတို့သည် ထွက်ပေါ်ကြကုန်၏၊ ဒုစရိုက် ၁၀-ပါးတို့မှ အပါယ်ဘဝ, သပါယ်ခန္ဓာတို့ သည် ဖြစ်ကုန်၏။

ဒိဋ္ဌိဘေးကြီး, ဒုစရိုက်ဘေးကြီး, အပါယ်ဘေးကြီးတို့ကို ကြောက်လန့် ကြကုန်မူကား ဓာတ်အမြင်ပေါက်သော ဉာဏ်ရောင် အလင်းကို အင်တိုက် အားတို့ကို ထူထောင်ကြလေကုန်။

တိမ်သလာဖုံးသောမျက်စိ

မျက်စိနှစ်ဘက်၌ ပသာဒရုပ်ကြည်ကို တိမ်သလာကြီး ထူထပ်စွာ ဖုံးလွှမ်း လျက်ရှိသောသူသည် နေ့ကြောင်ကြောင်မှာပင် မျောင်ကြီးဝိုင်း၍ နေ၏၊ မျောင်ကြီးကိုသာ မြင်၍နေ၏၊ ထိုသူထင်မြင်၍ နေသော မျောင်ကြီးကား နေ့ကြောင်ကြောင်ဖြစ်၍ အဟုတ်ရှိသော မျောင်မဟုတ်၊ ထိုသူစိတ်ဝိညာဉ် ထင်မိထင်ရာ မြင်မိမြင်ရာ မဟုတ်တရုပ်ကြီး, မတူတယူကြီ၊ သက်သက်သာ တည်း၊ မျက်စဉ်းဆေးဝါးကို အားထုတ်မှီဝဲ၍ တိမ်သလာ ကွာပျောက် သဖြင့် အတွင်း၌ ပသာဒရုပ်ကြည်ပေါ်၍လာလျှင် ထိုဝိုင်း၍ နေသောမျောင် ထုကြီး အလိုလို ပပျောက်လေ၏။

၁။ မျက်စိမမြင်သူနှင့် ဤသတ္တဝါတို့သည် တူကုန်၏။

၂။ မျက်စိနှင့် စိတ်သဏ္ဌာန်သည် တူ၏။

၃။ ပသာဒရုပ်ကြည်နှင့် ပကတ်ဉာဏ်သည် တူ၏။

၄။ တိမ်သလာနှင့် အဝိဇ္ဇာသံမောဟ တရားကြီးသည် တူ၏။

၅။ စိတ်ရှေးရှုရာ အရပ် ၁၀-မျက်နှာ ဝိုင်း၍နေသော မျောင်ကြီးနှင့် နိမိတ်ကြီးတို့သည် တူကုန်၏။

[ဒုတိယအကြိမ်]

သတ္တဝါတို့၏ ပကတိသောစိတ်ဝိညာဉ်မည်သည် အဟုတ်အမှန်ကို ဟုတ်မှန်သည်အတိုင်း ထင်မြင်၍ နေမှု အလွန်နည်းပါး၏၊ မဟုတ်မမှန် ထင်မြင်၍ နေမှုကား တယောက် တယောက်မှာပင် အနန္တများပြား၏။

သည်းခြေပျက်သော အရူး

သည်းခြေပျက်၍ အလွန်ကြီး ဖောက်ပြန်၍ နေသော အရူး၏ စိတ်သည် မီးကို ရွှေထင်၏၊ ရေပြင်ကို မြေပြင်ထင်၏။ ကောင်းကင်ကို ရေပြင်ထင်၏၊ သစ်ပင် တောချုံတွေကို ရွှေဘုံရွှေနန်းတွေ ထင်၏၊ ထိုထင်မြင်မှုသည် စိတ်ဝိညာဉ်လှည့်စားမှု သက်သက်သာတည်း၊ ဓာတ်အမြင် မပေါက်သော ပုထုဇဉ်သတ္တဝါတို့၏ စိတ်သည် ထိုအရူးစိတ်နှင့် ထပ်တူပင်တည်း။

အရူး၏ စိတ်မှာ ဘာမှမဟုတ်, ဘာမှမရှိသော ကောင်းကင်ကို ရေပြင်ကြီး, ပင်လယ်ပြင်ကြီး အဟုတ်အမှန် ထင်မြင်၍ နေမှုနှင့် ပုထုဇဉ်သတ္တဝါတို့၏ စိတ်မှာ နိမိတ်ကြီး ၂-ပါးထင်မြင်၍ နေမှု တူလှ၏၊ ရုပ်ဓာတ်, နာမ်ဓာတ်တို့သည်သာ အဟုတ်ရှိ အမှန်ရှိ ဖြစ်၏၊ ထိုအဟုတ်ရှိ အမှန်ရှိတို့ကား မျက်တောင်တခတ် လျှပ်တပြက်မျှ ခိုင်မြဲသော နိစ္စမျိုးမဟုတ်ကုန်၊ အလိုသို့ လိုက်ပါတတ်သော အတ္တမျိုးမဟုတ်ကုန်၊ အနိစ္စမျိုး, အနတ္တမျိုးတို့သာ ဖြစ်ကုန်၏၊ နိမိတ်ကြီး ၂-ပါးတို့ကား အဟုတ်ရှိ အမှန်ရှိ မဟုတ်၊ စိတ်ဝိညာဉ် ထင်ချင်တတ်တိုင်း ထင်မြင်၍နေသော အထည်ဒြပ်ကြီးဖြစ်၍ နိစ္စအနေ, အတ္တအနေ ထင်မြင်၍ နေကြကုန်၏။

နိမိတ်ကြီး ၂ပါး ဆိုသည်ကား အထည်ဒြပ် မဟုတ်သော ရုပ်ဓာတ်, နာမ်ဓာတ်ကိုပင် အထည်ဒြပ်ပြုလုပ်၍ ထင်မြင်သော အမှုတည်း၊ အရူးသည် ကောင်းကင်ကြီးငယ်ကို ရေဟူ၍ အတပ်ထင်မြင်၏၊ အရူးထင်သည် အတိုင်း ရေမဟုတ်သည့် အတွက်ကြောင့် ရေကိစ္စဉ် အသုံး သက်သက်မကျ၊ ရေဟု ထင်မြင်ချက်နှင့် အမက်ကြီး အစွဲကြီး တခု ဖြစ်နေရုံမျှသာရှိ၏၊ ထို့အတူ သတ္တဝါတို့သည် ရုပ်ဓာတ်, နာမ်ဓာတ်တို့ကို နိမိတ်ကြီး ၂-ပါးပြုလုပ်၍ နိစ္စ, အတ္တထင်မြင်၍ နေကြကုန်၏၊ သတ္တဝါတို့ ထင်မြင်သည့် အတိုင်း မဟုတ်သည့် အတွက်ကြောင့် ထိုရုပ်ဓာတ်, နာမ်ဓာတ်တို့သည် နိစ္စကိစ္စ, အတ္တကိစ္စနှင့် သက်သက်အသုံးမကျကုန်။

နိစ္စကိစ္စ, အတ္တကိစ္စ ဆိုသည်ကား- စောင့်ရှောက်မှု, ထောက်ပံ့မှု, မွေးမြူပြုပြင်မှုတို့နှင့် အချင်းခပ်သိမ်း လွတ်ကင်း၍ အနှစ် ၁-ရာ, အနှစ် ၁-ထောင်

စသည်ဖြင့် သတ္တဝါတို့ အလိုရှိသမျှ ကာလပတ်လုံး မိုးကြိုးပင် ပစ်သော်လည်း ဖောက်ပြန်ခြင်းမရှိပဲ ပကတိအတိုင်း တည်နေမှုသည် နိစ္စကိစ္စ, အတ္တကိစ္စမည်၏၊ ရှပ်ခန္ဓာ, နာမ်ခန္ဓာတို့၌ ထိုကိစ္စ ၂-ချက် သက်သက်မရှိ။

ဆီမီးတောက် ဥပမာ

မီးစာ,ဆီ, ရေနံဆီတို့ကို အစွဲပြု၍ ဖြစ်ရ, တည်နေရသော မီးတောက်သည် မီးစာ, ဆီ, ရေနံဆီတို့ လျော့ပါးကုန်လျှင် လျော့ပါးရတော့သည်၊ မီးစာ, ဆီ,ရေနံဆီတို့ ကုန်ဆုံးလျှင် သေဆုံးရတော့သည်၊ မီးစာ, ဆီ, ရေနံဆီတို့နှင့် ကင်း၍ ပကတိအနေနှင့် မျက်တောင် တခတ်စာမျှ တည်တံ့၍ မနေနိုင်၊ သေရလေ၏။

မီးစာ, ဆီ, ရေနံဆီတို့ပင် အပြည့်အစုံ ရှိကြကုန်သော်လည်း လေ, ရေ-အစရှိသော အန္တရာယ် ဖျက်ဆီးပြန်လျှင် ခဏချင်းသေဆုံးပြန်သည်။

ထိုနှင့်ထပ်တူ သတ္တဝါတို့ ရှမ်ခန္ဓာ, နာမ်ခန္ဓာတို့သည် အမိဝမ်း၌, အမိကိုယ်၌ ဖြစ်ကုန်သော ဥတု, အာဟာရတို့ကို အစွဲပြု၍ ဖြစ်ရ, တည်ရကုန်၏၊ ထိုဥတု, အာဟာရတို့နှင့် ကင်း၍ မျက်တောင် တခတ်စာမျှ တည်တံ့စွာ မနေနိုင်၊ ပျက်ဆုံးရကုန်၏၊ ဖွားမြင်သည်မှု နောက်၌လည်း ထမင်းအစာရေစာတို့မှု ဖြစ်ကုန်သော ဥတု, အာဟာရတို့ကို အစွဲပြု၍ ဖြစ်ရ တည်ရကုန်၏၊ ထိုဥတု, အာဟာရတို့နှင့် ကင်း၍ မျက်တောင် တခတ်စာမျှ အဇျတ္တခန္ဓာတို့သည် တည်တံ့စွာ မနေနိုင်ကုန်၊ ပျက်ဆုံးရကုန်၏။

ထို ဥတု, အာဟာရတို့ ထောက်ပံ့မှု ရှိနေကုန်သော်လည်း ကိုယ်တွင်း အန္တရာယ်, ကိုယ်ပအန္တရာယ်တို့ အပြင်းအထန် ထီပါးခဲ့ပြန်လျှင် ခဏချင်း ပျက်ဆုံးရပြန်ကုန်၏။

ကိုယ်တွင်း၌ ထမင်းရေစာတို့မှု ဖြစ်ပွားသော ဥတု-ဟူသော ဓာတ်မီး, အာဟာရ-ဟူသော ဓာတ်ဆီတို့နှင့် ကင်းလျက် လည်းကောင်း, အတွင်းအပ အန္တရာယ် ပြင်းထန်စွာ ထိပါးလျက် လည်းကောင်း, ဖောက်ပြန်ခြင်း မရှိပဲ မိမိတို့၏ နိစ္စဂုဏ်သတ္တိ အစွမ်းနှင့်သော် လည်းကောင်း, သတ္တဝါတို့၏ အလိုသို့ လိုက်ပါမှု- ဟူသော အတ္တဂုဏ်- သတ္တိအစွမ်းနှင့်သော် လည်းကောင်း ပကတိ အနေအားဖြင့် မျက်တောင် တခတ်စာမျှ တည်နေနိုင်မှု မရှိကြလေကုန်။

ဤလောကတွင် ရေသတ္တဝါ, ကုန်းသတ္တဝါတို့၌ အသက်မွေးမှု ကိစ္စ, အစာအာဟာရ ရှာမှီးစားသောက်မှုကိစ္စ, ကိုယ်တွင်းကိုယ်ပ ဘေးအန္တရာယ်

တို့ကို အမြဲသတိပြုမှု ကိစ္စ၊ ဤသခ်ၢါရဒုက္ခ ကိစ္စကြီးတို့နှင့် နေ့ရက်ရှိသမျှ ကြပ်တည်းစွာ ကြောင့်ကြစိုက်ထုတ်၍ နေကြရသည်ကား ဒိဋ္ဌမျက်မြင် ပေတည်း။

ထိုသခ်ၢါရဒုက္ခ ကိစ္စကြီးတို့ကို လွတ်ထား၍ မိမိခန္ဓာတို့၏ နိစ္စဂုဏ်သတ္တိ, အတ္တဂုဏ် သတ္တိသက်သက်နှင့် တသက်လုံး တည်နေနိုင်သောသူဟူ၍ လောကဌ် တစုံတယောက်မျှမရှိ၊ ဘနေ့ တရက်မျှ မနေနိုင်ကြ၊ ကကြီပ်မှိုဝဲသော အစာ အာဟာရဓာတ်ဆိ၏ တကိုယ်လုံး ပျံ့နှံ့ထောက်ပံ့မှုဆည် လူတို့၌ ၇-ရက်ဟူ၏၊ နတ်တို့၌ ၁-လ, ၂-လဟူ၏၊ ထိုဓာတ်ဆိ အလျှဉ်ပြတ်သည်နောက် မျက်တောင် တခတ်မျှ အဘွဲ့ဟူခန္ဓာတို့ မဘည်နိုင်ကုန်၊ ဥတုဇရူပ်ကြမ်းတို့သည်သာ သူသေ ကောင်အဖြစ်နှင့် ကျန်ရစ်ကုန်တော့သည်။

နိမိတ်ကြီး ၂-ပါးတို့သည် ထိုခန္ဓာတို့၏ ထိုကဲ့သို့သော ပျက်ဆုံးမှုကို အကျုံးမှုမျှ တားမြစ် ခုခံနိုင်ကြသည် မဟုတ်ကုန်၊ ဤသတ္တဝါ အပေါင်းတို့ သည်မူကား သခ်ၢါရ ဒုက္ခမှုကြီးတွေနှင့် အကြပ်အတည်း ကြောင့်ကြစိုက်နိုင်လျှ၍ ခန္ဓာအစဉ်မပြတ်ပဲ နှစ်လရှည်ကြာ အသက်ရှည်၍ နေကြရပါသည်ကို နိမိတ် ကြီးတို့၏ နိစ္စအစွမ်း, အတ္တအစွမ်း, ဇီဝအစွမ်း-ဟု ထင်မှတ် မှောက်မှား၍ နေကြကုန်၏၊ ခန္ဓာတို့သည် လည်းကောင်း, နိမိတ်တို့သည် လည်းကောင်း အကယ်၍ အလိုလိုက်မှု-ဟူသော အတ္တအစွမ်းရှိကြကုန်သည်ဖြစ်အံ့၊ ထို ခန္ဓာ နိမိတ်တို့သည် ပြိုပြင်မှုနှင့် ကင်းရှင်းပင် သတ္တဝါတို့ နေလိုသမျှ နှစ်,လမျှားစွာ ၁-ရာ ၁-ထောင် စသည် တည်နေကြကုန်ရာသည်။

သတ္တဝါတို့၏ အလိုသက်သက်နှင့် ၁-ရက် ၁-နာရီ တည်နေကြသည် မဟုတ်ကုန်၊ ထို့ကြောင့် အတ္တအစွမ်းဟူ၍ အကျုံးမှုမျှ မရှိကြသည်ကို မုချ သိမြင်နိုင်၏။

အကယ်၍ ၁-နေ့, ၁-ရက် ရှည်နိုင်သော အသက် ဇီဝ ရှိကြကုန်သည် ဖြစ်အံ့၊ ၁-နေ့, ၁-ရက်အတွင်းမှာ မိုးကြိုး ၁၀၀-ဆိုင်၍ ပစ်သော်လည်း ထိုခန္ဓာတို့ မပျက်ကုန်ရာ၊ အကယ်၍ ၁-ရက်, ၂-ရက် ရှည်နိုင်သော အသက်, ၃-ရက် ရှည်နိုင်သော အသက်, ၁-လ ရှည်နိုင်သော အသက်-စသည် ဆိုလေ၊ အကယ်၍ အနှစ် ၁၀၀-ရှည်နိုင်သော အသက် ဇီဝ ရှိကုန်သည် ဖြစ်အံ့၊ ထိုခန္ဓာ ထိုနိမိတ်တို့သည် ပြိုပြင် မေ့မြှုပ်မှုနှင့် ကင်းရှင်းပင် အနှစ် ၁၀၀-ရှည်နိုင်ကုန်ရာ၏။

[ဒုတိယအပြိုင်]

အနှစ် ၁၀၀-၏အတွင်းမှာ မိုးကြိုး ၁၀၀-ပင် ဆိုင်၍ ပစ်သော်လည်း မပျက်နိုင်ကြကုန်ရာ၊ ထိုသို့ မပျက်နိုင်ကုန်သည်ကား မဟုတ်၊ အာဟာရ အလျဉ် ပြတ်ခဲ့လျှင် ဘယ်အခါမဆို ပျက်ဆုံးကြကုန်၏၊ အန္တရာယ် ပြင်းထန်စွာ ထိခိုက်လျှင်လည်း ဘယ်အခါမဆို ပျက်ဆုံးကြကုန်၏၊ ထို့ကြောင့် ၁-နာရီ ရှည်နိုင်သော အသက် ဇီဝ ဟူ၍ အဏုမြူမျှမရှိ၊ ၁-ရက်စသည် ရှည်နိုင်သော အသက် ဇီဝမှာ ဝေးစွ၊ စောင့်ရှောက်မှု, မွေးမြူမှု, ပြုပြင်မှု အစွမ်းသက်သက်နှင့်သာ နေ့, ရက်, လ, နှစ် အရှည် တည်ရှိနိုင်ကြကုန်သည်ဟု မုချသိရာ၏။

ခန္ဓာတို့သည် အတ္တဟုတ်ပါကုန်၏၊ အတ္တမှန်ပါကုန်၏၊ ကောင်းကောင်း ပြုပြင်၍ ပေးခဲ့ပါလျှင် အန္တရာယ်လည်း ကင်းခဲ့ပါလျှင် အသက်တမ်း ရှိသမျှ ပြည့်မီရုံ အလိုသို့ လိုက်ပါကုန်၏၊ ခန္ဓာတို့သည် ပုဂ္ဂိုလ် ဟုတ်ပါကုန်၏၊ သတ္တဝါ ဟုတ်ပါကုန်၏၊ ငါဟုတ်ပါကုန်၏၊ ငါဟုတ်သောကြောင့်ပင်လျှင် ငါ့အလိုသို့ လိုက်ပါကုန်၏၊ ခန္ဓာတို့ကို ငါအစိုးရပါ၏၊ ငါ့ကိုယ် ဟုတ်ပါ၏၊ ငါနှင့်ခန္ဓာ တခုတည်းပင်ဖြစ်၏၊ ငါ့အလိုသို့ လိုက်ကြပုံကား တသက်လုံး ငါ၏ခန္ဓာတို့နှင့်ပင် ငါအလိုရှိရာ ပြုလုပ်၍ လာခဲ့သည်၊ ရှေ့အဖို့လည်း အသက်ရှိသမျှ ဆာလပတ်လုံး ငါ့ခန္ဓာတို့နှင့်ပင် ငါအလိုရှိရာ ပြုလုပ်၍သွားရပါလိမ့်ဦးမည်ဟု ဆိုကြကုန်ငြားအံ့။

ထိုစကား၌ ကောင်းကောင်း ပြုပြင်၍ပေးခဲ့လျှင်, အန္တရာယ်လည်း ကင်းခဲ့ပါလျှင် အသက်တမ်းရှိသမျှ ပြည့်မီရုံ အလိုသို့ လိုက်ပါကုန်၏-ဟူသော အဆိုမှာ ပြုပြင်၍ပေးမှပင် အလိုသို့ လိုက်နိုင်ကြကုန်သည်၊ ပြုပြင်၍ မပေးခဲ့လျှင် အလိုသို့ မလိုက်နိုင်ကြကုန်-ဟု ဆိုရာကြ၏၊ အလို၏ အစွမ်းနှင့် အလိုရှိတိုင်း မပြီးစီးနိုင်သောကြောင့် ပြုပြင်မှုကို ပဓာနထား၏၊ အလိုသို့ လိုက်သော အခြင်းအရာ ထင်မြင်ရသည်မှာ ပြုပြင်မှု၏ အစွမ်းသက်သက်သာ အလို၏ အစွမ်းမဟုတ်၊ အလိုသို့လိုက်မှုဆိုသည်မှာ စိတ်ထင်သက်သက်သာဟု ထိုစကားနှင့်ပင် ထင်ရှားပြီးဖြစ်သတည်း၊ သိမ်မွေ့လှ၏။

ခန္ဓာတို့သည် ပုဂ္ဂိုလ် ဟုတ်ပါကုန်၏၊ သတ္တဝါ ဟုတ်ပါကုန်၏၊ ငါဟုတ်ပါကုန်၏-ဟူသော စကား၌ နိမိတ်ကြီး ၂-ပါးတို့သည် ခန္ဓာဟုတ်ကြပါကုန်လျှင် ဓာတ်ကြီး ၄-ပါး ဟုတ်ကြပါကုန်လျှင် ခန္ဓာတို့သည် ပုဂ္ဂိုလ်, သတ္တဝါ, ငါဟုတ်ကြပေကုန်ရာ၏၊ နိမိတ်ကြီးတို့သည် ခန္ဓာမဟုတ်၊ ဓာတ်ကြီး ၄-ပါး မဟုတ်၊ ဘာမှမဟုတ်ကုန်၊ ကောင်းကင်ကို ရေပြင်=ဟု အရှုး၏ စိတ်ဖောက်

ပြန်မှန်ထပ်တူ မိမိတို့ စိတ်ဝိညာဉ် လှည့်စားမှုသက်သက် ဖြစ်ကြောင်းကို ရှေးဦး ထင်ရှားစွာ ပြဆိုခဲ့ပြီ၊ အနိစ္စမျိုးဖြစ်သော ခန္ဓာတို့ ဓာတ်တို့ကို နိစ္စမျိုး ဖြစ်သော နိမိတ်ကြီး ၂-ပါးတို့ လွှမ်းခြုံ၍ နေကုန်၏၊ နိမိတ်ကြီး ၂-ပါး တို့၏အပေါ်မှာ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျား, မိန်းမ-ဟူသော သတ္တပညတ်ကြီး ထပ်ဆင့်၍နေ၏၊ သိမ်မွေ့စွာ။

မြှောင်နှင့်မီးရောင် ဥပမာကဲ့သို့ ဓာတ်ကြီး ၄-ပါးတို့ကို ဥပါဒ်စွန်း, ဘင်စွန်းတို့နှင့်တကွ ထင်ရှားစွာ မြင်နိုင်ကြမှ ထိုနိမိတ္တပညတ်, သတ္တပညတ်တို့ အလိုလို ကွယ်ပျောက်ကုန်သတည်း၊ ခန္ဓာတို့ ငါဟုတ်သောကြောင့်ပင်လျှင် ငါ့အလိုသို့ လိုက်ပါကုန်၏၊ ငါတသက်လုံး ငါ့ခန္ဓာတို့နှင့်ပင်လျှင် ငါအလို ရှိရာ ပြုလုပ်၍ လာခဲ့သည်ဟူသော စကားဌ နောက်နောက် နေ့ရက်တို့ဌ အလိုရှိရာ ကြမ္ဘာ, ဖန်မှု, ပြောမှု, ဆိုမှု, ကိုယ်အင်္ဂါကြီးငယ် လှုပ်ရှား သွားလာ ပြုလုပ်မှု အလုံးစုံတို့သည် ရှေးရှေးနေ့ရက်တို့က အစာရေစာ စသည်တို့နှင့် မေးမြှူပြုပြင်မှုတို့၏ အစွမ်းကြောင့်သာ နောက်နောက် နေ့ရက်တို့မှာ ဖြစ်ပေါ်နိုင်ကုန်၏၊ အလို၏ အစွမ်းသတ္တိကြောင့် အလိုသို့ လိုက်နိုင်ကြသော အစွမ်းဏ်ကြကုန်၍ နောက်နောက် နေ့ရက်တို့ဌ ဖြစ်ပေါ်နိုင်ကုန်သည် မဟုတ်၊ ရှေးရှေးနေ့ရက်တို့ဌ မေးမြှူပြုပြင်မှု မရှိပါမူကား အဋ္ဌတ္တာခန္ဓာ ၅-ပါးတို့သည် ရှေးရှေးနေ့ရက်တို့ဌ အမိုဝမ်းက ဖွားမြင်စမှာဖင် ချုပ်ပျက်ကုန်ဆုံး ကြကုန်ရာ၏၊ နောက်နောက်နေ့ရက်သို့ မရောက်လာကြကုန်ရာပြီ၊ မျက်မြင်ကဲ့သို့ပင် ထင်ရှားလှပါ၏။

ဆိုဖွယ်အထူးကား

သင်္ခါရတရားမျိုးမည်သည် ဘယ်လိုပြုလျှင် ဘယ်လိုဖြစ်၏-ဟု သိ၍အလို ရှိရာ ဖြစ်လာရန် ပြုပြင်၍ ပေးလျှင် အလိုရှိရာ ဖြစ်လာ၏၊ ပြုပြင်မှုနှင့်ကင်း၍ အလိုသက်သက်နှင့် ဖြစ်လာသည်မရှိ၊ မနွာတ်မင်းကြီးသည် လက်ပမ်းပေါက် ခတ်လိုက်လျှင် ကောင်းကင်မှ ရတနာမိုး ရွာလာရသည်-ဟူရာ၌ ထိုသို့ဖြစ်နိုင်ရန် ရှေးရှေးဘဝ တို့၌ ကံအထူးကိုပြုမှု, လက်ပမ်းပေါက်ခတ်မှု - ဟူသော ပြုပြင်မှုသာ ရတနာမိုးရွာမှု ဖြစ်လာသည်၊ အလိုသက်သက်ဖြင့် ဖြစ်လာနိုင်သည် မဟုတ်။

၁။ ဘယ်အမှုကို ပြုလျှင် ဘယ်ဟာ ဖြစ်လာ၏ဟု သိမှုတို့ကား သညာ, ဝိညာဉ်, ပညာတို့ပေတည်း။

၂။ ပြုပြင်မှုတို့ကား စေတနာ, ဝီရိယတို့ပေတည်း။

[နေ့ချီးသစ်ပြင်]

ထိုတရားတို့သည် နိမိတ္တပညတ်မျိုးလည်း မဟုတ်ကုန်၊ ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ, ပညတ်မျိုးလည်း မဟုတ်ကုန်၊ တထိုင်တွင်း, တနာရီတွင်းမျှပင် အခါ၁-ထုမက ချုပ်ပျောက်ပျက်ဆုံးမှု အမြဲရှိနေကြကုန်သော ပရမတ်ဓာတ်မျိုး, အနိစ္စဓာတ်မျိုးတို့သာတည်း၊ ထို့ကြောင့် ထိုဓာတ်တို့လည်း တစုံတခုကိုမျှ သိတတ် ပြုပြင်တတ်သော ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်ကြကုန်၊ ထိုဓာတ်တို့မှ တပါးလည်း တစုံတခုကိုမျှ သိတတ် ပြုပြင်တတ်သော ပုဂ္ဂိုလ်, သတ္တဝါ-ဟူ၍ အသီးအခြား မရှိပြီ၊ သိမ်မွေ့လှ၏၊ သညာ, ဝိညာဉ်, ပညာ, စေတနာ, ဝီရိယတို့ကို ဓာတ်အသီးအခြားအနေနှင့် ဉာဏ်အမြင်ပေါက်ခဲ့လျှင် ဤအချက်ကြီး ချောမောလတ္တံ့။

[ဤတွင်ရှေ့ကား ဆံပင်မှကြွင်းသော ပထဝီကောဋ္ဌာသတို့တွင် အရေ,အသား, အရိုးအစရှိသော ကောဋ္ဌာသကြီးတို့၌ နိမိတ်ကြီး ၂-ပါး ကြီးကျယ်လှသည်ဖြစ်၍ နိစ္စ, ခုဝ, ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ အထင်အမြင်တို့ကို ပယ်ဖျောက်ရန် အလွန်ခဲယဉ်းလှသောကြောင့် ခက်ဆစ်ခက်ပိုင်းတို့နှင့်ထက္ခ နိမိတ်ကြီး ၂-ပါး ပယ်ရှားနည်းကို အထပ်ထပ် ပြဆိုလိုက်သည်၊ အရေ, အသား, အရိုး, ဥဒေါ်ကောက်, အဆုတ်, အသည်း, နှလုံး, အူမ, အူသိမ်, ဤ ၆-ပါးသည် လိုရင်းတည်း။

(င) ဓာတ်ကြီး၄-ပါးနှင့် ဘာဝနာကိစ္စပြီးနိုင်ပုံ

ရူပ်အင္ဒစ်သဟူ ဆိုအပ်သော ရူပကွန္ဓာ တရားအမျှားရှိပါလျက် ဓာတ် ၄-ပါးကိုသာ ပြဆိုသည်မှာ ဓာတ် ၄-ပါးနှင့်ပင် ဝိပဿနာ ကိစ္စ ပြီးစီးနိုင်ကြောင်းကို စတုက္ကအဂ္ဂိတ္ထိရ်ပါဠိတော်၌ ဟောတော်မူချက် ရှိသောကြောင့် တည်း။

(ဏ) အထ ဓာဒါ အာယသ္မာ ရာဟုလော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတ္မာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နံ ခေါ အာယသ္မန္တံ ရာဟုလံ ဘဂဝါ တေဒဝေါစ ယာ စ ရာဟုလ အဗ္ဗတ္ထိကာ ပထဝီဓာတု၊ ယာ စ ဗာဟိရာ ပထဝီဓာတု၊ ပထဝီဓာတုယေဝ သာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ နေသော မေ အတ္တာတိ ယထာဘူတံ သမ္မာပညာယ ဒဋ္ဌဗ္ဗံ၊ ဧဝမေတံ ယထာဘူတံ သမ္မာ ပညာယ ဒိသ္မာ ပထဝီဓာတုယာ နိဗ္ဗိန္ဒတိ၊ ပထဝီ ဓာတုယာ စိတ္တံ ဝိရာဇေတိ။

(ခ) ယာ စ ရာဟုလ အဗ္ဗတ္ထိကာ အာပေါဓာတု၊ ယာ စ ဗာဟိရာ အာပေါ●ဓာတု၊ အာပေါ●ဓာတု ယေဝေသာ၊ နေတံ မမ၊

နေသောဟမသို့၊နေသော မေ အတ္တာတိ ယထာဘူတံ သမ္မာပညာယ ဒဋ္ဌဗ္ဗံ၊ ဝေမေတံ ယထာဘူတံ သမ္မာ ပညာယ ဒိသ္မာ အာပေါ ဓာတုယာ နိဗ္ဗိန္ဒတိ၊ အာပေါဓာတုယာ စိတ္တံ ဝိရာဇေတိ။

(ဂ) ယာ စ ရာဟုလ အဗ္ဗတ္ထိကာ တေဇောဓာတု၊ ယာ စ ဗာဟိရာ တေဇောဓာတု၊ တေဇောဓာတု ယေဝေသာ၊ နေတံ မမ၊ နေသောဟမသို့၊နေသော မေ အတ္တာတိ ယထာဘူတံ သမ္မာပညာယ ဒဋ္ဌဗ္ဗံ၊ ဝေမေတံ ယထာဘူတံ သမ္မာ ပညာယ ဒိသ္မာ တေဇော ဓာတုယာ နိဗ္ဗိန္ဒတိ၊ တေဇောဓာတုယာ စိတ္တံ ဝိရာဇေတိ။

(ဃ) ယာ စ ရာဟုလ အဗ္ဗတ္ထိကာ ဝါယောဓာတု၊ ယာ စ ဗာဟိရာ ဝါယောဓာတု၊ ဝါယောဓာတုယေဝေသာ၊ နေတံ မမ၊ နေသော ဟမသို့၊ နေသော မေ အတ္တာတိ ယထာဘူတံ သမ္မာ ပညာယ ဒဋ္ဌဗ္ဗံ၊ ဝေမေတံ ယထာဘူတံ သမ္မာပညာယ ဒိသ္မာ ဝါယော ဓာတုယာ နိဗ္ဗိန္ဒတိ၊ ဝါယောဓာတုယာ စိတ္တံ ဝိရာဇေတိ။

(င) ယတော ခေါ ရာဟုလ ဘိက္ခု ဣမာသု စတသ္သု ဓာတူသု နေဝတ္တာနံ နာ အတ္တနိယံ သမနုပဿတိ၊ အယံ ဝုစ္စတိ ရာဟုလ သမ္မဒသော ဘိက္ခု၊ အစ္ဆိဒ္ဒိ တဏှံ၊ ဝိဝဋ္ဋယိ သံယောဇနံ၊ သမ္မာ မာနာ ဘိသမယာ အန္တမကာသိ ဒုက္ခဿာတိ။

အနက်ကား

(ဂ) အထ ခေါ၊ ထိုအခါ၌။ အာယသ္မာ ရာဟုလော၊ အရှင်ရာဟုလာ သည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထို ဘုရားရှိတော်မူရာ အရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတ္မာ၊ ကပ်လေပြီးမှ။ ကေမန္တံ၊ သင့်တင့်သော အရပ်၌။ နိသီဒိ၊ နေ၏။ ကေမန္တံ၊ တင့်သင့်သော အရပ်၌။ နိသိန္နံ ခေါ၊ နေပြီးသော။ အာယသ္မန္တံ ရာဟုလံ၊ အရှင်ရာဟုလာကို ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတဝေါ၊ ဤဆိုလတ္တံ့သော စကားတော်ကို။ အဝေါစ၊ မိန့်တော်မူ၏။ ရာဟုလ၊ ရာဟုလာ။ အဗ္ဗတ္ထိကာ၊ အဗ္ဗတ္ထသန္ဓာန်၌ ဖြစ်သော။ ယာ စ ပထဝီဓာတု၊ အကြင်ပထဝီဓာတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ ဗာဟိရာ၊ အပသန္ဓာန်၌ ဖြစ်သော။ ယာ စ ပထဝီဓာတု၊ အကြင် ပထဝီဓာတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤပထဝီဓာတ် ၂-မျိုးသည်။ ပထဝီဓာတုယေဝ၊ မြေသဘော သက်

အက်သာတည်း။ ဧတံ၊ ဤပထဝီဓာတ် ၂-မျိုးသည်။ နမမ၊ ငါပိုင်ဥစ္စာမဟုတ်။ ဧသော၊ ဤပထဝီဓာတ် ၂-မျိုးသည်။ နအဟမသ္မိ၊ ငါမဟုတ်။ ဧသော၊ ဤပထဝီဓာတ် ၂-မျိုးသည်။ နမေအတ္တာ၊ ငါ၏အတ္တမဟုတ်။ ဣတိဝံ၊ ဤသို့။ ဧတံ၊ ဤပထဝီဓာတ် ၂-မျိုးလုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဧဝံ၊ ဤသို့။ ဧတံ၊ ဤပထဝီဓာတ် ၂-မျိုးလုံးကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဒိသ္ဒာ၊ မြင်၍။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ၏။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၌။ စိတ္တံ၊ စိတ်သည်။ ဝိရာဇေတိ၊ တပ်ခြင်းကင်း၏။

[ခ, ဂ, ဃ:နောက်ဓာတ်ကြီး ၃-ဝါကျ၌လည်း ဤနည်းတူ အနက်ပေးလေ။]

(င) ရာဟုလ၊ ရာဟုလာ။ ယတော၊ အကြင်အခါ၌။ ဘိက္ခု၊ ရဟန်းသည်။ စတူသု၊ ၄-ပါး ကုန်သော။ ဣမာသု ဓာတူသု၊ ဤဓာတ်တို့၌။ နေဝတ္တာနံ အနှစ်သာရ အတ္တမဟုတ်သည်ကို။ နအတ္တနိယံ၊ ကိုယ်နှင့် မစပ်သည်ကို။ သမနုပဿတိ၊ ကောင်းစွာ မြင်၏။ ရာဟုလ၊ ရာဟုလာ။ အယံ ဘိက္ခု၊ ဤသို့ မြင်သော ရဟန်းကို။ သမ္မဒသော၊ ကောင်းစွာမြင်သော ရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တဏှံ၊ တဏှာသည်။ အစ္ဆဇ္ဇိ၊ ပြတ်ပြီ။ သံယောဇနံ၊ သံယောဇဉ်သည်။ ဝိဝဋ္ဌယိ၊ ပြီးပြတ်ပြီ။ သမ္မာ၊ ကောင်းစွာ။ မာနာဘိသမယာ၊ မာနကို ပယ်နိုင်ခြင်းကြောင့်။ ဒုက္ခဿ၊ အမျိုးမျိုးသော ဝဋ္ဌဆင်းရဲ၏။ အန္တံ၊ အဆုံးကို။ အကာသိ၊ ပြုနိုင်ပြီ။

ပထဝီဓာတုယေဒေသာ ပါဠိ၌ အဓိပ္ပါယ်ကား

မြေကြီး, တော, တောင် စသည်တို့၌ ရှိသော ဗာဟိရပထဝီသည်လည်း ငါပိုင်ဥစ္စာမဟုတ်၊ ငါလည်းမဟုတ်၊ ငါ့အတ္တလည်းမဟုတ်-ဟု ထင်ရှား၏သို့ ထို့အတူ မိမိ မိမိတို့၏ အဇျတ္တသဏ္ဌာန်၌ရှိသော ဓက်မာမှု ကိရိယာကိုလည်း ငါပိုင်ဥစ္စာမဟုတ်၊ ငါလည်းမဟုတ်၊ ငါ၏ အတ္တလည်းမဟုတ်-ဟု ဉာဏ်အမြင်၌ ထင်ရှားစေရမည်၊ ပထဝီ ၂-မျိုး ထပ်တူကျစေရမည်၊ အဇျတ္တပထဝီကို ပုဂ္ဂိုလ်, သတ္တဝါ, ငါဖြစ်၍ မနေစေနှင့်၊ ငါ၏ ဥစ္စာဖြစ်၍ မနေစေနှင့်၊ ငါ၏ အတ္တဖြစ်၍ မနေစေနှင့်-ဟု ဝေကျောက်ကန် လျှာလိပ်သံ ပြင်းပြင်းနှင့် ခပ်တင်းတင်း ဟောတော်မူပေသတည်း။

[ရတိယအကြိမ်]

တနည်းတဖုံ ဓာတုမနသိကာရ ထူထောင်ရန်

သီလဝိသုဒ္ဓိ

အာဇီဝဋ္ဌမကသီလကို လုံခြုံစေ၍ ရှေးဦးစွာ သီလဝိသုဒ္ဓိနှင့် ပြည့်စုံရာ၏။

သီလဝိသုဒ္ဓိပြီး၏။

စိတ္တဝိသုဒ္ဓိ

စိတ္တဝိသုဒ္ဓိမှာ တတ်နိုင်လျှင် အထူးကောင်း၏၊ မတတ်နိုင်လျှင် နေရ၏၊ ဥပစာရ ဘာဝနာ, အပ္ပနာ ဘာဝနာ – ဟူသော စိတ္တဝိသုဒ္ဓိကို အသီး အခြားမလုပ်သော ယောဂီပုဂ္ဂိုလ်ကို သုက္ခဝိပဿက ယောဂီဟု ခေါ်သည်၊ သုဒ္ဓဝိပဿက ယောဂီလည်း ခေါ်၏၊ ယခု ကာလသည် သုက္ခဝိပဿက ခေတ်တည်း၊ ထို့ကြောင့် သီလဝိသုဒ္ဓိ နေရာကျလျှင် ဓာတုမနသိကာရ ထူထောင်ရမည်။

ထူထောင်ပုံကား

ဤကိုယ်၌ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်-ဟူ၍ ဓာတ်ကြီး ၄-ပါးရှိ၏။

မြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ်-ဟူ၍ ဓာတ်ကြီး ၄-ပါးရှိ၏– သော်လည်းဆို။

မြေ ၃–ပါး

ဤ၌ မြေသည် လောကမြေ, သုတ္တန်မြေ, ပရမတ်မြေ-ဟု ၃-မါးရှိ၏၊ ထိုတွင်–

၁။ လူအများသိကြသော သိလာပထဝီ, ပံသုပထဝီ၊ ဤမြေ ၂-ပါးသည် လောကမြေ မည်၏။

၂။ ဆံပင်, မွေးညင်း, ခြေသည်း လက်သည်း-အစရှိသော ဗထဝီဓာတ် ၂၀-မြေသည် သုတ္တန်မြေ မည်၏။

၃။ ဤမြေ ၂-ပါးကား အထည်ဒြပ် ထင်မြင်ရသော မြေမျိုးဖြစ်၍ ပရမတ်မြေ မဟုတ်၊ ပရမာဏုမြူ, အဏုမြူမျှပင် သော်လည်း အထည်ဒြပ် ထင်မြင်လျက် ရှိခဲ့လျှင် ပရမတ်မြေကို ဉာဏ်မထိ၊ ပညတ်သဏ္ဌာန်တွင် ဉာဏ်စိုက်၍ နေ၏၊ အထည်ဒြပ် မဟုတ်သော ခက်မာမှုကိရိယာ သက်သက်သည်သာ ပရမတ်မြေ, အဘိမွေခမြေ အစစ်တည်း။

လောကမြေ, သုတ္တန်မြေ ၂-ပါး၌ အနိစ္စလက္ခဏာရေး အစစ်မဝင်နိုင်၊ ပရမတ်မြေ အစစ်၌သာ အနိစ္စ လက္ခဏာရေး အစစ် ဝင်နိုင်သည်၊ အနိစ္စ လက္ခဏာရေး အစစ်ဆိုသည်ကား ၁-နာရီအတွင်းမှာပင် အခါများစွာ ပျက်မှု, ချုပ်မှု, သေဆုံးမှု, ကုန်ခန်းမှုတည်း၊ အထည်ဒြပ် သဏ္ဌာန်ကြီး ဖြစ်သော ဆံပင်မည်သည် ၁-နာရီ အတွင်းမှာ အခါများစွာ ချုပ်ပျက် ကုန်ဆုံးမည် ဝေးစွ၊ လူသေ၍မှ ဆံပင်မသေသေး၊ သုသာန်မြေမှာပင် တထွေးလုံးလုံး နေသေး၏၊ ဆံပင်၌ ခက်မာမှု ကိရိယာတမျိုးသည်ရှိ၏၊ ထိုကိရိယာသည်သာ လျှင် ပရမတ်မြေ အစစ်တည်း၊ ဆံပင်၌ ထိုမြေဓာတ် အစစ်သည်မူကား ၁-နာရီအတွင်းမှာပင် အခါများစွာ ပျက်ချုပ်၏၊ သေ၏, ဆုံး၏, ကုန်၏, ခန်း၏, ကွယ်ပျောက်၏။

ပျက်ပုံကား....ထင်ရှားစေခြင်းငှာ ဉာဏ်ဖြင့် ဆံပင်ကို ခွေ၍ကြည့်၊ မြေဓာတ်စစ် မပျက်ခဲ့လျှင် ကိုင်း၍ ညွတ်၍ပင် မရ၊ ပကတိအတိုင်း တောင့်တင်းခိုင်မာ၍ ခံနေလတ္တံ့၊ ကိုင်း၍ ညွတ်၍ ရခဲ့လျှင် ဆံပင်အတွင်း၌ နဂိုမြေဓာတ်တွေ မြေ့မြေ့ ကြေပျောက် ပျက်ဆုံး၍ ကုန်ပြီ-ဟု သိအပ်၏၊ ဉာဏ်စိုက်မိခဲစွ၊ ပရမတ် မြေဓာတ် စစ်မည်သည် ခက်မာမှု ကိရိယာမျှကိုသာ ဆိုသောကြောင့် ဆံပင်ကိုခွေရာ၌ ထိုဆံပင်အတွင်းမှာ ကိရိယာ အပြောင်း အလဲကို မြင်အောင်ကြည့်ရသည်။

ကိရိယာပြောင်းလဲမှု ဆိုသည်ကား။ ။မာမှုကိရိယာ အခြေအနေ တမျိုး တမျိုး ပျက်၍ ပျက်၍ မာမှုကိရိယာ အသစ် အသစ် အဆင့်ဆင့် ဖြစ်ပေါ်၍ သွားမှုကို ကိရိယာပြောင်းလဲမှု ဆိုသည်။

ကိရိယာပြောင်းလဲမှု ထင်မြင်ခဲ့လျှင် ကိရိယာဟောင်း ပျက်ဆုံးမှု အဆင့်ဆင့် ကေန်ရှိ၏၊ ပျက်ဆုံးမှု မရှိခဲ့လျှင် ပြောင်းလဲမှု မရှိနိုင်၊ ကိရိယာဟောင်း ပျက်ဆုံးမှု အဆင့်ဆင့်တို့နှင့် ကိရိယာသစ်ဖြစ်ပေါ်မှု အဆင့်ဆင့်တို့၏ အကူး အကူး အကြား အကြားတို့၌ အာကာသဓာတ် အခြား, အခြားကိုလည်း ဉာဏ်နှင့် မြင်အောင်ကြည့်၊ အာကာသဓာတ်ကို မြင်တတ်မှ သန္တတိအမျှင် ပြတ်မည်။

ဤ၌ ကိရိယာဟောင်း အဆင့်ဆင့် ကုန်ဆုံးပျောက်ကွယ်မှုကို အနိစ္စလက္ခဏာ အစစ်ဆိုသည်၊ ဤကိစ္စကိုမြင်နိုင်မှ ဝိပဿနာဉာဏ် အစစ်ဖြစ်သည်၊ ဓာတ်၏ ပျက်ခြင်း, ဓာတ်၏ ချုပ်ခြင်း, ဓာတ်၏သေခြင်း, ဓာတ်၏ဆုံးခြင်း, ဓာတ်၏

ကုန်ခန်းခြင်းကို အနိစ္စဆိုသည်၊ မရဏ အစစ်ပေတည်း၊ ဤ မရဏ အစစ်ကို မြင်မှ ဝိပဿနာဉာဏ် အစစ်ဖြစ်သည်။

[ဤကား ဆံပင်၌ ပရမတ် ပြေခဲတတ် အစစ်ကို ပြဆိုချက်ထည်း၊ ဤနည်းကိုမှီ၍ ရေခဲတတ်, မီးခဲတတ်, လေခဲတတ်တို့၌လည်း လောက, သုဒ္ဓန်, ပရမတ်စစ် ၃းပါး ၃-ပါးစီထုတ်၍ ပရတော်ခေါ်စစ် ခွဲနည်း, အနိစ္စလက္ခဏာ စစ်ခွဲနည်း, ဝိပဿနာဉာဏ် စစ်ခွဲနည်းကို သိလေ။]

ပရမတ်ခေါ်စစ် ခရစောတ်နှစ်

ပရမတ် ခေါ်စစ်မျှကိုသာ ပြဆိုအံ့။ ။ထိုဆံပင်၌ ခက်မာမှုကိရိယာမျှသာ ဖြစ်သော ထိုမြေခေါ်စစ် အမျှားကို တခုနှင့်တခု ကပ်တွယ်ဖွဲ့စည်းမှုသည် ပရမတ်ရေခေါ် အစစ်မည်၏၊ ဤရေခေါ် ဖွဲ့စည်းမှုကြောင့် အထည်ခြုပ် မရှိသော ခက်မာမှု ကိရိယာသည် မျှားစွာ စုမိ ခဲမိကြသဖြင့် ဆံပင်သဏ္ဌာန် အထည်ခြုပ် ထင်မြင်ရ၏၊ ဤရေခေါ်၏ ပျက်မှုဖြစ်မှုမှာ မိမိ၏မှီရာမြေခေါ်နှင့် ဖြစ်အတူ, ပျက်အတူ ပါလေတော့သည်။

[ဤကား ဆံပင်၌ ရေခေါ်အစစ်ကို ပြဆိုချက်တည်း။]

ပရမတ်ခေါ်စစ် မီးခေါ်နှစ်

ထိုဆံပင်၌ ပူသောအခါ ပူမှုကိရိယာ သက်သက်သည်လည်းကောင်း, အေးသောအခါ အေးမှုကိရိယာ သက်သက်သည်လည်းကောင်း ပရမတ် မီးခေါ် အစစ်မည်၏၊ ဤမီးခေါ်ကိုပင် ကျမ်းဂန်တို့၌ ဥတုဟုဆိုသည်၊ မှီရာဝတ္ထုကို လောင်မှု အမြဲရှိသောကြောင့် မီးခေါ်သည်၊ မှီရာဝတ္ထုကို စွဲမိ လျှင် သားသမီးပေါက်ဖွားမှု အမြဲရှိသောကြောင့် ဥတု ခေါ်သည်၊ လောက မျက်မြင်ကို ကြည့်။

အဘယ်ကို လောင်သနည်း၊ မိမိမှီရာ မြေခေါ်ကို အမြဲလောင်သည်၊ မြေခေါ်ကား တေဇော၏ မီးစာတည်း၊ စိတ္တကွဏ ၁၇-ချက်ရှိလျှင် မီးစာ မြေခေါ် ကုန်မြဲတည်း၊ မီးစာကုန်လျှင် မီးကုန်မြဲ၊ ဥပါဒ်သည် နောက်ဌိတိ ရောက်လျှင် မြေခေါ်ကို စွဲမိခဲမိ၏၊ စွဲမိခဲမိသည်နှင့် တပြိုင်နက် သားသမီး ပေါက်ဖွား၏၊ ထိုသားသမီး ကလာပ်စုကို ဥတုဇကလာပ် ခေါ်သည်၊ ဤမီး ခေါ်၏ အမြဲလောင်မှု, အမြဲရွပ်သစ် ကလာပ်သစ် ပေါက်ဖွားမှုကို မြင်နိုင်ပါ မူကား ပကတိ ဆံပင်ပင် ဖြစ်မှု ပျက်မှု တရှုရှုနေသည်ကို မြင်လိမ့်မည်၊ ဆံပင်၌ မြင်လျှင်လည်း တကိုယ်လုံး၌ ဖြစ်မှုပျက်မှု တရှုရှုနေသည်ကို မြင်လိမ့်

မည်၊ ဤမီးဓာတ်၏ ပျက်မှုဖြစ်မှုသည်လည်း မီးစာမြေဓာတ်နှင့် ပျက်အတူ, ဖြစ်အတူပင်တည်း။

[ဤကား ဆံပင်၌ မီးဓာတ် အစစ်ကို ပြဆိုချက်တည်း။]

ပရမတ်ဓာတ်စစ် လေဓာတ်နှစ်

မီးရှိလျှင် အရှိန်ရှိမြဲဖြစ်၍ ထိုဆံပင်၌ မီးဓာတ်၏ အရှိန်ဖြစ်မှု, ကြွရွမှု ကိရိယာသက်သက်သည် လေဓာတ်စစ်မည်၏၊ လှုပ်ရှားခြင်းရှိမှ ထင်ရှားသည်၊ ပျက်မှုဖြစ်မှုမှာ တေဇောနှင့် တချက်တည်းပင်။

[ဤကား ဆံပင်၌ လေဓာတ်အစစ်ကို ပြဆိုချက်တည်း။]

ဒိဋ္ဌိဝိသုဒ္ဓိ

လွယ်လည်းလွယ်၏၊ ခက်လည်းခက်၏၊ ဉာဏ်စိုက်မိလျှင် လွယ်၏၊ ဉာဏ်မစိုက်မိလျှင် ခက်၏၊ ဤသို့လျှင် ဆံပင်၌ အမှုကြီး ၄-ပါး, ကိရိယာကြီး ၄-ပါးကို ၄ စိတ်ကွဲအောင် ဉာဏ်နှင့်ခွဲမှုသည် စတုဓာတု ၀၀ထွာန် မည်၏၊ ဆံပင်ခေါ်သော ဒြပ်သဏ္ဌာန် ဉာဏ်၌ ကွယ်ပျောက်၍သွားအောင် မြင်လေ ဉာဏ်၌ ဆံပင်ဒြပ်]သဏ္ဌာန် ကွယ်ပျောက်၍ ဓာတ်အစု သက်သက်သာ၊ မြင်သောအခါ ဆံပင်၌ အတ္တဟူ၍ စွဲလမ်းသော သက္ကာယဒိဋ္ဌိ ကွာလေ၏၊ ဆံပင်၌ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် ပေါက်လေ၏။

[ဤကား ဆံပင်၌ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပုံကို စံပြချက်တည်း၊ ဤနည်းကို မှီ၍ မိမိကိုယ်တခုလုံးကို ၄-စိတ်, ၄-ဖြာ [အကွဲကြီးကွဲအောင် အားထုတ်ကြလေ။]

မိမိကိုယ်တခုမှာ ၄-စိတ် ၄-ဖြာ ကွဲလျှင် ရုပ်ခန္ဓာ ရှိသမျှမှာ ကွဲနိုင်လေ တော့သည်၊ မိမိကိုယ်မှာ ဆံပင်၌ကဲ့သို့ ဉာဏ်၌ ဒြပ်သဏ္ဌာန်တွေ အကုန် ကွယ်ပျောက်၍ ဓာတ်ပုံ, ဓာတ်စု, ဓာတ်ခဲ, ဓာတ်တုံးကြီး သက်သက် ထင်မြင်နိုင်သောအခါ သက္ကာယဒိဋ္ဌိကြီး ကျွတ်ကွာ၏၊ တကိုယ်လုံး၌ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် တည်ထောင်မိ၏၊ "သမ္မောဟဝိနောဒနီ အဘိဓမ္မာ အဋ္ဌကထာကြီး"၌ဤအနေ ဤစခန်းသို့ ဆိုက်ရောက်သော ပုဂ္ဂိုလ်ကိုပင် စူဋ္ဌသောတာပန် အဖြစ်သို့ ရောက်ပြီဟု မိန့်ဆိုတော်မူ၏။

[ဤကား ဒိဋ္ဌိဝိသုဒ္ဓိ အမြွက်တည်း။]

[ဒုတိယအကြိမ်]

ကခ်ါဝိတရဏဝိသုဒ္ဓိ

ကံ, ဥတု, အာဟာရ အချက်ကြီး ၃—ပါး

ပစ္စယပရိဂ္ဂဟ ဉာဏ်၌ ကံ, စိတ်, ဥတု, အာဟာရ-ဟူ၍ အကြောင်းတရား ၄-ပါးရှိ၏၊ ပဋိသန္ဓေအခါ၌ ခက်မာမှုကိရိယာ, ဖွဲ့စည်းမှုကိရိယာ, ပူနွေးမှုကိရိယာ, ကြွရွခြင်း ဟူသော ထောက်ကန်မှုကိရိယာ၊ ဤကိရိယာကြီး ၄-ခု အစုံတို့သည် ကံကြောင့် ဖြစ်ပေါ်ကုန်၏။

ထို ၄-ခုတို့တွင် ပူဆွေးမှုကိရိယာသည် ဥတုပေတည်း၊ သားသမီးရုပ်ကလာပ် ပေါက်ဖွားမှု၌ အတုမရှိ စွမ်းနိုင်လှသော ဓာတ်ကြီးပေတည်း၊ မီးတောက်ကို လည်းကောင်း, မီးခဲကို လည်းကောင်း စေ့စေ့ကြည့်ရှု၍နေလျှင် ရွရွရွရွနေသည်ကို မြင်ရ၏၊ ဓာတ်မီးဟု ဆိုအပ်သော ဥတု၏ သားသမီး ပေါက်ဖွားမှုပေတည်း၊ သတ္တဝါတို့၏ သန္ဆာန်မှာလည်း ကံသည် ရှေးဦးစွာစ၍ ပေးရုံမျှသာတည်း၊ အစဉ်ထူထောင်၍ ပေးရုံမျှသာတည်း၊ စမိသည်နောက်၌ ကြီးပွားစေရန် ကိစ္စမှာ ဓာတ်မီး၏ တာဝန်ပေတည်း၊ ဓာတ်ကိရိယာကြီး ၄-ပါး ပေါ်လာသည်ရှိသော် အာဟာရ ဩဇာဟု ဆိုအပ်သော ဓာတ်ဆီသည်လည်း ပါရှိမြဲတည်း၊ ဤဓာတ်ဆီသည်လည်း သားသမီးပေါက်ဖွားမှု၌ လွန်စွာ စွမ်းနိုင်သော တရားပေတည်း။

လောက၌ မီးသည် အဆီမျိုးနှင့် ပေါင်းမိလျှင် လွန်စွာ သားသမီးပေါက်ဖွား၏၊ မီးတောက်မီးလျှံ ဖြစ်၍ထ၏၊ အဆီသည်လည်း မီးနှင့်ပေါင်းမိလျှင် လွန်စွာ သားသမီးပေါက်ဖွား၏၊ ဓာတ်မီးနှင့် ဓတ်ဆီတို့ကား အဖော်အဖက်တို့ ပေတည်း၊ ဆီမီး, ရေနံဆီမီး, ဖယောင်းမီး တို့ကို ကြည့်လေ၊ အစစွာ ကံထူထောင်၍ ပေးသည့်နောက် တခဏတခြား ရုပ်ကလာပ်ခန္ဓာ ကြီးပွားမှုသည် ဓာတ်ဆီ, ဓာတ်မီးတို့၏ တာဝန်ပေတည်း။

ညောင်ပင်ကြီးဥပမာ

ဥပမာကား—ညောင်ပင်ကြီးဖြစ်ရာ၌ သေးငယ်လှစွာသော ညောင်စေ့သည်-အစစွာ အညှောက်ငယ်ကလေး ဖြစ်အောင် ထူထောင်၍ ပေးလေ၏၊ ထူထောင်၍ ပေးသည့်နောက် ထိုညောင်စေ့ငယ်သည် ပုပ်ဆွေးပျောက်ကွယ်လေ၏၊ အစဉ်အတိုင်း ကြီးပွားမှုမှာ မြေဥတု, ရေဥတု, ၂-ပါးတို့၏ တာဝန်ပေတည်း၊ မိုးကောင်းလှသော အခါ၌ လစဉ်ရွာသော မိုးရေသည် မြေနှင့်ရောနှော၍ တည်နေ၏၊ မြေဥတု, ရေဥတု ၂-ပါးဖြစ်၏၊ ထိုဥတု

၂-ပါးသည် ထိုညောင်ညောက်ငယ်ကို အပ်ငယ်, အပ်ကြီး, ဝင်ရိုး လက်သန်း, လက်ညှိုး, သဏ္ဌာန်စသည်ဖြင့် တနေ့တခြား ကြီးပွားစည်ကားစေ၏၊ သံဃောင် ၁-ရာရှိသော ညောင်ပင်ကြီး ဖြစ်စေ၍ အနှစ် ၅-ရာ အနှစ် ၁-ထောင် တိုင်အောင် တည်စေ၏။

၁။ သတ္တဝါတို့၏ ရုပ်ခန္ဓာ၌ ကံသည် ညောင်စေ့ငယ်နှင့် တူ၏။
၂။ ဓာတ်ဆီ ဓာတ်မီးတို့သည် မြေဥတု, ရေဥတုတို့နှင့် တူကုန်၏။

ညောင်ပင်သဏ္ဌာန်တခုလုံး အပြည့်ရှိနေသော ဓာတ်မီးသည် မြေဥတုမျိုးတည်း၊ ညောင်ပင်သဏ္ဌာန် တခုလုံး၌တည်ရှိသော စိုစွတ်သော အစေးသည် ရေဥတုမျိုးတည်း၊ အတွင်းမြေဥတု, ရေဥတု ၂-ပါးတည်း၊ ညောင်ပင်၏ တည်ရာ မြေကြီးရှိသော ဥတုသည် အပမြေ ဥတုတည်း၊ လစဉ်မပြတ် ရှာသော မိုးရေမှုဖြစ်သော မြေတွင်းရှိ စိုစွတ်သော အမှုသည် အပမြေဥတုတည်း၊ အပဥတု ၂-ပါးတည်း၊ အပဥတု ၂-ပါးက တွင်တွင် ချီးမြှောက် ထောက်ပံ့၏၊ ညောင်ပင်တွင်းရှိ အတွင်းဥတု ၂-ပါးက အတွင် ကြီးပွားစေ၏၊ ကြီးပွားစေသော်လည်း မျိုးစေ့၏ တန်ခိုးအားဖြင့် ညောင်ပင်၏ အခြေခံအရာ အတိုင်းသာ ကြီးပွားစေ၏၊ အသွေး, အဆင်း, အကိုင်း, အခက်, အရွက်, သဏ္ဌာန်စသည် အလုံးစုံသည် သရက်ပင်သဏ္ဌာန်, ပိန္နဲပင်သဏ္ဌာန် စသည်ဖြစ်၍ မသွားစေရ၊ သဏ္ဌာန်ကြီးမှု, အရပ်မြင့်မှု, အသက်ရှည်မှု အလုံးစုံသည် မျိုးစေ့၏ တန်ခိုးအားဖြင့် ညောင်ပင်၏ အခြေခံအရာမျိုးအတိုင်းသာ ဖြစ်ရ၏၊ ပီဇနိယာမ ခေါ်သည်။

မြေဥတု, ရေဥတု ကောင်းရာ၌ ပေါက်ရောက်ခဲ့လျှင် အလွန်ကြီးပွားစည်ကား၏၊ ခြောက်သွေ့ ခေါင်းပါးလှသော မြေ၌ ပေါက်ရောက်ခဲ့လျှင် ကောင်းစွာ မကြီးပွားနိုင်၊ ဥတုအတွက်တည်း၊ ခပ်သိမ်းသော သစ်ပင်မျိုး, ချုံမျိုး, နွယ်မျိုး, မြက်မျိုး, ကောက်စပါးမျိုးတို့၌လည်း ဤနည်းတူပင်။

ဤသို့လျှင် ညောင်ပင်ကြီး၌ မျိုးစေ့၏ဆိုင်ရာ အမှု, အတွင်း မြေဥတု ရေဥတု ၁-ပါး၏ ဆိုင်ရာ အမှု, အပမြေဥတု ရေဥတု ၂-ပါး၏ဆိုင်ရာ အမှုတို့ကို ခြားနားစွာ ကြည့်မြင်၍ ထားဘိပြီး၊ သတ္တဝါတို့၏ ရုပ်ခန္ဓာ၌ ကံ၏ အမှုသည် ညောင်ပင်ကြီး၌ မျိုးစေ့ငယ်၏ အမှုနှင့်တူလေ၏။

ပဋ္ဌိသန္ဓေမှ စ၍ အစဉ်ပါရှိ၍လာသော အတွင်းဓာတ် ဆီ ဓာတ်မီး ၂-မျိုးသည် ညောင်ပင်၏ အတွင်း ဥတု ၂-ပါးနှင့်တူ၏၊ အမိဝမ်း၌ နေစဉ်

အခါ အမိကိုယ်မှ ထိုသူငယ်၏ အတွင်းသန္တာန်ကို အတွင် ထောက်ပံ့သော အပဓာတ်ဆီ, ဓာတ်မီး ၂-ပါး ဖွားမြင်သည့် နောက်၌ မျိုအပ်သော အစာအာဟာရတို့မှ ထိုသဏ္ဌာန်ကို အတွင်ထောက်ပံ့သော အပဓာတ်ဆီ, ဓာတ်မီး ၂-ပါးသည် ညောင်ပင်တည်ရာ မြေအတွင်းရှိ အပဥတု ၂-ပါးနှင့်တူ၏၊ အပမှ နေ့စဉ် မျိုအပ်သော ထမင်း ရေစာတို့သည် လစဉ် ရှာသော မိုးရေနှင့်တူ၏၊ စေ့စပ်အောင်ကြံလေ။

ကံ, ဥတု, အာဟာရအချက်ကြီး ၃-ပါး အမြွက် ပြီး၏။

စိတ်ဓာတ်အချက်

စိတ်၏ အချက်ကား အထူးအားဖြင့် လှုပ်ရှားမှု, သွားမှု, လာမှု, ထမှု, ထိုင်မှု, ပြောမှု, ဆိုမှု စသည်တို့၌ အမှု အားလျော်စွာ တကိုယ်လုံး၌လည်းကောင်း, ပြိုပြင်လိုရာ ကိုယ်အင်္ဂါအစိတ်၌လည်းကောင်း, ပြိုင်းခနဲ ပြိုင်းခနဲ တပြိုင်နက် ဓာတ်ကိရိယာ ၄-ပါးဖြစ်ပေါ်ရ၏၊ ညဉ့်အခါ၌ အခန်းတွင်းမှာ မီးထွန်းကြရာ မီးတောက်သည်နှင့် တပြိုင်နက် တခန်းလုံး၌ မီးရောင်တွေ အပြည့် ပေါ်လာသကဲ့သို့တည်း၊ စိတ်၏ အစွမ်းမျိုးဖြစ်၍ အလွန်အဟုန်ပြင်းထန် ထန်စွမ်း၏၊ သူ့စိတ်နှင့် သူ့အမှု အသီးသီးပေတည်း။

စိတ်ဓာတ်၏ အချက် ပြီး၏။

ဤသို့လျှင် ပဋိသန္ဓေ၌ ရှေးဦးစွာ ဖြစ်ပေါ်လာသည်မှစ၍ တဘဝလုံး ထို ဓာတ်ကိရိယာအစုအရုံး အတုံးအခဲကြီးသည် ကံ, စိတ်, ဥတု, အာဟာရ၊ ဤအကြောင်း ၄-ပါးကြောင့် ဖြစ်ရ၏၊ တည်ရ၏၊ ထိုတွင် ပြုပြင်သူ ဆိုင်ရာ အကြောင်းကြီး ၄-ပါးကို ခြားနား၍ သိရာ၏၊ တကိုယ်လုံးသည် ဓာတ်မီးခဲကြီး ဆိုလျှင်လည်း ဟုတ်၏၊ ဓာတ်ဆီခဲကြီးဆိုလျှင်လည်း ဟုတ်၏၊ လူသဏ္ဌာန်မျှ တောက်၍ နေသော မီးတောက်ကြီးနှင့် ဤ ကိုယ်ကြီးသည် တူလှ၏၊ ထို မီးတောက်ကြီးကို စေ့စေ့ကြည့်နေလျှင် တရွရွ တရှိန်ရှိန် ရှပ်ကလာပ်တွေ ပွားရှိနေမှုသည် ထင်ရှားလှ၏၊ စီးရှိနေသောမြစ်ရေအသျှဉ်ကို စေ့စေ့ကြည့်ရှိနေလျှင်လည်း စိပ်စိပ် စိပ်စိပ် တရွရွ ပွားမှုအစဉ်သည် ထင်ရှား၏၊ တရှိန်ရှိန် တရွရွ မြင်ကြလျှင် ဆံပင်-စသော ခန္ဓာတို့၌ အာကာသ ပရိစ္ဆေဒဓာတ်၏ ခြားနားနေချက်ကိုလည်း ထင်တတ် မြင်တတ်ကြစေ။

အာကာသဓာတ် အခြား အခြားတွေကို မြင်တတ်မှ ဓာတ်ကိရိယာ အဟောင်းတွေ သေမှု, ဆုံးမှု, အသစ်အသစ်တွေ ဖြစ်ပေါ်မှု အနိစ္စ အချက်

ပေါ်နိုင်သည်၊ ထို မီးတောက်ကြီး မြစ်ရေအလျဉ်တို့၌ မီးတောက် မီးလျံပွားမှု, မြစ်ရေအလျဉ် ပွားမှုတို့ကဲ့သို့ ဤကိုယ်ခန္ဓာကြီးမှာလည်း အမြဲပွားရှိနေသော ဥတုဓာတ်မီး, ဥတုဇရှဖ်ကလာပ် စသည်တို့ကို တရှိန်ရှိန် တရွရွ နေကြသည်ကို မျက်စိနှင့် မြင်သကဲ့သို့ ဉာဏ်နှင့် မြင်ကြစေရမည်။

ပဋိသန္ဓေမှစ၍ ကမ္မဇ ရှပ်ကလာပ် အစဉ်မှာမူစာား ထိုဥတုဇ, အာဟာရဇတို့ ပွားစီးလျှင် ပွားစီး၍လိုက်၏၊ ဆုတ်ယုတ်လျှင် ဆုတ်ယုတ်၍ လိုက်၏၊ ရေပွားလျှင် ကြာပွားသကဲ့သို့, ရေဆုတ်လျှင် ကြာဆုတ် သကဲ့သို့တည်း၊ လောတဉ် ကိုယ်တွေ့ မျက်မြင်တွေကိုလည်း စေ့စေ့နှံ့နှံ့ ကြည့်တတ် သိတတ်ရသည်။

[ဤကား ကခ်ါဝိတရဏဝိသုဒ္ဓိ အမြွက်တည်း။]

ဓာတ်ကြီး ၄-ပါးနှင့် သာဝနာကိစ္စပြီးစီးနိုင်ပုံကို ပြဆိုချက်ပြီး၏။

(၈) ဓာတ်ဆီ, ဓာတ်မီးတို့ကို အမှီပြု၍ ရှပ်တရားတို့၌ ဝိပဿနာ ဉာဏ်အမြင် ထိုးထွင်း၍သိပုံ

ဓာတ်ဆီ ဓာတ်မီးတို့ကို အမှီပြု၍ ရှပ်ဓမ္မတို့၌ ထိုးထွင်း၍ သိရာသော အချက်စုကို ပြဆိုအံ့။

အထက်အောက် အဖို့အားဖြင့်–အကနိဋ္ဌဘုံမှ စ၍ မဟာအဝီစိ ငရဲကြီး၊ ထို့အောက် ယူဇနာ ၁-သိန်း ၂-သောင်း အထုရှိသော သိလာပထဝီ ကျောက်ဖျာကြီး၊ ထို့အောက် ယူဇနာ ၄-သိန်း ၈-သောင်း အထုရှိသော ရေပြင်ကြီး၊ ထို့အောက် ယူဇနာ ၉-သိန်း ၆-သောင်း အထုရှိသော လေပြင်ကြီး၊ ဤမျှလောက်သော သြဇာသကို ဓာတ်ဆီ, ဓာတ်မီးတို့သည် ဖန်ဆင်းတည်ထောင်အပ်၏၊ ထိုမှ အောက်အဖို့သည် အနန္တ ကောင်းကင်နယ်သာ ဖြစ်၏၊ ရှပ်ဟူ၍ အဏုမြူမျှမရှိပြီ၊ အကနိဋ္ဌဘုံမှ အထက်အဖို့သည်လည်း အနန္တ ကောင်းကင်နယ်သာ ဖြစ်၍ ရှပ်ဟူ၍ အဏုမြူမျှ မရှိပြီ။

ဖီလာ အဖို့အားဖြင့် – အောက်လေအပြင်, ရေအပြင်တို့သည် အနန္တ စကြဝဋ္ဌာ တပြင်တည်းသာ ဖြစ်ကုန်၏၊ သိလာပထဝီ ခေါ်သော ကျောက်အပြင်သည်လည်း စကြဝဋ္ဌာ ၃-ခု ဆိုင်ရာ၌ ယူဇနာ ၈-ထောင် အပေါက်ရှိ၏၊ မြင်းမိုရ်တောင်, သတ္တရဘန်တောင်, စကြဝဋ္ဌာ တောင်တို့ သည်လည်း ထိုသိလာပထဝီ၌ အမြစ်စိုက်ကုန်သည်၊ ထိုတောင်တို့၏ အောက်၌ ပံသု ပထဝီ အခြားမရှိပြီ မြင်းမိုရ်တောင်သည် ရေထဲ၌ ၈-သောင်း ၄-ထောင် မြုပ်သည်

ဟူသော စကားမှာ အောက်မြေမှ ပေါ်ရာ သမုဒ္ဒရာအစောက်နှင့် တိုင်း၍ ဟောသော စကားသာဟု ယူရမည်၊ သိလာ ပထဝီခေါ်သော ကျောက်ဖျာ အပြင်မှ ပေါ်တက်သည်ကို ဆိုမူကား မြင်းမိုရ်တောင်သည် ရေထဲ, မြေထဲသို့ မြုပ်သည်ကား ပံသုပထဝီအထု ယူဇနာနှင့်အမျှ ၁-သိန်း ၂-ထောင် မြုပ်သည်ဟု ဆိုရပေမည်၊ သမုဒ္ဒရာသည် အောက်မြေပြင်ပေါ်၌ တည်ရှိ၍ထား သကဲ့သို့ ဖြစ်သည်မဟုတ်၊ အသုရာပြည် တည်ရာအရပ်မူကား အထူးဖြစ်သော ဩကာသပေတည်း။

ပံသုပထဝီမှာမူကား–ကျောက်ခွက်အမျခေး၌ အသီးသီး ထည့်၍ထားသော မြေညက်ကဲ့သို့ စကြဝဋ္ဌာ တခုစာ အတွင်း၌သာ အသီးအသီး တည်ကြလေသည်၊ စကြဝဋ္ဌာ ၁-ပါးနှင့် ၁-ပါး ပံသုပထဝီချင်း မစပ်ကြ၊ ဆိုအပ်ခဲ့ပြီးသော စကြဝဋ္ဌာ အနန္တပင် တပြင်တည်းဖြစ်၍ ဆောင်ပေသော လေအပြင်သည်လည်း ဓာတ်ဆီ, ဓာတ်မီးတို့ ဖန်ဆင်း တည်ထောင်ပေ၍ ယနေ့ထက်ထိ ဖြစ်ထွန်းကာနေပေသည်။

ပဋ္ဌာန်းပုါဋ္ဌိတော်၌–ဗဟိဒ္ဓဓာတ်ဆီသည် ဗဟိဒ္ဓဝတ္ထုဉ်၌ ကျေးဇူးပြုကြောင်းကို မဟောပါသော်လည်း ဗဟိဒ္ဓဝတ္ထုတို့၌ အဆီ အင်အားကောင်းလျှင် ခိုင်ခံ့အားရှိသည်များကို မြင်ကြရသောကြောင့် ဗဟိဒ္ဓဓာတ်ဆီသည် လေ, ရေ, မြေ-စသော ဗဟိဒ္ဓဝတ္ထုတို့၌လည်း သုတ္တန်ဥပနိဿယနည်း အားဖြင့် ဓာတ်မီး၏ အားကြီးစွာသော အထောက်အပံ့ အဖော်သဟဲကြီးတခု ဖြစ်ကြောင်းကို သိရလှတော့သည်။

လောက၌ ဥဏှတေဇော လွန်သော မီကျီးမှ အဆင့်ဆင့် ဖြစ်ပွားသော မီးတော့က်ကို မီးတောက်ဟု ခေါ်ဝေါ်သည်။ ထို မီးတောက်၏ အဆင့်ဆင့် မီးပွား၍ သွားသည်နှင့်အတူတူပင်၊ ထို လေပြင်ကြီ၊သည်လည်း ဓာတ်မီး အပြင်ကြီးပင်ဖြစ်၍ အဆင့်ဆင့်မီးပွား၍ နေသော မီးသား, မီးမြေး, မီးစု, မီးခဲပင်တည်း၊ မီးစာပင် ကောင်းသော်လည်း နှမ်းဆီ, ရေနံဆီ-စသော လောင်စာအဆီရှိမှ မီးသည် အရှည်တည်နိုင် ပွားများနိုင်သကဲ့သို့ ထိုလေပြင်၌ ကလာပ်တိုင်းမှာပါသော ဩဇာဟူသော ဓာတ်ဆီကြောင့်သာ ဓာတ်မီးသည်လည်း အရှည်တည်နိုင်ပွားများနိုင်လေသတည်း။

ဓာတ်ကြီး ၃ ပါးကို ဥာဏ်ဖြင့် နုတ်၍ ကြည့်ရှုရန်

ထို လေပြင်ကြီး၌ လေဓာတ်သည် ဓာတ်လွန် ဓာတ်ပေါ်ဖြစ်၏၊ မီးဓာတ်သည် မပေါ်လွန်း, ဓဝုပ်လွန်းသော အလယ်အလပ် မဇ္ဈတ္ထ ဓာတ်ဖြစ်၏၊

[ဒုတိယအကြိမ်]

မြေဓာတ်, ရေဓာတ်များသည် ငုပ်ဓာတ်စုသာဖြစ်၏၊ မြေဓာတ်သည် သဟဇာတ်ဓာတ်တို့၏ အဖွဲ့အစည် ကိစ္စမျှသာရှိ၏၊ မြေဓာတ်ကို ဉာဏ်ဖြင့် နုတ်ယူ၍ ကြည့်လျှင် ထိုလေပြင်ကြီးသည် မီးတောက် သေသကဲ့ကို ချုပ်ပျောက်ခွင့် ထင်မည်၊ ရေဓာတ်ကိုလည်း ထို့အတူ ဉာဏ်ဖြင့် နုတ်၍ရှု၊ ဤကဲ့သို့ချည်း အရာတိုင်းမှာပင် ပစ္စည်းကိုနုတ်၍ ကြည့်တတ်မှ တုစ္ဆသဘော, သုညသဘော ပေါ်လေသည်။

ဥပမာ–မီး, ရေ, လေတို့ဖြင့် လှုပ်ရှားသွားလာ၍ နေသော စက်ရုံကြီး, သင်္ဘောကြီး, မီးရထားကြီးများကို မြင်ကြလေရာ အသက်ရှိသကဲ့သို့ ထင်မြင်ရသည်၊ အချက်အလက်တို့ကို နေရာကျသိ၍ ဉာဏ်ဖြင့် နုတ်ကာ, နုတ်ကာ ကြည့်ရှုပါလျှင် လှုပ်လှုပ်မြင်သမျှ အားလုံးသည် တုံးလုံးပုံလျက် သက်သက်အသေ ထင်မြင်ပေသည်၊ ယင်းသို့ ထင်သည်ကို တုစ္ဆ, သုည ခေါ်သည်၊ ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းများနှင့် ပစ္စည်းအမျိုးမျိုးတို့ကို ဟောတော်မူသည်မှာလည်း ပစ္စည်းအပြားကို သိစေလို၍ ဟောတော်မူရင်းပင် မဟုတ်၊ ပစ္စည်းတရားကို နေရာကျသိ၍ နုတ်ကာနုတ်ကာ ရှုတတ်ပါမှ လောကဓာတ် အားလုံး၏ တုစ္ဆသဘော, သုညသဘောကို သိနိုင်မည်ဟု နှလုံးပြု၍ နိဿတ္တ, နိဇ္ဇီဝ, တုစ္ဆ, သုညအဖြစ်ကို သိစေလို၍သာ ဟောတော်မူရင်း ဖြစ်ပေသည်။

ဤကဲ့သို့သော သဘောကို မသိကြကုန်သော သူတို့သည် ပဋ္ဌာန်း ၂၄-ကျမ်းကို အသက်ထက်ဆုံး နှုတ်ဝယ်ငုံသော်လည်း ဤသတ္တလောက, သင်္ခါရလောက, သြကာသလောက၏ တုစ္ဆအဖြစ်, သုညအဖြစ်, နိဿတ္တ-နိဇ္ဇီဝ-အနတ္တ-အသာရအဖြစ်ကို မရိပ်မိကြလေကုန်။

လေဓာတ်သည် သဟဇာတ်တို့၏ အားခွန်ဗလပေတည်း၊ ထို့ကြောင့် လေဓာတ်ကို နုတ်၍ရှုလျှင် လေအပြင်ကြီး ခဏခြင်း ကွယ်ရာ၌ ဆိုဖွယ်မရှိ၊ မီးဓာတ်မှာမူကား သူမွေးဖွားမှ ဖြစ်ပွားရလေသော လေအပြင်ကြီး ဖြစ်ပေ၍ သူ့ကိုနုတ်လျှင် လေအပြင်မရှိပြီ၊ သြဇာ-ဟူသော ဓာတ်ဆီကို နုတ်၍ ရှုလျှင်လည်း ဓာတ်မီးသေပျောက်သည်ကို မြင်လတ္တံ့။

[ဤကား အထုအားဖြင့် ယူဇနာ ၉-သိန်း ၆-သောင်း, ဖီလာအားဖြင့် ဇကြဝဋ္ဌာ အနန္တ တပြင်ထည်း ဖြစ်ပွားနေသော လေပြင်ကြီး၌ ရိတ္ထသဘော, တုစ္ဆသဘော, သုညသဘောတို့ကို အလင်းထင်ရှားအောင် ရှုနည်းပေတည်း။]

၁။ အနိစ္စလက္ခဏာကို သန္တတိဖုံးလွှမ်းသည်။

၂။ သန္တတိကို ခွာ၍ရှုမှ အနိစ္စလက္ခဏာ ခေါ်သည်။

[ဒုတိယအကြိမ်]

၃။ ဒုက္ခလက္ခဏာကို ဣရိယာပထ ဖုံးလွှမ်းသည်။
၄။ ဣရိယာပထကို စစ်၍ ကြည့်တတ်မှ ဒုက္ခလက္ခဏာ ပေါ်သည်။
၅။ အနတ္တလက္ခဏာကို ဃနဖုံးလွှမ်းသည်။
၆။ ဃနကိုဖွင့်၍ ကြည့်တတ်မှ အနတ္တလက္ခဏာ ပေါ်သည်။

ဟုလာသော သမ္မောဟဝိနောဒနီ အဘိဓမ္မာအဋ္ဌကထာ,ဝိသုဒ္ဓိမဂ်အဋ္ဌကထာ တို့ကို မှီ၍ အနတ္တ၏ ပရိယာယ်ဖြစ်သော တုစ္ဆ, သုည, အသာရကို ပစ္စယသာမဂ္ဂိ ဖုံးလွှမ်းသည်ဖြစ်၍ ပစ္စယသာမဂ္ဂိကို ဉာဏ်ဖြင့် ပေါက်ခွဲမှုတ်လွှင့်၍ တုစ္ဆသဘောကို ရှုပုံနည်း အမြွက်ပေတည်း။

ငုပ်ဓာတ်နှင့် ပေါ်ဓာတ်ကို ရှုနည်း

ငုပ်ဓာတ်ကို ဖော်၍ ရှုနည်း, ပေါ်ဓာတ်ကို ငုပ်စေ၍ ရှုနည်းများကို ဆိုပေအုံ။

ဖယောင်းခဲဦရှိသော ရေဓာတ်သည် ငုပ်ဓာတ်တည်း၊ ထို ရေဓာတ်ကို ပေါ်စေလိုသည်ရှိသော် ဖိစီးလွှမ်းမိုး၍ နေသော မြေဓာတ်ကို အားထုတ်၍ ငုပ်သွားအောင် မီးဓာတ်တပါးဖြင့် ထိ၍ သိရမည်။

ဌီသို့ ရောက်လာသော ထိုမြေဓာတ်သည် မီးဓာတ်ဖိသဖြင့် အဆင့်ဆင့် ငုပ်လေ၍ ရေဓာတ်သည် အဆင့်ဆင့်ပေါ်၍ လာ၏၊ အရည်ကြည် ဖြစ်၏၊ မီးဓာတ်ခွာစေပြန်လျှင် တဖန် မြေဓာတ်က အားတိုက် ဖိစီးပြန်၍ ရေဓာတ်ငုပ်သဖြင့် အခဲဖြစ်ပြန်၏၊ မျက်မြင်ချိပ်ခဲဦရှိသော မြေဓာတ်ကား ဖရောင်းခဲဦရှိသော မြေဓာတ်ထက် အားရှိသည် ဖြစ်၍ အတန်အား ရှိသော မီးဓာတ်နှင့်ဖိမှ ဆုတ်ငုပ်သည်၊ ရေဓာတ်သည်လည်း အတန်အားရှိသော မီးဓာတ်နှင့် နှိုးမှ ထနိုင်သည်။

ခဲဦရှိသော မြေဓာတ်, ရေဓာတ်၊ ရွှေငွေဦရှိသော မြေဓာတ်, ရေဓာတ်၊ ကြေးနီဦရှိသော မြေဓာတ်, ရေဓာတ်၊ သံတွေခဲဦရှိသော မြေဓာတ်,ရေဓာတ် တို့ကို ဆုတ်အောင် ငုပ်အောင် ဖိနည်း, ထအောင် နှိုးနည်း များကိုလည်း ချင့်၍သိလေ၊ ဗဟိဒ္ဓကခိုက်တိုက်သော ပယောဂမှုသည်သာ ပမာဏပေတည်း၊ ပယောဂမှုက အားရှိလှလျှင် ဖိ၍မပီသောဓာတ်, မဆုတ်မငုပ်သောဓာတ်-ဟူ၍ မရှိ၊ နှိုး၍ မနှိုးသောဓာတ်, မထသောဓာတ် ဟူ၍ မရှိ။

ဖိသောဂယောဂမှု, နှိုးသောပယောဂမှု-ဟူသည်လည်း ဓာတ်အချင်းချင်း လည်း တိုက်ခိုက်၍ ဖိနိုင် နှိုးနိုင်ပါ၏။

[ရှုမိုယ - ကြိုက်]

ဂါထာမန္တရားတန်ခိုး, နတ်-နဂါး-သိကြား-ဗြဟ္မာတို့ ကမ္မဝိပါကဇတန်ခိုး, ရသေ့ရဟန်းတို့၏ သီလတန်ခိုး, သစ္စာတန်ခိုး, အာဘိညာတန်ခိုး စသည်တို့ကိုလည်း မြတ်စွာဘုရား၏ တန်ခိုးဖြင့် နှိုးပေးမူကား မြင်းမိုရ်တောင်ဖြစ်၍ နေသော မြေဓာတ်စု သော်မှလည်း ဝုပ်ရသည်၊ ရေဓာတ်စု သော်မှလည်း ထရ ပေါ်ရသည်၊ မြင်းမိုရ်တောင်သည် ရေအလျှဉ်ဖြစ်၍ စီးသွားရသည်။

[ဤကဲ့သို့ ဖေါ်ဆောင်ခဲ့ မြင်နိုင်စကောင်းသော နည်းအမြောက်ပေတည်း။]

ဤလေပြင်ကြီးခ္ဍကား ဘုရားတန်ခိုးဖြင့် လေဓာတ်ကိုနှိပ်၍ မြေဓာတ်ကို နှိုးခဲ့လျှင် မြေခဲမြေပြင်ကြီး ဖြစ်ပေမည်၊ ရေဓာတ်ကိုနှိုးပေးလျှင် ရေအလျှင်ကြီး ဖြစ်၍ စီးသွားပေမည်၊ မီးဓာတ်ကိုနှိုးပေးလျှင် မီးတောက်အပြင်ကြီးဖြစ်၍ ကွယ်ပေမည်၊ ဤကား ဝုပ်ဓာတ်, ဝပ်ဓာတ်တို့ကို မြင်အောင် မရှုနိုင်သော သူတို့အား ထင်ရှားစွာပြု၍ ရှုနိုင်စေခြင်းငှာ ပြလိုက်သော ဓာတ်ဖော်နည်းပေတည်း၊ ဤနည်းသည် အဂုံတို့ရ ပါဠိတော်ဌလာသော အရှင်သာရိပုတ္တရာ ရှုနည်းပေတည်း၊ ဤနည်းဖြင့် ဓာတ်၄-ပါးကို ထင်ရှားစွာ မြင်မအောင်ရှုပြီးမှ ရှေးခ္ဍပြအပ်သော သုညတနည်းကို ရှုရသော် အလွန်ထင်ရှားပေလတ္တံ့။

လေအပြင် ပြီး၏။

ရေအပြင်

အထူးအားဖြင့် ယူဇနာ ၄-သိန်း ဂ.သောင်း၊ အပြန့်အားဖြင့် စကြဝဠာ အနန္တ တပြင်တည်း တည်နေသော ရေအပြင်ကြီးခ္ဍကား ရေဓာတ်သည် ပေါ်ဓာတ်၊ မီးဓာတ်သည် မဇ္ဈတ္တဓာတ် (အလယ်အလတ်ဓာတ်)၊ မြေဓာတ်, လေဓာတ်သည် ဝုပ်ဓာတ်၊ ရေသည် လှုမ်ရှားခြင်း ရှိပြားသော်လည်း အပလေ တွန်းရှိသာ လှုပ်ရသည်၊ မိမိ၏သဟဇာတ် ကလာပ်ခ္ဍပါသော လေဓာတ်လွန်ကဲ၍ လှုပ်ရသည်မဟုတ်၊ ထို့ကြောင့် ထိုရေပြင်မှာ လေဓာတ်ကို အဝုပ်ဓာတ် ဆိုပေသည်။

နှိုင်လောက်သော တန်ခိုးဖြင့် မြေဓာတ်ကို နှိုးလျှင် မြေပြင် ကျောက်ပြင်ကြီးဖြစ်၍ လာလတ္တံ့၊ မီးဓာတ်ကို နှိုးလျှင် မီးတောက်အပြင်ကြီးဖြစ်၍ ချုပ်လတ္တံ့၊ လေဓာတ်ကို နှိုးလျှင် လေပွ၍ ပွင့်လတ္တံ့၊ သဟဇာတ် ပစ္စည်းတို့ကို နုတ်ခွာ၍ကြည့်လျှင် တုစ္ဆ, သုညအဖြစ် ထင်ရှားလတ္တံ့။

[ဒုတိယအပြင်]

မြေအပြင်

ထိုအထက် သိလာပထဝီ ခေါ်သော ကျောက်ဖျာအပြင်၊ ထိုမှပေါ်သော မြင်းမိုရ်, သတ္တရဘန်, စကြဝဋ္ဌာ တောင်စုတို့နှင့်တကွ လူတို့နေရာ ပံသုပထဝီ အပြင်တို့၌ကား သိလာမြေ, ပံသုမြေဟူသော မြေဓာတ်ပေါ်သည်၊ မီးဓာတ် လျစ်လျူရှုသည်၊ ရေဓာတ်, လေဓာတ် ငုပ်သည်၊ ပေါ်ဓာတ်တို့ကို နှိပ်၍ ငုပ်ဓာတ်တို့ကို ဖော်၍ရှုလေ၊ ပစ္စယသာမဂ္ဂီတို့ကို နုတ်ခွါ၍ရှုလေ၊ သုညတ သဘော ထင်ရှားလာလတ္တံ့။

ဤ မြေဓာတ်နယ်ကား အကနိဋ္ဌ ဗြဟ္မာကြီး သဏ္ဌာန်, နတ်ဝတ်ပုဆိုး, ဘုံဗိမာန်, ဥယျာဉ်, ပဒေသာပင်တိုင်အောင် မြေစု မြေခဲတွေသာ ဖြစ်ပေ၍ အကနိဋ္ဌမှ အောက်တပြင်ပေတည်း၊ သတ္တလောက အားဖြင့်ကား အဝီစိ ငရဲကောင်မှစ၍ အထက် အကနိဋ္ဌ ဗြဟ္မာသဏ္ဌာန် တိုင်အောင် ဤအတွင်း၌ ပရမာဏုမြူနယ် သေးငယ်လှစွာ သတ္တဝါကောင် ဖြစ်၍နေသော မြေခဲမှစ၍ ရာဟုအသူရိန့်၏ ကိုယ်ကောင်သဏ္ဌာန် ဖြစ်သော မြေခဲကြီး တိုင်အောင် မြေနယ်ပေတည်း၊ သတ္တဝါ အနန္တကို နှံနိုင်သမျှ နှံပြားအောင် ထိုးချေ၍ ရှုလေ။

ရှေးနည်းကိုပြပေအံ့

အကနိဋ္ဌ ဗြဟ္မာသဏ္ဌာန်၌ မြေဓာတ်ပေါ်၏၊ မီးဓာတ် လျစ်လျူရှု၏၊ ရေဓာတ် ငုပ်၏၊ လေဓာတ်မှာ လှုပ်ရှားသွားလာသောအခါ ပေါ်၏၊ ငြိမ် သက်စွာ နေသောအခါ ငုပ်၏၊ ရေဓာတ်ကို နှိုး၍ရှုလျှင် ရေအလျဉ်ဖြစ်၍ စီးသွားလေအံ့၊ မီးဓာတ်ကို နှိုးလျှင် မီးတောက်, မီးလျံဖြစ်၍ ပျောက်လေအံ့၊ လေဓာတ်ကို နှိုးလျှင် ပွရှု၍ လွင့်ပါးလေအံ့၊ ပစ္စယသာမဂ္ဂီကို နုတ်ခွါ၍ ကြည့်လျှင် သတ္တဝါမဟုတ်၊ အသက်မဟုတ်၊ တုစ္ဆ, သုညသဘော ထင်ရှား ပေါ်လာလေအံ့၊ စကြဝဋ္ဌာ အနန္တတွင် ကာမ, ရူပ ရှိသမျှသော သတ္တဝါ အနန္တတွေကို အကုန်ကြိတ် နယ်၍ရှုလေ၊ မိမိကိုယ်ကို ရှေးဦးစွာ တင်၍ ရှုလေ။

အထူးမှာမူကား— ရူပ ဗြဟ္မာကောင် ဆိုရသော မြေခဲစုမှာ ဓာတ်မီး၏ သားမြေးစုသာတည်း၊ ကာမသတ္တဝါကောင် ခေါ်ရသော မြေခဲတို့၌ကား ဓာတ်ဆီ၏သားမြေး, ဓာတ်မီး၏ သားမြေး ဟူ၍ ၂-ထွေပင် ရှိရလေသည်၊ ကာမသတ္တဝါတို့မှာ မပြတ်မပြတ် ဓာတ်ဆီ လောင်း၍ လောင်း၍ ပေးနိုင်မှ ဓာတ်မီးတောက်နိုင်၍ အကောင်မဟုတ် အထည်မပျက် ဆက်လက်တည်နေ

နိုင်သည်၊ လူသတ္တဝါများမှာ တနေ့လျှင် ၂-ခါ ၂-ခါ ဓာတ်ဆီလောင်း၍ အသက်ကို ဆွဲငင်ရသည်၊ ဓာတ်ဆီလောင်းခိုန့်ကျလျက် မလောင်းခဲ့လျှင် ထိုအခိုန်ကစ၍ အဇ္ဈတ္တဓာတ်နုတ္ရိသည် တကိုယ်လုံးမှာပင် ရေမှဆယ်သော ရေမြှုပ်စိုင်ကဲ့သို့ အစဉ်အတိုင်း တဖြုတ်ဖြုတ် ကြေပျက်၍ ၇-ရက်တိုင်လျှင် ကမ္မဇဓာတ်နု ကုန်၍ သေဆုံးရတော့သည်။

ထိုသို့ဖြစ်ရန် အခွင့်ထင်ရှား ရှိလေသောကြောင့် မြေတပြင်လုံးမှာပင် လယ်ခင်းတွေ, ယာခင်းတွေ ဥယျာဉ်သစ်ပင်တို့ကို လုပ်ဆောင်၍ ရေကြောင်း ကုန်းကြောင်း သွားလာ၍ အသက်မွေးမှု အမျိုးမျိုးတို့ဖြင့် ဓာတ်ဆီ ဆက်လက်နိုင်မှုကို ကြောင့်ကြစိုက်ရသည်၊ စကြဝဋ္ဌာ အနန္တမှာပင် နေ့ရှိသမျှ ရွရွရွရွ ကြောင့်ကြ စိုက်ရသော အမှုကို အရင်းပေါ်အောင် နေရာကျ စစ်ဆေး၍ ကြည့်တတ်ပါလျှင် "အနတ္တာ အသာရကဋ္ဌေန" ဟူသော အနတ္တလက္ခဏာ ထင်လင်းစွာ ပေါ်ပေမည်။

အသာရကဋ္ဌေန၊ မိမိ၏ ပုဂ္ဂလိက အစွမ်းသတ္တိ အားဖြင့် အဓွန့်ရှည်ကြာ ခိုင်မြဲစွာ တည်နေနိုင်သော အနှစ်အမာ မရှိခြင်း အနက်ကြောင့်။ အနတ္တာ၊ အနတ္တ မည်၏။

အနှစ်အမာ မရှိသောကြောင့် ပင်လျှင် ဇရာမီး, မရဏမီး ခဏချင်း မီးလောင်ကျွမ်းကုန်ဆုံးသည်ဖြစ်၍ "အနိစ္စံ ခယဋ္ဌေန" ဟူသော အနိစ္စလက္ခဏာ ထင်လင်းစွာ ပေါ်ပေမည်။

ဇရာမီး, မရဏမီး ခဏချင်း ဖိစီးလောင်ကျွမ်းသဖြင့် ခဏချင်း ခဏချင်း ဟောင်းမြင်းရိရှား နွမ်းပါးညှိုးချုန်း ပျက်ဆုံး ကွယ်ပျောက်သည် ဖြစ်၍ ကြောက်ဖွယ် လန့်ဖွယ်တွေသာ ဖြစ်လေရကား "ဒုက္ခံ ဘယဋ္ဌေန" ဟူသော ဒုက္ခလက္ခဏာ တင်လင်းစွာ ပေါ်ပေမည်။

အနှစ် အမာ မရှိ၍ မျက်တောင်တယှက် လျှပ်တပြက်မျှ အသက်မရှည်နိုင်သော တရားစုံသည် ဘယ်သူ့ အလိုကို လိုက်ပါနိုင်မည်နည်း၊ အလိုသို့ မလိုက်သော တရားစုကို "ငါ့ကိုယ်-ငါ့ကိုယ်" ဟု အတွင်းထား၍ အားပြုခြင်း အမှုသည် ဟုတ်မှန်သော သဘောပင် မဟုတ် ပေ။ အနှစ် မရှိခြင်းသည် လက္ခဏာယာဉ် ၃-ပါး၏ အရင်းမူလပေတည်း၊ ထို့ကြောင့် အနှစ်မရှိခြင်း ဟူသော တုစ္ဆ, သုညသဘောကို အနုထက် အနုမြင်အောင် ရှုနိုင်ပါလျှင် လက္ခဏာဉ် ၃-ပါး ပေါ်လတ္တံ့။

[ဒုတိယအကြိမ်]

၁တဲ့တိုက်ဥပမာ

ခရီးသွားမျက်စိလည် တယောက်သည် ညဉ့်အခါ ဂင်္ဂါမြစ်ရေ၌ မျောရ၍ လာသော ဘောဲ့တိုက်ကို ရ၍ တက်စီးလေရာ ညဉ့်အခါပင် သမုဒ္ဒရာပြင်သို့ မျောထွက်ရာပါလေ၏၊ ထိုဘောဲ့တိုက်ကြီးသည် သစ်ကြီး, ဝါးကြီးလည်း မပါ၊ ကြိုးလွန်, ကြိမ်နွယ် အဖွဲ့အယှက်လည်း မရှိ၊ စုမိစုရာ ဆူးအမျိုးမျိုး, ငြောင့်အမျိုးမျိုးနှင့် ယှဉ်သော အမှိုက်အစုသာ ဖြစ်၏၊ တွေ့မိတွေ့ရာက ထွက်ရှိပါလာသော အဆိုပ်ထန်သော ပိုးအမျိုးမျိုး, မြွေအမျိုးမျိုးနှင့်လည်း ပြည့်၏၊ လေနှင့်လှိုင်းနှင့် ဝဲနှင့် တချက်တွေ့လျှင်ပင် တဖျင့်တပါး ပျက်ပြားလတ္တံ့သည်လည်း ဖြစ်၏၊ ထိုသူသည် မဟာသမုဒ္ဒရာ၏ ဆားငန်ရေ အတိဖြစ်၍ ကမ်းမရှိ၊ ကျယ်သည်၊ နက်သည်၊ ငါး, လိပ်, မကန်း-စသော ဘေးအန္တရာယ် များပြားသည်ကိုလည်း မသိ။

ထိုသူသည်လည်း ညဉ့်မှောင်တွင်းဖြစ်၍ ထိုဘောဲ့ဖောင်ကိုပင် သိကြား ဖန်ဆင်းသော မဟာပစ္စရိဖောင်ကြီးနှင့် အတူထင်၍ ချမ်းမြေ့သဖြင့် ကျွန်းကောင်း, မြို့ကောင်းသို့ ဆိုက်ပေတော့အုံ့-ဟု အားရှိ၏၊ ညဉ့်အခါတွင်းဌ်ပင် လျှင် လေဟုန်, လှိုင်းဟုန်, ဝဲဟုန်နှင့်တွေ့၍ ဖရိုဖရဲ တဖျင့်တပါး ပျက်ပြား လေရာ တွယ်တာရုံမျှ စမ်းမရသဖြင့် ငါး, လိပ်တို့၏ အစာဖြစ်လေ၏။

ဤဥပမာ၌—သာသနာတွင်းဝယ် လူ့အဖြစ်ကို ရသည်နှင့် ဂင်္ဂါမြစ်ကဲ့ဌ် ဘောဲ့တိုက်ကို ရသည်နှင့်တူ၏၊ ညဉ့်မှောင်နှင့် အဝိဇ္ဇာတူ၏၊ ညဉ့်မှောင် မရှိ ပေလျှင် ဘောဲ့တိုက်ကြီး၏ ကြောက်လန့်ဖွယ်ကို လည်းကောင်း, ကမ်းမရှိသော မဟာသမုဒ္ဒရာသို့ သွားရသော ဘေးကို လည်းကောင်း, ဂင်္ဂါ၏ ကမ်းကို လည်းကောင်း မြင်ရ၍ ဘောဲ့တိုက်ကို ကမ်းရှိရာသို့ အပါတွန်း၍ ရေဘေး, ဘောဲ့တိုက်ဘေးမှ လွန်တည့်ရန် ကြံဖန်အားထုတ်ပေလတ္တံ့။

၁။ ဂင်္ဂါကမ်းနှင့် နီဗ္ဗာန်,
၂။ မဟာသမုဒ္ဒရာနှင့် သာသနာပ သံသရာ,
၃။ ငါး-လိပ်-မကန်းနှင့် သံသရာဒုက္ခ,
၄။ ဘောဲ့တိုက်နှင့် မိမိ၏ ဥပါဒါနက္ခန္ဓာ ၅-ပါး,
၅။ ဘောဲ့တိုက်၌ ဆူးငြောင့်စုနှင့် ရောဂါအနာမျိုး,
၆။ ဘောဲ့တိုက်၌ခိုကြသော အဆိပ်ထန်သော ပိုမျိုး မြွေမျိုးနှင့် ၁-ထောင့် ၅-ရာ ကိလေသာ,

၇။ ဘော့တိုက်ကြီး၏ အဖွဲ့အစည်း အားနည်း လျော့လျဲ ပြိုကွဲလုလုနှင့် အနမတဂ္ဂ သံသရာတွင် ခန္ဓာ ၅-ပါး၏ အသာရကဋ္ဌ,
၈။ လေဟုန် လှိုင်းဟုန် ဝဲဟုန်နှင့် လောက၌ ရှိသော ကေးစု,
၉။ ဘော့တိုက်ကို သိကြားဖန်ဆင်းသော ဖောင်ကြီးနှင့် အတူထင်သော ပုထုဇဉ်,
၁၀။ ဖောင်ကို အားကိုးမှား၍ ဖောင်သွားရာ သမုဒ္ဒရာပြင်သို့ ရောက်လေသည်နှင့် ယခု ဘဝခန္ဓာကို ညှာတာ၍ သေသည်၏ အခြားမဲ့၌ သာသနာပသို့ ရောက်သွားသောသူ,
၁၁။ ဂင်္ဂါမြစ်ကြီး ကမ်းအနီးဝယ် ရေပြင်လယ်၌ပင် ပျက်၍ သေသူနှင့် ယခုဘဝ ပုထုဇဉ် အနေ သေသူ,
၁၂။ ကမ်းမမြင်ရာ သမုဒ္ဒရာအလယ်မှာ ဖောင်ပျက်၍ သေသူနှင့် သာသနာပ အနမတဂ္ဂ၌ သေကြရသမျှသူ တူလှကုန်၏။

ထို့ကြောင့် ယခုဘဝ ကမ်းစနီးခိုက်တွင် မိမိခန္ဓာ၏ အသာရ, နိဿာရ, တုစ္ဆ, သုည အဖြစ်များကို မြင်ကြ၍ ခန္ဓာအလိုသို့ မလိုက်ပဲ ခန္ဓာကိုသာ ကမ်းနီးရာသို့ အပါဆွဲရမည်၊ ထင်းစကိုစွဲ၍ တောက်ရသော မီးတောက်သည် ထင်းစထက်ပင် အနှစ်သာရ အနှစ်အမာ နည်းလေသကဲ့သို့ ရုပ်ကို စွဲ၍ ဖြစ်ရသော စိတ်, စေတသိက်-ဟူသော နာမ်တရားသည်လည်း ရုပ်ထက်ပင် အလွန် အနှစ်အမာ နည်းသည်ဟု သိလေ။

တောတောင် သစ်ပင် ချုံပိတ်ပေါင်းတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ

တော တောင် သစ်ပင် ချုံပိတ်ပေါင်းတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ, တုစ္ဆ, သုညကို မြင်လိုလျှင် နှစ်စဉ်ရွာသော မိုးရေ, မိုးပေါက် ဟူသော ဓာတ်မီးမြေ၌ မှီသောဓာတ်မီးတို့ကို ဉာဏ်ဖြင့် နုတ်ပယ်၍ရှု၊ ယခုနှစ်တွင် စကြဝဋ္ဌာ အနန္တ တပြိုင်တည်း မိုးပြတ်ခဲ့အံ့၊ နောက်ကို မိုးမရွာပြီ ဟူခဲ့အံ့၊ စကြဝဋ္ဌာ အပြင်သည် နောက်နှစ်မှ၍ သစ်ရွက်, သစ်ညွန့် ကုန်မည်၊ မကြာမီ သစ်ပင်, တော, တောင်, ချုံပိတ်ပေါင်းတို့ ခြောက်သွေ့ကုန်ခန်းမည်။

ဗဟိဒ္ဓဓာတ်ဆီကို နေ့စဉ်လောင်း၍ သည်ရက်မှ နောက်ရက်၊ သည်လမှ နောက်လ၊ သည်နှစ်မှ နောက်နှစ်၊ သည်အရွယ်မှ နောက်အရွယ် ရောက်အောင် ဆွဲနိုင် ငင်နိုင်ပါမှ ပါနိုင်သော လူ, နွား, ကျွဲ, ဆင်, မြင်း, ငါး, လိပ်, ဓကန်း စသော အကောင်အထည်ဟု ဆိုအပ်သော ဓာတ်မီးတောက်, ဓာတ်မီးခဲ့

တို့သည်လည်း နောက်နှစ်မှုစ၍ စကြဝဠာအနန္တ တပြင်လုံး အရိုးဖွေးဖွေးမျှ မကျန်အောင် ပျက်ဆုံးကုန်ခန်းမည်၊ ဈာပနတည်သည်မှုစ၍ လိုရာနှစ် သက္ကရာဇ်တွင် ဖြတ်၍ကြည့်။

ပိမိကိုယ်ကို ကွက်၍ ကြည့်ရှုရန်

သတ္တဝါတကောင်တွင် ကွက်၍ကြည့်လိုမူကား ပိမိကိုယ်ကို ကွက်၍ကြည့်၊ ကလုလသတ္တာဟဘ်၌ ခေါတ်မီး အစောင့်အရှောက်နှင့် လာခဲ့၍ အဗ္ဗုဒသတ္တာဟ, ပေသိသတ္တာဟသို့ ရောက်သောအခါ အမိမှုဖြစ်သော ခေါတ်ဆီသည် သူငယ်သို့ စိမ့်ဝင်၍ ခေါတ်ကိုပွားစေသည်၊ ခေါတ်ဆီနှင့် မနှံ့ပေမူ ထိုအခါတွင် ချုပ်မည်၊ နေ့စဉ်အဘိုင်း ယခုနေ့တိုင်အောင် ခေါတ်ဆီလောင်းကာ ခေါတ်ဆီလောင်းကာ လာခဲ့ရသည်ကိုလည်း မြင်အောင်ကြည့်၊ မည်သည့်နေ့မှုစ၍ မလောင်းပေးလျှင် မည်သည့်နေ့တွင် သေမည်·ဟု သေနေ့ကိုလည်း မြင်အောင်ကြည့်။

နံ့ဝရိတိုင်း, ခဏတိုင်း သေနာရီ, သေခဏချည်း မြင်အောင်ရှု၊ အနမ္ဗတဂ္ဂ သံသရာတာ လာခဲ့ရပုံကိုလည်း ရှု၊ နောက်ရက်, နောက်လ, နောက်နှစ်သို့ ရောက်ပါရအောင် ခေါတ်ဆီလောင်းရပုံ, မလောင်းလျှင် ကုန်ဆုံးပုံကိုလည်း မြင်အောင်ရှု၊ မ်တွင်းဌ် ရောက်ပြီးသော အစာနှမ်းသည်မှုစ၍ ခဏစဉ် အတိုင်း တကိုယ်လုံးဌ်ရှိသော ခေါတ်နုတို့၏ အစဉ်အတိုင်း တဖြုတ်ဖြုတ် ပျက်ပြိုန်းသည်ကိုလည်း မြင်အောင်ရှု၊ အစာသစ်, ခေါတ်ဆီသစ် ထပ်ခါထပ်ခါ လောင်းပါသော်လည်း ခေါတ်ဆီဟောင်း, ခေါတ်မီးဟောင်း, ခေါတ်မီး၏ သားဟောင်း, မြေးဟောင်း, ရုပ်ဟောင်း, ကလာပ်ဟောင်းတို့သည် ထိုထို ခေါတ်ဘီ ခေါတ်ဟောင်း, ခေါတ်မီးဟောင်းတို့နှင့် အတူတကွပင် ကွယ်ပျောက်ချုပ်ဆုံးကာ ပါကြရလေကုန်၏။

၁။ ရှေးရှေးနေ့ဌ် မျိုအပ်သော အစာရေစာဌ်ပါသော ဗဟိဒ္ဓခေါတ်ဆီ, ခေါတ်မီး၊ ဤဗဟိဒ္ဓခေါတ်ဆီ, ခေါတ်မီးတို့နှင့် ဖက်တွဲရမှု ထက္ခ တောက်ထွန်းချမ်ကလုံးခဲ, နားခဲ, အသည်းခဲ, အဆုပ်ခဲ·စသော ကလာပ်စု ဈလာပ်ခဲတို့ကို ဖန်ဆင်းကြပေသော ကမ္မဇခေါတ်ဆီ ခေါတ်မီး, စိတ္တဇ ခေါတ်ဆီ ခေါတ်မီး, ဥတုဇ ခေါတ်ဆီ ခေါတ်မီး အာဟာရဇ ခေါတ်ဆီ ခေါတ်မီးဟူသော အဇ္ဈတ္တခေါတ်ဆီမျိုး ခေါတ်မီးမျိုးတို့သည်လည်းကောင်း၊

၂။ ထိုဗဟိဒ္ဓ, အဇ္ဈတ္တခေါတ်ဆီ ခေါတ်မီးတို့မှ ပေါ်ကပ်ပွားသော ရုပ်ကလာပ်ခဲစုတို့သည်လည်းကောင်း၊ ဤအလုံးစုံတို့သည် နောက်နောက်သို့ သား မြေး မြစ်စွန်းမျှသာ ရောက်ကြကုန်သည်။

၆-သစ် ၈-သစ်ခန့်သာရှိသော လျော်မျှင်တို့ကို အလံ ၁-ရာရှည်သော ကြိုးကြီး လွန်ကြီးဖြစ်အောင် ကျစ်ရာ၌ ကြိုးကျစ်လိမ္မာလှသော ယောကျ်ား သည် မြှုပ်သောအစ, စိုက်သောအစကို မပေါ်ရအောင် ကျစ်ပေသကဲ့သို့ နောက်နောက်နေ့တို့၌ အလျဉ် မပြတ်ရအောင် ထပ်ခါ ထပ်ခါ လောင်း၍ လောင်း၍ သဏ္ဌာန်မပြတ် ဟန်ပန်မပျက်မီ ဆက်လက်ပါမှ ချုပ်လေပျက်လေ သော ကလာပ်ဟောင်းတို့နေရာမှာ အစားစေ့ကာ အစဉ်ပါနိုင်လေသတည်း၊ တရက်အတွင်းမှာလည်း ဉာဏ်မီသမျှ အနုစိတ်လေ၊ အဟောင်းတို့ ချုပ်ပျက်ပုံ နှင့် အသစ်တို့ဖြစ်ပေါ်ပုံများကို အမျှင်ပြတ်အောင် ခြားနား၍ ရှုရမည်။

ထိုသို့ ရှုမြင်သော သူကိုပင်လျှင်—

ယော စ ဝဿသတံ ဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ။
ကောဟံ ဇီဝိတံ သေယျော၊
ပဿတော ဥဒယဗ္ဗယံ။

ဟူ၍ ဓမ္မပဒုပါဠိတော်၌ ချီးမွမ်းတော်မူပေသည်။

အနက်။ ။ယော စ၊ အကြင် သူသည်လည်း။ ဥဒယဗ္ဗယံ၊ ရုပ်နာမ် တရားတို့၏ အသစ် အသစ် မစဲ ဖြစ်ပေါ်ခြင်း, အဟောင်း အဟောင်း မစဲ ချုပ်ကွယ်ခြင်းကို။ အပဿံ - အပဿန္တော၊ မမြင်ဘူးရပဲ။ ဝဿသတံ၊ အနှစ် ၁-ရာ ပတ်လုံး။ ဇီဝေ၊ အသက်ရှင်၏။ တဿ၊ ထိုသူ၏။ ဇီဝိတံ၊ အနှစ် ၁-ရာ ခန္ဓာမြင့်ရှည် နေရသည်ထက်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တရားတို့၏ အသစ် အသစ် မစဲဖြစ်ပေါ်ခြင်း, အဟောင်း အဟောင်း မစဲ ချုပ်ကွယ်ခြင်းကို။ ပဿတော၊ အတပ်မြင်လျက်။ ကောဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှင်ရခြင်း သည်သာ။ သေယျော၊ မြတ်လှစွာ၏။

ဤဥဒယဗ္ဗယသဘောကို မြင်ရသော သူသည်သာ ဘုရားကို တွေ့ရသော သူမည်၏၊ ဥဒယဗ္ဗယသဘောကို မမြင်ဘူးရသောသူသည် ဘုရားကို တွေ့ရ သောသူ မဟုတ်သေး။

[ဤကား အာဟာရနှင့်စပ်၍ မိမိအဇ္ဈတ္တသန္တာန်၌ ဥဒယဗ္ဗယကို ရှုပုံတည်း။]

အတိတ်သံသရာက လာခဲ့ရပုံကိုလည်း မြင်အောင် မျှော်လေ၊ နောက်ရက်, နောက်လ, နောက်နှစ်သို့ သွားရလတ္တံ့သော ပုံကိုလည်း မြင်အောင်မျှော်လေ၊ ရှိသမျှ သတ္တဝါစုကိုလည်း မိမိသန္တာန်နှင့် အတူမြင်အောင် ရှုလေ၊ ဤ

အာဟာရနှင့် စပ်၍ ရှုနည်းသည် တဘဝ တဘဝတွင် ပဝတ္တိအခါ၌သာ ရသည်၊ ဘဝအသစ် ထူထောင်ရန်မှာမူကား-

၁။ ဒါန, သီလ, ဘာဝနာ-ဟူသော ကုသိုလ်ကံ စေတနာ, ပါဏာတိပါတစသော အကုသိုလ်ကံ စေတနာသည် ဘဝသစ် ဘဝသစ်ကို ပေါက်ဖွားနိုင်သော ဓာတ်မီးပေတည်း။

၂။ နန္ဒီရာဂ ခေါ်သော ဘဝတဏှာသည် ဓာတ်ဆီပေတည်း၊ ဓာတ်ဆီလောင်း၍ပေးမှ ဓာတ်မီးတောက်၍ ဘဝသစ်ပေါ်နိုင်သည်

၃။ အကုသိုလ် စေတနာ-ဟူသော ဓာတ်မီးသည် အပါယ်ဘုံမှာတောက်၍ ခန္ဓာတွေကို ပေါက်ဖွားစေသည်။

၄။ ကာမကုသိုလ်စေတနာ-ဟူသော ဓာတ်မီးသည် လူ့ဘုံ, နတ်ပြည် ၆-ထပ်တို့၌ တောက်၍ ခန္ဓာတွေကို ပေါက်ဖွားစေသည်။

၅။ ရူပ့ကုသိုလ် စေတနာ, အရူပကုသိုလ် စေတနာ-ဟူသော အဆင့်ဆင့်သော ဓာတ်မီးတို့သည် ရူပ ၁၆-ဘုံ, အရူပ ၄-ဘုံတို့၌ တောက်၍ ခန္ဓာတွေကို ပေါက်ဖွားစေနိုင်သည်။

အသစ်အသစ် ဖြစ်သည်ကို သာယာသော ဘဝတဏှာကို ဓာတ်ဆီခေါ်ပေသည်မှာ "တဏှာသိနေဟော" ဟူသော ပါဠ်နှင့် အညီတည်း၊ ကံကို ဓာတ်မီးခေါ်သည်မှာ ထင်လွယ်ရန်ပေတည်း၊ အနမတဂ္ဂ သံသရာတွင် လိုရာဘဝကို မှတ်၍ ဓာတ်ဆီကို နုတ်၍ ဓာတ်မီးကို သတ်၍ရှု၊ ဘဝအသစ် မပေါ်ပဲ ချုပ်ကွယ်သော ဝယသဘော ထင်လင်းလတ္တံ့၊ ဘဝတိုင်း အသစ်လောင်းရှသော တဏှာဓာတ်ဆီနှင့် စေတနာ ဓာတ်မီးတို့၏ အချက်တွေကို မြင်လျှင် ဘဝ အသစ် အသစ် ဖြစ်ကာ ဖြစ်ကာ တက်၍လာသော ဥဒယသဘောကို မြင်ရလတ္တံ့၊ ဘဝသစ် ထူထောင်မိလျှင် ကာမဘုံမှာ အာဟာရဓာတ်ဆီနှင့် စပ်၍ရှု၊ ရူပ, အရူပဘုံမှာ ဖဿာဟာရ, ဝိညာဏာဟာရနှင့် စပ်၍ ရှုလေ။

၀။ အတိတ်, အနာဂတ် သံသရာကို မဟာကမ္ဘာနှင့် အပိုင်းအပိုင်းဖြတ်။
၂။ မဟာကမ္ဘာကို အသင်္ချေယျကပ်နှင့် အပိုင်းအပိုင်းဖြတ်။
၃။ အသင်္ချေယျကပ်ကို အန္တရကပ်နှင့် အပိုင်းအပိုင်းဖြတ်။
၄။ အန္တရကပ်ကို ထိုထို အသက်တမ်း-ဟူသော အာယုကပ်နှင့်ဖြတ်။
၅။ အာယုကပ်တွင် ရောက်ရာ အသက်တမ်းကို နှစ်နှင့် အပိုင်းအပိုင်းဖြတ်။

[ဒုတိယအကြိမ်]

၆။ နှစ်ကို ဥတုနှင့် အပိုင်းအပိုင်းဖြတ်။
၇။ ဥတုကို လနှင့် အပိုင်းအပိုင်းဖြတ်။
၈။ လကို ပက္ခနှင့် အပိုင်းအပိုင်းဖြတ်။
၉။ ပက္ခကို ရက်နှင့် အပိုင်းအပိုင်းဖြတ်။
၁၀။ ရက်ကို ပဟိုရ်နှင့် အပိုင်းအပိုင်းဖြတ်။
၁၁။ ပဟိုရ်ကို နာရီနှင့် အပိုင်းအပိုင်းဖြတ်။
၁၂။ နာရီကို ပါဒ်နှင့် အပိုင်းအပိုင်းဖြတ်။
၁၃။ ပါဒ်ဗီဇနာကို ပြန်နှင့် အပိုင်းအပိုင်းဖြတ်။
၁၄။ ပြန်ကို ခဏနှင့် အပိုင်းအပိုင်းဖြတ်။
၁၅။ လက်ဖျစ်တတ္တက် လျှပ်တပြက်ခန့်မှာ ကုဋေအထောမက အပိုင်းအပိုင်းဖြတ်ရမည်ပင်၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နယဝိပဿနာတွင် လာသော အာဒါနနိက္ခေပ-စသော အစီအရင်နှင့် သော်လည်း ဖြတ်။

[ဤကား ခေါတ်ဆီ, ခေါတ်မီးတို့ကို အမှီပြု၍ ရုပ်တရားတို့၌ ဝိပဿနာဉာဏ် အမြင် ထိုးထွင်း၍သိပုံအကြောင်း အမြွက်ပေတည်း။]

ရုပ်တရားတို့ကို နိဿတ္တ, နိဇ္ဇီဝ, တုစ္ဆ, သုညသဘောများကို ဆိုခဲ့တိုင်းသော အစီအရင်ဖြင့် ထင်မြင်နိုင်ပေမူကား ထို ထို ရုပ်တရားတို့ထက် အဆများစွာ အားနည်းပါသော စိတ်-စေတသိက်-ဟူသော နာမ်တရားတို့၏လည်း နိဿတ္တ, နိဇ္ဇီဝ, တုစ္ဆ, သုညသဘောများသည် အလိုလိုထင်ရှားလာတတ်၏ ရိုလှပုပ်လှ စွာသော အနာကြီး၏ တုစ္ဆ, သုညသဘောကို ထင်မြင်ပေလျှင် အနာကြီး၏ အတွင်း၌ နာဖို့ ကျင်ဖို့ နေသော ငန်းရှိန် ငန်းခိုး, မန်းရှိန် မန်းခိုးတို့၏ တုစ္ဆ, သုညသဘောသည် ထင်ပေရာသကဲ့သို့တည်း။

(ဆ) နာမက္ခန္ဓာ ၄-ပါးတို့၌ အနိစ္စလက္ခဏာ ဖေါ်နည်း ဖျင်နည်း

ဝိညာဏက္ခန္ဓာ၌ အကျဉ်းခဲ့နည်း

ဝေဒနာက္ခန္ဓာ စသော နာမက္ခန္ဓာ ၄-ပါးတို့၌ အနိစ္စလက္ခဏာ ဖေါ်နည်း ဖျင်နည်းကို ပြဆိုမည်။

ဝေဒနာက္ခန္ဓာ စသော နာမက္ခန္ဓာ ၄-ပါးတို့တွင် ဝိညာဏက္ခန္ဓာသည် အကြီးအမှူးဦးစီးဦးကိုင် အချုပ်အချာ ပဓာနကြီးဖြစ်ပါလျက် ဒေသနာတော် အစဉ်၌ နောက်ဆုံးထား၍ ဟောတော်မူသည်မှာ သတ္တဝါတို့အား ထင်ရှား ထူကို ပဓာနပြုတော်မူသည်မှတ်၊ ရူပက္ခန္ဓာသည် အထင်အရှားဆုံးတည်း၊

[ရှေ့ဆက်ရှု]

ရူပကၡန္ဓာကို စဲ့ၾ၏ သုခ ဒုကၡ ျဖစ္မ, သုခ ဒုကၡနင့္ စပ္သေ မ်ိတ္ဆားမ, မ်ိတ္ဆားမိသည္ အားလ်ားစ္ဝ ကြ်ားင့္ကြ်ိုက္မ်ိသည္ ထင္ရ်ားသေ အစဥ္ ျဖစ္၏၊ အကြ်ားဥ္ ဝိညာဏကၡန္ဓာ ဝင္ခ့ဲင့္မရ၊ ထို့ကြ်ားင့္ ေနာက္ဆုံးထားၾ ေဟာေတာ္မ်ိသည္။

ဤကမ္ဘဏ္ခန္း ကျမ္းစာအုပ္ဥ္မ်ိကား ပုဗ္ဗဂ်ိမကိစ္စကို ပဓာနျပ့ၾ ဝိညာ-ဏကၡန္ဓာကို ရ္ရ်ိထားပ့ေအ့ံ။

ေဆာင္ပုဒ္သံခ်ိပ္

၁။ ေထ့ထ့ေလာလာ၊ သိမ္ၾမ်ာ၊ ခန္ဓာဝိညာဉ္—မ်ိတ္။
၂။ ခ်ံသာမခ်ံသာ· လ်ားလ်ားၾ်ိ်ာ၊ ေဝဒနာဟု—မ်ိတ္။
၃။ မ်ိတ္သိလိမ်ာ၊ မမ့ဲ့ဆု၊ သညာ—ဟ်ၾ်ိ်ာ်ိတ္။
၄။ ဓေ့ေခ်ခ်ြ်ားင့္ကြ်၊ စိုက္သမ်ၾ၊ သခ်ါရ—ဟ်ိတ္။

ဝိညာဏကၡန္ဓာဥ္ ေထ့ထ့ေလာလာ သိမ္ ဆုိသည္ကား-

၁။ ျမင္ၾ်ခ်ါသေ သိမ္ ၁-ပါး,
၂။ ကြ်ားၾ်ခ်ါသေ သိမ္ ၁-ပါး,
၃။ နံ့ၾ်ခ်ါသေ သိမ္ ၁-ပါး,
၄။ လ်ားၾ်ခ်ါသေ သိမ္ ၁-ပါး,
၅။ ေတ့ထိၾ်ခ်ါသေ သိမ္ ၁-ပါး,
၆။ အထင္အရ်ား သိလင္းကြ်ံစည္ၾ်ခ်ါသေ သိမ္အခ်ျပ္ကြ်ီး ၁-ပါး-ဟ်ၾ် ၆-ပါးရ်ိ၏။

ေဆာင္ပုဒ္သံခ်ိပ္—ျမင္, ကြ်ား, နံ့, လ်ား, ေတ့, သိခ်ား၊ ဆက္ကဝိညာဉ္ခ်ိ်ာ။

ျမင္ခ်ား, ကြ်ားခ်ား, နံ့ခ်ား, လ်ားခ်ား, ေတ့ခ်ား, သိခ်ား-ဟ်ၾ် ဝိညာဏဆက္ကပ့ဲ့ား၏။

၁။ ျမင္ၾ်ကား မ်ားစ်ဥ္ပေါ်သေ ခ်ာတ်တည္း။
၂။ ကြ်ားၾ်ကား နားဥ္ပေါ်သေ ခ်ာတ်တည္း။
၃။ နံ့ၾ်ကခ်ား ၾ်ာခ်ခ်ါင္ဥ္ပေါ်သေ ခ်ာတ်တည္း။
၄။ လ်ားၾ်ကား လ်ားဥ္ပေါ်သေ ခ်ာတ်တည္း။
၅။ ေတ့ၾ်ကား အတ့ဲင္ေအ တကိုယ်လုံးဥ္ ပ့ေါ်သေ ခ်ာတ်ကည္း။
၆။ သိၾ်ကား ၾ်လုံးဥ္ပေါ်သေ ခ်ာတ်ကည္း။

ထိုဝိညာဏဆက္ကတ္ဆိုတွင် နောက်ဆုံးဖြစ်သော သိမ္မကြီး ၅-ပါးမှ အသီးအခြား သိမ္မကြီး ၁-ပါး-ဟူ၍ ပေါင်း ၆-ပါးရှိပြန်၏။

၁။ မြင်-သိ,	၄ ၊ လျက်-သိ,
၂။ ကြား-သိ,	၅။ တွေ့-သိ,
၃။ နံ-သိ,	၆။ အလုတ်-သိ,

ဟူ၍ နောက်ဆုံး အသိ ၆-ပါး ရှိပြန်၏-ဟူလို။

ထိုတွင်မြင်, သိ ၂-ချက် ဖြစ်ပုံကား—

ထိုထိုအဆင်းမျိုးတို့နှင့် တိုက်ဆိုင်မိကြသောအခါ မျက်စိမြင်မှု ရှေးဦးစွာ ဖြစ်၏၊ နောက်၌ နှလုံးမှ သိမ္မကြီး ဆက်လက်ဖြစ်ပွား၏၊ သစ်ပင်ကိုမြင်၍ သစ်ပင်မှန်းသိရာ၌ မြင်မှုကား မျက်စိ၏ ဆိုင်ရာပေတည်း၊ သိမ္မကား မနောနှလုံး၏ ဆိုင်ရာပေတည်း၊ မြင်မှုအခိုက်၌ ထိုပုဂ္ဂိုလ်သည် သစ်ပင်ပါတကား ဟူ၍ မသိသေး၊ သိမ္မအခိုက်သို့ရောက်မှ ထိုပုဂ္ဂိုလ်အား သစ်ပင်ကြီးဘွားခဲ့ပေါ်၏၊ ပေါ်သောအခါမှစ၍ ထိုသစ်ပင်မှာ သိမ္မပေါင်းများစွာ ကျယ်ပွားလျှက်သွားပေ၏၊ မျက်နှာမလွဲမခြင်း မြင်မှု, သိမ္မ အထပ်ထပ် အလည်လည် ဖြစ်၍ နေကြ၏။

ပကတိလူတို့သည်ကား မြင်မှု, သိမ္မ ၂-ပါးကို ခြားနားလျှက် မသိနိုင်ကြကုန်၊ မိမိတို့ကိုယ်၌ ဖြစ်ကြုံ၍ နေကြသော အမှုမျိုး ဖြစ်သောကြောင့် ဉာဏ်နှင့် အချက်ရှာ၍ ကြည့်တတ်သော ပညာရှိတို့သည်ကား ခြားနား၍ သိမြင်နိုင်ကြ၏။

[ဤကား မြင်-သိ ၂-ချက် ဖက်စပ်ပုံတည်း၊ ဤနည်းကို အမှီပြု၍ ကြား-သိ ၂-ချက်, နံ-သိ ၂-ချက်,လျက် သိ ၂- ချက်,တွေ့-သိ ၂-ချက် ဆက်စပ်၍ ဖြစ်ပုံကို အကုန်သိကြကုန်ရာ၏။]

ထို ၅-ပါးတို့နှင့် ကင်း၍ အသီးအခြား သိမ္မကြီး ဆိုသည်ကား မြင်ဆဲ, ကြားဆဲ, နံဆဲ, လျက်ဆဲ, တွေ့ထိဆဲ, အာရုံတို့မှ အလုတ်ဖြစ်သော အာရုံမျိုးတို့ကို သိမ္မ, ကြံမှုကြီးပေတည်း၊ ဤသိမ္မကြီးကား မနောနှလုံးထဲတွင် စဲသည်ဟု မရှိသကဲ့သို့ ထင်ရ၏၊ အလွန်ကျက်စားရာ အာရုံနယ်ကြီးကျယ်လှ၏။

[ဤကား ဝိညာဏက္ခန္ဓာ၌ အကျဉ်းခံနည်းတည်း။]

[ရတိယဘာ[illegible]]

ဝေဒနာကွန္ဒာ၌ အကျဉ်းခဲ့နည်း

ဝေဒနာကွန္ဒာ၌ ခံသာမှု, မခံသာမှု, လျစ်လျူမှု-ဟူ၍ ၇-ပါးရှိ၏။

၀။ ခံသာမှု ဆိုသည်ကား သာယာသော ခံစားမှု, ကောင်းသည် ကောင်းသည်- ဟူ၍ ချီးမွမ်းဖွယ်သော ခံစားမှု, ခင်မင်ရသော ခံစားမှု ဆိုလိုသည်။

၂။ မခံသာမှု ဆိုသည်မှာကား မသာယာသော ခံစားမှု, မကောင်း-မကောင်း- ဟူ၍ ကဲ့ရဲ့ဖွယ်သော ခံစားမှု, မုန်းရသော ခံစားမှု ဆိုလိုသည်။

၇။ လျစ်လျူခံစားမှုဆိုသည်ကား ခံသာသည်, မခံသာသည်-ဟူ၍ အမှု မစိုက်လောက်သော မထင်ရှားဘော ခံစားမှု ဆိုလိုသည်။

ဤဝေဒနာကွန္ဒာကို လောကာ၌-

၁။ မျက်စိအရသာ ခံစားမှု,
၂။ နှားအရသာ ခံစားမှု,
၇။ နှာခေါင်းအရသာ ခံစားမှု,
၄။ လျှာအရသာ ခံစားမှု,
၅။ ကိုယ်အင်္ဂါအရသာ ခံစားမှု,
၆။ စိတ်မနောအရသာ ခံစားမှု,

အားဖြင့် ၆-ပါးပြု၍ ခေါ်ဝေါ်ကြကုန်၏၊ ခပ်သိမ်းသော လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ဤဝေဒနာကွန္ဒာ-ဟူသော အရသာ ၆-ပါး တို့၌ နစ်မွန်း၍ နေကြကုန်၏။

[ဤကား ဝေဒနာကွန္ဒာ၌ အကျဉ်းခဲ့နည်းတည်း။]

သညာကွန္ဒာ၌ အကျဉ်းခဲ့နည်း

သညာကွန္ဒာ၌ မှတ်သိလိမ္မာ မမေ့ရာဆိုသည်ကား အမိဝမ်းမှ မွေးဖွား သည်မှစ၍ ဤကား အမိ, ဤကား အဖ, ဤကားအရှေ့, ဤကားအနောက် စသည်ဖြင့် လူအများတို့ ပြောဆိုပြုလုပ် ကြသမျှတို့ကို မှတ်၍ မှတ်၍ တနေ့ တခြား သိကြားလိမ္မာ၍ လာကြသောအမှု၊ တွေ့ဖူး, ကြုံဖူး, ဆက်ဆံဖူး သမျှကို ထင်ရှားရှုဌာနတို့၌ မမေ့မပျောက် စဲမြဲထင်ရှား၍နေမှု အခြင်းအရာ မျိုးကို သညာကွန္ဒာ ဆိုသည်။

အသိအလိမ္မာ ၂-ပါး

၁။ မှတ်သိလိမ္မာ ၁-မျိုး,
၂။ တတ်သိလိမ္မာ ၁-မျိုး,
ဟူ၍ ၂-မျိုးရှိ၏။

၁။ သညာ၏ အသိအလိမ္မာကား မှတ်သိလိမ္မာတည်း။
၂။ ပညာ၏ အသိအလိမ္မာကား တတ်သိလိမ္မာတည်း။

အရပ်ဒေသ အမျိုးအရိုးတို့နှင့်ပင် ပြီးစီးနိုင်သော အသိ အလိမ္မာမျိုးသည် သညာနှင့် ပြီးစီး၏၊ ဆရာသမားထံ သင်ကြား လေ့လာ နာခံမှတ်သား ထားမှုနှင့် ပြီးစီးသော အသိ အလိမ္မာမျိုးသည်ကား ပညာပေတည်း။

[ဤကား အသိ, အလိမ္မာ ၂-ပါး ခွဲနည်းတည်း။]

ထိုသညာကွန္ဓာသည် အာရုံအပြားအားဖြင့် ၆-ပါးရှိ၏။

၁။ ရူပသညာ, ၄။ ရသသညာ,
၂။ သဒ္ဒသညာ, ၅။ ဖောဋ္ဌဗ္ဗသညာ,
၃။ ဂန္ဓသညာ, ၆။ ဓမ္မသညာ,
ဤ ၆-ပါးတည်း။

အဆင်းသဏ္ဌာန်မျိုး၌ သိမှု,အသံမျိုး၌ သိမှု,အနံ့မျိုး၌ သိမှု,အရသာမျိုး၌ သိမှု, ပထဝီ-တေဇော-ဝါယောဟူသော ဖောဋ္ဌဗ္ဗမျိုးတို့၌ သိမှု, ထို ၅-မျိုးတို့မှ ကြွင်းသော ကုသိုလ်ဓမ္မ-အကုသိုလ်ဓမ္မ-အဗျာဏတဓမ္မတို့၌ သိမှု-ဟူ၍ ၆-ပါး ဆိုလိုသည်။

မျက်စိအရသာကို သိမှု, နားအရသာကို သိမှု, နှာခေါင်းအရသာကို သိမှု, လျှာအရသာကို သိမှု, ကိုယ်အင်္ဂါအရသာကို သိမှု, မနောအရသာကို သိမှု ဟူ၍လည်း ၆းပါးဖြစ်၏။

သတ္တဝါ အပေါင်းတို့သည် ဤသညာနှင့်ပင် နေ့နေ့ ညည ကိစ္စအခွင့် အလုံးစုံမျိုးကို သိ၍ သိ၍ လုပ်ကြံရွက်ဆောင်၍ နေကြရကုန်၏။

[ဤကား သညာကွန်ဓာ၌ အကျဉ်းခွဲနည်းတည်း။]

[ဒုတိယအကြိမ်]

သညာသိနှင့် ဝိညာဉ်ဆိ အထူး

ဤအရာ၌ ဝိညာနကွန္ဓာ သိမှုနှင့် သညာကွန္ဓာ သိမှုကိုလည်း ခွဲခြမ်းရာ၏။

၁။ ၆-ဒွါရ၌ ဆိုက်တိုက်လာသော အာရုံတို့ကို သင်ကားမြေ, သင်ကားရေ-အစရှိသည်ဖြင့် သိမြင်ဖော်ပြ၍ သွားမှုသည် ဝိညာဉ်၏သိမှုတည်း၊ သညာ၏သိမှု မဟုတ်။

၂။ ဝိညာဉ်ဖော်ပြ၍ သွားသမျှကို နောင်မမေ့ရအောင် မှတ်မှုသည် သညာ၏အမှုတည်း၊ ဝိညာဉ်၏အမှုမဟုတ်။

ဝိညာဉ်အလိုအားဖြင့် ရှေသို့တွေ့ကြုံသမျှကို ထင်မြင်သိမြင်၍ သွားနိုင်ရာ၏၊ တွေ့ကြုံပြီးကိုပြန်၍ တစုံတခုကိုမျှ မမှတ်မိနိုင်ရာ၊ သညာ အလိုအားဖြင့် တွေ့ကြုံဖူးသည်ကို မှတ်မိ၏၊ ရှေသို့တစုံတခုကိုမျှ သိမြင်မှုမရှိလေရာ။

[ဤကား သညာသိ, ဝိညာဉ်သိ ၂-ပါးတို့၏ အထူးတည်း။]

သခ်ါရကွန္ဓာ၌ အကျဉ်းခွဲနည်း

သခ်ါရကွန္ဓာ၌ အဘိဓမ္မာနည်းအားဖြင့် သခ်ါရကွန္ဓာအပါအဝင်ဖြစ်သော တရားမျိုးသည် ၅၀-ရှိ၏၊ သုတ္တန်နည်းအားဖြင့် စေတနာ စေတသိက် ၁-ခုကို ပဓာနပြု၍ ပြဆိုရ၏၊ စေတနာ စေတသိက် တခု၌ အနိစ္စလက္ခဏာရေး ပိုင်နိုင်ခဲ့လျှင် ထိုအလုံးစုံတို့၌ ပိုင်နိုင်ဘော့သည်၊ ဤသခ်ါရကွန္ဓာ၌ စေ့ဆော်မှု, ကြောင့်ကြစိုက်မှု ဆိုသည်ကား သတ္တဝါတို့၏ စိတ်ကို မျက်တောင်တခတ်မျှ ကြုံမှုစည်မှုကိုလွှတ်၍ ငြိမ်ဝပ်ရပ်နားလျက် နေခွင့်မရအောင် နှိုးဆော်မှု, ကြောင့်ကြဗျာပါရ စိုက်ထူ၍ အပူတိုက်ဆော်သြမှုပေတည်း။

လွန်လေပြီးသော အနမတဂ္ဂသံသရာတွင် အသည်သတ်ဘုံ၌ ဖြစ်ခိုက်ကို ချန်လှပ်၍ ဘဝအဆက်ဆက်ကို အကုန်မျှော်လေ၊ စိတ်တလှုပ်လှုပ်, စိတ်တရွရွ, စိတ်တကြွကြွ, စိတ်တချီချီ, စိတ်တလူလူ နေမှုကိုမြင်ခဲ့လျှင် စေတနာအမှုကို သိမြင်လိမ့်မည်၊ တခုခုသော ဘဝတွင် စုတိ ကမ္မဇရုပ် ချုပ်ဆုံးရာ၌လည်း မျက်တောင်တခတ်မျှ ရပ်တန့်ခွင့်မရမူ၍ ဘဝအသစ် အသစ်သို့ ပစ်ချမှုသည် ဤစေတနာ၏အမှုပေတည်း၊ ဤစေတနာ-ဟူသော စေ့ဆော်မှု, ကြောင့်ကြဗျာပါရစိုက်မှုကို ကုသိုလ်ကံ, အကုသိုလ်ကံ-ဟူ၍ ဆိုအပ်၏၊ ကာယကံ, ဝစီကံ မနောကံ-ဟူ၍လည်း ဆိုအပ်၏။

[ရတိယအကြိမ်]

အာရုံအပြားအားဖြင့်–

၁။ ရူပသဉ္ဇေတနာ,
၂။ သဒ္ဒသဉ္ဇေတနာ,
၃။ ဂန္ဓသဉ္ဇေတနာ,
၄။ ရသသဉ္ဇေတနာ,
၅။ ဖောဋ္ဌဗ္ဗသဉ္ဇေတနာ,
၆။ ဓမ္မသဉ္ဇေတနာ,

ဟူ၍ ၆-ပါးရှိ၏။

၁။ ရူပါရုံအတွက်နှင့် စေ့ဆော်မှု,
၂။ သဒ္ဒါရုံအတွက်နှင့် စေ့ဆော်မှု,
၃။ ဂန္ဓာရုံအတွက်နှင့် စေ့ဆော်မှု,
၄။ ရသာရုံအတွက်နှင့် စေ့ဆော်မှု,
၅။ ဖောဋ္ဌဗ္ဗာရုံအတွက်နှင့် စေ့ဆော်မှု,
၆။ ဓမ္မာရုံအတွက်နှင့် စေ့ဆော်မှု,

[ဤကား သင်္ခါရက္ခန္ဓာ၌ အကျဉ်းခွဲနည်းတည်း။]

နာမက္ခန္ဓာ၄-ပါးတို့၌ အနိစ္စလက္ခဏာ ဖော်နည်းဖွင့်နည်း ပြီး၏။

(၈) ဝိညာဉ် ၆-ပါး, နာမက္ခန္ဓာ ၄-ပါးကို ပြဆိုချက်

ဒုက္ခသဟဂုတ် ကာဝိညာဉ် နာမက္ခန္ဓာ ၄-ပါး

"မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ"

ဟူသော ပါဋ္ဌိတော်မြတ်နှင့်အညီ နာမက္ခန္ဓာ ၄-ပါးတို့တွင် ဝိညာဏက္ခန္ဓာသည် အချုပ်အခြာ ပဓာနရှေသွား ဖြစ်၏၊ ရူပက္ခန္ဓာ၌ ခက်မာမှု ပထဝီသည် ခပ်သိမ်းသော ရုပ်ကလာပ်တို့၏ အမာခံဧရာတည် ဖြစ်သကဲ့သို့ နာမက္ခန္ဓာ ၄-ပါးတို့၌ သိမှု ဟူသော ဝိညာဏက္ခန္ဓာသည် ခပ်သိမ်းသော စေတသိက်ခန္ဓာတို့၏ ဧရာတည်ဖြစ်၏၊ သိမှုကိုမှီ၍ ခံစားမှု, မှတ်သားမှု, စေ့ဆော်မှု-စသည်တို့သည် ဖြစ်ပွားကြရကုန်၏၊ ထို့ကြောင့် နာမက္ခန္ဓာ ၄-ပါးတို့၏ အနိစ္စအချက်ကို ပြဆိုရာ၌ ၆-ပါးကို ပဓာနပြု၍ ဆိုပေအံ့။

ဝိညာဉ် ၆-ပါးတွင်လည်း တကိုယ်လုံး အနှံ့အပြား ဖြစ်နိုင်သော ကာယဝိညာဉ်ကို၊ ထိုတွင်လည်း အလွန်ထင်ရှားသော ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကို ရှေးဦးစွာပြဆိုရာ၏၊ ခြေဘဝါးအပြင်မှ အထက်ငယ်ထိပ် အပြင်တိုင်အောင် အတွင်းအပတကိုယ်လုံးသည် ကာယဝိညာဉ်နှင့်တကွသော နာမက္ခန္ဓာ ၄-ပါးတို့၏ ဖြစ်ရာဌာန ချည်းသာတည်း၊ အလွန်ထက်လှစွာသော အပ်သွားဖြင့်

ထိုး၍ စမ်းသည်ရှိသော် နာတတ်သော အရပ်ဟူသမျှ, နာမှုပေါ်ရာ အရပ်ဟူအမျှသည် ထိုခန္ဓာ ၄-ပါးဖြစ်ရာ ဌာနချည်းသာတည်း။

ပေါ်လွင်ထင်ရှားအောင် ဆိုဦးအံ့

ကာယဝိညာဉ်ဟူသော ဝေါဟာရသည် မာဂဓဘာသာသို့ လိုက်၍ ခေါ်သော ဝေါဟာရတည်း၊ မြန်မာဘာသာနှင့် ခေါ်မူကား တကိုယ်လုံး၏ သိမှု ဆိုလိုသည်၊ ခြေဖဝါးအရေကို အပ်သွားဖြင့် ထိုးလျှင် ခြေဖဝါးအရေသည် သိ၏၊ ဤခြေဖဝါးအရေ၏ သိမှုကို ကာယဝိညာဉ် ခေါ်၏၊ ထို့အတူ-

၁။ ခြေချောင်းအရေတို့သည် သိတတ်ကြကုန်၏။
၂။ ခြေဖနောင့်ရေ, ခြေဖမိုးရေတို့သည် သိတတ်ကြကုန်၏။
၃။ ခြေသလုံးရေ, ဒူးပုဆစ်ရေ, ပေါင်ရေ အစရှိကုန်သော အလုံးစုံသော အရေတို့သည် သိတတ်ကြကုန်၏။
၄။ ၉၀၀-သော သားတစ်တို့သည်လည်း သိတတ်ကြကုန်၏။
၅။ ၉၀၀-သော အကြောတို့သည်လည်း သိတတ်ကြကုန်၏။
၆။ ဦးနှောက်ခဲ, အဆုတ်ခဲ, အသည်းခဲ, နှလုံးခဲ, ကျောက်ကပ်ခဲ, အဖျဉ်းခဲ့, အမြေးလွှာ, အူကြီး, အူငယ်တို့သည်လည်း သိတတ်ကြကုန်၏။

ဤအလုံးစုံတို့၏ သိမှုကို ကာယဝိညာဉ် ခေါ်၏။

ဤသိမှုတို့၌ ခန္ဓာ ၄-ပါးအစုံ ပါရှိ၏၊ ဤစကား၌ သိမှုဆိုသော်လည်း ပုဂ္ဂိုလ်၏ သိမှုမဟုတ်သေး၊ အရေတို့၏ သိမှု, အသားတို့၏ သိမှု, အကြောတို့၏ သိမှု, ဦးနှောက်ခဲ, အဆုတ်ခဲ-စသည်တို့၏ သိမှုသာတည်း၊ ဝိညာဉ် ၆-ပါးခွဲခန်း၌ ဤသိမှုကို တွေ့ထိမှုဟူ၍သာ ခေါ်ရသည်၊ မြင်သိ, ကြားသိ, နံသိ, လျက်သိ, တွေ့သိ-ဟူ၍ အစုံအစုံရှိသည်တွင် တွေ့သိ ဟူသော အစုံ၌ တွေ့မှုသာ ရှိသေးသည်၊ ဤတွေ့မှုကို အရေတို့၏သိမှု, အသားတို့၏ သိမှု, အကြောတို့၏ သိမှု စသည်ဖြင့် ဆိုခဲ့သည့် ကောဌာသ အပြားသို့ လိုက်၍ ခွဲမူကား အရေ၏သိမှု, နှလုံး၏သိမှု ၂-ပါး ခွဲရာ၏၊ အရေ၏သိမှုကို တွေ့ထိမှု ခေါ်၏၊ ကာယဝိညာဉ်ပေတည်း။

နှလုံး၏သိမှုကိုသာ သိမှုခေါ်၏၊ မနောဝိညာဉ်ပေတည်း၊ ပုဂ္ဂိုလ်၏ သိမှုကား ဤနှလုံး၏သိမှုသို့ရောက်မှ ပေါ်၏၊ ဤနှလုံး၏ သိမှုပေါ်လာမှသာ

ပုဂ္ဂိုလ်သိ သိ၏၊ ဤသို့လျှင် ကောင္ဘာသတို့၏ သိမှု, ပုဂ္ဂိုလ်၏ သိမှု ၂-ပါးကို ကိုယ်တွေ့ဒိဋ္ဌအားဖြင့် ခြားနားမှု သိကြကုန်ရာ၏။

ပရမတ္ထအလိုအားဖြင့်မူကား ပုဂ္ဂိုလ်ဟူ၍ မရှိ၊ ခန္ဓာ ၅-ပါးသာ ရှိ၏၊ ထို့ကြောင့် ပုဂ္ဂိုလ်၏ သိမှုမည်သည်ကား နှလုံးအိမ်တွင်းဌာ မနောဝိညာဉ် ဖြစ်ပေါ်မှုသာတည်း၊ ထို့အတူ ပရမတ္ထအားဖြင့် အရေဟူ၍ မရှိ၊ အသားဟူ၍ မရှိ၊ အကြောဟူ၍ မရှိ၊ ဦးနှောက်·စသည် ဟူ၍ မရှိ၊ ခန္ဓာ ၅-ပါးသာ ရှိ၏၊ ထို့ကြောင့် အရေ·စသော ကောင္ဘာသတို့၏ သိမှုမည်သည်ကား ထိုထို ခြေဝါးရေ, ခြေချောင်းရေ, ခြေဖနောင့်ရေ, ခြေဖမိုးရေ စသည်တို့ဌာ ကာယဝိညာဏဓာတ်၏ ဖြစ်ပေါ်မှုသာတည်း ဤသို့ [illegible] ၊ ၊ [illegible] အလို အားဖြင့် ပုဂ္ဂိုလ်စကားပြောခဲ့လျှင် ပုဂ္ဂိုလ်သည် [illegible] ၊ ၊ [illegible] ၊ ၊ [illegible] ဖြစ်ကုန်သော ဦးခေါင်း, ခြေလက်စသည်တို့သည်လည်း သိတတ်ကြကုန်၏။

အရေ, အသား, အကြော-အစရှိသော ကောင္ဘာသ တို့သည်လည်း သိတတ်ကြကုန်၏၊ ပုဂ္ဂိုလ်၏သိမှု, ကိုယ်အင်္ဂါတို့၏သိမှု, ကောင္ဘာသတို့၏ သိမှု အသီးသီးရှိကြကုန်၏-ဟု ပြောဆိုရာ၏၊ ပရမတ္ထအလိုအားဖြင့် မူကား ထိုအလုံးစုံကို ပယ်ရှားမှ ပြင်မှ-သိမှု, ကြားမှသိမှု, နံမှ-သိမှု, လျက်မှ သိမှု, တွေ့မှ သိမှု, ထွေထွေလာလာ ကြံမှ-သိမှု-ဟူသော အလုံးစုံသော သိမှုဟူသမျှ သည် ထိုထိုကိုယ်အင်္ဂါ, ထိုထိုကောင္ဘာသ အရပ်တို့ဌာ အကြောင်းဆိုက် တိုက်လာရာ ဖြစ်ပေါ်ကြသော ဝိညာဉ် ၆-ပါး၏ အမှုသက်သက်သာတည်း-ဟု ပြောဆိုရာ၏။

သစ်ပင်, ချုံနွယ်, တုံးတိုင်စသော ဗဟိဒ္ဓသဏ္ဌာန်တို့ဌာကား ဤကဲ့သို့သော သိမှုမှုရှိ၊ သိမှုမရှိသောကြောင့်လည်း ခံသာမှု, မခံသာမှုမရှိ၊ မွတ်သားမှုမရှိ၊ ဏာယကံမှု, ဝစီကံမှု, မနောကံမှုမရှိ၊ ဗဟိဒ္ဓသဏ္ဌာန်နှင့် ယှဉ်ဖက်၍ ပြောမူကား နာမကွန္ဓာ ၄-ပါး၏ အမှုအသီးအခြား ထင်ရှားဖြစ်ပေါ်လေတော့သည်။

ပြေးပုံကား- သစ်ပင်ကို ခုတ်ဖြတ်ခဲ့သော် ဖြတ်မှုသာရှိ၏၊ သိမှု, နာမှု, မွတ်မှု, စိတ်လှုပ်ရှားမှုမရှိ၊ ခြေလက်အင်္ဂါကို ခုတ်ဖြတ်ခဲ့သော် ပြတ်မှုလည်း ရှိ၏၊ ထိုခြေလက်အင်္ဂါတို့၏ သိမှု, နာမှု, မွတ်မှု, စိတ်လှုပ်ရှားမှုတို့လည်း ရှိကုန်၏၊ ဤအပိုအမိုမှုတို့ကို နာမကွန္ဓာဆိုသည်ဟု ပြောပြလေ။

တွေ့မှု ၂-မျိုး

မြန်မာတို့အခေါ်၌ ကာယဝိညာဉ် အတွေ့အထိဟူ၍ ခေါ်သည်၊ အတွေ့အထိ ဟူရာ၌လည်း ရုပ်ခန္ဓာချင်း ခိုက်တွေ့ဆဲ၌ ဖြစ်ပေါ်သော သိမှုကို အတွေ့ဟူ၍ ခေါ်သည်၊ ရုပ်ခန္ဓာချင်း ခိုက်ထိဆဲ၌ ဖြစ်ပေါ်သော သိမှုကို အထိဟူ၍ ခေါ်သည်၊ ရုပ်ခန္ဓာချင်း တွေ့မှု ထိမှုနှင့် ဤကာယ ဝိညာဉ်ခေါ်သော တွေ့မှု, ထိမှုထွေးလုံး၍နေကြ၏၊ တွေ့မှု ၂-မျိုးကွဲအောင် ခွဲခြမ်းကြလေ၊ တွေ့မှုနှင့် ထိမှုကား အတူတူလိုပင်။

ဒုက္ခဝေဒနာ

မြန်မာလို အခေါ်၌ ကာယဝိညာဉ်နှင့် အတူဖြစ်ပေါ်သော ဒုက္ခဝေဒနာကို—

၁။ ညောင်းသည်ညာသည်-ဟူ၍ ခေါ်၏။
၂။ နာသည်ကျင်သည်-ဟူ၍ ခေါ်၏။
၃။ ယားသည်ယုံသည်-ဟူ၍ ခေါ်၏။
၄။ ထုံသည် ကျင်သည်-ဟူ၍ ခေါ်၏။
၅။ ကိုက်သည် ခဲသည်-ဟူ၍ ခေါ်၏။
၆။ အောင့်သည် အင့်သည် နင့်သည် စူးသည်-ဟူ၍ ခေါ်၏။
၇။ မောသည် ပန်းသည်-ဟူ၍ ခေါ်၏။
၈။ နွမ်းသည် နယ်သည်-ဟူ၍ ခေါ်၏။
၉။ ပူသည် အေးသည်-ဟူ၍ ခေါ်၏။

ဤအခေါ်သည် ရုပ်ပူ,ရုပ်အေးနှင့် ထွေးလျက်ရှိ၏၊ ရုပ်ပူ, ရုပ်အေးထိ၍ မခံသာသည်ကို ပူသည်- အေးသည်ဟု ခေါ်၏၊ ဤသို့ အစရှိသည်ဖြင့် မခံသာမှု-ဟူသော ဒုက္ခဝေဒနာကွန္ဓာသည် မြန်မာတို့ အခေါ်၌ အလွန်များပြား၏၊ ထိုအလုံးစုံသော ညောင်းမှု, ညာမှု, ကျင်မှု-အစရှိသည်တို့ကို အဘိဓမ္မာ၌ ဒုက္ခဝေဒနာ-ဟု ဟောတော်မူ၏၊ ဝေဒနာကွန္ဓာကြီးတွေ့ပေတည်း၊ ထိုကာယဝိညာဉ်နှင့်အတူ ဖြစ်ပေါ်လာသော-သညာကွန္ဓာ, စေတနာ ဟူသော သင်္ခါရကွန္ဓာတို့ကိုလည်း ရှေး၌ ပြဆိုခဲ့ပြီးသော ခွဲခြမ်းနည်းကို အစဉ်မှီး၍ သိကြလေကုန်၏။

[ဒုတိယအကြိမ်]

မိစ္ဆာဒိဋ္ဌိအမြင်နှင့် သမ္မာဒိဋ္ဌိအမြင်

ယခုအခါ မိစ္ဆာဒိဋ္ဌိအမြင်နှင့် သမ္မာဒိဋ္ဌိအမြင် ၂-ပါးကိုခြားနား၍ ပြဆိုပေအံ့။

ခြေဖဝါးအပြင်၌ မြေ, ရေ, အုတ်, ကျောက်, ဆူး, ငြောင့်, ခလုတ် စသည်ထိ၍ သိမှု, နာမှုဖြစ်ပေါ်သောအခါ၌ ခြေဖဝါး အရေပေါ် အရေတွင်းတို့၌ နာမကွန္ဓာ ၄-ပါးဖြစ်ပေါ်၏၊ ခြေဖဝါးအရေကား ရူပကွန္ဓာတည်း၊ သိမှု, နာမှုတို့ကား နာမကွန္ဓာတို့တည်း၊ ရူပကွန္ဓာနှင့် နာမကွန္ဓာတို့သည် ဝိပ္ပယုတ္တပစ္စည်း, ပစ္စယုပ္ပန်ဖြစ်ကြကုန်၍ ပိန်းကြာဖက်အပြင်၌ ကျရောက်တင်နေသောမိုးရေပေါက်သည် ပိန်းကြာဖက်နှင့် ရောနှောခြင်း မရှိသကဲ့သို့ ရုပ်နာမ် ၂-ပါး ရောနှောခြင်း မရှိကြကုန်။

အရေ၌ ခက်မာမှု, ဖွဲ့စည်းမှု, ပူမှု, အေးမှု, တောင့်တင်းမှု, အဆင်းမှု, အနံ့မှု, အရသာမှု-ဟု ဆိုအပ်ကုန်သော ရုပ်ခန္ဓာမှုတို့ကား တခြား၊ ထိုသိမှု, နာမှု စသော နာမကွန္ဓာမှုတို့ကား တခြားတို့သာတည်း။

ထိုသို့ ဖြစ်ရာ၌ ရုပ်ခန္ဓာ, နာမ်ခန္ဓာ ခြားနားခြင်းမရှိမူ၍ ခြေဖဝါးနာသည်ဟု သိသည်ကား ဒိဋ္ဌိသိတည်း၊ ခြေဖဝါး-ဟူ၍ စင်စစ်အားဖြင့် မရှိ၊ ရုပ်ခန္ဓာစုလည်း သိတတ်, နာတတ်သည် မဟုတ်၊ ထိုသိမှု, နာမှုကား စင်စစ်အားဖြင့် နာမ်ခန္ဓာစုပေတည်း-ဟု သိသည်ကား ဉာဏ်သိတည်း၊ ထိုအသိ ၂-ပါးတို့တွင် ခြေဖဝါးနာသည်-ဟု သိခြင်းကား ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို နိစ္စဟူ၍ သိခြင်း, သုခဟူ၍ သိခြင်း အတ္တဟူ၍ သိခြင်းတည်း။

ခြေဖဝါးဟူ၍ မရှိ၊ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့သာ ရှိကုန်၏၊ ထိုတွင် ခက်မာမှု, ဖွဲ့စည်းမှု-စသော ရုပ်ခန္ဓာစုသည် သိမှု, နာမှုမဟုတ်၊ သိတတ်သည် နာတတ်သည် မဟုတ်၊ နာမှုကို သိသည်ကား ဝိညာဏကွန္ဓာပေတည်း၊ နာမှုကား ဝေဒနာကွန္ဓာပေတည်း၊ အမှတ်ထားမှုကား သညာကွန္ဓာပေတည်း၊ မြွေဆိုတ်ဓာက်သကဲ့သို့ နာမှု တရှရှရှိနေရသည်ကား သင်္ခါရကွန္ဓာ စေတနာပေတည်း-ဟု သိသည်ကား အနိစ္စသိ, ဒုက္ခသိ, အနတ္တသိပေတည်း

နိစ္စသိ, သုခသိ, အတ္တသိ

ခြေဖဝါးနာသည်-ဟု သိမှုသည် အဘယ်သို့လျှင် နိစ္စသိ, သုခသိ, အတ္တသိ ဖြစ်လေသနည်း ဟူမူကား—

[ရတိယအကြိမ်]

ခြေဖဝါးမည်သည် ပရမတ္ထအားဖြင့် အဟုတ်ရှိ, ကောန်ရှိမျိုး မဟုတ်၊ ဝိညာဉ်၏ လှည့်ပတ်မှုနှင့် စိတ်ထဲတွင် ထင်မြင်ရသော နိမိတ်တို့ ဓမ္မမျိုးဖြစ်၍ အသက် ၀၀၀-နေ၍ လူသေသည့်တိုင်အောင် မယုက်သေးမူ၍ သုသာန်၌ မီးရှို့.မှု, မြေမြှုပ်မှုတို့ဖြင့် တမင် ဖျောက်ဖျက်၍ပစ်ရသော နိစ္စမျိုးသာတည်း၊ ပုဂ္ဂိုလ် အတ္တ၀ါမျိုးသာတည်း၊ ထို့ကြောင့် ခြေဖ၀ါး နာသည်ဟု သိခြင်းသည် ခက်မာမှု, နာမှုစသော ထိုရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို နိစ္စဟု သိခြင်းဖြစ်လေသတည်း။

နာမှုကို နိစ္စဟု မယူသော်လည်း ခြေဖ၀ါး ပြု၍ ယူခြင်းကြောင့် နိစ္စယူ, နိစ္စသိ ဖြစ်လေသည်၊ နိစ္စဟူသည် သတ္တ၀ါတို့ သာယာဖွယ်သော သုခမျိုးဖြစ်၏၊ ထို့ကြောင့် သုခသိ ဖြစ်လေသတည်း၊ နိစ္စဟူသည် အတ္တ, ဆာရမျိုးဖြစ်၏ ထို့ကြောင့် အတ္တသိ ဖြစ်လေသတည်း။

အနိစ္စသိ, ဒုက္ခသိ, အနတ္တသိ

နောက် ပုစ္ဆာဌာနကား ခက်မာမှုစသော ရုပ်ခန္ဓာ, နာမှုဟူသော နာမ်ခန္ဓာတို့သည် အနိစ္စမျိုးသာတည်း။

၁။ ခက်မာမှုစသည်တို့သည် အလှုပ်အရှားပင် မခံကုန်- ၀-နာရီအဖို့ မှာပင် အခါမျှားစွာ ကွယ်ဆုံးပြောင်းလဲ နှိုင်ကြကုန်၏၊ နာမှုသည်လည်း ခဏခြင်းမင် ချုပ်ပျောက်နိုင်၏၊ ထို့ကြောင့်ရုပ်, နာမ်ဟူ၍ သိခြင်းသည် အနိစ္စသိ ဖြစ်၏။

၂။ အနိစ္စဟူသည် မရဏ၀မ္မမျိုး ဖြစ်၏၊ အမျိုးအားဖြင့် သတ္တ၀ါတို့ အလွန်ကြောက်လန့် ကြရသော သဘောမျိုး စင်စစ်ဖြစ်၏၊ ထို့ကြောင့် ဒုက္ခသိ ဖြစ်၏။

၃။ အနိစ္စဟူသည် အနှစ်သာရ၏ ဆန့်ကျင်ဘက်ဖြစ်၏၊ ထိုပုဂ္ဂိုလ်တဿက် တည်နေနိုင်သော ပုဂ္ဂိုလ်၏ အမာခံ အနှစ်သာရ အတ္တမျိုးမဟုတ်၊ ဘေးဘယမျိုး, ဒုက္ခမျိုးဟူသည် သတ္တ၀ါတို့၏ အလိုနှင့် ဆန့်ကျင်ဘက်မျိုးသာတည်း၊ ထို့ကြောင့်ရုပ်, နာမ်.ခန္ဓာဟူ၍ သိခြင်းဆည် အနတ္တသိ ဖြစ်၏။

ခဏိကမရဏ, သန္ဆတိမရဏ

ဤစကားဦး အနိစ္စ ဟူသည် မရဏ ဓမ္မမျိုး ဖြစ်၏၊ အမျိုးအားဖြင့် သတ္တဝါတို့ အလွန်ကြောက်လန့်ကြရသော ဘေးမျိုးစင်စစ် ဖြစ်၏ဟူရာဦး

၁။ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့၏ ခဏမစဲ ချုပ်ပျက်မှု ဟူသော ခဏိက မရဏတပါး,

၂။ ဝိပဿနာယောဂီပုဂ္ဂိုလ်တို့ အမြင်ရှုကြရသော သန္ဆတိမရဏတပါး,

ဤ မရဏ ၂-ပါးတို့သည်လည်း သတ္တဝါတို့အလွန်ကြောက်လန့်ကြရသော ဓသဘေးမျိုး အမှန်စင်စစ်ဖြစ်ကုန်၏၊ သို့သော်လည်း ဘဝဆုံးမှုကြီး မဟုတ်သေး၍ သေဘေးမျိုးဟူ၍ဖင် မထင်နိုင်ကြကုန်။

ဇာတိဓမ္မ, မရဏဓမ္မ

ထိုမှတပါး ပုဂ္ဂိုလ် သတ္တဝါမျိုးတွင် အပါအဝင်ဖြစ်သော ခြေဖဝါးကို ပယ်ရှား၍ ရုပ်ခန္ဓာ, နာမ်ခန္ဓာခြား၍ မြင်မှုဦးမူကား ဣရိယာပုထ် ဟခုတခု အတွင်းမှာပင် အသစ်အသစ် အမျိုးမျိုး ဖြစ်ပေါ်မှု ဟူသော ဇာတိဓမ္မ, ဥဒယဓမ္မကိုလည်း သိမြင်နိုင်သည်၊ ပုဂ္ဂိုလ်၏ရှင်ခြင်း, ပုဂ္ဂိုလ်၏သေခြင်းဟူ၍ ပင်မရှိ၊ ဓာတ်တို့၏ဖြစ်ခြင်း, ဓာတ်တို့၏ပျက်ခြင်း, ဓာတ်တို့၏ရှင်ခြင်း, ဓာတ်တို့၏ သေခြင်းသည်သာ အမှန်ရှိသည်ဟု မြင်နိုင်လေတော့သည်။

ဤခြေဖဝါး၏ နာကျင်မှုဦးလည်း ပကတိ လူတို့အားပင်လျှင် ယခုတွင်ရွှေ့ ပေါ်လာသည်၊ ယခုပင် အနာအကျင် ပျောက်ပေပြီ-ဟု ပြောဆို သိမြင်ထင်ရှား၏၊ ရုပ်ခန္ဓာ, နာမ်ခန္ဓာဟု ခြားနား၍ သိမှု မရှိကြသည့်အတွက်ကြောင့် ဖြစ်ပေါ်မှုကိုလည်း ဇာတိဓမ္မကြီးဟူ၍ မသိကြကုန်၊ အနာအကျင် ပျောက်မှုကိုလည်း မရဏဓမ္မကြီးဟူ၍ မသိကြကုန်။

စောဒနာဖွယ်

စောဒနာရန့်ရှိ၏၊ နာမှု ကျင်မှု မည်သည် ဒုက္ခသာတည်း၊ ဒုက္ခ၏ ချုပ်ပျောက်ခြင်းသည်ကား သတ္တဝါတို့ အလွန်အလိုရှိကြ, သာယာတောင့်တကြရသော ဣဋ္ဌမျိုး, သုခမျိုး စင်စစ်တည်း၊ ထို့ကြောင့် မရဏဓမ္မမျိုးပင် ဖြစ်သော်လည်း ဒုက္ခမျိုးမဟုတ်၊ သုခမျိုးသာတည်း၊ ကြောက်လန့်ဖွယ်မျိုး မဟုတ်၊ ဤ မရဏဓမ္မကြီးသည် ဒုက္ခဝေဒနာမျိုးကိုသာ ချုပ်ပျောက်စေတတ်သည်၊ သုခ ဝေဒနာမျိုးကိုကား အန္တရာယ် မပြုတတ်ဟု ခြားနားချက်ရှိခဲ့လျှင် ဆိုသင့်ပေ၏။

[ရှတ်ယာကြိုင်]

ထိုသို့ကားမဟုတ်၊ သုခဝေဒနာ ပေါ်လာလျှင်လည်း အတွင်ချုပ်ပျောက်စေ၏၊ ဒုက္ခဝေဒနာပေါ်လာလျှင်လည်း အတွင်ချုပ်ပျောက်စေ၏၊ ဘယ်ရုပ်, ဘယ်နာမ်တခုကိုမျှ မချန် အတွင် ချုပ်ပျောက်စေ၏၊ ထို့ကြောင့် ဒုက္ခဝေဒနာကို ချုပ်ပျောက်စေသော အခါ၌လည်း ထို မရဏ ဓမ္မကြီးသည် ကြောက်လန့်ဖွယ်သော ဘေးမျိုးသာဖြစ်၏၊ အကျမ်းဝင်ဖွယ်, သာယာဖွယ်သော သုခမျိုးမဟုတ်။

ဥပမာကား—မီးသည် မကောင်းသော အမှိုက်ကိုသာ လောင်တတ်သည်၊ ကောင်းမွန်သော ဝတ္ထု၊ ဘဏ္ဍာ, အိမ်ရာ, ဘုံနန်း, ပြာသာဒ်, သတ္တဝါ, ပုဂ္ဂိုလ်တို့ကို မလောင်တတ်-ဟု ခြားနားချက် မရှိ၊ မိမိနှင့် ထိစပ်သမျှကို အကုန်လောင်တတ်၏၊ ထို့ကြောင့် အမှိုက်ကိုလောင်၍ နေသောအခါ၌လည်း ထိုမီးသည် ကြောက်လန့်ဖွယ်သော ဘေးမျိုး, ရန်သူမျိုးသာတည်း၊ မိမိကိုယ်၌ အချမ်းကိုပယ်ဖျောက်၍ နေဆဲအခါ ချက်မှု, ပြုတ်မှုတို့ဖြင့် ကျေးဇူးဥပကာရပြု၍ နေဆဲအခါ၌လည်း ကြောက်လန့်ဖွယ်သော ဘေးမျိုး, ရန်သူမျိုးတို့သာတည်း၊ ဤဥပမာအတိုင်း မြင်လေ။

အပါယ်ဘုံသားတို့အား သုဂတိဘဝသို့ ပြောင်းလာခွင့် မရအောင်ပြုမှုသည်လည်း သူ့အတက်ပင်၊ လူ, နတ်, ဗြဟ္မာတို့ကို သုဂတိဘုံမှ အတွင်သတ်၍ ချမှုသည်လည်း သူ့အတတ်ပင်၊ လွန်ခဲ့ပြီးသော သံသရာ၌ ဂင်္ဂါသဲမျှမက ပွင့်တော်မူကြကုန်သော လောကသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူကြပေကုန်သော မြတ်စွာဘုရားတို့ကို အကုန်ကွယ်ဆုံး၍ ကုန်ရအောင်ပြုမှုသည်လည်း သူ့အတတ်ပင်တည်း၊ သမုဒ္ဒရာသဲမျှမက ပွင့်တော်မူကြကုန်သော ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့ကိုလည်း အကုန်ကွယ်ဆုံး၍ ကုန်အောင် ပြုမှုသည်လည်း သူ့အတတ်ပင်တည်း၊ အနန္တစကြဝဠာ လူ, နတ်, ဗြဟ္မာ သက်ရှိသက်မဲ့ ခန္ဓာတို့သည် ကမ္ဘာမြေကြီးနှင့်တကွ အဆက်ဆက် ကွယ်ဆုံး၍ ကုန်ခဲ့မှုသည်လည်း သူ့အတတ်ပင်တည်း။

ယခုတည်ရှိဆဲဖြစ်သော အနန္တစကြဝဠာ သက်ရှိသက်မဲ့ ခန္ဓာတို့သည်လည်း ကမ္ဘာမြေကြီးနှင့်တကွ အကုန်ကွယ်ဆုံး ကြရကုန်လတ္တံ့၊ နောက် အနမတဂ္ဂ သံသရာ၌ ပေါ်လာသမျှကုန်သော သက်ရှိသက်မဲ့ ခန္ဓာတို့သည်လည်း ကမ္ဘာမြေကြီးနှင့်တကွ အကုန်ကွယ်ဆုံးကြရကုန်လတ္တံ့၊ ဤကား ခြေဖဝါး အပြင်၌ နာကျင်မှုဟု ဆိုအပ်သော နာမ်ခန္ဓာ၏ ချုပ်ပျောက်မှု-ဟူသော မရဏဓာတ်ကြီး၏ အတတ်ကို နှံ့စပ်စွာ မြော်မြင်ကြရန် အချက်ကြီးပေတည်း။

ခြေဖဝါးတပြင်လုံး၌ နာမကွန္ဓာ ၄-ပါးပေါ်ပုံ

ခြေဖဝါးတပြင်လုံး၌ တပြိုင်နက် တချက်တည်း ထိခိုက်မှု ရှိခဲ့သော် ဤ နာမကွန္ဓာ ၄-ပါးတို့သည် ခြေဖဝါး တပြင်လုံး၌ ဖြစ်ပေါ်ကြ ကုန်၏၊ ထိခိုက်မှု ဒဏ်ချက်သည် အသားတွင်းသို့ ၁-သစ်, ၂-သစ် စသည်ဖြင့် စူးဝင်ခဲ့သည်ရှိသော် ခြေဖဝါးအသားတွင်း၌ ၁-သစ်, ၂-သစ် စသည်ဖြင့် အနှံ့အပြား ဖြစ်ပေါ်ကုန်၏၊ ထိခိုက်မှုဒဏ်ချက်သည် ခြေဖဝါးအပြင်မှ အထက် ခြေဖမိုးသို့ ပေါက်ရောက်တတ်သည်ရှိသော် နာမကွန္ဓာတို့သည် ခြေဖဝါး, ခြေဖမိုး အတွင်းအပြင် ခြေတခုလုံး အနှံ့အပြား တပြိုင်နက် အပြည့်ဖြစ်ပေါ်၍ ဒဏ်မှကျေသမျှ ကာလ့ပတ်လုံး ၁-နာရီ, ၂-နာရီ စသည်ဖြင့် တဖွားဖွား ဖြစ်ပေါ်၍ နေကုန်၏၊ ဒဏ်ပြေပျောက်မှပင် ချုပ်ပျောက်ကြကုန်၏၊ ကိုယ်တွေ့ ဒိဋ္ဌတို့ ချည်းသာတည်း။

ဖဿပစ္စယာဝေဒနာ

ဖဿပစ္စယာ ဝေဒနာ-ဟူသော ပဋိစ္စသမုပ္ပါဒ် ပါဋိတော်နှင့် အညီ ဒဏ်ချက်၏ ထိခိုက်မှု-ဟူသော ဖဿသည်ဆာ ပမာဏပေတည်း၊ ဖဿ ဖြစ်ပေါ်လျှင် ဝေဒနာ ဖြစ်ပေါ်မြဲ၊ ဖဿ နှံ့ပြားသမျှ ဝေဒနာ နှံ့ပြား၏၊ ဖဿချုပ်ပျောက်လျှင် ဝေဒနာ ချုပ်ပျောက်၏၊ အတွင်းအပတခုလုံး ဒဏ်ထိသမျှ ဖဿဖြစ်ပေါ်၍ ခြေတခုလုံးဝေဒနာတွေ အနှံ့အပြားဖြစ်ပေါ်၍ နေကြကုန်သော်လည်း ရှပ်နှင့်နာမ်သည် ဝိပ္ပယုတ္တ ဖြစ်ကြသောကြောင့် ရောယှက်ငြိတွယ်ခြင်း မရှိကြကုန်။

ဥပမာ-ညဉ့်အခါ၌ ထွန်းအပ်သော မီးရောင်တို့သည် ရေခွက်အတွင်း၌ ရှိသော ကြည်လင်လှစွာသော ရေအတွင်း၌ အကုန်လုံး အနှံ့အပြားဖြစ်ပေါ်ကြကုန်သော်လည်း ရေနှင့် ရောယှက် ငြိတွယ်ခြင်း မရှိကုန်သကဲ့သို့တည်း။ ရောယှက်ငြိတွယ်ခြင်း မရှိကြပုံကား ထွန်းအပ်သော မီးတောက်ဖြစ်ပေါ်လျှင် ရေခွက်၌ မီးရောင်တို့ ဖြစ်ပေါ်ကုန်၏၊ မီးတောက် သေပျောက်ခဲ့လျှင် ရေခွက်တွင်းရှိ မီးရောင်တို့သည် တပြိုင်နက် ပျောက်ကွယ်ကုန်၏၊ လေခတ်၍ မီးတောက်လှုပ်ရှားခဲ့လျှင် ရေ၌မီးရောင်တို့သည် လှုပ်ရှားကုန်၏၊ ရေသည်မူကား မီးရောင်တို့၏ ဖြစ်ပေါ်မှုကြောင့်လည်း အနေမပျက်၊ မီးရောင်တို့၏ လှုပ်ရှားမှုကြောင့်လည်း လှုပ်ရှားခြင်းမရှိ၊ မီးရောင်တို့၏ ပျောက်ကွယ်မှု, ကုန်ခန်းမှုကြောင့်လည်း အနေမပျက်။

[ဤကားရေနှင့်မီးရောင် ဝိပ္ပယုတ္တ ဖြစ်ကြပုံတည်း။]

[ဒုတိယအကြိမ်]

ရေနှင့် မရင်းထင်သော လူရိပ်, မှုန်နှင့် မှုန်ခြုံထင်သော မျက်နှာရိပ်-စသည် တို့လည်း ဝိပွဿယုတ္တိမျိုးတို့ပင်တည်း၊ ထို့အတူ နာမ္မ-ဟူသော နာမကွန္ဓာ ၄-ပါးတို့သည် ခြေတခုလုံး အနှံ့အပြား အတွင်းအပြင် ဖြစ်ပေါ်၍ ၁-ရက် ၂-ရက် စသည် ဒဏ်ထိမှု ဖဿ မပြေမပျောက်သမျှ ကာလပတ်လုံး ဖြစ်ပေါ်၍ နေကြကုန်သော်လည်း ဝိပွဿယုတ္တိပစ္စည်း ပစ္စယုပ္ပန်ချင်း ဖြစ်ကြကုန်၍ ခြေဟူသော ရူပကွန္ဓာနှင့် ရောယှက်ငြိတွယ်ခြင်း မရှိကြကုန်၊ ဖဿ ဖြစ်ပေါ်မှုခြင်းလည်း သင္ဘောယဘနပစ္စယာ ဖဿော-ဟူ၍ ဟောတော်မူ၏၊ ဤကာယဝိညာဉ် နာမကွန္ဓာ အရာ၌ ကာယာယတနနှင့် ဖောဋ္ဌဗ္ဗာယတန ၂-ပါး ထိခိုက်မှု ဒဏ်ချက်ရှိရာ၌ ကာယသမ္ဖဿ ဖြစ်ပေါ်မြဲတည်း၊ ကာယသမ္ဖဿဖြစ်ပေါ်ရာ၌ ဤနာမ္မ ဟူသော ကာယသမ္ဖဿဇာဝေဒနာ ဖြစ်ပေါ်မြဲတည်း။

ကာယာယတန ဆိုအဆည်ကား အတွင်းအပဖြစ်သော ခြေတခုလုံး၌ တည်ရှိသော ကာယပသာဒ ရူပ်ကြည်ပေတည်း၊ ဖောဋ္ဌဗ္ဗာယတန ဆိုသည်ကား ခက်မာမှု, နူးညံ့မှု ဟူသော ပထဝီ ၁-ပါး၊ ပူမှု, အေးမှု-ဟူသော တေဇော ၁-ပါး, ထကြွလှုပ်ရှားမှု-ဟူလော ဝါယော ၁-ပါး၊ ဤဓာတ်ကြီး ၃-ပါးကို ဖောဋ္ဌဗ္ဗာယတန ဆိုသတည်း၊ ထိုဓာတ်ကြီး ၃-ပါးသည်လည်း ခြေတခုလုံး၌ ရှိနေသော အတွင်းဖောဋ္ဌဗ္ဗကြီး ၃-ပါး, ကြမ်းအပြင် ခြေနင်းပျဉ်အပြင်-၄သော အပသန္ဓာန်၌ ရှိနေသော အပဖောဋ္ဌဗ္ဗကြီး ၃-ပါး ဟူ၍ ၆-ပါးရှိ၏၊ အပဖောဋ္ဌဗ္ဗကြီး ၃-ပါးသည် ခြေဖဝါး အရေပေါ်မှာရှိသော ကာယာယတန၌သာ ထိခိုက်နိုင်၏၊ အရေပေါ်မှာ ထိခိုက်သည်ရှိသော် ထိခိုက်မှု ဒဏ်ဟုန်ကြောင့် အတွင်းဖောဋ္ဌဗ္ဗတို့နှင့် အတွင်းကာယာယတနတို့သည် အချင်းချင်း သွက်သွက်ခါ ထိခိုက်ကြလေကုန်၏။

ခြေဖဝါးရေပေါ်၌ ပေါ်လောပေါ်ရှိသော ဖဿတရား, ဝေဒနာတရား တို့သည်ကား အပဖောဋ္ဌဗ္ဗတို့၏ ထိခိုက်မှု ဒဏ်ချက်ကြောင့် ဖြစ်ပေါ်ကြကုန်၏၊ အရေ၏အတွင်း ခြေတခုလုံး၌ ပေါ်ရှိသော ဖဿတရား, ဝေဒနာတရားတို့သည်မူကား အတွင်းဖောဋ္ဌဗ္ဗတို့နှင့် အတွင်းကာယ ပသာဒတို့၏ ထိခိုက်မှုဒဏ်ချက်ကြောင့် ဖြစ်ပေါ်ကြကုန်၏၊ ဤအရာမျိုး၌ သင္ဘောယတနပစ္စယာ ဖဿော, ဖဿပစ္စယာ ဝေဒနာ-ဟူသော ပဋ္ဌာန်သမုပ္ပါဒ် အချက်ကြီးကို လည်းကောင်း, ဝိပွဿယုတ္တိပစ္စယော-ဟူသော ပဋ္ဌာန်းအချက်ကြီးကို လည်းကောင်း ကသိုဏ်းကွက် အသွင် ထင်မြင်ကြကုန်ရာ၏။

သတိပေးချက်

ရေ၌ မီးရောင်တို့၏ ဖြစ်ပေါ်တည်နေမှု, ချုပ်ကွယ်မှုတို့သည် ရေနှင့် ရောယှက်ခြင်း မရှိကြကုန်သကဲ့သို့ လည်းကောင်း၊ ရေ၌ထင်သော မျက်နှာရိပ်, မှန်တွင်ထင်သော မျက်နှာရိပ်တို့၏ ဖြစ်ပေါ်မှု, တည်နေမှု, ချုပ်ကွယ်မှုတို့သည် ရေ·မှန်တို့နှင့် ရောယှက်ခြင်း မရှိကြကုန်သကဲ့သို့ လည်းကောင်း ခြေ၌ဖြစ်ပေါ်သော နာမကွဲနှာ ၄-ပါးတို့၏ ဖြစ်ပေါ်တည်နေမှု, သေပျောက်ချုပ်ကွယ်မှုတို့သည်လည်း ရူပကွဲနှာနှင့် ရောယှက်ခြင်း မရှိကြကုန်။

၁။ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ-ဟူသော ပါဠိတော်တရပ်,

၂။ ဝိပွယုတ္တပစ္စယော-ဟူသော ပါဠိတော်တရပ်,

ဤ ပါဠိတော် ၂-ရပ်ကို စိတ်၌ အမြဲစွဲထားကြလေကုန်၊ နာမ-ဟူသော ဝေဒနာ ထင်ရှားရှိ၍ သိမှ-ဟူသော ဝိညာဉ်သည် မထင်ရှားလျှပြီ။

ဖဿ ဖြစ်ပေါ်မှု

ဖဿဖြစ်ပေါ်မှု၌ကား ကာယာယတန ၁-ပါး, ဖောဋ္ဌဗ္ဗာယတန ၁-ပါး, ကာယဝိညာဉ်ဟူသော မနာယတန ၁-ပါး၊ ဤအာယတန ၃-ပါး ပေါင်းဆုံလုံးထွေးမှုကြောင့် ကာယသမ္ဖဿ ဖြစ်ပေါ်၏၊ ကာယသမ္ဖဿဖြစ် ပြီပေါ်မှုကြောင့် ကာယသမ္ဖဿဇာ ဒုက္ခဝေဒနာ-ဟူသော နာကျင်မှု ဖြစ်ပေါ်၏၊ ကာယဝိညာဉ်ဆိုသည်ကား လူတို့စွဲလမ်းချက် အလိုအားဖြင့် ထိုကိုယ်အင်္ဂါတို့၏ သီမှုတည်း၊ အရေတို့၏ သိမှ, အသားတို့၏ သိမှ, အကြောတို့၏ သိမှ, အရိုးတို့၏ သိမှ-စသည်တည်း။

ခြေနာသည်၊ ခြေကျဉ်သည်၊ ခြေညောင်းသည်၊ လက်နာသည်၊ လက်ကျဉ်သည်၊ လက်ညောင်းသည်၊ ခေါင်းကိုက်သည်၊ ခေါင်းခဲသည်၊ မျက်စိနာသည်၊ နားနာသည်၊ သွားနာသည်၊ သွားကိုက်သည်၊ မေးရိုးကိုက်သည်၊ လက်ချောင်းနာသည်၊ ပခုံးနာသည်၊ ရင်ဘတ်နာသည်– အစရှိသည်တို့ကို ဆိုသတည်း။

အပြင်းအထန် ပူ၍ ဖျားနာရှိ၍ အတွင်းအပ တကိုယ်လုံးပင် ဒုက္ခသဟဂုတ် နာမကွဲနှာ ၄-ပါးတို့ဖြင့် ပြည့်သကဲ့သို့ ရှိ၏၊ အဖျားကျငြိမ်း၍ သွားပြန်လျှင် အကုန်လုံး ချုပ်ကွယ်ကြလေကုန်၏၊ ဤ ကာယဝိညာဉ်သိမှုသည်ကား လောကဓိ သိမှုဟူ၍ မထင်ရှား၊ ခြေနာသည်၊ ခြေကျင်သည်၊

ခြေညောင်းသည်၊ လက်နာသည်၊ လက်ကျဉ်သည်၊ လက်ညောင်းသည် အစရှိသည်တို့၌ ပါဝင်နေကြ၏။

ခြေသည် တစုံတခု ထိခိုက်လာလျှင် နာတတ်၏၊ ကျဉ်တတ်၏- ဟူ၍ကား သိကြကုန်၏၊ ထိခိုက်သည်ကို ခြေက သိတတ်၏-ဟု မထင်ကြကုန်၊ မနောနှလုံးကသာ သိတတ်သည်ဟု ထင်၍နေကြကုန်၏။

အဘယ့်ကြောင့်နည်းဆိုသော်- မနောနှလုံးသိ ဖြစ်ပေါ်မှုသာ ပုဂ္ဂိုလ်သိ ပေါ်လေသောကြောင့်တည်း၊ ခြေဖဝါး၌ ထိခိုက်မှုသည် မနောနှလုံး တိုင်အောင် ထိခိုက်လာမြဲတည်း၊ ခြေသိ, မနောနှလုံးသိ-ဟူ၍ အခိုက် ၂-ချက် ဖြစ်၏၊ ခြေသိကို ကာယဝိညာဉ်ခေါ်သည်၊ မနောနှလုံးသိကို မနောဝိညာဉ် ခေါ်သည်၊ ရှေသွားနောက်လိုက် ၂-ပါးအစုံတည်း၊ ထိုတွင် နောက်လိုက် ဖြစ်သော မနော နှလုံးသိ ပေါ်လာမှ ငါ၏ ခြေ၌ ထိသည်ဟု ပုဂ္ဂိုလ်သိ ပေါ်လာသည်၊ ပုဂ္ဂိုလ်ကိုသာ လောက၌ အသိဟု မှတ်ထင်ကြသည်-ဟူလို။

[ဤကား ကိုယ်၏ သိမှု, ခြေလက်စသော ကိုယ်အင်္ဂါတို့၏ သိမှု, အရေ စသော ကောင္ဌာသတို့၏ သိမှု ဟုဆိုအပ်သော ကာယဝိညာဉ်သည် ပရမတ္ထမွေတို့တွင် အလွန် ထင်ရှားသော ဝိညာဉ်တပါးဖြစ်ပါလျက် လောက၌ လူတို့အသိဉာဏ်တွင် မသင်မရှား ရှိနေကြသည်ဖြစ်၍ ထင်ရှားစေခြင်းငှာ အဖန်တလဲလဲ ပြဆိုလိုက်သည်။]

နာမကွန္ဓာ ၄-ပါး ပြဆိုချက်

ကေန်ဟုတ်မှန်သော ပရမတ္ထအလိုအားဖြင့်မူကား ပုဂ္ဂိုလ်ဟူ၍လည်း မရှိ၊ ပုဂ္ဂိုလ်၏ အင်္ဂါဖြစ်သော ခြေဟူ၍လည်း မရှိ၊ အရေ စသော ကောင္ဌာသ ဟူ၍လည်း မရှိ၊ ခန္ဓာ ၅-ပါးသာ အမှန်ရှိ၏၊ သိမှုဟူသမျှသည် ရူပကွန္ဓာမျိုး မဟုတ်၊ ဝိညာဏကွန္ဓာမျိုးသာ ဖြစ်၏၊ ခြေစသည်တို့၌ အခိုက်အတိုက် ရှိရာမှာ ဖြစ်ပေါ်၏၊ ထိုသိမှု ဖြစ်ပေါ်ရာတိုင်းမှာ ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သင်္ခါရကွန္ဓာ တို့သည်လည်း လက္ခဏာမကွဲ အမြဲဖြစ်ပေါ်ကြကုန်၏၊ ဤကာယ ဝိညာဉ် နာမကွန္ဓာ ၄-ပါးတို့သည် တကိုယ်လုံးမှာ ဘယ်နေရာ၌ အမြဲရှိနေ ကြသည်ဟူ၍ မရှိကြကုန်။

အတွင်းဖောင္ဌဗ္ဗ အပဖောင္ဌဗ္ဗတို့ ထိခိုက်ရာ ထိခိုက်ရာတိုင်း အတွင်းအပ ကိုယ်အင်္ဂါတို့၌ ခဏ ခဏ ဖြစ်ပေါ်ကြကုန်၏၊ ထိခိုက်မှုဒဏ် ပျောက်တိုင်း ခဏ ခဏ ချုပ်ပျောက်ကြကုန်၏၊ လောက၌လည်း ဘယ်နေရာက ယခု ညောင်း၍လာသည်၊ အညောင်းပျောက်ပြီ၊ နာ၍လာသည်၊ အနာပျောက်ပြီ၊ ကိုက်ခဲ၍ ထုံ၍ ကျဉ်၍ လာသည်၊ အကိုက် ပျောက်ပြီ၊ အထုံ ပျောက်ပြီ၊

အကျဉ်ပျောက်ပြီ၊ ဘယ်နေရာက ပူ၍လာသည်၊ နွေး၍လာသည် အေး၍လာသည်၊ ချမ်း၍ လာသည်၊ အပူပျောက်ပြီ၊ အနွေးပျောက်ပြီ၊ အအေးပျောက်ပြီ၊ အချမ်းပျောက်ပြီ-စသည်ဖြင့် ဖြစ်ပေါ်မှု, ချုပ်ပျောက်မှုအာဂန္တုအခြင်းအရာသည် သိမြင်ထင်ရှားကြလျက် ဖြစ်၏။

နာမကွန္ဓာကြီး ၄-ပါးတို့၏ အမှုဟူ၍သာ မသိကြကုန်သည်၊ ထိုသို့မသိကြကုန်သည့် အတွက်ကြောင့် ရုပ်ခန္ဓာ, နာမ်ခန္ဓာ မကွဲကြကုန်သည်ဖြစ်၍ မျက်လှည့်သည် ဝိညာဉ် လှည့်စားမှု လှလှရသဖြင့် ပုဂ္ဂိုလ်ဟူ၍, သတ္တဝါဟူ၍, ပုဂ္ဂိုလ်၏ အင်္ဂါဟူ၍, နာတတ်သည်၊ ကျဉ်တတ်သည်၊ နာမှန်းသိတတ်သည်၊ ကျဉ်မှန်းသိတတ်တည် ဟူ၍ ခြေကိုပင် အသက်ရှိသည် ဟူ၍, အရှင်ဟူ၍, လက်ကိုပင် အသက်ရှိသည်ဟူ၍, အရှင်ဟူ၍, ထိုထိုအင်္ဂါကိုပင် အသက်ရှိသည်သိ၍, အရှင်ဟူ၍ မဟုတ်မမှန် ဖောက်ပြန် စွဲလမ်း၍ နေကြကုန်သည်၊ အလွန်ခက်ခဲ နက်နဲလှသော အရာဖြစ်၍ ကောင်းစွာ ထင်ရှားအောင် အနည်းနည်း အဖုံဖုံ ဖော်ပြလိုက်သည်၊ အဖန်တလဲလဲဟု အပြစ်မတင်ကြကုန်လင့်။

[ဤကား ခြေအင်္ဂါ၌ နာမကွန္ဓာ ၄-ပါးကို ပြဆိုချက်တည်း။]

ဤသို့လျှင် ခြေအင်္ဂါ၌ ဖော်ပြသည့်အတိုင်း-

၁။ ခြေချင်းဝတ်အင်္ဂါ အရေပေါ် အရေတွင်း အသားပေါ် အသားတွင်း, အကြောပေါ် အကြောတွင်း, အရိုးပေါ် အရိုးတွင်းတို့၌ လည်းကောင်း၊

၂။ ခြေသလုံးအင်္ဂါ-ဒူးပုဆစ်အင်္ဂါ- ပေါင်အင်္ဂါ-ခါးအင်္ဂါ- ဝမ်းအင်္ဂါ အရေပေါ် အရေတွင်း, အသားပေါ်အသားတွင်း, အကြောပေါ် အကြောတွင်း, အရိုးပေါ် အရိုးတွင်း, အအူပေါ် အအူတွင်းတို့၌ လည်းကောင်း၊

၃။ ရင်အင်္ဂါ-ကျောက်ကုန်းအင်္ဂါ အရေပေါ် အရေတွင်း, အသားပေါ် အသားတွင်း, အကြောပေါ် အကြောတွင်း, အရိုးပေါ် အရိုးတွင်း, အသည်းပေါ် အသည်းတွင်း, အဆုတ်ပေါ် အဆုတ်တွင်း, နှလုံးပေါ် နှလုံးတွင်းတို့၌လည်းကောင်း၊

၄။ လည်ပင်းအင်္ဂါ- ဦးခေါင်းအင်္ဂါ- ဦးနှောက်အင်္ဂါ- မျက်လုံးအင်္ဂါ-နားအင်္ဂါ-နှာခေါင်း အင်္ဂါ-ခံတွင်း အင်္ဂါ-လျှာအင်္ဂါ အရေပေါ်

အရေတွင်း, အသားပေါ် အသားတွင်း, အကြောပေါ် အကြောတွင်း, အရိုးပေါ် အရိုးတွင်းတို့၌ လည်းကောင်း။

၅။ လက်ရုံးအင်္ဂါ-လက်မောင်းအင်္ဂါ အရေပေါ် အရေတွင်း, အသားပေါ် အသားတွင်း, အကြောပေါ် အကြောတွင်း, အရိုးပေါ် အရိုးတွင်းတို့၌ လည်းကောင်း ညောင်းမှု ညာမှု, နာမှု, နင့်မှု, ထုံမှု ကျဉ်မှု, ကိုက်မှု ခဲမှု, ပင်မှု ပန်းမှု, နွမ်းမှု နယ်မှု, ပူမှု အေးမှု အစရှိသော အလုံးစုံသော ဒုက္ခသဟဂုတ် ကာယဝိညာဉ် နာမကွန္ဓာ ၄-ပါးတို့၏ ဖြစ်ပေါ်မှု, ချုပ်ပျက်သေဆုံးမှုတို့ကို သိကြလေကုန်။

ဒုက္ခသဟဂုတ် ကာယဝိညာဉ် နာမကွန္ဓာ ၄-ပါးတို့ကို ပြဆိုချက် ပြီး၏။

သုခသဟဂုတ် ကာယဝိညာဉ် နာမကွန္ဓာ ၄-ပါး

ယခုအခါ သုခသဟဂုတ် ကာယဝိညာဉ် နာမကွန္ဓာ ၄-ပါးတို့ကို ပြဆိုပေအုံ။ ပူလှတုန်းအခါ၌ အေးမြလှစွာသော ရေ၏ ထိခြင်း, ချမ်းလှတုန်းအခါ၌ ပူနွေးသော မီးရှိန်၏ ထိခြင်းတို့ဖြင့် ခြေဖဝါး အပြင်၌ ခံ၍ကောင်းလှသော သုခဝေဒနာနှင့်တကွ နာမကွန္ဓာ ၄-ပါး ဖြစ်ပေါ်၏၊ ခြေဖဝါး အရေ၌ရှိသော ခက်မာမှုစသည်တို့ကား ရူပကွန္ဓာတည်း၊ သိမှု, ခံ၍ ကောင်းမှုတို့ကား နာမကွန္ဓာတို့တည်း၊ ရူပကွန္ဓာနှင့် နာမကွန္ဓာ တို့သည် ဝိပ္ပယုတ္တပစ္စည်း, ပစ္စယုပ္ပန် ဖြစ်ကြကုန်၏၊ ပိန်းကြာဖက်အပြင်၌ ကျရောက် တင်နေကုန်သော မိုးရေ မိုးပေါက်တို့သည် ပိန်းကြာဖက်နှင့် ရောနှောခြင်း မရှိကုန်သကဲ့သို့ ရုပ်နာမ် ၂ ပါး ရောနှောခြင်း မရှိကြကုန်၊ အရေ၌ ခက်မာမှု, ဖွဲ့စည်းမှု, အေးမှု, နွေးမှု, တောင့်တင်းမှု, အဆင်း, အနံ့, အရသာတို့ကား တခြား၊ သိမှု, ခံ၍ကောင်းမှုတို့ကား တခြားတို့သာတည်း။

ထိုသို့ဖြစ်ရာ၌-

၁။ ရုပ်ဓမ္မကို မသိကုန်သော ဗာလပုထုဇဉ်တို့သည်ကား ခြေဖဝါး နွေးသည်၊ ခြေဖဝါးအေးသည်-ဟု သိကြကုန်၏၊ ဤသို့ သိခြင်းကား ဒိဋ္ဌိသိပေတည်း။

၂။ ပညာရှိသိတို့သည်ကား စင်စစ်အားဖြင့် ခြေဖဝါး-ဟူ၍မရှိ၊ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့သည်သာရှိကုန်၏၊ ထိုတွင်ရုပ်ခန္ဓာတို့သိခြင်းကိစ္စမရှိကြကုန် ထိုသိခြင်း, ခံ၍ ကောင်းခြင်းကိုကား နာမ်ခန္ဓာတို့သာတည်း- ဟု သိကြကုန်၏၊ ဤသို့ သိခြင်းကား ဉာဏ်သိပေတည်း။

[ဒုတိယအကြိမ်]

သုတမယဉာဏ်, စိန္တာမယဉာဏ်

ပညာရှိတို့၏ သိမှုဥာဏ်လည်း သုဘမယဉာဏ်သို့, စိန္တာမယဉာဏ်သို့-ဟူ၍ ၂-ပါး ရှိ၏။

၁။ အဘိဓမ္မာ ကျမ်းဂန်တို့ကို ကောင်းစွာ တတ်လှ၍ သဘောသဏာန် ကြေလည် ချောမောအောင် ပြောတတ်, ဟောတတ်, ချီတတ်, ပို့တတ်, ဆုံးဖြတ်တတ်မှ, သိမှုကား သုတမယဉာဏ်သာတည်း, ဤ သိမှုကား ဝိပဿနာဉာဏ်မျိုးမဟုတ်, ပရိယတ္တိဉာဏ်မျှသာတည်း။

၂။ ထိုပရိယတ္တိဉာဏ်၌ တည်၍ ထိုဉာဏ်ဖြင့် သိသည့်အတိုင်း ရှုကြည့်ဖန် မျှားလတ်သော် ထို ခြေဖဝါး ပူနွေးမှု, အေးချမ်းမှုတို့၌ မျက်စိဖြင့် မြင်ဘိသကဲ့သို့ ရူပ်ခန္ဓာတခြား, နာမ်ခန္ဓာတခြား ကွဲကွဲ ပြားပြား ထင်မြင်မှုသည်ကား စိန္တာမယဉာဏ်သို့ ဉာဏ်မြင်မည်၏, ဘာဝနာမယ ဉာဏ်လည်းဆိုရ၏, ဤ သိမှု, မြင်မှုသည်သာလျှင် ဝိပဿနာဉာဏ် မည်၏။

ဤ ဘာဝနာအရာ၌ ဤသို့သော စိန္တာမယဉာဏ် အသိအမြင်ကိုသာ လိုအပ်၏, ဤ စိန္တာမယဉာဏ် အသိအမြင်သည်သာလျှင် ဒိဋ္ဌိကို ပယ်သတ် နိုင်၏။

[ဤကား သုတမယဉာဏ်, စိန္တာမယဉာဏ် ၂-မျိုး ခြားနားချက်ထည်း။]

မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိ အမြင်

ထိုဗာလ ပုထုဇဉ်တို့ သိမှု, ပညာရှိတို့ သိမှု ၂-ပါးတို့တွင် ရူပ်ခန္ဓာ, နာမ် ခန္ဓာ-ဟု မသိမှု၍ ခြေဖဝါးအပြင် ပူသည်, နွေးသည်, အေးသည်, ချမ်းသာ သည်-ဟု သိမြင်မှုကား မိစ္ဆာဒိဋ္ဌိသိမျိုး, မိစ္ဆာဒိဋ္ဌိမြင်မျိုးသာ ဖြစ်၏, နိစ္စ သိမျိုး, နိစ္စမြင်မျိုး မည်၏, သုခသိမျိုး, သုခမြင်မျိုး မည်၏, အတ္တသိမျိုး, အတ္တမြင်မျိုးမည်၏, ပရမတ္ထ အလိုအားဖြင့် ဖောက်ပြန် မှောက်မှားသော အသိမျိုး, အမြင်မျိုး မည်၏။

ခြေဖဝါးအပြင်-ဟူသော နိမိတ္တဝမ္မကြီးကို ပယ်ရှားရ၍ ရူပ်ခန္ဓာ, နာမ် ခန္ဓာကို ခြားနား၍ သိမှု, မြင်မှုသည်ကား သမ္မာဒိဋ္ဌိဉာဏ်သိမျိုး, ဉာဏ်မြင် မျိုးမည်၏, အနိစ္စသိမျိုး, အနိစ္စမြင်မျိုးမည်၏, ဒုက္ခသိမျိုး, ဒုက္ခမြင်မျိုး မည်၏, အနတ္တသိမျိုး, အနတ္တမြင်မျိုး မည်၏, လောကအလို, ပရမတ္ထအလို

၂-ပါးအားဖြင့် ပြောင့်မတ်ဟုတ်မှန်ဝေသာ အသိမျိုး, အမြင်မျိုး ၂-ပါး ရှိ၏။

လောကအလိုအားဖြင့် ပြောင့်မတ်ဟုတ်မှန်ပုံကား ခက်မာမှုသည် သိမှု မဟုတ်၊ သိမှုသည် ခက်မာမှု မဟုတ်၊ ခက်မာမှုကား အမှုတခြား၊ သိမှုကား အမှုတခြား၊ ခက်မာမှုကား ရူပ်မှုတည်း၊ စိတ်ဝိညာဉ်မဟုတ်၊ သိမှုကား စိတ်ဝိညာဉ်မှုတည်း၊ ရူပ်မှုမဟုတ်ဟု ပြောဆိုခဲ့လျှင် လောကဌ် အမှုတမျိုးစီ မဟုတ်ဟု မငြင်းနိုင်ကြကုန်လတ္တံ့။

နိစ္စသိ, သုခသိ, အတ္တသိ

ရူပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို ဤကား ရူပ်ခန္ဓာ, ဤကား နာမ်ခန္ဓာ-ဟု မသိမှု၍ ၂-ပါးစုံကို ခြေဖဝါးပြုလုပ်၍ သိခြင်းသည် အဘယ်သို့လျှင် နိစ္စသိ, သုခသိ, အတ္တသိ ဖြစ်လေသနည်း-ဟူမူကား ခြေဖဝါးမည်သည် နိမိတ္တဓမ္မမျိုးဖြစ်၍ တသက်လုံးခိုင်မြဲသော နိစ္စဓမ္မမျိုးတည်း၊ သုသာန်သို့ရောက်မူ ဆုံး၏။ ရူပ်ခန္ဓာ, နာမ်ခန္ဓာ ၂-ပါးကို တသက်လုံးခိုင်မြဲသော နိစ္စမျိုး-ဟု သိလျက်ရှိ၏၊ နိစ္စဟူသည် သတ္တဝါတို့၏ အလိုရှိအပ်သော သုခမျိုးဖြစ်၍ ရူပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို သုခ-ဟု သိလျက် ရှိ၏၊ အတ္တဟူသည် တသက်လုံး ခိုင်မြဲသော အနှစ်သာရမျိုးဖြစ်၍ ရူပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို ခြေဖဝါး၏ အသားအနှစ် အတ္တ, သာရ-ဟု သိလျက် ရှိ၏။

အနိစ္စသိ, ဒုက္ခသိ, အနတ္တသိ

ခြေဖဝါးကို ပယ်ရှားရ၍ ရူပ်ခန္ဓာ နာမ်ခန္ဓာတို့ကို ခွဲခြမ်းရ၍ သိမှုသည် အဘယ်သို့လျှင် အနိစ္စသိ, ဒုက္ခသိ, အနတ္တသိမှု ဖြစ်လေသနည်း-ဟူမူကား ခက်မာမှုကို ရူပ်ခန္ဓာ-ဟု သိခဲ့လျှင် အလှုပ်အလှုက်မခံ ဗျက်တတ် ပြောင်းလဲတတ်သော အနိစ္စမျိုး-ဟု သိတော့သည်၊ ပူမှုန်းသိခြင်း, နွေးမှုန်းသိခြင်း, အေးမှုန်းသိခြင်းကို နာမ်ခန္ဓာ-ဟု သိခဲ့လျှင် သူ့အကြောင်း ဆိုက်တိုက်ရာ ဖြစ်ချည် ပျက်ချည် အတည်မရ အနိစ္စမျိုး-ဟု ထင်ရှားတော့သည်။

အနိစ္စ-ဟူသည် မရဏမျိုး စင်စစ်ဖြစ်၍ ကြောက်လန့်ရသော ဒုက္ခမျိုး-ဟု သိခြင်းဖြစ်တော့သည်၊ အနိစ္စမျိုး-ဟူသည် အခိုင်အမာ အနှစ်သာရမျိုး မဟုတ်သည်ဖြစ်၍ ခြေဖဝါးကဲ့သို့ တသက်လုံး ပျက်ခြင်း, ပြောင်းလဲခြင်း

မရှိပဲ ပဏတိအနေနှင့် တည်နေနိုင်သော အနှစ်သာရ အတ္တ, ဇီဝမျိုးမဟုတ်-ဟု သိမြင်နိုင်တော့သည်။

[ဤမှနောက်၌ ဒုက္ခသဟဂုတ်၌ ပြဆိုခဲ့သမျှသော အလုံးစုံတို့ကို အကုန်ဆက်၍ သိကြလေ။]

ခြေကို သာယာစွာ ပွတ်မှု, နှိပ်မှု, သပ်မှု, နယ်မှု, ကိုင်မှု, ထိမှု, ချောမွေ့ညှံသက်သော အဝတ်အရုံထိမှု, ဖျာရိုင်သင်ဖြူး အခင်းအနှီး ထိမှု, ချောမွေ့ညှံသက်အေးချမ်းသော လမ်းမြေ, သဲမြေ, ရှုံမြေထိမှု-စသည်တို့၌လည်း ခံသာမှု, ခံ၍ကောင်းမှု-ဟု ဆိုအပ်သော ခြေအရသာတို့သည် ဖြစ်ပေါ်ကုန်၏။ ထို ခြေအရသာတို့သည် သုခသဟဂုတ် ကာယ ညာဉ် နာမက္ခန္ဓာ ၄-ပါးတို့ပေတည်း၊ ခြေအင်္ဂါ အရေပေါ် အရေတွင်း, အသားပေါ်, အသားတွင်း, အကြောပေါ် အကြောတွင်း, အရိုးပေါ် အရိုးတွင်း အလုံးစုံတို့၌ ဣဋ္ဌဖြစ်ကုန်သော အပဖောဋ္ဌဗ္ဗ, အတွင်းဖောဋ္ဌဗ္ဗတို့၏ ထိတွေ့မှုတို့ကြောင့် ထင်ရှား, မထင်ရှားသော ခြေအရသာ ဖြစ်ပေါ်မှု, ချုပ်ပျက်မှုတို့ကို အကုန်အစင် သိမြင်ကြလေကုန်။

ထိုနည်းအတူ ခြေချင်းဝတ်အင်္ဂါ အရေ, အသား, အကြော, အရိုး, အလုံးစုံတို့၌ သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ-ဟူသော အရသာပေါ်မှု၊ ခြေသလုံး အင်္ဂါ-ဒူး ပုဆစ် အင်္ဂါ-ပေါင် အင်္ဂါ ခါးအင်္ဂါ အရေ, အသား, အကြော, အရိုး အလုံးစုံတို့၌ သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ-ဟူသော အရသာပေါ်မှု၊ ဝမ်းအင်္ဂါ, ရင်အင်္ဂါ, ကျောက်ကုန်းအင်္ဂါ အအူတွင်း အသည်းတွင်း, အဆုတ်တွင်း, နှလုံးတွင်းတို့၌ သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ-ဟူသော အရသာပေါ်မှု၊ ဦးခေါင်း, အင်္ဂါ, မျက်နှာ, ခံတွင်း, အရေ, အသား, အကြော, အရိုး အလုံးစုံတို့၌ သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ-ဟူသော အရသာ ပေါ်မှု, ပျက်မှုတို့ကိုလည်း အကုန်မြင်ကြလေ။

ခွေး, ကျီး, လင်းတ ဥပမာ

လောက၌ ခွေး, ကျီး, လင်းတတို့သည် မိမိတို့ ကိုယ်တွင်း၌ မကောင်းသော ဝဋ္ဌ ဝိပါက် အမြဲ တိုက်တွန်းမှုကြောင့် အလွန်စက်ဆုပ်ဖွယ်ရှိသော လူသေပုပ်, နွားသေပုပ်, ခွေးသေပုပ်တို့ကိုပင် အလွန် ခုံမင် စုံမက် မြိန်ရှက်မြတ်နိုးကြကုန်၏။ ထို့အတူ ဤသတ္တဝါအပေါင်းတို့သည် ထို ကိုယ်အင်္ဂါ

အရသာကြီးကို အလွန်ခင်မင်စုံမက် မြိန်ရှက်လှသော ကာမတဏှာ-ဟူသော အကုံသိုလ် ဝဋ်ဆိုးကြီးအမြဲဘိုက်တွန်းမှုကြောင့် အပုပ်ကောင်, အညှီကောင်, အနံ့အစော်ကောင်ကြီးမှန်း ကြောင်ကြောင်သိမြင်ကြပါကုန်လျက် အချင်းချင်း အလွန်ခင်မင် မြိန်ရှက်ကြလေကုန်၏။

နှုနာရောဂါသည်ကြီး ဥပမာ

တကိုယ်လုံး ရှဲရှဲစို ကျိုက်ကျိုက်ဆူ နှုနာကြီးရှိသော သူတို့အား တကိုယ်လုံး၌ ပိုးတွေကိုက်၍ အမြဲယားယံမှု ဒုက္ခကြီး ၁-ပါး၊ ပိုးစာ၊ ပိုးချေး, သွေးပုပ် ပြည်ပုပ်တို့အတွက် အမြဲချမ်းမှု ဒုက္ခကြီး ၁-ပါး၊ ဤဒုက္ခကြီး ၂-ပါး အမြဲရှိနေ၏၊ အလွန်ပူအိုက်လှသော ကဆုန် နယုန် ဝါဆို ဝါခေါင် အခါတို့၌ပင် ရဲရဲဦးသော ရှားမီးကျီးမီးအိုးကင်းကြီးကို မလွှတ်နိုင်၊ ကိုယ်တွင်း အသည်းနှလုံးတွင်းတို့မှ ပိုးတွေလှုပ်ကြွသဖြင့် အလွန်ယားယံမှု, ခိုက်ခိုက်တုန် ချမ်းဒအားမှုဖြစ်လာတိုင်း ဖြစ်လာတိုင်း ရှားမီးကျီးမီးအိုးကင်းကြီးသို့ ချည်းကပ်၍ မီးအိုးကင်းကြီးနှင့် လုံးထွေးမိမှ အယားအယံ အတုန် အချမ်း ပြေ၍ နေ့သာ ထိုင်သာ ချမ်းသာသုခကို ရလေ၏။

ထို့အတူ သတ္တဝါအပေါင်းတို့မှာလည်း ထိုကိုယ်အင်္ဂါ အရသာကြီး အနမ္တဂဏ သံသရာ၌ ဘဝအဆက်ဆက် ရှဲရှဲစို ကျိုက်ကျိုက်ဆူ ပွားစီး၍ လာခဲ့သော ကာမတဏှာ နှုနာစိုကြီးသည် ရှိနေကြ၏၊ ပြဆိုခဲ့ပြီးသော ကိုယ်အင်္ဂါ အရသာကြီးသည်မှကား ထိုတဏှာ နှုနာကို လွန်စွာပွားစီးစေနိုင်သော အစာအာဟာရကြီးပေတည်း၊ ထိုနှုနာရောဂါကြီးသည် ရှားမီးကျီးမီးအိုးကင်းကြီးကို အမြဲကိုးကွယ်ရှိပြု၍ နေရဘိသကဲ့သို့ ကာမတဏှာ နှုနာရောဂါသည်ကြီးတွေဖြစ်၍ နေကြကုန်သော သတ္တဝါတို့သည်လည်း ကာမဝတ္ထု ကာမအထည်ကြီးတွေကို အမြဲကိုးကွယ်ရှိပြု၍ ထားကြရကုန်၏။

နေ့လအခါ၌ ရှားမီးကျီးမည်သည် မြင်ရှုံ့မျှနှင့်ပင် အလွန်ပူအိုက်ခြင်း ဒုက္ခကိုသာ ဖြစ်ပွားစေတတ်၏၊ အေးချမ်းခြင်း သုခကို မဖြစ်စေတတ်၊ ထို့အတူ ထိုကိုယ်အင်္ဂါ အရသာကို ခံစားဖက်ဖြစ်သော ကာမဝတ္ထု ကာမအထည်တို့မည်သည် မြင်ရုံမျှနှင့်ပင် ကာမတဏှာ ကိလေသာအပူ အအိုက်ကို ဖြစ်ပွားစေနိုင်ကုန်၏၊ ကာမတဏှာ ကိလေသာ အပူ၏ အေးမြမ်းခြင်းကို မဖြစ်စေတတ်ကုန်။

ရှားမီးကျီးမည်သည် ပေါင်းဖက် ရောယှက်လာသော ဝတ္ထုမျိုးတို့ကို အကျိုးမဲ့ကြီး အချည်းနှီး ပြာမှုန့်ဖြစ်အောင် အကုန်အပြောင် လောင်ကျွမ်း စေတတ်၏၊ ထို့အတူ ထိုအင်္ဂါအရသာကို ခံစံဖက်ဖြစ်ကုန်သော ကာမဝတ္ထု, ကာမအထည်တို့သည်လည်း ပေါင်းဖက် ရောယှက်မိသော သူတို့ကို ယခုဘဝတွင် အလွန်မြင့်မြတ်လှစွာကုန်သော သီလဂုဏ်, သိက္ခာဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်ကြီးတို့မှ အပယ်ဖြစ်၍ သေသည်၏ အခြားမဲ့၌ ခွေး, ဝက်, ကြက်, ငှက်, သန်း, ကြမ်းပိုး, ပိုးလောက်, ပိုးမွှားစသော သေးနုပ်စုတ်ဖွဲ့လှသော ဘဝသို့ ရောက်လေအောင် အကုန်အပြောင် လောင်ကျွမ်းစေတတ်ကုန်၏။

[ဤကား ကာမဝတ္ထု, ကာမအထည်တို့နှင့် ရောယှက်မိသောအခါ ကိုယ်အင်္ဂါအထွင်းဌ် လျှပ်စစ်ပြက်ဆက်လို့ ခဏ ခဏ ဖြစ်ပေါ်ကြကုန်သော သုခသဟဂုတ် ကာယဝိညာဉ် နာမကွန္ဓာ ၄-ပါးဟု ဆိုအပ်ကုန်သော ကိုယ်အင်္ဂါ အရသာကြီးတို့၏ အပြစ်ဒေါသ အမြွက်မျှ ပြဆိုချက်တည်း။]

သုခသဟဂုတ် ကာယဝိညာဉ် နာမကွန္ဓာ ၄-ပါးကို ပြဆိုချက် ပြီး၏။

ဇိဝှါဝိညာဉ် နာမကွန္ဓာ ၄-ပါး

ယခုအခါ လျှာ၏သိခြင်း, လျှာ၏သိမှု, လျှာ၏အသိဟု ဆိုအပ်သော ဇိဝှါဝိညာဉ်နာမကွန္ဓာ ၄-ပါးကို ပြဆိုပေအုံ့။ ချဉ်လှစွာသော အရသာတခုဖြင့် လျှာတပြင်လုံးကို တို့ရှိစမ်းသည်ရှိသော် ချဉ်မှုန်းသိမှု ဖြစ်ပေါ်လာ၍ လျှာအစုသည် ဇိဝှါဝိညာဉ်နှင့် တကွသော နာမကွန္ဓာ ၄-ပါးတို့ ဖြစ်ရာ၌ရှိနေ၏တည်း။

ဇိဝှါဝိညာဉ် ဆိုသည်ကား လောကအလိုအားဖြင့် လျှာ၏သိမှု ဆိုလိုသည်၊ အဘိဓမ္မာ အလိုအားဖြင့် လျှာ၌ဖြစ်ပေါ်သော သိမှုဆိုလိုသည်၊ ပုဂ္ဂိုလ်၏ သိမှုကား မဟုတ်သေး၊ ထိုလျှာ၏ သိမှုပေါ်သည်မှုနောက်၌ မနောနှလုံး၏ သိမှုကြီးသည် ဆက်လက်၍ ဖြစ်ပေါ်၏၊ ဤမနောနှလုံး သိမှုကြီး ဖြစ်ပေါ်သော အခါမှ ပုဂ္ဂိုလ်သိ ဖြစ်ပေါ်လာ၍ ချဉ်သည်၊ ချိုသည်-ဟု ပုဂ္ဂိုလ်သိ သိ၏။

ယောက်မသည် အသက်ထက်ဆုံး ဟင်းအိုးကို မေ့၍ နေသော်လည်း ဟင်း၏ အရသာကို ချိုသည်၊ ချဉ်သည်-ဟူ၍ မသိတတ်၊ လျှာသည် တကြိမ်တပါမျှပင် ဟင်းနှင့် ပေါင်းမိသော်လည်း ဟင်းအရသာကို-ချိုသည်၊ ချဉ်

သည်-ဟု သိတတ်၏ ဟူ၍ လာသော ဥပမာစကား၌ လျှာသည် အချို အချဉ်-စသော အရသာမျိုးကို သိတတ်၏-ဟု ဟောတော်မူ၏၊ ဤလျှာ၏ သိမှုသည် လျက်မှု၌ အတွင်းဝင်လျက်ရှိ၏။

ဇိဝှါဝိညာဉ် နာမကွန္ဓာ ၄-ပါးနှင့် ကာယဝိညာဉ် နာမကွန္ဓာ ၄-ပါးမှာ ဤလျှာအပြင်၌ ထမင်းပူ, ထမင်းအေး စသည်တို့ကို သိသော ကာယဝိညာဉ်သည်လည်း ဖြစ်ပေါ်၏၊ အရသာမျိုးကို သိသည်ကား ဇိဝှါဝိညာဉ် နာမကွန္ဓာ ၄-ပါးတည်း၊ လျှာပေါ်၌ ရောက်လာသော ဝတ္ထုတို့ကို နူးညံ့သည်၊ ကြမ်းတမ်းသည်၊ ပူသည်၊ အေးသည်၊ ရှသည်၊ မွသည်၊ လှုပ်ရှားသည်- အစရှိသော သိမှု, လျှာနာမှု, လျှာယားမှု, လျှာချမ်းသာမှု၊ လျှာမချမ်းသာမှု-စသည်တို့ကား ကာယဝိညာဉ် နာမကွန္ဓာ ၄-ပါးတည်း၊ ဤသို့ သိမှုသာ ကွဲသည်၊ ဖြစ်ရာဌာနကား မကွဲကြ။

ဤသို့လျှင် လျှာသည် နာမကွန္ဓာ ၄-ပါး ၂-စုံတို့၏ ဖြစ်ပေါ်ရာ ဌာန ဖြစ်ပေသောကြောင့် လျှာသည် အချို, အချဉ်-စသော အရသာမျိုးတို့ကို လည်း သိတတ်၏၊ အနုအကြမ်း-စသော ဖောဋ္ဌဗ္ဗမျိုးတို့ကိုလည်း သိတတ်၏-ဟု ပြောဆိုရာ၏၊ ပရမတ္ထ အားဖြင့်မူကား လျှာဟူ၍ပင် မရှိ၊ ခန္ဓာ ၅-ပါးသာ ရှိ၏၊ ခက်မာမှုသည် ရှိ၏၊ ဖွဲ့စည်းမှုသည် ရှိ၏၊ ပူနွေးမှုသည် ရှိ၏၊ တောင့်တင်းမှု, လျော့လွှဲ့မှုသည် ရှိ၏၊ အဆင်းဓာတ် ရှိ၏၊ အနံ့ဓာတ် ရှိ၏၊ ရသဓာတ် ရှိ၏၊ ဤအမှု ဤဓာတ်စုသည် ရူပကွန္ဓာမည်၏၊ ဤရူပကွန္ဓာ၏ ကိစ္စကား အသီးအခြားတည်း၊ ထိုနာမကွန္ဓာ တို့၏ ကိစ္စတို့ကား အသီးအခြားတို့တည်း၊ အရသာမျိုးကို သိမှုသည် ထိုထိုအချိမျိုး, အချဉ်မျိုးစသော အာဟာရဝတ္ထုတို့ကို လျှာပေါ်သို့ တင်သောအခါမှ ဖြစ်ပေါ်လာကြကုန်၏၊ လျှာပေါ်၌ ထိုဝတ္ထုမျိုးတို့ မရှိပြန်လျှင် ချုပ်ပျောက်ကြကုန်၏၊ ဖောဋ္ဌဗ္ဗသိတို့လည်း ထို့အတူတည်း။

ထိုသို့ဖြစ်ရာ၌ ရုပ်ခန္ဓာမှန်း, နာမ်ခန္ဓာမှန်း မသိကြကုန်သော ဗာလပုထုဇဉ်တို့သည်ကား ရုပ်ခန္ဓာစုကို လျှာဟု တခုတည်းပြု၍ ထိုသိမှုတို့ကို နာမ်ခန္ဓာဟု မခြားနားပဲ လျှာ၏ကိစ္စပြု၍ လျှာသိသည်ဟု မြင်ကြကုန်၏၊ ဤအမြင်ကား ဒိဋ္ဌိတည်း၊ နိစ္စအမြင်, သုခအမြင်, အတ္တအမြင်, ဇီဝအမြင်တည်း၊ လျှာဟူသော အသိကို ပယ်ရှား၍ ရုပ်ခန္ဓာ, နာမ်ခန္ဓာ ခြားနား၍ သိမှုကား ဉာဏ်သိ ဉာဏ်မြင်ပေတည်း- အနိစ္စမြင်, ဒုက္ခမြင်, အနတ္တမြင်, နိဇ္ဇီဝ,

နိဿတ္တ အမြင်ပေတည်း၊ အကြောင်းယုတ္တိကိုကား ကာယဝိညာဉ် ၂-ပါးဌ် ဆိုခဲ့ပြီ။

ဤဌ် လျှာအရသာသည် သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ ဟူသော အရသာတမျိုး, ဇိဝှါဝိညာဉ် နာမက္ခန္ဓာဟူသော အရသာတမျိုး ဟူ၍ ၂-မျိုးရှိ၏၊ ထိုတွင် ကာယဝိညာဉ် နာမက္ခန္ဓာဟူသော လျှာအရသာ သည်ကား ကိုယ်အင်္ဂါအရသာကြီးဌ် ပါဝင်လေပြီ၊ ဇိဝှါဝိညာဉ် နာမက္ခန္ဓာ ဟူသော အရသာကြီးကား ကျန်ရှိ၏၊ ဤအရသာကြီးကိုလည်း သတ္တဝါ တို့သည် လွန်စွာလိုက်စားကြကုန်၏၊ ဆေးအပြတ်မခံနိုင်၊ ကျမ်းအပြတ်မခံနိုင် ရှိကြကုန်၏၊ ရသတဏှာကို ဝဋ္ဌဆိုးကြီး နူနာကြီးပြု၍ ထိုက်သည်အားလျော်စွာ ဥပမာ ဥပမေယျ ၂-ရပ်တို့ကိုလည်း သိကြလေ။

ဇိဝှါဝိညာဉ် နာမက္ခန္ဓာ ၄-ပါးကို ပြဆိုခန်း ပြီး၏။

ဃာနဝိညာဉ် နာမက္ခန္ဓာ ၄-ပါး

နှာခေါင်း၏ သိခြင်း, နှာခေါင်း၏ သိမှု, နှာခေါင်း၏ အသိ-ဟု ဆိုအပ်သော ဃာနဝိညာဉ် နာမက္ခန္ဓာ ၄-ပါးဌ် နှာခေါင်း၏ အတွင်းအရုပ်သည် ဃာနဝိညာဉ် နာမက္ခန္ဓာ ၄-ပါး ဖြစ်ပေါ်ရာ ဌာနတည်း၊ ဤဌ်လည်း ကာယဝိညာဉ် နာမက္ခန္ဓာ ၄-ပါး, ဃာနဝိညာဉ် နာမက္ခန္ဓာ ၄-ပါး ၂-စုံရ၏၊ အကြမ်းအနု, အပူအအေး, အလှုပ်အရှားတို့နှင့် နှာခေါင်းလေတို့၏ တွေ့ထိမှုတို့ကြောင့် ကာယဝိညာဉ် နာမက္ခန္ဓာ ၄-ပါး ဖြစ်ပေါ်၏၊ အတွင်းမှ ဖြစ်သောအနံ့, အပမှုဖြစ်သော အနံ့တို့၏ ထိခိုက်မှုကြောင့် ဃာနဝိညာဉ် နာမက္ခန္ဓာ ၄-ပါး ဖြစ်ပေါ်၏၊ ဃာနဝိညာဉ်၏ သိမှုကိုကား နံသည်, မွေးသည်ဟု ခေါ်၏။

ဤသို့ နှာခေါင်းသည် နာမက္ခန္ဓာ ၄-ပါး ၂-စုံတို့၏ ဖြစ်ရာဌာနဖြစ်သော ကြောင့် နှာခေါင်းသည် အနံ့အမျိုးမျိုးကိုလည်း နံတတ်၏၊ အနုအကြမ်း စသော ဖောဋ္ဌဗ္ဗမျိုးကိုလည်း သိတတ်၏ဟု ပြောဆိုရာ၏၊ ပရမတ္ထအားဖြင့် မူကား နှာခေါင်းဟူ၍ပင် မရှိ၊ ထိုနေရာဌ်ဖြစ်သော ခန္ဓာ ၅-ပါးသာ ရှိ၏၊ ဇိဝှါဝိညာဉ် နာမက္ခန္ဓာ ၄-ပါးဌ်ကဲ့သို့ ရုပ်ခန္ဓာ - နာမ်ခန္ဓာ ခွဲနည်း, ဒိဋ္ဌိသိ ခွဲနည်း, နိစ္စ, သုခ, အတ္တ၊ အနိစ္စ, ဒုက္ခ, အနတ္တ ခွဲနည်းတို့ကို ခွဲခြမ်း၍ သိကြလေ၊ ဇိဝှါဝိညာဉ် နည်းတူ သိကြလေ။

ဃာနဝိညာဉ် နာမက္ခန္ဓာ ၄-ပါးကို ပြဆိုချက် ပြီး၏။

[ရက်ယအကြိမ်]

သောတဝိညာဉ် နာမကွန္ဓာ ၄-ပါး

နား၏သိခြင်း, နား၏သိမှု, နား၏အသိ-ဟူသော သောတဝိညာဉ် နာမကွန္ဓာ ၄-ပါး၌ နား၏ အတွင်းအရပ်သည် ဤနာမကွန္ဓာ ၄-ပါး၏ ဖြစ်ရာဌာန တည်း၊ ကာယဝိညာဉ် နာမကွန္ဓာ ၄-ပါး၏ ဖြစ်ရာဌာနလည်း ဖြစ်၏၊ နာမကွန္ဓာ ၂-စုံ ရ၏၊ နားသည် ဖောဋ္ဌဗ္ဗမျိုးတို့ကိုလည်း သိတတ်၏၊ အသံ အမျိုးမျိုးတို့ကိုလည်း ကြားတတ်၏-ဟု ပြောဆိုရာ၏၊ သောတဝိညာဉ်သိကို ကြားသည်-ဟူ၍ ခေါ်၏၊ ထိုထိုအသံကို ကြား၍ သိကြရာ၌ နားသိ, မနောနှလုံးသိ, ပုဂ္ဂိုလ်သိ ခွဲမြဲခွဲလေ၊ ပရမတ္ထအားဖြင့်မူအား နားဟူ၍ပင် မရှိ၊ ထိုနေရာ၌ ဖြစ်သော ခန္ဓာ ၅-ပါးသာ ရှိ၏၊ ရုပ်ခန္ဓာ နာမ်ခန္ဓာခွဲလေ။

ရုပ်ခန္ဓာကား ထိုနေရာ၌ မြစ်ရေအလျဉ်ကဲ့သို့ အစဉ်မပြတ်ဖြစ်၍ နေ၏၊ နာမ်ခန္ဓာ ၄-ပါးတို့ကား ထိုထိုအသံမျိုး ထိခိုက်ဆဲ အခါ၌သာ ဖြစ်ပေါ်ကြကုန်၏၊ ထိုထိုအသံပြတ်စဲပြန့်လျှင် ထိုနေရာ၌ပင်လျှင် နာမ်၏ သေဆုံးခြင်းဖြင့် သေဆုံးချုပ်ပျက်ကြကုန်၏၊ ဓာတ်၏ သေဆုံးခြင်း, ဓမ္မ၏ သေဆုံးခြင်းဖြင့် သေဆုံး ချုပ်ပျက်ကြလေကုန်၏၊ တနာရီ အတွင်းမှာ အသံအမျိုးမျိုးကို အခါခါ ကြားရာ၌ သူ့အသံနှင့် သူ့နာမကွန္ဓာစု အခါခါ ဖြစ်ပေါ်၍ အခါခါ ပျက်ဆုံးကြကုန်၏။

နမောတဿ-ပြောဆိုသံ

စကားပြောဆိုသံကို ကြားနာရာ၌ စကားမည်သည် အကွရာ တလုံးတလုံး စီစဉ်၍ ပြောရာ၏၊ အကွရာတို့သည် အစဉ်အတိုင်း ချုပ်ပျောက် ကုန်၏၊ နောက်နောက် အကွရာပေါ်လံာလျှင် ရှေးရှေး အကွရာမရှိပြီ၊ နားထောင် သူတို့၏ နား၌ သောတဝိညာဉ် နာမကွန္ဓာ ၄-ပါးတို့သည် သူ့အကွရာနှင့်သူ အစဉ်အတိုင်း ဖြစ်ပေါ်၍ အစဉ်အတိုင်း ချုပ်ဆုံးကြကုန်၏၊ "နမော တဿ" ဟူသော ရွတ်ဆိုသံကို ကြားနာရာ၌ နမ-ဟူသော အသံအကွရာသည် နားတွင်း၌ ထိခိုက်၏၊ ထိခိုက်မှု ဒဏ်ဟုန်ကြောင့် သောတဝိညာဉ် နာမကွန္ဓာ ၄-ပါး ဖြစ်ပေါ်ရ၏၊ နမ-ဟူသော အသံကို စွဲ၍ ဖြစ်ပေါ်သော နာမကွန္ဓာ သည် ထိုအသံချုပ်ဆုံးလျှင် ချုပ်ဆုံးမြဲ ဖြစ်၏၊ နမ-အသံ ချုပ်ဆုံးလျှင် နမ-အသံကို ကြားမှုလည်း ပျောက်ကွယ်သည်ဟု လောက၌လည်း ထင်ရှား ပါ၏၊ လောက၌ နား၏ ကိစ္စအခွင့်မည်သည် အလွန်ကြီးကျယ်၏၊ နား၌ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, နိစ္စ, သုခ, အတ္တစွဲလမ်းချက် အလွန်ဆန်၏။

[ဒုတိယအကြိမ်]

စောဒနာဖွယ်

စောဒနာရန်ရှိသည်ကား- နားကို ပုဂ္ဂိုလ် ဟူ၍, သတ္တဝါ ဟူ၍ စွဲလမ်းမှု မရှိပါ၊ ပုဂ္ဂိုလ်၏ အင်္ဂါ, သတ္တဝါ၏ အင်္ဂါ ဟူ၍သာ စွဲလမ်းပါသည်ဟု ဆိုရန်ရှိ၏။

အဖြေကား- ငါကြားသည်ဟု စွဲလမ်းမှု, နားသည် သည်ဟု စွဲလမ်းမှုသည် နားကို ပုဂ္ဂိုလ်ဟူ၍, သတ္တဝါဟူ၍ စွဲလမ်းမှု ထို့အတူ ခြေသန်း, လက်သန်းဌ် ထိခိုက်၍ နာသည်ရှိသော် ငါ့သည်ဟု စွဲလမ်းမှုသည် ခြေသန်း, လက်သန်းကို ပုဂ္ဂိုလ်-ဟူ၍ သတ္တဝါ-ဟူ၍ စွဲလမ်းမှု ဝဲတည်း။

ယုတ်စွအဆုံး မုတ်ဆိတ်ကြင်စွယ်-ဟူသော မွေးညင်းကို နုတ်ပယ်ရာ၌ မွေးညင်း၏ အရင်းအဖျိုသည် ကာယပသာဒရုပ်ရှိ၏၊ နာဝတတ်၏၊ ထိုနာမှုကို ငါနာသည်ဟု စွဲလမ်းမှုသည် တခုတခုသော မွေးညင်းကို ပုဂ္ဂိုလ်ဟူ၍ သတ္တဝါဟူ၍ စွဲလမ်းမှုပင်တည်း၊ မွေးဥာင်းပေါင်း ၉-သောင်း ၉-ထောင်ရှိသည် ဟူရကား မွေးညင်း အရေအတွက် ပုဂ္ဂိုလ်, သတ္တဝါ စွဲလမ်းချက် ၉-သောင်း ၉-ထောင်ရှိ၏၊ မိမိ မိမိ စွဲလမ်း၌ နေမှုကိုပင် မိမိမရေလည်၍ စောဒနာခြင်းသာ ဖြစ်သည်ဟု ဖြေလေ။

ပုဂ္ဂိုလ်၏ အင်္ဂါဖြစ်၍ ပုဂ္ဂိုလ်မဟုတ်ဟု အစိတ်စိတ်နုတ်ပယ်၍ ထားခဲ့လျှင် တကိုယ်လုံး အင်္ဂါချည်းဖြစ်၍ ကုန်ရာ၏၊ ပုဂ္ဂိုလ် သတ္တဝါပင် မရှိရာပြီ၊ ထို့ကြောင့် ထိုထိုဝိညာဉ်၏ ဖြစ်ရာဌာန, သိတတ်ရာဌာန, အထက်ရှိသည်၊ အရှင်ဖြစ်သည်ဟု မှတ်ယူရာဌာန အလုံးစုံသည် ပုဂ္ဂိုလ်လည်း ဟုတ်၏၊ ပုဂ္ဂိုလ်၏ အင်္ဂါလည်းဟုတ်၏၊ သတ္တဝါ၏အင်္ဂါလည်း ဟုတ်၏၊ အတ္တလည်း ဟုတ်၏၊ ဇီဝလည်း ရှိ၏ဟု လောကအလိုကို သိအပ်၏၊ ပုဂ္ဂိုလ် သတ္တဝါဟု စွဲလမ်းမှုသည် နိစ္စ, သုခ, အတ္တ, ဇီဝဟု စွဲလမ်းမှုပင်တည်း၊ တဏှာ, မာန ဒိဋ္ဌိ ၇-ပါး တို့၏ အမှုချည်းသာတည်း၊ ကြားတတ်သောနားဒြပ်, နားသဏ္ဌာန် ဟူ၍မရှိ။

ထိုနေရာ၌ အစဉ်ဖြစ်ပွားရ၍ နေသော ခက်မာမှုသည်ကား ရူပက္ခန္ဓာသာတည်း၊ ထိုရူပက္ခန္ဓာသည် ကြားတတ် သိစာတ်သော တရားမျိုးမဟုတ်၊ ကြားမှု, သိမှုသည်မှုကား ထိုနေရာ၌ အသံထိခိုက်ဆဲအခါ၌ ဖြစ်ပေါ်လာသော နာမ်ခန္ဓာ ၄-ပါးသာတည်း၊ နား၌ ခန္ဓာ ၅-ပါးသာရှိ၏-ဟု သိမှ, မြင်မှုသည်

ဉာဏ်သိ ဖြစ်၏၊ အနိစ္စသိ, ဒုက္ခသိ, အနတ္တသိ, နိဿတ္တ, နိဇ္ဇီဝသိ ဖြစ်၏၊ အကြောင်းယုတ္တိကိုမူကား ကာယဝိညာဉ်၌ ပြဆိုခဲ့သည့်အတိုင်း သိလေ။

နားအရသာ ၂-မျိုး

နားအရသာသည်လည်း ၂-မျိုး ရှိ၏၊ ထိုတွင် သုခသဟဂုတ် ကာယဝိညာဉ် နာမက္ခန္ဓာ ၄-ပါး-ဟူသော အရသာသည် ကိုယ်အင်္ဂါ အရသာကြီး၌ ပါဝင်လေပြီ၊ သာယာသောအသံကို လည်းကောင်း, မိမိအလိုရှိသော စကားမျိုးကို လည်းကောင်း ကြားသောအခါ၌ ခံစားရသော နားအရသာသည်ကား သောတဝိညာဉ် နာမက္ခန္ဓာ ၄-ပါးပေတည်း။ ဤနားအရသာကို လည်း သတ္တဝါတို့သည် လွန်စွာ လိုက်စားကြကုန်၏၊ စကားပြောဖော် စကားပြောဖက်နှင့် ကင်း၍ ဆိတ်ငြိမ်ရာ၌ တကိုယ်ရေ တကာယ နေထိုင်ခြင်းငှာ ပင် မတတ်နိုင် ရှိကြကုန်၏၊ အဖော်နှင့် ကင်း၍ နားဆိတ်ဆိတ်နေရလျှင် ပင် ငြီးတောက်ခြင်း, ငြီးငွေ့ခြင်း ဖြစ်ကြကုန်၏၊ ရောက်မိ ရောက်ရာ စပ်မိ စပ်ရာ သဇ္ဇပ္ပလာပ စကားမျိုးကိုပင် ကြားနာ၍ နေရမှ အငြီးပြေကြကုန်၏၊ ဤသောတအရသာကြီးသည် လောက၌ အငြီးပြေ ခံစားဖွယ်ကြီး တပါးပင်တည်း၊ ခွေး, ကျီး, လင်းတ ဥပမာ နူနာရောဂါသည်ကြီး ဥပမာတို့ကိုလည်း ဤ၌ ထိုက်သည်အားလျော်စွာ သိကြလေ။

သောတဝိညာဉ် နာမခန္ဓာ ၄-ပါးကို ပြဆိုချက် ပြီး၏။

စက္ခုဝိညာဉ် နာမက္ခန္ဓာ ၄-ပါး

စက္ခုဝိညာဉ် နာမက္ခန္ဓာ ၄-ပါး၌ မျက်လုံးအရပ်သည် စက္ခုဝိညာဉ် နာမက္ခန္ဓာ ၄-ပါး၏ ဖြစ်ရာ ဌာနပေတည်း၊ ကာယဝိညာဉ် နာမက္ခန္ဓာ ၄-ပါး၏ ဖြစ်ရာဌာနလည်း ဟုတ်၏၊ ဤမျက်စိ၌လည်း နာမက္ခန္ဓာ ၄-ပါး ၂-စုံရ၏၊ မျက်စိသည် အပူအအေးစသော ဖောဋ္ဌဗ္ဗ မျိုးတို့ကိုလည်း သိတတ်၏၊ နာတတ်၏၊ ကျင်တတ်၏၊ ကျိန်းတတ်၏၊ စပ်တပ်၏၊ အဆင်းအမျိုးမျိုးကိုလည်း မြင်ဆတ်၏၊ ပုဂ္ဂိုလ်မျိုး, သတ္တဝါမျိုး အမှန်ဖြစ်၏-ဟု ဆိုရာ၏၊ စက္ခုဝိညာဉ်သိကို မြင်သည်-ဟူ၍ ခေါ်၏၊ ထိုထို သက်ရှိသက်မဲ့ ဝတ္ထုတို့ကို မြင်၍ ဘယ်သင်းဘယ်ဟာဟု သိကြရာ၌ မျက်စိသိ, မနောနှလုံးသိ, ပုဂ္ဂိုလ်သိဟု ခွဲမြဲခွဲလေ။

ပရမတ္ထ အားဖြင့်မူကား — မျက်စိဒြပ်-ဟူ၍ပင် မရှိ၊ ထိုနေရာ၌ ဖြစ်သော ခန္ဓာ ၅-ပါးသာ ရှိ၏၊ ထိုတွင် ရူပက္ခန္ဓာ ၁-ပါးသာ ထိုနေရာ၌ အစဉ်မြဲ၏၊

[ဒုတိယအကြိမ်]

နာမကွန္ဓာ ၄-ပါးတို့သည်ကား ထိုထိုအဆင်းအာရုံကို ကြည့်ရှု၍ နေဆဲအခါ၌သာ ဖြစ်ပေါ်ကုန်၏၊ အိပ်ပျော်၍ နေဆဲအခါ, မျောင်မိုက်တွင်း၌ နေဆဲအခါ, မျက်စိကို မှိတ်၍ နေဆဲအခါတို့၌ ထိုနေရာမှာ ချုပ်ကွယ်၍ နေကြကုန်၏၊ ကြည့်ရှုနေဆဲ အခါမှာလည်း မျက်တောင် ခတ်တိုင်း, ခတ်တိုင်း ခဏ, ခဏ ချုပ်ကွယ်ကြရကုန်၏၊ အာရုံပြောင်းတိုင်း, ပြောင်းတိုင်း ချုပ်ကွယ်ကြရလေကုန်၏။

မန်ကျည်းပင် အစရှိသော အရွက်စိပ် သစ်ပင်မျိုးတို့ကို မော်၍ ကြည့်ကြရာ၌ အရွက်တခုစာခုလျှင် နာမကွန္ဓာ ၄-ပါးအသီးအသီး ဖြစ်၍ အသီးသီး ချုပ်ကွယ်ကြကုန်၏၊ အရွက်တခုကို မြင်မှု သိမှုနှင့် ထို့ပြင် အရွက်တခုကို မြင်မှု သိမှုတို့သည် အသီးအခြားတို့သာတည်း၊ တခုပြီးမှတခု ဖြစ်ကြမြဲပေတည်း၊ ၂-ခုပြိုင်၍ ဖြစ်မြဲမဟုတ်၊ စိတ်မည်သည် အလွန် လျှင်မြန်လှ၏၊ တပင်လုံးကို ပင် တပြိုင်နက် မြင်သည်ဟု မှတ်ထင်၍ နေကြရကုန်၏၊ အရွယ်တခုတခု၌ပင် မျက်စိသိ, မနှောနှလုံးသိ, ပုဂ္ဂိုလ်သိ အသီးအသီးစီ ဖြစ်ကြ၏။

စက္ခုသိ

စက္ခုသိဆိုသည်ကား—အဆင်း သက်သက်ကို မြင်မှု သက်သက်သာတည်း၊ အကြီး, အငယ်, အဝန်း, အလျား - စသော သဏ္ဌာန်ကို သိသည်မဟုတ်၊ မနောနှလုံးသိသို့ရောက်မှ ထိုသဏ္ဌာန်တို့ အသီးအသီးပေါ်၏၊ ဤမနော နှလုံးသိကိုပင် ပုဂ္ဂိုလ်သိဆိုရသည်၊ မန်ကျည်းပင်ကြီးကို မော်၍ကြည့်ရာ၌ အရွက်တွေကို အသီးအသီး သိမှုသည် တပြိုင်နက်ပင် မှတ်ထင်ကြရကုန်၏၊ စိတ်၏ ဖြစ်မှု, ပျက်မှု, ပြောင်းလဲမှု မြန်ပုံကို ရိပ်မိရုံပြဆိုလိုက်သည်၊ လောက၌ ဤမျက်စိ၏ အခွင့်မည်သည် အလွန်ကြီးကျယ်၏၊ နား၏အခွင့်ထက်ပင် သာလွန်၏၊ မျက်စိ၌ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, နိစ္စ, သုခ, အတ္တစွဲလမ်းမှု အလွန်ထက်သန်၏။

[ဤစကား၌ စောဒနာချက် ဖြေဆိုချက်တို့ကို သောတ၌ ဆိုခဲ့တိုင်း သိလေ။]

အရသာနှင့် တဏှာအစွမ်းကို ပြဆိုနည်း၌ ဤမျက်စိမှာလည်း အရသာ ၂-မျိုးရ၏၊ ထိုတွင် သုခသတဂုတ် ကာယဝိညာဉ် နာမကွန္ဓာ ၄-ပါးဟူသော အရသာသည် ကိုယ်အင်္ဂါ အရသာကြီးတွင် ပါဝင်လေပြီ၊ လှပတင့်တယ်သော အဆင်းသဏ္ဌာန်မျိုး, မိမိအလိုရှိသော ဝတ္ထုမျိုး, မတွေ့စဖူး မမြင်စဖူးသော အာရုံဝတ္ထုမျိုးတို့ကို မြင်ကြရသောအခါ ခံစားကြရသော မျက်စိအရသာ

ထည်ကား စက္ခုဝိညာဉ် နာမကွန္ဓာ ၄-ပါးပေတည်း၊ ဤစကားမျိုးခ၌ မနောနှလုံး အမှုတို့ကိုလည်း အပါအဝင် ပြု၍ ယူကြလေကုန်၊ ပီတိ, သုခ, သောမနဿတို့ကို အရသာဆိုလိုရင်း ဖြစ်ပြားသော်လည်း ခန္ဓာ ၄-ပါးတို့၏ ဖြစ်မှုအလား ထင်ရှားစေခြင်းငှာ ခန္ဓာ ၄-ပါး - ဟူ၍ပင် ဆိုလိုက်သည်။

တနည်းကား-ဥပေက္ခာ ဝေဒနာသည်လည်း ပီတိ, သုခ, သောမနဿကို မရသာရာ၌ (မရသောအခါ၌) အငြီးပြေ အရသာမျိုးပင် ဖြစ်၏၊ မျက်စိမည်သည် ကောင်းသည်ကိုမှသာ ကြည့်လိုသည်မဟုတ်၊ ကြည့်ခင့်ရှိ ပါလျက် မကြည့်ရလျှင် သက်သက်မနှိုင်မှုမျိုးတည်း၊ တသက်လုံး တနေ့တနေ့လျှင် အခါခါမြင်၍နေရသော ဝတ္ထုမျိုးပင် ဖြစ်သော်လည်း မက်စရာ ဝတ္ထု ၁-ပါးမရှိခဲ့လျှင် ထိုအာရုံကိုပင် တမော့မော့ဝနရ၏၊မကြည့်ပဲမနေနိုင်။

မကြည့်ပဲ စက္ခုနွေ့ကို ချုပ်တည်း၍ နေရမည်ဆိုလျှင် ခဏချင်းငြီးတောက်၏၊ စိတ်ကျဉ်းကျပ်၏၊ မျက်စိ ဥပစာတဆုံး ဖွင့်လှတ်၍ ထားမှ အကြိုက်ကျ၏၊ အရသာကောင်းတွေ့သကဲ့သို့ အငြီးအတောက် ပြေပျောက်၏၊ ထို့ကြောင့် မကောင်းသည်ဖြစ်စေ, ကောင်းသည်ဖြစ်စေ ကြည့်မြင်ရမှုသည်လည်း အငြီးအတောက် ပြေပျောက်စေတတ်သော အဖျော် အဖြေ အရသာကြီး တမျိုးပင် ဖြစ်သတည်း၊ ကြင်းသော သေတ, ဃာန-စသည်တို့၌လည်း ဤနည်းတူ သိလေ၊ ထို့ကြောင့် ဥပေက္ခာ ဝေဒနာကိုလည်း အရသာ ဆိုသင့်၏၊ နာမကွန္ဓာ- ၄-ပါးလုံးကိုလည်း အရသာ ဆိုသင့်၏-ဟူ၍ မှတ်လေ။

တသက်လုံး မြင်၍နေရသော အာရုံမျိုး အလယ်၌ပင် စက္ခုနွေ့ကို ချုပ်ထိန်း၍ မရ၊ မျက်စိ မျက်နှာ ဦးတည်မိရာ မျက်စိ ဥပစာ၌ မိုးကို မျှော်လိုက်ရ၏၊ တိမ်ကို မျှော်လိုက်ရ၏၊ မြေအပြင်ကို မျှော်လိုက်ရ၏၊ ရေအပြင်ကို မျှော်လိုက်ရ၏၊ တောတခွင်ကို မျှော်လိုက်ရ၏၊ တောင်တခွင်ကို မျှော်လိုက်ရ၏၊ လူကို, နွားကို, ဆင်းကို, ဝက်ကို, အိမ်ကို, ယာကို မျှော်လိုက်ရ၏၊ မျှော်ရမှု စိတ်ချောင်၏၊ စိတ်ချမ်းသာ၏၊ အရသာကြီး တပါးပင် ဖြစ်၏၊ ကိုယ်တွေ့ဒိဋ္ဌ ဖြစ်ကြ၏၊ ဤမှုနောက်၌ ဤစက္ခု အရသာ၌ သာယာသော တဏှာ ဝင်ဆိုးကြီး, တဏှာ နှုန်းကြီးတို့ကို ကာယဝိညာဉ်၌ ပြဆိုခဲ့ပြီးသောနည်းကို အစဉ်မှီး၍ သိကြလေ။

●ကွေ့ဝိညာဉ် နာမကွန္ဓာ ၄-ပါးကို ပြဆိုချက် ပြီး၏။

[ရုပ်ပေါ်ပြီး]

မဇနာဝိညာဉ် နာမကွန္ဓာ ၄-ပါး

မနောနှလုံးသိ, ပုဂ္ဂိုလ်သိခေါ်သော မနောနှလုံး၏ သိခြင်း, မနောနှလုံး၏ သိမှု, မနောနှလုံး၏ အသိ-ဟု ဆိုအပ်သော မနောဝိညာဉ် နာမကွန္ဓာ ၄-ပါးကို ပြဆိုအံ့။

ရင်တွင်း၌ရှိသော နှလုံးသွေးအတွင်း၌ ဤ မနောဝိညာဉ်သည် ဖြစ်၏၊ နှလုံးအိမ်သည်သာ အသားစိုင်, အသားခဲဖြစ်၍ ကာယဝိညာဉ် နာမကွန္ဓာ ၄-ပါး ဖြစ်ရာ ဌာန ဖြစ်၏၊ နှလုံးသွေးမူကား ကာယဝိညာဉ်၏ ဖြစ်ရာဌာန မဆိုသာ၊ နှလုံးသွေး၏ အတွင်း၌ဖြစ်သော ထိုမနောဝိညာဉ် နာမကွန္ဓာ ၄-ပါး သည်ကား အလွန်အထွေအပြား များပြား၏။

၁။ အကုသိုလ်-ဟု ဆိုအပ်သော မကောင်းသော အကြံမျိုးသည်လည်း မနောနှလုံးမှု ဖြစ်၏။

၂။ ကုသိုလ်-ဟုဆိုအပ်သော ကောင်းသောအကြံမျိုးသည်လည်း မနောနှလုံးမှု ဖြစ်၏။

၃။ အိပ်ပျော်သောဘဝင် အဗျာကတ ဝိညာဉ်မျိုးသည်လည်း မနောနှလုံးမှု ဖြစ်၏။

၄။ ကိုယ်အင်္ဂါကြီးငယ်တို့ကို ပြုပြင်ခြင်း-ဟု ဆိုအပ်သော ကာယကံမှုမျိုး, စကားပြောဆိုခြင်းဟူသော ဝစီကံမှုမျိုး, စိတ်နှလုံးထဲတွင် တရှိန်ရှိန်ထ၍နေသော မနောကံမှုမျိုး တို့သည်လည်း မနောနှလုံးမှု ဖြစ်ကုန်၏။

၅။ ကုသိုလ်ဇော, အကုသိုလ်ဇောတို့သည် ထိုမနောနှလုံးမှု ဖြစ်ကုန်၏။

ဇော၏ဥပမာ

ဇောဆိုသည်ကား— အလွန် ပြင်းထန်သော အဟုန်ရှိသော စိတ်မျိုးတည်း။

၁။ ဤကိုယ်ခန္ဓာကြီးသည် မီးရထား, မီးသင်္ဘောနှင့် တူ၏။

၂။ နှလုံးအိမ်သည် မီးအိုး, ရေနွေးအိုးကြီးနှင့် တူ၏။

၃။ ဘဝင်စိတ်မျိုးသည် ရေနွေး၌ ရှိသော ပြင်းထန်သော အခိုးနှင့် တူ၏။

[ရုတိယအကြိမ်]

၄။ လောဘဇော, ဒေါသဇော- အစရှိသော အမျိုးမျိုးသော ဇောစုသည် ရေနွေးအိုးမှ တဟုန်တည်း ဆူထသော ရေလှိုင်းပွက်တွေနှင့် တူ၏၊

၅။ ဇောအမျိုးမျိုးမှ ဖြစ်သော စိတ္တဇဝါယောတို့သည် ရေလှိုင်းပွက်တို့မှ ပန်းရှ်ထွက်သော အဟုန် ပြင်းထန်သော အခိုးတို့နှင့် တူကုန်၏။

၆။ ၉၀၀–သော အကြောတို့သည် အခိုးလျှောက်သွဒးရာ အခိုးကြောင်းနှင့် တူကုန်၏။

၇။ အင်္ဂါကြီးငယ်တို့သည် စက်ကိရိယာတို့နှင့် တူကုန်၏။

၈။ ပုဂ္ဂိုလ် သတ္တဝါတို့သည် လည်းကောင်း, အဆင်းသဏ္ဌာန်အစရှိသော အာရုံ ၆-ပါး တို့သည်လည်းကောင်း ရထား စက်အိုးတို့နှင့် တူကုန်၏။

၉။ တံဏှာ ၆-ပါးတို့သည် ရထားအစိုးရကြီးတို့နှင့် တူကုန်၏။

ဘဝင်စိတ် မည်သည် အလွန်နုံ့လှသော စိတ်မျိုးတည်း၊ ဤနုံ့လှသော ဘဝင်စိတ်မျိုးသည်ပင်လျှင် အလွန်ပျံ့နှံ့သော အရှိန်အဝါရှိ၏။

ဘဝင်စိတ်သည် ရေနံမီးတောက်ကြီးနှင့်တူပုံ

ဘဝင်စိတ်သည် ညဉ့်အခါ တို့က်ခန်းတွင်း၌ ထွန်းအပ်သော ရေနံကြမ်းမီးတောက်နှင့် တူ၏။

တူပုံကား– ထိုမီးတောက်မှ အလွန်လျင်မြန်သော လေသည် ထွက်၏။ ထိုလေသည် မီးတောက်မှ ထွက်သော မီးရောင်တို့ကို မီးတောက်သည်နှင့် တပြိုင်နက် တို့က်ခန်းတခုလုံး ပြည့်အောင် ဖြန့်ဖြူး၏၊ မီးတောက်မှ ထွက်သော အခိုးကြမ်းတို့ကိုလည်း ဝမ်းအတွင်း, ရင်အတွင်း, ဝမ်းအဖို့, ရင်အဖို့ တို့ကို ပြည့်စေ၏။

ထို့အတူ ဘဝင်စိတ်၏ အဟုန်ကြောင့် ဖြစ်သော စိတ္တဇလေသည် အလွန်လျင်မြန်၏၊ ထိုလေသည် စိတ္တဇ ရုပ်ကလာပ်တို့ကို ဘဝင်စိတ် ဥပါဒ်သည်နှင့် တပြိုင်နက် တကိုယ်လုံးပြည့်အောင် ဖြန့်ဖြူး၏၊ ထွက်သက် ဝင်သက် တည်းဟူသော စိတ္တဇ လေကြမ်းတို့ကို ရင်, ဝမ်းနှင့်အပြည့် ဖြစ်စေ၏၊ အိပ်ပျော်၍နေဆဲ အခါ၌ပင်လျှင် ကိုယ်ခန္ဓာ အလယ်ပိုင်း တခုလုံးကို ရေလှိုင်းထသကဲ့သို့

ကြွချီ လှုပ်ရှားစေလျက် ပြင်းထန်သော ရှုခြင်းရှိုက်ခြင်းကို ဖြစ်စေ၏၊ ဘဝင်စိတ်ဟူသော နှုံ့လှစ္ဆာသော ကြံမှု အရှိန်အဝါသည်ပင်လျှင် ဤမျှလောက်ထက်သန့်၏၊ ပြင်းထန်လှစ္ဆာသော အဟုန်နှင့်တက္ခ ယမ်းပုံမီးကျ ဖြစ်ပေါ်၍ထသော ဇောဟူသော အကြံဓာတ်ကြီး အရှိန်အဝါသည် ဆိုဖွယ်ရာမရှိပြီ။

အကြံမှု အကြံဓာတ်ကြီး အရှိန်အဝါမျိုးမည်သည် ဤကဲ့သို့ ပြင်းထန်၏၊ မီးရထား, မီးသင်္ဘောတို့၌ ထိုထိုစက်ခလုပ်တို့ကို ပြုပြင်၍ ပေးလိုက်သည်ရှိသော် ရေအခိုးတို့သည် မိုးကြိုးအဟုန်ကဲ့သို့ ထိုထိုအခိုးကြောင်းတို့ကို ခဏခြင်း ပြည့်ဖြိုး တွန်းဝှေ့တိုက်ခိုက်ကာ ထွက်ကြကုန်သကဲ့သို့ ဤကိုယ်ခန္ဓာ၌လည်း ပြုလိုက်သော အမှုအားလျော်စွာ စိတ္တဇ ဝါယော လေမုန်တိုင်းတို့သည် ထိုထိုအကြောကြီး အကြောငယ်တို့ကို အဟုန်နှင့်တက္ခ ခဏချင်း ပြည့်ဖြိုးစေကြကုန်၏။

စိတ္တဇဝါယောဓာတ်တို့သည် မြွေနဂါးတို့နှင့်တူပုံ

အားခွန်ဗလ သန်မြန်လှသော မြွေနဂါးကြီးငယ်တွေ ကခုန်မြူးထူးကြကုန်သကဲ့သို့ ၆၀-သော အကြောကြီး ၉၀၀-သော အကြောငယ်တို့သည် ခဏချင်း အဟုန်နှင့်တက္ခ အင်္ဂါကြီးငယ်တို့သည် ချီကြွ၍ ထကြွ ကွန်မြူးကြရကုန်၏၊ ထိုအကြောကြီး အကြောငယ်တို့၏ မြူးထူးချက်ကြောင့် ဤကိုယ်ခန္ဓာကိုယ်အင်္ဂါတို့၏ အဟုန်နှင့်တက္ခ ထကြွ လှုပ်ရှား သွားခြင်း, လာခြင်း, ကွေးခြင်း, ဆန့်ခြင်း အစရှိသည်တို့သည် ဖြစ်ကြကုန်၏။

မီးရထား မီးသင်္ဘောတို့၌ အသံ၏ဆိုင်ရာ အပေါက်ကို ဖွင့်လှစ် လိုက်သည်ရှိသော် ထိုဆူပွက်သော ရေအဟုန်တို့မှ အသံနှင့်တက္ခ ပြင်းထန်သော အခိုး၏တိုးဝှေ့ထွက်သွားခြင်းဖြင့် ဥသြသံမည်သည် ဖြစ်သကဲ့သို့ စကားစမြည် ပြောဆိုမည်ဟု ဇောစိတ် အကြံဓာတ်မျိုး ဖြစ်ပေါ်သည်နှင့် တပြိုင်နက် စကားပြောမှု၏ဆိုင်ရာ စိလ္လဇ လေတို့သည်လည်းကောင်း၊ လည်ပင်းကြော,မေးကြော, လျှာကြော တို့သည် လည်းကောင်း၊ မြွေနဂါးတွေ မြူးထူး ကြကုန်သကဲ့သို့ တပြိုင်နက် လွန့်လက်မြူးထူး ကြွထကြရကုန်၏၊ ရယ်ဇော ဖြစ်ပေါ်ခဲ့လျှင် မျက်နှာအပြင်၌ ခဏချင်း ရုပ်ရှင် ရုပ်ကြည်တွေ အပြည့်ဖြစ်ပေါ်မှု၊ ငိုဇော ဖြစ်ပေါ်ခဲ့လျှင် မျက်နှာအပြင်၌ ခဏချင်း ရုပ်ညှိုး ရုပ်နောက်တွေ အပြည့်ဖြစ်ပေါ်မှုတို့၌ကား ည၌အခါ မီးထွန်းသော ဥပမာနှင့် တိုက်ဆိုင်၍ သိလေ။

[ဒုတိယအကြိမ်]

အကြံဟူသော ပကတိစိတ်ဝတ်ကြီး၏ အရှိန်အဟုန်ကြီးကျယ်ပုံ

မျက်နှာအပြင်၌ ရယ်ရွှမ်တွေ, ငိုရွှမ်တွေ ခဏချင်း အပြည့်ဖြစ်ပေါ်မှုတို့ကို မြင်သဖြင့် စမ်းတွင်း, ရင်တွင်း, လည်ပင်း, ဦးခေါင်းတွင်း တခွင်လုံးတို့၌ လည်း ထိုရွှမ်တို့ပြည့်မှုကို သိကြလေ။

၁။ အာရုံပြုမှု၏ အလွန် လျင်မြန်စွာ ပျံ့နှံ့ခြင်း၌လည်း ဆိုင်းသံ, စည်သံ, အပြောက်သံ, မိုးကြိုးသံတို့သည် ဖြစ်ရာအရပ်မှ အလွန်ဝေးစွာသော အရပ်မျက်နှာတို့ကို ခဏချင်း ပျံ့.နှံ့ ကြလေကုန်ဘိသကဲ့သို့ လည်းကောင်း,

၂။ တိမ်တိုက်မှ ထွက်သော လျှပ်ရောင်, နေဝန်းမှ ထွက်သော နေရောင်, လဝန်းမှ ထွက်သော လရောင်တို့သည် လျင်မြန်လှသော လေဟုန်၏ အစွမ်းဖြင့် ထွက်ရာအရပ်မှ ခဏချင်း ကောင်းကင်မြေပြင် တခွင်လုံး ပျံ့.နှံ့သကဲ့သို့ လည်းဏောင်း,

စိတ်ခေါ်သော အကြံဝတ်, အသိဝတ်မျိုးတို့သည် နေ, လ, နက္ခတ်, တာရာတို့နှင့် တကွ မိုးတပြင်လုံး, မြေတပြင်လုံး, တောတခွင်လုံး, တောင်တခွင်လုံး တို့ကိုလည်းကောင်း၊ မနောဝိညာဉ်ဖြစ်ခဲ့အုံ၊ အသက်ထက်ဆုံး တွေ့ကြုံဆက်ဆံ၍ လာခဲ့သော အရပ်ဒေသဌာန မြို့ရွာ အာရုံဝတ္ထုတို့ကို လည်းကောင်း ခဏချင်း ပျံ့.နှံ့.၍ ယူနိုင်၏။

အကြံဟူသော ပကတိစိတ်ဝတ်ကြီး၏ အရှိန်အဟုန် ကြီးကျယ်ပုံအချက်ကို အမြင်ကျပြဆိုလိုက်သည်၊ ဘာဝနာကိစ္စဖြင့် ပွားစီးကြီးကျယ်ခြင်းသို့ ရောက်သော တန်ခိုးဣဒ္ဓိဟူသော အကြံဝတ်မျိုး၌ ဆိုဖွယ် မရှိပြီ၊ ဤအချက်ကို မူကား ဝတ်တို့၏ အစွမ်းကို နှိုးပြားစွာ မမြင်နိုင်ကြကုန်သည်ရှိသော် သတ္တဝါတို့၌ ဖြစ်၍နေကြသော အမှုတို့ကို ဝတ်တို့နှင့် အကုန် နေရာမချနိုင်ကြကုန်သဖြင့် ပုဂ္ဂိုလ်အစွမ်း, သတ္တဝါအစွမ်းတွေ ထင်မြင်၍ နေမှုကို မဖျောက်ဖျက်နိုင်ရှိနေကြကုန်ရာသောကြောင့် ရိပ်မိရုံပြဆိုလိုက်သည်။

မနောနှလုံး၏ အရေးအခွင့် ကြီးကျယ်ပုံ

လောကဓမ္မတို့၌ ဤမနောနှလုံး၏ အခွင့်သည် အလွန်တရာ ကြီးကျယ်လှ၏၊ ခပ်သိမ်းသော အလိမ္မာ ဟူသမျှတို့သည် လည်းကောင်း, ခပ်သိမ်းသော အမိုက်အမဲ ဟူသမျှတို့သည် လည်းကောင်း ဤမနောနှလုံးမှ ဖြစ်ကုန်၏။

လောကအလိုအားဖြင့်– ဤမနော နှလုံးသည် ဣရိယာပုတ် ၄-ပါးကို ဆောင်တတ်၏, သွားတတ်၏, ရပ်တတ်၏, ထိုင်တတ်၏, လျောင်းတတ်၏, ပြောတတ်၏, ဆိုတတ်၏, ငိုတတ်၏, ရယ်တတ်၏, သူ့အသက်ကို သတ်တတ်၏၊ သူ့ဥစ္စာကို ခိုးယူတတ်၏၊ ဤသို့ အစရှိသည်ဖြင့် ပုဂ္ဂိုလ် သတ္တဝါ၏ ကိစ္စ-ဟူသမျှသည် မနောနှလုံး၏ ကိစ္စချည်းသာတည်း။

စောဒနာတမ်း

စောဒနာရန်ရှိပြန်သည်ကား– သက်သက်သော မနောကံ ကိစ္စမျိုးကိုသာ မနောနှလုံးက ပြုတတ်ပါသည်၊ ကာယကံ ကိစ္စမျိုး, ဝစီကံ ကိစ္စမျိုး တို့သည်ကား မနောနှလုံး သက်သက်နှင့် ပြီးစီးကြသည် မဟုတ်ကုန်၊ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါတို့ပါရှိမှ ပြီးစီးကုန်၏၊ ထို့ကြောင့် ကာယကံကိစ္စမျိုး, ဝစီကံကိစ္စမျိုးတို့ကိုမူကား မနောနှလုံးသည် မပြုတတ်၊ ပုဂ္ဂိုလ် သတ္တဝါသည်သာ ပြုတတ်ပါသည်-ဟု ထိုရန်ရှိ၏။

စောဒနာချက်ကို ပြန်ရှင်းရန်– ကိုယ်အင်္ဂါ, နှုတ်အင်္ဂါစုသည် သိတတ်, ကြံတတ်, အားထုတ်တတ်သလော-ဟု ပြန်ရှင်းရာ၏။

ဤလိုဆိုပေလတ္တံ့–ကိုယ်အင်္ဂါ နှုတ်အင်္ဂါစုသည် မသိတတ်, မကြံတတ်, အားမထုတ်တတ်ပါ၊ မနောနှလုံးသည်သာ သိတတ်, ကြံတတ်, အားထုတ်တတ်ပါသည်-ဟု ဆိုပေလတ္တံ့။

ဤလိုမေးမြန်းပြန်ရာ၏-ပုဂ္ဂိုလ်, သတ္တဝါ ဆိုသည်ကား သိတတ်, ကြံတတ်, အားထုတ်တတ်သည်ကို ဆိုသလော၊ မသိတတ်, မကြံတတ်, အားမထုတ်တတ်သည်ကို ဆိုသလော-ဟု မေးမြန်းရာ၏။

ဤလိုဆိုပေလတ္တံ့–သိတတ်, ကြံတတ်, အားထုတ်တတ်သည်ကို ဆိုပါသည်-ဟု ဆိုပေလတ္တံ့။

ထိုအခါ မနောနှလုံးသည်သာ ပုဂ္ဂိုလ်, သတ္တဝါ အစစ်ဖြစ်ကြောင်းသည် ထင်ရှား ပေါ်၍ လာ၏၊ မနောနှလုံးသည်သာ- သွားတတ်လာတတ်, ပြောတတ်, ဆိုတတ်, ကြံတတ်, သိတတ်, သတ်တတ်, ခိုးတတ်ကြောင်းသည် ထင်ရှားပေါ်၍လာ၏။

တနည်းသော်ကား–သတ်မှု, ခိုးမှု မည်သည် မနောနှလုံး၏ သိမှု, ကြံမှု, သက်သက်နှင့် ပြီးစီးသည်မဟုတ်။ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါတို့၏ လှုပ်ရှားမှု

ပယောဂလည်းပါရှိမှ ပြီးစီးသည်ဖြစ်၍ မနောနှလုံးသည်လည်း သတ်တတ်၏၊ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါသည်လည်း သတ်ဘတ်၏၊ မနောနှလုံးသည်လည်း ခိုးတတ်၏၊ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါသည်လည်း ခိုးတတ်၏၊ မနောနှလုံးသည်လည်း ပုဂ္ဂိုလ် သတ္တဝါတည်း၊ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါသည်လည်း ပုဂ္ဂိုလ် သတ္တဝါပင်တည်း၊ လက်ဖြင့် သတ်ရာ၌ မနောနှလုံးသည်လည်း သတ်တတ်သော ပုဂ္ဂိုလ်, သတ္တဝါပင်တည်း၊ လက်သည်လည်း သတ်တတ်သော ပုဂ္ဂိုလ်, သတ္တဝါပင်တည်း။

ဤအရာ၌မူကား မနောနှလုံးကို ပြဆိုရာဖြစ်၍ မနောနှလုံးသည် သတ်တတ်၏၊ ခိုးတက်၏-ဟု ဆိုပေသတည်း၊ ရှေးနည်းကား မနောနှလုံးကိုသာ ပုဂ္ဂိုလ်, သတ္တဝါအစစ်ဟု မှတ်ထင်သူတို့၏ အလိုပေတည်း၊ နောက်နည်းကား တကိုယ်လုံးကိုပင် ပုဂ္ဂိုလ်သတ္တဝါ-ဟု မှတ်ထင်သူတို့၏ အလိုပေတည်း၊ အချို့သူဘို့ကား စိတ်ကိုသာ ပုဂ္ဂိုလ် သတ္တဝါ အစစ်ဟု ယူကုန်၏၊ အချို့သူတို့ကား ခန္ဓာ ၅-ပါးလုံးကိုပင် ပုဂ္ဂိုလ် သတ္တဝါအစစ်ဟု ယူကုန်၏၊ အယူ ၂-မျိုး ရှိ၏။

[ဤကား လောကအလိုတည်း]

ပရမတ္ထအလို

ပရမတ္ထအလိုအားဖြင့်မူကား ပုဂ္ဂိုလ်သတ္တဝါ-ဟူ၍လည်း မရှိ၊ နှလုံးသွေး-ဟူ၍လည်း မရှိ၊ ထိုနေရာ၌ အကြောင်းအားလျော်စွာ ဖြစ်ကြသော ခန္ဓာ ၅ ပါးသာ ရှိ၏၊ ထိုတွင် ခက်မာမှု နူးညံ့မှု, ဖွဲ့စည်းမှု, ယိုစီးမှု, ပူနွေးမှု-စသော ရူပကွန္ဓာစုသည်သာ ထိုနေရာ၌ ဖြစ်ချည် ပျက်ချည် အစဉ်အမြဲလည်နေ၏၊ နာမကွန္ဓာ ၄-ပါးတို့သည်ကား ထိုနေရာ၌ ဖြစ်ပေါ်ခိုက်၌သာ ရှိကုန်၏၊ ထိုနှလုံးဌာနမှ တပါး တကိုယ်လုံးမှာ ထိုထိုနေရာတွင် ဖြစ်ပေါ်၍ နေခိုက် နှလုံးမှာ မရှိကြကုန်။

အရေတခွင်လုံးမှာ ထိုထိုနေရာ၌ နာမကွန္ဓာတို့ ဖြစ်ပေါ်၍ နေခိုက် နှလုံးမှာ ရူပကွန္ဓာ ၁-ပါးသာ ရှိ၏၊ သားတစ် ၉၀၀-တို့တွင် ထိုထိုသားတစ်မှာ ဖြစ်ပေါ်၍ နေခိုက် နှလုံးမှာ ရူပကွန္ဓာ ၁-ပါးသာ ရှိ၏၊ အကြော ၉၀၀-တို့တွင် ထိုထိုအကြောမှာ၊ အရိုး ၃၀၀-တို့တွင် ထိုထိုအရိုးမှာ၊ ၂-ကုဋေ ၄-သန်းသော ဆံပင်တို့တွင် ထိုထိုဆံပင်မြစ်မှာ၊ ၉-သောင်း ၉-ထောင်သော မွေးညင်းတို့တွင် ထိုထိုမွေးညင်းမြစ်မှာ ဖြစ်ပေါ်၍နေခိုက် နှလုံး၌ ရူပကွန္ဓာ ၁-ပါးသာရှိ၏။

[ဒုတိယအကြိမ်]

ထိုသို့ဖြစ်ပါသော်လည်း နာမက္ခန္ဓာ ၄-ပါးတို့၏ ဖြစ်မှု, ပျက်မှု, ဖြစ်ရာ ဌာန ရွှေ့ပြောင်းမှုမည်သည် အလွန်တရာ မြန်လှသည်ဖြစ်၍ ရှေးဦးပြဆိုခဲ့ပြီး သော မီးရောင်,နေရောင်,လရောင်, ဆိုင်းသံ, စည်သံ,အမြောက်သံ,သေနတ်သံ, မိုးသံ, မိုးကြိုးသံတို့ကဲ့သို့ ခြေဖဝါးတပြင်လုံး၌ အလွန်နာကျင်၍ နေဆဲမှာပင် ထိုနာကျင်မှုကို မနောနှလုံးကလည်း အမြဲသိ၍နေသည်ဟု မှတ်ထင်ကြရ ကုန်၏။

ခြေဖဝါးတပြင်လုံးတွင်လည်း တသုတ်တသုတ် ဖြစ်ပေါ်နေသော နာမက္ခန္ဓာ ဟူသော နာမှု၏ ဖြစ်ရာဌာနလည် အဏုမြူမျှ ပမာဏကျယ်သည် မဟုတ်၊ တသုတ်ချုပ်ကွယ်ပြီးမှ တသုတ်ဖြစ်ပေါ်မြဲ ဓမ္မတာသည် တသုတ်တသုတ်၏ အကြားအကြား၌လည်း နာမှန့်း ကျင်မှန်း သိသော မနောနှလုံးသိ အသီး အသီး ညှပ်ကာညှပ်ကာဖြစ်မြဲ ဓမ္မတာတည်း၊ မညှပ်ခဲ့လျှင် ထိုတသုတ်နာမှုကို နာသည်ဟု ပုဂ္ဂိုလ်သိ ဖြစ်နိုင်သည် မဟုတ်၊ ခြေဖဝါးက နာမှု, မနောနှလုံးက သိမှု အစုံအစုံတို့၏ အကြား အကြား၌လည်း ဘဝင်မနော တသုတ်တသုတ်ခြားမြဲ ဓမ္မတာဘည်း။

ဤသို့ ဖြစ်ပါလျက် ခြေဖဝါးတပြင်လုံးသည် ပြိုင်နက်ပင် နာ၍ နေသည်၊ နာမှုတပြင်လုံး တခုတည်း ဖြစ်၍နေသည်-ဟု မှတ်ထင်ကြရကုန်၏၊ မနောနှလုံးကလည်း နာမှုနှင့် အပြိုင်သိ၍ နေသည်-ဟု မှတ်ထင်ကြရကုန်၏၊ ခြားနား ရှင်းလင်းစွာ သိမြင်ခြင်းငှာ ထိုက်လှသော အချက်ကြီးတခု ပေတည်း၊ တကိုယ်လုံးရှိ ထိုထိုအင်္ဂါတို့ကိုတဘက်, မနောနှလုံ ကိုတဘက်ထား၍ ဤနည်းအတိုင်း အကုန်သိကြလေ။

မြင်မှုနှင့်သိမှု ခြားနားအောင် ကြည့်၊ မြင်မှုနှင့် သိမှုမှာလည်း ၁-နာရီ ကြည့်ရှု၍ နေရာ၌ အစအဆုံးတိုင် မြင်မှုလည်း ၁-ခုတည်း၊ မျက်စိက မြင်မှုနှင့် မနောနှလုံးက သိမှုလည်း တပြိုင်တည်း မှတ်ထင်ကြရကုန်၏၊ ကြားမှု-သိမှုအစုံ, နံမှု-သိမှုအစုံ, လျက်မှု သိမှုအစုံတို့၌လည်း ထိုနည်းအတူ သိကြလေ။

မြင်မှုနှင့် ကြားမှု, မြင်မှုနှင့် နံမှု, မြင်မှုနှင့် လျက်မှု, မြင်မှုနှင့် တွေ့ထိမှု, ကြားမှုနှင့် နံမှု, ကြားမှုနှင့် လျက်မှု, ကြားမှုနှင့် တွေ့ထိမှု-စသည်တို့၌လည်း ပြိုင်သည်-ဟု ထင်မှတ်ကြရကုန်၏၊ မနောနှလုံးသိ သက်သက်၌လည်း ဝတ္ထု အာရုံ အမျိုးမျိုးတို့ကိုပင် တပြိုင်တည်း သိနိုင်သည်ဟု မှတ်ထင်ကြရကုန်၏။

[ဒုတိယအကြိမ်]

အကွဲရာလလုံးလျှင် ဇော ၇-ကြိမ်

စကားပြောဆိုကြရာ၌ အကွဲရာ တလုံး တလုံးလျှင် ဇောစိတ် ၇-ကြိမ်, ၇-ကြိမ် တသုတ်တသုတ်စီဖြစ်ရ၏၊ အကွဲရာချင်းလည်း ရှေ့နောက်မရောယှက်၊ အာကာသပရိစ္ဆေဒ ခြားလျက်ရှိကြ၏၊ ဇောအသုတ်ချင်းလည်း ရှေ့နောက်မရောယှက်၊ ဘဝင်စိတ်ခြားလျက် ရှိကြ၏၊ သို့ဖြစ်ပါသော်လည်း စကားလုံး ၁-သောင်း, ၁-သိန်းကိုပင် ဇောစိတ်တခုနှင့် ပြောဆိုရှိနေသည်-ဟု မှတ်ထင်ကြရကုန်၏။

ဣရိယာပုတ် ၄-ပါး ထူးခြားချက်

ဣရိယာပုထ် ၄-ပါးတို့တွင်

၁။ သွားမှု ဥဿာဟဗျာပါရ ခေါ်သော ဇောအခြင်းအရာကား တမျိုး,
၂။ ရပ်မှုဥဿာဟ ဗျာပါရခေါ်သော ဇောအခြင်းအရာကား တမျိုး,
၃။ ထိုင်မှု ဥဿာဟ ဗျာပါရ ခေါ်သော ဇောအခြင်းအရာကား တမျိုး,
၄။ ငွေလျှောင်းမှု ဥဿာဟ ဗျာပါရ ခေါ်သော ဇောအခြင်းအရာကား တမျိုး,

အသီးအသီး ဖြစ်ကြ၏။

ဥဿာဟ ဗျာပါရ မတူကြသည်ဖြစ်၍ စိတ္တဇလေတို့၏ ထပုံ, ကြွပုံချင်း မတူကြ၊ စိတ္တဇလေတို့၏ ထပုံ, ကြွပုံချင်း မတူကြသည်ဖြစ်၍ အကြောကြီး, အကြောငယ်တို့၏ ထပုံ, ကြွပုံချင်းလည်း မတူကြ၊ အကြောကြီး, အကြောငယ်တို့၏ ထပုံ, ကြွပုံချင်း မတူကြသည်ဖြစ်၍ ကိုယ်အင်္ဂါကြီးငယ်တို့၏ သယ်ပုံ, ပိုးပုံ, လှုပ်ရှားပုံချင်းလည်း မတူကြ၊ သူ့ဥဿာဟဗျာပါရနှင့် သူ့ကိရိယာ အသီးအသီးဖြစ်ကြ၏၊ ၂-ခုပြိုင်၍ မရကောင်း၊ ထို့အတူ သွားမှု၌လည်း ခြေတလှမ်း, တလှမ်းလျှင် မနောနှလုံး၌ ဇောဥဿာဟ တသုတ်တသုတ်စီ ဖြစ်ကြ၏၊ ကြွင်းသော့ ဣရိယာပုထ်တို့၌ လည်းကောင်း, ထိုထို ဣရိယာပုထ်တွင်းမှာ ထိုထိုကိုယ်အင်္ဂါ လှုပ်ရှားမှုတို့၌လည်းကောင်း အကြံ ဥဿာဟဗျာပါရ အသီးအသီး ဖြစ်ရမှုကိုလည်း သိကြလေ။

မနောနှလုံးဖြစ်ပေါ်မှု ၃-မျိုး

၁။ မနောနှလုံး၌ အကုသိုလ်အကြံအစည် နာမကွန္ဓာ ၄-ပါး ဖြစ်ပေါ်မှု တမျိုး,
၂။ ကုသိုလ်အကြံအစည် နာမကွန္ဓာ ၄-ပါး ဖြစ်ပေါ်မှု တမျိုး,

[ဒုတိယအကြိမ်]

၃။ ဘဝင်နာမကွန္ဒာ ၄-ပါး ဖြစ်ပေါ်မှုတမျိုး,
ဟူ၍ ၃-မျိုးရှိ၏။

၁။ အကုသိုလ် နာမကွန္ဒာ ၄-ပါး ဖြစ်ပေါ်လာလျှင် နှလုံးသွေး တမျိုး ပြောင်းလဲ၏။

၂။ ကုသိုလိ နာမကွန္ဒာ ၄-ပါး ဖြစ်ပေါ်လာလျှင် နှလုံးသွေး တမျိုး ပြောင်းလဲ၏။

၃။ ဘဝင် နာမကွန္ဒာ ၄-ပါး ဖြစ်ပေါ်ဆဲအခါ၌ နှလုံးသွေးသည် ပုကတိ နိမြိန်းသော အဆင်းအတိုင်းပင် တည်ရှိ၏။

ကုသိုလ်ဖြစ်ပေါ်ခိုက်မှာ နှလုံးသွေးသည် ပကတိထက် ကြည်လင်၏ အကုသိုလ်ဖြစ်ပေါ်ခိုက်မှာ ပကတိထက် နှောက်ကျ၏။ ကုသိုလ်ဇော်တို့တွင်လည်း သဒ္ဓါလွန်ကဲသော အလှည့်မှာ ဝါ၍ ကြည်၏ ပညာလွန်ကဲသော အလှည့်မှာ အရောင်အလက်နှင့် တကွကြည်၏၊ မေတ္တာလွန်ကဲသောအလှည့်မှာ အလွန်ချမ်းမြ၍ ကြည်၏၊ လှောဘလွန်ကဲသော အလှည့်မှာ ပကတိထက် နီလျက် နောက်ကျ၏၊ ဒေါသလွန်ကဲသော အလှည့်မှာ ညိုလျက်မည်းနက်လျက် နောက်ကျ၏၊ မောဟလွန်ကဲသော အလှည့်မှာ သားဆေးရေ အဆင်းကဲ့သို့ နီပြေပြေ နောက်ကျ၏။

ဝိတက်လွန်ကဲသော အလှည့်မှာ ကုလားပဲပြုတ်ရေကဲ့သို့ ဖြောဝေါသော အဆင်းရှိ၍ နောက်ကျ၏၊ ပီတိ သောမနဿ လွန်ကဲသော အလှည့်မှာ ရှင်သောအဆင်းရှိ၏၊ ဒေါမနဿ လွန်ကဲသော အလှည့်မှာ ညှိုးခြောက်သော အဆင်းရှိလျက် နောက်ကျ၏၊ သောက ပရိဒေဝ လွန်ကဲသော အလှည့်မှာ အလွန်ပူလောင် မည်းညစ်၏၊ ကြောက်ခြင်း, ရှုံ့ခြင်း, ထိတ်လန့်ခြင်းဖြစ်သော အလှည့်မှာ အလွန်အေးချမ်း၍ခဲ၏။

ဤကဲ့သို့ ဇောစိတ္တုပ္ပါဒ် နာမကွန္ဒာ အမျိုးမျိုးတို့ အလှည့် အလည် အားဖြင့် ဖြစ်ပေါ်လာသောအခါ နှလုံးသွေးအမျိုးမျိုး အလစ်အဟောင်း ပြောင်းလဲ၏၊ ကိုယ်တွင်းသန္တာန်၌ အထူးထူး အထွေထွေ ဖြစ်၍ နေကြသော ခန္ဓာ ၅-ပါးတို့၏ အထွေထွေ အလာလာ အမှုသွားတို့ကို မြင်နိုင်သော ဉာဏ်မျက်စိ မရှိကြကုန်မူ၍ အပေါ်ရံပြင်ပ အပေါင်းမျက်ခုံသာ သိမြင်၍ နေကြကုန်သော သူတို့မှကား စိတ်ဝိညာဉ်ဟူသည် တသက်လုံးအမြဲတည်ရှိ၍နေသည်ဟု မှတ်ကြကုန်၏။

ထို့ကြောင့် တကိုယ်လုံး၌ နာမကွန္ဓာတို့၏ဖြစ်ရာ ဌာနတွေကိုလည်းကောင်း, ဖြစ်ဆဲအခိုက် အလှည့်တွေကိုလည်းကောင်း အထွေထွေ အလာလာ မျှားစွာ ဝေဖန်၍ ပြဆိုလိုက်သည်။

မနာဝိညာဉ်နာမကွန္ဓာ ၄-ပါး၌ ဒိဋ္ဌိသိ ဉာဏ်သိခဲ့ပုံ

ဤ မနောဝိညာဉ်နာမကွန္ဓာ ၄-ပါး၌ ဒိဋ္ဌိသိ-ဉာဏ်သိခဲ့ပုံကို ပြဆိုပေအုံ့၊ ဤ၌ ဒိဋ္ဌိ သိမြင်မှုသည် အလွန်မျှားပြားလှ၏၊ အကျဉ်းမျှကို ပြဆိုအုံ့။

၁။ သတ္တဝါအပေါင်းတို့အား မျက်စိဖြင့်မြင်၍ ထွေထွေလာလာ သိကြုံ ရာ၌လည်း ပုဂ္ဂိုလ်မြင်မှု, သတ္တဝါမြင်မှု, ပုဂ္ဂိုလ်သိမှု, သတ္တဝါ သိမှု-ဟု ထင်မြင်စွဲယူသော သက္ကာယဒိဋ္ဌိ အရိုးစိုက်ကြီးမျှားသည် ရှိနေကြ၏။

၂။ နားဖြင့်ကြား၍ ထွေထွေလာလာ သိကြရာ၌လည်း ပုဂ္ဂိုလ်ကြားမှု, သတ္တဝါကြားမှု, ပုဂ္ဂိုလ်သိမှု, သတ္တဝါသိမှု-ဟု ထင်မြင်စွဲယူသော သက္ကာယဒိဋ္ဌိ အရိုးစိုက်ကြီးမျှားသည် ရှိနေကြ၏။

၃။ နှာခေါင်းဖြင့် နံ၍ ထွေထွေလာလာ သိကြရာ၌လည်း ပုဂ္ဂိုလ်နံမှု, သတ္တဝါနံမှု, ပုဂ္ဂိုလ်သိမှု, သတ္တဝါသိမှု-ဟု ထင်မြင်စွဲယူသော သက္ကာ ယဒိဋ္ဌိ အရိုးစိုက်ကြီးမျှားသည် ရှိနေကြ၏။

၄။ လျှာဖြင့် လျက်၍ ထွေထွေလာလာ သိကြရာ၌လည်း ပုဂ္ဂိုလ်လျက်မှု, သတ္တဝါလျက်မှု, ပုဂ္ဂိုလ်သိမှု, သတ္တဝါသိမှု-ဟု ထင်မြင် စွဲယူ သော သက္ကာယဒိဋ္ဌိ အရိုးစိုက်ကြီးမျှားသည် ရှိနေကြ၏။

၅။ ကိုယ်အင်္ဂါဖြင့် တွေ့၍ ထွေထွေလာလာ သိကြရာ၌ ပုဂ္ဂိုလ်တွေ့မှု, သတ္တဝါတွေ့မှု, ပုဂ္ဂိုလ်သိမှု, သတ္တဝါသိမှု-ဟု ထင်မြင်စွဲယူသော သက္ကာယဒိဋ္ဌိ အရိုးစိုက်ကြီးမျှားသည် ရှိနေကြ၏။

၆။ မနောနှလုံးသက်သက်ဖြင့် ထွေထွေလာလာ ကြံကြ သိကြရာ၌ ပုဂ္ဂိုလ် ကြံမှု သိမှု, သတ္တဝါကြံမှုသိမှု-ဟု ထင်မြင်စွဲယူသော သက္ကာယ ဒိဋ္ဌိ အရိုးစိုက်ကြီးမျှားသည် ရှိနေကြ၏။

သတ္တဝါတကောင်လုံးသည် ဒိဋ္ဌိတုံးကြီး, ဒိဋ္ဌိခဲကြီး, ဒိဋ္ဌိ ပဒေသာပင် ကြီးတွေ ဖြစ်၍ နေကြ၏။

[ထိုတွင် ရှေ ၅-ချက်တို့သည် ပဋ္ဌာဝိညာဉ် နာမကွန္ဓာတို့၏ အာခန်း၌ ဗျာဝင် လေရာနှိုင်းပြီ၊ နောက်ဆုံးအချက်သည်ကား ဤနေရာဝိညာဉ် နာမကွန္ဓာ သက်သက် တို့ကို ပုဂ္ဂိုလ်သတ္တဝါပြု၍ ထင်မြင်စွဲယူမှုပေတည်း။]

[ရုပါယအကြောင်း]

မနောဝိညာဉ်နာမကွန္ဓာ ၄-ပါးတို့ကို နိစ္စ, သုခ, အတ္တ စွဲလမ်းချက်

မနောဝိညာဉ် နာမကွန္ဓာ ၄-ပါးတို့ကို နိစ္စဟူ၍, သုခဟူ၍, အတ္တဟူ၍ စွဲလမ်းမှုပေတည်း။

စွဲလမ်းပုံကား—ပုဂ္ဂိုလ် သတ္တဝါဟူသည် ဖြစ်စရာ ပျက်စရာ သဘာဝ အသားမရှိသော နိမိတ္တဓမ္မကြီးဖြစ်၍ နိစ္စမျိုး, ဓုဝမျိုးပေတည်း၊ တဘဝ တဘဝတွင် တခါဖြစ် တခါပျက်သာ ရှိသည်ဖြစ်၍ တသက် တသက် ခိုင်မြဲသော နိစ္စမျိုး, ဓုဝမျိုးပေတည်း၊ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ကို ပုဂ္ဂိုလ်ဟူ၍, သတ္တဝါဟူ၍, ငါဟူ၍, သူတပါးဟူ၍, ယောကျ်း·မိန်းမဟူ၍ ထင်မြင်စွဲလမ်းမှုသည် ထိုရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို နိစ္စမျိုး, ဓုဝမျိုးဟူ၍ ထင်မြင် စွဲလမ်းမှုဖြစ်လေ၏။

နိစ္စဓုဝဟူသည်—ဣဋ္ဌမျိုး, သုခမျိုး, သုဘမျိုးပေတည်း၊ အနှစ်သာရ အတ္တမျိုးပေတည်း၊ ကြံတတ် သိတတ်သော ပုဂ္ဂိုလ် သတ္တဝါဟူ၍ မရှိ၊ ခန္ဓာ ၅-ပါး ရုပ်နာမ်တရားသာ ရှိ၏၊ ထိုတွင် နှလုံးသွေးဌ် ရှိသော နူးညံ့မှုကိုရိယာ, ဖွဲ့စည်းယိုစီးမှုကိုရိယာ, ပူမှု နွေးမှုကိုရိယာ, ပွရှ လှုပ်ရှားမှုကိုရိယာ, အဆင်း, အနံ့, အရသာ, သြဇာတို့ကား ရုပ်ခန္ဓာတို့တည်း၊ ထိုရုပ်ခန္ဓာတို့သည် ကြံမှုမျိုး, သိမှုမျိုး မဟုတ်ကုန်၊ ပုဂ္ဂိုလ်,သတ္တဝါ မဟုတ်ကုန်၊ ဗဟိဒ္ဓမှု အာရုံ ခိုက်တိုက်လာသည်ရှိသော် ထိုနှလုံးအတွင်းဌ် ရံခါရံခါ မနောဝိညာဉ် နာမကွန္ဓာ ၄-ပါးတို့သည် တသုတ်တသုတ် ဖြစ်ပေါ်ကုန်၏၊ ထိုနာမကွန္ဓာတို့ကို ကြံမှု, သိမှုဟု ဆိုသတည်း။

နှလုံးသွေးဌ်လည်း ထိုနာမကွန္ဓာတို့၏ ဖြစ်ပေါ်ရာဌာနသည် ၁-ရာမက ၁-ထောင်မက မျှားပြား၏၊ အကြောင်းအခွင့်အထူးသင့်ရာ ဤနေရာ၌တသုတ်, ထိုနေရာ၌ တသုတ် ဖြစ်ပေါ်ကြကုန်၏၊ ၁-နာရီအတွင်းမှာပင် ဖြစ်ရာဌာနပေါင်း ၁,ရာ ၁-ထောင်မက တဘဝတွင် တခါဖြစ်, တခါသေသာ ရှိရမည်၊ မျှားပြား၏၊ တသုတ်တသုတ်၏ အကြား အကြားဌ် ဘဝင်မနော အသီးအသီး ဖြစ်ပေါ်၍ ခြား၏၊ အသုတ် ၂-ခု ပြိုင်ရှိုးမရှိ၊ ဘဝင်မနောနှင့်လည်း ပြိုင်ရှိုးမရှိ၊ တသုတ်ချုပ်ဆုံးမှု ဘဝင်တသုတ် ဖြစ်ပေါ်၏၊ ဘဝင်ချုပ်မှ နောက်မနောဝိညာဉ်တသုတ် ဖြစ်ပေါ်၏။

နှလုံးသွေးမှတပါး စက္ခု, သောတ-စသော တကိုယ်လုံးမှာ ထိုထိုနေရာ၌ နာမကွန္ဓာ ၄-ပါးတို့ ဖြစ်ပေါ်၍ နေခိုက်တို့ဌ်လည်း နှလုံးသွေးမှာ ဘဝင်ဝိညာဉ်,မနောဝိညာဉ် နာမကွန္ဓာ ၄-ပါးတို့ အကုန်တိတိကင်း၍ နေကုန်၏၊

ရှုပကွန္ဓာ သက်သက်သာ ရှိနေ၏၊ တသုတ်တသုတ် ချုပ်မှု, ပျက်မှု, ကုန်ဆုံးမှု တို့ကြောင့် အနိစ္စအစစ်ပေတည်း။

အနိစ္စလက္ခဏာ မရဏဘေးကြီး

အနိစ္စလက္ခဏာ အမြဲမရှိ၍ နေကုန်သော ထိုနာမကွန္ဓာ ၄-ပါးတို့သည် အနိစ္စမျိုး စင်စစ်တို့သာတည်း၊ အနိစ္စလက္ခဏာဟူသည် မရဏဘေးကြီးအစစ်တည်း၊ မရဏဘေးကြီး ခဏမစဲ အမြဲကပ်တိုက်၍ နေကုန်သော ထိုနာမကွန္ဓာ ၄-ပါးတို့သည် ငါဟူ၍လည်းကောင်း, ငါ၏ဥစ္စာဟူလည်းကောင်း သိမ်းပိုက်ဝံ့စရာ မရှိ၊ ကြောက်မက်ဖွယ် အတိဖြစ်သော ဒုက္ခမျိုး စင်စစ်တို့သာတည်း၊ မျက်တောင်တခတ်မျှ ခိုင်မြဲသည်ဟု စိတ်ချရသော အနှစ်သာရမျိုး မဟုတ်ကြကုန်သောကြောင့် ပုဂ္ဂိုလ်, သတ္တဝါ၏ အမာခံအနှစ်သာရ အတ္တမဟုတ်သော အနတ္တမျိုး စင်စစ်တို့သာတည်း။

ပုဂ္ဂိုလ်, သတ္တဝါ၏ အနှစ်သာရမှန်ခဲ့လျှင် ပုဂ္ဂိုလ်, သတ္တဝါ အသက်ရှည်သမျှ ခိုင်မြဲရမည်၊ တဘဝတွင် တခါဖြစ် တခါသေသာရှိရမည်၊ ထိုသို့ကား မဟုတ်၊ နာမကွန္ဓာ ၄-ပါးတို့သည်ကား ၁-နာရီ အတွင်းမှာပင် အခါ ၁-ရာ ၁-ထောင်မက သေဆုံးကြကုန်၏၊ ပုဂ္ဂိုလ်နှင့် တလမ်းစီ နေကြကုန်၏၊ ထို့ကြောင့် နာမကွန္ဓာ ၄-ပါးတို့သည် ပုဂ္ဂိုလ်, သတ္တဝါ၏ အထည်ခံ အမာခံဟူသော အတ္တ မဟုတ်ကုန်၊ ပုဂ္ဂိုလ်၏ ကိုယ်မဟုတ်၊ သတ္တဝါ၏ ကိုယ်မဟုတ် ပုဂ္ဂိုလ် သတ္တဝါ၏ ကိုယ်ဟုတ်ခဲ့လျှင် ပုဂ္ဂိုလ် သတ္တဝါ သေဆုံးမှ သေဆုံးကြရလိမ့်မည်-ဟူလိုသည်။

အနိစ္စသိ, ဒုက္ခသိ, အနတ္တသိ

ဤသို့ သိခြင်း, မြင်ခြင်းသည်ကား ထိုနာမကွန္ဓာ ၄-ပါးတို့ကို အနိစ္စဟူ၍, ဒုက္ခဟူ၍, အနတ္တဟူ၍ သိခြင်း မြင်ခြင်း ပေတည်း။

မနောဝိညာဉ် နာမကွန္ဓာ ၄-ပါးကို ပြဆိုချက် ပြီး၏။

(စျ) နိဒ္ဒါရာမတာ-စသော တဏှာ ၄-မျိုးကို ပြဆိုချက်

အရသာဉ် စိတ်အရသာ မနောအရသာ မည်သည် အလွန်တရာ ကြီးကျယ်၏၊ ဇောစိတ်, ဇောမနော, ဇောဝိညာဉ်တို့၏ အရသာကို မဆိုထားဘိဦး၊ အိပ်ပျော်မှု ဟူသော ဘဝင်မနော၏ အရသာသည်ပင်လျှင် အလွန်သာယာဖွယ်

ခံစားဖွယ်ကြီး တပါးဖြစ်၏။ စားသောက်၍ အမြိန်မရှက်ခဲ့လျှင် စိတ်စက်မကြည် မချမ်း ရှိကြကုန်၏၊ စားသောက်၍ မမြိန်မရှက် ရှိခဲ့လျှင် စိတ်စက်မကြည် မချမ်း ရှိကြသကဲ့သို့ အိပ်စက်၍ မခြိုက်မမြိုက် ရှိခဲ့လျှင် စိတ်စက်မကြည်မချမ်း ရှိကြကုန်၏၊ အအိပ်ပျက်မည်၊ အစားအသောက် ပျက်မည်ကို အလိုမရှိကြ၊ အအိပ်ပျက် မခံနိုင်, အစားပျက် မခံနိုင်ရှိနေကြ၏၊ အိပ်စက်မှု ဟူသော ဘဝင်မနော အရသာ၌ သာယာသော တဏှာသည် နိဒ္ဒါဆုမတာ တဏှာမည်၏။

[ဤသာသနာတော်၌ ဗောဓိပက္ခိယဓမ္မ အစီးအပွားသည် အထွတ်အမြတ်ဖြစ်၏၊ သစ္စာစတို့ အိပ်ကြိုရာ ဆိတ်ငြိမ်သော ညဉ့်နာရီစုသည် ဗောဓိပက္ခိယဘာဝနာ စီးပွားကို အားထုတ်ကြရာ မြို့အလယ်, ရွာအလယ်၌ပင် တောအသွင်ကဲ့သို့ အထူးသင့်လျော်စေသော အခါဖြစ်၏၊ ယခုအခါ သာသနာဂိုဏ်းဝင် လူရှင်အမေါင်းတို့အား နိဒ္ဒါဆုမတာ အပေါက်ရှိနေသည့်အတွက် ထိုအချိန်နာရီတွေကို အိပ်မှုနှင့် ပြုန်းလျှမ်စေကြကုန်၏၊ ဓမ္မဇာဂရိကြီးတပါး ဖြစ်၏။]

ဇောမနောအရသာကို အမြဲလိုက်စားကြကုန်၏၊ မိမိ မိမိတို့စိတ်ပျော်ရာ အာရုံဝတ္ထု အမှုကိစ္စနှင့်နေရမှု နေနိုင်ကြကုန်၏၊ ဇောမနော အရသာတို့၌ သာယာသော တဏှာသည်အား ကမ္မာရုမတာတဏှာ, ဘဝသာရုမတာ တဏှာ, သင်္ကိစ္စာရုမတာတဏှာ-စသည်ဖြင့် အလွန်များ၏။

၁။ ပရိယတ္တိ, ပဋိပတ္တိ, ဗောဓိပက္ခိယ စီးပွားတို့မှ အပဖြစ်သော လုပ်ကြံမှု တို့ကို မစွန့်နိုင်သော တဏှာသည် ကမ္မာရုမတာ မည်၏။

၂။ အပေါင်း အဖော်တို့နှင့် စကားပြောမှုကို မစွန့်နိုင်သော တဏှာသည် ဘဝသာရုမတာမည်၏။

၃။ အဖော်နှင့်ကင်းရှိ ဆိတ်ငြိမ်ရာ ဌာနဌာ တကိုယ်ရေ တကာယ မနေနိုင်သော တဏှာသည် သင်္ကိစ္စာရုမတာမည်၏။

ဗောဓိပက္ခိယ စီးပွားကို လွန်စွာ ဖျက်ဆီးနိုင်သော ဓမ္မဇာဂရယ်တို့ ပေတည်း၊ ခွေး-ကျီ-လင်းတ ဥပမာ, နွားကြီး ဥပမာ တို့ကိုလည်း ထိုက်သည်အားလျော်စွာ သိကြလေ။

နိဒ္ဒါဆုမတာစသော တဏှာ ၄-မျိုးကို ပြဆိုချက် ပြီး၏။

(ဃ) ၂၄—ပစ္စည်းတို့ဖြင့် ထင်သာမြင်သာရှိအောင် ဝေဖန်၍ပြဆိုချက်

ဤကိုယ်ခန္ဓာအတွင်းမှာ ဘယ်နေရာက လှုပ်ရှားသည်-ဟု သိရလျှင်ပင် ထိုနေရာ၌ နာမ်ခန္ဓာ ၄-ပါး ဖြစ်ပေါ်ပြီဟုမှတ်၊ နာမကွန္ဓာ မပေါ်ခဲ့လျှင်

ထိုနေရာတခုလုံးပြတ်ကြွေ၍ပင် သွားသော်လည်း ထိုအခါမသိနိုင်၊ ဦးခေါင်း ဟခုလုံး လှုပ်၍ သွားသည်ဟု သိလိုက်သောအခါ၌ ဦးခေါင်း တခုလုံး နာမကွန္ဓာတွေ အပြည့်ဖြစ်ပေါ်၍ သွားသည်ဟု မှတ်၊ ရင်တခုလုံး လှုပ်၍ သွားသည်ဟု သိလိုက်သောအခါ၌ ရင်တခုလုံး လျှပ်စစ် ပြက်သကဲ့သို့ နာမကွန္ဓာ ၄-ပါးတွေ အပြည့် ဖြစ်ပေါ်၍ သွားသည်ဟု မှတ်၊ တကိုယ်လုံး လှုပ်သည်ဟု သိလိုက်သော အခါ၌ အတွင်းအပ တကိုယ်လုံးမှာ လျှပ်စစ် ပေါ်သကဲ့သို့ နာမကွန္ဓာတွေ အပြည့်ဖြစ်ပေါ်၍ သွားသည်ဟု မှတ်။

တကိုယ်လုံးမှာ ထိုထိုနေရာတို့၌ နာမကွန္ဓာ ၄-ပါးတို့ ဖြစ်ပေါ်၍ နေဆဲ အခါမှာ နှလုံးသွေး၌ မနောဝိညာဉ် နာမကွန္ဓာ ၄-ပါးတို့ ပြတ်စဲ ကွယ် ပျောက်၍ နေမြဲဓမ္မတာတည်း၊ တကိုယ်လုံးမှာ ထိုထိုနေရာတို့၌ နာမကွန္ဓာ ၄-ပါးတို့ တသုတ်တသုတ် အချုပ်အဆုံးတွင် နှလုံး၌ နာမကွန္ဓာ ၄-ပါး ညှပ်ကာညှပ်ကာ ဖြစ်ပေါ်မြဲ ဓမ္မတာပေတည်း၊ တယောက်သော သတ္တဝါ၏ ခန္ဓာ၌ နာမကွန္ဓာတို့မည်သည် ၂-ဌာနပြိုင်၍ ဖြစ်ရိုးမရှိ၊ ၁-ဌာန၌ ချုပ်မှ ၁-ဌာန၌ ဖြစ်ပေါ်မြဲတည်း။

၂၄-ပစ္စည်းတွင်-

၁။ အနန္တရပစ္စယော,

၂။ သမနန္တရပစ္စယော,

၃။ နတ္ထိပစ္စယော,

၄။ ဝိဂတပစ္စယော,

ဟူသော ၄-ပါးသော ပစ္စည်းတို့သည် တယောက်သော သတ္တဝါတွင် နာမ် တရားတို့ ၂-ဌာန ပြိုင်၍ ဖြစ်ခြင်း မရှိသည်ကို ပြဆိုသော ပစ္စည်း တို့တည်း။

ဝိပ္ပယုတ္တပစ္စည်း

နာမကွန္ဓာ ၄-ပါးတို့သည် အရေတွင်း, အသားတွင်း, အကြောတွင်း, အရိုးတွင်း, ဦးနှောက်တွင်း, အဆုတ်တွင်း, အသည်းတွင်း, နှလုံးသားတွင်း, နှလုံးသွေးတွင်းတို့၌ တဝင်းဝင်း တလက်လက် မစဲ ဖြစ်ပေါ်၍ နေကြ ကုန်သော်လည်း ရုပ်ခန္ဓာတို့နှင့် ရောယှက်ငြိတွယ်ခြင်း မရှိကြကုန်သည်ကို ဝိပ္ပယုတ္တပစ္စည်း ဆိုသတည်း။

[ရတိယအမြန်]

အာရမ္မဏပစ္စည်း

အာရုံ ၆-ပါး ထိခိုက်မှု ရှိမှုသာ ထိခိုက်ရာဌာနဉ် ဝိညာဉ် ၆-ပါး နာမက္ခန္ဓာ ၄-ပါးတို့ ဖြစ်ပေါ်နိုင်ကြသည်ကို အာရမ္မဏပစ္စည်း ဆိုသတည်း။

အဓိပတိပစ္စည်း

အထူးအားဖြင့် အကြီးအမှူးထား၍ ခင်မင်ကြသော အာရုံမျိုးကို အဓိပတိပစ္စည်း ဆိုသတည်း။

ဟေတုပစ္စည်း

လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ တို့၏ ရုပ်နာမ် ခန္ဓာတို့အား အမြစ်မူလ ကိစ္စဖြင့် ကျေးဇူးပြုမှုကို ဟေတုပစ္စည်း ဆိုသတည်း။

သဟဇာတပစ္စည်း, အညမညပစ္စည်း

ခက်မာမှု, ဖွဲ့စည်းမှု, ပူမှု, အေးမှု-အစရှိသော ရုပ်ခန္ဓာလျှင် ရုပ်ခန္ဓာချင်း၊ သိမှု, ခံစားမှု, မှတ်မှု, စေ့ဆော်မှု-အစရှိသော နာမ်ခန္ဓာလျှင် နာမ်ခန္ဓာချင်း ပြိုင်းကနဲ ပြိုင်းကနဲ အတူတက္ခ ဖြစ်ပေါ်ကြသည်ကို သဟဇာတပစ္စည်း, အညမညပစ္စည်း ဆိုသတည်း။

နိဿယပစ္စည်း

ရုပ်လျှင်ရုပ်ချင်း၊ နာမ်လျှင်နာမ်ချင်း မှီကြရသည်ကို လည်းကောင်း, နာမက္ခန္ဓာတို့သည် ရုပ်ခန္ဓာတို့၌ မှီကြရသည်ကို လည်းကောင်း နိဿယပစ္စည်း ဆိုသတည်း။

ဥပနိဿယပစ္စည်း

အမိကျေးဇူး, အဖကျေးဇူး, သားကျေးဇူး, သမီးကျေးဇူး, အိမ်ကျေးဇူး, ယာကျေးဇူး, နွားကျေးဇူး, ကျွဲကျေးဇူး, မြေကျေးဇူး, ရေကျေးဇူး, မီးကျေးဇူး, ထင်းကျေးဇူး, မိုးကျေးဇူး, လေကျေးဇူး, တောကျေးဇူး, တောင်ကျေးဇူး, ဘုရားကျေးဇူး, တရားကျေးဇူး, သံဃာကျေးဇူး, ဆရာသမားကျေးဇူး-အစရှိသော လောကညဏ်ရှိသမျှ သိမြင်ကြရသော လောက၌ ကျေးဇူးကြီးငယ် အနန္တတို့ကို ဥပနိဿယပစ္စည်း ဆိုသတည်း။

ပုရေဇာတပစ္စည်း

နှလုံးသွေး၌ ဖြစ်ပေါ်ကြသော နာမက္ခန္ဓာ ၄-ပါးတို့သည်ကား အတိတ် အနာဂတ်ဖြစ်သောရှေးရှေး နှောင်းနှောင်း အာရုံတို့ကိုလည်းကောင်း, မိမိတို့နှင့်

အပြိုင်ဖြစ်ပေါ်သော အာရုံတို့ကိုလည်းကောင်း၊ အစဲ့ပြု၍ ဖြစ်နိုင်ကြကုန်၏၊ နှလုံးသွေးမှတပါး စက္ခု, သောတ-အစရှိသော တကိုယ်လုံး တကောင်လုံး၌ ဖြစ်ပေါ်ကြကုန်သော နာမကွန္ဓာ ၄-ပါးတို့သည်မူကား ထိုသို့ မဟုတ်ကြကုန်၊ စက္ခု, သောတ-အစရှိသော ကိုယ်အင်္ဂါတို့၌ အဆင်း, အသံ-အစရှိသော ပစ္စုပ္ပန်အာရုံတို့၏ ခိုက်မှု, တိုက်မှုကိုသာ စဲ့၍ဖြစ်ပေါ်နိုင်ကြကုန်၏၊ ခိုက်တိုက်လာသော ပစ္စုပ္ပန် အာရုံတို့ကို အာရုံပြုနိုင်ကြကုန်၏၊ အာရုံတို့က ဖြစ်ပေါ်မှု အတန်ငယ် ရှေ့ကျလိုက်လျှင် တင်ကူး၍ လှုံ့ဆော်ကြရကုန်၏၊ ဤသို့သော ကျေးဇူးကို ပုရေဇာတပစ္စည်း ဆိုသတည်း။

ပစ္ဆာဇာတပစ္စည်း

ရှေးရှေးတင်ကူး၍ ပေါက်ရောက်ပြီးသော မြက်, သစ်ပင်တို့အား ကြီးပူား ခြင်းငှာ နောက်နောက် ရှာသော မိုးရေသည် ကျေးဇူးပြုသကဲ့သို့ ရှေးရှေးတင်ကူး၍ ဖြစ်ပေါ်နှင့်ကြကုန်သော ရုပ်ခန္ဓာတို့အား ထက်သန်ကြစေခြင်းငှာ နောက်နောက်၌ တသုတ်တသုတ် ဖြစ်ပေါ်ကြကုန်သော နာမကွန္ဓာ ၄-ပါးတို့သည် ကျေးဇူးပြုကြပေကုန်၏၊ ဤသို့သော ကျေးဇူးကို ပစ္ဆာဇာတပစ္စည်း ဆိုသတည်း။

အာသေဝနပစ္စည်း

စက်ကိရိယာ တို့သည် အဆင့်ဆင့် အားပေးကြကုန်သကဲ့သို့ နောက်နောက်သော ဇောနာမကွန္ဓာတို့အား ရှေးရှေးသော ဇောနာမကွန္ဓာ တို့သည် အဆင့်ဆင့် အားပေးကြကုန်၏၊ ဤသို့သော အားပေးမှုကို အာသေနဝပစ္စည်း ဆိုသတည်း။

ကမ္မပစ္စည်း

ရှေး၌ သွန်ါရကွန္ဓာ အခန်းတွင် ပြဆိုခဲ့ပြီးသော စေတနာ၏ စိတ်ကို ရပ်တည်မရအောင် စေ့ဆော်မှု, လှုံ့ဆော်မှု, အပူတပြင်း တိုက်တွန်းမှုကို ကမ္မပစ္စည်း ဆိုသတည်း။

[သုဂတိဘုံဘဝသို့ရောက်၍ လူဖြစ်ရမှု, နတ်ဖြစ်ရမှု, ဗြဟ္မာဖြစ်ရမှု ချမ်းသာ ၃-မါးကို ခံစား စံစားကြရမှု, ဒုဂ္ဂတိဘဝသို့ ရောက်၍ အပါယ်သတ္တဝါဖြစ်ရမှု, အပါယ်ဒုက္ခ ၄-ပါးကို ခံစားကြရမှုကိုလည်း ကမ္မပစ္စည်း ဆိုသတည်း။]

ဝိပါကပစ္စည်း

အိပ်ပျော်၍ နေစဉ်အခါ၌ ဘဝင်မနောတို့၏ ငြိမ်သက်မှုကို ဝိပါကပစ္စည်း ဆိုသတည်း။

အာဟာရပစ္စည်း

နေ့စဉ်မျိုအပ်သော ထမင်းအစာတို့၏ တဘဝ, တဘဝ၌ ရုပ်ခန္ဓာကြီးကို ခိုင်မြဲအောင် ထောက်ပံ့မှု, စိတ်, ဖဿ, စေတနာတို့ အနမတဂ္ဂ သံသရာ၌ နာမ်ခန္ဓာအစဉ်ကို ခိုင်မြဲအောင် ထောက်ပံ့မှုသည် အာဟာရပစ္စည်း မည်၏။

ဣန္ဒြိယပစ္စည်း

စက္ခုရုပ်သည် စက္ခုဝိညာဉ် နာမကွန္ဓာ ၄-ပါးတို့ကို အစိုးရ၏၊ ထိုခန္ဓာ ၄-ပါးတို့သည် စက္ခုရုပ် နှုံ့နှေးလျှင် နှုံ့နှေးရကုန်၏၊ မျက်စိအမြင် မကြည် မလင် ဖြစ်ရ၏။ စက္ခုရုပ်ထက်သန်လျှင် ထက်သန်ကြကုန်၏၊ မျက်စိအမြင် ကြည်လင်၏၊ လူတို့၏စက္ခုရုပ် ထက်သန်သည်ထက် နတ်တို့၏ စက္ခုရုပ်သည် ထက်သန်၏၊ ထို့ကြောင့် အမြင်ခန္ဓာတို့သည် သစ်ပင်, တော, တောင်, မြေ, ရေကို ဖောက်ထွင်း၍ မြင်ကြကုန်၏။

သောတရုပ်, ဃာန်ရုပ်, ဇိဝှာရုပ်, ကာယရုပ်တို့၌လည်း သူ့ဝိညာဉ်နှင့်သူ ဆိုလေ၊ ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဒါ, ဝိရိယ, သတိ, သမာဓိ, ပညာတို့သည် နာမ်ခန္ဓာ ၄-ပါးတို့ကို အသီးအသီး အစိုးရကြကုန်၏၊ မိမိတို့ ကိစ္စ၌ မိမိတို့ နှုံ့ကြလျှင် နာမ်ခန္ဓာ ၄-ပါးတို့ နှုံ့ကြရကုန်၏၊ ထက်လျှင် ထက်ကြရကုန်၏။ ဇီဝိတသက်သက်သည် ကမ္မဇရုပ်တို့ကို အစိုးရ၏၊ ဇီဝိတနှုံ့လျှင် ကမ္မဇရုပ်တို့ နှုံ့ကြကုန်၏၊ ဇီဝိတ ထက်သန်လျှင် ထက်သန်ကြ ကုန်၏၊ အသက် ရှည်၏၊ ဤသို့သော အစိုးရမှုကို ဣန္ဒြိယပစ္စည်း ဆိုသတည်း။

ဈာနပစ္စည်း

ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ကေဋ္ဌတာ-တို့၏ နာမ်ခန္ဓာတို့ကို အာရုံ၌ စူးစူးစိုက်စိုက် နေနိုင်ကြအောင် ကျေးဇူးပြုမှုသည် ဈာနပစ္စည်း မည်၏၊ သေနတ်ဖြင့် ဌက်ကိုပစ်ရာ၌ ဤဈာနပစ္စည်း မပါလျှင် ရှယ်ပင်မရှယ်နိုင်။

မဂ္ဂပစ္စည်း

ပညာ, ဝိတက်, ဝိရတိ ၃-ခု, ဝီရိယ, သတိ, ကေဋ္ဌတာ, ဒိဋ္ဌိတို့၏နာမကွန္ဓာ ၄-ပါးကို ကာယကံ, ဝစီကံ, မနောကံ မြောက်ကြောင်း ဒုဋ္ဌတိ, သုဂတိ

နိဗ္ဗာန်သို့ ပေါက်ရောက်ကြောင်း အဖြစ်ဖြင့် ကျေးဇူးပြုမှုသည် မဂ္ဂပစ္စည်း မည်၏။

သမ္ပယုတ္တပစ္စည်း

နာမက္ခန္ဓာ ၄-ပါးတို့၏ ဖြစ်အတူ, ပျက်အတူ ယှဉ်ဖက်မှုသည် သမ္ပယုတ္တ ပစ္စည်း မည်၏၊ ထိုသမ္ပယုတ္တ ပစ္စည်းကို ပြဆိုခဲ့ပြီ။

အတ္ထိပစ္စည်း, အဝိဂတပစ္စည်း

ပြဆိုခဲ့ပြီးသော ပစ္စည်းအပေါင်းတို့တွင် အကျိုးဖြစ်သော ပစ္စယုပ္ပန် တရားတို့နှင့် ခဏပစ္စုပ္ပန် အပြိုင်ရကောင်းသော သဟဇာတပစ္စည်း, ပုရေ ဇာတပစ္စည်း-စသည်ကိုပင် အတ္ထိပစ္စည်း, အဝိဂတပစ္စည်း ဆိုသတည်း။

၂၄-ပစ္စည်းတို့ဖြင့် ဓမ္မစိတ္တဗေဒ ဝေဖန်၍ပြဆိုချက်ပြီး၏။
ထိကွဲပုဂ္ဂိုလ်တို့ ရှုနည်းကို ပြဆိုခန်းပြီး၏။

၁၈-နိဂုံး

ဤမျှသော စကားအစဉ်ဖြင့် အဘိဓမ္မာဆရာ တပည့်မောင်သဲ လျှောက်ထား တောင်းပန်ချက်အရ ကမ္မဋ္ဌာန်းပိုင်းနှင့်- ဆိုင်ရာ သရုပ်သဘောသဘာဝနှင့် တို့ကို အကျယ် ဝေဖန်၍ ရေးသား စီရင်အပ်သော ကမ္မဋ္ဌာန်း ကျမ်းကြီးသည် ၁၂၆၆.ခု တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့တွင် ငါတို့ စီရင်ရေးသားပြီးစီး အောင်မြင်လေသတည်း။

ကမ္မဋ္ဌာန်းကျမ်းကြီး ပြီးပြီ။

[ကိုယ်ပိုင်]